
www.burmeseclassic.com



# ဒီမိုကရေစီစနစ်ကို လေ့လာခြင်း

ညီထက်အောင်

BURMESE CLASSIC .com

DEMOCRACY

by

David Beetham

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၃၁၀၀၃၀၀၁၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၃၁၀၀၆၀၀၂၁၂ |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ်၊ ၂၀၁၂ခုနှစ်၊ မတ်လ |
| ထုတ်ဝေသူ | ဦးချစ်ညွန့် (၀၄၀၁၄) ဇင်ရတနာစာစောစာပေ အမှတ် ၂၀၅ က/၄ လမ်း၊ မြို့သစ် (ကခ) ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးအောင်မြင့်သိန်း (မြ-၀၆၃၆၄) အင်ကြင်းမြိုင်ပုံနှိပ်တိုက် အမှတ်-၁၄၄၊ ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ်။ |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၃၀၀၀ ကျပ် |
| မျက်နှာဖုံး | ပြည့်ဖြိုးကို |
| စာအုပ်ချုပ် | စိန်ကြယ် |
| အတွင်းဖလင် | **AZ** |

**"ထုတ်ဝေသည့်စာအုပ် ကတ်တလောက် အညွှန်း" (CIP)**

၃၂၀

ညီထက်အောင်

ဒီမိုကရေစီစနစ်ကို လေ့လာခြင်း/
ညီထက်အောင် ။ - ရန်ကုန်၊
ဇင်ရတနာစာစောစာပေ၊ ၂၀၁၂။
စာမျက်နှာ- ၂၈၈၊ ၉. ၅၅ × ၁၆. ၈၃ စင်တီ။

(၁) ဒီမိုကရေစီစနစ်ကို လေ့လာခြင်း


BURMESE CLASSIC .com

## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဒီမိုကရေစီ သို့မဟုတ် ဘုံဆုံးဖြတ်ချက်များချမှတ်ခြင်း | ၁ |
| ၂။ | ဒီမိုကရေစီ သဘောတရား | ၂၁ |
| ၃။ | ဒီမိုကရေစီ ရင့်သန်နေသော နိုင်ငံများရှိ စိတ်ပျက်ဖွယ်ရာများ | ၈၃ |
| ၄။ | ဒီမိုကရေစီပေါ် ထွန်းစ နိုင်ငံသစ်များ၏ အောင်မြင်မှုနှင့် အခက်အခဲများ | ၁၄၃ |
| ၅။ | ဒီမိုကရေစီစနစ်ကို ပြန်လည်အားဖြည့်ခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်မှု ပုံစံသစ်များ | ၂၂၁ |
| ၆။ | နိုးကြားကြပါ | ၂၇၅ |
| | မှတ်စုများ | ၂၈၂ |
| | ရည်ညွှန်းများ | ၂၈၆ |


www.burmeseclassic.com

www.burmeseclassic.com

(နောက်ကျောဖုံးမှ ကောက်နုတ်ချက်သည် ၁၉၉၄ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပသည့် ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကမ္ဘာ့ကော်မရှင် အစည်းအဝေးသို့ ဒေါ်အောင်ဆန်းစုကြည် ရေးသားပေးပို့သော မိန့်ခွန်းမှ ဖြစ်ပါသည်။)

## မြန်မာပြန်သူ၏ အမှာ

(၁)

မူရင်းစာရေးသူ ဒေးဗစ်ဘီသမ်၏ "ဒီမိုကရေစီ" ဆိုသည့် စာအုပ်ကို အခြေခံ၍ ဤစာအုပ်ကို ရေးသားထားခြင်းဖြစ်ပြီး အခြား စာအုပ်များ၊ စွယ်စုံကျမ်း ဒီဗွီဒီများနှင့် အင်တာနက် ဝက်ဘ်ဆိုက်များမှ အချက်အလက်များနှင့် အကြောင်းအရာများကိုလည်း သက်ဆိုင်ရာ အပိုင်းများအလိုက် ဖြည့်စွက်ရေးသားထားပါသည်။ ရည်ညွှန်းများစာရင်းတွင် အဆိုပါ စာအုပ်များ၊ စွယ်စုံကျမ်း ဒီဗွီဒီများနှင့် ဝက်ဘ်ဆိုက်များကို ဖော်ပြထားပါသည်။

ဒေးဗစ်ဘီသမ်သည် လိစ်စတက္ကသိုလ် နိုင်ငံရေးဌာန၏ ဂုဏ်ထူးဆောင်ပါမောက္ခ၊ အက်ဆက်စ်တက္ကသိုလ် လူ့အခွင့်အရေးဌာန၏ အဖွဲ့ဝင်လူကြီးနှင့် ယူကေဒီမိုကရက်တစ် အောဒစ် (Democratic Audit)အဖွဲ့၏ တွဲဘက်ညွှန်ကြားရေးမှူးတာဝန်များကို ယူထားသူဖြစ်သည်။ သူသည်ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများတွင် ဒီမိုကရေစီရေးရာ အတိုင်ပင်ခံအဖြစ်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် "ဒီမိုကရေစီနှင့် လူ့အခွင့်အရေး"နှင့် "တိုနီဘလဲ လက်ထက် ဒီမိုကရေစီ" ဆိုသည့် စာအုပ်များအပါအဝင် စာအုပ်ပေါင်းများစွာကို ရေးသားခဲ့၊ တည်းဖြတ်ခဲ့သူလည်း ဖြစ်သည်။

ဒေးဗစ်ဘီသမ်က အမှာတွင် ဒီမိုကရေစီစနစ်အကြောင်းတို ဒီမိုကရေစီအကြောင်း လေ့လာနေသောကျောင်းသားများ၊ ဒီမိုကရေစီအလေ့အထများကို လက်တွေ့ကျင့်ကြံနေသူများနှင့် ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူများကို နှစ်ပေါင်း ၂၀ ကျော်မျှ သူ သင်ကြားပို့ချခဲ့ကြောင်း၊ သူ့တပည့်များ၏ (အထူးသဖြင့် ဒီမိုကရေစီစနစ် ထွန်းကားစ နိုင်ငံများရှိ တပည့်များ၏) မေးခွန်းများ၊ ထိုးထွင်းသိမြင်မှုများကို ဆွေးနွေးရာမှ ဤစာအုပ်ဖြစ်ပေါ်လာရကြောင်း ဖော်ပြထားသည်။

ဤစာအုပ်နှင့် ပတ်သက်၍ ပါမောက္ခပီတာဆင်ဂါက "ဘီသမ်

www.burmeseclassic.com

www.burmeseclassic.com

၏ စာအုပ်သည် ယခုလို တစ်ကမ္ဘာလုံးဆက်နွယ်မှုကြီးထွားလာသော ခေတ်တွင် ဒီမိုကရေစီစနစ်ရှင်သန်ရေးနှင့် ဒီမိုကရေစီစနစ် ပြန်လည်ဆန်းသစ်ရေးအပေါ် စိတ်ဝင်စားသူ မည်သူ့ကိုမဆို (ဒီမိုကရေစီစနစ်အကြောင်း စတင်လေ့လာသူကိုဖြစ်စေ၊ ဒီမိုကရေစီစနစ်အကြောင်း ကျွမ်းကျင်နှံ့စပ်သူကိုဖြစ်စေ) လှုံ့ဆော်နိုင်စွမ်းရှိသော စာအုပ်တစ်အုပ်ဖြစ်ပေသည်" ဟုမှတ်ချက်ပြုထားပါသည်။

(၂)

မည်သည့်နိုင်ငံမဆို အာဏာရှင်ဆန်သော အုပ်ချုပ်ရေးပုံစံတစ်ခုခုမှနေ၍ ဒီမိုကရေစီစနစ်ဆီသို့ အသွင်ကူးပြောင်းရာတွင် ဖြတ်သန်းရသည့် အဆင့်နှစ်ရပ် ရှိသည်။ ပထမအဆင့်မှာ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ စတင်ကျင်းပခြင်းဖြစ်သည်။ ဤအဆင့်ကို ရွေးကောက်ပွဲဒီမိုကရေစီ (electoral democracy) အဆင့်ဟုခေါ်ဆိုကြပြီး ဒုတိယအဆင့်မှာ ဒီမိုကရေစီစနစ်ကို အမြစ်တွယ်ရှင်သန်အောင်ပြုလုပ်ခြင်း (consolidation)ဖြစ်သည်။ မြောက်အမေရိကတိုက်ရှိ နိုင်ငံများ၊ အနောက်ဥရောပနှင့် မြောက်ဥရောပရှိ နိုင်ငံများ၊ ဩစတေးလျ၊ နယူးဇီလန်နှင့် ဂျပန်တို့သည် ဒီမိုကရေစီစနစ်အမြစ်တွယ်ရှင်သန်နေသည့်နိုင်ငံများ ဖြစ်ကြသည်။

ပထမအဆင့်ဖြစ်သည့် ရွေးကောက်ပွဲဒီမိုကရေစီ အဆင့်တွင် ဒီမိုကရေစီစနစ်ကို ပြည်သူလူထုထောက်ခံမှုရရှိရန်မှာ အုပ်ချုပ်ဆဲအစိုးရ၏ စွမ်းဆောင်နိုင်မှုအပေါ် မူတည်နေသည်။ အစိုးရ၏ စွမ်းဆောင်နိုင်မှုနှင့် လူထု၏ ဒီမိုကရေစီစနစ်အပေါ် ထောက်ခံမှုတို့အကြား ဆက်နွယ်မှုရှိနေပုံကို လူထုစစ်တမ်းများကောက်ယူမှု ရလဒ်ပေါ် အခြေခံ၍ ရေးသားထားသည့် "စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော အာရှတိုက်ရှိ ဒီမိုကရေစီနိုင်ငံများ" ဆိုသော စာတမ်းတစ်စောင်ကို ဖတ်ရှုခဲ့ဖူးသည်။ ယင်းစာတမ်းတွင် အပိုင်းနှစ်ပိုင်းခွဲ၍ လေ့လာပြထားသည်။ ဒီမိုကရက်တစ် စွမ်းဆောင်နိုင်မှု (democratic performance)နှင့် မူဝါဒရေးရာ စွမ်းဆောင်နိုင်မှု (policy performance) ဟူ၍ ဖြစ်သည်။ ဒီမိုကရက်တစ် စွမ်းဆောင်နိုင်မှုတွင် နိုင်ငံသားများအပေါ် အစိုးရ၏ တန်းတူဆက်ဆံမှု၊ အစိုးရအပေါ် လူထု၏ လွှမ်းမိုးနိုင်မှု၊ လွတ်လပ်သော တရားစီရင်မှုနှင့် (လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာ အသင်းများဖွဲ့ပိုင်ခွင့် စသည့်) ဒီမိုကရေစီ အခြေခံရပိုင်ခွင့်များ (rights)ကို ပြည်သူတို့အား အစိုးရကပေးအပ်ထားမှု ဟူသည့် အကဲဖြတ်ချက်များ ပါဝင်သည်။ မူဝါဒရေးရာ စွမ်းဆောင်နိုင်မှုတွင် အဂတိလိုက်စားမှုအပေါ် အစိုးရတစ်ရပ်၏ ထိန်းချုပ်နိုင်မှု၊ ငြိမ်ဝပ်ပိပြားရေး ဆောင်ရွက်နိုင်မှု၊ စီးပွားရေး တိုးတက်အောင် ဆောင်ရွက်နိုင်မှု၊ စီးပွားရေး တန်းတူဖြစ်အောင် ဆောင်ရွက်နိုင်မှုတို့ ပါဝင်သည်။ အစိုးရတစ်ရပ်သည် အထက်ပါ ဒီမိုကရက်တစ် စွမ်းဆောင်နိုင်မှုနှင့် မူဝါဒရေးရာ စွမ်းဆောင်နိုင်မှု နှစ်ခုစလုံးကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်လေလေ ပြည်သူလူထု၏ ထောက်ခံမှုရလေလေ ဖြစ်ကြောင်း စစ်တမ်းများက သက်သေပြထားသည်။ သို့ရာတွင် ဒီမိုကရေစီစနစ်အပေါ် လူထုထောက်ခံမှု ရရှိရေးသည် မူဝါဒရေးရာ စွမ်းဆောင်နိုင်မှုထက် ဒီမိုကရက်တစ် စွမ်းဆောင်နိုင်မှုက ပို၍ အရေးကြီးကြောင်း၊ ထို့အပြင် ဒီမိုကရေစီ ရပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များကို အလေးထား ချစ်မြတ်နိုးမှုသည် နိုင်ငံသားများ၏ ပညာတတ်မြောက်မှုအပေါ်တွင် များစွာမူတည်နေကြောင်း ယင်းစစ်တမ်းများက ဖော်ပြထား၏။

ဒုတိယအဆင့်ဖြစ်သည့် ဒီမိုကရေစီစနစ် အမြစ်တွယ်ရှင်သန်နေသော အဆင့်သို့ ရောက်ရှိနေသည့် နိုင်ငံများသည် ဒီမိုကရေစီစနစ်မှသည် အာဏာရှင်ဆန်သော အုပ်ချုပ်ရေးပုံစံ တစ်မျိုးမျိုးဆီ နောက်ကြောင်းပြန်လှည့်ဖို့ ဖြစ်နိုင်ခြေ အလွန်နည်းသော နိုင်ငံများဖြစ်သည်။ အကြောင်းမှု ယင်းနိုင်ငံများရှိ ပြည်သူလူထုသည် ဒီမိုကရေစီ၏မူများ၊ တန်ဖိုးများ၊ အလေ့အထများကို သက်ဝင်ယုံကြည်၍ တန်ဖိုး

www.burmeseclassic.com

www.burmeseclassic.com

ထားတတ်ပြီ ဖြစ်သောကြောင့် အခြားနိုင်ငံရေးစနစ်ဆီ ဦးမလှည့်လိုတော့ခြင်းဖြစ်သည်။

ဒီမိုကရေစီစနစ် အမြစ်တွယ်ရှင်သန်အောင် မည်သို့ပြုလုပ်၍ရပါမည်နည်း။ စတန်းဖို့တက္ကသိုလ် နိုင်ငံရေးသိပ္ပံဌာန၏ အထက်တန်းအဖွဲ့ဝင်လူကြီးဖြစ်သူ လယ်ရီဒိုင်းမန်းက ဒီမိုကရေစီစနစ် အမြစ်တွယ်ရှင်သန်ရေးကို သွင်ပြင်လက္ခဏာနှစ်ရပ်နှင့် အလွှာသုံးခု ဟူ၍ ခွဲခြမ်းကြည့် ဖို့လိုသည်ဟုဆို၏။ သွင်ပြင်လက္ခဏာနှစ်ရပ်မှာ နိုင်ငံသားအားလုံး၏ရင်ထဲဝယ် ဒီမိုကရေစီ စံများ (norms) ကို သက်ဝင်ယုံကြည်မှု သွင်ပြင်လက္ခဏာနှင့် ဒီမိုကရေစီ စံများအတိုင်း ပြုမူ (behaviour) တတ်သော သွင်ပြင်လက္ခဏာတို့ ဖြစ်သည်။ ဒီမိုကရေစီစနစ် အမြစ်တွယ်ရှင်သန်ဖို့ရာ ဒီမိုကရေစီစံများကို နားလည်လက်ခံရုံမျှနှင့် ရပ်မသွားဘဲ ဒီမိုကရေစီစံနှင့် ကိုက်ညီသော အလေ့အထများ လူထု၏ နေ့စဉ်ဘဝတွင် အမြဲတမ်းကျင့်သုံးနေဖို့ လိုအပ်သည်။ လူမှုအလွှာသုံးခုမှာ (၁)နိုင်ငံရေးအေလီများ (poltical elites)၊ (၂)နိုင်ငံရေးပါတီများ၊ လူမှုအသင်းအဖွဲ့များနှင့် တက်ကြွလှုပ်ရှားသူအဖွဲ့များ စသည်ဖြင့် ပါဝင်သော အဖွဲ့အစည်းများ (organizations)နှင့် (၃)အများပြည်သူ (mass public)ဟူ၍ဖြစ်ပြီး အဆိုပါအလွှာသုံးခုစလုံးတွင် ဒီမိုကရေစီစနစ် အမြစ်တွယ်အောင် ပြုလုပ်ရမည်ဟု လယ်ရီဒိုင်းမန်းက ဆို၏။

'ဒီမိုကရေစီစံများကို အများပြည်သူ၏ တန်ဖိုးထားမှု၊ သက်ဝင်ယုံကြည်မှုသည် ဒီမိုကရေစီစနစ် အမြစ်တွယ်ရှင်သန်ရေးအတွက် အခြားသောအလွှာနှစ်ခုထက်ပို၍ အရေးကြီးလှသည်။ တည်ငြိမ်၍ အကျိုးဖြစ်ထွန်းသော ဒီမိုကရေစီစနစ်တစ်ရပ် ထူထောင်လိုသည်ဆိုလျှင် နိုင်ငံသားအားလုံးလိုလိုသည် ဒီမိုကရေစီရေးအတွက် လေးနက်သောသန္နိဋ္ဌာန်၊ မဟုတ်မခံပြုတတ်သောတာဝန်သိစိတ်တို့ ရှိဖို့လိုအပ်ပေသည်'ဟု "စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော အာရှတိုက်ရှိ ဒီမိုကရေစီနိုင်ငံများ" စာတမ်းတွင်ပင် ဖော်ပြထားသည်။

(၃)

ဒီမိုကရေစီစနစ် အမြစ်တွယ်ရှင်သန်ရေးအတွက် လစ်ဘရယ်ဒီမိုကရေစီ နိုင်ငံရေးစနစ်အပေါ် နိုင်ငံရေးသမားများအနေနှင့် နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်မှုရှိဖို့ လိုအပ်ကြောင်း နိုင်ငံရေးသိပ္ပံပညာရှင် ဒေါက်တာမောင်မောင်ကြီး၏ သုံးသပ်ချက်တစ်ခုကို ဤနေရာတွင် ဖော်ပြလိုပါသည်။ ဒေါက်တာမောင်မောင်ကြီးသည် ယေးလ်တက္ကသိုလ်မှ ပါရဂူဘွဲ့ ရရှိခဲ့သူဖြစ်ပြီး အမေရိကန်နိုင်ငံ မိန်းပြည်နယ်ရှိ ဘိတ်စ်ကောလိပ် နိုင်ငံရေးသိပ္ပံဌာနတွင် တွဲဖက်ပါမောက္ခအဖြစ် အမှုထမ်းခဲ့သည်။ သူ ရေးသားခဲ့သော "မြန်မာလူမျိုးတို့၏ နိုင်ငံရေးတန်ဖိုးထားမှုများ" စာအုပ်အမှာတွင် '. . . အနောက်နိုင်ငံသား ကိုလိုနီဝါဒီများ ဆုတ်ခွာသွားသောအခါ အရှေ့တောင်အာရှနိုင်ငံများအားလုံးတွင် လစ်ဘရယ် ဒီမိုကရေစီကို အမည်ခံ မွေးစားရုံ သက်သက်မျှမက လက်တွေ့ကျင့်သုံးဖို့လည်း အချိန်ကော အခါအခွင့်ပါ များစွာမှ ရရှိခဲ့ပေသည်။ နိုင်ငံရေးသမားများသည် ဒီမိုကရေစီစနစ်ကို လက်တွေ့ကျင့်သုံးဖို့ အမှန်တကယ် ကြိုးစားခဲ့ပုံတော့ရခဲ့ပါသည်။ သို့သော် လစ်ဘရယ်ဒီမိုကရေစီ နိုင်ငံရေးစနစ်အပေါ် ၎င်းတို့ နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်မှုရှိခဲ့သည် ဆိုသည်ကိုကား မေးခွန်းထုတ်စရာပင် ဖြစ်ပါသည်။ ထို့ကြောင့်ပင် လွတ်လပ်ရေးရပြီး နှစ်အနည်းငယ်အတွင်းမှာပင် အရှေ့တောင်အာရှ နိုင်ငံများအားလုံးသည် အာဏာရှင်ဆန်သော အရပ်ဘက် သို့မဟုတ် စစ်ဘက် အုပ်ချုပ်မှုပုံစံ တစ်ခုခုအောက်ဆီ ပြန်လည်ရောက်ရှိသွားခဲ့ကြလေသည်' ဟု ရေးသားထားခဲ့သည်။

ထို့ကြောင့် ယနေ့ခေတ် ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ကျင့်သုံးရာ၌ ဒီမိုကရေစီစနစ်ကို စိတ်ကူးဆန်သော သဘောတရားတစ်ခု (abstract idea) အဖြစ်မျှ မဟုတ်ဘဲ ဒီမိုကရေစီ၏ စံနှင့် တန်ဖိုးများကို လက်တွေ့ကျကျနားလည်ကာ ဒီမိုကရေစီစနစ် အမြစ်တွယ်ရှင်သန်လာအောင် ကတိပြုကြိုးပမ်းကြမည်ဟူသည့် နှစ်နှစ်

www.burmeseclassic.com

တာကာ ယုံကြည်မှုများ (value commitments to democracy) နိုင်ငံသူနိုင်ငံသားအားလုံး၏ ရင်ထဲ၌ ရှင်သန်ပေါက်ဖွားနိုင်ကြပါစေဆိုသည့် မျှော်လင့်ချက်ဖြင့် ဤစာအုပ်ကို ရေးသားခြင်းဖြစ်ပါသည်။

ညီထက်အောင်
(၁၀၊၂၊၂၀၁၂)

အခန်း(၁)

# ဒီမိုကရေစီ သို့မဟုတ် ဘုံဆုံးဖြတ်ချက်များချမှတ်ခြင်း

ဒီမိုကရေစီ ဆိုသည်မှာ အုပ်စုတစ်စု၊ အသင်းအဖွဲ့တစ်ခု သို့မဟုတ် လူ့အဖွဲ့အစည်းတစ်ခုတွင် ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ ကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်း တစ်ရပ်ဟု နားလည်ထားရမည် ဖြစ်သည်။ ဤလုပ်ထုံးလုပ်နည်းအရ အဖွဲ့ဝင်များအားလုံးအား ၎င်းတို့၏ လိုလားချက်များ ထုတ်ဖော်ပြောဆိုပိုင်ခွင့်နှင့် ၎င်းတို့၏သဘောထားများ ပေးပိုင်ခွင့်ကို တန်းတူရည်တူ ပေးအပ်ထားသည်။ ဆုံးဖြတ်ချက်ချရသည့်ကိစ္စသည် ကျွန်တော်တို့၏ ဘဝကိုယ်စီတွင် နေ့စဉ်နှင့်အမျှ ဆောင်ရွက်နေရသော သာမန်အချင်းအရာမျှသာ ဖြစ်သည်။ မည်သည့်နေရာတွင် နေမည်၊ မည်သို့ နေထိုင်ကြမည်၊ မည်သို့သော အလုပ်အကိုင်မျိုးကို လုပ်မည်၊ ကျွန်တော်တို့ ရလာသော ဝင်ငွေထဲမှ မည်၍မည်မျှကို သုံးစွဲမည်၊ မည်သို့ သုံးစွဲမည် စသည်ဖြင့် မေးခွန်းပေါင်းများစွာကို မေး၍ ကျွန်တော်တို့တွေ ဆုံးဖြတ်ချက်တွေ ကိုယ်စီချနေရလေ့ရှိသည်။ သို့သော် ကျွန်တော်တို့သည် တစ်ဦးချင်း တစ်ယောက်ချင်း မဟုတ်တော့ဘဲ အခြားသောသူများနှင့် ပူးပေါင်းကာ ရပ်ရွာ

www.burmeseclassic.com



ရွာရေးကိစ္စတစ်ရပ် သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ရပ်ကို လုပ်ဆောင်ကြမည်ဆိုလျှင် ဆုံးဖြတ်ချက် ချမှတ်ရမည့် ကိစ္စသည် အုပ်စုတစ်ခုလုံးနှင့် သက်ဆိုင်သော ကိစ္စရပ်တစ်ခုဖြစ်လာသည်။ အုပ်စုတစ်ခု၊ အသင်းအဖွဲ့တစ်ရပ် ထူထောင်တော့မည်ဆိုလျှင် စဉ်းစားရမည့် နောက်ထပ်မေးခွန်းများစွာ ထွက်လာသည်။ မည်သို့သော သူများကို အသင်းသားအဖြစ် လက်ခံသင့်သနည်း၊ မည်သည့်စည်းကမ်းများကို လိုက်နာရန် လိုအပ်သနည်း။ အသင်း၏ ရည်ရွယ်ချက် သို့မဟုတ် အသင်း၏ မူဝါဒများသည် မည်သို့သောအရာများ ဖြစ်သနည်း၊ အသင်းဝင်ကြေး မည်၍မည်မျှကောက်ခံ၍ လုပ်ငန်းတာဝန်များကို အသင်းဝင်များက မည်သို့မည်ပုံ ခွဲဝေယူကြမည်နည်း။ ဤမေးခွန်းများသည် တစ်ဦးတစ်ယောက်တည်းနှင့်သာ ဆိုင်သည်မဟုတ်တော့ဘဲ အသင်းကိုတည်ထောင်သူအားလုံးနှင့် သက်ဆိုင်သော ဘုံမေးခွန်းများဖြစ်သောကြောင့် ကျွန်တော်တို့တွေ အားလုံး ညှိနှိုင်းဆွေးနွေး၍ ဘုံဆုံးဖြတ်ချက်များ (collective decisions)ချမှတ်ဖို့ လိုလာပါသည်။

အသင်းဝင် အနည်းငယ်သာပါသည့် အသင်းလေးများမှသည် လူ့အဖွဲ့အစည်းကြီး တစ်ခုလုံးအထိ ဘုံဆုံးဖြတ်ချက်များ ချမှတ်ရာတွင် သဘောထား ကွဲလွဲမှုသည် ရှောင်လွှဲ၍ မရနိုင်သော ကိစ္စရပ်တစ်ခုဖြစ်သည်၊ ကိစ္စရပ်တစ်ခုအပေါ် အသင်းသားများကြား သူတစ်မျိုးငါတစ်မျိုး သဘောထားကွဲလွဲနေကြပြီဆိုလျှင် ဤသို့သော သဘောထားကွဲလွဲနေမှုကို ဖြေရှင်းဖို့ ဆုံးဖြတ်ချက်ချမှုဆိုင်ရာ စည်းမျဉ်းတစ်ရပ် သို့မဟုတ် လုပ်ထုံးလုပ်နည်းတစ်ရပ် လိုအပ်လာပါသည်။ လူတို့ အတူစုပေါင်းနေထိုင်လာခဲ့ကြသည့် လူ့သမိုင်းတစ်လျှောက်လုံးတွင် သက်ဆိုင်ရာ လူ့အဖွဲ့အစည်းဝင် အားလုံးအပေါ် အကျိုးသက်ရောက်စေသည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဆုံးဖြတ်ချက် ချမှတ်သူမှာ ယင်းအဖွဲ့ဝင် အများစု မဟုတ်ဘဲ လူအနည်းစုကသာ ဆုံးဖြတ်ခဲ့ကြောင်း တွေ့ရှိရသည်။ ဆုံးဖြတ်ခွင့်အာဏာကို လူအနည်းစုကသာ



ရကြသည်။ အသက်ကြီးဆုံး၊ အမြော်အမြင်အရှိဆုံး၊ အချမ်းသာဆုံး၊ ပညာရပ် တစ်ခုတွင် ကျွမ်းကျင်မှုအရှိဆုံး၊ သို့မဟုတ် ခွန်အားအကြီးဆုံးစသည့် သူများသာ ဆုံးဖြတ်ခွင့် ရကြသည်။ လူအနည်းစုက အုပ်ချုပ်သည့်စနစ်များကို အစိုးရပုံစံကိုလိုက်၍ အမည်အမျိုးမျိုးဖြင့် ခေါ်တွင်ကြသည်။ မှူးကြီးမတ်ရာများ အုပ်စိုးသည့်စနစ်၊ လူတော်များ အုပ်ချုပ်သည့်စနစ် စသည်ဖြင့် ခေါ်ဆိုကြသည်။ ရှေးသမိုင်းတွင် ဆုံးဖြတ်ချက်ချမှတ်မှု အာဏာသည် လူတစ်ဦးတစ်ယောက်ထဲတွင်သာရှိပါက ယင်းစနစ်ကို သက်ဦးဆံပိုင် ဘုရင်စနစ်ဟုခေါ်သည်။

ယခင်အုပ်ချုပ်မှု ပုံစံများနှင့်မတူဘဲ ဒီမိုကရေစီစနစ်တွင်မူ အခြေခံမူတစ်ရပ် ရှိသည်၊ အဖွဲ့ဝင်များ သို့မဟုတ် လူ့အဖွဲ့အစည်းဝင်များအားလုံးသည် ၎င်းတို့အားလုံးအပေါ် အကျိုးသက်ရောက်စေမည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အများနှင့်တန်းတူ ပါဝင်၍ ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိသည် ဆိုသည့် မူဖြစ်သည်၊ ဒီမိုကရေစီစနစ်သည် အောက်တွင် ဖော်ပြထားသည့် အယူအဆများပေါ်တွင် အခြေပြုထားသည်။

(၁) အဖွဲ့ဝင်များအားလုံးတွင် အတူချမှတ်လိုက်သော ဘုံဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှုကို ခံရမည့် အကျိုးစီးပွားများ (interests) ရှိသည်။

(၂) လူတစ်ဦးသည် အရွယ်ရောက်လာသည်နှင့် တစ်ပြိုင်နက်တည်း သူ့အတွက်သာမက အားလုံးအတွက်ပါ အကျိုးသက်ရောက်စေမည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ကောင်းသည်၊ ဆိုးသည် စသည်ဖြင့် သူ့အမြင်ကို တင်ပြနိုင်ခွင့် ရှိသည်။

(၃) တင်ပြလာသော အမြင်အမျိုးမျိုးကို လူသိရှင်ကြား ငြင်းခုံဆွေးနွေးရမည်ဖြစ်ပြီး ဆွေးနွေးရာမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များကိုသာ အနာဂတ်တွင် အကောင်အထည်ဖော်မည့် အကောင်းဆုံး ဆုံးဖြတ်ချက်များဟု မှတ်ယူရမည်။

www.burmeseclassic.com



(၄) အခြေအတင် ဆွေးနွေးရာမှ အားလုံး သဘောတူသောဆုံးဖြတ်ချက်ရလဒ်တစ်ခု ထွက်မလာလျှင် အားလုံးက မိမိသဘောထားကို မဲပေး၍ မဲခွဲဆုံးဖြတ်ရမည်။

(၅) 'လူတစ်ကိုယ်၊ မဲတစ်ပြား၊ ဆန္ဒတစ်ရပ်' ဆိုသော မူအရ လူအားလုံးသည် တန်းတူရည်တူဖြစ်သည် ဟူသော သဘောတရားကို ထင်ဟပ်ပေါ်လွင်စေရမည်။

သမိုင်းကို ပြန်ကြည့်လျှင် အထက်ဖော်ပြပါ သဘောတရားများကို သမိုင်းခေတ် အဆက်ဆက်တွင် သိပ်မယုံကြည်ခဲ့ကြသလို လက်တွေ့ကျင့်သုံးမှုလည်း အလွန်နည်းပါးခဲ့သည်။ အများပြည်သူ အုပ်ချုပ်ရေး (rule by the common people, 'kratos' by the 'demos')ဟု အဓိပ္ပာယ်ရသည့် 'ဒီမိုကရေစီ' ဆိုသည့် ဝေါဟာရ မွေးဖွားခဲ့သော ဘီစီ ၄ ရာစုနှင့် ၅ ရာစုရှိ ရှေးခေတ် အေသင်နိုင်ငံသားများသည်ပင် 'ပြည်သူ'ဆိုသည့် စကားရပ်တွင် အမျိုးသမီးနှင့် ကျေးကျွန်များ မပါဝင်ခဲ့ပါ။ ယောက်ျားများထက် နိမ့်ကျသည်ဟု ယုံကြည်ခဲ့ကြသောကြောင့် ဖြစ်ပါသည်။

ဤသို့သော ချို့ယွင်းချက်များ ရှိနေစေကာမူ ရှေးဟောင်း အေသင်နိုင်ငံနှင့် အေဂျီယံပင်လယ်တစ်ဝိုက်ရှိ ဒီမိုကရေစီ မြို့ပြနိုင်ငံများသည် ဒီမိုကရေစီစနစ် ကျင့်သုံးလိုသူများအတွက် ဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် မျှော်မှန်းထားရမည့် ဒီမိုကရေစီ၏ အဓိက အင်္ဂါရပ်နှစ်ခုကို အမွေပေးထားခဲ့သည်။ ပထမအင်္ဂါရပ်မှာ လူထု ညီလာခံဖြစ်သည်။ လူထုညီလာခံတွင် နိုင်ငံသားများသည် ၎င်းတို့ လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် လိုအပ်သော ဥပဒေများနှင့် မူဝါဒများကို အခြေအတင် ဆွေးနွေး၍ ဆုံးဖြတ်ချက်ချကြသည်။ စစ်တိုက်ဖို့ကိစ္စ၊ ငြိမ်းချမ်းရေးယူဖို့ကိစ္စများလည်း ပါဝင်သည်။ တိုင်းပြည်၏ အုပ်ချုပ်ရေးအဖွဲ့တွင်လည်းကောင်း၊ သို့မဟုတ် တရားရုံးတော်တွင် ဂျူရီလူကြီးများအဖြစ် ဆောင်ရွက်ရန်အတွက်လည်းကောင်း နိုင်ငံသားများကို မဲစနစ်



ဖြင့် အလှည့်ကျ ရွေးချယ်ခြင်းသည်လည်း ဒီမိုကရေစီ၏ အလေ့အထများပင် ဖြစ်သည်။ အားလုံးနှင့် သက်ဆိုင်သည့် တိုင်းရေးပြည်ရာကိစ္စများကို ပြည်သူများက ထိန်းချုပ်ထားသော ပြည်သူ့အစိုးရ ပုံစံသည် နှစ်ပေါင်း ၁၅၀ မျှ ရှင်သန်နိုင်ခဲ့သည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ပြည်သူများကြား အခြေအတင် ငြင်းခုံခြင်းနှင့် သဘောထားကွဲလွဲခြင်းများမှနေ၍ ထိရောက်သောမူဝါဒများ သို့မဟုတ် အဆုံးအဖြတ်ပေးမည့် အများသဘောတူ ဆောင်ရွက်ချက်များ ချမှတ်နိုင်အောင် ပြည်သူ့အစိုးရက ဆောင်ရွက်နိုင်ကြောင်း သက်သေပြရာရောက်ပါသည်။ ထို့အပြင် ပွင့်လင်းစွာ စုံစမ်းမေးမြန်းခွင့်နှင့် ဆွေးနွေးခွင့်များ ပြုထားသောကြောင့် ရေကောင်း၊ မြေကောင်း ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖြစ်ပေါ်စေသည်ဖြစ်ရာ ဤရေမြေကောင်းတွင် ပန်းချီ၊ ပြဇာတ်၊ စာပေ၊ ဒဿနိကဗေဒနှင့် သိပ္ပံပညာရပ်များ ရှင်သန်ပေါက်ဖွားလာခဲ့သည်။

အေသင်နိုင်ငံသားတို့ ကျင့်သုံးခဲ့သော ဒီမိုကရေစီ၏ ထူးခြားသော ဒုတိယအင်္ဂါရပ်မှာ ပြည်သူ့ရေးရာ မူဝါဒကိစ္စရပ်များကို ဆွေးနွေးခြင်းနှင့် မဲပေးခြင်းတို့တွင် ချမ်းသာသော နိုင်ငံသားများသာမက ဆင်းရဲသော နိုင်ငံသားများပါ တန်းတူရည်တူ စွမ်းဆောင်နိုင်သည် ဟူသော အခြေခံမူတစ်ရပ်ကို ဒီမိုကရေစီစနစ်ကို လိုလားထောက်ခံသူများက ကြံ့ကြံ့ခံ ကာကွယ်ခဲ့ကြခြင်း ဖြစ်သည်။ ဂရိခေတ် ပြဇာတ်ဆရာ ယူရီပီးဒီးစ်၏ ပြဇာတ်တစ်ပုဒ်ထဲတွင် အေသင်နိုင်ငံသားတစ်ဦးက "ချမ်းသာလို့ဆိုပြီး အထူးအခွင့်အာဏာ ပေးတာမျိုးတွေ ကျုပ်တို့ မလုပ်နိုင်ဘူး" ဟု ပြောဆိုခဲ့သည်။ ထို့အတူ စပါတာနိုင်ငံနှင့် စစ်ဖြစ်ခဲ့သည့် ပထမနှစ်အကုန် ဈာပနအခမ်းအနားတစ်ခု၌ တိုင်းပြုပြည်ပြုပေရီကလီ ပြောကြားခဲ့သော မိန့်ခွန်းထဲတွင် "နိုင်ငံသားတစ်ယောက်ဟာ နိုင်ငံ့ကျိုး သယ်ပိုးချင်တဲ့စိတ်ဓာတ် ရှိနေသ၍ အဲဒီနိုင်ငံသားတို ဆင်းရဲလို့ ဆိုပြီး နိုင်ငံရေးလုပ်ခွင့်မပေးဘဲ ချောင်ထိုးထားလို့မရဘူး" တု

www.burmeseclassic.com



ပြောကြားခဲ့သည်၊

မင်းမျိုးမင်းနွယ်များနှင့် ရေပေါ်ဆီ လူတန်းစားများက နိုင်ငံသား အားလုံးအား အခြေခံရပိုင်ခွင့်များကို ဆင်းရဲချမ်းသာမရွေး အပ်နှင်းထားသောမှုကို မတော်တရော် ပြုမှုမှုများအဖြစ် ကဲ့ရဲ့ရှုတ်ချ ကြသလို နိုင်ငံရေးဒုက္ခဆိုက်မည့်မှုအဖြစ်လည်း မှတ်ယူခဲ့ကြသည်၊ လူ့အဖွဲ့အစည်းအတွက် အမှန်တကယ် ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည့်သူသည် လက်တစ်ဆုပ်စာမျှသာ ရှိသည်ဟု သူတို့ကယုံကြည်ကြသည်။ အတွေးအခေါ်ပညာရှင် ပလေတိုက ဒီမိုကရေစီစနစ်ကို သင်္ဘောတစ်စီးနှင့် ပမာပြုခဲ့သည်။ သင်္ဘောပေါ်တွင် အတွေ့အကြုံမရှိသော သင်္ဘောသားများသည် မာလိန်မှူးဆီမှ ပဲ့ထိန်းလက်ကိုင်ဘီးကိုလုယူကာ သောက်သောက်စားစား ရမ်းရမ်းကားကား အောင်ပွဲခံကြရင်း သင်္ဘောပေါ်ပါသမျှ ရိက္ခာများကို အကုန်စားသုံးပစ်ခဲ့ကြသည်။ ထိုသို့ အောင်ပွဲခံနေစဉ် သင်္ဘောသည် ဦးတည်ရာမဲ့ မျောပါရင်း ကျောက်ဆောင်များနှင့် ဝင်တိုက်မိလေသည်ဟု ပလေတိုက ရေးခဲ့သည်၊ သူက ဒဿနပညာရှင်များသည် လူနှင့် လူ့အဖွဲ့အစည်းအကြောင်းကို နှစ်ပေါင်းများစွာ လေ့လာသင်ယူခဲ့သော အတွေ့အကြုံများကြောင့် သူတို့သည် လူ့အဖွဲ့အစည်း၏ ကောင်းရာကောင်းကျိုးကို တကယ်ဆောင်ရွက်နိုင်စွမ်းရှိသည့် အုပ်ချုပ်သူများ ဖြစ်သင့်သည်ဟု ယူဆခဲ့သည်။ 'ဒဿနပညာရှင် ဘုရင်'စနစ်ကို သူက ထူထောင်လိုခဲ့သည်။ ဒီမိုကရေစီကို လိုလားထောက်ခံသူများကလည်း နိုင်ငံသားများအားလုံးသည် လူ့အဖွဲ့အစည်းဝင်များအဖြစ် ကျင့်ဝတ်ရေးရာ အသိတရား ရှိမှုအရာတွင်လည်းကောင်း၊ ပြည်သူ့အကျိုးစီးပွားကို သိရှိနားလည်ရာတွင်လည်းကောင်း အတတ်ပညာတစ်ရပ်ကို ကျွမ်းကျင်တတ်မြောက်စရာမလိုဘဲ တန်းတူရည်တူ နားလည်နိုင်စွမ်းရှိသည်ဟု ပြန်လည်ချေပကြသည်။ သင်္ဘောတည်ဆောက်သူ၊ ပိသုကာပညာရှင်၊ အင်ဂျင်နီယာ စသည့် အတတ်ပညာ တတ်ကျွမ်းသောသူများကို အများ



ပြည်သူနှင့်ဆိုင်သော လုပ်ငန်းများ ဆောက်လုပ်ရာတွင် လိုအပ်ကောင်းလိုအပ်နိုင်သည်။ သို့သော် ဤသို့သောလုပ်ငန်းများ လုပ်သင့် မလုပ်သင့် သို့မဟုတ် လုပ်သင့်သည်ဆိုလျှင်လည်း မည်သည့်အချိန်တွင် လုပ်ဆောင်ကြမည် စသည့် ကိစ္စများကို အဆုံးအဖြတ် ပေးရမည့်သူမှာ အတတ်ပညာရှင်များမဟုတ်၊ ပြည်သူများပင်ဖြစ်သည်ဟု ဒီမိုကရေစီ လိုလားသူများက ဆို၏။

မျက်မှောက်ခေတ်ကာလတွင် ဒီမိုကရေစီနှင့် ပတ်သက်သည့် အခြေအတင်ငြင်းခုံစရာ မေးခွန်းတစ်ရပ် ပေါ်ထွက်လာခဲ့သည်၊ အတတ်ပညာကျွမ်းကျင်သော ပုဂ္ဂိုလ်အနည်းစုသည် ပြည်သူ့အကျိုးအတွက် ပြည်သူတွေကိုယ်တိုင် ဆောင်ရွက်သည်ထက်ပို၍ ထိရောက်စွာ စွမ်းဆောင်နိုင်ကြသည်ဆိုလျှင် ထိုပုဂ္ဂိုလ်များသည် ကိုယ့်ဘဝ ကိုယ့်အကျိုးအတွက် ဆောင်ရွက်ရေးထက် အများအကျိုးကို အဘယ်ကြောင့် ဆောင်ရွက်ချင်ကြသနည်း။ မည်သည့်အကျိုးအမြတ်များကို ၎င်းတို့ မျှော်လင့်ကြပါသနည်း။ ယင်းပုဂ္ဂိုလ်များသည် အစပိုင်းတွင် အများအကျိုးအတွက် အားတက်သရော ဆောင်ရွက်ကောင်း ဆောင်ရွက်ကြလိမ့်မည်။ သို့သော် အချိန်ကြာလာသည်နှင့်အမျှ ၎င်းတို့၏ အားထုတ်မှုသည် အာဏာအရှိန်အဝါ၏ အောက်တွင် မလွှဲမရှောင်သာ ဖောက်ပြန် ပျက်စီးသွားလေ့ရှိသော သဘောရှိပါသည်။ ဤအခက်အခဲကို ကျော်လွှားဖို့ ဆောင်ရွက်ရမည့် တာဝန်နှစ်ရပ်ရှိသည်ဟု ဒီမိုကရေစီ လိုလားသူများက ဆို၏။ ယင်းတာဝန်နှစ်ရပ်မှာ အုပ်ချုပ်သူ လူနည်းစု၏ အာဏာအလွဲသုံးစားလုပ်မည့် ရန်မှ ပြည်သူလူထုကို အကာအကွယ်ပေးရေး (protecting)နှင့် လွတ်လပ်စွာ ဆုံးဖြတ်ချက်ချနိုင်သော လုပ်ပိုင်ခွင့်အာဏာ (empowering)ကို လူထုအား အပ်နှင်းရေးတို့ ဖြစ်သည်၊ သို့မှသာ ဒီမိုကရေစီစနစ်ဖြင့် ပြည်သူလူထု အများတကာ ကောင်းစားလာရေးကို လက်တွေ့ လုပ်ဆောင်နိုင်မည် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## တိုက်ရိုက်ဒီမိုကရေစီနှင့် ကိုယ်စားပြုဒီမိုကရေစီ

ဒီမိုကရက်တစ်အတွေးအခေါ်၏ အခြေခံမှုသည် သာမန်ပြည်သူလူထု၏ အစွမ်းအစကို ယုံကြည်ခြင်း ဖြစ်သည်။ ၎င်းတို့၏ ကိုယ်စီဘဝများသာမက ၎င်းတို့နေထိုင်ရာ လူ့ဘောင်အသိုင်းအဝိုင်းရှိ အခြားသောသူများ၏ ဘဝများနှင့်ပါ သက်ဆိုင်သော ကံကြမ္မာများတိုင်ပါ အဆုံးအဖြတ်ပေးမည့် ဆင်ခြင်တုံတရားရှိသော ဆုံးဖြတ်ချက်များတို ၎င်းတို့ ချမှတ်နိုင်စွမ်းရှိသည်ဟု ယုံကြည်ထားခြင်း ဖြစ်သည်၊ ရှေးခေတ်အေသင်နိုင်ငံတွင် နိုင်ငံသားတိုင်းကို အများနှင့်ဆိုင်သော ဆုံးဖြတ်ချက်များချမှတ်ရာတွင် ကိုယ်တိုင်ပါဝင်နိုင်ခွင့်ကို ပေးအပ်ထားသည်၊ နိုင်ငံ၏ အရွယ်အစားသည် ယခုခေတ်နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အလွန်သေးငယ်သောကြောင့် နိုင်ငံသားတိုင်း၊ လူကိုယ်တိုင် ပါဝင်ဖို့ ဖြစ်နိုင်ခဲ့သည်၊ နေရာတစ်နေရာတွင် အတူစုရုံးရောက်ရှိလာကာ အားလုံး သဘောတူသော ဘုံဆုံးဖြတ်ချက်များကို ညီလာခံတွင် ချမှတ်နိုင်ခဲ့သည်။ သို့သော် ခေတ်သစ်နိုင်ငံများတွင်မူ ဤအခင်းအကျင်းမျိုးဖြင့် ဆောင်ရွက်၍ မရနိုင်တော့ပါ။

ယနေ့ခေတ်တွင် ဒီမိုကရေစီဆိုသည်ကို အစိုးရစနစ်တစ်ရပ် (system of government)ဟု ကျွန်တော်တို့တွေ နားလည်ထားကြသည်။ ဤစနစ်တွင် နိုင်ငံသားတို့သည် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ကိုယ်တိုင် မပါဝင်နိုင်တော့ဘဲ ဒေသအလိုက် မြို့နယ်အလိုက် မိမိတို့ကိုယ်စား ဒေသခံ နိုင်ငံရေးကိုယ်စားလှယ်များ (political representatives)ကို ရွေးချယ်ကြရသည်။ ရွေးချယ်ခံရသော ကိုယ်စားလှယ်များဖြင့် တစ်နိုင်ငံလုံးအား အုပ်ချုပ်မည့် ကိုယ်စားပြု အစိုးရတစ်ရပ် (representative government)ကို ဖွဲ့စည်းကြရသည်။ ယင်းကိုယ်စားပြု အစိုးရက တစ်ဖန် ကျွန်တော်တို့ ကိုယ်စား ပေါ်လစီများချမှတ်ခြင်း၊ ဥပဒေများ ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ကြရသည်။ ဤသို့သော ကိုယ်စားပြု အစိုးရက



အုပ်ချုပ်သော စနစ်များသည် ဥရောပနှင့် အမေရိကၡ် ၁၈ ရာစုတွင် စတင်ပေါ်ပေါက်လာခဲ့သည်။

အများက ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော ကိုယ်စားပြုအစိုးရစနစ်သည် လက်တွေ့တွင် ဒီမိုကရေစီဆန်ပါ၏လော၊ နိုင်ငံသားအများစုအပေါ် အနည်းငယ်သော ကိုယ်စားလှယ်များကသာ အုပ်ချုပ်ခွင့် ရသွားသော အော်လီဂါခီ (oligarchy)ခေါ် လူနည်းစုအုပ်စိုးမှု ပုံစံအသစ်တစ်ရပ် မဖြစ်ချေလော။

ကိုယ်စားပြုစနစ်သည် လက်တွေ့တွင် ဒီမိုကရေစီဆန်မှု ပျောက်ကွယ်သွားရသည်ဟု ယုံကြည်ထားကြသည်။ သို့သော် ခေတ်သစ် ကိုယ်စားပြု အစိုးရစနစ်ကို လိုလားထောက်ခံသူ အတော်များများက ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ်များသည် ယေဘုယျအားဖြင့် အများထက်သာသော ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်း (superior judgement) ရှိသောကြောင့် ဥပဒေပြုခြင်းနှင့် မူဝါဒများ ချမှတ်ခြင်းတို့တွင် အများ၏ သဘောထား ထင်မြင်ချက်များအတိုင်း ဆောင်ရွက်စရာမလိုဟု ထောက်ပြကြသည်။ အမေရိကန် 'ဖယ်ဒရယ် ဝါဒီစာတမ်းများ'ကို ရေးသားခဲ့သူ ဂျိမ်းစ်မက်ဒီဆင်က ယင်းစာတမ်းထဲတွင် "ကိုယ်စားပြု ကိုယ်စားလှယ်များသည် တိုင်းပြည်၏ အကျိုးစီးပွားကို အကောင်းဆုံး အမှန်ဆုံး ခွဲခြားနားလည်နိုင်သော အမြော်အမြင်များ ရှိကြ၏။ ထို့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားအမြင်ဖြင့် တိုင်းပြည်၏ ကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်ခြင်းသည် ပြည်သူအများစု၏ သဘောထားဖြင့် ဆောင်ရွက်ခြင်းထက်ပို၍ ထိထိရောက်ရောက် ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်သည်" ဟု ဆိုခဲ့၏။ ထို့အတူ အင်္ဂလိပ်လူမျိုး တိုင်းပြုပြည်ပြုပုဂ္ဂိုလ် အက်ဒ်မွန်ဘတ်ခ်က သူ့အား ရွေးချယ်တင်မြှောက်ခဲ့သော ဘရစ်စတိုမြို့ရှိ မဲဆန္ဒရှင်များအား မိန့်ခွန်းပြောကြားရာတွင် နိုင်ငံ့အရေးအရာတို့စွာများ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ခြင်းသည် ရွေးကောက်ခံ ကိုယ်စားလှယ်များ၏ တာဝန်သာ ဖြစ်သောကြောင့် သူ့အနေနှင့် ဒေသခံ မဲဆန္ဒရှင်များ၏ ညွှန်ကြားချက် အတိုင်း ဆုံးဖြတ်မည်မဟုတ်ဘဲ သူ့သဘောဖြင့်သာ အကောင်းဆုံးဖြစ် အောင် ဆုံးဖြတ်မည်ဖြစ်ကြောင်း အတိအလင်း ထုတ်ပြောခဲ့သည်။ သူ၏ ကမ္ဘာကျော် စကားတစ်ခွန်းမှာ "ကျွန်တော်ဟာ ခင်ဗျားတို့ရဲ့ ကိုယ်စားလှယ်အဖြစ်နဲ့ ခင်ဗျားတို့ရဲ့ကောင်းရာကောင်းကျိုးအတွက် လုံ့လပြုရမယ့် ဝတ္တရားတင်မကဘူး၊ ကျွန်တော့်ကိုယ်ပိုင်ဦးနှောက်နဲ့ ဆုံးဖြတ်ချက် ချမှတ်ရမယ့် ဝတ္တရားလည်း ကျွန်တော့်မှာရှိတယ်။ ကျွန် တော်ဟာ ကျွန်တော့်သဘောအတိုင်းမလုပ်ဘဲ ခင်ဗျားတို့ပြောတဲ့ အ တိုင်းသာ လျှောက်လုပ်နေရင် ကျွန်တော်ဟာ ခင်ဗျားတို့အတွက် အ ကျိုးပြုရာမရောက်ဘဲ ခင်ဗျားတို့ကို သစ္စာဖောက်ရာရောက်သွားလိမ့် မယ်" ဟူ၍ဖြစ်သည်။ ဤသို့သောအမြင်မျိုးနှင့် အလားတူသော အမြင် ရှိခဲ့သူ နောက်တစ်ဦးမှာ အင်္ဂလိပ်လူမျိုး ဒဿနပညာရှင်နှင့် စီးပွား ရေးပညာရှင်ဖြစ်သူ ဂျွန်စတူးဝပ်မေးလ် ဖြစ်သည်။ ၁၉ ရာစု အလယ် ပိုင်းတွင် ရေးသားခဲ့သော သူ၏ ဂန္ထဝင်မြောက်စာအုပ်ဖြစ်သည့် "ကိုယ် စားပြုအစိုးရ"စာအုပ်တွင် "မဲဆန္ဒရှင်များသည် လွှတ်တော်ကိုယ်စား လှယ်များ၏ အများထက်သာလွန်သော ဉာဏ်ပညာ (superior wisdom)ဖြင့် ကွပ်ကဲစီမံထားသော အုပ်ချုပ်မှုအောက်တွင် ကျေနပ် နေသင့်သည်"ဟု ဆိုခဲ့၏။ ဟားဗတ်တက္ကသိုလ်၌ ပါမောက္ခ ဖြစ်ခဲ့သူ ဂျိုးဇက်ရှွမ်းပီတာသည် စီးပွားရေးပညာရှင်နှင့် လူမှုသီအိုရီများကို ထုတ်ဖော်ခဲ့သော ပညာရှင်တစ်ယောက်ဖြစ်သည်။ ၂၀ ရာစု အလယ် ပိုင်းလောက်တွင် အထက်ပါအမြင်မျိုးနှင့် အလားတူပြီး ပို၍ပင် အား ပါသော သူ၏အမြင်မှာ "မဲဆန္ဒရှင်များအနေနှင့် လွှတ်တော်ကိုယ်စား လှယ်တစ်ဦးကို ရွေးချယ်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဥပဒေ ရေးရာနှင့် မူဝါဒရေးရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းဆိုသည့် နိုင်ငံ ရေးဆောင်ရွက်ချက်များသည် မဲဆန္ဒရှင်များကိစ္စ မဟုတ်တော့ဘဲ



လွှတ်တော်ကိုယ်စားလှယ်၏ ကိစ္စသာဖြစ်သည်ဟု နားလည်ထ မည်"ဟူ၍ ဖြစ်သည်။

လူတိုင်းအား လွတ်လပ်စွာ မိမိ၏ သဘောထားကို ထုတ်ဖော် ပြောဆိုပိုင်ခွင့် တန်းတူရည်တူပေးထားခြင်းနှင့် ထုတ်ဖော်ပြလိုက်သော သဘောထားကို ထည့်သွင်းစဉ်းစားပေးရန် လိုအပ်ခြင်းဆိုသည့် ဒီမို ကရေစီစနစ်၏ အခြေခံမှုကို အထက်ဖော်ပြပါ အမြင်များက ငြင်းပယ် ရာ ရောက်နေသောကြောင့် ကိုယ်စားပြု အစိုးရတစ်ရပ်၏ ဆုံးဖြတ် ချက်များသည် အမှန်တော့ ဒီမိုကရေစီ သိပ်ဆန်လှသည်တော့ မဟုတ် ပါ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများ၏ ခြားနား ချက်ကို ပြောရလျှင် လွှတ်တော်ကိုယ်စားလှယ်များတွင် မဲဆန္ဒရှင် ပြည် သူများ၌ မရှိသော ထူးကဲသည့် အရည်အချင်းများ (superior qualities)ရှိသည်ဆိုသည်မှာ မမှန်ပါ။ အမှန်တော့ လွှတ်တော်ကိုယ်စား လှယ်များအား ကျွန်တော်တို့၏ နေရာတွင် ကျွန်တော်တို့ ကိုယ်စား ပြည်သူ့ရေးရာကိစ္စရပ်များ (public issucs)များကို ဆွေးနွေးဆုံးဖြတ် ကြဖို့ လိုအပ်သောအချိန် (necessary time)တစ်ခုကို လေးနှစ်တန် သည် ငါးနှစ်တန်သည် သက်တမ်းတစ်ခု သတ်မှတ်၍ လုပ်ပိုင်ခွင့် ပေးလိုက်ခြင်းသာ ဖြစ်သည်။ ၎င်းတို့၏ လုပ်ဆောင်ချက်များကို မနှစ် သက်ပါက မဲဆန္ဒရှင်များအနေနှင့် နောက်သက်တမ်းတစ်ခုအတွက် ရွေးကောက်ပွဲလုပ်သည့်အခါ ဒီမိုကရေစီနည်းအရ မဲဖြင့် ကိုယ်စား လှယ်များအား ဖြုတ်ချနိုင်ခွင့်ရှိသည်။ ထို့ကြောင့် ကိုယ်စားပြု ဒီမိုက ရေစီစနစ်သည် လူနည်းစုက အုပ်ချုပ်သည့် အော်လီဂါခီနှင့် ထပ်တူဖြစ် ၍ မရဘဲ အော်လီဂါခီထက် သာလွန်သော အရည်အသွေးများစွာရှိ သည်။ သာလွန်သော အရည်အသွေးများမှာ-

- နိုင်ငံသားတိုင်းအား မူအားဖြင့် ရွေးကောက်ပွဲတွင်ဝင်ရောက် ယှဉ်ပြိုင်ခွင့်ပြုထားခြင်း၊
- အမိကကျသော အစိုးရအဖွဲ့၏ ရာထူးနေရာများကို ခန့်အပ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်း မဟုတ်ဘဲ အများပြည်သူ၏ မဲဖြင့်ရွေးချယ်တင်မြှောက်ခြင်း၊

- လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့် ရှိခြင်းနှင့် လွတ်လပ်သော သတင်းမီဒီယာများ ရှိခြင်းတို့ကြောင့် လူထု အခြေအတင်ဆွေးနွေးပွဲများ (public debates)ကို အင်တိုက်အားတိုက်ဆောင်ရွက်နိုင်ခြင်း၊
- အစိုးရ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်သည့်တရားဝင်သတင်းအချက်အလက်များကို သက်ဆိုင်ရာ အစိုးရဌာနများတွင် လူထုက တောင်းခံခွင့်ရှိခြင်း၊
- နိုင်ငံသားများအား လွတ်လပ်စွာ အသင်းအဖွဲ့များ ထူထောင်ခွင့်ပြုထားခြင်း၊ ယင်းအသင်းအဖွဲ့များမှတစ်ဆင့် ၎င်းတို့၏အကျိုးစီးပွား ၎င်းတို့၏ တန်ဖိုးများကို မြှင့်တင်ခွင့် ဖြန့်ဖြူးခွင့်ပြုထားခြင်း၊
- မဲဆန္ဒရှင်များသည် ၎င်းတို့၏ အသီးသီးသော လွှတ်တော်ကိုယ်စားလှယ်များထံ မိမိတို့၏ အမြင်များအားတင်ပြခြင်းနှင့် အမြင်များအား လက်ခံလာအောင် ကြိုးပမ်းခြင်းများ ပြုလုပ်နိုင်ရန် လမ်းကြောင်းများ(channels) များစွာရှိခြင်း၊
- နိုင်ငံသားများ၏ အခွင့်အာဏာများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အာဏာများအပေါ် အကျိုးသက်ရောက်စေနိုင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြောင်းလဲပြင်ဆင်မှုများ (constitutional changes)ကို တိုက်ရိုက် မဲပေးဆုံးဖြတ်ပိုင်ခွင့်များ နိုင်ငံသားများတွင်ရှိခြင်း၊
- အထက်ပါ အခွင့်အရေးများကို ဥပဒေဖြင့် တရားဝင်အတည်ပြုပြဋ္ဌာန်းထားပြီး အစိုးရ၏ လွှမ်းမိုးမှု လုံးဝကင်းသော တရားသူကြီးများက ပြဋ္ဌာန်းထားသော ဥပဒေအတိုင်း တရားစီရင်နိုင်ခြင်း၊



ကိုယ်စားပြု ဒီမိုကရေစီစနစ်တစ်ရပ်သည် လက်တွေ့တွင်မည်မျှသော အတိုင်းအတာအထိ ဒီမိုကရေစီဆန်နိုင်ပါမည်နည်း၊ ကိုယ်စားပြု ဒီမိုကရေစီစနစ် ဒီမိုကရေစီဆန်ရေးသည် အမြဲမပြတ်တက်ကြွစွာ ပါဝင်လှုပ်ရှားနေသော နိုင်ငံသားတို့၏ အသင်းအဖွဲ့များ (continuously active citizen bodies)၏အပေါ်တွင် လုံးဝတည်မှီနေသည်။ တိုင်းပြည် ကောင်းရာကောင်းကျိုးအတွက် ရတက်မအေးဖြစ်ကာ အမြဲတန်းတက်ကြွလှုပ်ရှားနေသော နိုင်ငံသားများဖြင့် ဖွဲ့စည်းထားသည့် အရပ်သားအသင်းစု လူ့အဖွဲ့အစည်းများ (civil society) ထူထောင်ရန် လိုအပ်သည်။ အမှန်တော့ ယင်းအဖွဲ့အစည်းများသည် တိုက်ရိုက် ဒီမိုကရေစီစနစ်ကို ကျင့်သုံးသော အဖွဲ့အစည်း များပင်ဖြစ်သည်။ တိုက်ရိုက်ဒီမိုကရေစီ (direct democracy) ပုံစံမျိုးဖြင့် နိုင်ငံသားများက ဦးဆောင်ဦးရွက်ပြု၍ အသင်းအဖွဲ့များ ထူထောင်ကာ နိုင်ငံ၏ အရေးကြီးသော မူဝါဒရေးရာ ကိစ္စရပ်များကို ဆုံးဖြတ်ရာတွင် နိုင်ငံသားများက တက်ကြွစွာ ပါဝင်ဆွေးနွေး၍ သဘောထားပေးခြင်းဖြင့်သာလျှင် ကိုယ်စားပြု ဒီမိုကရေစီ (representative democracy) စနစ်သည် ဒီမိုကရေစီဆန်လာပြီး ရေရှည်ရပ်တည်ရှင်သန်နိုင်မည် ဖြစ်လေသည်။

## ဒီမိုကရေစီနည်းကျ စုပေါင်းဆုံးဖြတ်ချက်ချခြင်းနှင့် ပုဂ္ဂလိက ရွေးချယ်မှု

### စုပေါင်းဆုံးဖြတ်ချက်ချခြင်း

စုပေါင်းဆုံးဖြတ်ချက်ချခြင်း သို့မဟုတ် ဘုံဆုံးဖြတ်ချက်ချခြင်း (collective decision)ဆိုသည်မှာ အုပ်စုတစ်စု၊ အသင်းတစ်သင်း သို့မဟုတ် လူ့အဖွဲ့အစည်း တစ်ရပ်လုံးအတွက် အကျိုးသက်ရောက်စေမည့် ဆုံးဖြတ်ချက်ချခြင်းကိုခေါ်သည်။ ဤသို့ ဆုံးဖြတ်ချက်ချရာတွင် အများအားဖြင့် အလုပ်သင့်ဆုံး၊ အကောင်းဆုံးအဖြေကို ရွေးချယ်မှုနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်၍ သဘောထားကွဲလွဲမှုတွေ ဖြစ်ပေါ်လာလေ့ရှိသည်။ ဤတွင် ဆွေးနွေးမှုများ၊ အကြောင်းအကျိုးပြ၍ အချေအတင်ငြင်းခုံမှုများနှင့် သက်သေအထောက်အထားများ တင်ပြဖို့ တောင်းခံခြင်းများ စသည်ဖြင့် ပါဝင်လာကြသည်။ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် အများက သဘောတူလက်ခံသော ဆွေးနွေးမှုနည်းလမ်းများလည်း တစ်ဖန်လိုအပ် လာပြန်သည်။ ဒီမိုကရေစီစနစ်တွင် အသင်းအဖွဲ့ဝင်များ၏ အာဏာနှစ်ရပ်ရှိ၏၊ မဲပေးခွင့်(vote) အာဏာနှင့် ပြောရေးဆိုခွင့်(voice) အာဏာတို့ဖြစ်သည်။ မဲပေးခွင့်အာဏာသည် မူဝါဒရေးရာများအပေါ် တိုက်ရိုက် အဆုံးအဖြတ်ပေးမည့် မဲပေးခြင်းမျိုး ဖြစ်နိုင်သလို ဆုံးဖြတ်ချက်ချမည့်သူများ သို့မဟုတ် ကိုယ်စားလှယ်တော်များကို ရွေးချယ်ရသည့် မဲပေးခြင်းမျိုးလည်း ဖြစ်နိုင်သည်။ ပြောရေးဆိုခွင့်အာဏာသည် ဆွေးနွေးချက်များအပေါ် အဖွဲ့ဝင်များက ကြိုက်မကြိုက်၊ ကောင်းမကောင်း ကိုယ့်ဆန္ဒသဘောထားကို ထုတ်ဖော်၍ ကိုယ့်အမြင်ကို ပြောဆိုခြင်း ဖြစ်သည်။ စိတ်တူကိုယ်တူရှိသည့် သူများနှင့်အတူ ပူးပေါင်းကာ ပြောဆိုခြင်း(voice)နှင့် မဲပေးခြင်း(vote)သည် တစ်ဦးတစ်ယောက်တည်း ပြောဆိုခြင်းထက် ပို၍အကျိုးရှိ ထိရောက်လှသည်။

## တစ်ဦးချင်းစီ၏ ရွေးချယ်မှု

စီးပွားရေးနယ်ပယ်တွင် စားသုံးသူများ၏ ဆုံးဖြတ်ချက်သည် တစ်ဦးချင်း တစ်ယောက်ချင်းစီ၏ ရွေးချယ်မှု (individual choice) ဖြစ်သည်။ စားသုံးသူ တစ်ဦးသည် မိမိဝယ်နေကြ ကုန်စည်တစ်ခုကို မဝယ်တော့ဟု ဆုံးဖြတ်လိုက်ခြင်းတွင် အာဏာတစ်ရပ်ပါရှိသည်။ ယင်းအာဏာကို အဝယ်ရပ်မှု (exit) အာဏာဟုခေါ်သည်။ မကြိုက်၍ မဝယ်တော့ခြင်း(exit) မျှသာဖြစ်ပြီး မကြိုက်ကြောင်း ပြောဆိုခြင်း(voice)သဘော မပါရှိပါ။ သူနိုင်ကိုယ်နိုင် အပြိုင်ကျဲကြသည့် ဈေးကွက်စီးပွားရေးစနစ်တွင် ကုန်စည်တစ်ခုကို လူအများစုက ကိုယ့်သဘောနှင့်



တိုယ် အဝယ်ရပ်လိုက်ခြင်းကြောင့် စုပေါင်းရလဒ် (collective outcome)တစ်ခု ထွက်ပေါ်လာနိုင်သည်။ အကျိုးသက်ရောက်မှုအားဖြင့် ကုမ္ပဏီတစ်ခု၏ ရောင်းအားနှင့် အမြတ်အစွန်းများ တိုးပွားမှု ဖြစ်လာနိုင်သလို ရောင်းအားကျခြင်းနှင့် အရှုံးပေါ်ခြင်းများလည်း ဖြစ်လာနိုင်သည်၊ ထိုမျှမက ကုမ္ပဏီတစ်ခုလုံး ပြုတ်သွားခြင်းမျိုးပင် ဖြစ်နိုင်သည်။ ဤအချက်ကိုကြည့်ပြီး တချို့သောသူများက စားသုံးသူများတွင် ဈေးကွက်ကို စီမံအုပ်ချုပ်နိုင်ခွင့်ရှိသော တန်ခိုးအာဏာများ အပြည့်အဝရှိသည်ဟု ယုံကြည်လာကာ 'စားသုံးသူ ဒီမိုကရေစီ' (consumer democracy) ဟုပင် ခေါ်ဝေါ်လာကြသည်။ စားသုံးသူများတွင် တန်ခိုးအာဏာရှိသည်ဆိုသည့်အချက်မှာ အမှန်ပင်ဖြစ်၏။ သို့သော် စားသုံးသူများ၏ 'ဒီမိုကရေစီ'ဟုခေါ် ဝေါ်သုံးနှုန်းခြင်းသည် မလျှော်ကန်သောနာမပြုခြင်းသာ ဖြစ်သည်။ စားသုံးသူတစ်ဦးနှင့် တစ်ဦးကြား ဆင်းရဲချမ်းသာကွာဟမှုကြောင့် ၎င်းတို့ကြား ကုန်စည်ဝယ်ယူမှုစွမ်းအားမညီမျှမှုများ(inequalities) ကြီးကြီးမားမားရှိနေကြောင်းမှာ ထင်ရှားလှသည်၊ ဤသို့သော စီးပွားရေး မညီမျှမှုရှိနေခြင်းကို 'ဒီမိုကရေစီ' ဟု ဆိုချင်ပါ၏လော။ ဒီမိုကရေစီ၏ အခြေခံမူတွင် တန်းတူညီမျှမှုရှိရေး(equality)သည် အရေးကြီးသည့်မူတစ်ရပ် ဖြစ်သည်။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ လူတစ်ကိုယ်၊ မဲတစ် ပြား၊ တန်ဖိုးတစ်ရပ် (one person, one vote, one value)ဆိုသည့် တန်းတူညီမျှမှုရှိမှ 'ဒီမိုကရေစီ'ဟု ခေါ်ဝေါ်သုံးစွဲနိုင်မည် ဖြစ်သည်။ ဤထက်ပို၍ အရေးကြီးသည်မှာ ကုန်စည်တစ်ခုအား စားသုံးသူများ ဝယ်ယူခြင်း၊ မဝယ်ယူခြင်းသည် လူတစ်ဦးချင်းစီနှင့် သက်ဆိုင်သော ပုဂ္ဂလိက(individual and private) ဆုံးဖြတ်ချက်သာဖြစ်ပြီး အများ၏ဆုံးဖြတ်မှုသဘောပြည်သူ့ဆုံးဖြတ်ချက်သဘော(collective and public) မပါရှိခြင်းဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တစ်ဦးချင်းစီ၏ ဆုံးဖြတ်

www.burmeseclassic.com

www.burmeseclassic.com



ချက်ကြောင့် ဘုံရလဒ် (collective outcome)တစ်ခု ထွက်ပေါ်လာကာ အရောင်းတက်ခြင်း၊ အရောင်းကျခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုလုံး ဒေဝါလီခံသွားရခြင်းမျိုးပင် ရှိနိုင်ကြောင်း ဆိုခဲ့ပြီးဖြစ်သည်။ ဤအကြောင်းကို ပြန်ကောက်ရလျှင် ဘုံရလဒ်သည် အများပြည်သူ၏ တာဝန်သိစိတ်ဖြင့် ဘုံဆုံးဖြတ်ချက်ချမှတ်ခြင်း (concious public process of collective decision)၏ ရလဒ်ကား မဟုတ်ပေ။ အများပြည်သူ၏ တာဝန်သိစိတ်ဖြင့် ဆုံးဖြတ်ချက်ချမှတ်မှုတွင် ဆွေးနွေးခြင်း (discussion)နှင့် ကြောင်းကျိုးပြ ငြင်းခုံမှုများ(arguments)ပါဝင်ဖို့လိုသည်။ နိုင်ငံရေးဈေးကွက် (political market place)တွင် နှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ထောက်ခံမဲပေးခြင်းသည် စီးပွားရေးဈေးကွက်တွင် နှစ်သက်ရာကုန်စည်တစ်ခုကို ရွေးချယ်ဝယ်ယူခြင်းမျိုးနှင့် အလားသဏ္ဍာန်တူသည်ဟု ဆိုကြသော်ငြားလည်း နိုင်ငံရေးဈေးကွက် ရွေးချယ်မှုပုံသဏ္ဍာန်တွင် စိတ်တူကိုယ်တူ နိုင်ငံသားများ (like-minded citizens)သည် ရည်ရွယ်ချက်တစ်ခုအတွက် အတူစုရုံးကာ အပြင်းအထန် ဆွေးနွေးခြင်းမှနေ၍ မိမိတို့လိုလားသော ရလဒ်တစ်ခု ရလာအောင် ကြိုးပမ်းကြခြင်း ဖြစ်သည်။

### ဒီမိုကရေစီ၏ ဝိသေသလက္ခဏာများ

ဝယ်နေကျ ကုန်စည်တစ်ခုကို စားသုံးသူတစ်ဦးသည် အဝယ်ရပ်ခြင်း(exit)လုပ်နိုင်သည်။ သို့သော် ကျွန်တော်တို့ လူအများစုသည် အစိုးရတစ်ရပ်၏ အုပ်ချုပ်မှုအောက်မှနေ၍ နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်း(exit)မျိုးပြုလုပ်၍မရပါ။ အခြားတိုင်းပြည်တစ်ပြည်သို့ ပြောင်းရွှေ့သွား၍ ရနိုင်သည့်တိုင် ယင်းတိုင်းပြည်၏ နိုင်ငံသားတစ်ဦးအဖြစ် တစ်ဖန် ပြန်ဖြစ်ရပါဦးမည်။ သို့မဟုတ် အခြားတိုင်းပြည်သို့ မပြောင်းဘဲ မိမိနေထိုင်ရာ တိုင်းပြည်၏ အခြားပြည်နယ်တစ်ခု၊ ဒေသတစ်ခုသို့ ပြောင်းရွှေ့သွားလျှင်လည်း ယင်းဒေသဆိုင်ရာ အစိုးရအောက်တွင်



ကျွန်တော်တို့တွေ နေကြရမည်ဖြစ်သည်။ ဒေသဆိုင်ရာ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။ အခွန်ကောက်ခံမှုများကို ရှောင်၍ရမည်မဟုတ်ဘဲ အခွန်ပေးဆောင်ရမည်။ ကျွန်တော်တို့ နိုင်ငံသားများ နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်း (exit)လုပ်၍ မရတော့လျှင် 'ဒီမိုကရေစီစနစ်' အောက်တွင် နေထိုင်ကြသော ကျွန်တော်တို့သည် မည်သည့် အာဏာများ ပိုင်ဆိုင်ထားကြပါသနည်း။

ဥပမာအားဖြင့် ကျွန်တော်တို့ရပ်ကွက်အနီးရှိ အပန်းဖြေ ကွင်းပြင်ကျယ်ကြီးတစ်ခု၏ ဧရိယာတချို့လျော့ပါးသွားစေမည့် စီမံကိန်းတစ်ရပ်ကို အစိုးရက ချမှတ်လိုက်သည်ဆိုပါစို့။ သို့မဟုတ် ကျွန်တော်တို့လမ်းတွင် ရပ်ကွက်နှင့် မသင့်တော်သည့် အထပ်များစွာပါသည့် အဆောက်အဦးတစ်ခု ဆောက်လုပ်ခွင့်ကို အစိုးရက ပေးလိုက်သည်ဆိုပါစို့။ ဤကိစ္စများနှင့် ပတ်သက်၍ ကျွန်တော်တို့ ရွေးချယ်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်ထံသွားကာ ကျွန်တော်တို့၏ လိုလားချက်များကို တင်ပြနိုင်သည်။ ရပ်ကွက်သူရပ်ကွက်သားများကို စုရုံးကာ ရပ်ကွက်အတွင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဒေသဆိုင်ရာ စီမံကိန်းရုံးရှေ့တွင် ကန့်ကွက်ပွဲများ ပြုလုပ်နိုင်သည်။ ဒေသတွင်း ထုတ်ဝေသော သတင်းစာများတွင် ကန့်ကွက်သည့် အမြင်များ၊ သဘောထားများကို ရေးသားနိုင်သည် စသည်ဖြင့် လှုပ်ရှားမှုများ ပုံစံမျိုးစုံဖြင့် ပြုလုပ်နိုင်မည်ဖြစ်သည်။ ဤသို့သော လှုပ်ရှားမှုများကို စိတ်တူကိုယ်တူရှိသူများနှင့်အတူ ပူးပေါင်းကာ ပြောဆိုခွင့်ရှိမှု (voice)နှင့် နောက်ဆုံးအဆင့်တွင် မဲပေးခွင့်ရှိမှု(vote) တို့သည် အများပြည်သူတို့၏ အာဏာများ(democratic powers) ဖြစ်သည်။ ယင်းအာဏာများကို ဒေသတစ်ခုတွင် ဒေသခံတို့လိုအပ်သော အဆောက်အဦးတစ်ခု ဆောက်လုပ်ပေးရန် အာဏာပိုင်များအား တောင်းဆိုသော အပြုသဘောဆောင်သည့် တောင်းဆိုမှုများ ပြုလုပ်ရာတွင် အသုံးချနိုင်သည်။ ထို့အတူ ၎င်းတို့မလိုလားသော အဆောက်

www.burmeseclassic.com

www.burmeseclassic.com



အဦးများ တည်ဆောက်ဖို့ အစိုးရက ခွင့်ပြုလိုက်ခြင်းကို ကန့်ကွက်သည့်နေရာတွင်လည်း ယင်းအာဏာများကို အသုံးပြုနိုင်သည်။

စားသုံးသူတစ်ဦးသည် ကုန်ပစ္စည်းတစ်ခုကို ဝယ်မည်ဟုဆုံးဖြတ်လိုက်သည်နှင့်တစ်ပြိုင်နက် ပစ္စည်းကို ရရှိတော့မည့် ရလဒ်ကသေချာလှသည်။ သို့သော် ပြည်သူတို့၏ ဘုံဆုံးဖြတ်ချက်တစ်ခု ချမှတ်လိုက်ခြင်းတွင်ကား ရလဒ်မှာ သေချာလှသည်မဟုတ်ပါ။ အမြင်ခြင်းစေ့စပ်ညှိနှိုင်းမှု(compromise)တွေ ပါဝင်သလို တခြားသော သူများ၏ အကျိုးစီးပွားများ (interests)ကို ထည့်သွင်းစဉ်းစားဖို့လည်း လိုအပ်လာပါသည်၊ ကျွန်တော်တို့၏ အသံများ(voices)၊ လိုလားချက်များကို အများတကာက ကြားသိသွားသည့်တိုင် ကျွန်တော် တို့လိုချင်သောအရာများ ရနိုင် မရနိုင် အတတ်မပြောနိုင်ပါ။ ဤနေရာတွင်ပုဂ္ဂလိက ရွေးချယ်မှုသည် စုပေါင်းဆုံးဖြတ်မှုထက် သာလွန်သော အားသာချက်တစ်ရပ်ဟု ဆိုရမည်ဖြစ်၏။

လူတစ်ဦးချင်းစီ၏ 'လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်'(freedom to choose)သည် သူသူငါငါ ရွတ်ဆိုနေကြသည့် မျက်မှောက်ခေတ်၏ မန္တာန်တစ်ခုဖြစ်နေသည်၊ အစိုးရများကလည်း ပြည်သူ့ရေးရာ မူဝါဒများ၏ ပန်းတိုင်သည် လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ကို အတတ်နိုင်ဆုံးဖြည့်ဆည်းရေးဖြစ်သည်ဟု ဆိုနေကြသည်။ ထိုမျှပင်မကသေးပါ။ ဒီမိုကရေစီဆိုသည်မှာ လူတစ်ဦးချင်းစီ၏ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ကို အဆုံးစွန်ထိ အပ်နှင်းရေးဟုဆိုကာ ဒီမိုကရေစီနှင့် လွတ်လပ်စွာရွေးချယ်ခွင့်ကို ညီမျှခြင်းပင် ချကြည့်နေကြသည်။ ရွေးချယ်မှုတွေများစွာပြုလုပ်နေကြသည်။ မည်သည့်ကားကို ဝယ်၍ မည်သည့်အချိန်မည်သည့်နေရာတွင် မောင်းကြမည်၊ အားလပ်ရက်တွင် အဆန်းတကြယ်ရှိသော မည်သည့်နေရာသို့ လည်ပတ်ကြမည်၊ ကလေးများကိုမည်သည့်ကျောင်းတွင်ထားကြမည်၊ နေမကောင်းလျှင် မည်သည့် ဆေးရုံတွင် ကုသမှုခံယူကြမည် စသည်ဖြင့် ဖြစ်သည်။ ဤသို့သော ပုဂ္ဂလိက



ရွေးချယ်မှုများအားလုံးကို ပေါင်းကြည့်လိုက်သည့်အခါ ဘုံအကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်လာစေသည်။ တစ်ခါတစ်ရံတွင် သက်ရောက်မှုသည် ပျက်စီးမှုအသွင်ကိုဆောင်လေ့ရှိ၏၊ ကိုယ်ပိုင်ကားများကို အတန့်အသတ်မဲ့ ဝယ်စီးခွင့်ပြုခြင်းသည် ယာဉ်ကျောပိတ်ဆို့မှုကို ဖြစ်စေသည်သာမက လိုင်းကားများဖြင့် ခရီးသွားရခြင်းသည် အချိန်ကုန်လူပန်းမှုကို ဖြစ်စေသည်။ ထို့အတူ လေကြောင်းဖြင့် ခရီးသွားခြင်းကိုအလွန်အကျွံပြုလာခြင်းသည် ကမ္ဘာကြီးပူနွေးလာမှု၏ အဓိကတရားခံစာရင်းတွင် ပါဝင်နေသည်၊ ကျန်းမာရေးနှင့် ပညာရေးတွင် ပုဂ္ဂလိကရွေးချယ်မှု၏ အကျိုးရလဒ်ကြောင့် အချို့ကျောင်းများနှင့် ဆေးရုံများတွင် လက်မခံနိုင်အောင် လူများအလွန်များပြားနေပြီး အချို့ကျောင်းများနှင့် ဆေးရုံများတွင်မူ လူမရှိဘဲ စီးပွားပျက်ကိန်းပင် ဆိုက်နေကြရသည်။ ဤသို့သော အကျိုးဆက်များကို အချိန်တစ်ချိန်သို့ ရောက်လာသောအခါ တိုက်ရိုက် ကိုင်တွယ်ဖြေရှင်းရန် လိုအပ်လာသည်။ တစ်နည်းအားဖြင့်ပြောရလျှင် ပြည်သူလူထုက ယင်းကိစ္စရပ်များအပေါ်ဆွေးနွေးဆုံးဖြတ်ရမည့်အချိန်မျိုး ဆိုက်ရောက်လေ့ရှိ၏။ ဒီမိုကရေစီ၏အခန်းကဏ္ဍသည် ဤနေရာတွင် စတင်ပြီဖြစ်လေသည်။

## လူထုထိန်းချုပ်မှုနှင့် နိုင်ငံရေးတန်းတူဖြစ်မှု မှုများ

ဒီမိုကရေစီ ဆိုသည်မှာ စုပေါင်းဆုံးဖြတ်ချက်ချခြင်းပင် ဖြစ်သည်၊ ဒီမိုကရေစီ၏ အခြေခံမှုများမှာ (၁) နိုင်ငံသားများအကြားတန်းတူဖြစ်မှု ရှိရမည်။ (၂) ဘုံဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ရေးအတွက်ဆုံးဖြတ်ချက်ချလိုသည့် ကိစ္စရပ်များနှင့်ပတ်သက်သည့် သတင်း အချက်အလက် အပြည့်အစုံကို အသင်းသား သို့မဟုတ် နိုင်ငံသားများအား အသိပေး၍ ဆွေးနွေးခွင့်ပြုရမည်၊ (၃) အခြားသူများနှင့် ထူးပေါင်းကာ ပြောဆိုခွင့်နှင့် မဲပေးခွင့်အာဏာကို နိုင်ငံသားများအားအပ်နှင်းထားရမည်၊ (၄) တိုင်းပြည်၏ အဓိကကျသော ရာထူးများ

www.burmeseclassic.com

www.burmeseclassic.com



အတွက် နိုင်ငံသားများအား ဝင်ရောက် ရွေးချယ်ပိုင်ခွင့် ပြုရမည်။ (၅) ရွေးချယ်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏ ဆုံးဖြတ်ချက်အပေါ် တာဝန်ခံရမည် စသည်ဖြင့် ဖြစ်၏။ အကျဉ်းချုပ်အားဖြင့် ဤမူများကို ပြည်သူ့ရေးရာ ဆုံးဖြတ်ချက်ချမှု များနှင့် ဆုံးဖြတ်ချက်ချသူများ (လွှတ်တော်ကိုယ်စားလှယ်များ) အပေါ် လူထုက ထိန်းချုပ်ထားသောမူ (principle of popular control)နှင့် ပြည်သူအားလုံး၏ နိုင်ငံရေး တန်းတူဖြစ်မှုမူ (principle of political equality)များဟု ကျွန်တော်တို့ ခေါ်ဆိုနိုင်သည်။ ဤမူများကို အသင်း အဖွဲ့ငယ်များတွင် ကျင့်သုံးနိုင်သလို တိုင်းပြည်၏ အစိုးရတစ်ရပ်ပေါ် တွင်လည်း ကျင့်သုံးနိုင်ပေသည်။

## အခန်း(၂)
# ဒီမိုကရေစီ သဘောတရား

ဒီမိုကရေစီကို အဓိပ္ပာယ် အမျိုးမျိုး ဖွင့်ဆိုကြသည်။ ဒီမိုကရေစီ၏ အဓိကကျသည့် အဓိပ္ပာယ်တစ်ခုမှာ ဒီမိုကရေစီ ဟူသည် ဘုံဆုံးဖြတ်ချက်များ(collective decisions) ချမှတ်ပုံ ချမှတ်နည်းများကို ထိန်း ချုပ်ထားသောမူများ(principles)ကို ပေါင်းစုထားသော စနစ်ဟု အဓိပ္ပာယ်သတ်မှတ်ကြသည်။ တစ်နည်းပြောရလျှင် ဘုံဆုံးဖြတ်ချက် များ ချမှတ်ပုံချမှတ်နည်းများသည် သတ်မှတ်ထားသောမူများကို လိုက် နာဖို့လိုသည်။ သတ်မှတ်ထားသောမူများကို မလိုက်နာသော ဆုံးဖြတ် ချက်ချနည်းများကို ဒီမိုကရေစီ မဆန်သောစနစ်ဟု ခေါ်ဆိုရမည်ဖြစ် သည်၊ ဘုံဆုံးဖြတ်ချက်များ ချမှတ်သည့်အခါ လိုက်နာရမည့် ဒီမိုကရေ စီနည်းကျသောမူများ(democratic principles)မှာ (၁) အမြင်ချင်း မတူညီမှုများကို ပွင့်လင်းစွာဆွေးနွေးခြင်း(open discussion) (၂) အဖွဲ့ဝင်များ၏ 'ပြောဆိုခွင့်၊ တာဝန်ယူမည့်သူများကို ရွေးချယ်တင် မြှောက်ခွင့်၊ ရွေးချယ်ခံပုဂ္ဂိုလ်များ၏ ဆွေးနွေးချက်များအပေါ် သဘော ထား ပေးပိုင်ခွင့်'များကို အဖွဲ့ဝင်များအား တန်းတူအခွင့်အရေးများ

www.burmeseclassic.com

www.burmeseclassic.com



(equal rights) အပ်နှင်းထားခြင်း၊ (၃) မဲပေးခွင့် (vote)နှင့် ပြောဆိုခွင့် (voice) တို့၏ ဩဇာလွှမ်းမိုးမှု ကျယ်ပြန့်ထိရောက်စေရန် ဆန္ဒသဘောထားခြင်းတူသော စိတ်တူကိုယ်တူရှိသူများဖြင့် လွတ်လပ်စွာ အသင်းအဖွဲ့များ ဖွဲ့ပိုင်ခွင့်(freedom to associate) များပေးအပ်ထားခြင်းတို့ဖြစ်သည်၊ ဤမူများကို လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးအား အုပ်ချုပ်သော အစိုးရတစ်ရပ်တွင် ကျင့်သုံးနိုင်ဖို့ လက်တွေ့ အစီအစဉ်များ သို့မဟုတ် လက်တွေ့နည်းလမ်းများ (practical arrangements) ကို ဖော်ထုတ်၍ တစစဖွံ့ဖြိုးလာအောင် မျိုးဆက်ပေါင်းများစွာကြိုးပမ်းခဲ့ရသည်။ လက်တွေ့နည်းလမ်းများတွင် မဏ္ဍိုင်သုံးရပ် ပါရှိသည်။ ၎င်းတို့မှာ-

(၁) နိုင်ငံသားတို့၏ ရပိုင်ခွင့်များ(citizen rights)မဏ္ဍိုင်

(၂) ကိုယ်စားပြု တာဝန်ခံသော အစိုးရအဖွဲ့အစည်းများ (institutions of representative and accountable government) မဏ္ဍိုင်၊

(၃) အရပ်သားအသင်းစု လူ့အဖွဲ့အစည်းများ (civil society)နှင့် ယင်းအဖွဲ့အစည်းများနှင့် အစိုးရကြား ဆက်ဆံရေးမဏ္ဍိုင်တို့ ဖြစ်သည်။

*****

## နိုင်ငံသားတို့၏ ရပိုင်ခွင့်များမဏ္ဍိုင်

ဒီမိုကရေစီ အစိုးရတစ်ရပ်၏ စတင်ရာအမှတ်သည် နိုင်ငံသားများဖြစ်ကြသည်။ သူသူငါငါ သာမန်ပြည်သူများမရှိဘဲ အစိုးရတစ်ရပ် ဖြစ်ပေါ်လာစရာ အကြောင်းမရှိပါ။ ကျွန်တော်တို့ ပြည်သူများကြောင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ အလုပ်ရကြသည်။ ကျွန်တော်တို့ ကိုယ်စား တိုင်းရေးပြည်ရာလုပ်ငန်းများ ဆောင်ရွက်ဖို့ ၎င်းတို့အား အခွန်ငွေတွေ ကျွန်တော်တို့ ပေးဆောင်ကြရသည်။ အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ၎င်းတို့၏ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ၎င်းတို့၏



မူဝါဒများနှင့်ပတ်သက်၍ လူထုထံမှ ထောက်ခံချက်ရအောင် အမြဲကြိုးပမ်းလေ့ရှိသလို လုပ်ငန်းများပြီးဆုံးသွားသည့်အခါတွင်လည်း ၎င်းတို့လုပ်ဆောင်ခဲ့သော လုပ်ငန်းများအပေါ် အပြည့်အဝ တာဝန်ယူကြရသည်။ သို့သော် ဤသို့သော အစိုးရတစ်ရပ်မျိုးဖြစ်နေဖို့ ကျွန်တော်တို့ပြည်သူများတွင် မည်သည့်အစိုးရ တက်လာတက်လာ ရုပ်သိမ်းနိုင်ခွင့်မရှိသည့် နိုင်ငံသားရပိုင်ခွင့်များ ရှိနေရမည် ဖြစ်သည်။

နိုင်ငံသား ရပိုင်ခွင့်များသည် ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ် ဖြစ်သည်။ နိုင်ငံသားရပိုင်ခွင့်များမှာ -

- လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်နှင့် စုံစမ်းမေးမြန်းပိုင်ခွင့်
- လွတ်လပ်စွာ အသင်းများ ဖွဲ့နိုင်ခွင့်နှင့် အတွေးအခေါ် အယူအဆများ၊ သဘောထားအမြင်များကို တစ်ဦးနှင့်တစ်ဦး လွတ်လပ်စွာ ဖလှယ်ခွင့်
- လွတ်လပ်စွာ စုရုံးပိုင်ခွင့်
- လွှတ်တော် ကိုယ်စားလှယ်များနှင့် အစိုးရတစ်ရပ်ကို လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ပိုင်ခွင့်
- လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရတို့၏ 'ပြည်သူ'ဆိုသည့် အမည်ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများအပေါ် ပြည်သူများက သိရှိလိုက သိရှိပိုင်ခွင့်
- အထက်ပါ ရပိုင်ခွင့်များကို အာမခံချက်ပေးနိုင်ရန် နိုင်ငံသားတစ်ဦး၏ အသက်နှင့် ပစ္စည်းဥစ္စာလုံခြုံခွင့် (the right to security of person and possessions)တို့ဖြစ်သည်၊ (နိုင်ငံသားတစ်ဦး၏ အသက်နှင့် ပစ္စည်းဥစ္စာများကို လျော်ကန်သင့်မြတ်သည့် ဥပဒေကြောင်းမှလွဲ၍ ခြိမ်းခြောက်ခြင်း၊ အန္တရာယ်ပြုခြင်း သို့မဟုတ် သိမ်းဆည်းခြင်း မပြုရ။)

ဒီမိုကရေစီစနစ် 'အထိုင်ကျနေသော' တိုင်းပြည်များတွင် နိုင်ငံသား ရပိုင်ခွင့်များသည် ဖြစ်ရိုးဖြစ်စဉ် ကိစ္စရပ်များသာ ဖြစ်နေသော

www.burmeseclassic.com



ကြောင့် ယင်းရပိုင်ခွင့်များကို သတိပင် မမူမိတော့ပါ။ သို့သော် ယင်းရပိုင်ခွင့်များသည် မိုးပေါ်က ကျလာခဲ့သည်မဟုတ်၊ လွယ်လွယ်နှင့် ရခဲ့သည့်အရာများလည်းမဟုတ်၊ လွန်ခဲ့သည့် ရာစုနှစ်များက အနောက်တိုင်း လူ့အဖွဲ့အစည်းများတွင် သာမန်ပြည်သူများသည် နိုင်ငံသားရပိုင်ခွင့်များ ရရှိရေးအတွက် ရှုပ်ရှုပ်ချချ တိုက်ပွဲဝင်ခဲ့ရသည်၊ အသက်ပေါင်းများစွာ စတေးခဲ့ရသည်။ ခေတ်သစ် ဥရောပနှင့် အမေရိကတွင် လူထုတိုက်ပွဲ အဆင့်သုံးဆင့် ဆင်နွှဲခဲ့ပြီး ဒီမိုကရေစီစနစ်ကို ထူထောင်ခဲ့ခြင်း ဖြစ်သည်၊ ကသောင်းကနင်းဖြစ်မှု များစွာကို ဖြတ်သန်းခဲ့ပြီးမှ ဒီမိုကရေစီပန်းတိုင်ဆီ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်၊

### ဖိနှိပ်သည့်အစိုးရကို ဆန့်ကျင်သောတိုက်ပွဲ

ခေတ်သစ်ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ဒီမိုကရေစီ ရရှိရေးအတွက် လူထုတိုက်ပွဲ အဆင့်သုံးဆင့် ဆင်နွှဲခဲ့ရသည့်အနက် ပထမအဆင့် တိုက်ပွဲသည် ဖိနှိပ်သည့် အစိုးရကို ဆန့်ကျင်သော တိုက်ပွဲဖြစ်သည်။ တိုက်ပွဲ၏ ရည်ရွယ်ချက်မှာ မှူးမတ်များနှင့် သက်ဦးဆံပိုင် ဘုရင်အစိုးရများ၏ အာဏာအလွဲသုံးစားလုပ်မှုကို ကန့်သတ်တားဆီးရေးနှင့် လူထုကို တာဝန်ခံသော လူထုကိုယ်စားပြု ကိုယ်စားလှယ်များ အစိုးရအဖွဲ့တွင် ပါဝင်ခွင့်ပြုရေးတို့ ဖြစ်သည်၊ ပြုနေကျ အာဏာအလွဲသုံးစားလုပ်မှုများမှာ ဘုရင်နှင့်မှူးမတ်များက ပြည်သူများကို စိတ်မထင်လျှင် မထင်သလို ဖမ်းဆီးခြင်း၊ ရုံးမထုတ်ဘဲ ထိန်းသိမ်းထားခြင်း၊ ထိန်းသိမ်းထားစဉ် နှိပ်စက်ညှင်းပန်းခြင်း၊ ပစ္စည်းများကို သိမ်းယူခြင်း၊ အခွန်အတုပ်များ အတင်းအဓမ္မ ကောက်ခံခြင်း၊ စာပေရေးသားမှုကို ချုပ်ခြယ်ခြင်း၊ ဘုရင့်အား စော်ကားမော်ကားလုပ်သည့် စာအုပ်များကို သိမ်းဆည်းခြင်း၊ ဥပဒေဖြင့် မအုပ်ချုပ်ဘဲ တစ်ချက်လွှတ် အမိန့်အာဏာများဖြင့် အုပ်ချုပ်ခြင်း စသည်ဖြင့် ဖြစ်သည်။ ဤသို့သော အာဏာအလွဲသုံးစားလုပ်မှုများ နောက်ထပ်



မကြုံတွေ့စေရန် သန္နိဋ္ဌာန်ပြု၍ တိုက်ပွဲများဆင်နွှဲခဲ့ကြပြီး အမေရိကန်ပြည်ထောင်စု လွတ်လပ်ရေးရ လာသောအခါ ဖွဲ့စည်းပုံအခြေခံဥပဒေထဲ၌ နိုင်ငံသားတို့၏ အခြေခံ ရပိုင်ခွင့်များ (Bill of Rights)ကို ထည့်သွင်းပြဋ္ဌာန်းခဲ့သလို ၁၇၈၉ ခုနှစ် ပြင်သစ်တော်လှန်ရေး အပြီးတွင် လူ့အခွင့်ရေးကြေညာစာတမ်း (Declaration of the Rights of Man) ကို ထုတ်ပြန်ကြေညာခဲ့သည်။ နိုင်ငံသား ရပိုင်ခွင့်နှင့် နိုင်ငံရေး ရပိုင်ခွင့်ဆိုင်ရာ နိုင်ငံတကာ ပဋိညာဉ်(International Covenant on Civil and Political Rights)နှင့် လူ့အခွင့်ရေးဆိုင်ရာ ဥရောပ သဘောတူညီချက် (European Convention on Human Rights)တို့ကဲ့သို့ မျက်မှောက်ခေတ် လူ့အခွင့်အရေးဆိုင်ရာ ပဋိညာဉ်များတွင် နိုင်ငံသားတို့၏ အခြေခံရပိုင်ခွင့်များကို ဥပဒေ၏ အဓိက အစိတ်အပိုင်းအဖြစ် မဖြစ်မနေ ထည့်သွင်းရေးဆွဲထားကြသည်။

ဘုရင်နှင့်မှူးမတ်တို့ အာဏာအလွဲသုံးစားလုပ်မှုများကို ကန့်သတ်သည့်သဘောဖြင့် ထည့်သွင်းရေးဆွဲခဲ့သည့် လူ့အခွင့်အရေးကြေညာစာတမ်းမှ ကောက်နုတ်ချက်အချို့ကို ဖော်ပြရလျှင် -

ပိုဒ်ခွဲ ၆။ ဥပဒေဟူသည် လူ့အဖွဲ့အစည်း၏ ဆန္ဒကို ထုတ်ဖော်ပြသသည့်အခြင်းအရာဖြစ်သည်။ နိုင်ငံသားအားလုံးသည် ဥပဒေတစ်ရပ် ပြဋ္ဌာန်းရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်မှတစ်ဆင့်ဖြစ်စေ ပါဝင်ခွင့်ရှိသည်၊

ပိုဒ်ခွဲ ၇။ ဥပဒေအရ အဆုံးအဖြတ်ပေးနိုင်သော အမှုများမှလွဲ၍လည်းကောင်း၊ ဥပဒေကပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းမှလွဲ၍လည်းကောင်း မည်သူတစ်ဦးတစ်ယောက်ကိုမှ မတော်မတရား စွပ်စွဲခြင်း၊ ဖမ်းဆီးခြင်း သို့မဟုတ် ချုပ်နှောင်ထားခြင်း မပြုရ။

ပိုဒ်ခွဲ ၁၁။ အတွေးအခေါ်များနှင့် ထင်မြင်ယူဆချက်များကို လူတစ်ဦးနှင့်တစ်ဦးကြား အချုပ်အတည်းမဲ့ ဖလှယ်ပိုင်ခွင့်ရှိခြင်း

www.burmeseclassic.com



သည် အဖိုးတန်ဆုံး လူ့အခွင့်အရေးများအနက်တစ်ခုဖြစ်သည်။ ဥပဒေကပြဋ္ဌာန်းထားသော လွတ်လပ်ခွင့်ကို အလွဲသုံးစား မလုပ်ဟု တာဝန်ခံသော နိုင်ငံသားတိုင်းသည် လွတ်လပ်စွာ ပြောဆိုခြင်း၊ ရေးသားခြင်းနှင့် ပုံနှိပ်ထုတ်ဝေခြင်းပြုနိုင်သည်။

### တန်းတူနိုင်ငံသားဖြစ်ရေးတိုက်ပွဲ

တန်းတူနိုင်ငံသားဖြစ်ရေးတိုက်ပွဲ (struggle for equal citizenship) သည် နိုင်ငံသားရပိုင်ခွင့်များ ရရှိရေးအတွက် ဒုတိယဆင့် (second phase)တိုက်ပွဲဖြစ်သည်။ ဤတိုက်ပွဲသည် နိုင်ငံရေးတွင် တိုင်းပြည်ရှိ နိုင်ငံသားများအားလုံး ပါဝင်ခွင့်ရရှိရေး တိုက်ပွဲဖြစ်၏။ လွှတ်တော်ကိုယ်စားလှယ်နေရာများကို ပစ္စည်းဥစ္စာရှိသော အမျိုးသားများသာ ဝင်ရောက်ရွေးချယ်ခွင့်ရှိသည်ဆိုသော ကန့်သတ်ချက်များကို ချိုးဖျက်ပစ်သည့် တိုက်ပွဲများ ဖြစ်သည်။ ၁၉ ရာစုတွင် ပြည်သူအများစုသည် အခွန်ထမ်းများ ဖြစ်လာကြပြီး အခြေခံပညာတတ်မြောက်မှုထက်မက ပညာများတတ်လာကြသောအခါ 'ပစ္စည်းဥစ္စာပိုင်ဆိုင်မှုရှိမှ ရွေးကောက်ပွဲတွင် ဝင်ရောက်ရွေးချယ်ပိုင်ခွင့်ရှိသည်'ဆိုသော အရည်အချင်း သတ်မှတ်ချက်ကို တိုက်ခိုက်ဖြိုချခဲ့ကြသည်။ ပထမကမ္ဘာစစ်အတွင်း အမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ဘောင်တန်းကာ စစ်အောင်နိုင်ရေးအတွက် စက်ရုံအလုပ်ရုံများနှင့် စစ်မြေပြင်များတွင် တန်းတူပါဝင်လာနိုင်ခြင်းနှင့် အမျိုးသမီးများ၏ အမျိုးသမီးအခွင့်အရေး လှုပ်ရှားမှုများ ပြင်းထန်လာခဲ့ခြင်းတို့ကြောင့် အမျိုးသမီးများအား နိုင်ငံရေးမှ ဘေးဖယ်ထားခြင်းကို ရုပ်သိမ်းပေးရကာ အမျိုးသားများနှင့်အတူ နိုင်ငံသားရပိုင်ခွင့်များကို တန်းတူရရှိလာခဲ့သည်။ (အမျိုးသမီးများ မဲစတင်ပေးပိုင်ခွင့် ရရှိခဲ့သည့် ခုနှစ်များနှင့် နိုင်ငံများ စာရင်းကို ဇယားတွင် ဖော်ပြထားသည်။)



အမျိုးသမီးများ မဲစတင်ပေးပိုင်ခွင့်ရရှိခဲ့သည့် ခုနှစ်နှင့် နိုင်ငံများပြဇယား

| ခုနှစ် | နိုင်ငံများ |
|---|---|
| ၁၈၉၃ | နယူးဇီလန် |
| ၁၉၀၂ | ဩစတေးလျ |
| ၁၉၀၆ | ဖင်လန် |
| ၁၉၁၃ | နော်ဝေ |
| ၁၉၁၅ | ဒိန်းမတ်၊ အိုက်စလန် |
| ၁၉၁၇ | ကနေဒါ |
| ၁၉၁၈ | ဩစတြီးယား၊ဂျာမနီ၊ဟန်ဂေရီ၊အိုင်ရာလန်၊ ပိုလန်၊ ရုရှား၊ ယူကေ |
| ၁၉၁၉ | ဘယ်ဂျီယံ၊ လူဇင်းဘတ်၊ နယ်သာလန်၊ ဆွီဒင် |
| ၁၉၂၀ | ချက်ကိုစလိုဗက်ကီးယား၊ အမေရိကန်ပြည်ထောင်စု |
| ၁၉၃၀ | တောင်အာဖရိက (လူဖြူ အမျိုးသမီးများသာ)၊ တူရကီ |
| ၁၉၄၄ | ပြင်သစ် |
| ၁၉၄၅ | အီတလီ၊ ဂျပန် |
| ၁၉၅၀ | အိန္ဒိယ |
| ၁၉၅၂ | ဂရိ၊ လက်ဘနွန် |
| ၁၉၆၃ | အာဖဂန်နစ္စတန်၊ ကွန်ဂို၊ အီရန်၊ ကင်ညာ၊ မော်ရိုကို |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၁၉၇၁ | ဆွစ်ဇာလန် |
| ၁၉၈၄ | လီချန်စတိန်း၊ တောင်အာဖရိက(လူဖြူ၊ လူမည်းမဟုတ်သူများနှင့် ကုလားများ) |
| ၁၉၉၄ | တောင်အာဖရိက (လူမည်းများ) |

ဤသို့ဖြင့် 'လူတစ်ကိုယ် တန်းတူတန်ဖိုးတစ်ခု (equal value of each person)နှင့် ပြည်သူ့ရေးရာကိစ္စရပ်များတွင် နိုင်ငံသားအားလုံးတန်းတူပါဝင်နိုင်သည့် အခွင့်အရေးရှိရမည်'ဆိုသည့် 'တန်းတူဖြစ်ခွင့်' ဒီမိုကရေစီမူပေါ် အခြေခံကာ တန်းတူနိုင်ငံသားဖြစ်မှု အပြည့်အဝရရှိရေး တိုက်ပွဲများကို ဆင်နွှဲခဲ့ကြသည်။ ဥရောပ ပဒေသရာဇ်စနစ်လူ့အဖွဲ့အစည်းများ၏ အခြေခံမူမှာ လူတစ်ဦး၏ အရည်အသွေးနှင့် လူမှုအဆင့်အတန်းကို မွေးဖွားမှုဖြင့် (by birth) အဆုံးအဖြတ်ပေးခြင်းဖြစ်သည်။ ဤမူက အမျိုးသမီးများဆိုသည်မှာ သဘာဝအားဖြင့် အိမ်ထောင်မှုလုပ်ငန်းများအတွက်သာ သင့်တော်သည်ဟုလည်းကောင်း၊ လူမည်းများမှာ ကျေးကျွန်ဘဝနှင့်သာ ထိုက်တန်သည်ဟူ၍ လည်းကောင်း၊ လယ်သမားသားသမီးများသည်လည်း လယ်ယာလုပ်ငန်းများနှင့်သာ ထိုက်တန်သည်ဟုလည်းကောင်း ယူဆထားသည့်မူများဖြစ်သည်။ ၁၈ ရာစုတွင် ယင်းမူကို တော်လှန်သည့် အယူအဆများနှင့် လူမှုအပြောင်းအလဲများ ဖြစ်ပေါ်လာခဲ့သည်။ လူ့အဖွဲ့အစည်းအသီးသီးရှိ လူတို့၏ ပင်ကိုစရိုက်လက္ခဏာများ ဆိုသည်မှာ သဘာဝတရားကြီး (nature)က ပေးအပ်သော အရာမဟုတ်၊ လူမှုအခြေအနေများနှင့် အခွင့်အလမ်းများ (social conditions and opportunities)မှ ဖြစ်ထွန်းလာသည့် အရည်အသွေးတစ်ရပ်ဟု ယူဆလာကြသည်။ လူမှုအုပ်စုများကြား (ယဉ်ကျေးမှု၊ ယုံကြည်မှု၊ ဘဝနေထိုင်မှုပုံစံ စသည်) ခြားနားချက်များမှာ အမြဲပင် ရှိနေမည်ဖြစ်သောကြောင့် ဤခြားနား



ချက်များကို ဖြင်းပယ်၍ရမည် မဟုတ်ဘဲ ကြိုဆိုရုံသာရှိ၏။ ထို့ကြောင့် ကျွန်တော်တို့ နိုင်ငံသားများကြား မည်သည့်ခြားနားချက်မျိုးမဆို ရှိနေပါစေ၊ ကျွန်တော်တို့ထံတွင် အခြေခံလိုအပ်ချက်များနှင့် အခြေခံအစွမ်းအစများ ရှိပုံခြင်း တူနေသောကြောင့် ဤအချက်အပေါ် အခြေပြုကာ ကျွန်တော်တို့ အားလုံးအား 'နိုင်ငံသားဖြစ်မှု တန်းတူရပိုင်ခွင့်များ'ကို ဥပဒေအရ ပေးအပ်ရမည်ဟု 'တန်းတူဖြစ်မှု' ဒီမိုကရေစီက အပြည့်အဝ ယုံကြည်ထားသည်။

သို့သော် သတိထားရမည့်အချက်မှာ နိုင်ငံသားများအတွက် နိုင်ငံသား တန်းတူရပိုင်ခွင့်ကို ဥပဒေအရ တရားဝင် ပြဋ္ဌာန်းထားရုံမျှနှင့် မပြီးသေးပါ။ လက်တွေ့ဘဝတွင် ထိထိရောက်ရောက် ကျင့်သုံးနိုင်ရေးသည်လည်းအလွန်အရေးကြီးသည်။ အမေရိကန်ပြည်ထောင်စု၏ တောင်ပိုင်းပြည်နယ်များတွင် မာတင်လူသာကင်း ဦးဆောင်သည့် လူမည်းများ၏ နိုင်ငံသား ရပိုင်ခွင့်တိုက်ပွဲကြောင့် လူဖြူများနှင့် တန်းတူနိုင်ငံသားရပိုင်ခွင့်များ ၁၉၆၀ ပြည့်လွန်နှစ်များတွင်မှ ရရှိခဲ့ခြင်းဖြစ်သည်။ (အမေရိကန်နိုင်ငံသား လူဦးရေအချိုးနှင့် လွှတ်တော်နှစ်ရပ်တွင် ပါဝင်ခွင့်ရရှိသည့် လူမျိုး (race)ကိုယ်စားပြု အမတ်ဦးရေအချိုးတို့ကို ဇယားတွင် ဖော်ပြထားသည်။)

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်လွှတ်တော်နှစ်ရပ်တွင် လူမျိုးကိုယ်စားပြု
အမတ်ဦးရေ အချိုးပြဇယား

| လူမျိုး | နိုင်ငံသားလူဦးရေ ရာခိုင်နှုန်း(၂၀၀၅ ခုနှစ် စာရင်းကောက်ခံမှုအရ) | အောက်လွှတ်တော်တွင်ကိုယ်စားပြုမှု ရာခိုင်နှုန်း | အထက်လွှတ်တော်တွင်ကိုယ်စားပြုမှု ရာခိုင်နှုန်း |
|---|---|---|---|
| လူဖြူ | ၇၀ | ၈၇ | ၉၇ |
| လူမည်း | ၁၂ | ၉ | ၀ |
| ဟစ်စပန်းနစ် | ၁၃ | ၄ | ၀ |
| အာရှ | ၄ | ၁ | ၂ |
| အမေရိကန်အင်ဒီးယန်း | ၁ | ၀ | ၁ |

အထက်ပါဇယားကို ကြည့်ခြင်းအားဖြင့် နိုင်ငံသားတန်းတူရပိုင်ခွင့်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားသော်ငြားလည်း လူဖြူ လူမည်း၊ အသားအရောင်ကွဲပြားမှုပေါ် မူတည်၍ ခွဲခြားမှုများ ရှိနေကြောင်း တွေ့ရှိရမည် ဖြစ်သည်။ လူမျိုး(race)ပေါ် မူတည်၍ ခွဲခြားမှုရှိနေသေးသည်သာမကသေး၊ အမျိုးသား၊ အမျိုးသမီး မညီမျှမှုများလည်း ရှိနေသေးသည်။ အမျိုးသမီးများအနေနှင့် လွှတ်တော်အမတ်နေရာများအတွက် ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အရွေးချယ်ခံရမည့် အခွင့်အလမ်းမှာ အမျိုးသားများထက်စာလျှင် နည်းလှကြောင်း ကမ္ဘာ့နေရာအသီးသီးတွင် တွေ့မြင်နေရဆဲ ဖြစ်သည်။ (အောက်လွှတ်တော်တွင် အမျိုးသမီးများ အမတ်နေရာရမှု အချိုးကို ၁၉၉၉-၂၀၀၃ ခုနှစ်များအတွင်း ကျင်းပခဲ့သည့် ရွေးကောက်ပွဲများမှ ထုတ်နှုတ်၍ ဇယားဖြင့် ဖော်ပြထားသည်။)



၁၉၉၉-၂၀၀၃ ခုနှစ်များအတွင်း ကျင်းပခဲ့သည့်
ရွေးကောက်ပွဲများမှနေ၍ အောက်လွှတ်တော်
(လွှတ်တော်တစ်ရပ်တည်းလည်းဖြစ်နိုင်သည်)တွင်
ရွေးချယ်ခံရသည့် အမျိုးသမီးအမတ်အချိုးပြဇယား

| နိုင်ငံ | ရွေးကောက်ပွဲကျင်းပသည့် လ၊ နှစ် | စုစုပေါင်း အမတ်နေရာ | အမျိုးသမီး အမတ် | အမျိုးသမီး ရာခိုင်နှုန်း |
|---|---|---|---|---|
| ဝေလ | ၀၆/၂၀၀၃ | ၆၀ | ၃၀ | ၅၀.၀ |
| ရဝန်ဒါ | ၀၉/၂၀၀၃ | ၈၀ | ၃၉ | ၄၈.၈ |
| ဆွီဒင် | ၀၉/၂၀၀၂ | ၃၄၉ | ၁၅၈ | ၄၅.၃ |
| စကော့တလန် | ၀၆/၂၀၀၃ | ၁၂၉ | ၅၁ | ၃၉.၅ |
| ဒိန်းမတ် | ၁၁/၂၀၀၁ | ၁၇၉ | ၆၈ | ၃၈.၀ |
| ဖင်လန် | ၀၃/၂၀၀၃ | ၂၀၀ | ၇၅ | ၃၇.၅ |
| နယ်သာလန် | ၀၁/၂၀၀၃ | ၁၅၀ | ၅၅ | ၃၆.၇ |
| နော်ဝေ | ၀၉/၂၀၀၁ | ၁၆၅ | ၆၀ | ၃၆.၄ |
| ဩစတြီးယား | ၁၁/၂၀၀၂ | ၁၈၃ | ၆၂ | ၃၃.၉ |
| ဂျာမနီ | ၀၉/၂၀၀၂ | ၆၀၃ | ၁၉၄ | ၃၂.၂ |
| အာဂျင်တီးနား | ၁၀/၂၀၀၁ | ၂၅၇ | ၇၉ | ၃၀.၇ |
| တောင်အာဖရိက | ၀၆/၁၉၉၉ | ၃၉၉ | ၁၁၉ | ၂၉.၈ |
| နယူးဇီလန် | ၀၇/၂၀၀၂ | ၁၂၀ | ၃၄ | ၂၈.၃ |
| စပိန် | ၀၃/၂၀၀၀ | ၃၅၀ | ၉၉ | ၂၈.၃ |
| ဗီယက်နမ် | ၀၅/၂၀၀၂ | ၄၉၈ | ၁၃၆ | ၂၇.၃ |
| ဩစတေးလျ | ၁၁/၂၀၀၁ | ၁၅၀ | ၃၈ | ၂၅.၃ |
| ဆွစ်ဇာလန် | ၁၀/၂၀၀၃ | ၂၀၀ | ၅၀ | ၂၅.၀ |
| ယူဂန်ဒါ | ၀၆/၂၀၀၁ | ၃၀၄ | ၇၅ | ၂၄.၇ |
| မက္ကဆီကို | ၀၇/၂၀၀၃ | ၅၀၀ | ၁၁၃ | ၂၂.၆ |

www.burmeseclassic.com

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| ဒါတာ့စတန် | ၁၀/၂၀၀၂ | ၃၄၂ | ၇၄ | ၂၁.၆ |
| ဝိုလန် | ၀၉/၂၀၀၁ | ၄၆၀ | ၉၃ | ၂၀.၂ |
| ဆလိုဗက် | | | | |
| တီးယား | ၀၉/၂၀၀၂ | ၁၅၀ | ၂၉ | ၁၉.၃ |
| ပေါ်တူဂီ | ၀၃/၂၀၀၂ | ၂၃၀ | ၄၄ | ၁၉.၁ |
| ယူတော | ၀၆/၂၀၀၁ | ၆၅၉ | ၁၁၈ | ၁၇.၉ |
| အမေရိကန် | | | | |
| ပြည်ထောင်စု | ၁၁/၂၀၀၂ | ၄၃၅ | ၆၂ | ၁၄.၃ |
| အိုင်ယာလန် | ၀၅/၂၀၀၂ | ၁၆၆ | ၂၂ | ၁၃.၃ |
| ပြင်သစ် | ၀၆/၂၀၀၂ | ၅၇၄ | ၇၀ | ၁၂.၂ |
| အီတလီ | ၀၅/၂၀၀၁ | ၆၁၈ | ၇၁ | ၁၁.၅ |
| ရိုမေးနီးယား | ၁၀/၂၀၀၀ | ၃၄၅ | ၃၇ | ၁၀.၇ |
| ဂျပန် | ၁၁/၂၀၀၃ | ၄၈၀ | ၃၄ | ၇.၁ |

အထက်ပါဇယားများက နိုင်ငံသားဖြစ်မှုရပိုင်ခွင့် တန်းတူရရှိရေး တိုက်ပွဲများသည် ကမ္ဘာနှင့်အဝှမ်း ဆုံးခန်းတိုင်ဦးမည်မဟုတ်ကြောင်း သက်သေပြရာ ရောက်နေလေသည်။

## စီးပွားရေးနှင့် လူမှုရေး ရပိုင်ခွင့်တိုက်ပွဲ

နိုင်ငံသားရပိုင်ခွင့်တိုက်ပွဲ အဆင့်သုံးဆင့်ရှိသည့်အနက် တတိယအဆင့်တိုက်ပွဲမှာ စီးပွားရေးနှင့်လူမှုရေး ရပိုင်ခွင့်တိုက်ပွဲ (struggle for economic and social rights) ဖြစ်သည်။ ၁၈ ရာစုအစောပိုင်း ကာလလောက်ကတည်းက လူ့အခွင့်အရေး ကြေညာစာတမ်းမူတစ်ခုတွင် မည်သည့်အခါမှ လက်တွေ့အကောင် အထည်မဖော်နိုင်ခဲ့သည့် အပိုဒ်ခွဲငယ် (clause)တစ်ခုပါရှိခဲ့သည်။ ယင်းအပိုဒ်ခွဲငယ်ထဲ၌ 'လူ့အဖွဲ့အစည်းတစ်ခုတွင် ဆင်းရဲသားများအား အလုပ်အကိုင်များရှာ



ဖွေပေးခြင်းဖြင့်လည်းကောင်း၊ အလုပ်မလုပ်နိုင်သူများကို အသက်မွေးမှု လက်မှုပညာတစ်ရပ်ရပ်ကို သင်ကြားပေးခြင်းဖြင့်လည်းကောင်း ၎င်းတို့၏ ဘဝများ ဆက်လက်ရှင်သန် ရပ်တည်နိုင်ရန် အာမခံချက်ပေးရမည့် တာဝန်ရှိ၏'ဟု ဖော်ပြထားသည်။ စက်မှုတော်လှန်ရေးစတင်ဖြစ်ပေါ်ခဲ့သည့် ၁၉ ရာစု နောက်ပိုင်းကာလများအတွင်း စက်ရုံအလုပ်ရုံရှိ အလုပ်သမားများ၏ ဘဝမလုံခြုံမှုနှင့် သွေးစုပ်ချယ်လှယ်ရေးကိုသာ အဓိကထားသော ဆိုးဝါးလှသည့် လုပ်ငန်းခွင် အခြေအနေများကြောင့် စီးပွားရေးနှင့် လူမှုရေးရပိုင်ခွင့် တောင်းဆိုမှု တိုက်ပွဲများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလာခဲ့သည်။ အလုပ်သမားများသည် အလုပ်သမား ရပိုင်ခွင့်များရရှိရေးအတွက် အလုပ်သမားသမဂ္ဂများထဲဝင်ကာ ၎င်းတို့၏ လုပ်ငန်းခွင် အခြေအနေများ တိုးတက်ကောင်းမွန်လာအောင် အတူပူးပေါင်း၍ တိုက်ပွဲဝင်ခဲ့ကြသည်။ ထို့အတူ အလုပ်သမားများ နာမကျန်းဖြစ်မှုနှင့် အလုပ်လက်မဲ့ဖြစ်မှုများ ကြုံတွေ့လာရသည့်အခါ အာမခံကြေးများ ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အိမ်ရာများတည်ဆောက်ပေးရေးစသည့် စီးပွားရေးနှင့် လူမှုရေးရပိုင်ခွင့်များကို ဆက်တိုက်တောင်းဆိုလာခဲ့သည်။ ဤတိုက်ပွဲများသည် တစ်ခဏနှင့် အောင်မြင်ခဲ့သည်မဟုတ်၊ ၂၀ ရာစု အလယ်ပိုင်းလောက်ရောက်မှ စက်မှုထွန်းကားသော နိုင်ငံများတွင် ဤရပိုင်ခွင့်အများစုကို ရရှိလာခဲ့ပြီး ကုလသမဂ္ဂ လူ့အခွင့်အရေး ကြေညာစာတမ်းတွင်ပါ အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ခြင်း ဖြစ်သည်။

စီးပွားရေးနှင့် လူမှုရေးရပိုင်ခွင့်များကို အာမခံချက်ပေးလိုက်ခြင်းသည် ဒီမိုကရေစီနှင့် မည်သို့ သက်ဆိုင်ပါသနည်း။ အလွယ်တကူရှင်းပြနိုင်ပါသည်။ ကျွန်တော်တို့တွင် အခြေခံပညာရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းမှုတစ်ခု(အလုပ်အကိုင်တစ်ခု)မရှိဘူးဆိုလျှင် ပြည်သူ့ရေးရာကိစ္စများ သို့မဟုတ် လူ့အသိုင်းအဝိုင်းတစ်ခုအတွင်းရှိ ကိစ္စရပ်များတွင် ကျွန်တော်တို့သည် 'နိုင်ငံသားများ'အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်ဆောင်ရွက်နိုင်စွမ်း ရှိမည်မဟုတ်တော့ပါ။ ယနေ့ခေတ်စကားနှင့် ပြောရလျှင် ဤသို့သော အခြေခံ လိုအပ်ချက်များ ကင်းမဲ့နေသော သူများအား 'လူမှုအပယ်ခံများ' (people of social exclusion)ဟု ခေါ်ဆိုကြသည်။ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် 'နိုင်ငံရေး အပယ်ခံများ' (people of political exclusion)ဘဝသို့ပါ ရောက်ရှိသွားရလေသည်။ နိုင်ငံရေးအပယ်ခံများ၏ ဝိသေသလက္ခဏာများမှာ မိမိအခွင့်အရေးကို မိမိ မသိခြင်း (ignorance of one's rights)၊ နိုင်ငံရေးကို စိတ်မဝင်စားခြင်း(political apathy)၊ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်အဖြစ် မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် မဲသွားမထည့်ခြင်း၊ မိမိနေထိုင်ရာ လူ့အသိုင်းအဝိုင်း၏ ကောင်းရာကောင်းကျိုးအတွက် မည်သည့်လုပ်ကိုင်နိုင်စွမ်းမှ မရှိခြင်း စသည်တို့ဖြစ်သည်။

စီးပွားရေးညီမျှမှု အပြည့်အဝရှိမှ နိုင်ငံသားတို့၏ ရပိုင်ခွင့်များ တန်းတူရည်တူဖြစ်မည်ဟူသော ဆက်နွယ်မှုအပေါ် စီးပွားရေးညီမျှမှုရရှိဖို့ မဖြစ်နိုင်ဟု သံသယရှိသူရှိကြသလို တချို့ကဆိုလျှင်ထားရှိအပ်သော ပန်းတိုင်မဟုတ်ဟုပင်ဆိုကြ၏။ 'ပြည့်ဝသော' စီးပွားရေးညီမျှမှု ရှိလာရေးမဟုတ်ပါ။ 'အခြေခံ'စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် အခွင့်အလမ်းများကို လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးက နိုင်ငံသားတိုင်းအား ပေးအပ်ဖို့ အာမခံရေးသာ ဖြစ်သည်။ မည်သူ တစ်ဦးတစ်ယောက်ကိုမှ ယင်းအခြေအနေနှင့် အခွင့်အလမ်းများကို မပေးဘဲထားခြင်း သို့မဟုတ် ပိတ်ပင်ခြင်းမပြုရ။ ဒီမိုကရေစီ နိုင်ငံသားဖြစ်မှု(democratic citizenship)အတွက် ဤအခြေခံအုတ်မြစ်သည် မရှိမဖြစ် အရေးပါသလို လွတ်လပ်စွာ ပြောဆိုခွင့်၊ စည်းရုံးခွင့်၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် စသည့် ရပိုင်ခွင့်များ အမှန်တကယ် ရရှိရေးအတွက်လည်း အလွန်အရေးကြီးသည်။ တစ်နည်းပြောရလျှင် ဥပဒေက ပြဋ္ဌာန်းထားသော ရပိုင်ခွင့်များကို လက်တွေ့ဘဝတွင် အမှန်တကယ် အသုံးချနိုင်ဖို့ စီးပွားရေးနှင့် လူမှုရေးရပိုင်ခွင့်



များသည် မရှိမဖြစ်လိုအပ်သည့် ကနဦးလိုအပ်ချက်(precondition) တစ်ရပ်ဖြစ်သည်။ ဤသို့သော ဒီမိုကရေစီစနစ်ကို 'ဆိုရှယ်ဒီမိုကရေစီ' စနစ်ဟုခေါ်၏။

## သင်ခန်းစာတစ်ခု

ဥရောပနှင့် အမေရိကမြေပေါ်တွင် ဒီမိုကရေစီစနစ်၏ နိုင်ငံသားရပိုင်ခွင့်များအတွက် နှစ်ပေါင်း ၂၀၀ ကျော် အဆင့်သုံးရပ်ပါသော တိုက်ပွဲများဖြင့် တိုက်ပွဲဝင်ခဲ့ရသည်။ စိတ်ထင်သလို ဖိနှိပ်ထတ်သည့် အစိုးရများထံမှ ပုဂ္ဂလိက လွတ်လပ်ခွင့်နှင့် နိုင်ငံရေးလွတ်လပ်ခွင့်(personal and political freedom)များကို အရယူခဲ့သည့် ဖိနှိပ်သော အစိုးရကို ဆန့်ကျင်သည့် ပထမဆင့် တိုက်ပွဲ။ ပြည်သူ့ရေးရာကိစ္စရပ်များတွင် အားလုံးပါဝင်နိုင်ခွင့်နှင့် ပြည်သူ့လူနေမှု ဘဝတွင် တန်းတူဆက်ဆံခံရခွင့်များအတွက် ဒုတိယအဆင့်အနေဖြင့် တိုက်ပွဲဝင်ခဲ့သည့် တန်းတူနိုင်ငံသားဖြစ်မှုတိုက်ပွဲ။ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပြဋ္ဌာန်းထားသော နိုင်ငံသားရပိုင်ခွင့်များ လက်တွေ့တွင် အမှန်တကယ်ရရှိဖို့ ကနဦးလိုအပ်ချက်အဖြစ် စီးပွားရေးနှင့် လူမှုရေး အခြေခံလိုအပ်ချက်များ ရရှိရေးအတွက် တတိယအဆင့် တိုက်ခဲ့ရသည့် စီးပွားရေးနှင့် လူမှုရေးရပိုင်ခွင့်တိုက်ပွဲ။ နိုင်ငံသားရပိုင်ခွင့်များသည် မိုးပေါ်မှ သူ့အလိုလို ကျလာသည်မဟုတ်ဘဲ ကျွန်တော်တို့၏ ဘိုးဘွားဘီဘင်များ၏ ချွေး၊ သွေးများဖြင့် ရင်းခဲ့ရသော အကျိုးအမြတ်များဖြစ်၏။ အတိတ်က ဆင်နွှဲခဲ့သည့် တိုက်ပွဲများနှင့် အရေးတော်ပုံများမှ ဝစ္စုပြန်အတွက် အရေးကြီးသော ဒီမိုကရေစီရေး သင်ခန်းစာတစ်ခု ကျွန်တော်တို့အား ပေးအပ်ခဲ့သည်။ အာဏာရှိသော အခွင့်ထူးခံတို့သည် ရပိုင်ခွင့်များကို ဆန္ဒအလျောက် ပေးအပ်လိမ့်မည် မဟုတ်ဘဲ အောက်ခြေမှ ဖိအားကြောင့်သာ ပေးအပ်တတ်ကြသည့်သင်ခန်းစာ ဖြစ်သည်။ ကျွန်တော်တို့ ရရှိထားသည့် ရပိုင်ခွင့်များ ဆက်လက်တည်တံ့နေလို

www.burmeseclassic.com

www.burmeseclassic.com



သည်ဆိုလျှင် အောက်ခြေမှ ဆက်လက် ဖိအားပေးနေရဦးမည် ဖြစ်လေသည်။

ဒီမိုကရေစီ အခွင့်အရေးဆိုင်ရာ ပြဿနာအချို့

အစိုးရတစ်ရပ်အနေနှင့် အာဏာအလွဲသုံးစားလုပ်၍ တိုင်းပြည်လူထုကို ဖိနှိပ်မှုမပြုနိုင်အောင်၊ လူထုအား အကာအကွယ်ပြုမည့် နိုင်ငံသား အခွင့်အရေးများ ပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံသား အခွင့်အရေးတိုက်ပွဲများ ဆင်နွှဲခဲ့ကြောင်း ကျွန်တော်တို့ တွေ့ရှိခဲ့ပြီး ဖြစ်ပါသည်။ ထိုအခွင့်အရေးများ ရရှိခဲ့သည်နှင့် တစ်ပြိုင်နက်တည်း ထိုအခွင့်အရေးများကို အာမခံဖို့ အစိုးရကို အာမခံသူ (guarantor)အဖြစ် တစ်ခါ တာဝန်ထပ်ပေးနေရပြန်သည်။ ဤသို့ဆိုလျှင် ဤဖြစ်ရပ်နှစ်ခုသည် တစ်ခုနှင့်တစ်ခု ဝိရောဓိအသွင်ဆောင်မနေပါလော။

ဤဝိရောဓိဖြစ်နေသည့် မေးခွန်းအတွက်အဖြေမှာ သိပ်ခက်ခဲလှသည်မဟုတ်ပါ။ အကြောင်းမှာ ဒီမိုကရေစီနိုင်ငံတော်တစ်ရပ်သည် နိုင်ငံတော်အာဏာကို လူတစ်ဦး သို့မဟုတ် လူနည်းစုပါဝင်သော အဖွဲ့အစည်းတစ်ခု၏လက်ထဲ၌ ဝကွက်အပ်ထားသော လူမှုအဆောက်အအုံတစ်ခု မဟုတ်သောကြောင့် ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတော် လူမှုအဆောက်အအုံတွင် နိုင်ငံတော်အာဏာ အရပ်ရပ်ကို ခွဲဝေယူထားသော သီးခြားလူမှုအဆောက်အအုံခွဲများဖြင့် ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်သည်။ အဆိုပါအဆောက်အအုံများသည် တစ်ခုကိုတစ်ခု စောင့်ကြပ် ထိန်းချုပ်ထားလျက်ရှိ၏။

တစ်ခုကိုတစ်ခု စောင့်ကြပ် ထိန်းချုပ်ထားသော လူမှုအဆောက်အအုံများအနက် တရားရုံးတော်များနှင့် တရားသူကြီးများပါဝင်သော တရားရေးအဆောက်အအုံသည် အရေးကြီးဆုံးဖြစ်သည်။ တရားရေးအဆောက်အအုံများသည် လူတစ်ဦး၊ အဖွဲ့အစည်းတစ်ရပ်၏ မည်သည့်လွှမ်းမိုးမှုကိုမှ မခံရဘဲ လွတ်လပ်စွာ တရားစီရင်ပိုင်



ခွင့်ရှိရမည်ဖြစ်ပြီး အစိုးရနှင့် အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များသည် ပြဋ္ဌာန်းထားသော ဥပဒေများကို လေးစားလိုက်နာမှု ရှိ မရှိ၊ နိုင်ငံသားများကို အုပ်ချုပ်ရာတွင် ဥပဒေအရ အပ်နှင်းထားသော အာဏာများကို ဥပဒေဘောင်ကိုကျော်လွန်၍ အသုံးပြုမှု ရှိ မရှိ တို့ကို စောင့်ကြပ်ကြည့်ရှုရမည့် ပြည်သူ့အခွင့်အရေး 'အာမခံဌာန'တစ်ရပ်ဖြစ်သည်။ နိုင်ငံသားများသည် ၎င်းတို့၏ ရပိုင်ခွင့်များကို အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များက (တာဝန်အရဖြစ်စေ၊ ထိန်းချုပ်ထား၍ဖြစ်စေ) ချိုးဖောက်သည်ဟု ယူဆလျှင် နိုင်ငံသားတိုင်းသည် ရပိုင်ခွင့်ချိုးဖောက်ခံရမှုနှင့် ပတ်သက်၍ တရားရုံးတော်သို့ ကြားနာစစ်ဆေးပေးပါရန် ဦးတိုက်လျှောက်ထားနိုင်သည်။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးသော အစိုးရများသည် နိုင်ငံသားများအားလုံး သဘောတူလိုက်နာကြရမည့် နိုင်ငံသားတို့၏ အခြေခံရပိုင်ခွင့်များဖော်ပြချက်(bill of rights)ကို အတိအလင်း ကြေညာထားရသည်။ အဆိုပါ နိုင်ငံသားတို့၏ အခြေခံရပိုင်ခွင့်များဖော်ပြချက်တွင် နိုင်ငံသားရပိုင်ခွင့်များအကြောင်း၊ ယင်းရပိုင်ခွင့်များကို ဥပဒေအရ မည်သည့် အခြေအနေမျိုးများတွင် မပေးအပ်ဘဲ ကန့်သတ်ထားကြောင်း (ဥပမာ-မီမိ၏ တိုင်းပြည်သည် အရေးပေါ် အခြေအနေ တစ်ရပ်နှင့် ကြုံတွေ့နေရသည့်အခါ)၊ ယင်းရပိုင်ခွင့်များက နိုင်ငံသားများတို မည်သို့သော ကာကွယ်မှုမျိုး ပေးထားကြောင်း စသည်ဖြင့် ပါရှိသည်။ ကမ္ဘာ့နိုင်ငံ အတော်များများ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေများတွင် နိုင်ငံသားတို့၏ အခြေခံရပိုင်ခွင့်များ ဖော်ပြချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မပါမဖြစ် အစိတ်အပိုင်းတစ်ရပ်အဖြစ် ထည့်သွင်းပြဋ္ဌာန်းထားလေ့ရှိသည်။

မကြာခဏ မေးလေ့ရှိသော ဒီမိုကရေစီအခွင့်အရေးဆိုင်ရာ ဒုတိယပြဿနာမှာ အရွေးချယ်တင်မြှောက်ခံမဟုတ်သော တရားသူကြီးများ(non-elected judges)သည် လူထုက ရွေးချယ်တင်မြှောက်

www.burmeseclassic.com

www.burmeseclassic.com



ထားသော အစိုးရတစ်ရပ်၏ ဆန္ဒများ (the wishes of a popularly elected government)ကိုဆန့်ကျင်သော ဆုံးဖြတ်ချက်များ ချမှတ်လိုက်ခြင်းသည် ဒီမိုကရေစီဆန်ပါ၏လောဟူသော မေးခွန်းဖြစ်သည်၊ ဤ ဆုံးဖြတ်ချက်သည် အများပြည်သူ၏ လိုလားမှု(will of the majority) သည်သာ အောင်ပွဲခံရမည်ဟူသော ဒီမိုကရေစီမူကို ငြင်းပယ်ရာ မရောက်ပေလော။

ဒီမိုကရေစီနည်းကျ အများကြိုက် ရွေးချယ်တင်မြှောက်ထားသော အစိုးရတစ်ရပ်၏ လုပ်ရပ်တိုင်းသည် အမြဲတမ်း အများက တကယ် ဖြစ်စေချင်သည့်ဆန္ဒနှင့် တစ်ထပ်တည်းကျလေ့ မရှိသောကြောင့် (ပြည်သူတို့ လုပ်ချင်သည်ကတစ်မျိုး အစိုးရလုပ်နေသည်ကတစ်မျိုး ဖြစ်တတ်သောကြောင့်) ဤပြဿနာကို ဖြေရှင်းဖို့ တရားရုံးတော်က တာဝန်ယူရခြင်းသည် ဒုတိယပြဿနာ၏အဖြေ ဖြစ်သည်။

ဒီမိုကရေစီ ထွန်းကားစနိုင်ငံများတွင် အတိုက်အခံနိုင်ငံရေးပါတီများနှင့် ၎င်းတို့၏ ပါတီဝင်များ၏ ရပိုင်ခွင့်များကို အစိုးရတို့က ထိပါးတတ်ကြသည်၊ ဤသို့သော အခြေအနေမျိုးများတွင် လွတ်လပ်သော တရားရုံးတော်များသည် နိုင်ငံသားအခြေခံရပိုင်ခွင့်များကို ကာကွယ်ဖို့ အလွန်အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်လာ၏။ ဤနေရာတွင် အမေရိကန်နိုင်ငံသား ဥပဒေရေးရာ အတွေးအခေါ်ပညာရှင် ရော်နယ်ဒွါကင်၏ 'အများဆန္ဒအတိုင်း'ဆိုသည့် ဝေါဟာရကို ပီပြင်စွာ အနက်ဖွင့်ခဲ့သည်ကို မူရင်းအတိုင်း ကိုးကားပြလိုပါသည်။

"စစ်မှန်သော ဒီမိုကရေစီ ဆိုသည်မှာ အများစုက လိုလားသည့် မည်သည့်အရာမဆို အများစုက လိုလားသည်ဆိုသော အကြောင်းကြောင့် တရားဝင်သည်ဟု ယုံကြည်သော 'များလျှင်နိုင်ကြေးဆိုသည့်' ကိန်းဂဏန်းပြ ဒီမိုကရေစီသက်သက်မျှသာ မဟုတ်ပေ။ တန်းတူအခွင့်အရေး ပေးအပ်ထားသော လူ့အသိုင်းအဝိုင်းတစ်ခုတွင် လူအများစုက တန်းတူအခွင့်အရေးကို အမှန်တကယ် ရရှိမှသာလျှင်



အများစု၏ ဆုံးဖြတ်ချက်သည် တရားဝင်သည်ဟု လက်ခံထားသော လူ့အသိုင်းအဝိုင်း ဒီမိုကရေစီလည်း ဖြစ်ဖို့လိုသည်။ အဓိပ္ပာယ်မှာ နိုင်ငံသားတိုင်းကို နိုင်ငံသား အခြေခံရပိုင်ခွင့်များနှင့် နိုင်ငံရေး အခြေခံရပိုင်ခွင့်များကို အပ်နှင်းထားရမည်။ နိုင်ငံသားတစ်ဦးချင်းစီ၏ အဆိုပါရပိုင်ခွင့်များကို အခြားသောနိုင်ငံသားများက အရေအတွက်သာလွန်ခြင်းကြောင့်လည်းကောင်း၊ လူမျိုးရေးမုန်းတီးမှု၊ ကျင့်ဝတ်ရေးရာမုန်းတီးမှုနှင့် ဘဝနေထိုင်မှုပုံစံကို မုန်းတီးမှုတို့ကြောင့်လည်းကောင်း နှုတ်သိမ်းပိုင်ခွင့် မရှိစေရ။ ဒီမိုကရေစီ၏ အနှစ်သာရကို ရှုမြင် အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပဋိညာဉ်အားလုံး၏ နှလုံးသည်းပွတ်၌ လူ့အခွင့်အရေးသည် အစဉ်ကိန်းအောင်းလျက်ရှိသည်ဟု လက်ခံရေးဖြစ်သည်။"

အထက်ပါ ကိုးကားချက်မှနေ၍ ဒီမိုကရေစီအခွင့်အရေးဆိုင်ရာ တတိယပြဿနာတစ်ရပ် ပေါ်ထွန်းလာသည်။ နိုင်ငံသားတစ်ဦး၏ ရပိုင်ခွင့်သည် အခြားနိုင်ငံသားတစ်ဦး၏ ရပိုင်ခွင့်နှင့် ပဋိပက္ခဖြစ်လျှင် မည်သို့ဖြေရှင်းကြမည်နည်းဟူသော နိုင်ငံသားအချင်းချင်း ရပိုင်ခွင့် ပဋိပက္ခဖြစ်မှုပြဿနာရပ် ဖြစ်သည်။ နိုင်ငံသားတို့၏ အခြေခံရပိုင်ခွင့်များ ဖော်ပြချက်တွင် 'လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်'ဆိုသည့် စကားရပ်ပါရှိသည်၊ ယင်းစကားရပ်အရ ဆန္ဒဖော်ထုတ်ရာမှ လူမျိုးရေး သို့မဟုတ် ဘာသာရေး အမုန်းပွားမှုဖြစ်စေသည့် လှုံ့ဆော်မှုများကို ဖြစ်စေတတ်သည်။ 'လွတ်လပ်စွာ စုရုံးပိုင်ခွင့်'ဆိုသည့် စကားရပ်ကြောင့် လူအုပ်စုတစ်စု စုရုံးခြင်းသည် အခြားသောသူများ၏ ဥစ္စာပစ္စည်း ပိုင်ဆိုင်မှု၊ အသက်မွေးဝမ်းကြောင်းပြုမှု သို့မဟုတ် လွတ်လပ်စွာသွားလာမှုကို အန္တရာယ်ပြုမှု၊ ခြိမ်းခြောက်မှုများ ဖြစ်လာနိုင်သည်၊ အစိုးရအားလုံး၏ အဓိကတာဝန်များအနက် တစ်ခုမှာ နိုင်ငံသားတို့၏ ကိုယ်ပိုင်းဆိုင်ရာ လုံခြုံမှုကို အကာအကွယ်ပြုပေးရေး ဖြစ်သည်။ ဤသို့ဆောင်ရွက်ရာတွင် ရာဇဝတ်ကောင်များဟု သံသယရှိသောသူများ၏ ရပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များကို ထိန်းချုပ်လိုက်ခြင်းသည် တရား

www.burmeseclassic.com



နည်းလမ်းကျသည်ဟု ဆိုနိုင်ပါသလော။ တရားစွဲဆိုခြင်း သို့မဟုတ် တရားခွင်သို့မပို့ဘဲ မည်သူ့ကိုမှ အကျဉ်းချခွင့်မရှိဟု ဆိုထားသော အခြေခံအခွင့်အရေး ရှိနေသော်ငြားလည်း အကြမ်းဖက်မှုတိုက်ဖျက်ရာတွင် အစိုးရများက ဤအခွင့်အရေးကို လစ်လျူရှုထားခြင်းသည် တော်သင့်မှန်ကန်ပါ၏လော။

အထက်ဖော်ပြပါ မေးခွန်းများသည် နိုင်ငံသားတို့၏ ရပိုင်ခွင့်နှင့်ဆိုင်သည့် အကြီးအကျယ် အငြင်းပွားရမည့် မေးခွန်းများဖြစ်သည်။ ကျယ်ပြန့်လှသော ဤသို့သော ပြဿနာရပ်များ ဖြေရှင်းရာတွင် အခြေခံ ယူဆချက်နှစ်ရပ်ကို အသုံးပြု၍ ဖြေရှင်းနိုင်သည်။ ပထမယူဆချက်မှာ ဒီမိုကရေစီ လူ့ဘောင်တစ်ခုတွင် လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်များကို ကန့်သတ်ဖို့လိုသည်ဟု ဆုံးဖြတ်နိုင်သည့် လုံလောက်သော သက်သေအထောက်အထားများ မရှိလျှင် လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်များကို ဦးစားပေးရမည်(in favour of individual freedoms)ဖြစ်သည်။ ဒုတိယယူဆချက်မှာ 'လုံလောက်သော သက်သေအထောက်အထားများ'ဆိုရာဝယ် အစိုးရကပြောသော သက်သေအထောက်အထားများဆိုရုံနှင့် မပြီးဘဲ ယင်းအထောက်အထားများနှင့်ပတ်သက်၍ တရားရုံးတော်များမှ ပွင့်လင်းစွာ မေးမြန်းစစ်ဆေးခြင်း၊ ပြန်လည်သုံးသပ်ခြင်းတို့ ပါဝင်ဖို့လိုသည်။ ဤသို့မှမဟုတ်လျှင် ဒီမိုကရေစီ လူ့ဘောင်၏ ဝိသေသလက္ခဏာဖြစ်သော လွတ်လပ်ခြင်း(liberty)ကို အကာအကွယ် မပြုနိုင်တော့ဘဲ လွတ်လပ်ခြင်းကို ဆုံးရှုံးရဖွယ်ရှိ၏။ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့ တိုက်ခိုက်ခံရမှုအပြီး ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့တွင် အတည်ပြုခဲ့သော အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေတွင် အထက်ပါယူဆချက်နှစ်ရပ်လုံးကို မျက်ကွယ်ပြုထားခဲ့သည်။

ဒီမိုကရေစီရပိုင်ခွင့်များကို ကာကွယ်ဖို့ တရားရုံးတော်ကိုချည်း အားကိုး၍မရပါ။ ဒီမိုကရေစီရပိုင်ခွင့်များ ကာကွယ်ရေး၏ ပထမ



ခံစစ်ကြောင်းမှာ ဤရပိုင်ခွင့်များကို နိုင်ငံသားအားလုံးက လေးစားလိုက်နာရေးဖြစ်သည်။ မိမိအပေါ် အခြားလူများက မလုပ်စေချင်သည့် အရာများကို မိမိကလည်း အခြားလူများပေါ် မလုပ်အပ်။ အခြားလူများက မိမိအပေါ် လုပ်စေချင်သည့် အရာမျိုးကိုသာ မိမိက အခြားသူများပေါ် လုပ်ရမည်။ ရပိုင်ခွင့်များကို မြတ်နိုးရမည်။ တရားသဖြင့် ပြုကျင့်ခြင်းသည် အားလုံး၏ ရပိုင်ခွင့်များကို ရေရှည်တည်တံ့စေသည်။

နိုင်ငံသားများတွင် ရပိုင်ခွင့်များရှိသည်သာမက နိုင်ငံသားတို့ ထမ်းဆောင်ရမည့် တာဝန်များလည်းရှိသည်။ အဓိက ထမ်းဆောင်ရမည့် တာဝန်နှစ်ရပ်မှာ - (၁) အခြားသူများ၏ လွတ်လပ်ခွင့်ကို လေးစားရမည်။ (၂) အခြားသူများသည် မိမိနှင့် မည်မျှပင်သဘောကွဲလွဲသည်ဖြစ်စေ၊ ယုံကြည်မှုမတူသည်ဖြစ်စေ၊ ဘဝနေထိုင်မှုပုံစံ ခြားနားသည်ဖြစ်စေ ၎င်းတို့အား တန်းတူနိုင်ငံသားအဖြစ် ဆက်ဆံရမည်ဖြစ်သည်။ ဤတာဝန်များမှာ 'သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ'ဟူသည့် အပြန်အလှန် တုံ့ပြန်မှုသက်သက်မျှသာ မဟုတ်ပါ။ တစ်စုံတစ်ဦး၏ အခြေခံရပိုင်ခွင့်များ ထိပါးခံရမှုကို အခြားလူများက ၎င်းတို့နှင့်မဆိုင်ဟုဆိုကာ ဘာမှမလုပ်ဘဲ လက်ပိုက်ကြည့်နေမည်ဆိုလျှင် ဤထိပါးမှုသည် နောက်ထပ်ကြိမ်ဖန်များစွာ ပြုကျင့်တော့မည့် အန္တရာယ်ကရှိနေသလို ဤအကျိုးဆက် ဆိုးကျိုးသည်လည်း ကျယ်ပြန့်ကြီးထွားလာမည်ဖြစ်လေသည်။ ခန္ဓာကိုယ်၏ နေရာတစ်နေရာမှ စတင်ခဲ့သော တင်ဆာဆဲလ်တစ်ခုသည် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ကာ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသည်နှင့် တူနေ၏။ ထို့ကြောင့် မိမိမှတင်း နေထိုင်ရာ လူ့အဖွဲ့အစည်းဝင် တစ်ဦးဦးသည် အခြားတစ်ယောက်ယောက်၏ အခြေခံရပိုင်ခွင့်များ ထိပါးခံရမှုကို မိမိနှင့်မဆိုင်ဟု မသိကျိုးကျွံပြုနေ၍ မရတော့ပေ။ ဤသို့ဆိုလျှင် ဤသို့သော ထိပါးနေမှု အန္တရာယ်တို့ မည်သို့ ကာကွယ်ကြမည်နည်း။

အန္တရာယ်ကာကွယ်ရေး နည်းလမ်းကောင်းတစ်ရပ်မှာ နိုင်ငံ

www.burmeseclassic.com



သားတို့၏ ရပိုင်ခွင့်များ ထိပါးခံရမှုကို လူထုတစ်ရပ်လုံးသိအောင် လုပ်ပေးခြင်းနှင့် ရင်ဆိုင်ဖြေရှင်းပေးခြင်းများကို ရှေ့တန်းမှ နိုးကြားတက်ကြွစွာ ဆောင်ရွက်ပေးနေသော ဒီမိုကရေစီ အခွင့်အရေးများ ကာကွယ်ပေးသည့်(နိုင်ငံသားလွတ်လပ်ခွင့် ကာကွယ်ရေး၊ လူ့အခွင့်အရေး အကာကွယ်ပေးရေး အဖွဲ့အစည်းများကဲ့သို့သော) စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ (voluntary associations)ကို နိုင်ငံသားအားလုံးက အားပေးထောက်ခံကြရေးပင် ဖြစ်လေသည်။

*****

## ကိုယ်စားပြု တာဝန်ခံသော အစိုးရ အဖွဲ့အစည်းများမဏ္ဍိုင်

### ကိုယ်စားပြု ဒီမိုကရေစီအစိုးရတစ်ရပ် ဖွဲ့စည်းခြင်း

ကိုယ်စားပြု ဒီမိုကရေစီစနစ်တစ်ရပ် ထူထောင်ရာတွင် မရှိမဖြစ် လိုအပ်သည့် မဏ္ဍိုင်ကြီးသုံးရပ်ရှိသည်။ နိုင်ငံသားတို့၏ အခြေခံရပိုင်ခွင့်များမဏ္ဍိုင်၊ ကိုယ်စားပြု တာဝန်ခံသော အစိုးရအဖွဲ့အစည်းများမဏ္ဍိုင်နှင့် အရပ်သားအသင်းစု လူ့အဖွဲ့အစည်း မဏ္ဍိုင်ဟူ၍ ဖြစ်ကြောင်း ရှေ့တွင်ဖော်ပြပြီး ဖြစ်သည်။ ဒုတိယ မဏ္ဍိုင်ဖြစ်သည့် ကိုယ်စားပြု၍ တာဝန်ခံသော အစိုးရအဖွဲ့အစည်းများ မဏ္ဍိုင်တွင် နှစ်ပိုင်းပါဝင်သည်။ ကိုယ်စားပြုခြင်း(representation) နှင့် တာဝန်ခံခြင်း (accountablitiy) တို့ဖြစ်သည်။ ယင်းနှစ်ပိုင်းအနက် ကိုယ်စားပြုခြင်းအပိုင်းကို စတင်လေ့လာကြပါမည်။

မဲရုံများသည် ကိုယ်စားပြု ဒီမိုကရေစီအစိုးရတစ်ရပ် ဖွဲ့စည်းရေး၏ စမှတ်ဖြစ်သည်။

### ရွေးကောက်ပွဲများ ကျင်းပခြင်း၏ ရည်ရွယ်ချက်

နိုင်ငံနှင့်အဝှမ်း ကျင်းပနေသော ရွေးကောက်ပွဲများတွင် ကျွန်တော်တို့ မဲရုံများဆီသို့သွားကာ မဲသွားထည့်ကြခြင်းသည် မည်သည့်



အဓိပ္ပာယ်ကို ဆောင်ပါသနည်း။ ကျွန်တော်တို့ မဲရုံများဆီသို့ သွားကာမဲပေးကြခြင်းတွင် ရည်ရွယ်ချက်နှစ်ရပ်ရှိသည်၊ ပထမ ရည်ရွယ်ချက်မှာ ပါလီမန်(parliament) သို့မဟုတ် ဥပဒေပြုလွှတ်တော် (legislature) တွင် ကျွန်တော်တို့နေထိုင်ရာ မြို့နယ်၏ကိုယ်စား (ကျွန်တော်တို့၏ကိုယ်စား) လွှတ်တော်တွင် ပြောဆိုဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းပြုလုပ်မည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး (representative) ကို ကျွန်တော်တို့ ရွေးချယ်နေကြခြင်း ဖြစ်သည်။ မြို့နယ်တစ်ခုတွင် လွှတ်တော်ကိုယ်စားလှယ် နေရာအတွက် ဝင်ရောက်ရွေးချယ်ခံမည့်ပုဂ္ဂိုလ်သည် တစ်ဦးတည်းဖြစ်နေပါက သူနှင့်အတူ ယှဉ်ပြိုင်မည့်သူ မရှိသောကြောင့် ကျွန်တော်တို့အနေနှင့် မဲပေးစရာ မလိုတော့ဘဲ သူသည် ကျွန်တော်တို့၏ ကိုယ်စားလှယ်အဖြစ် အလိုလိုဖြစ်သွားပါလိမ့်မည်။ သို့သော် ယှဉ်ပြိုင်မည့်သူများ ရှိနေပါက ကျွန်တော်တို့ နှစ်သက်သည့်သူကို ကျွန်တော်တို့က မဲဖြင့် ရွေးချယ်ရပါမည်၊ မဲအများဆုံးရရှိသူသည် ကျွန်တော်တို့၏ ကိုယ်စားလှယ် ဖြစ်လာပါလိမ့်မည်။

မဲရုံတွင် မဲသွားပေးခြင်း၏ ဒုတိယ ရည်ရွယ်ချက်မှာ ကျွန်တော်တို့၏ တိုင်းပြည်ကို အုပ်ချုပ်မည့် အစိုးရတစ်ရပ်(government) ကို ဦးဆောင်မည့် ဝန်ကြီးချုပ်(prime minister) သို့မဟုတ် သမ္မတ (president)တစ်ယောက်ကို ရွေးချယ်နေခြင်းလည်းဖြစ်ပါသည်၊ ဤနေရာတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံကြား အုပ်ချုပ်မှုပုံသဏ္ဍာန် ကွာခြားကြသည့်အကြောင်းကို လေ့လာပြပါမည်၊ အချို့နိုင်ငံများသည် သမ္မတအုပ်ချုပ်သည့်စနစ်(presidential system)ကို ကျင့်သုံးကြပြီး အချို့နိုင်ငံများမှာ ပါလီမန်ကအုပ်ချုပ်သည့်စနစ် (parliamentary system)ကို ကျင့်သုံးကြသည်။ မည်သည့်စနစ် ကျင့်သုံးကြမည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ(constitution)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။

သမ္မတစနစ်ဖြင့် အုပ်ချုပ်သည့် နိုင်ငံများမှာ ပြင်သစ် ရုရှား

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်ပြည်ထောင်စုနှင့် လက်တင်အမေရိက၊ အာဖရိကနှင့် အာရှရှိ နိုင်ငံအတော်များများတွင် ဖြစ်သည်။ ဤစနစ်တွင် မဲဆန္ဒရှင်တစ်ဦးသည် မဲပြားနှစ်ပြား ပေးရသည်။ မဲပြားတစ်ပြားမှာ သမ္မတရွေးချယ်ရေးအတွက်ဖြစ်ပြီး နောက်တစ်ပြားမှာ လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ရေးအတွက် ဖြစ်သည်။ မဲပေးပွဲနှစ်ခုကို တစ်ပွဲစီ ကျင်းပသည့် နိုင်ငံများရှိကြသလို တစ်ပေါင်းတည်း ကျင်းပသည့် နိုင်ငံများလည်းရှိကြသည်။

ပါလီမန်ကအဓိကကျသော အုပ်ချုပ်သည့်စနစ်ကျင့်သုံးသော နိုင်ငံများမှာ ဗြိတိန်၊ ဥရောပနိုင်ငံအများစုနှင့် မနေသဟာရနိုင်ငံအချို့ ဖြစ်သည်။ ဤစနစ်တွင် ဝန်ကြီးချုပ်တစ်ဦးအား ရွေးချယ်မည့်မဲနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ရွေးချယ်မည့်မဲသည် သီးခြားမဲနှစ်ခု မဟုတ်ဘဲ မဲတစ်ပြားတည်းသာလျှင် ဖြစ်သည်။ အကြောင်းမှာ အရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ် အများစု၏ ထောက်ခံမှုကိုရရှိသော(၎င်းတို့အနက်မှ) လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် ဝန်ကြီးချုပ်ရာထူးကို ရရှိမည်ဖြစ်သောကြောင့် ဖြစ်သည်။ တစ်နည်းပြောရလျှင် ကျွန်တော်တို့ မြို့နယ်မှ ရွေးချယ်လိုက်သော လွှတ်တော်ကိုယ်စားလှယ်တစ်ဦး (ဥပဒေပြုလွှတ်တော်တွင် ရွေးချယ်ခံရသော အခြားလွှတ်တော်ကိုယ်စားလှယ်များက သဘောတူလျှင်) ဝန်ကြီးချုပ်ဖြစ်ခွင့်ရှိသောကြောင့် ကျွန်တော်တို့ပေးလိုက်သော မဲတစ်ပြားသည် တစ်ပြိုင်နက်တည်း လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ခြင်းနှင့် ဝန်ကြီးချုပ် ရွေးချယ်ခြင်းဆိုသည့်သဘောကို ဆောင်နေပါသည်။

အရွေးချယ်ခံရသော သမ္မတ သို့မဟုတ် ဝန်ကြီးချုပ်တစ်ဦးသည် အစိုးရတစ်ရပ်ကို ဖွဲ့စည်းရမည်ဖြစ်ပြီး ပေါ်လစီများ ချမှတ်ကာ တိုင်းပြည်ကို အုပ်ချုပ်ခြင်းနှင့် ပြည်သူ့ဝန်ထမ်းများ (public officials) ကို ညွှန်ကြားချက်များပေးခြင်းတို့ကို ပြုလုပ်ရသည်။ ဤသည်မှာ သမ္မတ သို့မဟုတ် ဝန်ကြီးချုပ်၏ တာဝန်များဖြစ်၏။ ပါလီမန် သို့မ



ဟုတ် လွှတ်တော်တစ်ရပ်၏ တာဝန်မှာ ဥပဒေများ ပြဋ္ဌာန်းရေး၊ တိုင်းပြည်အတွက် အသုံးစရိတ်များ ခွဲဝေသုံးစွဲရေးကို ဆွေးနွေးဆုံးဖြတ်အတည်ပြုရေး၊ အစိုးရ၏ မူဝါဒများ ချမှတ်ဆောင်ရွက်နေခြင်းတို့ကို အသေးစိတ် စောင့်ကြည့်နေရေးတို့ဖြစ်သည်။

ဤနေရာတွင် ပါလီမန်စနစ်နှင့် သမ္မတစနစ်တို့၏ ခြားနားချက်ကို အနည်းငယ် တင်ပြလိုပါသည်။ ပါလီမန်စနစ်တွင် ဝန်ကြီးချုပ်သည် အစိုးရအကြီးအကဲ (head of government)ဖြစ်ပြီး အများအားဖြင့် လွှတ်တော်အတွင်းထောက်ခံမှု အများအပြားရသည့် အကြီးဆုံးပါတီတစ်ရပ်၏ ခေါင်းဆောင် သို့မဟုတ် ညွန့်ပေါင်း (coalition) အစိုးရ၏ ခေါင်းဆောင်ဖြစ်သည်။ ဝန်ကြီးချုပ်ဖြစ်သူသည် သူ၏ပါတီမှ သို့မဟုတ် သူနှင့် ညွန့်ပေါင်းအစိုးရဖွဲ့လိုသည့် ပါတီမှ ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်များဖြင့် အစိုးရဖွဲ့ရသည်။ နိုင်ငံ့အကြီးအကဲ (head of state) (ဥပမာ ဗြိတိန်နိုင်ငံတွင် ဒုတိယမြောက် အဲလီဇဘက် ဘုရင်မ)သည် အများအားဖြင့် (တိုင်းပြည်ကို တကယ်အုပ်ချုပ်သည့် အာဏာမရှိဘဲ) တိုင်းပြည်၏ အဆောင်အယောင်ရာထူးကို ပေးအပ်ထားခြင်းသာဖြစ်သည်။ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ခြင်း၊ ဆုတံဆိပ်များချီးမြှင့်ခြင်း စသည့် အခမ်းအနားများ တက်ရောက်သည့် အလုပ်မျိုးကို လုပ်ရလေ့ရှိသည်။ နိုင်ငံ့အကြီးအကဲရာထူးကို လူထုက တိုက်ရိုက်ရွေးချယ်မှုမျိုး (elected)ရှိသလို လွှတ်တော်မှ တစ်ဆင့် ရွေးချယ်ခြင်းမျိုးရိုးအစဉ်အလာအရ ခန့်အပ်ခံရခြင်း(appointed)မျိုးလည်းရှိသည်။ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် နိုင်ငံ့အကြီးအကဲဖြစ်သည့် ဘုရင်တို့ မျိုးရိုး အစဉ်အလာအရ ခန့်အပ်ကြခြင်း ဖြစ်သည်။

သမ္မတစနစ်တွင် သမ္မတသည် အစိုးရအကြီးအကဲ(head of government)အဖြစ်လည်းကောင်း နိုင်ငံ့အကြီးအကဲ (head of state) အဖြစ်လည်းကောင်း တာဝန်နှစ်ရပ်စလုံးကို ရရှိထားသည်။ အမေရိကန် ပြည်ထောင်စုတွင် ကျင့်သုံးနေသောစနစ် ဖြစ်သည်။ သမ္မတတို့

www.burmeseclassic.com

www.burmeseclassic.com



အရွေးချယ်ခံရသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထဲမှ ရွေးချယ်ခြင်း မဟုတ်ဘဲ ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်သောကြောင့် သမ္မတသည် လွှတ်တော်နှင့် ကင်းလွတ်လျက် (independently)ရှိ၏။ ပြည်သူလူထုက တိုက်ရိုက် ရွေးချယ်တင်မြှောက်ခံရသော သမ္မတသည် အစိုးရတစ်ရပ်ကို ဖွဲ့စည်းသည့်အခါ ဝန်ကြီးများအဖွဲ့ကို လွှတ်တော်ပြင်ပမှ ပုဂ္ဂိုလ်များဖြင့် ခန့်အပ်ထားကြသည်။

ပါလီမန်စနစ်ဖြစ်စေ၊ သမ္မတစနစ်ဖြစ်စေ ဒီမိုကရေစီနည်းကျမှုသည် အတူတူပင်ဖြစ်သည်။ သို့ရာတွင် စနစ်နှစ်ရပ်စလုံးတွင် အားနည်းချက်နှင့် အားသာချက်များ ကိုယ်စီရှိကြသည်။ သမ္မတ စနစ်တွင် အာဏာခွဲဝေမှု (separation of powers)မှာ ပို၍ပြတ်သားတိကျလှသောကြောင့် (သမ္မတကို လွှတ်တော်မှတစ်ဆင့် ရွေးချယ်တင်မြှောက်ခြင်း မဟုတ်သောကြောင့်) လွှတ်တော်သည် သမ္မတနှင့် သူ၏ အစိုးရအဖွဲ့ကို ပို၍ ထိထိရောက်ရောက် ထိန်းချုပ်နိုင်သည်။ သို့သော် သမ္မတ၏ အကောင်အထည်ဖော်လိုသည့် မူဝါဒ တစ်ရပ်ကို လွှတ်တော်က ဟန့်တားဖို့ ကြိုးစားရာတွင် အောင်မြင်သွားပါက သမ္မတသည် ပြည်သူလူထုက ပေးအပ်ထားသော လုပ်ပိုင်ခွင့်အာဏာ (electoral mandate)သည် အရာမရောက်တော့ဘဲ မူဝါဒရပ်တန့်ခံရခြင်း(policy gridlock)မျိုးကြုံတွေ့ရနိုင်သည်။ ဤအဖြစ်မျိုး ကြုံနေရပါက 'အခြေတည်စ'ဒီမိုကရေစီစနစ်မျိုးတွင် သမ္မတသည် လွှတ်တော်ကို ရှောင်ကွင်းခြင်း၊ လွှတ်တော်၏ အာဏာကို ကန့်သတ်ဖို့ ကြိုးစားခြင်းနှင့် လွှတ်တော်ကို ဖျက်သိမ်းခြင်းမျိုးထိပင် ဖြစ်ကောင်းဖြစ်နိုင်သည်။

သို့သော် ဤသို့သော ပဋိပက္ခမျိုး ပါလီမန်စနစ်တွင် ဖြစ်ဖို့ အလားအလာအလွန်နည်းပါးလှသည်။ အကြောင်းမှာဝန်ကြီးချုပ်သည် လွှတ်တော်မှ အခြေခံ၍ ပေါက်ဖွားလာသောကြောင့် ဖြစ်သည်။ ထို့အတွက်ကြောင့် ဝန်ကြီးချုပ်သည် လွှတ်တော်ကို ဆန့်ကျင်၍ အစိုးရအဖွဲ့၏ ပေါ်လစီများ ချမှတ်ခြင်းထက် လွှတ်တော်၏ သဘောတူညီ



ချက်နှင့်အတူ ပေါ်လစီများချမှတ်၍ အတူအလုပ်လုပ်ကြရသည်။ အပြန်အလှန်အားဖြင့် လွှတ်တော်ကိုယ်စားလှယ်အများစုသည် အစိုးရ၏ မူဝါဒများကို ဝေဖန်ထောက်ပြခြင်းထက် ထောက်ခံမှုပြုမည့် ဘက်သို့သာ အလေးသာနေတတ်သောကြောင့် လွှတ်တော်သည် အစိုးရအပေါ် ထိန်းချုပ်သည့် အာဏာများ အလွန်အားနည်းကြောင်း တွေ့ရသည်။

မဲရုံသို့သွားကာ တစ်ဦးချင်း တစ်ယောက်ချင်းအနေဖြင့် မဲပေးခြင်းသည် ဘာမှဟုတ်လောက်သောကိစ္စ မဟုတ်ဟု ထင်ရသော်လည်း အများစုပေါင်း၍ မဲပေးခြင်းကြောင့် ရလာသော အကျိုးရလဒ်သည် အလွန်ကြီးမားလွန်းလှသည်။ မည်သူအာဏာရမည်၊ မည်သူသည် အာဏာမှ ဖယ်ရှားခံရမည်ကို အဆုံးအဖြတ်ပေးသည့် ကိစ္စကြီးတစ်ရပ်ဖြစ်သည်။ အစိုးရ အပြောင်းအလဲဖြစ်ခြင်းသည် ဇာတ်လမ်းတစ်ပုဒ်၏ ဇာတ်ဝင်ခန်းများ ပြောင်းသွားပုံနှင့် ပမာတူလှသည်။ လူတစ်ဦးချင်းစီ၏ ကံကြမ္မာများ ပြောင်းလဲသွားရုံမျှမက တိုင်းပြည်တစ်ပြည်၏ မူဝါဒများပါ ပြောင်းလဲသွားရသည့် အရေးအရာတစ်ရပ်ဖြစ်၏။ ပြိုးပြိုးပြက်ပြက် တောက်ပသော အလင်းရောင်များအောက် သက်ဝင်လှုပ်ရှားရသော ပွဲတစ်ပွဲ ဖြစ်သည်။ သန်းပေါင်းများစွာသော ပြည်သူလူထု၏ မျက်လုံးများအောက် ပွဲထုတ်ရသည့် ဇာတ်ဝင်ခန်းတစ်ရပ် ဖြစ်သည်။ ရွေးကောက်ပွဲတစ်ခု၏အဆုံး၌ အဓိက စမ်းသပ်စစ်ဆေးမှု တစ်ရပ်ရှိသည်။ မဲဆန္ဒရှင်များ၏ မဲပြားများဖြင့် ရွေးကောက်ပွဲမှ ဖယ်ရှားခြင်းခံရသည့် အရေးနိမ့်သွားသောသူများသည် အရှုံးကို သတ္တိ မည်မျှကောင်းကောင်းဖြင့် ရင်ဆိုင်နိုင်စွမ်း ရှိကြမည်နည်းဆိုသည့် ခံနိုင်ရည် စမ်းသပ်ချက်တစ်ရပ်ဖြစ်၏။ တစ်နေ့တွင် အကြင်သူတစ်ဦးသည် ဝန်ကြီးချုပ်အဖြစ် သို့မဟုတ် သမ္မတအဖြစ် အလွန်ကြီးမားသည့် ပြဿနာ အာဏာနှင့် ကမ္ဘာသိ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်ကောင်းဖြစ်နိုင်သည်။ ရွှေထီးဆောင်းဘဝမှ နောက်တစ်နေ့တွင် သာမန်နိုင်ငံသားတစ်ယောက်အဖြစ်ရောက်ရှိသွားကာ သမ္မတ အိမ်တော်ရှေ့ သို့မဟုတ်

www.burmeseclassic.com



ဝန်ကြီးချုပ် အိမ်တော်ရှေ့သို့ ပစ္စည်းများ ရှင်းလင်းမည့်ကားများ ထိုးဆိုက်ကောင်း ထိုးဆိုက်လာကြလိမ့်မည်။ ရာထူးမှ ဖယ်ရှားခံလိုက်ရခြင်းသည် ကွပ်မျက်ခံရခြင်းထက် သို့မဟုတ် ဆိုက်ဘေးရီးယားရှိ ဓာတ်အားပေးစက်ရုံတွင် အလုပ်လုပ်ဖို့ နယ်နှင်ခံလိုက်ရခြင်းထက်စာလျှင်တော့ ကောင်းသေးသည်ဟု ထင်စရာရှိသော်လည်း ဖယ်ရှားခံရသူများ၏ မိမိကိုယ်မိမိ တန်ဖိုးထားသည့် (self-esteem) မာနစိတ်ကို ရိုက်ချိုးခံလိုက်ရသလို ထိထိခိုက်ခိုက် ခံစားရတတ်သည်။ ရွေးကောက်ပွဲတစ်ခု၏ ကံကြမ္မာ အလှည့်အပြောင်းသည် အလွန်တရာ ကြီးမားလွန်းရကား ရွေးကောက်ပွဲတွင် ဝင်အရွေးခံသူများအနေနှင့် ကိုယ့်ဖက်က အသားစီးရအောင် ဖြစ်နိုင်သမျှ နည်းလမ်းပေါင်းစုံကိုသုံး၍ နိုင်ငံရေးစစ်ပွဲကို ဆင်နွှဲကြသည်မှာ ဓမ္မတာပင်ဖြစ်၏။

## နိုင်ငံရေးပါတီများ ဖွဲ့စည်းကြခြင်း အကြောင်းရင်း

ကျွန်တော်တို့ မဲရုံများတွင် မဲသွားပေးကြသည့်အခါ ကျွန်တော်တို့ရွေးချယ်ရမည့် လွှတ်တော်ကိုယ်စားလောင်းများစာရင်းတွင် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်များ(indcpendent respresent-atives) သာမက ပါတီအသီးသီးမှ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များလည်း ပါဝင်ကြောင်းတွေ့ရှိရပါမည်။ လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ရာတွင် မည်သည့်အကြောင်းကြောင့် ပါတီများ ပါဝင်လာရပါသနည်း။ ကျွန်တော်တို့ အယုံကြည်ရဆုံး တစ်သီးပုဂ္ဂလကိုယ်စားလှယ်တစ်ဦးဦးကို ရွေးချယ်ခြင်းမျှနှင့် အဘယ်ကြောင့် ကိစ္စမပြီးနိုင်ပါသနည်း။ ၁၈ ရာစု ပါလီမန်လွှတ်တော်များတွင် တသီးပုဂ္ဂလအမတ်မင်းများကိုသာ ရွေးချယ်ခဲ့ကြပါသည်။ ထိုစဉ်က ပါတီဟူ၍ မရှိပါ။ ထို့ကြောင့် အသစ်ရွေးချယ်ခံရသော အမတ်မင်းများသည် လွှတ်တော်တွင် ဥပဒေသစ်တစ်ရပ် ပြုလိုသည့်အခါ ယင်းဥပဒေသစ်အပေါ် အချိန်ယူ၍ သေချာကျနစွာ စဉ်းစားခွင့်မရဘဲ တစ်ယောက်



တစ်ပေါက်နှင့် ဥပဒေသစ်များ ပြဋ္ဌာန်းခဲ့ရလေ့ရှိကြသည်။ ဤသို့သော အခြေအနေ၏ အားနည်းချက်ကို ထောက်ပြကာ ဗြိတိသျှ အတွေးအခေါ်ပညာရှင် အက်ဒမွန်ဘတ်ခ်က ပါတီများ ထူထောင်ခြင်း၏ ကောင်းကျိုးများကို စတင်ဖော်ထုတ်ခဲ့၏။ သူက ပြည်သူလူထုသည် ၎င်းတို့၏ နိုင်ငံရေး သဘောထားများကို လွတ်လပ်စွာ ဖော်ထုတ်ပြနိုင်ရုံမျှဖြင့် မလုံလောက်၊ ယင်းသဘောထားများကို လက်တွေ့အကောင်အထည်ဖော်ရေးသည်လည်း အလွန်အရေးကြီးသည်ဟု ထောက်ပြခဲ့သည်။ ဤသို့လက်တွေ့အကောင်အထည်ဖော်ရန်မှာ စိတ်တူကိုယ်တူရှိသူများ အတူပူးပေါင်း၍ လုပ်ဆောင်မှသာ ဖြစ်နိုင်လိမ့်မည်၊ မူဝါဒများချမှတ်၍ ချမှတ်ထားသော မူဝါဒများကို သဘောတူသည့်သူများအချင်းချင်း စုပေါင်းထားသည့် အဖွဲ့အစည်းများ (associations) ဖွဲ့စည်း၍ အကောင်အထည်ဖော်ဖို့လိုသည်ဟု သူက ဆိုခဲ့သည်။

မဲဆန္ဒရှင်များအနေနှင့် (ပါတီများ တည်ထောင်လာပြီးသည့်အခါ) ကိုယ်စားလှယ်လောင်းတစ်ဦးကို ရွေးချယ်ရာတွင် မည်သည့်ပုဂ္ဂိုလ်သည် မည်သည့်ပါတီများမှ ဖြစ်သည်ကို သိရှိထားကြသည်။ မည်သူသာ အရွေးချယ်ခံရလျှင် မည်သည့်မူဝါဒဖြင့် တိုင်းပြည်ကို အုပ်ချုပ်မည်ကို သိခွင့်ရနေသည်။ အာဏာရအစိုးရကို အတိုက်အခံပြုနေသော ကိုယ်စားလှယ်လောင်းသာ အရွေးချယ်ခံရလျှင် ယင်းပုဂ္ဂိုလ်သည် အစိုးရ၏ မူဝါဒများကို အတိုက်အခံပြုနေလိမ့်မည်ဟု မဲဆန္ဒရှင်များက ကြိုတင်တွက်ဆနိုင်သည်။

အာဏာရပါတီနှင့် အတိုက်အခံပြုနေသော ပါတီတို့ကြား ပဋိပက္ခအသွင်ဆောင်နေတတ်ခြင်းသည် တိုင်းပြည်၏ အကျိုးစီးပွားကို နစ်နာစေသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေတတ်သည်။ ဤပဋိပက္ခကို 'အတိုက်အခံကို အတိုက်အခံပြုကြစို့' (opposition for opposition's sake)ဖြစ်ရပ်ဟုခေါ်သည်။ ဤသို့အားဖြင့် အတိုက်အခံလွှတ်တော်ကိုယ်စားလှယ်များသည် 'အစိုးရ၏မူဝါဒမှန်သမျှ ဆန့်ကျင်ကြ' လုပ်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြသလို တစ်ဖက်ကလည်း အစိုးရအားဆန့်ကျင်သည့် မူဝါဒမှန်သမျှကို မိမိတို့က မယုံကြည်သည့်တိုင် ထောက်ခံမှုတွေ လုပ်နေတတ်ကြသည်။ အက်ဒ်မွန်ဘတ်ခ်က ပါတီများတည်ထောင်ခြင်းသည် ကောင်းကြောင်း ထောက်ခံဆွေးနွေးပြနေသော်ငြားလည်း ပါတီများထူထောင်ခြင်းတွင် အကန့်အသတ်များရှိကြောင်းကိုလည်း ထောက်ပြခဲ့၏။ သူက 'မည်သည့်ကိုယ်စားလှယ်မှ ပါတီ၏ သဘောထားအတိုင်း မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ဦးလည်မသုန် လိုက်နာလုပ်ဆောင်ရန် မသင့်ပေ၊ မိမိ၏ ယုံကြည်ချက်၊ မိမိ၏သဘောထားနှင့် ဆန့်ကျင်နေလျှင် ပါတီ၏မူကို လိုက်နာရန်မလို၊ မိမိကိုယ်မိမိ တန်ဖိုးထားတတ်သောသူသည် ကျွန်စိတ်မွေးသည့်အလုပ်မျိုး လုပ်ကြလိမ့်မည် မဟုတ်ချေ။' ဟု ဆိုခဲ့သည်။

နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံရေးပါတီများသည် မရှိမဖြစ် လိုအပ်သည်။ အကြောင်းမှာ တစ်ဦးချင်းတစ်ယောက်ချင်း မလုပ်နိုင်သော နိုင်ငံရေးလုပ်ငန်းစဉ် (political process)များကို စိတ်တူကိုယ်တူရှိသော နိုင်ငံသားများ အတူပူးပေါင်း၍ ပါတီများဖွဲ့ကာ အင်စတီကျူးရှင်းနည်းလမ်းများ (institutional means)ဖြင့် အတူပူးပေါင်း ဆောင်ရွက်ရန်လိုအပ်သောကြောင့် ဖြစ်သည်။ ထို့အပြင် အမျိုးမျိုးသော ပါတီတို့ ရရှိသော ထောက်ခံမဲအရေအတွက် ပမာဏကို ကြည့်၍ တိုင်းပြည်တစ်ပြည်တွင် နိုင်ငံရေး သဘောထားများ မည်၍မည်မျှ ကွဲပြားနေကြောင်း စမ်းသပ်ကြည့်ရာလည်းရောက်ပါသည်။

## ရွေးကောက်ပွဲစနစ်

ကမ္ဘာတစ်လွှားတွင် အသုံးပြုနေသော ရွေးကောက်ပွဲစနစ် (electoral system) သုံးမျိုးရှိသည်။ အချိုးကျကိုယ်စားပြုစနစ် (Proportional Representation System)၊ အများစုစနစ် (Majority System)နှင့် ရောပြွန်းစနစ် (Mixed System) တို့ဖြစ်ကြသည်။ ရွေးကောက်ပွဲစနစ် သုံးခုအနက် ရောပြွန်းစနစ်ကို ချန်လှပ်ထားပြီး အများစုစနစ်နှင့် အချိုးကျ ကိုယ်စားပြုစနစ်တို့ အကြောင်းကို အကျဉ်းမျှ တင်ပြပါမည်။



အများစုစနစ်ကို အမေရိကန်တို့က မဲအရေအတွက် ၅၀ ရာခိုင်နှုန်း မကျော်သော်လည်း အခြားသူများရသည့် မဲထက်သာလျှင် အနိုင်ပေးသည့်အတွက်ကြောင့် (plurality majority system)ဟု ခေါ်ဆိုကြသည်။ ဤစနစ်သည် ရှေးအကျဆုံး ရွေးကောက်ပွဲစနစ် ဖြစ်သည်။ ပါတီများ မပေါ်မီကတည်းကပင် ကျင့်သုံးခဲ့သောစနစ် ဖြစ်ပြီး မဲအများဆုံးရရှိသူကို အနိုင်ပေးသည့် စနစ်ဖြစ်သည်။ အများစုစနစ်တွင် မျိုးကွဲ လေးမျိုးရှိပြီး အသုံးအများဆုံး မျိုးကွဲတစ်ခုမှာ 'ပန်းတိုင်အရင်ဆုံးရောက်သူ ပထမ' (First-past-the-post) (FPTP) စနစ်ဖြစ်သည်၊ ဗြိတိန်နှင့်နိုင်းယှဉ်၍ အသုံးတွင်လာခဲ့သော ဝေါဟာရ ဖြစ်၏။ ဤစနစ်၏ အားသာချက်မှာ လူတိုင်းအလွယ်တကူ နားလည်နိုင်ခြင်း ဖြစ်သည်။

မဲဆန္ဒရှင်အား လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်များ ရေးထားသော မဲပြားတစ်ပြားကို ပေးလိုက်သည့်အခါ မဲဆန္ဒရှင်က မိမိနှစ်သက်ရာ ကိုယ်စားလှယ်လောင်းတစ်ဦး၏ အမည်ကို ရွေးချယ်လိုက်ရုံသာ ဖြစ်သည်။ နောက်ထပ် မဲပေးနည်း တစ်မျိုးမှာ မဲဆန္ဒရှင်အား မဲပြားအလွတ်တစ်ပြားပေးပြီး မဲဆန္ဒရှင်က မိမိနှစ်သက်ရာ ကိုယ်စားလှယ်လောင်း၏ အမည်တစ်ခုကို မဲပြားပေါ်တွင် ရေးလိုက်ခြင်းမျိုး ဖြစ်သည်။ မဲပေးပွဲပြီး၍ မဲရေတွက်ကြသည့်အခါ မဲအရေအတွက် အများဆုံးရရှိသူကို အနိုင်ပေးလိုက်သည့်စနစ် ဖြစ်သည်။ မဲဆန္ဒနယ်တစ်ခုတွင် ဝင်ယောက်ယှဉ်ပြိုင်သူသည် နှစ်ဦးသာည်းသာဖြစ်ပါက မဲအရေအတွက် ၅၀ ရာခိုင်နှုန်းကျော် ရရှိသူသည် အနိုင်ဖြစ်သည်။ အကယ်၍ ယှဉ်ပြိုင်သူများသည် နှစ်ဦးထက်မကရှိလာပါက မဲများ အမျိုးမျိုးကွဲသွားနိုင်သည်။ ယှဉ်ပြိုင်သူများလေလေ

www.burmeseclassic.com



ခဲတွဲမှုမှာ ပို၍ များလေလေ ဖြစ်သောကြောင့် မဲအရေအတွက် ၂၀ ရာခိုင်နှုန်း သို့မဟုတ် ၃၀ ရာခိုင်နှုန်းမျှဖြင့် အနိုင်ရမှုမျိုးများလည်း ဖြစ်လာနိုင်သည်။ ဤစနစ်ကို မလိုလားသူများက ဤဖြစ်ရပ်မျိုးသည် တရားမျှတမှု မရှိဟု ထောက်ပြကြသည်။

အများစုစနစ်၏ နောက်ထပ်မျိုးကွဲတစ်ခုမှာ နှစ်သက်ရာများကိုရွေးခြင်း သို့မဟုတ် အခြားအရာများကိုပါ ရွေးခြင်းစနစ် (preferential or alternative voting (AV) system)ဖြစ်သည်။ ဤစနစ်သည် FPTP စနစ်နှင့် အတော်လေးတူသည်။ မဲဆန္ဒနယ် တစ်နယ်အတွက် ဝင်ရောက်ယှဉ်ပြိုင်သူ ကိုယ်စားလှယ်လောင်း များစွာထဲမှ ကိုယ်စားလှယ်တစ်ဦးကို ရွေးချယ်ရသည့်စနစ် ဖြစ်သည်။ FPTP နှင့် မတူသည့် အချက်မှာ AV စနစ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်းများမှ တစ်ဦးကိုသာ ရွေးချယ်ရခြင်း မဟုတ်ဘဲ မိမိကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို နံပါတ်တတ်၍ အကြိုက်ဆုံးကို နံပါတ်-၁၊ ဒုတိယအကြိုက်ဆုံးကို နံပါတ်-၂၊ တတိယအကြိုက်ဆုံးကို နံပါတ်-၃ စသည်ဖြင့် မိမိကြိုက်သလောက် ရွေးချယ်နိုင်ခွင့်ရှိသော စနစ်ဖြစ်သည်။ မဲပေးပွဲတွင် ယှဉ်ပြိုင်သူ မည်သူမှ မဲ ၅၀ ရာခိုင်နှုန်းကျော် မရရှိပါက မဲအရေအတွက် အနည်းဆုံးရရှိသော လွှတ်တော်ကိုယ်စားလှယ်လောင်းကို စာရင်းမှပယ်ဖျက်ကာ ယင်းကိုယ်စားလှယ်လောင်းအား နံပါတ်-၁ ပေးထားသော မဲပြားများပေါ်ရှိ နံပါတ်-၂ ရွေးချယ်မှုများကို (second preferences) သက်ဆိုင်ရာ အခြားကိုယ် စားလှယ်မဲများတွင် ထည့်ပေါင်းပေးလိုက်သည်။ ကိုယ်စားလှယ်လောင်းတစ်ဦးသည် စုစုပေါင်း မဲအရေအတွက်၏ ၅၀ ရာခိုင်နှုန်း မရမချင်း ဤနည်းအတိုင်း ဆက်လုပ်ရသည်၊ နောက်ဆုံး မဲ ၅၀ ရာခိုင်နှုန်းကျော် ရရှိသွားသောသူကို ကိုယ်စားလှယ်အဖြစ် သတ်မှတ်လိုက်ကြသည်။

ပြင်သစ်တွင်မူ AV စနစ်နှင့် အကျိုးရလဒ်ချင်းတူသည့် စနစ်တစ်ရပ်ကို ကျင့်သုံးသည်။ နှစ်ကျော့စနစ် (Two Round System) ဟုခေါ်တွင်၏။ ယှဉ်ပြိုင်သူများအနက် မဲအများစု (၅၀ ရာခိုင်နှုန်းကျော်) မရရှိပါက ပထမရွေးကောက်ပွဲမှ မဲအများဆုံးရရှိသူ ပြိုင်ဖက် နှစ်ဦးကို နောက်တစ်ကြိမ် ထပ်ပြိုင်ခိုင်းသည့်စနစ် ဖြစ်သည်။ အနိုင်ရရှိသူသည် ယင်းမဲဆန္ဒနယ်၏ လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာသည်။



အများစုစနစ် (Majority System)၏ မျိုးကွဲအသီးသီး အကြောင်းကို လေ့လာခဲ့ကြပြီးနောက် အချိုးကျ ကိုယ်စားပြုစနစ် (Proportional Representation System)အကြောင်းကို ဆွေးနွေးပြပါမည်။ ပါတီတစ်ခုအား ပေးလိုက်ကြသော မဲအရေအတွက် အချိုးအစားအတိုင်း လွှတ်တော်တွင် ပါဝင်ခွင့်ရမည့် ကိုယ်စားလှယ်အရေအတွက်ကို ပေးအပ်လိုက်သည့်စနစ် ဖြစ်သည်၊ ဥပမာအားဖြင့် ပါတီတစ်ခုသည် တစ်နိုင်ငံလုံးရှိ မဲဆန္ဒရှင်စုစုပေါင်း အရေအတွက်၏ မဲ ၅၀ ရာခိုင်နှုန်း ကိုရရှိသည်ဆိုပါစို့။ ဤသို့ဆိုလျှင် ဤပါတီအား လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်နေရာ ၅၀ ရာခိုင်နှုန်း ရရှိပါလိမ့်မည်၊ လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်နေရာ ၄၀၀ ရှိပါက ဤပါတီက လွှတ်တော်ကိုယ်စားလှယ်နေရာ ၂၀၀ တိတိ ရရှိမည့်စနစ် ဖြစ်သည်။

ရွေးကောက်ပွဲများသည် လွတ်လပ်၍ တရားမျှတမှုရှိရမည်ဟူသော စံကို လက်တွေ့တွင် တကယ်ပြည့်မီဖို့ မည်သည့်ရွေးကောက်စနစ်သည် အကောင်းဆုံးဖြစ်သနည်းဟု ပညာရှင်များစွာ၏ ငြင်းခုံဆွေးနွေးမှုများသည် အတောမသတ်နိုင်ဘဲ ရှိနေဆဲဖြစ်၏။ FPTP စနစ်သည် တရားမျှတသော ကိုယ်စားပြုမှု (fair representation) မရှိဟု ယင်းစနစ်ကို ဝေဖန်သူတွေက ဆိုကြသည်။ အဆိုးရွားဆုံးအဖြစ်တစ်ခုကို ဥပမာပေးလေ့ရှိသည်။ ယင်းမှာ ယူကေတွင် ကျင်းပသည့် ၁၉၉၇ ခုနှစ် ရွေးကောက်ပွဲဖြစ်သည်၊ လေဘာပါတီသည် ပါလီမန်တွင်

www.burmeseclassic.com

www.burmeseclassic.com



အမတ်အရေအတွက် ၆၄ ရာခိုင်နှုန်း ရရှိခဲ့သည်။ ခေတ်သစ်ပါလီမန်သမိုင်းတွင် အများဆုံးရရှိသော အရေအတွက်ဖြစ်သည်။ လေဘာပါတီသည် အမတ်နေရာ ၆၄ ရာခိုင်နှုန်း ရရှိခဲ့သည့်တိုင် ၎င်းတို့ရရှိခဲ့သည့် မဲအရေအတွက်မှာ စုစုပေါင်း မဲအရေအတွက်၏ ၄၄ ရာခိုင်နှုန်းသာ ရှိသည်။ ကွန်ဆာဗေးတစ်ပါတီသည် စုစုပေါင်း မဲအရေအတွက်၏ ၃၁ ရာခိုင်နှုန်း ရရှိခဲ့ပြီး အမတ်နေရာ ၂၅ ရာခိုင်နှုန်းသာ ရရှိခဲ့သည်။ လစ်ဘရယ်ဒီမိုကရက်ပါတီသည်လည်း စုစုပေါင်း မဲ ၁၇ ရာခိုင်နှုန်း ရရှိခဲ့ပြီး အမတ်နေရာ ၇ ရာခိုင်နှုန်းသာ ရရှိခဲ့သည်။

၁၉၉၇ ခုနှစ်တွင် ဖြစ်ခဲ့သည့် FPTP စနစ်၏ ပုံပျက်ပန်းပျက်နိုင်လှသော ရလဒ်ကိုကြည့်ပြီး PR စနစ်သို့ အဘယ်ကြောင့် မပြောင်းကြလေသနည်း။ ဗြိတိန်နှင့် အမေရိကန်တို့လို နိုင်ငံများ FPTP စနစ်မှ PR စနစ်သို့ မပြောင်းကြရသည့် အကြောင်းအရင်းမှာ ၎င်းနိုင်ငံများသည် ကိုယ်စားပြု အစိုးရစနစ်ကို စတင်ထူထောင်ကတည်းက FPTP စနစ်ကို စတင်သုံးစွဲလာခဲ့သော ဓလေ့နှင့် သမိုင်းအစဉ်အလာတို့ကြောင့်ဟုဆိုကြသည်။

ရွေးကောက်ပွဲစနစ်နှင့် ပတ်သက်၍ နိဂုံးချုပ်တင်ပြလိုသည့် အချက်တစ်ခုမှာ FPTP စနစ်တွင် အားနည်းချက်များ ရှိနေသည့်တိုင် ဤစနစ်ကိုသာ စွဲစွဲမြဲမြဲ ကျင့်သုံးနေကြခြင်းမှာ ဤစနစ်သည် တတိယပါတီတစ်ခုကို ရှင်သန်ခွင့်မပေးနိုင်သော အခြေအနေတစ်ရပ်ကြောင့်ဟု ဆိုကြသည်။ FPTP စနစ်ကို ရေရှည်ကျင့်သုံးခြင်းသည် နှစ်ပါတီစနစ် (two-party system)ကို ဖြစ်ပေါ်စေသည်။ သို့သော် PR စနစ်ကို ကျင့်သုံးပါက ပါတီများစွာပါသောစနစ် (multiparty system)ကို ဖြစ်ပေါ်စေသည်။

## အစိုးရတစ်ရပ်ဖွဲ့စည်းခြင်း

အထက်တစ်နေရာတွင် သမ္မတအုပ်ချုပ်သောစနစ် (presi-



dential system)နှင့် ပါလီမန်က အဓိက အုပ်ချုပ်သောစနစ် (parliamentary system)တို့အကြောင်းကို အနည်းငယ် ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုလို နိုင်ငံမျိုးတွင် သမ္မတကို လူထုက တိုက်ရိုက်ရွေးချယ်တင်မြှောက်ကြပြီး အရွေးချယ်ခံရသော သမ္မတက တာဝန်ယူ၍ အစိုးရတစ်ရပ်ဖွဲ့ရကြောင်းကိုလည်း ဖော်ပြခဲ့ပြီးဖြစ်သည်။ အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ရွေးချယ်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်စရာမလိုဘဲ သမ္မတက သူ့စိတ်ကြိုက်လူများကို ရွေးချယ်ခွင့်ရှိသည်။ သို့သော် သမ္မတရွေးချယ်လိုက်သော ဝန်ကြီးလောင်းများကိုတော့ လွှတ်တော်တွင် ကြားနာစစ်ဆေးမှု(hearing)လုပ်ပြီး လွှတ်တော်၏ အတည်ပြုဖို့တော့ လိုပါသည်။ ဤသို့ဖြင့် သမ္မတစနစ်၏ အစိုးရတစ်ရပ် ဖြစ်လာသည်။

ပါလီမန်က အဓိကအုပ်ချုပ်သောစနစ်တွင် ဝန်ကြီးချုပ်ကို လူထုက တိုက်ရိုက်(သွယ်ဝိုက်သည့်အဓိပ္ပာယ်တော့ပါသည်။) ရွေးချယ်တင်မြှောက်ခြင်းမဟုတ်ဘဲ လူထုက လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ခြင်းသာဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်နေရာ အများဆုံးရသော ပါတီက အစိုးရဖွဲ့ခွင့်ရှိသော စနစ်ဖြစ်၏။ အများအားဖြင့် လက်တွေ့တွင် မဲများပြန့်သွားတတ်ပြီး ပါတီအသီးသီးက လွှတ်တော်ကိုယ်စားလှယ်နေရာများကို ခွဲဝေယူသွားသောကြောင့် ပါတီတစ်ခုတည်းက ဦးစီး၍ အစိုးရဖွဲ့ခွင့်ရရန် အလားအလာနည်းနေတတ်သည်။ ထိုအခါ ပါတီများကြား ညှိနှိုင်းမှုပြုလုပ်မှုအပေါ် မူတည်ပြီး အစိုးရတစ်ရပ် ဖွဲ့စည်းကြရလေ့ရှိသည်။

ဥပမာဆိုပါစို့။ နိုင်ငံတစ်နိုင်ငံတွင် ရွေးကောက်ပွဲကျင်းပရာ ပါတီ A က စုစုပေါင်းမဲ၏ ၄၀ ရာခိုင်နှုန်း ရရှိပြီး ပါတီ B က ၃၀ ရာခိုင်နှုန်း ရရှိနေသည်။ ထို့အတူ ပါတီ C နှင့် ပါတီ D က ၂၀ ရာခိုင်နှုန်း နှင့် ၁၀ ရာခိုင်နှုန်း အသီးသီး ရရှိနေကြလျှင် အစိုးရတစ်ရပ်မည်သို့ ဖွဲ့စည်းကြမည်နည်း။ မည်သည့်ပါတီမှ စုစုပေါင်း မဲအရေ

www.burmeseclassic.com

www.burmeseclassic.com



အတွက်၏ ၅၀ ရာခိုင်နှုန်းကျော် မရရှိသောကြောင့် ညွန့်ပေါင်းအစိုးရ (coalition government) ဖွဲ့ဖို့ရန် ဖြစ်နိုင်ခြေတစ်ချို့အနက် အဖြစ်နိုင်ဆုံးတစ်ခုမှာ ပါတီ A နှင့် ပါတီ C(၄၀% + ၂၀% = ၆၀ %)တို့ ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရေးဖြစ်သည်။ နောက်ထပ် ဖြစ်နိုင်ခြေတစ်ခုမှာ (ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုထားလျှင်)ပါတီ B, C နှင့် D တို့ (၃၀%+၂၀%+၁၀% = ၆၀%) ညွန့်ပေါင်းဖွဲ့ရေး ဖြစ်သည်။ ၎င်းဖြစ်ရပ်နှစ်ခုတွင် ပါတီ C သည် အဓိကကြသည့်နေရာမှ ပါဝင်လာသည်ကို တွေ့ရမည်ဖြစ်သည်။ စုစုပေါင်း မဲအရေအတွက် ၂၀ ရာခိုင်နှုန်းသာရသော ပါတီ C ၏ မူဝါဒများသည် ညွန့်ပေါင်းအစိုးရတွင် လွှမ်းမိုးလာနိုင်တော့မည် ဖြစ်သောကြောင့် တချို့က မျှတမှု မရှိသော လွှမ်းမိုးမှုဟု ဝေဖန်ကြလေ့ရှိသည်။

ဒီမိုကရေစီစနစ်၏ အခြေခံမှုဖြစ်သည့် နိုင်ငံသားအားလုံး တန်းတူဖြစ်ရေးနှင့် တန်းတူအခွင့်အရေး ရရှိရေးဆိုသည့်အချက်ကို စွဲကိုင်ထားသည့်တိုင် အစိုးရတစ်ရပ်ဖွဲ့စည်းရာတွင် လူမှုအလွှာများ အားလုံး မျှတသော အချိုးအစားတစ်ရပ် ပါဝင်ခွင့် ရရှိရေးမှာ ခက်ခဲလျက်ပင်ရှိလေသည်။

## ကိုယ်စားပြု အစိုးရ၏ တာဝန်ခံမှု

ပြည်သူလူထုက မဲဖြင့် ရွေးချယ်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များက တိုင်းရေးပြည်ရာများကို ဆွေးနွေးခြင်း၊ အတည်ပြုဆုံးဖြတ်ခြင်းများ ပြုလုပ်မည့် ဥပဒေပြုလွှတ်တော် (legislature) တစ်ရပ်နှင့် တိုင်းပြည်ကို အုပ်ချုပ်မည့် အစိုးရတစ်ရပ် (government)တို့ရှိနှင့်နေပြီဆိုပါစို့။ တစ်နည်းအားဖြင့်ဆိုရလျှင် လွှတ်တော်သည် လူထုမှ ပေါက်ဖွားလာသော လူထုကိုယ်စားပြု လွှတ်တော်ဖြစ်၍ အစိုးရသည်လည်း လူထုမှ ပေါက်ဖွားလာကာ လူထုကိုယ်စားပြု အစိုးရဖြစ်နေသည်။ ယခုကျွန်တော်တို့ လေ့လာဆန်းစစ်လိုသည့်အ



ချက်မှာ အသစ်ဖွဲ့စည်းလိုက်သည့် အစိုးရတစ်ရပ် အာဏာစတင်ရယူလိုက်သည့်အခါ ဘာတွေဖြစ်လာကြမည်နည်းဆိုသည်ကို လေ့လာဖို့ဖြစ်ပါသည်။ တိုင်းသူပြည်သားများသည် အစိုးရတစ်ရပ်ကို ရွေးချယ်တင်မြှောက်လိုက်သောအခါ ယင်းအစိုးရအနေနှင့် တိုင်းပြည်အတွက် ထိထိရောက်ရောက် စွမ်းဆောင်နိုင်မှုကို လူထုက မြင်လိုကြသည်မှာ ဓမ္မတာပင်ဖြစ်သည်၊ အစိုးရအုပ်ချုပ်ရေး ယန္တရားကြီးတစ်ခုလုံး လူထုကောင်းစားရေးအတွက် စွမ်းရည်ကောင်းကောင်းဖြင့် လည်ပတ်နေသည်ကို လူထုက မြင်လိုကြသည်၊ လက်တွေ့ကျ၍ တကယ်ရရှိနိုင်မည့် မူဝါဒများကို အစိုးရက ရေးဆွဲအကောင်အထည် ဖော်နိုင်ကြသည်ကိုသည်း လူထုက တွေ့လိုကြသည်၊ ယင်းတို့ထက် အရေးကြီးသည့်အချက်တစ်ခုမှာ လူထုက အစိုးရအဖွဲ့အား အာဏာများ အပြည့်အဝအပ်နှင်းထားရုံမျှမက အစိုးရက စိတ်ကြိုက်သုံးနိုင်သည့် အခွန်ငွေများ တိုလည်း ပေးအပ်ထားပြီးဖြစ်သောကြောင့် အစိုးရအနေနှင့်ကလည်း လူထုအပေါ် တာဝန်ခံဖို့ လူထုက လိုလားလျက်ရှိသည်။

တာဝန်ခံမှု (accountability)ဆိုသည်မှာ ယနေ့ခေတ် မည်သည့် အင်စတီကျူးရှင်းများတွင်မဆို လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းခံရသော ပုဂ္ဂိုလ်များ အလေးထား လိုက်နာရမည့် အဓိကပြဋ္ဌာန်းချက်တစ်ရပ်ဖြစ်သည်၊ ယင်းပြဋ္ဌာန်းချက်မှာ အာဏာပိုင်များသည် သင့်တော်သောအဖွဲ့အစည်းတစ်ရပ်ထံတွင် ၎င်းတို့၏ လုပ်ဆောင်ချက်များ၊ ၎င်းတို့၏ မူဝါဒများသည် မှန်ကန်ကြောင်း ကျိုးကြောင်းသင့်စွာ ရှင်းပြနိုင်သည်ဆိုသည့် ပြဋ္ဌာန်းချက် ဖြစ်သည်။ အာဏာပိုင်များသည် ပေးအပ်ထားသော အခွင့်အာဏာများကို ဘောင်ကျော်၍ အလွန်အကျွံ အသုံးပြုလျှင်သော်လည်းကောင်း၊ မရိုးသားသော နည်းလမ်းများကို အသုံးပြုလျှင်သော်လည်းကောင်း ၎င်းတို့အား အရေးယူနိုင်ခွင့်(sanction) ရှိရမည်။ အာဏာပိုင်များ တာဝန်ခံမှုကို စစ်ဆေးသည့်အဖွဲ့တွင် ရှိရမည့် လိုအပ်ချက် နှစ်ရပ်ရှိသည်။ ပထမလိုအပ်ချက်မှာ အာဏာ

www.burmeseclassic.com

www.burmeseclassic.com




ပိုင်များ လုပ်ဆောင်နေသော ကိစ္စရပ်များနှင့်ပတ်သက်၍ ပြည့်စုံ တိကျသော 'သတင်းအချက်အလက်များ'ကို စစ်ဆေးရေးအဖွဲ့က ရယူခွင့်ရှိနေရမည်၊ ဒုတိယလိုအပ်ချက်မှာ အာဏာပိုင်များသည် ၎င်းတို့၏အာဏာကို အလွဲသုံးစားပြုလျှင်သော်လည်းကောင်း သို့တည်းမဟုတ် ၎င်းတို့၏ ဆောင်ရွက်ချက်များအပေါ် ယုံကြည်မှု ကင်းမဲ့သွားလျှင်သော်လည်းကောင်း ၎င်းတို့အား အရေးယူနိုင်ခွင့်အာဏာကို စစ်ဆေးရေးအဖွဲ့တွင် အပ်နှင်းထားရမည်။ သတင်းအချက်အလက် ရယူခွင့်နှင့် အရေးယူနိုင်ခွင့် အာဏာသည် တာဝန်ခံမှု ထိထိရောက်ရောက် ရှိလာရေးအတွက် အဓိကသော့ချက်များ ဖြစ်သည်။

ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံရေးစနစ်တွင် အစိုးရက တာဝန်ခံရသော အဖွဲ့အစည်းအမျိုးမျိုးရှိသည်။ ယင်းအဖွဲ့အစည်းအမျိုးမျိုးကို လှည်းဘီးပုံဖြင့် ဖော်ပြထားပြီး လှည်းဘီး၏ ဆုံလည်တွင် အစိုးရအဖွဲ့ကိုထားကာ စစ်ဆေးရေးအဖွဲ့များကို လှည်းဘီးခွေတွင် ထားရှိသည်။ (ပုံကိုရှုပါ။) စစ်ဆေးရေးအဖွဲ့များကို အုပ်စုလေးစုခွဲနိုင်သည်။ ၎င်းတို့မှာ (၁) ဥပဒေပြုလွှတ်တော် (၂) တရားရေး အဖွဲ့များ (၃) လူထုသဘောထား ဖော်ထုတ်ရေးအဖွဲ့အစည်းများနှင့် (၄) မဲဆန္ဒရှင်များဟူ၍ ဖြစ်သည်၊ ဥပဒေပြုလွှတ်တော်နှင့် တရားရေးအဖွဲ့များသည် အစိုးရအဖွဲ့၏ တန်းတူ သို့မဟုတ် ဘေးတိုက်တာ ဝန်ခံမှု (lateral accountability)ဟု ခေါ်ဆိုကြပြီး မဲဆန္ဒရှင်များကို တာဝန်ခံမှုကို အထက်အောက် သို့မဟုတ် ထောင်လိုက်တာဝန်ခံမှု (vertical accountability)ဟုခေါ်သည်။ အထက်ဖော်ပြပါ စစ်ဆေးရေး အဖွဲ့အစည်း တစ်ခုစီတွင် 'သတင်းရယူခြင်း'နှင့် 'အရေးယူခြင်း' နည်းလမ်းများ ကိုယ်စီကိုယ်ငှ ရှိကြသည်၊ ဒီမိုကရေစီစနစ် လက်တွေ့ ကျင့်သုံးနေကြသော နိုင်ငံအသီးသီးတွင် စစ်ဆေးရေးအဖွဲ့ လေးခုစလုံး ထိထိရောက်ရောက် အလုပ်လုပ်နေဖို့လိုသည်။ အကယ်၍ လေးခုအနက် တစ်ခုခုသာ ဆိုးဆိုးရွားရွားကြီး အလုပ်မလုပ်တော့လျှင် တာဝန်ခံမှု



ဘီးသည်လည်း လုံးဝလည်ပတ်တော့မည် မဟုတ်တော့ဘဲ ရပ်တန့်သွားမည်ဖြစ်သည်။ စစ်ဆေးရေးအဖွဲ့ တစ်ခုချင်းစီအကြောင်းကို လေ့လာတင်ပြပါမည်။




အစိုးရ၏ တာဝန်ခံမှုပြ လှည်းဘီးပုံ

## ပါလီမန် သို့မဟုတ် ဥပဒေပြုလွှတ်တော်

ပါလီမန် သို့မဟုတ် ဥပဒေပြုလွှတ်တော်သည် အစိုးရအဖွဲ့ရပ်အား ၎င်းတို့၏ မူဝါဒများနှင့် လုပ်ဆောင်ချက်များအပေါ် တာဝန်ခံခိုင်းဖို့ ထိန်းချုပ်ထားနိုင်သည့် တာဝန်အရှိဆုံး အဖွဲ့အစည်း တစ်ရပ်ဖြစ်သည်။ ဥပဒေပြုလွှတ်တော်တွင် အစိုးရ၏ လုပ်ဆောင်ချက်များ

www.burmeseclassic.com



နှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိရေးနည်းလမ်းများစွာ ရှိသည်။ စုံညီလွှတ်တော်တွင်လည်းကောင်း၊ အထူးကော်မတီများဖွဲ့စည်း၍သော်လည်းကောင်း သတင်းအချက်အလက်များ ရယူနိုင်သည်။ ရယူနိုင်သည့်နည်းလမ်းများမှာ အခြေအတင် ဆွေးနွေးပွဲများ၊ အစီရင်ခံစာများ၊ ဝန်ကြီးများနှင့် ၎င်းတို့လက်အောက်ရှိ တာဝန်ရှိ ပုဂ္ဂိုလ်များကို မေးခွန်းများမေးခြင်း၊ မှတ်တမ်းမှတ်ရာများတောင်းခံခြင်း စသည်ဖြင့်ဖြစ်သည်။ သတင်းရယူခြင်းအပြင် နိုင်ငံရေးအရ အပြစ်ပေးခြင်းများကိုလည်း ပြုလုပ်နိုင်သည်။ အပြစ်ပေးနည်းများမှာ အစိုးရ၏ လုပ်ငန်းများကို ကြန့်ကြာအောင်လုပ်ခြင်းနှင့် ပိတ်ပင်တားမြစ်ခြင်း၊ တိုင်းပြည်၏ အသုံးစရိတ်နှင့် အခွန်ကောက်ခံမှု အတည်ပြုချက်များကို ဆိုင်းငံ့ထားခြင်း၊ ဝန်ကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအား ပြစ်တင်ဝေဖန်ခြင်း သို့မဟုတ် ရာထူးမှထုတ်ပယ်ပစ်ခြင်း စသည်ဖြင့်ဖြစ်သည်။

သမ္မတစနစ်(presidential system)တွင် ဥပဒေပြုလွှတ်တော်ကို အတိုက်အခံပါတီအမတ်များက ထိန်းချုပ်ထားပါက ဥပဒေပြုလွှတ်တော်သည် သမ္မတကို ထိန်းချုပ်နိုင်သည့်အာဏာ အများဆုံး ပိုင်ဆိုင်ထားသည်။ ဥပမာ အမေရိကန်တွင် သမ္မတသည် ရီပတ်ဘလစ်ကန်မှဖြစ်ပြီး ကွန်ဂရက်လွှတ်တော်ကို ဒီမိုကရက်တစ်ပါတီမှ အမတ်အများစုဖြင့် ဖွဲ့စည်းထားပါက သမ္မတ၏ မူဝါဒတစ်ရပ် အတည်ပြု အကောင်အထည်ဖော်ရေးမှာ လွယ်ကူလိမ့်မည် မဟုတ်ပါ။ ယင်းအခြေအနေမျိုးတွင် သမ္မတ၏ လုပ်နိုင်စွမ်းမှာ အကန့်အသတ်ခံနေရသောကြောင့် သမ္မတ၏ မူဝါဒတစ်ရပ် အကောင်အထည်ဖော်ရေးမှာ မလွယ်ကူတော့ဘဲ စနစ်ရပ်တန့်မှု (gridlock)ကို ဖြစ်ပေါ်စေသည်။ ပါလီမန်က အဓိက အာဏာရှိသည့်စနစ် (parliamentary system)တွင်မူ ဥပဒေပြုလွှတ်တော်၌ အာဏာရပါတီ၏ အမတ်များသည် အများစုဖြစ်ပါက ဥပဒေပြုလွှတ်တော်တွင် ဝန်ကြီးချုပ်၏ အာဏာကို ကန့်သတ်ထိန်း



ချုပ်မည့် အာဏာမှာ မရှိသလောက်ပင် ဖြစ်သည်။ ဝန်ကြီးချုပ်က ချမှတ်လိုက်သော မူဝါဒမှန်သမျှကို လွှတ်တော်က ဝေဖန်ဆန့်ကျင်ခြင်းထက် အတည်ပြုလိုက်ရုံမျှသာ တတ်နိုင်သောကြောင့် လွှတ်တော်ဆိုသည်မှာ ဝန်ကြီးချုပ်၏ မူဝါဒမှန်သမျှ အတည်ပြုပေးရသည့် ရာဘာတံဆိပ်တုံး(rubber stamp) ဟုပင် ခေါ်စမှတ် ပြုကြသည်။ ထို့အတွက်ကြောင့် ဝန်ကြီးချုပ် အဓိက အာဏာရှိသည့်စနစ်တွင် ဥပဒေပြုလွှတ်တော်ထဲ၌ အတိုက်အခံအမတ်များ အင်အားကောင်းဖို့ လိုအပ်သည်။ သို့မှသာ ဝန်ကြီးချုပ်သည် သူလုပ်ချင်ရာ ထင်တိုင်းကြဲ၍ မရတော့ဘဲ အတိုက်အခံကို လေးစားသည့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်မည်ဖြစ်သည်။ အတိုက်အခံအင်အား ချည့်နဲ့နေသည့် အခြေအနေမျိုးတွင် ဒီမိုကရေစီစနစ် ရှင်သန်ရန် အလွန် ခက်ခဲလှသည်။ ဝန်ကြီးချုပ်က အာဏာရှင်ဆန်ဆန် အုပ်ချုပ်ခွင့်ရရှိသွားသည့် ရွေးချယ်တင်မြှောက်ခံ အာဏာရှင် (elected dictator)စနစ်သို့ လျောကျသွားဖွယ်ရှိသည်။ ထို့အတွက်ကြောင့် ဒီမိုကရေစီစနစ် အားလုံးတွင် အစိုးရ၏ မူဝါဒများကို ဝေဖန်စိစစ်မှုပြုရာတွင် အတိုက်အခံပါတီများသည် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေလေသည်။

## တရားရေးအဖွဲ့အစည်းများ

တရားရုံးတော်များသည် နိုင်ငံသားတို့၏ အခြေခံရပိုင်ခွင့်များ ကာကွယ်ပေးရာတွင်လည်းကောင်း၊ တရားဥပဒေစိုးမိုးမှု ထွန်းကားအောင် ပြုလုပ်ရာတွင်လည်းကောင်း အလွန်အရေးကြီးလှသည်။ ထို့အတူ အစိုးရတစ်ရပ်၏ တာဝန်ခံ ဆောင်ရွက်ချက်များသည် တရားဥပဒေနှင့် ဘောင်ဝင် မဝင် ဆန်းစစ်ပေးရာတွင် တရားရုံးတော်များသည် အလွန်အရေးပါလှသည်။ တရားရေးအဖွဲ့များ(legal bodies)သည် အများအားဖြင့် ဖြစ်ပေါ်လာသော အခြေအနေများပေါ် မူတည်၍ အလိုက်သင့်တုံ့ပြန်မှုသာ ပြုတတ်သောသဘောရှိသည်။ မတော်မ

www.burmeseclassic.com

www.burmeseclassic.com



တရား အုပ်ချုပ်ခြင်းကြောင့်လည်းကောင်း၊ အာဏာ အလွဲသုံးစား လုပ်ခြင်းကြောင့်လည်းကောင်း နစ်နာသွားကြသူများရှိခဲ့လျှင် ၎င်းတို့ တစ်ဦးစီက နစ်နာချက်များနှင့်ပတ်သက်၍ အမှုဖွင့် တိုင်တန်းလာသည့်အခါမျိုးတွင်မှ တရားရေးအဖွဲ့က ယင်းအမှုများကို ကိုင်တွယ်ဖြေရှင်းပေးရသည်။ ယင်းသို့ဖြေရှင်းရာတွင် တရားရေးအဖွဲ့များသည် အစိုးရ၏ ဌာနဆိုင်ရာ လျှို့ဝှက်မှတ်တမ်းများကို တောင်းယူကြည့်ရှုခွင့်ရှိသည့် အာဏာနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များကို စစ်ဆေးခြင်း၊ ပြန်လှန်မေးခွန်းထုတ်ခြင်း အာဏာများကို ပိုင်ဆိုင်ထားကြသည်၊ တိုင်တန်းမှုတွင် ပါဝင်ပတ်သက်နေသည့် တာဝန်ရှိ ပုဂ္ဂိုလ်များသည် မတော်မတရား ပြုခဲ့ကြောင်း၊ အာဏာ အလွဲသုံးစား လုပ်ခဲ့ကြောင်း တွေ့ရှိခဲ့ပါက တရားရုံးတော်က ထိုက်သင့်သော တရားရေး လုပ်ထုံးလုပ်နည်းများကို အသုံးပြု၍ တရားသဖြင့် ဖြစ်စေခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းများ ပြုလုပ်ခွင့်ရှိသည်။

တရားရုံးတော်များသည် တရားစီရင်ရေးအပြင် အထူးစုံးစမ်းစစ်ဆေးရေး အမြဲတမ်းကော်မရှင်များနှင့် အထူးစုံစမ်းစစ်ဆေးရေး ယာယီကော်မရှင်များကို ဖွဲ့စည်းခွင့်အာဏာရှိသည်။ ယနေ့ခေတ်တွင် အကျင့်ပျက်မှု တိုက်ဖျက်ရေးကော်မရှင်များ (anti-corruption commissions) ကို အမြဲတမ်းကော်မရှင်များအဖြစ် အများအပြား ဖွဲ့စည်းနေကြပြီဖြစ်သည်။ ယင်းကော်မရှင်များသည် တစ်ဦးတစ်ယောက်ချင်း တိုင်တန်းလာသော အမှုများကို ဖြေရှင်းခြင်းထက် ကော်မရှင်များကိုယ်တိုင်က ဦးဆောင်ဦးရွက်ပြု၍ တရားဥပဒေကြောင်းဆိုင်ရာ ဟန့်တားရေး အစီအစဉ်များကို ရေးဆွဲလုပ်ကိုင်လာကြသည်။ သာမန် နိုင်ငံသား တစ်ယောက်အတွက် ချဉ်းကပ်ရန် အလွယ်ဆုံး တရားရေးအဖွဲ့တစ်ရပ်မှာ အစိုးရဌာနများအပေါ် မကျေနပ်ချက်များကို စုံးစမ်းတင်ပြရန် အစိုးရက ခန့်အပ်ထားသော အရာရှိများအဖွဲ့ (body of ombudsmen) သို့မဟုတ် ပြည်သူ့ဘက်မှ အကာအကွယ်ပေးရေးအဖွဲ့ (body



of public defenders)တို့ဖြစ်သည်။ အဆိုပါ အဖွဲ့များ၏ စုံစမ်းစစ်ဆေးခွင့်အာဏာနှင့် အရေးယူခွင့်အာဏာများသည် တရားရုံးတော်များလောက် အရာမရောက်လှသော်ငြားလည်း ယင်းအဖွဲ့များသို့ တိုင်တန်းခြင်းသည် အခမဲ့ဖြစ်သောကြောင့် တရားစရိတ်မတတ်နိုင်သော နိုင်ငံသားများအဖို့ အလွန်တရာမှ အားကိုးအားထားပြုရသည့် တရားရေးအဖွဲ့များ ဖြစ်သည်။ နိုင်ငံ အတော်များများတွင် ယင်းသို့သော ပြည်သူ့အင်စတီကျူးရှင်းများသည် အစိုးရများ၊ နိုင်ငံရေးသမားများ၊ တရားရုံးတော်များနှင့် ရဲဌာနများထက်ပို၍ ပြည်သူလူထုက အားကိုးယုံကြည်ကြသော အဖွဲ့အစည်းများဖြစ်ကြောင်း သက်သေခံလျက်ရှိ၏။

## ပြည်သူ့သဘောထားထုတ်ပြန်ရေး ယန္တရားများ

'ပြည်သူ့သဘောထား' ဆိုသည့် ဝေါဟာရသည့် ဝိုးတဝါးနိုင်လွန်း၍ အဓိပ္ပာယ်ဖွင့်ဆိုရန် ခက်လှသည့်အတွက်ကြောင့် အစိုးရတစ်ရပ်အား 'တာဝန်ခံ'နိုင်အောင် ထိန်းချုပ်နိုင်စွမ်းရှိသည့် အဆောက်အအုံ(entity)တစ်ခုဟုပင် ထင်ရက်စရာမရှိပါ။ ပြည်သူ့သဘောထားများဖြစ်တည်လာရေးအတွက် အဓိကအကျဆုံး အေဂျင်စီများမှာ သတင်းစာဂျာနယ်များနှင့် အသံလွှင့်ဌာနများဖြစ်သည်၊ အလွန်တော်သောဂျာနယ်လစ်များသည် အစိုးရများက အသိမခံလိုသည့် သတင်းများကို 'နှိုက်'ရာတွင် အလွန်ထူးချွန်ကြသည်၊ စုံစမ်းဖော်ထုတ်ရေးသတင်းစာပညာ (investigative journalism)သည် ဒီမိုကရေစီစနစ်၏ အသက်သွေးကြော ဖြစ်သည်၊ သတင်းမီဒီယာများသည် အစိုးရနှင့် ပတ်သက်သည့်သတင်းများကို လူထုထံဖြန့်ဝေပေးသည့် အဓိကထားသောဆက်သွယ်ရေးယန္တရားဖြစ်ရုံမျှမက ၎င်းတို့၏ သတင်းရွေးချယ်မှု ဇောင်းပေးတင်ဆက်ပုံပေါ် မူတည်၍ လူထု၏ တုံ့ပြန်မှုတို့ကို ပုံသွင်းပေးရာတွင်လည်း အဓိကကျ၏၊ ယနေ့ခေတ် အစိုးရများသည် ပညာရပ်ဆန်သော သတင်းအချက်အလက်များ (technical infor-

www.burmeseclassic.com

www.burmeseclassic.com



mation) ပေါ်မူတည်၍ မူဝါဒများရေးဆွဲကြသည်။ ပညာရပ်ဆန်သော အချက်အလက်များ မည်မျှ တိကျလှကြောင်းကို သာမန်ပြည်သူများ အနေနှင့် နားလည်ရန် ခက်ခဲလှသောကြောင့် လူထု နားလည်အောင် အတဲဖြတ်ပေးသည့် လွတ်လပ်သော ကျွမ်းကျင်သူများ (independent experts)ကို ရုပ်မြင်သံကြား ဖန်သားပြင်ပေါ်တွင် အမြဲလိုလိုတွေ့နေရမည် ဖြစ်သည်။

ပြည်သူ့သဘောထားကို ထင်ဟပ်ပြမည့် အဆောက်အအုံတစ်ခုမှာ စနစ်တကျ ဖွဲ့စည်းထားသော လူထုအဖွဲ့အစည်းများ ဖြစ်သည်။ အလုပ်သမားများ၊ အငြိမ်းစားပင်စင်စားများ၊ မသန်စွမ်းသူများ စသည်ဖြင့် လူ့အဖွဲ့အစည်းတစ်ခု၏ ကဏ္ဍအသီးသီးကို ကိုယ်စားပြုနေသော လူမှုအဖွဲ့အစည်းများသည် အစိုးရ၏ မူဝါဒတစ်ရပ်သည် ၎င်းတို့အပေါ် မည်သို့သော သက်ရောက်မှုတွေ ရှိနိုင်သည်ကို လူထုနေရာမှ အောက်ခြေသိမ်း သိရှိသူများဖြစ်ပြီး ယင်းသက်ရောက်မှုများကို တစ်တိုင်းပြည်လုံးသိအောင် ကြေညာမောင်းခတ် နိုင်ကြသူများ ဖြစ်သည်။

လူထုသဘောထားများ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးနိုင်သော အထက်ပါ အေဂျင်စီများအားလုံးသည် အစိုးရနှင့် အစိုးရ၏ မူဝါဒများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များရယူဖို့ အပြင်းအထန် ကြိုးစားကြသည်။ အစိုးရ၏ မှတ်တမ်းများနှင့် စာရင်းအင်း အချက်အလက်များကို ဂျာနယ်လစ်များနှင့် စိတ်ဝင်စားသော ပါတီများ(interested parties)အား ရယူခွင့်ပေးထားသော 'သတင်းလွတ်လပ်ခွင့် ဥပဒေများ' ပြဋ္ဌာန်းပေးထားသည့် ဒီမိုကရေစီ နိုင်ငံများတွင် အေဂျင်စီများ၏ လုပ်ငန်းများသည် ပို၍ပင် ထိရောက်လှသည်။ သို့သော် အစိုးရအပေါ် အဆိုပါ အေဂျင်စီများ၏ အရေးယူခွင့် (sanction)သည် အလွန်အားနည်းလှသည်ဟု ထင်စရာအကြောင်းရှိသည်။ အတွေးအခေါ်ပညာရှင် ဘန်သမ် ပြောခဲ့သည့် စကားကို ကိုးကားရလျှင် ယင်းအေဂျင်စီများသည် (အစိုးရ၏ လုပ်ရပ်အပေါ်



ပြည်သူတို့က ဝေဖန်မှု၊ အရှက်ရစရာကိစ္စဟု ထင်မြင်မှု စသည့်) ကျင့်ဝတ်ရေးရာ အရေးယူမှု(moral sanctions) အာဏာများကို ပိုင်ဆိုင်ထားကြသည်။ ကျင့်ဝတ်ရေးရာ အရေးယူမှု၏ တန်ခိုးစွမ်းအားကို လျှော့တွက်၍ရသည်မဟုတ်။ ပြည်သူအားလုံးက တစ်စည်းတစ်လုံးတည်း၊ တစ်သဘောတည်းသာရှိလျှင် အာဏာရအစိုးရကို ရွေးကောက်ပွဲဖြင့် အရေးယူဖယ်ရှားခြင်း (electoral dismissal)ပြုနိုင်သည်။ ယင်းမှာ ကျင့်ဝတ်ရေးရာ အရေးယူမှု၏ တန်ခိုးစွမ်းအားပင် ဖြစ်သည်။

## မဲဆန္ဒရှင်များ

တာဝန်ခံမှုနှင့် ပတ်သက်၍ စစ်ဆေးရေးအဖွဲ့တွင် အရေးယူမှု အာဏာပါဝင်ကြောင်း ကျွန်တော်တို့ တွေ့ရှိခဲ့ပြီးဖြစ်ပါသည်။ အစိုးရတစ်ရပ်အား အဆုံးစွန်ဆုံး အရေးယူမှု ပုံစံတစ်ခုမှာ ရွေးကောက်ပွဲဖြင့် အရေးယူဖယ်ရှားနိုင်ကြောင်းကိုလည်း တင်ပြခဲ့ပြီး ဖြစ်ပါသည်။ အစိုးရတစ်ရပ်သည် ရွေးကောက်ပွဲရလဒ်ကို လိုသလို ခြယ်လှယ်နိုင်သည့် အတွက်ကြောင့်လည်းကောင်း၊ မိမိလိုလားရာ ပါတီဘက် မျက်နှာသာပေးနိုင်သောကြောင့်လည်းကောင်း မဲဆန္ဒရှင်များ၏ အရေးယူမှုကို အစိုးရက ဘာကြောက်စရာမှ မရှိဟုဆိုလျှင် အခြားသော အရေးယူမှု ပုံစံများအားလုံး (ပြည်သူ့လွှတ်တော်၊ တရားရေးအဖွဲ့များ၊ ပြည်သူ့သဘောထား)သည်လည်း သူ့အလိုလို ချည့်နဲ့သွားလိမ့်မည်ဟု ယူဆဖွယ်ရှိပါသည်။ အာဏာရအစိုးရသည် ပြန်လည်ရွေးချယ်တင်မြှောက်ခံရဖို့ အလားအလာ သေချာလှသည်ဟုဆိုလျှင် အစိုးရအနေနှင့် ဥပဒေပြုလွှတ်တော်တွင် အစိုးရအား ဝေဖန်ထားသည့် အစီရင်ခံစာများအား ဘာမှုစရာလိုသနည်း၊ သို့မဟုတ် သတင်းစာများတွင် အစိုးရ၏ အရှက်ရစရာ လုပ်ရပ်များအပေါ် ရေးသားထားချက်များကို ဘာဂရုစိုက်စရာလိုသနည်း၊ တရားသူကြီးချုပ်၏ တရားစီရင်မှုကို ဘာပမာထားစရာလိုသနည်း။ သို့သော် လက်တွေ့တွင် အာဏာရအစိုးရများသည် အထက်

www.burmeseclassic.com

www.burmeseclassic.com



ပါ အစီရင်ခံစာများ၊ သတင်းစာရေးသားချက်များနှင့် ဗဟိုတရားရုံးတော်၏ ဆုံးဖြတ်ချက်များကို အလေးထားနေရသည်။ အကြောင်းမှာ လာမည့်ရွေးကောက်ပွဲရလဒ်အပေါ် ရင်တမမနှင့် မရေမရာဖြစ်နေမှု (uncertainty)သည် ဒီမိုကရေစီ အစိုးရတွင် 'တာဝန်ခံမှု' ရှိဖို့လိုအပ်ကြောင်း သို့မဟုတ် ထင်တိုင်းကြဲ၍ မရကြောင်း သက်သေထူလျက်ရှိ၏။

ရွေးကောက်ပွဲများကို လေးနှစ်မှ တစ်ကြိမ်၊ ငါးနှစ်မှတစ်ကြိမ် ကျင်းပကြသောကြောင့် ရွေးကောက်ပွဲများသည် သိပ်စွမ်းအားကြီးလှသည်မဟုတ်ဟု ထင်ရဖွယ်ဖြစ်ပါသည်၊ ရွေးကောက်ပွဲတစ်ခုနှင့် တစ်ခုကြား နှစ်များခြားနေသည့်တိုင် ရွေးကောက်ပွဲဆိုသည့် အရိပ်မဲကြီးက အာဏာရအစိုးရနောက် တကောက်ကောက် လိုက်ကာ ခြောက်လှန့်လျက်ရှိ၏။ ဤဖြစ်ရပ်ကို 'ကြိုတင်မျှော်မှန်းနိုင်သော တုံ့ပြန်မှုများ နိယာမ' (law of anticipated reactions)ဟု ခေါ်ကြသည်။ ထို့အတွက်ကြောင့် အာဏာရ အစိုးရများသည် ကောင်းတာလုပ်လျှင် ကောင်းသောတုံ့ပြန်မှု၊ ဆိုးတာလုပ်လျှင် ဆိုးသောတုံ့ပြန်မှုများ ရရှိလာလိမ့်မည်ဟူသော ကြိုတင်မျှော်မှန်းထားမှုများကြောင့် ၎င်းတို့၏ အပြုအမူများကို လူထုနှင့် လိုက်လျောညီထွေဖြစ်အောင် အမြဲတမ်း အားထုတ်နေကြရသည်။ ဤသည်မှာ တာဝန်ခံမှု၏ အလုပ်လုပ်ပုံပင် ဖြစ်သည်၊ ရွေးကောက်ပွဲကျင်းပရေး လုပ်ငန်းစဉ်များသည် တရားမျှတ၍ ကြံ့ခိုင်မှုရှိသည်ဆိုလျှင် အစိုးရများသည် ၎င်းတို့၏ ဆောင်ရွက်ချက်များနှင့် ပေါ်လစီများအပေါ် လူထုသဘောထားအမြင်များ မည်သို့ရိုက်ခတ်မှုရှိမည်ကို (နောက်လာမည့် ရွေးကောက်ပွဲကို ခေါင်းထဲထည့်ကာ) အမြဲတစိုက်မတ်မတ် သတိထား လေ့လာလျက်ရှိ၏။ အာဏာရ အစိုးရများသည် ရွေးကောက်ပွဲဖြင့် 'အရေးယူ' ဖြုတ်ချခံရမည့်အချက်ကို စိုးရိမ်စိတ်ဖြင့် သတိထားနေရမှုက တစ်ဖန် ဥပဒေပြုလွှတ်တော်နှင့် တရားရုံးတော်များ၏ 'အရေးယူမှုများ'ကို အာဏာရ အစိုးရများသည် အလေး



ထားမဖြစ် အလေးထားလာရစေလေသည်။

*****

## အရပ်သားအသင်းစု လူ့အဖွဲ့အစည်းများ

ဒီမိုကရေစီစနစ်ထူထောင်ရာတွင် အဓိကအရေးကြီးသော မဏ္ဍိုင်ကြီး သုံးခုရှိသည်။ ပထမနှင့် အဓိကအကျဆုံး မဏ္ဍိုင်မှာ နိုင်ငံသားရပိုင်ခွင့်များမဏ္ဍိုင် (civil rights) ဖြစ်ပြီး ဒုတိယမဏ္ဍိုင်မှာ ပြည်သူတို့အား ကိုယ်စားပြု၍ ပြည်သူတို့အား တာဝန်ခံသော အစိုးရ အဖွဲ့အစည်းများမဏ္ဍိုင် (institutions of representative and accountable government) ဖြစ်သည်၊ တတိယနှင့် နောက်ဆုံး မဏ္ဍိုင်မှာ အရပ်သားအသင်းစု လူ့အဖွဲ့အစည်းများ (ရပ်သင်းစု) (civil society) ဖြစ်သည်။ ဤမဏ္ဍိုင် သုံးခုအနက် မဏ္ဍိုင်တစ်ခုခုသာ အခြေမခိုင်ပါက ဒီမိုကရေစီစနစ်သည် ပုံမှန်လည်ပတ်တော့မည် မဟုတ်ပါ။

ရပ်သင်းစုဟူသည် အဘယ်နည်း။ ရပ်သင်းစု ဟူသည်မှာ အစိုးရနှင့် မပတ်သက်သော အသင်းအဖွဲ့များ များစွာဖြင့် ဖွဲ့စည်းထူထောင်ထားသော လူ့ဘောင်ကို ခေါ်သည်၊ စာဖတ်အသင်း၊ ဆွမ်းလောင်းအသင်း၊ ကျောင်းသားမိဘများအသင်း၊ ပင်စင်စားများအသင်း၊ အလုပ်သမားဖူလုံရေးအသင်း စသည်ဖြင့် မိမိတို့ စိတ်ဝင်စားရာ၊ မိမိတို့ အကျိုးစီးပွားကို ရှေ့ရှုရာ အကြောင်းတစ်စုံတစ်ရာပေါ် အခြေခံ၍ဖွဲ့စည်းထားသော အသင်းအဖွဲ့များဖြစ်သည်။ ရပ်သင်းစု၏ ဝိသေသလက္ခဏာ သုံးခုရှိသည်၊ (၁) အသင်းဝင်တိုင်းသည် (မည်သူ တစ်ဦးတစ်ယောက်ကမှ အတင်းအကျပ်ပြု၍ မဟုတ်ဘဲ) မိမိဆန္ဒ အလျောက်ဝင်ရမည်ဖြစ်ပြီး သက်ဆိုင်ရာ အသင်းအဖွဲ့များတွင် ကိုယ်ပိုင်ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများ (voluntary participation and self-regulation)ရှိရမည်။ (၂) အသင်းအဖွဲ့တစ်ရပ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်လုပ်ပိုင်ခွင့်(autonomy)ရှိရမည်၊ (၃) အစိုး

www.burmeseclassic.com

www.burmeseclassic.com



ရနှင့် လုံးဝသက်ဆိုင်မှု မရှိဘဲ၊ အစိုးရ၏ ဩဇာအာဏာ လွှမ်းမိုးမှုမရှိသော (separation from state) အဖွဲ့အစည်းဖြစ်ရမည်။ ဤစံချိန်စံညွှန်းသုံးခုနှင့် ကိုက်ညီမှ ရပ်သင်းစုဟု ခေါ်တွင်နိုင်မည် ဖြစ်သည်။ ရပ်သင်းစုများသည် ဒီမိုကရေစီစနစ် ထူထောင်ရာတွင် မည်မျှ အရေးပါလှပါသနည်း။ မည်သို့ကြောင့် အရေးပါလှပါသနည်း၊ မည်သည့်ပုံစံဖြင့် အရေးပါလှပါသနည်း။ ဤမေးခွန်းများကို ဆွေးနွေး တင်ပြပါမည်။

## သက်ဝင်လှုပ်ရှားနေသောဒီမိုကရေစီ

ဒီမိုကရေစီစနစ်၏ အဓိက အနှစ်သာရမှာ စုပေါင်းဆုံးဖြတ်ချက်ချခြင်း (collective decision)ဟူ၍ အဓိပ္ပာယ်ကောက်နိုင်လေရာ စုပေါင်းဆုံးဖြတ်ချက်ချဖို့ အခြားသူများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်လာသည်။ လူတို့သည် မိမိတို့၏ ဘုံလိုအပ်ချက်များကို ဖြည့်ဆည်းဖို့ရန် အတူပေါင်းစည်းကြသည်မှာ ဓမ္မတာပင် ဖြစ်သည်၊ ဤသို့ပေါင်းစည်းဖို့အတွက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် (freedom of expression) နှင့် လွတ်လပ်စွာ အသင်းဖွဲ့ပိုင်ခွင့် (freedom of association)တို့ ရှိဖို့လိုသည်။ သမဝါယမအသင်းများ၊ ကလပ်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ကုသိုလ်ဖြစ်အသင်းများ၊ အလုပ်သမားအစည်းအရုံးများနှင့် ကိုယ်ထူကိုယ်ထအသင်းများ စသည်တို့သည် အများ၏ လိုအပ်ချက်တစ်ရပ်ကို ဖြည့်ဆည်းဖို့ ဖွဲ့စည်းထားသော သို့မဟုတ် စိတ်ဝင်စားမှု တစ်ခုပေါ်အခြေခံ၍ ဖွဲ့စည်းထားသော အသင်းအဖွဲ့များဖြစ်သည်။ တချို့သော အသင်းများသည် အခြေအနေတစ်ရပ်၏ လိုအပ်ချက်အတွက် ယာယီဖွဲ့စည်းသော အဖွဲ့များ ဖြစ်နိုင်သလို လူမှုစီးပွားရေး နယ်ပယ်တွင် အမြဲတမ်း လိုအပ်နေသော လိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ ဖွဲ့စည်းထားသော ရာသက်ပန် အသင်းအဖွဲ့များလည်း ဖြစ်နိုင်သည်၊ ယင်းအဖွဲ့များတွင် ကိုယ်ပိုင် ဖွဲ့စည်းပုံဥပဒေများ (constitutions) ရှိ၍ အသင်းဝင်များနှင့် ရွေးချယ်တင်မြှောက်



ထားသော လုပ်ငန်းအကောင်အထည်ဖော်ရေး ပုဂ္ဂိုလ်များ ပါဝင်သည်။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အသင်းဖွဲ့စည်းပိုင်ခွင့်ကို တင်းတင်းကျပ်ကျပ် ပိတ်ပင်တားမြစ်ထားသော အာဏာရှင်ဆန်သောအုပ်ချုပ်သည့် စနစ်များအောက်မှာတွင်ပင် လူမှုအသင်းအဖွဲ့များသည် လုံးဝပျောက်ကွယ်သွားသည်တော့ မဟုတ်ပါ။ ဘာသာရေးအသင်းများ၊ အမျိုးသမီးများ အသင်းများ၊ အလုပ်သမား အစည်းအရုံးများ စသည်ဖြင့် အဖွဲ့အစည်း အမျိုးမျိုးကို နိုင်ငံများစွာတွင် ဖွဲ့စည်းတည်ထောင်ထားကြပြီး ဖိနှိပ်သော အစိုးရများကို ဖြုတ်ချရာတွင် အဆိုပါအဖွဲ့အစည်းများသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်၊ သို့သော် အချို့နိုင်ငံများတွင်မူ ကိုယ်ထူကိုယ်ထ အသင်းအဖွဲ့များကို ထူထောင်၍မရအောင် နိုင်ငံသားတို့အား တင်းတင်းကျပ်ကျပ် ပိတ်ပင်ထားကြသည်။ အထူးသဖြင့် ကွန်မြူနစ် အစိုးရများ လက်အောက်တွင် အသင်းအဖွဲ့တိုင်းသည် ကွန်မြူနစ်ပါတီ၏ အုပ်ချုပ်မှုယန္တရားထဲ ဆွဲသွင်းခံရပြီး ပါတီ၏ စောင့်ကြည့်မှုကို ခံနေရသည့်အပြင် ပါတီ၏ ညွှန်ကြားချက်များကို မြေဝယ်မကျနာယူနေရသည်။ ဤအဖြစ်နှင့် လွန်စွာမှ ခြားနားစွာပင် ဒီမိုကရေစီစနစ်တွင်မူ နိုင်ငံသားတို့သည် စိတ်တူကိုယ်တူသူများအချင်းချင်းပေါင်းကာ အသင်းအဖွဲ့များ ဖွဲ့စည်းနိုင်ခွင့်ရှိသည်။ အစိုးရ၏ ဩဇာအာဏာနှင့် လုံးဝကင်းလွတ်သော အဖွဲ့အစည်းများဖြစ်ပြီး ၎င်းတို့ လုပ်ဆောင်မည့် အစီအစဉ်များကို ၎င်းတို့ကိုယ်တိုင် စီမံခန့်ခွဲနိုင်ခွင့်ရှိကြသည်။ အတိအကျပြောရလျှင် ဤလွတ်လပ်ခွင့်ကြောင့်ပင် ပြည်သူလူထုသည် ဒီမိုကရေစီကျင့်သုံးသော လူ့ဘောင်ကို တည်ဆောက်နိုင်ခြင်းဖြစ်သည်။

၁၉ ရာစု အလယ်လောက်တွင် ပြင်သစ်စာရေးဆရာ တောက်ဗီ (Tocqueville)သည် အမေရိကသို့ အလည်ရောက်စဉ် အမေရိကန်ပြည်သူတို့သည် လူမှုအသင်းအဖွဲ့များကို စိတ်အားထက်သန်စွာ ထူထောင်၍ ပါဝင်ဆောင်ရွက်နေပုံကို သူတွေ့ရှိရ၍ အံ့အားတသင့်

www.burmeseclassic.com



ဖြစ်မိပြီး ယင်းမြင်ကွင်းများကို ဂန္ထဝင်တွင်အောင် ရေးဖွဲ့ခဲ့သည်။ ထိုစဉ်က သူနေထိုင်ရာ ပြင်သစ်နိုင်ငံသည် ပဒေသရာဇ်စနစ်ကို ပြန်လည်ထူထောင်စအချိန်ဖြစ်၏၊ တောင်ကဗီ၏ "အမေရိကရှိ ဒီမိုကရေစီစနစ်" စာအုပ်တွင် -

'အမေရိကန်မြေပေါ်သို့ ကျွန်တော် ခြေချလိုက်သည်နှင့် တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက် ဖြစ်နေသော လူစုလူဝေး တစ်ခုခုထဲ ကျွန်တော် ရောက်ရှိသွားသလို ခံစားရ၏။ ကျွန်တော့် ဝန်းကျင်ရှိ အရာအားလုံးသည် ငြိမ်သက်မနေ၊ ရွေ့လျားလျက်ရှိ၏။ တစ်နေရာတွင် လူတစ်စုသည် ဘုရားကျောင်းတစ်ခု ဆောက်လုပ်ရေးအတွက် ဆွေးနွေးဖို့ စုဝေးနေကြသည်။ နောက်တစ်နေရာတွင် လယ်သမားတစ်စုကို တွေ့ရပြန်သည်၊ လမ်းဖောက်ဖို့ သို့မဟုတ် စာသင်ကျောင်းဆောက်ဖို့ အစီအစဉ်နှင့် ပတ်သက်၍ ဆွေးနွေးရန် ထွန်တုံးတွေကို ပစ်ကာ လယ်ထဲမှ ရောက်ရှိလာကြခြင်း ဖြစ်သည်။ ဟော. . . နောက်တစ်စုတွေ့ရပြန်ပြီ။ အရက်သေစာသောက်စားခြင်းသည် အမိကလူမှု အန္တရာယ်ဖြစ်ကြောင်း ဆွေးနွေးနေကြသည့် လူစုဖြစ်ပြီး စံပြအဖြစ် အရက်သေစာကိုရှောင်ကြဉ်ဖို့ ကတိကဝတ်ပြုနေကြသည်။'

တောင်ကဗီ ဤစာကိုရေးသားစဉ်က အစိုးရ၏ လုပ်ငန်းဆောင်တာပမာဏသည် ယနေ့ခေတ်လို ကျယ်ကျယ်ပြန့်ပြန့် မဟုတ်သေး။ ပြည်သူတို့အပေါ် အစိုးရ၏ ပံ့ပိုးပေးမှုများသည် ယခုလို မဟုတ်သေး၊ ပြည်သူပိုင် အဆောက်အအုံများကို ဆောက်လုပ်လိုသည် ဆိုလျှင် အများအားဖြင့် နိုင်ငံသားများကသာ ကိုယ်ထူကိုယ်ထ ကိုယ့်ရပ်ကိုယ့်ရွာအလိုက် ဆောက်လုပ်ကြရသည်။ ဤသို့ဖြင့် ပြည်သူ တို့၏ ကိုယ်စွမ်းကိုယ်စဖြင့် ဦးဆောင်ဦးရွက်ပြုမှုသည် လူ့အဖွဲ့အစည်းအတွင်း ရှေ့တန်းသို့ရောက်လာသည်။ နေရာတကာ အစိုးရကို အားမကိုး။ ဤသို့သော နိုင်ငံသားတို့၏ ဦးဆောင်ဦးရွက်ပြု လှုပ်ရှားမှု (citizen initiated activity)သည် မဲပေး၍ လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ခြင်းလို၊ အများက လက်မှတ် ဝိုင်းထိုးထားသော အသနားခံစာများကို အစိုးရထံ တင်ပြခြင်းလို ဒီမိုကရေစီကျင့်စဉ်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်နေခဲ့သည်ဟု တောင်ကဗီက အလေးအနက် ရေးသားခဲ့သည်။ ထို့နောက် သူက ဒီမိုကရေစီကျင့်စဉ်သည် ကျောင်းများတွင် အစပြုသည်။ ကလေးများသည် အချင်းချင်းဆော့ကစားရာတွင်ပင် အားလုံးလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို သူတို့ဘာသာ ချမှတ်ကြသည်။ စည်းကမ်းဖောက်ဖျက်သူများကို သူတို့ သတ်မှတ်ထားသည့်အတိုင်း အရေးယူကြသည်။ မည်သူ တစ်ဦးတစ်ယောက်၏ လွှမ်းမိုးမှုမှ မပါသော စည်းကမ်းများဖြစ်ပြီး အားလုံးက လိုက်နာကြရသည်။



ရပ်သင်းစုများကို ရည်ရွယ်ချက် အမျိုးမျိုးဖြင့် ဖွဲ့စည်းကြသည်၊ သာမန်ရည်ရွယ်ချက်မျှ ရှိသည်ဖြစ်စေ၊ မြင့်မားသည့် ရည်ရွယ်ချက်များရှိသည်ဖြစ်စေ ရည်ရွယ်ချက်သည် ဘာမှသိပ်အရေးမကြီးလှပါ။ အရေးကြီးသည့်အချက်မှာ အသင်းအဖွဲ့များ ထူထောင်လိုက်ခြင်းကြောင့် အသင်းဝင်များတွင် အခွင့်အရေးကောင်းတွေ ရရှိလာကြသည်။ အဖွဲ့အနေဖြင့် ဘာတွေ လုပ်ဆောင်မည်၊ ဘယ်လိုစည်းမျဉ်းတွေ ရေးဆွဲမည်၊ မည်သည့် ပေါ်လစီများ ချမှတ်မည် စသည်ဖြင့် ဆွေးနွေးခွင့်၊ တိုင်ပင်ခွင့်၊ အကြံပြုခွင့်တွေ ရကြသည်။ ထို့နောက် အသင်းအဖွဲ့ ရပ်တည်ရေးအတွက် ဝိုင်းဝန်းကူညီကြ၊ ဆုံးဖြတ်ချက်များ ချမှတ်ကြ စသည်ဖြင့် အသက်ဝင်လှုပ်ရှားနေသော ဒီမိုကရေစီစနစ်၏ အလွန်အရေးကြီးသော စိတ်ပိုင်းဆိုင်ရာ အမူကျင့်ကောင်းများကို ရရှိလာကြသည်။

ဒီမိုကရေစီစနစ် ရှင်သန်ရေးအတွက် အလွန်လိုအပ်သော ပြည်သူ့ တက်ကြွလှုပ်ရှားမှုဝါဒ (civic activism)သည် အမေရိကနှင့် အခြားဒေသအတော်များများတွင် ကျဆင်းလျက်ရှိကြောင်း နိုင်ငံရေးသိပ္ပံပညာရှင်များကြားတွင် နှစ်အတန်ကြာ ဆွေးနွေးနေခဲ့ကြသည်။


www.burmeseclassic.com



**ရေထိုထား အကျိုး**အတွက် ဆောင်ရွက်သည့် အသင်းအဖွဲ့များတွင် ပါဝင်**ဆောင်ရွက်**ခြင်း မပြုကြတော့ဘဲ ရုပ်မြင်သံကြားကြည့်ခြင်း၊ အိမ်တွင်း**ဖျော်ဖြေ**ရေးများ လုပ်လာခြင်းအားဖြင့် ကိုယ်ပိုင်အားလပ်ချိန်များကို**ကိုယ်**တစ်ယောက်တည်းအတွက်သာ အသုံးပြုလာခြင်းသည် လူ့အဖွဲ့အ**စည်း** တစ်ခုလုံးအတွက် ဆုတ်ယုတ်သည့် လက္ခဏာအဖြစ် ထောက်ပြ**ပြော**ဆိုလာကြသည်။ အထူးသဖြင့် လူငယ်များကြားတွင် ယင်းအလေ့**အထ**များ စွဲလာကြသည်ဟု ပြောဆိုနေကြသည်။

ယင်းသို့ စိုးရိမ်တကြီး ပြောဆိုနေကြသည့်တိုင် အမေရိကန်ပြည်ထောင်စုနှင့် အင်္ဂလန်နိုင်ငံတို့တွင် မကြာသေးမီက ကောက်ခံရရှိသော စစ်တမ်းများက ယင်းစိုးရိမ်မှုများသည် မှန်ကန်မှု မရှိကြောင်းသက်သေပြလျက်ရှိ၏။ ဥပမာအားဖြင့် ၂၀၀၁ ခုနှစ်တွင် အင်္ဂလန်နိုင်ငံရှိ ပြည်ထဲရေးဌာနက ကောက်ခံရယူခဲ့သည့် စစ်တမ်းတွင် လူမှုအသိုင်းအဝိုင်းများထဲ၌ နိုင်ငံသားတို့၏ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုသည် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းရှိသည်။ နိုင်ငံသားများသည် အသင်းအဖွဲ့များ၊ ကလပ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ စစ်တမ်းကောက်ခံသူဦးရေ၏ သုံးပုံတစ်ပုံသည် ရံပုံငွေရှာဖွေရေး အစည်းဝေးပွဲများနှင့် တွေ့ဆုံပွဲများ ကျင်းပပေးရေးစသည့် လှုပ်ရှားမှုများတွင် စေတနာ့ဝန်ထမ်းအဖြစ် ပုံမှန်ပါဝင် ဆောင်ရွက်ခဲ့ကြောင်းတွေ့ရှိခဲ့ရသည်။ (ဂရပ်ကိုကြည့်ပါ။) အလားတူစစ်တမ်းများကို အမေရိကန်ပြည်ထောင်စုတွင်လည်း စနစ်တကျကောက်ခံခဲ့သည်။ စေတနာ့ဝန်ထမ်းအဖြစ်အသင်းအဖွဲ့အမျိုးမျိုးတွင် ပါဝင်ဆောင်ရွက်မှု လျော့နည်းလာခြင်းကိုမတွေ့ရှိခဲ့ရဘဲ အသင်းအဖွဲ့တစ်ခုမှ တစ်ခုသို့ ကူးပြောင်း၍ ပါဝင်ဆောင်ရွက်ခဲ့ကြခြင်းမျိုးကိုသာ တွေ့ရှိခဲ့ရသည်။






စေတနာ့ဝန်ထမ်းများနှင့် လူ့အသိုင်းအဝိုင်းအခြေပြု

ပရဟိတဆောင်ရွက်မှုများ

## အစိုးရနှင့် ထိတွေ့ဆက်ဆံခြင်း

ရွေးကောက်ပွဲနှစ်ခုကြား နှစ်ကာလများတွင် ပြည်သူလူထုသည် မိမိတို့၏ ဆန္ဒများကို အစိုးရထံတင်ပြဖို့ အစိုးရနှင့် ထိတွေ့ဆက်ဆံရေးနည်းလမ်းများ များစွာရှိသည်။ ကျွန်တော်တို့ ရွေးချယ်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်မှတစ်ဆင့်လည်းကောင်း၊ ဆန္ဒပြလွှာများတွင် လက်မှတ်များရေးထိုး၍ အစိုးထံတင်ပြခြင်းဖြင့်လည်းကောင်း၊ အစိုးရ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးများနှင့် တိုက်ရိုက်ဆက်သွယ်ခြင်းဖြင့်လည်းကောင်း၊ အစိုးရကခန့်အပ်ထားသော ပြည်သူ့ဘက်က ရပ်တည်ပေးမည့် ရှေ့နေများမှလည်းကောင်း **အစိုးရနှင့်** ထိတွေ့ဆက်ဆံနိုင်ခွင့်ရှိသည်။ ယင်းတို့အပြင် အစိုးရနှင့် ထိတွေ့**ဆက်**ဆံရာတွင် အထိရောက်ဆုံး နည်းလမ်းတစ်ရပ်မှာ စိတ်တူကိုယ်**တူသူ**

www.burmeseclassic.com



များ စုပေါင်း၍ အသင်းများဖွဲ့ကာ မိမိတို့၏အမြင် မိမိတို့၏သဘောထားများကို အစိုးရထံ တင်ပြခြင်းဖြစ်သည်။ ဤသို့သော အသင်းအဖွဲ့များသည် ဒီမိုကရေစီစနစ် ရှင်သန်လည်ပတ်ရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍမှ ရပ်တည်လျက်ရှိသည်။

ကျွန်တော်တို့ ပါဝင်ဆောင်ရွက်နေသည့် အသင်းအဖွဲ့များစွာသည် နိုင်ငံရေးသဘော သက်ဝင်သည့် အသင်းများ ဟုတ်ချင်မှ ဟုတ်မည်။ ဥပမာ ငှက်များစောင့်ကြည့်ရေး အဖွဲ့များ၊ အားကစားအသင်းများ၊ သမဝါယမအသင်းများ၊ ကုသိုလ်ဖြစ်အသင်းများ စသည်ဖြင့် ဖြစ်နိုင်သည်၊ ယင်းသို့သော အသင်းအဖွဲ့များသည် အစိုးရနှင့် ထိတွေ့ဆက်ဆံဖို့ မလိုသည့် အသင်းများဖြစ်နေသည့်တိုင် အစိုး၏ မူဝါဒများ အစိုးရ၏ ဆောင်ရွက်ချက်များသည် ၎င်းတို့အပေါ် သို့မဟုတ် ၎င်းတို့၏ စိတ်ဝင်စားမှုအပေါ် မကြာခဏဆိုသလို ထိခိုက်မှုတွေ ဖြစ်ပေါ်လာတတ်သည်၊ ထိုအခါမျိုးတွင် နိုင်ငံရေးသဘော သက်ဝင်သောတောင်းဆိုမှုတွေ မဖြစ်မနေ ပေါ်ထွက်လာလေ့ရှိ၏။ ယင်းအဖွဲ့များသည် အစိုးရ၏ ပေါ်လစီများ ပြောင်းလဲပစ်ရေး လှုပ်ရှားမှုတွင် ထောက်ခံ အားပေးခြင်းဖြင့် ပါဝင်လာလေ့ရှိသည်။ တစ်တိုင်းပြည်လုံးနှင့် သက်ဆိုင်သည့် အလွန်အရေးကြီးသည့်ကိစ္စရပ်ကြီးများ ပေါ်ပေါက်လာသည့်အခါ အဆိုပါ အပျော်တန်းဆောင်ရွက်နေသည့် အသင်းအဖွဲ့များသည် အသင်းသားများကို စုရုံးကာ တက်ကြွစွာ လှုပ်ရှားဆောင်ရွက်ကြဖို့ သို့မဟုတ် အသင်းသားများထံမှ လှုပ်ရှားမှု အောင်မြင်ရေးအတွက် ငွေကြေးအထောက်အပံ့များ ပေးကြဖို့ စည်းရုံးလှုံ့ဆော်တတ်ကြသည်။

အစိုးရများသည် မူဝါဒများရေးဆွဲသည့်အခါ မည်သည့်အချက်များကို သတိထားရန် လိုအပ်ပါသနည်း။ ပေါ်လစီတစ်ရပ် ရေးဆွဲသည့်အခါ ဤပေါ်လစီ၏ အကျိုးသက်ရောက်မှုကို ခံစားရမည့်ပြည်သူလူထု၏ ထင်မြင်ယူဆချက်များ သို့မဟုတ် ဤပေါ်လစီနှင့်ပတ်သက်၍



ကျွမ်းကျွမ်းကျင်ကျင် နားလည်သည့် ပညာရှင်များ၏ ထင်မြင်ယူဆချက်များကို တိုင်တိုင်ပင်ပင် ဆွေးနွေးကြမည်ဆိုလျှင် ဤပေါ်လစီသည် အလွန်ပင် သင့်တော် ကောင်းမွန်သည့် ပေါ်လစီတစ်ခုဟု ကျွန်တော်တို့ ယူဆရမည်ဖြစ်သည်။ ထို့အတွက်ကြောင့် ပေါ်လစီတစ်ရပ် အတည်ဖြစ်သွားသည်နှင့် တစ်ပြိုင်နက်တည်း ဤပေါ်လစီ၏ အကျိုးသက်ရောက်ခံရမည့်သူများကလည်း ဤပေါ်လစီကို လေးစားလိုက်နာကြမည်မှာ အမှန်ပင်ဖြစ်၏၊ အထူးသဖြင့် ပေါ်လစီတစ်ရပ် အကောင်အထည်ဖေါ်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု အပြည့်အဝလိုအပ်သောကိစ္စများတွင် ဤအချက်သည် ပို၍အရေးကြီးလှသည်။ ဒီမိုကရေစီစနစ် အားလုံးလိုလိုတွင် ပေါ်လစီတစ်ရပ် ရေးဆွဲရာတွင်လည်းကောင်း၊ ဥပဒေပြုရာတွင်လည်းကောင်း အစိုးရသည် ဆွေးနွေးညှိနှိုင်းမှုတွေ မဖြစ်မနေ လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပြီး စိတ်ဝင်စားသောပါတီများ (interested parties)အတွက် ကိုယ်စားပြုခွင့်၊ စဉ်းစားခွင့်၊ တုံ့ပြန်ခွင့်များပေးဖို့ တရားဝင် လုပ်ထုံးလုပ်နည်းများ(formal mechanisms) ရှိရမည် ဖြစ်သည်။

ဒီမိုကရေစီ အစိုးရများကို ထူထောင်ရာတွင် အားနည်းချက်အချို့ရှိသည်။ ဒီမိုကရေစီ အစိုးရများသည် လူ့အဖွဲ့အစည်းတစ်ခု၏ မဲဆန္ဒရှင်များအားလုံးကို ခြုံ၍ ကိုယ်စားပြုရသောကြောင့် လူ့အဖွဲ့အစည်းတစ်ခု၏ လူမျိုးစုတစ်စု သို့မဟုတ် လူ့အသိုင်းအဝိုင်းတစ်ခု၏ အကျိုးစီးပွားများကိုချည်း ကြည့်ရှုဖြည့်စွမ်းဖို့ရာ တတ်စွမ်းနိုင်မည် မဟုတ်ပါ။ သို့သော် လက်တွေ့တွင် တချို့သော အဖွဲ့အစည်းများ သို့မဟုတ် လူမျိုးစုအုပ်စုများသည် ဘဏ္ဍာအရင်းမြစ် ကြွယ်ဝမှုကြောင့်ဖြစ်စေ၊ ဝန်ကြီးများနှင့် တိုက်ရိုက် တွေ့ဆုံခွင့်ကို အလွယ်တကူ ရရှိခြင်းကြောင့်ဖြစ်စေ အခြားသူများထက် အစိုးရများပေါ် ဩဇာလွှမ်းမိုးနိုင်ခွင့် ရရှိသွားကြလေ့ရှိ၏၊ အကျိုးစီးပွားရှာနေသော အုပ်စုများ၏ ဝန်ကြီးဌာန သိမ်းပိုက်မှု (departmental capture)ဟုခေါ်ထွေ့အကြုံသည်

www.burmeseclassic.com



ထူးဆန်းသည့် ကိစ္စတစ်ရပ်တော့ မဟုတ်ပါ။ စိုက်ပျိုးရေး ဝန်ကြီးဌာနများကို လယ်သမားများက လော်ဘီ (lobby)လုပ်ကြသည်၊ ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာနများကို လမ်းတံတားဆောက်လုပ်ရေး လုပ်ငန်းများက လော်ဘီလုပ်ကြသည်၊ ကာကွယ်ရေးနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနများကို လက်နက် ကုန်သည်များ၏ ကိုယ်စားလှယ်များက လော်ဘီလုပ်ကြသည် စသည်ဖြင့် ဝန်ကြီးဌာနများကို အကျိုးစီးပွားရှာဖွေနေသည့်အဖွဲ့များက လွှမ်းမိုးသိမ်းပိုက်ဖို့ ကြိုးစားမှုတွေ ဒီမိုကရေစီနိုင်ငံအများအပြားတွင် ရှိနေကြသည်။

အစိုးရများထံ ဤသို့သော မညီမျှသည့် ချဉ်းကပ်ခွင့်ရနေမှု (inequalities of access)ဖြစ်ရပ်များသည် ဒီမိုကရေစီစနစ်၏ အခြေခံမှုဖြစ်သည့် နိုင်ငံသားအားလုံး နိုင်ငံရေး တန်းတူရပိုင်ခွင့် ရှိရမည်ဟူသောအချက်ကို အလေးထားသူများအတွက် ခေါင်းခဲစရာကိစ္စရပ်တစ်ခု ဖြစ်နေသည်၊ (နောက်ပိုင်းတွင် ဤမညီမျှမှုများ အကြောင်းကို အကျယ်တဝင့် လေ့လာပြပါမည်။) မကြာသေးမီက အစိုးရများ၏ ဆောင်ရွက်ပုံ အလေ့အထများနှင့် ပတ်သက်၍ စိုးရိမ်မှုအသစ်တွေ ဖြစ်ပေါ်လာခဲ့သည်။ အစိုးရများသည် ကုသိုလ်ဖြစ်လုပ်ငန်းများရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား အိုးအိမ် သို့မဟုတ် လူမှုဖူလုံရေးဝန်ဆောင်မှုလုပ်ငန်းများကဲ့သို့သော ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို ကန်ထရိုက်ပေးသည် အလေ့အထများ ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။ ဤအလေ့အထများသည် နှစ်ဦးနှစ်ဘက် အကျိုးအမြတ်ရစေသည့် အလေ့အထကောင်းတစ်ရပ်ဟု ထင်ရက်စရာရှိသော်လည်း အန္တရာယ်တစ်ရပ်ရှိနေသည်။ ယင်းအန္တရာယ်မှာ စေတနာ့ဝန်ထမ်း ရပ်သင်းစုများ၏ ရှေ့လုပ်ငန်းစဉ်များကို အစိုးရက ချမှတ်ပေးလာခြင်းဖြင့်လည်းကောင်း၊ အစိုးရ၏ ပေါ်လစီများနှင့် ပတ်သက်၍ ရပ်သင်းစုများ၏ ပြည်သူ့ဘက်မှ မားမားမတ်မတ် ရပ်ခံတောင်းဆိုမှုကဏ္ဍကို လျော့ပါးသွားစေခြင်းဖြင့်လည်းကောင်း ရပ်သင်းစုများ၏ လွတ်လပ်စွာ ဆုံးဖြတ်



ပိုင်ခွင့်များ အားနည်းသွားစေနိုင်မည့် အန္တရာယ် ဖြစ်သည်။ အင်္ဂလန်နိုင်ငံတွင် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား အထောက်အပံ့ပေးနေသည့် ရန်ပုံငွေ ၆၀ ရာခိုင်နှုန်းကို အစိုးရက နည်းလမ်းမျိုးစုံဖြင့် ပေးအပ်လျက်ရှိသည်ဟု ခန့်မှန်းထားကြသည်။

ဤသို့သော အားနည်းချက်များ ရှိနေစေကာမူ ရပ်သင်းစုလူ့အဖွဲ့အစည်းများ၏ အခိကကောင်းကျိုးတစ်ရပ်တော့ ရှိနေသေးသည်။ စေတနာ့ဝန်ထမ်း ရပ်သင်းစုများတွင် အသင်းဝင်အဖြစ် ပါဝင်ဆောင်ရွက်ခြင်း(participation)သည် စိတ်တူကိုယ်တူရှိသော နိုင်ငံသားများ၏ အမြင်နှင့် အကျိုးစီးပွားများကို အစိုးရတစ်ရပ်အား အာရုံစိုက်လာစေရန် စုစည်းညီညွတ်စွာဖြင့် အထိရောက်ဆုံး ဆောင်ရွက်သည့် နည်းလမ်းတစ်ရပ်ဖြစ်သည်။ ကျွန်တော်တို့အနေဖြင့် ကျွန်တော်တို့၏ ထင်မြင်ချက်များကို အစိုးရကဖြစ်စေ၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်သော ဘဝတူနိုင်ငံသားများကဖြစ်စေ မသိကျိုးကျွန်ပြုထားသည်ဟု ကျွန်တော်တို့ ခံစားရလျှင် ကျွန်တော်တို့သည် ကျွန်တော်တို့လို စိတ်တူကိုယ်တူသူများနှင့် ပူးပေါင်းကာ စီတန်းလှည့်လည်သည့် လူထုဆန္ဒပြမှုများ၊ နေရာတစ်ခုခုကို ဝင်ရောက်သိမ်းပိုက်၍ ဖယ်မပေးဘဲနေသည့် ဆန္ဒပြမှုများ စသည့် ကန့်ကွက်ဆန္ဒပြမှုများကို ရေတိုတိုက်ပွဲပုံစံတစ်ရပ်အဖြစ် ဆင်နွှဲနိုင်ခွင့် ရှိနေသည်။ ဤသို့သော လူထုတိုက်ပွဲများ ဆင်နွှဲရန် ဆန္ဒပြသူများအနေဖြင့် အချိန်ပေး၍ ပြင်းပြင်းထန်ထန် အားထုတ်ရန် လိုအပ်သည်၊ လူထုသဘောထား စစ်တမ်းကောက်ယူမှုတွင် လူအင်အားမည်မျှ ထောက်ခံမှုရသည်ကို သိရှိရန် လူအရေအတွက်ကို ရေတွက်ခြင်းမျိုးထက် ကန့်ကွက်ဆန္ဒပြသူများ၏ အမြင်များ မည်မျှပြင်းပြင်းထန်ထန် ရှိလှသည်က(intensity) ပို၍ အရေးကြီးလှသည်။ ဒီမိုကရေစီစနစ် ကျင့်သုံးသော နိုင်ငံရေး စစ်မြေပြင်တွင် လူထုသဘောထား တိုက်ပွဲသည် အလွန်အရေးပါလှသည်။ နိုင်ငံရေး စစ်မြေပြင်တွင် အစိုးရ ပါဝင်သလိုမျိုး နိုင်ငံသားများအား

www.burmeseclassic.com



လုံးလည်း ပါဝင်ဖို့လိုအပ်၏။ ဤနေရာတွင် နိုင်ငံသားအားလုံး သတိချပ်ရမည့်အချက်မှာ နိုင်ငံသားအားလုံးသည် နိုင်ငံသားတိုင်း၏ အခြေခံရပိုင်ခွင့်များကို လေးစားလိုက်နာရေးပင် ဖြစ်သည်။ သို့မဟုတ်လျှင် နိုင်ငံသားတို့သည် သူတစ်လူငါတစ်မင်းဖြစ်ကာ ဒီမိုကရေစီစနစ်မှသည် မင်းမဲ့ဝါဒ(anarchy)ဆီ လျှောကျသွားဖွယ်ရှိ၏။

အထက်ပါ နိုင်ငံရေးတိုက်ပွဲပုံစံ အမျိုးမျိုးကို ကြည့်ခြင်းအားဖြင့် 'တိုက်ရိုက်' ဒီမိုကရေစီနှင့် 'ကိုယ်စားပြု'ဒီမိုကရေစီ စနစ်နှစ်ရပ်ကို ပြတ်ပြတ်သားသား ခွဲခြားပြရန်မှာ အလွန်ခက်ခဲကြောင်း တွေ့ရပါလိမ့်မည်။ ဒီမိုကရေစီနည်းကျ ဆောင်ရွက်မှသာ ကိုယ်စားပြု ဒီမိုကရေစီစနစ် ရှင်သန်ပါလိမ့်မည်။ အကြောင်းမှာ ရွေးကောက်ပွဲ မရှိသောကြားကာလနှစ်များအတွင်း နိုင်ငံသားများသည် တိုက်ရိုက် ဒီမိုကရေစီအသွင်ဖြင့် အခြားသူများနှင့် ပူးပေါင်းကာ အစိုးရ၏ မူဝါဒများကို လွှမ်းမိုးဖို့ ဆောင်ရွက်မှု (တိုက်ပွဲ) ပုံစံအားလုံးတွင် (all kinds of actions) ပါဝင်ဆောင်ရွက်ဖို့ လိုအပ်သည်။ သို့မှသာ ကိုယ်စားပြုအစိုးရသည် လူထု၏တောင်းဆိုမှု၊ လူထု၏ သဘောထားအမြင်များကို တာဝန်ရှိရှိ တုံ့ပြန်မှုများ အမြဲပြုလုပ်ကြမည် ဖြစ်လေသည်။

## ဒီမိုကရေစီကိုယုံကြည်သော နိုင်ငံသားတစ်ဦး၏အရည်အချင်း

ဒီမိုကရက်တစ် လူ့ဘောင်တစ်ခုတွင် စေတနာ့ဝန်ထမ်း ရပ်သင်းစုများ ထူထောင်ရခြင်း၏ တတိယနှင့် နောက်ဆုံး အကြောင်းရင်းမှာ လူ့ဘောင်တစ်ခု၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စ အဝဝတွင် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လာရေး အလေ့အထ (culture of public involvement) ထွန်းကားလာအောင် ပြုလုပ်ရေးနှင့် ဒီမိုကရက်တစ် အလေ့အထနှင့် လျော်ညီသော စရိုက်လက္ခဏာများ နိုင်ငံသားတစ်ဦးစီတွင် ဖွံ့ဖြိုးလာအောင် ပြုစုပျိုးထောင်ပေးရေးတို့ ဖြစ်သည်။ အတူပူးပေါင်းဆောင်ရွက်ကြရသော မည်သည့်အသင်းအဖွဲ့တွင်မဆို အသင်းဝင်တစ်ဦးသည် အခြားသော အသင်းဝင်များနှင့် အတူပူးပေါင်းဆောင်ရွက်တတ်အောင် လေ့လာသင့်ယူကြရမည်။ အသင်းတစ်ခု ရေရှည်ရပ်တည်လည်ပတ်နိုင်အောင် အသင်းအပင်း ထူထောင်မှုဆိုင်ရာ စွမ်းရည်များ တိုးတက်အောင် ပြုလုပ်ကြရမည်။ ထို့အပြင် သဘောထားကွဲလွဲမှုများကို ဆွေးနွေးပွဲများမှတစ်ဆင့် ပြေလည်အောင် ညှိနှိုင်းဖြေရှင်းတတ်သည့် စွမ်းရည်များ ဖွံ့ဖြိုးလာအောင် လေ့လာသင်ယူရမည် ဖြစ်၏။ အဖွဲ့အစည်းတစ်ရပ် အောင်မြင်မှုရရှိခြင်းသည် အသင်းဝင်တစ်ဦးစီ၏ မိမိကိုယ်မိမိ ယုံကြည်မှုကို တိုးပွားလာစေသလို အတူပူးပေါင်းဆောင်ရွက်မှုအပေါ်ကိုလည်း ပို၍တန်ဖိုးထားလာကြသည်။ အသင်းဝင်တိုင်း မိမိ၏ ထိထိရောက်ရောက် ဆောင်ရွက်နိုင်စွမ်းအပေါ် ယုံကြည်မှု ပိုမိုမြင့်မားလာခြင်း၊ အတူပူးပေါင်းဆောင်ရွက်မှုအပေါ် တန်ဖိုးထားလာခြင်းဆိုသည့် အရည်အသွေးများသည် ပြည်သူ့ဘဝ အရည်အချင်းကောင်းများ ဖြစ်ပေါ်လာရေးအတွက် အလွန်ပင် အရေးပါလှသည်။ ထို့အတွက်ကြောင့်ပင် ဒီမိုကရေစီစနစ်ထွန်းကားရေး ပညာပေးသူများက ကျောင်းသားကျောင်းသူများသည် 'ပြည်သူ့နီတိ' ဆိုသည်ကို သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာတစ်ခုအဖြစ် ရွှတ်ဖတ်နေရုံမျှနှင့်မပြီး ကျောင်းသားကျောင်းသူများသည် အတန်းအုပ်ချုပ်ရေး၊ ကျောင်းအုပ်ချုပ်ရေး၊ တက္ကသိုလ်ကောလိပ်အုပ်ချုပ်ရေးလုပ်ငန်းများတွင် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်း၊ ပိုမိုကျယ်ပြန့်သော လူမှုအသိုင်းအဝိုင်းများအား ကူညီရေး ပရောဂျက်များတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခြင်းတို့ဖြင့်သာလျှင် အရည်အသွေးပြည့်ဝသော ဒီမိုကရက်တစ်နိုင်ငံသားများ ဖြစ်လာလိမ့်မည်ဟု နှစ်နှစ်ကာကာ ယုံကြည်ထားကြ၏။

နိုင်ငံသား အရည်အသွေးကောင်းများသည် ဒီမိုကရေစီစနစ်ကျင့်သုံးသော အစိုးရတစ်ရပ်ကို မည်မျှသော အတိုင်းအတာအထိ ရေရှည်တည်တံ့အောင် စွမ်းဆောင်နိုင်ပါမည်နည်း။ ထို့အတူ ဒီမိုကရေ



www.burmeseclassic.com

www.burmeseclassic.com



စီစနစ် ကျင့်သုံးသော အစိုးရတစ်ရပ်က နိုင်ငံသား အရည်အသွေးကောင်းများကို မည်မျှသော အတိုင်းအတာအထိ ရှင်သန်အောင် မွေးထုတ်ပေးနိုင်ပါမည်နည်း။ နိုင်ငံရေး သိပ္ပံပညာရှင်များသည် အထက်ပါ ကြက်မနှင့်ကြက်ဥ မည်သည်က စသနည်း ဆိုသည့် မေးခွန်းအပေါ် နှစ်ပေါင်းများစွာ အတောမသတ်နိုင်အောင် ငြင်းခုံနေကြသည့်တိုင် ပြီးပြည့်စုံသည့်အဖြေကိုကား မည်သည့်အခါမှ ရခဲ့သေးသည် မဟုတ်ပါ။ တောင်ကဗီကတော့ နိုင်ငံသား အရည်အသွေးကောင်းများနှင့် ဒီမိုကရေစီစနစ်ကျင့်သုံးသော အစိုးရတို့သည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ တစ်ခုကိုတစ်ခု အပြန်အလှန် အမှီသဟဲပြု၍ အားဖြည့်ပေးရာရောက်သည်ဟု ဆိုခဲ့သည်။ သူက ဒီမိုကရေစီစနစ်၏ လွတ်လပ်သော အခြေအနေများ (free conditions)သည် အသင်းအဖွဲ့များ ထူထောင်ခွင့်၊ ရှင်သန်ခွင့်များရရှိဖို့ ရေခံမြေခံကောင်းများ ဖြစ်သည်။ အပြန်အလှန်အားဖြင့် ယင်းသို့ အသင်းအဖွဲ့များ ထူထောင်ခွင့်၊ ရှင်သန်ခွင့် ရရှိခြင်းသည် အာဏာရှင်စနစ် ထူထောင်မည့် မည်သည့် ကြိုးပမ်းမှုကိုမဆို ပြင်းပြင်းထန်ထန် ဆန့်ကျင်ဟန့်တားမည့် နိုင်ငံသားများကို မွေးထုတ်ပေးရာရောက်သည်ဟု တောင်ကဗီက ရေးသားခဲ့သည်။ တောင်ကဗီ၏ ရေးသားချက်သည် အကောင်းဆုံးအဖြေဟုပင် ဆိုရပါမည်။

ဒီမိုကရေစီစနစ်ကြောင့် လွတ်လပ်ခွင့်များ ရရှိကြပြီး ရပ်သင်းစုများ ထူထောင်ကြရာဝယ် ခြွင်းချက်တစ်ချို့ရှိကြောင်း ကျွန်တော်တို့ သတိပြုရန်လိုအပ်သည်။ တချို့သော အသင်းများကို မယဉ်ကျေးသော (uncivil) ရပ်သင်းစုများ စာရင်းတွင် ထည့်ရမည် ဖြစ်သည်။ မာဖီးယားဂိုဏ်း၊ မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းများနှင့် အခြားသော ရာဇဝတ်ဂိုဏ်းများသည် တရားမဝင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ ဖြစ်သည်။ ထို့အတူ စစ်သွေးကြွ လက်နက်ကိုင်အုပ်စုများ၊ ကလေးများကို ကာမစိတ်ညွတ်သူဂိုဏ်းများ တို့သည်လည်း မယဉ်ကျေးသော တရားမဝင် အသင်းအဖွဲ့များ ဖြစ်ကြသည်။ ဤသို့သော အသင်းအဖွဲ့များ



သည် ပြည်သူ့ဘဝအရည်အသွေးများကို အကြီးအကျယ် ထိခိုက်ပျက်စီးစေသော မယဉ်ကျေးသော လူ့အဖွဲ့အစည်းများ ဖြစ်ကြသည်သာမက ဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီကျင့်စဉ်များကို ဖြိုဖျက်ပစ်မည့် ခြိမ်းခြောက်မှုများပင် ပြုလုပ်နိုင်လေသည်။

မယဉ်ကျေးသော တရားမဝင် အသင်းအဖွဲ့များကို တိုက်ဖျက်နှိမ်နင်းရေးသည် ဥပဒေကို တိတိကျကျ လိုက်နာအောင်ဆောင်ရွက်ဖို့ တာဝန်ပေးထားသော ဌာနများ၏ တာဝန်ပင်ဖြစ်သည်။ လူမျိုးရေးဝါဒ စွဲကိုင်ထားသော သို့မဟုတ် ကိုယ့်လူမျိုးသာ အတော်ဆုံးဟု ရှုမြင်ထားသည့် လူမျိုးကြီးဝါဒ အတွေးအခေါ်များ စွဲကိုင်ထားသော တရားဝင် ဖွဲ့စည်းထားသည့် အသင်းအဖွဲ့များသည် ကိုင်တွယ်ဖြေရှင်းရန် ခက်ခဲသော ရပ်သင်းစုများ ဖြစ်ကြသည်။ ဖြေရှင်းရန် ခက်ခဲသလောက် အငြင်းပွားစရာများလည်း ဒုနှင့်ဒေး ရှိ၏။ ဒီမိုကရေစီစနစ်၏ အခြေခံမှုများဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်နှင့် လွတ်လပ်စွာ အသင်းအဖွဲ့များ ဖွဲ့စည်းနိုင်ခွင့် အခွင့်အရေးများကို ထောက်ရှု၍ ဤသို့သော အသင်းအဖွဲ့များ ထူထောင်ခွင့်၊ တည်ရှိခွင့်ကို ခွင့်ပြုရမည်ဟု ဆိုသူများက ဆိုကြသည်။ တချို့သောသူများကလည်း ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းများအရ ပြည်သူလူထုအား စည်းရုံးပိုင်ခွင့်၊ ဆန့်ကျင်ပိုင်ခွင့်များ ပွင့်လင်းစွာ ပေးထားပြီး ယင်းသို့သော အသင်းအဖွဲ့များကို လူ့အသိုင်းအဝိုင်းမှ ပြောင်ကျကျ ဖယ်ရှား ပစ်လိုက်ခြင်းက ပို၍ကောင်းမည်ဟုဆိုကြ၏။ တစ်ဖက်ကလည်း နိုင်ငံသားအချင်းချင်း အချို့သော လူမျိုးစု သို့မဟုတ် လူအုပ်စုတစ်စု၏ အခြေခံရပိုင်ခွင့်များကို (အစိုးရအား လွှမ်းမိုးနိုင်မည်ဆိုလျှင် အစိုးရကို အသုံးချကာ)ငြင်းပယ်ဖို့ ကြိုးစားမည့် သို့မဟုတ် ဒီမိုကရေစီကျင့်စဉ်တစ် ရပ်လုံးကိုပင် ဖြိုဖျက်ပစ်မည့် လူအုပ်စုများ၊ ပါတီများကို ဒီမိုကရေစီစနစ်တွင် လက်မခံသင့်ဟု ကျိုးကြောင်းထောက်၍ ပြောဆိုကြပြန်သည်။ ဤပြဿနာနှင့် ပတ်သက်၍ အငြင်းပွားနေသော လူမှုအသိုင်းအဝိုင်း၏ လူမှုရေးနှင့် နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



ရေး အခြေအနေများကို မသိရဘဲ အကောင်းဆုံးအဖြေကို ကျွန်တော်တို့ ရှာယူ၍ရမည်မဟုတ်ကြောင်း အချုပ်အားဖြင့် ဆိုရပါလိမ့်မည်။

## အခန်း(၃)
## ဒီမိုကရေစီ ရင့်သန်နေသော နိုင်ငံများရှိ စိတ်ပျက်ဖွယ်ရာများ

ဒီမိုကရေစီ၏ အခြေခံသဘောတရားများ သို့မဟုတ် အခြေခံမှုများကိုလည်းကောင်း၊ ယင်းသဘောတရားများ သို့မဟုတ် ယင်းမှုများတို ကိုယ်စားပြု ဒီမိုကရေစီစနစ်ဖြင့် လူမှုအဆောက်အအုံများကို လက်တွေ့တွင် မည်သို့မည်ပုံ တည်ဆောက်ယူနိုင်ပုံကိုလည်းကောင်း ယခင်အခန်းများတွင် လေ့လာပြခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ လေ့လာပြချက်များသည် ဒီမိုကရေစီစနစ်တစ်ခု၏ အလုပ်လုပ်ပုံကို အကောင်းတွေချည်း၊ အံ့ချီးဖွယ်ရာတွေချည်း ဖော်ပြခဲ့သည်ကများပါသည်။ ယခုတော့ ဒီမိုကရေစီစနစ်များ လက်တွေ့တွင် မည်သို့ ကျင့်ကြံလည်ပတ်နေကြပုံများကို မထောက်မညှာ မချွင်းမချန်လေ့လာဖို့ အချိန်တန်ပါပြီ။ မေးခွန်းတစ်ခုဖြင့် စပါမည်။ ဒီမိုကရေစီစနစ်ကို ကမ္ဘာတစ်လွှားရှိ နိုင်ငံအတော်များများ၌ လက်ခံကျင့်သုံးနေချိန်တွင် ကမ္ဘာ့ပြည်သူ မြောက်များစွာတို့သည် အဘယ်ကြောင့် ဒီမိုကရေစီစနစ်ကို စိတ်ပျက်လက်ပျက် ဖြစ်နေကြပါသနည်း။ ဤအခန်းတွင် ဒီမိုကရေစီစနစ် ရင့်သန်နေသော အနောက်ဥရောပနှင့် မြောက်ဥရောပရှိ နိုင်ငံများ၊ မြောက်အမေ

www.burmeseclassic.com



ရိက နိုင်ငံများ၊ ဩစတေးလျနှင့် နယူးဇီလန်နိုင်ငံများရှိ ပြည်သူတို့သည် ဒီမိုကရေစီစနစ်ပေါ် စိတ်ပျက်နေကြမှု သို့မဟုတ် မခင်တွယ်ချင်တော့သည့်စိတ်များ ဖြစ်ပေါ်ရာ ဇာစ်မြစ်များကို လေ့လာပြပါဦးမည်။ ထို့နောက် လက်တင်အမေရိက၊ အာဖရိက၊ အာရှနှင့် ဥရောပရှိ ကျန်နိုင်ငံများ စသည့် ဒီမိုကရေစီ ထွန်းသစ်စနိုင်ငံများတွင် ဒီမိုကရေစီထွန်းကားရေး (democratisation) ကြိုးပမ်းရာ၌ မြင်တွေ့လာရသည့် အောင်မြင်မှုများနှင့် ကျရှုံးမှုများကိုလည်း နောက်အခန်းတွင် ဆက်လက်လေ့လာပြပါမည်။

ဒီမိုကရေစီ ရင့်သန်နေသော နိုင်ငံများတွင် ဒီမိုကရေစီစနစ်အပေါ် စိတ်ပျက်စကားဆိုနေမှုသည် မည်သည့် အခြင်းအရာများကို ရည်ညွှန်း၍ စိတ်ပျက်နေကြသည်ဆိုသည်ကို ကျွန်တော်တို့ ရှင်းရှင်းလင်းလင်းသိဖို့ လိုပါလိမ့်မည်။ ဒီမိုကရေစီစနစ်ကို စိတ်ပျက်နေခြင်းဆိုရာဝယ် ဒီမိုကရေစီ၏ သဘောတရား (idea of democracy) ကို စိတ်ပျက်နေကြခြင်း မဟုတ်ပါ။ နိုင်ငံရေးကို စိတ်မဝင်စားတော့ခြင်း သို့မဟုတ် အသင်းအဖွဲ့များထူထောင်၍ အရပ်သားအသင်းစု လူ့အဖွဲ့အစည်း(civil society) အသွင် လူထုစည်းရုံး လှုံ့ဆော်မှုများ မလုပ်လိုကြတော့ခြင်းလည်း မဟုတ်ပါ။ အချုပ်အားဖြင့်ဆိုရလျှင် လူထု တကယ်စိတ်ပျက်လက်ပျက်ဖြစ်နေသည့် အရာနှစ်ခုမှာ ဒီမိုကရေစီ အစိုးရအပေါ် ယုံကြည်မှု အကြီးအကျယ် ကျဆင်းနေခြင်းနှင့် ဒီမိုကရေစီစနစ်၏ ကိုယ်စားပြု လုပ်ငန်းစဉ်များ (representative processes of democracy) အပေါ်ယုံကြည်မှု ကျဆင်းနေခြင်းတို့ ဖြစ်သည်။

ကိုယ်စားပြု တာဝန်ခံသော အစိုးရ၏ ဒီမိုကရေစီ အဆောက်အအုံများ (institutions of representative and accountable government) အပေါ် လွန်ခဲ့သည့် ၁၅ နှစ်၊ နှစ် ၂၀ ကျော်မျှ ကာလပတ်လုံး လူထု၏ ယုံကြည်မှု ကျဆင်းနေကြောင်း သက်သေပြနိုင်သည့် အထောက်အထား သုံးခုရှိသည်။ ပထမ အထောက်အထားမှာ လူထု



သဘောထား စစ်တမ်းကောက်ယူမှု ရလဒ်များ ဖြစ်သည်။ စက်မှုအထွန်းကားဆုံး ဒီမိုကရေစီနိုင်ငံများတွင် နိုင်ငံရေးသမားများနှင့် နိုင်ငံရေး အဆောက်အအုံများအပေါ် လူထု၏ ထောက်ခံမှု ကျဆင်းလာကြောင်း စစ်တမ်းများက ဖော်ပြလျက်ရှိ၏။ အမေရိကန်နိုင်ငံကိုကြည့်လျှင် လူထုထောက်ခံမှု ကျဆင်းလာခြင်းသည် ယခုမှဖြစ်သည့်ကိစ္စမဟုတ်၊ နှစ် လေးငါးဆယ်မျှပင် ကြာတော့မည်။ ၁၉၆၆ ခုနှစ်တွင် ကောက်ခံရရှိသော စစ်တမ်းများက နိုင်ငံ့လူဦးရေ၏ ၄၁ ရာခိုင်နှုန်းသည် သမ္မတအပေါ် 'အကြီးအကျယ်ယုံကြည်ကြောင်း'၊ ၄၂ ရာခိုင်နှုန်းသည် ကွန်ဂရက်အပေါ် ယုံကြည်ကြောင်း ပြသခဲ့သော်လည်း ၁၉၉၆ ခုနှစ် စစ်တမ်းများအရမူ သမ္မတအပေါ် ယုံကြည်မှုသည် ၁၃ ရာခိုင်နှုန်းသာ ရှိတော့ပြီး ကွန်ဂရက်အပေါ် ၅ ရာခိုင်နှုန်းသာ ရှိတော့ကြောင်း တွေ့ရှိခဲ့ရသည်။

ဒုတိယ အထောက်အထားမှာ နိုင်ငံတစ်ဝှမ်း ရွေးကောက်ပွဲများတွင် မဲပေးသူအရေအတွက် ကျဆင်းလာခဲ့ခြင်း ဖြစ်သည်။ ရွေးကောက်ပွဲများတွင် မဲလာပေးသည့် အမေရိကန် ပြည်သူအရေအတွက်မှာ ၅၀ ရာခိုင်နှုန်းထက်ကျော်ခဲလှသည်။ အခြားသော ဒီမိုကရေစီ ရင့်သန်နေသော နိုင်ငံများတွင်လည်း အလားတူဖြစ်ရပ်မျိုးများ ရှိကြောင်း ဇယား (၃.၁) တွင် တွေ့ရှိရမည် ဖြစ်ပါသည်။ တတိယ အထောက်အထားမှာ နိုင်ငံရေးပါတီများတွင် ပါတီဝင်အရေအတွက် သိသိသာသာ ကျဆင်းလာခြင်း ဖြစ်သည်။ သာကေပြရလျှင် အင်္ဂလန်နိုင်ငံတွင် လွန်ခဲ့သည့် နှစ်၂၀ အတွင်း ပါတီဝင်အရေအတွက် ထက်ဝက်ခန့် လျော့ကျလာခဲ့သည်။ ရွေးကောက်ပွဲများနှင့် နိုင်ငံရေးပါတီများသည် ကိုယ်စားပြု ဒီမိုကရေစီစနစ်၏ အခရာကျသည့် အစိတ်အပိုင်းများ ဖြစ်လေရာ ပြည်သူများအနေဖြင့် ပါတီများတွင် ပါဝင်ဆောင်ရွက်လိုစိတ် နည်းလာခြင်းသည် ဒီမိုကရေစီစနစ် ဆက်လက်ရှင်သန်ရေးအတွက် အန္တရာယ်လက္ခဏာဆောင်သည့် သတိပေးအချက်ပြမှုတစ်ခု ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဇယား (၃.၁)

ဥရောပဒီမိုကရေစီနိုင်ငံအချို့တွင် ရွေးကောက်ပွဲ၌ မဲလာပေးသူ အရေအတွက်စာရင်း

(၁၉၈၀ မှ ၂၀၀၀ ခုနှစ်အထိ)

စာရင်းရှိမဲဆန္ဒရှင်အရေအတွက်ထဲမှ မဲပေးသူရာခိုင်နှုန်း

| | ဩစတေးလျ | ဘယ်လ်ဂျီယံ | ဖင်လန် | ပြင်သစ် | ဂျာမနီ | ဂရိ | အိုင်ယာလန် | အီတလီ |
|---|---|---|---|---|---|---|---|---|
| ၁၉၈၀ | ၉၂.၂ | ၉၄.၆ | ၇၅.၃ | ၇၀.၉ | ၈၈.၆ | ၈၁.၅ | ၇၆.၂ | ၉၀.၄ |
| ၁၉၈၅ | ၉၀.၅ | ၉၃.၆ | ၇၂.၁ | ၇၈.၅ | ၈၄.၃ | ၈၃.၈ | ၇၃.၃ | ၈၉.၀ |
| ၁၉၉၀ | ၈၆.၁ | ၉၂.၇ | ၆၈.၄ | ၆၆.၂ | ၇၇.၈ | ၈၄.၅ | ၆၈.၅ | ၈၇.၄ |
| ၁၉၉၅ | ၈၆.၀ | ၉၁.၂ | ၆၈.၆ | ၆၈.၉ | ၇၉.၀ | ၇၆.၃ | ၆၆.၁ | ၈၆.၁ |
| ၂၀၀၀ | ၈၀.၄ | ၉၀.၆ | ၆၃.၅ | ၆၀.၃ | ၈၂.၂ | ၇၅.၀ | ၆၂.၂ | ၈၁.၄ |

ဥရောပဒီမိုကရေစီနိုင်ငံအချို့တွင် ရွေးကောက်ပွဲ၌ မဲလာပေးသူ အရေအတွက်စာရင်း

(၁၉၈၀ မှ **၂၀၀၀ ခုနှစ်အထိ**)

စာရင်းရှိမဲဆန္ဒရှင်အရေ**အတွက်**ထဲမှ မဲပေးသူရာခိုင်နှုန်း

| | ဟော်လန် | နော်ဝေ | ပေါ်တူဂီ | စပိန် | ဆွီဒင် | ဆွစ်ဇာလန် | ယူကေ |
|---|---|---|---|---|---|---|---|
| ၁၉၈၀ | ၈၇.၀ | ၈၂.၀ | ၈၅.၅ | ၆၈.၁ | ၉၀.၇ | ၄၈.၁ | ၇၆.၀ |
| ၁၉၈၅ | ၈၅.၈ | ၈၄.၀ | ၇၅.၄ | ၇၀.၄ | ၈၉.၉ | ၄၈.၉ | ၇၂.၈ |
| ၁၉၉၀ | ၈၀.၃ | ၈၃.၂ | ၆၈.၂ | ၇၀.၀ | ၈၆.၇ | ၄၆.၀ | ၇၇.၈ |
| ၁၉၉၅ | ၇၈.၈ | ၇၅.၉ | ၆၆.၃ | ၇၈.၁ | ၈၈.၁ | ၄၂.၃ | ၇၀.၅ |
| ၂၀၀၀ | ၇၃.၂ | ၇၅.၀ | ၆၀.၁ | ၆၈.၇ | ၈၀.၁ | ၄၃.၂ | ၅၉.၄ |

www.burmeseclassic.com

www.burmeseclassic.com



အထက်ဖော်ပြပါ အထောက်အထားသုံးခုကို ခြုံ၍ ကြည့်လျှင် ဒီမိုကရေစီစနစ်အပေါ် စိတ်ပျက်ခြင်း၊ မကျေမနပ် ဖြစ်ခြင်းသည် အမှန်တော့ အစိုးရများ၊ နိုင်ငံရေးသမားများနှင့် ကိုယ်စားပြု ဖြစ်စဉ်များ (representative processes)အပေါ် စိတ်ပျက်ခြင်း၊ မကျေမနပ်ဖြစ်ခြင်းများသာ ဖြစ်ကြောင်း အထင်အရှား တွေ့ရှိရပါမည်။ နိုင်ငံရေးဝေဖန်ဆန်းစစ်သူအားလုံးလိုလိုက မကျေမနပ် ဖြစ်ရခြင်း၏ အဓိကတရားခံမှာ အစိုးရများနှင့် လွန်ခဲ့သော ၁၅ နှစ်ကျော်မျှ ကာလအတွင်း 'အစိုးရနှင့် နိုင်ငံရေးအကြား' အနေအထားများ ပြောင်းလဲလာခြင်းတို့ဖြစ်သည်ဟု ရှုမြင်ခဲ့ကြသည်၊ ဤရှုမြင်မှုသည် မှန်သည်ဟု ဆိုချင်သည်၊ လွန်ခဲ့သည့်နှစ်များအတွင်း အစိုးရနှင့်ပတ်သက်သည့် ပြောင်းလဲမှု သုံးခုကို အထင်အရှား တွေ့ရှိလာခဲ့သည်။ ယင်းပြောင်းလဲမှုသုံးခုမှာ အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာ(autonomy)ကျဆင်းလာခြင်း၊ အစိုးရ၏ စွမ်းဆောင်ရည်(capacity) ကျဆင်းလာခြင်းနှင့် အစိုးရအပေါ် စိတ်ချယုံကြည်မှု (credibility) ကျဆင်းလာခြင်းတို့ ဖြစ်သည်။

*****

## အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာ ကျဆင်းလာခြင်း

အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာ ကျဆင်းလာခြင်း ဆိုသည်မှာ အစိုးရများအနေနှင့် ပြည်သူ့အကျိုးစီးပွားကို ဖြစ်ထွန်းစေမည့် ပေါ်လစီများကို ဆုံးဖြတ်ချက်ချရာဝယ် အစိုးရများ၏ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့် အခွင့်အာဏာများ ကျဆင်းလာခြင်းကို ဆိုလိုသည်။ ဤသို့ဖြစ်ရခြင်းမှာ အစိုးရများသည် ပြည်တွင်း လုပ်ငန်းရှင်များ၏ အကျိုးစီးပွားများကို ငဲ့ကွက်ဦးစားပေးနေရသောကြောင့် ဖြစ်သည်။ တစ်နည်းဆိုရလျှင် ပြည်သူ့အကျိုးစီးပွား ဆိုသည်မှာ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၏ အကျိုးစီးပွား၏ လက်အောက်ခံဘဝသို့ ကျရောက်သွားရခြင်းဖြစ်သည်။ အစိုးရ၏ မူဝါဒတစ်ရပ်သည် အများပြည်သူ ကောင်းစားရေးကို လုံးဝဖြည့်ဆည်းပေးရာရောက်သည့် မူဝါဒတစ်ရပ် ဖြစ်သော်ငြားလည်း ယင်းမူဝါဒသည် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၏ အကျိုးစီးပွားကို ထိခိုက်စေမည်ဆိုလျှင် အစိုးရသည် ယင်းမူဝါဒကို အကောင်အထည်ဖော်ခွင့် မရဘဲ လက်လျှော့သွားရလေ့ရှိ၏။ အစိုးရများသည် စီးပွားရေးလုပ်ငန်းများ၏ အကျိုးစီးပွားများ လက်အောက်သို့ အနည်းနှင့်အများဆိုသလို ကျရောက်သွားရခြင်းသည် အမှန်တော့ ဈေးကွက်စီးပွားရေးစနစ်နှင့် ကိုယ်စားပြု ဒီမိုကရေစီစနစ် ကျင့်သုံးသော နိုင်ငံရေးစနစ်တို့၏ (သို့မဟုတ် အများကခေါ်နေကြသည့် 'ဈေးကွက်ဒီမိုကရေစီစနစ်'၏) ဝိသေသလက္ခဏာတစ်ရပ်ဖြစ်ကြောင်း သမိုင်းက ပြဆိုလျက်ရှိသည်။



၁၉၇၇ ခုနှစ်တွင် ရေးသားခဲ့သည့် ချားလ်စ်လင်ဘလွန်း၏ အကောင်းဆုံး စာအုပ်တစ်အုပ်ဖြစ်သော "နိုင်ငံရေးနှင့် ဈေးကွက်များ" စာအုပ်တွင် စီးပွားရေးလုပ်ငန်းများက အစိုးရ၏ ပေါ်လစီအပေါ် လွှမ်းမိုးထားသော အချက်အချို့ကို စာရေးသူက အသေးစိတ်လေ့လာပြခဲ့သည်။ အခြေခံအကျဆုံးနှင့် အရေးကြီးဆုံး အချက်တစ်ချက်မှာ ဈေးကွက်စီးပွားရေးစနစ်တွင် စီးပွားရေး၏ သက်ဝင်လှုပ်ရှားမှု (economic activity)သည် အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် တိုက်ရိုက်တည်ရှိမနေတော့ဘဲ ရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်မှု၊ အလုပ်ခန့်အပ်မှုနှင့် ဝန်ဆောင်မှုပေးမှု စသည့်တို့နှင့် ပတ်သက်သော ဆုံးဖြတ်ချက်များကို ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကသာ တာဝန်ယူဆုံးဖြတ်သည့် အနေအထားသို့ ရောက်ရှိသွားခဲ့ခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ အစိုးရတစ်ရပ်၏ (အစိုးရ ပေါ်လစီ၏) နှလုံးသည်းပွတ်ဖြစ်သော စီးပွားရေးပန်းတိုင်များဆီ ရောက်ရှိဖို့ရာ စီးပွားရေးလုပ်ငန်းများကို မျက်နှာသာပေးသော အခြေအနေများကို ဖန်တီးပေးခြင်းနှင့် ၎င်းတို့၏ အကျိုးစီးပွားဆို ဦးစားပေးခြင်း တို့ကို အစိုးရက မဖြစ်မနေ ဆောင်ရွက်ပေးရသည့် အခြေသို့ ဆိုက်ရောက်ခဲ့ရသည်၊ အစိုးရ၏ စီးပွားရေးပန်းတိုင်များဆီ အစိုးရကိုယ်တိုင် တိုက်ရိုက် အရောက်သွားရခြင်းမျိုး မဟုတ်ဘဲ

www.burmeseclassic.com



ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၏ အကူအညီဖြင့် 'တစ်ဆင့်ခံ' သွားရခြင်းမျိုးပင် ဖြစ်သည်။

ဤအခြေအနေမျိုးသည် အလွန်အန္တရာယ်ကြီးမားလှသောအဖြစ်ဆိုးတစ်ခုဖြစ်သည်ဟု လင်ဘလွန်းက မယူဆပါ။ ဤသည်မှာ ခေတ်သစ် ဒီမိုကရေစီစနစ်များအားလုံးတွင် တွေ့ရှိရသည့် ဈေးကွက်စီးပွားရေးစနစ်၏ လက်တွေ့ဘဝစစ်စစ်တစ်ခုမျှသာ ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများဘက်မှ အစိုးရ၏ ဘက်လိုက်မှုကို အားဖြည့်ပေးသော နိုင်ငံရေးဆိုင်ရာ အခြားသောအားသာချက်များလည်း စီးပွားရေးလုပ်ငန်းများတွင် ရှိသေးသည်။ ယင်းတို့မှာ မနေအင်အား တောင့်တင်းခြင်းနှင့် စနစ်တကျ ဖွဲ့စည်းထားသော အဖွဲ့အစည်းများရှိခြင်းတို့ ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများသည် မနေအင်အားနှင့် အဖွဲ့အစည်းအင်အားကို သုံး၍ အစိုးရအား ၎င်းတို့လိုရာရအောင် ထိထိရောက်ရောက် လော်ဘီလုပ်နိုင်သလို ပြည်သူ့သဘောထားများ ၎င်းတို့ဘက်ပါလာအောင်၊ ၎င်းတို့ကို ထောက်ခံလာအောင်လည်း လုပ်နိုင်စွမ်း ရှိသည်။ အရေးကြီးဆုံးအချက်တစ်ခုမှာ ၎င်းတို့က အစိုးရဝန်ကြီးဌာနများစွာ၏ အခရာကျသည့် နေရာများတွင် ၎င်းတို့၏ အတွင်းလူများကို ထားရှိနိုင်အောင် ကြိုးပမ်းနိုင်ခြင်းဖြစ်သည်။ အစိုးရ၏ မူဝါဒများ ရေးဆွဲခြင်းနှင့် မူဝါဒများ အကောင်အထည်ဖော်ခြင်းများ လုပ်ဆောင်ရာတွင် ၎င်းတို့၏ အတွင်းလူများက အခွင့်ထူးခံ အတိုင်ပင်ခံများအဖြစ် လိုအပ်သော သတင်းအချက်အလက် ပေးသူများအဖြစ် ဆောင်ရွက်ကြရလေ့ရှိ၏။ အစိုးရ၏ စီးပွားရေးပန်းတိုင်များဆီ လျှောက်လှမ်းကြရာတွင် စီးပွားရေး လုပ်ငန်းများ၏ အကျိုးစီးပွားကို မပါမပြီး ထည့်တွက်ရသောကြောင့် "စီးပွားရေးလုပ်ငန်းရှင်ကြီးများကို နိုင်ငံရေးစနစ်၏ တံခါးဝတွင် တံခါးလာခေါက်ရုံသက်သက်ထားခဲ့၍ ရနိုင်သည်ကားမဟုတ်။ နိုင်ငံရေးစနစ်ကြီးထဲသို့ ကြွရောက်ပါဟု မဖြစ်မနေ ဖိတ်မန္တက ပြုကြရသည်သာဖြစ်၏"ဟု လင်ဘလွန်းက ရေးသားခဲ့သည်။



စီးပွားရေးလုပ်ငန်းများကို အလုပ်သမား သမဂ္ဂများ၊ သဘာဝပတ်ဝန်းကျင် စောင့်ကြပ်ကြည့်ရှုရေးအုပ်စုများ၊ လူမှုဖူလုံရေးလော်ဘီလုပ်သူများတို့လို ဖိအားပေး အုပ်စုများ (pressure groups) သို့မဟုတ် အကျိုးစီးပွားရရှိရေး အုပ်စုများ (interest groups)အဖြစ် ၎င်းတို့နှင့် တစ်တန်းတည်းထား သတ်မှတ်၍ရသည်မဟုတ်ပါဟု လင်ဘလွန်းက ကောက်ချက်ချခဲ့သည်။ စီးပွားရေးလုပ်ငန်းများ လက်ထဲတွင် အာဏာရှိသည်။ ယင်းအာဏာသည် ကိစ္စရပ် တော်တော်များများတွင် အစိုးရအာဏာနှင့် တစ်တန်းထဲ ရှိနေသည်။ 'ဂျနရယ်မော်တာကုမ္ပဏီ ကောင်းစားရေးသည် တစ်တိုင်းပြည်လုံး ကောင်းစားရေးပင်ဖြစ်သည်'ဟူသည့် ကြွေးကြော်သံမျိုးကို ကြည့်ပြီး စီးပွားရေးလုပ်ငန်းများ၏ အကျိုးစီးပွားသည် တိုင်းပြည်၏ အကျိုးစီးပွားနှင့် တစ်ထပ်ထဲတူသည်ဟု ထောက်ပြစရာရှိသော်လည်း လက်တွေ့ဘဝတွင် စီးပွားရေးလုပ်ငန်းများအားလုံးသည် ဤကဲ့သို့ မဟုတ်ပါ။ ယုတ်စွအဆုံးပြောရလျှင် အစိုးရများ ယုံယုံကြည်ကြည် ပြောနေကြသည့် 'ပြည်သူ့အကျိုးစီးပွား' ဆိုသည်ပင်လျှင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတစ်ခုခု၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေပြီးမှ ရရှိလာသည့် 'ကျွဲကူးရေပါ' ပြည်သူ့အကျိုးစီးပွားပင် ဖြစ်နေတတ်၏။ လင်ဘလွန်းက ဒီမိုကရေစီဟူသည် အမှန်တော့ မဲပေးမှုအာဏာ(power of the vote) နှင့် စီးပွားရေးလုပ်ငန်းတို့၏ အာဏာ (power of business)တို့ကြား အစိုးရက ကြားဝင်ညှိနှိုင်းပေးသည့် အပေးအယူလုပ်မှုတစ်ခုသာ ဖြစ်သည်ဟု ကောက်ချက်ချခဲ့သည်။

ဒီမိုကရေစီ စနစ်ရင့်သန်နေသော တိုင်းပြည်များတွင် ဤအခြေအနေမျိုးသည် ဆန်းဆန်းပြားပြား ကိစ္စမဟုတ်။ အလေ့အထတစ်ခုဖြစ်နေ၍ အမှုမဲ့ အမှတ်မဲ့ပင် ဖြစ်နေပါပြီ။ အမှန်တော့ ဤအခြေအနေမျိုး၊ ဤဖြစ်ရပ်မျိုးသည် ကျွန်တော်တို့ လက်ခံထားသော ကိုယ်စားပြုဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်သည့် 'နိုင်ငံရေးတန်းတူညီမျှမှု'နှင့် လူမှုအကျိုးစီးပွား လူမှုအမြင်များ (social interests and views)

www.burmeseclassic.com

www.burmeseclassic.com



၏ ဖတုသဘောဆောင်မှုကို အစိုးရတစ်ရပ်က အလေးထားတုံ့ပြန်ရမည်ဟူသော ဒီမိုကရက်တစ် ခံယူချက်များနှင့် အလွန်ပင် ကွဲလွဲလျက်ရှိလေသည်၊ လင်ဘလွန်း ရေးသားခဲ့သော ၁၉၇၇ ခုနှစ်က အခြေအနေအတိုင်း အစိုးရနှင့် စီးပွားရေးလုပ်ငန်းများကြား အာဏာဝေမျှမှု အချိုးအစားသည် မပြောင်းမလဲ ဆက်ရှိနေလျှင် အစိုးရအပေါ် လူထု၏ မကျေမနပ်ဖြစ်မှု ဒီရေသည် ဤမျှမြင့်တက်လာစရာ အကြောင်းရှိမည် မဟုတ်ပါ။ လင်ဘလွန်းတို့ ခေတ်မှစ၍ စီးပွားရေး လုပ်ငန်းများ၏ ဩဇာအာဏာသည် အစိုးရပေါ် တိုး၍တိုး၍ လွှမ်းမိုးလာခဲ့သလို မဲပေးမှု အာဏာသည် စီးပွားရေး လုပ်ငန်းများ၏ အာဏာကို လက်လျော့ အရှုံးပေးရမတတ်ပင် ရှိနေလေပြီ၊ ဤသို့ဖြစ်ရသည့် အကြောင်းရင်းကောင်းများ များစွာရှိသည်။ ယင်းအကြောင်းရင်းများကို ယခု ဆက်လက် ဆွေးနွေးပြပါမည်၊

## ရွေးကောက်ပွဲစရိတ်

ရွေးကောက်ပွဲ မဲဆွယ်စရိတ်များမှာ တစ်ကြိမ်ထက် တစ်ကြိမ် အဆမတန် ပို၍ပို၍ ကုန်ကျလာသည်ဖြစ်ရာ ပါတီများနှင့် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများသည် ချမ်းသာကြွယ်ဝသူများနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ ထောက်ပံ့ငွေများအပေါ် ပို၍မှီခိုလာရသည်။ ထို့အတွက်ကြောင့် ချမ်းသာကြွယ်ဝသူများနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများသည် သာမန်မဲဆန္ဒရှင်များ မရရှိနိုင်သည့် ပါတီ၏ ပေါ်လစီအပေါ် ဩဇာလွှမ်းမိုးခွင့် ရရှိကြသည်သာမက နိုင်ငံရေးမျက်နှာသာပေးခံရမှုကိုလည်း (တရားဝင် ကတိကဝတ်တွေ ထုတ်ပြောစရာမလိုဘဲ) အလိုက်သိစွာ သူ့အလိုလို ရရှိသွားတတ်ကြသည်၊

ရွေးကောက်ပွဲ ကုန်ကျစရိတ် အဆမတန် များပြားလှသော အမေရိကန်နိုင်ငံတွင် အစိုးရနှင့် ဥပဒေပြု လုပ်ငန်းစဉ်များအပေါ် စီးပွားရေးလုပ်ငန်းများ၏ 'အထူးအကျိုးစီးပွားများ'က အလွန်အမင်း



လွှမ်းမိုးနိုင်စွမ်း ရှိလှ၏။ ၁၉၉၆ ခုနှစ်တွင် အထက်လွှတ်တော်အမတ်တစ်နေရာရရှိဖို့ရာ အမေရိကန်ဒေါ်လာ ၄ သန်းနှင့် ၅ သန်းကြား သုံးစွဲခဲ့ရပြီး သမ္မတရာထူးအတွက် ဒေါ်လာ သန်း လေးငါးဆယ် ကုန်ကျခဲ့ရသည်။ ကုန်ကျစရိတ် ကိန်းဂဏန်းများသည် အတောမသတ် တိုးလာလျက်ရှိ၏၊ ၂၀၀၄ ခုနှစ်တွင် သမ္မတ ဂျော့ဘုရှ်သည် နောက် သမ္မတ သက်တမ်းတစ်ခုအတွက် ပြန်လည် အရွေးခံဖို့ရန် မဲဆွယ်စရိတ် ဒေါ်လာသန်း ၁၄၀ စတင်သုံးစွဲခဲ့သည်။ ထို့ကြောင့် ရီပတ်ဘလစ်ကန်များနှင့် ဒီမိုကရက်များကို ငွေအမြောက်အမြား ပံ့အောထည့်ဝင်ပေးသည့်သူများအနေနှင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို မျက်နှာသာပေးသည့် ဥပဒေများ ပြုပေးခြင်း သို့မဟုတ် ၎င်းတို့၏ အကျိုးစီးပွားကို ထိခိုက်စေမည့် ဥပဒေပြုရေး အဆိုပြုချက်များကို ပိတ်ပင်တားဆီးပစ်ခြင်း စသည့် ဆုလာဘ်များကို မျှော်လင့်နေကြခြင်းသည် သိပ်အံ့ဩစရာကောင်းသည့်ကိစ္စတော့ မဟုတ်ပါ။

လက်တွေ့နိုင်ငံရေး လောကတွင်လည်း ဤသို့ပဲ ဖြစ်နေတတ်သည်။ နိုင်ငံသားအားလုံးအား ကျန်းမာရေးစောင့်ရှောက်ပေးရေးတိစ္စ၊ သဘာဝပတ်ဝန်းကျင် မပျက်စီးရေး ကာကွယ်ပေးသည့်တိစ္စ သို့မဟုတ် အရပ်သားများ လက်နက်ကိုင်တွယ်ခွင့် ထိန်းချုပ်ရေးတိစ္စ စသည့် အဆိုပြုချက်များကို ပြည်သူလူထု အားလုံးလိုလိုက သောင်းသောင်းဖြဖြထောက်ခံကြသည့်တိုင် ၎င်းအဆိုပြုချက်များအားလုံး အောက်လွှတ်တော်တွင် ပိတ်ပင်ခံရသည်ချည်း ဖြစ်ခဲ့ရသည်၊ ဆေးဝါးနှင့် ကျန်းမာရေးအာမခံ ကုမ္ပဏီများက (နိုင်ငံသားအားလုံးအား ကျန်းမာရေးစောင့်ရှောက်ပေးရေး အဆိုပြုချက်ကို ဆန့်ကျင်တန့်တွတ်ဖို့) အောက်လွှတ်တော်ရှိ ၎င်းတို့ထောက်ပံ့ထားသည့် အမတ်များကို ဆော်ဩစည်းရုံးခဲ့ကြသည်၊ ရေနံကုမ္ပဏီကြီးများနှင့် ကားထုတ်လုပ်ရေး ကုမ္ပဏီကြီးများက သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး အဆိုပြုချက်ကို ၎င်းတို့ငွေကြေးထောက်ပံ့ခဲ့သည့် အမတ်များမှတစ်ဆင့် ပိတ်ပင်ဖို့ ကြိုးပမ်းခဲ့

www.burmeseclassic.com

သည်။ အလားတူစွာပင် လက်နက်ထုတ်လုပ်ရေး ကုမ္ပဏီများက လက်နက်ထိန်းချုပ်ရေး အဆိုပြုချက်ကို ပျက်ပြားသွားအောင် ၎င်းတို့၏ အောက်လွှတ်တော်အမတ်များကို အသုံးချခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် အချို့သော ပုဂ္ဂလိကပိုင် စက်မှုလက်မှု လုပ်ငန်းများကို အစိုးရက မလိုအပ်ဘဲ ထောက်ပံ့ကြေးများ ပေးနေမှု၊ အထူးအခွင့်အရေးပေးကာ အခွန်အကောက်များ လျှော့ကောက်ခံနေမှုများကို ကန့်သတ်ဖို့ ကြိုးပမ်းမှုများမှာ အမြဲပင် အရေးနိမ့်ခဲ့ရသည်ချည်း ဖြစ်လေသည်။ ဘောဂဗေဒနှင့် နိုဗယ်ဆုရခဲ့သူ ပညာရှင်တစ်ဦးက ဘတ်ဂျက်ကိစ္စ ကျဉ်းထဲကျပ်ထဲ ရောက်လာသည့်အခါ "ကော်ပိုရေးရှင်းကြီးများ သာယာဝပြောရေး (corporate welfare) သည် လူမှုသာယာဝပြောရေး (social welfare)ကို အမြဲတမ်း အပြတ်အသတ် အနိုင်ရသွားလေ့ရှိသည်"ဟု တစ်ခါက ပြောခဲ့ဖူးသည်။ ထိုစကားသည် မှန်သည်ဟု ဆိုရချိမ့်မည်။

၁၉၉၀ ပြည့်လွန်နှစ်များတွင် အမေရိကန် စီးပွားရေးလုပ်ငန်းကြီးများသည် စွမ်းအင်၊ ဆက်သွယ်ရေးနှင့် ဘဏ်လုပ်ငန်းတို့လို စီးပွားရေးလုပ်ငန်းများတွင် စည်းကမ်းသတ်မှတ်ချက်များ လျှော့ပေါ့ပေးဖို့နှင့် လျှော့ပေါ့ပေးပြီးသား စည်းကမ်းသတ်မှတ်ချက်များကို ယင်းပုံစံအတိုင်း ဆက်လက်ထားရှိဖို့ အစိုးရထံ တစ်စိုက်မတ်မတ် တောင်းဆိုခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ သာဓကအားဖြင့် ၁၉၉၈ ခုနှစ်နှင့် ၂၀၀၀ ခုနှစ်ကြားကာလများတွင် စာရင်းအင်းဆိုင်ရာ လုပ်ငန်းများသည် စာရင်းအင်းဆိုင်ရာ စည်းမျဉ်းများ တင်းကျပ်မည့် လှုပ်ရှားမှုများကို ပိတ်ပင်တားဆီးလိုသောကြောင့် အောက်လွှတ်တော်အမတ် ထက်ဝက်ကျော်နှင့် အထက်လွှတ်တော်အမတ် ၉၀ ရာခိုင်နှုန်းကျော်တို့အား မဲဆွယ်စရိတ်များ ထောက်ပံ့ပေးခဲ့ကြသည်။ တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများမှ လွတ်မြောက်သွားခြင်း၏ အကျိုးရလဒ်မှာ ကုမ္ပဏီဒါရိုက်တာများနှင့် အလုပ်အမှုဆောင်များအတွက် ဆုလာဘ်ပေးအပ်ရာတွင် အစု



ရှယ်ယာများကိုပါ ရွေးချယ်နိုင်သည့် စနစ်ပြောင်းလဲမှုတစ်ရပ် ပါဝင်လာခြင်း ဖြစ်သည်။ ယင်းသို့ ဆုလာဘ်ပေးမှု စနစ်၏ အကျိုးဆက်သည် မည်သည့် အဓိပ္ပာယ်ကို ဆောင်ပါသနည်း။ ကုမ္ပဏီ အလုပ်အမှုဆောင်များ၊ ၎င်းတို့၏ စာရင်းကိုင်များနှင့် ဘဏ်တိုက်ကြီးများ အားလုံးတွင် ဆုလာဘ် 'မက်လုံး'များ ကိုယ်စီကိုယ်င ပိုင်ဆိုင်ထားကြခြင်း၏ အကျိုးရလဒ်မှာ အတူပူးပေါင်း၍ လိမ်လည်သော အလေ့အထများ ဖြစ်ပေါ်လာခြင်းပင် ဖြစ်သည်။ ထိုအလေ့အထများက ၎င်းတို့ကုမ္ပဏီများ၏ အစုရှယ်ယာ ဈေးနှုန်းများကို ရှိသင့်သော ပေါက်ဈေးထက် အဆမတန် မြင့်တက်လာစေခဲ့လေသည်။ သို့သော် စီးပွားရေးကပ် ကျရောက်ချိန်တွင် ယင်းသို့သော ကုမ္ပဏီအချို့ လုပ်ငန်းရပ်သွားသောအခါ တကယ်ဆုံးရှုံးသွားရသူများမှာ ကုမ္ပဏီဝန်ထမ်းများနှင့် ရင်းနှီးမြှုပ်နှံထားသော လူထုများပင် ဖြစ်၏။ ဤကဲ့သို့သော ကုမ္ပဏီများ ပြိုလဲခဲ့သော အံ့သြထိတ်လန့်ဖွယ် ဖြစ်ရပ်တစ်ခုမှာ ကမ္ဘာ့အကြီးဆုံး စွမ်းအင်ရောင်းဝယ်ကျော်ကြားသော ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် 'အင်ရွန်' ကုမ္ပဏီပင် ဖြစ်သည်။ အင်ရွန်ကုမ္ပဏီ၏ အမှုဆောင်များမှာ ၎င်းတို့ပိုင်ဆိုင်သည့် ရှယ်ယာများကို အချိန်မီ ရောင်းချခဲ့ခြင်းကြောင့် ဒေါ်လာတစ်ဘီလျံကျော်မျှ အမြတ်ထွက်ခဲ့သော်လည်း ယင်းကုမ္ပဏီဝန်ထမ်းများမှာ ၎င်းတို့၏ ပင်စင် ရံပုံငွေများပင် ဆုံးရှုံးခဲ့ရလေသည်။ အင်ရွန် အရှုပ်တော်ပုံအပေါ် လူထုက အပြင်းအထန် ဝေဖန်လာသည့်အခါ ယင်းဝေဖန်မှုကို တုံ့ပြန်သည့်အနေဖြင့် အစိုးရက အောက်လွှတ်တော် အမတ်များ ပါဝင်သည့် ကော်မတီများဖွဲ့ကာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ အောက်လွှတ်တော်အမတ် ၂၄၈ ဦးရှိသည့်အနက် ၂၁၂ ဦးထက် မနည်းသော အမတ်များသည် ရွေးကောက်ပွဲ မဲဆွယ်စရိတ် ထောက်ပံ့ကြေးများကို အင်ရွန်ကုမ္ပဏီမှ သို့မဟုတ် နံမည်ပျက်ရှိသော စာရင်းစစ် ကုမ္ပဏီ 'အာသာအင်ဒါဆင်'မှ လက်ခံရရှိခဲ့ကြောင်း စုံစမ်းမှုများမှ တွေ့ရှိခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်တွင် ဒီမိုကရေစီဖြစ်စဉ်ကို ဤသို့သောပုံပျက်ပန်းပျက်ဖြစ်အောင် အလွန်အကျွံ လုပ်ခဲ့မှုမျိုး ယခင် ဥရောပဟောင်းတွင် မရှိခဲ့ ဟုဆိုရပါမည်။ သို့သော် ယခုတော့ ဥရောပ ဒီမိုကရေစီနိုင်ငံများသည်လည်း ဤလမ်းနောက် လိုက်လျက်ရှိပေပြီ။ ပြင်သစ်၊ ဂျာမဏီနှင့် အီတလီနိုင်ငံတို့တွင် စီးပွားရေးလုပ်ငန်းကြီးများသည် စီးပွားရေး အကျိုးအမြတ်ကို မျှော်ကိုး၍ နိုင်ငံရေးပါတီများကို စရိတ်ထောက်ပံ့ပေးသည့် အရှုပ်တော်ပုံကြီးများ ရှိနေပါပြီ။ ဖုံးမနိုင်ဖိမရ၍ လူသိရှင်ကြားဖြစ်သွားရသည့် 'အကျိုးလို၍ ညောင်ရေသွန်းသော' အရှုပ်တော်ပုံကြီးများသည် အမှန်တော့ သမုဒ္ဒရာမျက်နှာပြင်ပေါ်တွင် မြင်တွေ့နေရသော ရေခဲတောင်၏ ထိပ်ဖျားမျှသာရှိသည်ဟု လူများစွာက ယုံကြည်နေကြသည်။ ဗြိတိန်နိုင်ငံတွင် လေဘာပါတီသစ် (New Labour)သည် ၁၉၉၇ ခုနှစ် ရွေးကောက်ပွဲ မတိုင်မီ စီးပွားရေးလုပ်ငန်းများမှ ပါတီရံပုံငွေရအောင် မဆုတ်မနစ် ပိုးပမ်းမှုများ ပြုလုပ်ခဲ့ပြီး အလုပ်သမားသမဂ္ဂများမှ ထောက်ပံ့ကြေး ရယူမှုကို လျှော့ချခဲ့သည်။ စီးပွားရေးကုမ္ပဏီများမှ ရံပုံငွေရအောင် ပိုးပမ်းခဲ့မှု၏ ရလဒ်အဖြစ် လေဘာပါတီသစ်သည် အရှုပ်တော်ပုံများတွင် ပါဝင်ပတ်သက်ခဲ့သည်။ ပါဝင်ခဲ့သော အရှုပ်တော်ပုံများမှာ အက်ကလက်စတုန်းကိစ္စ(Ecclestone affair) (ကားမောင်းပြိုင်ပွဲတွင် ဆေးလိပ်ကြော်ငြာထည့်သွင်းမှု ပိတ်ပင်ခြင်းကို ရွှေ့ဆိုင်းပေးခြင်း)၊ ဟင်ဒူဂျာကိစ္စ(Hinduja affair) (ဗြိတိသျှနိုင်ငံကူးလက်မှတ်လျှောက်ထားမှုများကို မြန်ဆန်စွာ ဆောင်ရွက်ပေးခြင်း)၊ ဒရက်ပါကိစ္စ(Draper affair) (ဝန်ကြီးများဆီ ချဉ်းကပ်ပေးဖို့ ငွေကြေး ရယူခြင်း)တို့ဖြစ်သည်။ ရွေးကောက်ပွဲ မဲဆွယ်စရိတ်များအတွက် ထောက်ပံ့ငွေ တစ်ဦးချင်းထည့်ဝင်ပေးသော စီးပွားရေးသမားများကို အနိုင်ရသော ပါတီများက ပါလီမန် အထက်လွှတ်တော်တွင် အမတ်နေရာများရအောင် လုပ်ပေးခြင်း၊ အစိုးရ၏ အဓိက အကြံပေးအဖွဲ့များတွင် ရာထူးကြီးများရအောင် လုပ်ပေးခြင်းတို့သည် အ



စဉ်အလာလိုဖြစ်နေရာ သတိပင် မထားမိသလောက် ဖြစ်နေပါပြီ။

## ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း

တစ်ကြိမ်ထက်တစ်ကြိမ် ရွေးကောက်ပွဲ မဲဆွယ်စရိတ်များ ကြီးမြင့်လာသောကြောင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ပါတီများသည် ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် ငွေကြေးနှင့် အထောက်အပံ့ပစ္စည်းများကို စီးပွားရေး လုပ်ငန်းများမှ ရယူခဲ့ကြရသည်ဖြစ်ရာ ဒီမိုကရက်တစ် နိုင်ငံရေးသည် စီးပွားရေး လုပ်ငန်းများအပေါ် မှီခိုလာရကြောင်း တွေ့ရှိခဲ့ရပြီး ဖြစ်သည်။ အစိုးရက ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကို တစ်နည်းတစ်ခြား ပို၍မှီခိုအားထားလာ ရသောနောက်ထပ် အကြောင်းရင်းတစ်ခု ရှိသေးသည်၊ ယင်းမှာ အခြေခံပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများလက်ထဲ လွှဲပြောင်းပေးအပ်လိုက်ခြင်း ဖြစ်၏။ ယူကေ (United Kingdoms) တွင် ရေပေးဝေခြင်း၊ လျှပ်စစ်ဓာတ်အား၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ပုဂ္ဂလိကပိုင် လုပ်ငန်းများအဖြစ် ပြုလုပ်ခဲ့ပြီး ဖြစ်သည်။ လေဘာပါတီ အစိုးရလက်ထက်တွင် 'ပုဂ္ဂလိကဘဏ္ဍာရေး ရှေ့ဆောင်မှု'ဟု ခေါ်သည့် ပေါ်လစီတစ်ရပ်ကို ကျင့်သုံးခဲ့သည်။ ယင်းပေါ်လစီအရ ပုဂ္ဂလိက ကဏ္ဍကို တိုးချဲ့ပေးရာတွင် အဓိကကျသည့် ပြည်သူပိုင် အဆောက်အအုံများ ဆောက်လုပ်ရေး စီမံကိန်းများနှင့် အဆောက်အအုံ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ပုဂ္ဂလိကလုပ်ငန်းများက ဘဏ္ဍာငွေများ ထောက်ပံ့ပေးခြင်း၊ အချို့သော ပြည်သူပိုင် ဆေးရုံများ၊ ကျောင်းများနှင့် အကျဉ်းထောင်များလည်ပတ်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းများထံ လွှဲပြောင်း ပေးအပ်ခြင်း အဆင့်ထိပင် ပါဝင်ခဲ့သည်။

ပြည်သူပိုင်လုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းများအဖြစ် လွှဲပြောင်းပေးသော အစီအစဉ်များသည် တိုင်းပြည်အတွက် စီးပွားရေး

www.burmeseclassic.com

www.burmeseclassic.com



အရ အကျိုးအမြတ် များစွာရှိသည်ဟု အလွန်အမင်း ချဲ့ကားပြောဆိုနေကြသော်လည်း တကယ့်လက်တွေ့တွင် ဤသို့ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းသည် ဒီမိုကရက်တစ် နိုင်ငံရေး၏ အရည်အသွေးကို အကြီးအကျယ် ကျဆင်းစေသည့် ဆိုးကျိုးများလည်းရှိနေ၏။ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရကြား ချုပ်ဆိုထားသော စာချုပ်စာတမ်းများကို စီးပွားရေးဆိုင်ရာ လျှို့ဝှက်ချက်အဖြစ် အစိုးရက လျှို့ဝှက်ပေးထားရမည်ဟူသော အကြောင်းပြချက်ကြောင့် ယင်းစာချုပ်စာတမ်းများပါ အကြောင်းအရာများနှင့်ပတ်သက်၍ လူထုက သိခွင့်မရှိတော့ဘဲ ဒီမိုကရေစီ၏ အခြေခံမူတစ်ရပ်ဖြစ်သည့် လူထုအား တာဝန်ခံရှင်းပြမှု (public accountability) မူတစ်ရပ်ကို လူထုက ဆုံးရှုံးရတော့၏။ ပုဂ္ဂလိကလုပ်ငန်းများသည် ၎င်းတို့၏ အကျိုးအမြတ် ရရှိရေးကိုသာ ရှေ့ရှုလွန်းသောကြောင့် ပြည်သူ့အကျိုးစီးပွားများ လစ်လျူရှုခံနေရခြင်းသည်လည်း လူ့အဖွဲ့အစည်းအတွက် အန္တရာယ်ပင် ဖြစ်သည်။ ဤဖြစ်ရပ်မျိုးကို မကြာသေးမီက ဗြိတိသျှ မီးရထားနှင့် အသက်အန္တရာယ် ကင်းရှင်းရေးလုပ်ငန်း သမိုင်းတွင် အထင်အရှား တွေ့ရှိခဲ့ရပြီးဖြစ်သည်။ ပြည်သူ့ဘဏ္ဍာငွေ အထောက်အပံ့ လျော့နည်းစေလိုသော ရည်ရွယ်ချက်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို ပုဂ္ဂလိကလက်ထဲ လွှဲအပ်ပေးလိုက်ခြင်းသည် အဆုံးတွင် 'ပေါ့စေချင်၍ ကြောင်ချုပ်ထိုး၊ ဆေးအတွက် ပိုလေး' ဆိုသလို လူထုနှင့် အစိုးရကသာ ပို၍ကုန်ကျသွားခြင်းမျိုးလည်း ကြုံတွေ့ရတတ်သည်။ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို နိုင်ငံရေးကစားပွဲထဲမှ ဆွဲထုတ်ကာ ပုဂ္ဂလိကပိုင် ပြုလုပ်လိုက်ခြင်းသည် အပြင်ပန်းအားဖြင့် ကြည့်လျှင် ကောင်းသည်ဟု ထင်စရာ ဖြစ်သော်လည်း လက်တွေ့တွင် တက်လာသော အစိုးရတစ်ရပ်သည် ပုဂ္ဂလိကပိုင် စီးပွားရေး လုပ်ငန်းများအပေါ် ပိုမို မှီခိုအားထားလာရသည် သာမက စီးပွားရေးလုပ်ငန်း ကွန်ရက်ထဲမှ ရုန်းမထွက်သာတော့ဘဲ နှောင်ဖွဲ့မိသွားလေတော့သည်။



တျွမ်းကျင်သူများနှင့် ဆက်နွှယ်ခြင်း၊

မျက်မှောက် ကမ္ဘာတွင် အစိုးရတစ်ရပ်၏ လုပ်ငန်းဆောင်တာများသည် အလွန်တရာ ရှုပ်ထွေးလွန်းလှသည်ဖြစ်ရာ အစိုးရအနေနှင့် ပေါ်လစီများရေးဆွဲရေး၊ အကောင်အထည်ဖော်နေသော ပေါ်လစီများကို ပြန်လည်သုံးသပ်ရေးဆိုသည့် ကိစ္စရပ်များတွင် အကြံဉာဏ်နှင့် လမ်းညွှန်ချက်များ ရရှိဖို့ရာ 'အကြံပေးကော်မတီများ'ကို အစိုးရများက တစ်နေ့တခြား ပို၍အားကိုးလာရသည်။ အကြံပေးကော်မတီများ တဟုန်ထိုး များပြားလာသည်နှင့်အမျှ အစိုးရ၏ ပေါ်လစီများချမှတ်ခြင်းအပေါ် စိတ်ဝင်စားသော စီးပွားရေးသမားများကလည်း အကြံပေးကော်မတီများအပေါ် လွှမ်းမိုးဖို့ ကြိုးစားလာကြသည်။ စိုးရိမ်စရာကောင်းသည့် အခြေအနေတစ်ရပ်မှာ ယင်းကော်မတီများတွင် ပါဝင်နေကြသော သိပ္ပံပညာရှင်များနှင့် ပတ်သက်၍ဖြစ်သည်။ သိပ္ပံပညာရှင်များကို လွတ်လပ်သော ပညာရှင်များအဖြစ် အားလုံးက မှတ်ယူထားကြသည်။ သို့သော် သိပ္ပံပညာရှင်များ ပြုလုပ်နေကြသော သုတေသနလုပ်ငန်းများကို ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများက ငွေကြေး ထောက်ပံ့ထားလေ့ရှိကြရာ ယင်းအကျိုးဆက်အနေဖြင့် သိပ္ပံပညာရှင်များသည် ၎င်းတို့အား ထောက်ပံ့ပေးထားသော စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီများ၏ အကျိုးစီးပွားကို ဦးစားပေးလုပ်ဆောင်ဖို့ အဆင်သင့် ဖြစ်ဆင်ထားရလေ့ရှိကြသည်။

တက္ကသိုလ်များကဲ့သို့သော အဖွဲ့အစည်းများသည် အတတ်ပညာဆိုင်ရာနှင့် ပတ်သက်လာသော အစိုးရ၏ လုပ်ဆောင်ချက်များအပေါ် ကောင်းသည် ဆိုးသည်၊ မှားသည် မှန်သည် စသည်ဖြင့် လွတ်လပ်စွာ သဘောထားပေးသည့် အခန်းကဏ္ဍမှ ပါဝင်လေ့ရှိကြသည်။ ဤသို့ လုပ်ဆောင်ခြင်းသည် အစိုးရအပေါ် ထိန်းချုပ်ပေးရာရောက်သောကြောင့် ယင်းအဖွဲ့အစည်းများသည် တိုင်းပြည်တစ်ပြည်တွင် အလွန်အရေးကြီးလှကြောင်း ယခင်အပိုင်းတွင် ကျွန်တော်တို့ လေ့လာခဲ့-

www.burmeseclassic.com



ပြီးဖြစ်ပါသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း တက္ကသိုလ် သုတေသနလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကုန်ကျသည့် စရိတ်စက ကြီးမြင့်လာသလောက် ပြည်သူ့ ထောက်ပံ့ငွေပမာဏက လျော့နည်းလာသည်ဖြစ်ရာ အနောက်ကမ္ဘာရှိ တက္ကသိုလ်များသည် ၎င်းတို့၏ သုတေသနလုပ်ငန်းများအတွက် ကော်ပိုရေးရှင်းကြီးများ၏ ထောက်ပံ့ငွေများကို ပို၍ မှီခိုအားထားလာရသည်။ ထိုမျှသာမက ပြည်သူ့ဘဏ္ဍာငွေများကို တက္ကသိုလ် သုတေသနလုပ်ငန်းများအား ဖြန့်ဝေပေးသည့် သုတေသနကော်မတီများသည်ပင်လျှင် ပညာရပ်ဆိုင်ရာ အသိပညာများ တိုးပွားရေးထက် စီးပွားရေးအကျိုးအမြတ် ရရှိရေးကို ထည့်တွက်ပြီး ထောက်ပံ့ငွေများ ပေးဝေလေ့ရှိကြသည်။ ဤသို့ဖြစ်လာရခြင်းမှာ သုတေသနကော်မတီများတွင်ပင် စီးပွားရေးသမားများက စိမ့်ဝင်နေရာယူလာကြသောကြောင့်ဖြစ်လေသည်။ သာဓကအားဖြင့် ယူကေရှိ ပြည်သူ့ဘဏ္ဍာငွေ အထောက်အပံ့ပြု သုတေသနကောင်စီများ၏ တာဝန်တွင် 'စက်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် အစိုးရ စသည်တို့အား မနေအင်အား တိုးပွားရေးတွင် ကူညီထောက်ပံ့ရန်နှင့် ဘဝအရည်အသွေးများ တိုးတက်ကောင်းမွန်လာစေရေးတွင် ကူညီထောက်ပံ့ပေးရန်'ဟူ၍ ပါရှိသည်။ အလားတူ ဖြစ်ရပ်မျိုး အမေရိကန်နိုင်ငံတွင်လည်း ရှိသည်။ အစိုးရထံ အစီရင်ခံစာ ရေးသားသူတစ်ဦးက "ထောက်ပံ့ငွေများထုတ်ပေးသော ဖယ်ဒရယ် အစိုးရ အကြံပေးကော်မတီများသည် ပြည်သူလူထု၏ အကျိုးစီးပွားထက် ပုဂ္ဂလိကလုပ်ငန်းများ၏ အကျိုးစီးပွားကို ရှေ့ရှု၍ ထောက်ပံ့ငွေများကို ထုတ်ပေးနေသည်"ဟူသော မှတ်ချက်ဖြင့် အစီရင်ခံစာကို နိဂုံးချုပ်ခဲ့သည်။

သိပ္ပံသုတေသန လုပ်ငန်းများအနေနှင့် စီးပွားရေးလုပ်ငန်းများ၏ အထောက်အပံ့များအပေါ် ပိုမိုမှီခိုလာရခြင်းသည် သိပ္ပံသုတေသန လုပ်ငန်းများ၏ နဂိုရည်ရွယ်ချက်ကို တိမ်းချော်သွားစေသည်။ ဥပမာအားဖြင့် အသစ်ပြန်လည် ဖန်တီးနိုင်သည့် စွမ်းအင် (renewable energy)ထုတ်ယူနိုင်ရေးကို ပို၍အလေးထားသည့် သိပ္ပံသုတေသနလုပ်ငန်းများကို အာရုံစိုက် လုပ်ဆောင်ရမည့်အစား တစ်ချိန်တွင် ခမ်းခြောက်သွားမည့် ရေနံနှင့် သဘာဝဓာတ်ငွေ့များကိုသာ အာရုံစိုက်၍ သုတေသနတွေ လုပ်ဆောင်နေကြသည်။ ဤနေရာတွင် ဆိုလိုချင်သည်မှာ ပညာရပ်ဆိုင်ရာ နယ်ပယ်များမှ ပညာရှင်များ၏ နည်းပညာဆိုင်ရာ အကြံဉာဏ်များကို အစိုးရက ရယူသည့်အခါ ပညာရှင်များ၏ အကြံဉာဏ်များသည် ၎င်းတို့ကို ထောက်ပံ့ထားသော စီးပွားရေးလုပ်ငန်းများ၏ အကျိုးစီးပွားအပေါ် ငဲ့ကွက်လာရသောကြောင့် ထင်သလောက် လွတ်လပ်သော အကြံအဉာဏ်များ မဟုတ်တော့ဆိုသည့် အချက်ဖြစ်သည်။ ပညာရှင်များအပေါ် စီးပွားရေးလုပ်ငန်းများက လွှမ်းမိုးထားမှုတဲ့ရှုချက်ကို ပို၍ဆိုးသွားအောင် တွန်းပို့ပေးလိုက်သည့် အချက်မှာ အစိုးရများက အကြံပေးကော်မတီများတွင် ၎င်းတို့ ကြားလိုသည့် စကားများသာပြောမည့် အတတ်ပညာရှင်များ (experts) ကိုသာ ခန့်အပ်ထားလိုက်ခြင်း ဖြစ်လေသည်။

ပညာရပ်ဆိုင်ရာ နယ်ပယ်မှ သိပ္ပံပညာရှင်များ၏ အမြင်သည် လွတ်လပ်မှုရှိသည်ဟု ပြည်သူလူထုက ယုံကြည်ထားမှုကို ကပြောင်းကပြန်ဖြစ်သွားစေသည့် ကိစ္စရပ်ကြီးတစ်ခု ယူကေတွင် ဖြစ်ပွားခဲ့သည်။ ဘီအက်စ်အီး(BSE) အရူးပ်တော်ပုံဟု ခေါ်တွင်သည်။

မာဂရက်သက်ချာ အစိုးရလက်ထက်တွင် အသားထုတ်လုပ်ရေးလုပ်ငန်းကို အစိုးရက ယခင်ကဆိုလျှင် သိုးသားနှင့် သိုးကလီစာများကို အပူချိန်တစ်မျိုးတည်းတွင်ထား၍ ပိုးသတ်ပြီးမှ ကျွဲနွားများကို ကျွေးရန် စည်းကမ်းသတ်မှတ်ထားသည်။ စည်းကမ်းများ လျှော့ပေါ့ပေးလိုက်ရာ အပူချိန်တစ်မျိုးတည်းတွင်ထား၍ 'ပိုးသတ်မထားသော' သိုးသားနှင့် ကလီစာများကို ကျွဲနွားများအား ကျွေးသော အလေ့အထတစ်ရပ် နေရာအနှံ့တွင် ဖြစ်ပေါ်ခဲ့သည်။ ဤအလေ့အထ၏ ရလဒ်မှာ ကျွဲနွားများ၏ ဦးနှောက်တွင် ရောဂါတစ်မျိုး ဖြစ်ပွားလာပြီး ယင်းရောဂါ



www.burmeseclassic.com

www.burmeseclassic.com



တို ဘီအက်စ်အီး သို့မဟုတ် နွားရူးရောဂါဟု ခေါ်ကြသည်။ နွားရူးရောဂါ ပြန့်ပွားနေမှုကို စိုက်ပျိုးရေးဌာနက ဖုံးဖိရန် ကြိုးစားခဲ့သည်သာမက ကျွဲနွားများမှတစ်ဆင့် အခြားသောတိရစ္ဆာန်များကိုလည်း ကူးစက်နိုင်ကြောင်း စုံစမ်းလေ့လာနေသည့် သိပ္ပံပညာရှင်များအား အချက်အလက်များ ပေးဖို့ငြင်းဆန်ခြင်း၊ ၎င်းတို့၏ သုတေသန ရလဒ်များကို မဟုတ်မမှန်ဟုဆိုကာ သိက္ခာချခြင်းတို့ကို ယင်းဌာနက ပြုလုပ်ခဲ့သည်။ နွားရူးရောဂါသည် အခြားသော တိရစ္ဆာန်များဆီ ကူးစက်နေခဲ့ပြီးနောက် အချိန်အတော်ကြာသည်အထိ စိုက်ပျိုးရေးဌာနပိုင် သိပ္ပံဆိုင်ရာ အကြံပေးကော်မတီက ဤရောဂါသည် လူများဆီ ကူးစက်ဖို့ အခွင့်အလမ်း အလွန်နည်းကြောင်း ဘာမှမဖြစ်သလို လျှော့လျှော့ပေါ့ပေါ့ ဆက်ပြောနေခဲ့သေးသည်။ စိုက်ပျိုးရေးဌာနက ဤကဲ့သို့ ဖုံးဖုံးဖိဖိ ဝေ့လည်ကြောင်ပတ် လုပ်နေရခြင်းမှာ အမဲသားစားသုံးသူများ၏ ယုံကြည်မှု ဆုံးရှုံးခံရမည်ကို ကြောက်ရွံ့၍တစ်ကြောင်း၊ ပြည်ပသို့ အမဲသားတင်ပို့ခြင်းမှ အမြတ်အစွန်း မြိုးမြိုးမြက်မြက် ရနေမှုကို လက်လွှတ်ဆုံးခံရမှာ ကြောက်နေသည်ကတစ်ကြောင်းတို့ကြောင့် ဖြစ်လေသည်။ စိုက်ပျိုးရေးဌာနက မည်သို့ပင် ကြိုးစား၍ လှည့်ဖြားစေကာမူ အဆုံးသတ်မှာ မကောင်းလှပါ။ အမဲသား ထုတ်လုပ်ရေးလုပ်ငန်းမှာ အကြီးအကျယ် အထိနာသွားခဲ့သည်။ စောစောစီးစီး ထိထိရောက်ရောက် ဖြေရှင်းနိုင်ခဲ့လျှင် ဆုံးရှုံးမှုသည် ဤမျှ ကြီးမားခဲ့လိမ့်မည် မဟုတ်ပါ။ အဆိုးထဲကမှ ပို၍ဆိုးသော စိတ်မကောင်းစရာ ကိစ္စတစ်ခုမှာ စားသောက်ကုန်လုပ်ငန်းနှင့် ပြည်သူ့ကျန်းမာရေးကိစ္စများအပေါ် လူထုက ယုံကြည်မှု ကင်းမဲ့သွားသည်ထက် 'သိပ္ပံပညာ၏ ဂုဏ်သိက္ခာနှင့် သိပ္ပံပညာ၏ ဘက်မလိုက်တတ်မှု'အပေါ် လူထုက သံသယဖြစ်ကာ မယုံကြည်တော့ခြင်းသည် လူ့အဖွဲ့အစည်းတွင် ရေရှည်ကျန်ရစ်မည့် ဒဏ်ရာဒဏ်ချက်တစ်ခုပင် ဖြစ်တော့၏။

ယခုလို အလားတူ ဖြစ်ရပ်မျိုးများ အမေရိကန် ပြည်ထောင်စု



တွင်လည်းတွေ့နိုင်သည်။ ရာသီဥတုပြောင်းလဲလာခြင်းနှင့် ပတ်သက်သည့် သိပ္ပံသုတေသနလုပ်ငန်းဖြစ်ရပ်နှင့် ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို အကြီးအကျယ် ထိခိုက်စေသည်ဟု ပြောဆိုနေမှုများမှာ အလွန်အမင်း ပုံကြီးချဲ့မှုသာဖြစ်ကြောင်း သက်သေပြဖို့ ကြိုးစားနေသည့် 'လွတ်လပ်သော' သုတေသန လုပ်ငန်းများအတွက် ဆေးလိပ်ကုမ္ပဏီများက ထောက်ပံ့ငွေများ ပုံအောထည့်ဝင်ခဲ့ကြသည့် ဖြစ်ရပ်တို့မှာ အမှတ်ရစရာများပင် ဖြစ်သည်။ ယခုတစ်ဖန် ရေနံနှင့် စွမ်းအင်လုပ်ငန်းများကြောင့် ကမ္ဘာကြီးပူနွေးလာမှုနှင့် ယင်း၏အကျိုးဆက်များကို မှန်မှန်ကန်ကန် လေ့လာနေသည့် သုတေသန လုပ်ငန်းများအား စိန်ခေါ်မည့် သိပ္ပံလုပ်ငန်းများအတွက် ကုမ္ပဏီများက အထောက်အပံ့များ ပုံအောထည့်နေကြလေပြီ။ ပူပန်ကြောင့်ကြသော သိပ္ပံပညာရှင်များသမဂ္ဂ (The Union of Concerned Scientists)က သိပ္ပံပညာရပ်အပေါ် အစိုးရ၏ ခုတုံးလုပ် အသုံးချမှုနှင့် ပတ်သက်၍ စိုးရိမ်မကင်း ဖြစ်မိကြောင်း လူသိရှင်ကြား ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါ သမဂ္ဂ၏ ထုတ်ဖော်ပြောကြားချက်တွင် 'သိပ္ပံပညာသည် သိပ္ပံ၏ သဘောသဘာဝအတိုင်း ဓမ္မဓိဋ္ဌာန်ကျကျ လွတ်လွတ်လပ်လပ် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အစိုးရအဖွဲ့က ကြားဝင်ကာ ၎င်းတို့လိုချင်သည့်အတိုင်း ကြိုးကိုင်ခြယ်လှယ်လေ့ရှိကြသည်။ ကြိုးကိုင်ခြယ်လှယ်မှုတွင် သိပ္ပံဆိုင်ရာ အကြံပေးကော်မတီများ၌ အစိုးရက ၎င်းတို့လူများ ခန့်အပ်ထားခြင်း၊ အစိုးရက ခန့်အပ်ထားသော သိပ္ပံပညာရှင်များ၏ အစီရင်ခံစာများတွင်ပင် အစိုးရက မလိုလားသည့် အချက်အလက်များ ပါရှိနေပါက မပါရှိအောင် ဆင်ဆာဖြတ်ခြင်းနှင့် လွတ်လပ်သည့် သိပ္ပံဆိုင်ရာ အကြံအဉာဏ်များ မတောင်းခံဘဲနေခြင်း တို့ပါဝင်သည်' ဟု ရေးသားထားသည်။ အစိုးရ၏ ဤသို့သော လုပ်ဆောင်နေမှုများတို 'သိပ္ပံပညာကို နိုင်ငံရေးခုတုံးလုပ်မှု'ဟုခေါ်နိုင်သည်။ သိပ္ပံပညာတို နိုင်ငံရေးခုတုံးလုပ်နေမှုသည် သိပ္ပံပညာရပ်၏ ဂုဏ်သိက္ခာအပေါ် လူထုတ

www.burmeseclassic.com

www.burmeseclassic.com



အယုံအကြည် နည်းလာစေသည်သာမက သိပ္ပံပညာကို နိုင်ငံရေး ခုတုံးလုပ်ကာ ရေးဆွဲထားသည့် အစိုးရ၏ ပေါ်လစီများအပေါ် လူထုက ခပ်ချင်ချင် ဖြစ်လာလျက် ရှိနေပြီ ဖြစ်သည်။

## ဆုံလည်တံခါးများ

စီးပွားရေးလုပ်ငန်းများနှင့် အစိုးရကြား လုံးဝနီးပါး ပေါင်းစည်းမှုကို ဖြစ်ပေါ်စေသည့် နောက်ထပ်အချက် တစ်ချက်မှာ 'ဆုံလည်တံခါးများ'(revolving doors)ဖြစ်စဉ် တစ်ရပ်ဖြစ်သည်။ ဆုံလည်တံခါးဖြစ်စဉ်ဆိုသည်မှာ စီးပွားရေးသမားများကို အစိုးရအဖွဲ့ထဲသို့ တိုက်ရိုက်ခန့်အပ်ခြင်းနှင့် နိုင်ငံရေးသမားဟောင်းကြီးများနှင့် ပြည်သူ့ဝန်ထမ်းဟောင်းများ (retired civil servents)ကို ယခင်တာဝန်ယူခဲ့သော လုပ်ငန်းဌာနများနှင့် ဆက်စပ်နေသော ရာထူးရာခံများကို ကော်ပိုရေးရှင်းများတွင် ပေးကမ်း ခန့်အပ်လိုက်ခြင်းကို ခေါ်သည်။ ဤဖြစ်စဉ်သည် အထူးအဆန်း ကိစ္စရပ်တစ်ခု မဟုတ်ပါ။ အလေ့အထတစ်ခုလိုပင်ဖြစ်နေပြီ၊ သို့သော် အမေရိကန် ပြည်ထောင်စုတွင် ဘုရှ်အစိုးရလက်ထက်၌ ဤအလေ့အထသည် အမြင့်ဆုံးအမှတ်သို့ ရောက်ရှိသွားခဲ့သည်။ သမ္မတ ဘုရှ် ကိုယ်တိုင် တက္ကဆက်ပြည်နယ်ရှိ ရေနံလုပ်ငန်းတွင် ပါဝင်ပတ်သက်ခဲ့မှုသည် အထင်ရှားဆုံးဖြစ်သည်၊ ဒုတိယသမ္မတ ဒစ်ချေနီသည် ဟယ်လီဘာတန် ရေနံ ဝန်ဆောင်မှု ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဖြစ်ခဲ့ပြီး ယင်းကုမ္ပဏီသည် အီရတ်တွင် စစ်အပြီး ပြန်လည်ထူထောင်ရေးလုပ်သည့်အခါ အကြီးစား ကန်ထရိုက်လုပ်ငန်းများကို ရရှိခဲ့သည်။ ဘဏ္ဍာရေးဝန်ကြီး အိုနီးလ်သည် ကမ္ဘာ့အကြီးဆုံး အလူမီနီယံ ထုတ်လုပ်ရေးကုမ္ပဏီ 'အယ်ကိုရာ'၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်လုပ်ခဲ့သူ ဖြစ်၏။ ထို့အတူ စိုက်ပျိုးရေးရာဝန်ကြီးဖြစ်သူ ဗီနီမန်မှာ မျိုးဗီဇ ပြုပြင်ထားသော အစားအသောက်များ ထုတ်လုပ်သည့် ကုမ္ပဏီ 'ကယ်ဂျီနီ'၏ ဘုတ်အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ ကူးသန်းရောင်း



ဝယ်ရေးဝန်ကြီး အီဗန်စ်သည် ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီ 'တွမ်ဘရောင်း'၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဖြစ်သည်၊ စွမ်းအင်ဝန်ကြီး အီဗရာဟင်သည် မစ်ချီဂန် ပြည်နယ် အထက်လွှတ်တော်အမတ်ဘဝက မဲဆွယ်စရိတ်များကို ကားထုတ်လုပ်ရေး ကုမ္ပဏီများဆီမှ သူ၏ အခြားပြိုင်ဖက်များထက် ပို၍ ရယူခဲ့သည်၊ ကျန်းမာရေးဝန်ကြီး သွမ်ပဆင်သည် ယခင် ပြည်နယ်အုပ်ချုပ်ရေးမှူးဘဝက မဲဆွယ်စရိတ် အမြောက်အများကို ဆေးလိပ်ထုတ်လုပ်ရေး ကုမ္ပဏီ 'ဖိလစ်မော်ရစ်'ဆီမှ ရရှိခဲ့၏။ အလားတူဖြစ်ရပ်မျိုး များစွာပင် ရှိပါသေးသည်။

## စီးရိမ်စရာများပေလော

မျက်မှောက်ခေတ် အစိုးရတစ်ရပ်နှင့် စီးပွားရေးလုပ်ငန်းများ၏ အကျိုးစီးပွားတို့ကြား ထွေးရောယှက်တင် ဖြစ်နေမှု အထောက်အထားများကို လေ့လာပြခဲ့ပြီး ဖြစ်ပါသည်၊ လူတိုင်းလူတိုင်း သာယာဝပြောဖို့ ကြံ့ခိုင်သော ဈေးကွက်စီးပွားရေး စနစ်တစ်ရပ် ဖြစ်နေရှိရမည်ဖြစ်သည်။ အစိုးရတစ်ရပ်၏ အဓိက တာဝန်တစ်ခုမှာ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ အားပေးသည့် စီးပွားရေး မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ရေးပင်ဖြစ်၏၊ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးမှုတို့သည် ကုမ္ပဏီ အမှုဆောင်အရာရှိချုပ်များ၏ ဆုံးဖြတ်ချက်များပေါ် တည်မှီနေကြသည်ဖြစ်ရာ အစိုးရ၏ စီးပွားရေး မူဝါဒများ ချမှတ်ရာတွင် စီးပွားရေးကိစ္စရပ်များနှင့်ပတ်သက်၍ ကုမ္ပဏီ အမှုဆောင် အရာရှိချုပ်များထက် မည်သူတပိုကောင်းသော အကြံကောင်း အညာဏ်ကောင်းများ ပေးနိုင်ကြမည်နည်း။

ဒီမိုကရက်တစ် ရှုထောင့်မှကြည့်လျှင် လက်တဆုပ်စာမျှရှိသော လူနည်းစုကို(မည်မျှ အရေးပါသည့် သူများပင် ဖြစ်နေစေကာမူ)

www.burmeseclassic.com



**အစိုးရ၏** အတိုင်ပင်ခံများအဖြစ် အထူးအခွင့်အရေးများ ပေးနေခြင်းသည် စိုးရိမ်စရာကိစ္စတစ်ခု ဖြစ်သည်။ ဤဖြစ်ရပ်သည် လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုအတွင်း လွန်လွန်ကျူးကျူးတွေ့ပင် ဖြစ်လာခဲ့သည်။ ပြည်သူ့ အကျိုးစီးပွားရှေ့ရှုသော မူဝါဒများမှာ အလွန်အမင်း ပုံပျက်ပန်းပျက် ဖြစ်လာခဲ့ပြီး တချို့သော ပြည်သူ့အကျိုးပြု မူဝါဒများဆိုလျှင် ပုဂ္ဂလိက အကျိုးစီးပွားများနောက်ရောက်ကာ ပိတ်ပင်ခံရသည်အထိ ဖြစ်လာခဲ့သည်။ အုပ်စုဖွဲ့မထားဘဲ တစ်သီးခြားစီ ရပ်တည်နေသော ကုမ္ပဏီများသည်လည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ပါတီများ ရွေးကောက်ပွဲ မဆွယ်ရာတွင် စရိတ်ထောက်ပေးခြင်းဖြင့် အစိုးရထံ ချဉ်းကပ်နိုင်သည့် အထူးအခွင့်အရေးများကို ဝယ်ယူ၍ ရနိုင်ပြီဖြစ်၏။ ပြည်သူပိုင် လုပ်ငန်းများနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်လိုက်ခြင်း၏ အကျိုးဆက်သည် လုပ်ပိုင်ခွင့်ရသွားသော ကုမ္ပဏီ၏ အမြတ်အစွန်း ရရှိရေးက တစ်ဖက်၊ ဝန်ဆောင်မှုရယူသည့် စားသုံးသူများ (service consumers)၏ လိုအင်ဆန္ဒကတစ်ဖက်နှင့် ၎င်းတို့ကြား ဖြစ်ပေါ်လာသည့် အကျိုးစီးပွားချင်း ပဋိပက္ခများက ကြီးမားလာသည်။ ထို့အတူ အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းတို့ကြား ချုပ်ဆိုသော ကန်ထရိုက်စာချုပ်များတွင် မည်သည့်အချက်များ ပါဝင်သည်၊ ပုဂ္ဂလိကလုပ်ငန်းများက ပြည်သူ့ဝန်ဆောင်မှုကို မည်သို့မည်ပုံ လုပ်ကိုင်ဆောင်ရွက်ပေးနေသည် စသည်ဖြင့် ပြည်သူလူထုက သိခွင့်မရတော့ဘဲ အစိုးရက ပြည်သူလူထုအား တာဝန်ခံ ရှင်းပြမှု (public accountability) အခွင့်အရေးကိုလည်း ပြည်သူတို့ ဆုံးရှုံးသွားရလေသည်။ ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများကို စီးပွားရေးလုပ်ငန်းများက စားရိတ်စားခ ကျခံပေးခြင်း အလေ့အထ ပြန့်နှံ့လာခြင်းနှင့် အစိုးရက သိပ္ပံပညာကို နိုင်ငံရေးခုတုံးအဖြစ် အသုံးချခြင်းတို့ကြောင့် သိပ္ပံပညာရပ်၏ လွတ်လပ်မှုသည် ယခင်ကလောက် မလွတ်လပ်တော့သလို သိပ္ပံပညာရပ်၏ ဂုဏ်သိက္ခာသည်လည်း ယခင်ကလောက်



လက်မ မထောင်နိုင်တော့ဘဲ အလျှော့ပေး၍ အပေးအယူလုပ်မှုများ ပါဝင်လာခဲ့ပြီ ဖြစ်၏။

အစိုးရနှင့် စီးပွားရေး လုပ်ငန်းများကြား ဤသို့ နီးနီးကပ်ကပ် လည်ပတ်လှုပ်ရှားနေသော ဒီမိုကရေစီ နိုင်ငံရေးယန္တယားကြီး အကြောင်းကို အချိန်အတော်ကြာသည်အထိ သာမန်ပြည်သူတို့ သတိမထားမိဘဲ ရှိနေခဲ့ပြီး နိုင်ငံရေးလေ့လာသူများနှင့် နိုင်ငံရေးပါရဂူများသာ သိရှိခဲ့ကြကာ ဤအလေ့အထများအပေါ် စိုးရိမ်စိတ် ဖြစ်မိခဲ့ကြသည်။ သို့သော် ဟိုးလေးတကျော်ဖြစ်သည့် အရှုပ်တော်ပုံများ ဖြစ်လာသည့်အခါမှသာ (နိုင်ငံအားလုံးတွင် ဟိုးလေးတကျော် အရှုပ်တော်ပုံများ အနည်းနှင့်အများ ရှိကြသည်ချည်း ဖြစ်၏။) သာမန်ပြည်သူလူထုက သတိပြုမိတတ်ကြပြီး 'အစိုးရသည် လူထု၏ အကျိုးစီးပွားကို မျှော်တိုး၍မလုပ်'ဟု ဝိုးတဝါး ညည်းတွားပြစ်တင်ရင်း ဤမျှနှင့် အဆုံးသတ်သွားလေ့ရှိကြသည်။ အခန်း (၁) နိဂုံးပိုင်းတွင် ကျွန်တော်တို့ လေ့လာခဲ့သည့် လူထုက ထိန်းချုပ်ထားမှု (popular control)နှင့် နိုင်ငံရေးတန်းတူညီမျှမှု (political equality)ဆိုသည့် ဒီမိုကရေစီ အခြေခံမူများနှင့် ၎င်းဒီမိုကရေစီ အခြေခံမူများကို အကောင်အထည်ဖော်ဖို့ ဒီမိုကရေစီ လူမှုအဆောက်အအုံများ တည်ဆောက်ယူကြရာတွင် မှန်းချက်နှင့် နှမ်းထွက်မကိုက်ဆိုသလို ဖြစ်သင့်ဖြစ်ထိုက်သည့်အတိုင်း လက်တွေ့တွင် ဖြစ်မလာဟု ယူဆစရာ ဖြစ်လာပါသည်။ အစိုးရပေါ်လစီ၏ လားရာကို အဆုံးဖြတ်ပေးသည့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်အပေါ် လွှမ်းမိုးချုပ်ကိုင်မှု၊ အခွန်ထမ်းသူများ၏ အခွန်ငွေများကို သုံးစွဲရာတွင် မည်သို့မည်ပုံ သုံးစွဲသည်ကို ထင်သာမြင်သာရှိမှုနှင့် လူ့အဖွဲ့အစည်း၏ အတိုး လူ့အဖွဲ့အစည်း၏ အမြင်များကို အစိုးရက ဘက်လိုက်ရပ်တည်မှုမရှိဘဲ သမာသမတ်ကျမှု စသည့် အခြင်းအရာများအပေါ် ယုံမှားမကင်း ဖြစ်နေမှုသည် စိုးရိမ်ရေးအမှတ်သို့ ရောက်ရှိနေပုံလည်းရနေသည်။ အချို့သော နိုင်ငံများတွင်ဆိုလျှင် စိုးရိမ်ရေးအမှတ်ကိုပင် ကျော်လွန်ချင်နေ

www.burmeseclassic.com



သည်။ ဒီမိုကရေစီနည်းကျ နိုင်ငံရေးရှင်သန်ခွင့်ကိုပင် မနည်းကြီးကာကွယ်ထားရသည်။ အချုပ်အားဖြင့် ဆိုရလျှင် လက်တွေ့နိုင်ငံရေးဘဝတွင် ကိုယ်စားပြု နိုင်ငံရေးအဆောက်အအုံများ (representative institutions) အပေါ် လူထု၏ ယုံကြည်မှု ကျဆင်းလာကြောင်း ကမ္ဘာတစ်လွှားရှိ ဒီမိုကရေစီစနစ် ကျင့်သုံးနေသော နိုင်ငံများတွင် ဖြစ်ပေါ်နေသော အထက်ပါ အခြင်းအရာများက သက်သေခံလျက်ရှိလေသည်။

အဘယ်ကြောင့် ယင်းအခြင်းအရာများသည် များစွာသော နိုင်ငံများတွင် တစ်ပြိုင်နက်တည်းလိုလို ဖြစ်ပွားနေကြပါသနည်း။ အနောက်နိုင်ငံများအားလုံး၏ နိုင်ငံရေးနှင့် စီးပွားရေး အခြေအနေများတွင် အရေးပါသည့် ပြောင်းလဲမှုကြီးနှစ်ခုသည် ဆုံမှတ်တစ်ခုသို့ ၁၉၈၀ ပြည့်လွန်နှစ်များ အကုန်ပိုင်း၌ ရောက်ရှိလာခဲ့သည်။ အပြောင်းအလဲကြီးတစ်ခုမှာ စီးပွားရေး အတွေးအခေါ်ပညာရှင်များနှင့် ပေါ်လစီရေးဆွဲသူများက 'ဈေးကွက်သည်ကောင်း၏၊ အစိုးရသည်ဆိုး၏' (market good; state bad)ဟူသော လွတ်လပ်သော ဈေးကွက် အယူအဆ မူကွဲသစ်တစ်ရပ်ကို တညီတညွတ်တည်း လက်ခံလိုက်ကြ ခြင်းဖြစ်သည်။ ယင်းသို့ လက်ခံလိုက်မှုကြောင့် ပြည်သူပိုင် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပြည်သူပိုင် အသုံးဝန်ဆောင်မှုလုပ်ငန်းများ (public utilities) ကို ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းနှင့် ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများအတွက် ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများ လျှော့ပေါ့ပေးခြင်းတို့ကို အစိုးရများက အားတက်သရော ပြုလုပ်ပေးသည့် လှိုင်းလုံးကြီးတစ်ခု ကမ္ဘာတစ်လွှားရိုက်ခတ်ခဲ့သည်။ စီးပွားရေးရာကိစ္စရပ်များကို နိုင်ငံရေးလောကထဲမှ ခွဲထုတ်ယူဖို့ ကြိုးစားခဲ့သော ဤအပြောင်းအလဲကြီးသည် ထင်သလိုဖြစ်မလာဘဲ အစိုးရကသာ စီးပွားရေးလုပ်ငန်းများအပေါ် ပို၍မှီခိုလာခဲ့ရကြောင်း ကျွန်တော်တို့ လေ့လာပြခဲ့ပြီး ဖြစ်သည်။ ဒုတိယအပြောင်းအလဲကြီးတစ်ခုမှာ ကွန်မြူနစ်ကမ္ဘာရှိ လူမှုအခြေခံ စီးပွားရေးစနစ်များ (socialised economic systems) ပြိုလဲကျသွားခဲ့ခြင်း ဖြစ်သည်။ ကွန်မြူနစ်ကမ္ဘာ ပြိုကွဲမှုသည် စီးပွားရေးပညာရပ်ဖြင့် နိုဗယ်ဆုရသူ ပါမောက္ခ ဂျိုးဇက်စတစ်ဂလစ်၏ စကားဖြင့်ပြောရလျှင် 'အုတ်အုတ်ကျက်ကျက်ဖြစ်နေသည့် ၁၉၉၀ ပြည့်လွန်နှစ်များ၏ အရှူးအမူးရှွင်မြူးတက်ကြွမှု'ကို အရှိန်မြှင့်ပေးခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ပုဂ္ဂလိက စီပွားရေး အကျိုးစီးပွားကို အချုပ်အတည်းမဲ့ ရှာဖွေမှုသည်သာ ပြည်သူတို့၏ဘဝများ ကောင်းစားရေးအတွက် အမြင့်မြတ်ဆုံးကျင့်ဝတ်အဖြစ် မှတ်ယူခဲ့ကြသည်။



အထက်တွင်ဖော်ပြခဲ့သော နိုင်ငံရေးနှင့် စီးပွားရေး အခြေအနေများ ရွေ့လျောလာသည့် ပြောင်းလဲမှုကြီးနှစ်ခု၏ နောက်ကွယ်တွင် ၎င်းတို့နှင့် ဆက်နွှယ်သော စီးပွားရေးဆိုင်ရာ တတိယပြောင်းလဲမှုတစ်ရပ်လည်းရှိပါသေးသည်၊ တတိယပြောင်းလဲမှုသည် အစိုးရ၏ သက်ဝင်လှုပ်ရှားမှုနှင့် ဒီမိုကရေစီ၏ အနာဂတ် အလားအလာများအပေါ် နက်နက်ရှိုင်းရှိုင်း ရိုက်ခတ်လျက်ရှိ၏။ ယင်းပြောင်းလဲမှုဖြစ်စဉ်ကို 'စီးပွားရေး တစ်ကမ္ဘာလုံးဆက်နွှယ်မှု'(economic globalization) ဖြစ်စဉ်ဟု ခေါ်တွင်ပြီး တိုင်းပြည်တစ်ပြည်၏ ပေါ်လစီများနှင့် အနာဂတ် စီမံကိန်းများရေးဆွဲရာတွင် အစိုးရ၏ စွမ်းဆောင်ရည်ကို စမ်းသပ်ကြည့်ဖို့ စီးပွားရေး တစ်ကမ္ဘာလုံးဆက်နွှယ်မှုဖြစ်စဉ်က စိန်ခေါ်လျက်ရှိနေပါပြီ။ အစိုးရ၏ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ ဆက်လက်လေ့လာပြပါဦးမည်။

*****

## အစိုးရများ၏ စွမ်းဆောင်ရည် ကျဆင်းလာခြင်း

အမျိုးသားနိုင်ငံတော်တစ်ခုတွင် ဒီမိုကရက်တစ် အယူအဆများကို လက်တွေ့ဘဝတွင် ကျင့်သုံးနိုင်ရန် ကိုယ်စားပြု ဒီမိုကရေစီစနစ်တစ်ရပ်ကို ထူထောင်ယူခဲ့ကြကြောင်း ရှေ့ပိုင်းတွင် ကျွန်တော်တို့

www.burmeseclassic.com



တွေ့ရှိပြီး ဖြစ်သည်။ ထို့အတွက်ကြောင့် ကိုယ်စားပြု ဒီမိုကရေစီ စနစ်မှ ရွေးချယ်ပေးလိုက်သော အစိုးရများသည် နယ်နိမိတ်တစ်ခုအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထုအား ကိုယ်စားပြုနေရမည်၊ ပြည်သူလူထုအား တာဝန်ခံရမည်ဟု ဒီမိုကရေစီစနစ် စတင်ပေါ်ထွန်းစ အချိန်မှစ၍ ဤသို့ရှုမြင်ခဲ့ကြသည်။ ဒီမိုကရေစီ နိုင်ငံရေး၏ အခြေခံယူဆချက်မှာ ဒီမိုကရေစီ အစိုးရများသည် ၎င်းတို့နိုင်ငံများ၏ မူဝါဒများကို ပြည်ပမှ ဝင်ရောက်စွက်ဖက်မှု မပါဘဲ သို့မဟုတ် ပြည်ပမှ ဖိအားပေးမှု မပါဘဲ ရေးဆွဲ အကောင်အထည်ဖော်နိုင်ရမည်ဟူ၍ ဖြစ်၏။ ရှေ့အပိုင်းများတွင် တွေ့ခဲ့ရသလို အစိုးရများသည် ပြည်တွင်းစီးပွားရေးကုမ္ပဏီကြီးများကို လိုက်လိုက်လျောလျောလုပ်ကာ ဆရာတင်ကြရသည်ဆိုစေဦးတော့ ယုတ်စွအဆုံး တိုင်းပြည်တစ်ပြည်လုံး၏ များမြောင်လှစွာသော စီးပွားရေးနှင့် လူမှုရေး မူဝါဒများကို ကျယ်ကျယ်ပြန့်ပြန့် ရေးဆွဲနိုင်စွမ်း ရှိခဲ့ကြသည်၊ ရေးဆွဲလိုက်သော မူဝါဒများတွင် ချို့ယွင်းချက်များနှင့် အကန့်အသတ်များ ပါဝင်တတ်ကြသည့်တိုင် ယင်းချို့ယွင်းချက်များနှင့် အကန့်အသတ်များသည် တိုင်းပြည်တွင်း တည်ရှိနေသည့် အခြေအနေများကြောင့် ဖြစ်ပေါ်လာရသော ချို့ယွင်းချက်များနှင့် အကန့်အသတ်များသာ ဖြစ်သည်။

ယနေ့ခေတ်သစ်ကမ္ဘာတွင် အစိုးရများသည် တိုင်းပြည်တွင်း မူဝါဒ လုပ်ငန်းစဉ်များကို ကိုယ့်သဘောနှင့်ကိုယ် မည်မျှ လွတ်လွတ်လပ်လပ် ရေးဆွဲခွင့်ရကြသနည်းဟူသော အစိုးရများ၏စွမ်းရည်အပေါ် မေးခွန်းထုတ်လာကြပြီဖြစ်၏။ အစိုးရ၏ စွမ်းရည်အပေါ် မေးခွန်းထုတ်စေသည့် ဖြစ်စဉ်တစ်ရပ်ရှိသည်။ ယင်းဖြစ်စဉ်ကို စီးပွားရေး 'တစ်ကမ္ဘာလုံးဆက်နွှယ်မှု'(globalization) ဖြစ်စဉ်ဟု ခေါ်သည်။ 'တစ်ကမ္ဘာလုံးဆက်နွှယ်မှု'ဟူသည့် စကားလုံးသည် အလွန် ရေပန်းစားနေသည့် စကားလုံး ဖြစ်နေသည့်တိုင် ယင်းစကားလုံး၏ တိကျသော အနက်အဓိပ္ပာယ်၊ ယင်းစကားလုံး၏ အရေးပါမှုနှင့် ပတ်သက်၍ အခြေအ



တင် ငြင်းခုံနေကြရဆဲပင် ဖြစ်၏။ မည်မျှပင် အငြင်းပွားနေကြစေကာမူ ယင်းစကားလုံးသည် ကမ္ဘာတစ်လွှား လှည့်လည်ကျက်စားနေသည့် စီးပွားရေးဖြစ်စဉ်များကို ရည်ညွှန်း ပြောကြားနေသော စကားလုံးဖြစ်သည်။ ယင်းစီးပွားရေး ဖြစ်စဉ်များသည် နိုင်ငံအသီးသီးရှိ အစိုးရများ အကောင်အထည်ဖော်နေသည့် မူဝါဒများကို အကြီးအကျယ် တန့်သတ်ပေးလျက်ရှိ၏။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို သာဓကဆောင်၍ ရှင်းပြပါမည်။ လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုအတွင်း၌ နိုင်ငံတကာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုသည် မယုံနိုင်လောက်အောင် များပြားလာခဲ့သည်။ ထို့အတူ (နိုင်ငံပေါင်းစုံတွင် ကုမ္ပဏီများ ထူထောင်ထားသော) နိုင်ငံစုံကုမ္ပဏီကြီးများ (multinational companies)၏ ကြီးထွားမှုသည်လည်း မြန်မြန်ဆန်ဆန်နှင့် အားကောင်းမောင်းသန် ဖြစ်လာခဲ့သည်၊ ယင်းနိုင်ငံစုံ ကုမ္ပဏီကြီးများသည် မည်သည့်တိုင်းပြည်တွင် အခွင့်အသာဆုံး အခြေအနေများရှိနေသည်ကို ကြည့်၍ တိုင်းပြည်တစ်ပြည်မှတစ်ပြည်သို့ ၎င်းတို့၏ ကုန်ထုတ်လုပ်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို မြန်မြန်ထက်ထက် ရွှေ့ပြောင်းနိုင်စွမ်းရှိကြသည်။ 'အခွင့်သာဆုံး' အခြေအနေများဆိုသည်မှာ ကုမ္ပဏီဝန်ထမ်းများအား ပေးရမည့် လုပ်ခလစာသည် နည်းနိုင်သမျှနည်းရမည်၊ ကုမ္ပဏီများအပေါ် ကောက်ခံသော အခွန်သည် နည်းရမည်၊ ဝန်ထမ်းများအား ပေးအပ်ရမည့် လူမှုဖူလုံရေး စရိတ်သည်အနိမ့်ဆုံးဖြစ်နေရမည်၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ လျော့ရဲနေရမည် စသည်ဖြင့် ဖြစ်၏။ နိုင်ငံစုံ ကုမ္ပဏီကြီးများသည် သတ်မှတ်ထားသော လူမှုဖူလုံရေး စံညွှန်းများနှင့် သဘာဝပတ်ဝန်းကျင် စည်းကမ်းများကို လိုက်နာရမည်ဟု တောင်းဆိုနေသော အစိုးရများနှင့် လေးလံသော အခွန်အတုတ်များ ကောက်ခံနေသော အစိုးရများကို စွန့်ခွာခြင်း၊ ဝေးဝေးက ရှောင်ခြင်း အားဖြင့် ပြစ်ဒဏ်ပေးတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အစိုးရ၏ စွမ်းရည်ကို လျော့ကျသွားစေသည့် နောက်ထပ် အရေးပါသည့် ဖြစ်ရပ်တစ်ခုမှာ ငွေကြေးဈေးကွက်များ လွတ်လပ်လာခြင်း(liberalisation)နှင့် ဈေးကစားသည့် ငွေကြေးများ (speculative funds)အဆမတန် များပြားလာခြင်းတို့ဖြစ်၏။ ဈေးကစားသည့် ငွေကြေးများကိုအသုံးပြု၍ ငွေကြေးထုတ်ကုန်များ(financial products) ဝယ်ယူခြင်း သို့မဟုတ် ပြည်တွင်းငွေကြေးများ (national currencies) ဝယ်ယူခြင်းတို့ကို မျက်စိတစ်မှိတ် အချိန်မျှအတွင်း အပြောင်းအလဲ လုပ်နိုင်သည်၊ ငွေကြေးဈေးကွက်များ၏ တန်ခိုးအာဏာသည် အစိုးရများက ၎င်းတို့၏ အမျိုးသား စီးပွားရေးအပေါ် ထိန်းချုပ်ထားမှုကို နည်းလမ်းနှစ်သွယ်ဖြင့် ကန့်သတ်မှု ပြုနိုင်စွမ်းရှိ၏။ နည်းလမ်းတစ်သွယ်မှာ အစိုးရများအား ဘတ်ဂျက်လိုငွေပြအောင်လုပ်ခြင်း (deficit budgeting) သို့မဟုတ် လူမှုဖူလုံရေး အသုံးစရိတ်များ အများအပြားသုံးစွဲခြင်းတို့လို စီးပွားရေးမူဝါဒမျိုးများ ရေးဆွဲခြင်းများ မပြုလုပ်အောင် တားဆီးထားခြင်းဖြစ်ပြီး နောက်နည်းလမ်းတစ်သွယ်မှာ အစိုးရများအနေဖြင့် ၎င်းတို့၏ ပြည်တွင်း စီးပွားရေး အခြေအနေများကိုပင် ၎င်းတို့ ခန့်မှန်း၍ မရအောင် (unpredictability) ဖန်တီးပေးခြင်းတို့ဖြစ်သည်။ ဥပမာအားဖြင့် ၁၉၉၇ ခုနှစ်တွင် အရှေ့အာရှ၌ ငွေကြေးအကျပ်အတည်း ဖြစ်ခဲ့သလိုမျိုး ဈေးကစားမှု ရုတ်တရက် အပြောင်းအလဲကြောင့် အစိုးရများအနေနှင့် ၎င်းတို့၏ ပြည်တွင်း ငွေကြေးများအပေါ် တိုက်ခိုက်ခံရမှု ရှိမည် မရှိမည်ကို သေချာပေါက် မပြောရဲနိုင်ဘဲ ဖြစ်လာကြသည်။ နိုင်ငံတစ်နိုင်ငံအပေါ်ထားရှိသော နိုင်ငံတကာ၏ သဘောထားသည် နေ့တွင်း ညတွင်းချင်း ရုတ်တရက် ပြောင်းလဲသွားနိုင်သည်။ နိုင်ငံတစ်နိုင်ငံအား ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အလွန် အားကောင်းလာအောင် တွန်းအားပေးနိုင်သည့် အင်ဂျင်အဖြစ် နိုင်ငံတကာက ချီးမွမ်းထောမနာပြုနေရာမှ စီးပွားရေးဆိုင်ရာ ပြဿနာများ ရှုပ်ထွေးပွေလီနေသော ဖွတ်တက်နေသည့် နိုင်ငံတစ်နိုင်ငံအ



ဖြစ် သဘောထားများ ရုတ်တရက် ပြောင်းလဲသွားနိုင်သည်။ စီးပွားရေးရာ လေ့လာဆန်းစစ်သူတစ်ဦးက "ခြုံငုံသုံးသပ်ပြရလျှင် ငွေကြေးဈေးကွက် ရုတ်တရက် ပြောင်းလဲမှုများသည် အမျိုးသား စီးပွားရေး မူဝါဒများအား ထိထိရောက်ရောက် အကောင်အထည်ဖော်မှုနှင့် အားကိုးယုံကြည်မှု အတိုင်းအဆကို လျော့ကျသွားစေနိုင်သည်၊ ထို့အပြင် အစိုးရများ၏ ဩဇာအာဏာသည် ဈေးကွက်၏အာဏာ၊ ကုမ္ပဏီများ၏အာဏာတို့နှင့် နှိုင်းစာလျှင် အတော်ပင် လျော့နည်းကျဆင်းလာလျက်ရှိ၏"ဟု ကောက်ချက်ချခဲ့သည်။

အထက်တွင် ဖော်ပြခဲ့သော အကြောင်းအရာများသည် ဒီမိုကရေစီနှင့် မည်သို့ ပတ်သက်နေပါသနည်း။ ဒီမိုကရေစီ ဆိုသည်မှာ အစိုးရတစ်ရပ်အပေါ် ရွေးကောက်ပွဲများနှင့် အခြားသော နိုင်ငံရေး လုပ်ငန်းစဉ်များဖြင့် အရေးပါသည့် ထိန်းချုပ်မှုများ ပြုလုပ်နိုင်သော ပြည်သူလူထုတို့ အကြောင်းပင်ဖြစ်သည်။ တိုင်းပြည်တစ်ပြည်ရှိ ပြည်သူပြည်သားတို့၏ သာယာဝပြောရေးအတွက် အလွန်အရေးကြီးသည့် မူဝါဒများကို အနှောင်အဖွဲ့မဲ့ လွတ်လွတ်လပ်လပ် အကောင်အထည်ဖော်နိုင်စွမ်း အစိုးရတစ်ရပ်တွင် မရှိတော့လျှင် ယင်းအစိုးရအပေါ် ပြည်သူ ပြည်သားတို့က ထိန်းချုပ်မှုများ ပြုလုပ်နေခြင်းသည် ဘာအဓိပ္ပာယ်ရှိတော့မည်နည်း။ ယခုတော့ အစိုးရသည် ၎င်းလက်လှမ်းမမှီသော တိုင်းပြည်ပြင်ပမှ ဇာတ်ဆောင်များ(actors)နှင့် စီးပွားရေးအင်အားစုများထံ ၎င်း၏ ထိန်းချုပ်နိုင်စွမ်းကို ထိုးအပ်လိုက်ရပြီ ဖြစ်သည်၊ ပြင်ပမှ ဖိအားများ တိုင်းပြည်အတွင်းသို့ ရောက်ရှိလာနေကြောင်း သိသာထင်ရှားသည့် အချက်တစ်ခုမှာ နိုင်ငံရေးပါတီ တစ်ခုနှင့်တစ်ခုကြား လုပ်ငန်းစဉ်များ ခြားနားမှု သိပ်မရှိကြတော့ခြင်း ဖြစ်သည်၊ လက်ဝဲယိမ်းသောပါတီများသည် အစဉ်အလာ စွဲကိုင်သော ဆိုရှယ်ဒီမိုကရေစီ လမ်းစဉ်များဖြစ်သည့် စီးပွားရေးကို အစိုးရက ဝင်စွက်ဖက်ရေး၊ လူမှုဖူလုံရေး အသုံးစရိတ်များကို ပိုအောင်သုံးရေး

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမား ဥပဒေများကို တင်းတင်းကျပ်ကျပ် ကိုင်တွယ်ရေး စသည်တို့ကို စွန့်လွှတ်လိုက်ကြပြီ ဖြစ်သောကြောင့် ဗဟိုလက်ယာယိမ်း (centre-Right)ပါတီများ၏ စီးပွားရေးဆိုင်ရာ မူဝါဒများနှင့် ခွဲခြား၍ မရနိုင်လောက်အောင်ပင် မတိမ်မယိမ်း ဖြစ်လာခဲ့သည်။ ဤဖြစ်ရပ်မျိုးသည် တစ်နိုင်ငံစ နှစ်နိုင်ငံစ ဖြစ်သည့် ဖြစ်ရပ်မျိုးမဟုတ်။ နိုင်ငံအားလုံးနီးပါးတွင် ဖြစ်ပေါ်လျက်ရှိပြီး ဗြိတိန်ရှိ လေဘာပါတီသစ်(New Labour)သည် အထင်ရှားဆုံး သာဓကပင် ဖြစ်သည်။ အဓိပ္ပာယ်ရှိသော ရွေးချယ်ခွင့်များ မရရှိလျှင် ရွေးကောက်ပွဲများ ကျင်းပသော ပါတီစုံ ဒီမိုကရေစီစနစ်သည် တောင့်တင်းခိုင်မာ မလာဘဲ တစ်စတစ်စနှင့် ချည့်နဲ့လာပါလိမ့်မည်။

## အရှိန်မြင့်လာသော မညီမျှမှုများ

စီးပွားရေး တစ်ကမ္ဘာလုံးဆက်နွှယ်မှု၏ အကျိုးဆက်တစ်ခုမှာ ဒီမိုကရေစီ၏ အရည်အသွေးကို ထိခိုက်လာစေခြင်းဖြစ်သည်။ စစ်စစ်အားဖြင့် တစ်ကမ္ဘာလုံးဆက်နွှယ်မှုဟူသည်မှာ ဈေးကွက်များကို အနှောင်အဖွဲ့မဲ့ ဖြည်လွှတ်ပေးခြင်းနှင့် ဈေးကွက်၏ နယ်နိမိတ်များ ကျယ်ပြန့်လာခြင်းပင် ဖြစ်၏။ မည်မျှအထိ ကျယ်ပြန့်လာသနည်းဆိုလျှင် အများသူငါ အားလုံးသောသူတို့ ကောင်းစားရေးဆိုသည့် ပန်းတိုင်ဆီရောက်သည်အထိ စီးပွားရေး လုပ်ငန်းကိုင်ငန်းများကို ရှင်သန်ကြီးထွားလာအောင် အားပေးအားမြှောက်ပြုရေး ဖြစ်သည်။ သို့သော် ဈေးကွက်များသည် ပင်ကိုယ်အရည်အချင်းရှိသောသူများနှင့် ဥစ္စာဓနရှိပြီးသောသူများကို ပို၍ ချမ်းသာလာအောင် အခွင့်အလမ်းကောင်းများပေးပြီး ချို့ငဲ့သူများကို နလံမထူနိုင်လောက်အောင် ဆင်းရဲတွင်းထဲသို့ ဆွဲချလိုက်သလိုရှိရာ ပြည်သူလူထုကြား ဆင်းရဲချမ်းသာ ကွာဟမှု မညီမျှချက်မှာ ပို၍ အရှိန်ကောင်းလာခဲ့သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်မျှကာလအတွင်း တိုင်းပြည်တိုင်းတွင်လည်းကောင်း၊ တိုင်း



ပြည်တစ်ပြည်နှင့် တစ်ပြည်ကြားတွင်လည်းကောင်း စီးပွားရေး ကွာဟချက်များ ပိုမိုကြီးမားလာကြောင်း တွေ့ရှိခဲ့ရသည်။ ဈေးကွက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ ထူးထူးခြားခြား လျှော့ပေါ့ပေးခဲ့သည့် အင်္ဂလိပ်-အမေရိကန် နွယ်ဖွား 'အင်္ဂလို ဆက်ဆွန်' တို့၏ ဖွံ့ဖြိုးပြီး စီးပွားရေးစနစ်များအပေါ် 'စီးပွားရေးတစ်ကမ္ဘာလုံးဆက်နွှယ်မှု' ရိုက်ခတ်ချက်များကို ဇယား (၃. ၂)တွင် ဖော်ပြထားသည်။ တိုင်းပြည်ဝင်ငွေမြင့်သော တိုင်းပြည်များနှင့် တိုင်းပြည်ဝင်ငွေနိမ့်သော တိုင်းပြည်တို့ကြား ပြည်တွင်း အသားတင်ထုတ်လုပ်မှု (Gross Domestic Product) (GDP) ကွာဟချက် ကြီးမားလာကြောင်းကို ဇယား (၃. ၃)တွင် ဖော်ပြထားပါသည်။

ဇယား (၃. ၂)

| (ယူကေ)အိမ်ထောင်စု ဝင်ငွေ ဝေစု ရာခိုင်နှုန်း | | |
|---|---|---|
| | ၁၉၇၉ | ၂၀၀၁ |
| ထိပ်ဆုံး ၂၀% | ၄၈ | ၅၁ |
| အောက်ဆုံး ၂၀% | ၉ | ၆ |

| (အမေရိကန်နိုင်ငံ) အိမ်ထောင်စု ဝင်ငွေ ဝေစု ရာခိုင်နှုန်း | | |
|---|---|---|
| | ၁၉၇၉ | ၂၀၀၁ |
| ထိပ်ဆုံး ၂၀% | ၄၄ | ၅၀ |
| အောက်ဆုံး ၂၀% | ၄ | ၄ |

| (ဩစတေးလျ) အိမ်ထောင်စု ဝင်ငွေ ဝေစုရာခိုင်နှုန်း | | |
|---|---|---|
| | ၁၉၇၅/၆ | ၁၉၉[illegible]/၄ |
| ထိပ်ဆုံး ၂၀% | ၃၉.၇ | ၄[illegible].၅ |
| အောက်ဆုံး ၂၀% | ၅.၆ | ၄.၂ |

www.burmeseclassic.com

www.burmeseclassic.com



| (နယူးဇီလန်) တစ်ဦးချင်း အသားတင်ဝင်ငွေ ဝေစုရာခိုင်နှုန်း | | |
|---|---|---|
| | ၁၉၈၂ | ၁၉၉၆ |
| ထိပ်ဆုံး ၂၀% | ၄၈ | ၅၁ |
| အောက်ဆုံး ၂၀% | ၅ | ၅ |

ဇယား(၃. ၃)

ကမ္ဘာ့မြောက်ဘက်ခြမ်းနှင့် တောင်ဘက်ခြမ်း မညီမျှချက်များ

| လူတစ်ဦးချင်းစီ၏ ပျမ်းမျှ ဂျီဒီပီ (အမေရိကန်ဒေါ်လာဖြင့်) | | | | |
|---|---|---|---|---|
| | ၁၉၇၀ | ၁၉၈၀ | ၁၉၉၀ | ၂၀၀၀ |
| ဝင်ငွေမြင့်တိုင်းပြည်များ | ၂,၇၃၃ | ၁၀,၄၈၃ | ၂၂,၀၅၀ | ၂၇,၅၉၀ |
| ဝင်ငွေနိမ့်တိုင်းပြည်များ | ၁၄၂ | ၃၇၀ | ၂၇၀ | ၂၁၁ |

ဝင်ငွေမြင့်တိုင်းပြည်များတွင် ဩစတေးလျ၊ ဩစတြီးယား၊ ဘယ်ဂျီယံ၊ ကနေဒါ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်၊ ဒိန်းမတ်၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ အိုက်စလန်၊ အိုင်ရာလန်၊ ဂျပန်၊ လူဇင်ဘတ်၊ နယ်သာလန်၊ နော်ဝေ၊ စင်္ကာပူ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူကေနှင့် အမေရိကန်ပြည်ထောင်စု။

ဝင်ငွေနိမ့်တိုင်းပြည်များတွင် ဘာကီနာဖာဆို၊ ဘရွန်ဒီ၊ ဗဟိုအာဖရိက သမ္မတနိုင်ငံ၊ ချက်နိုင်ငံ၊ အီသီယိုပီးယား၊ ဂါနာ၊ ဂီနီယာ-ဘီဆို၊ ကင်ညာ၊ မာဒါဂက်စ်ကာ၊ မာလာဝီ၊ မာလီ၊ မိုဇမ်ဘစ်၊ မြန်မာ၊ နီပေါ၊ နိုက်ဂျာ၊ နိုက်ဂျီးရီးယား၊ ရဝန်ဒါ၊ ဆီရီရာလီယွန်၊ တန်ဇနီးယားနှင့် ယူဂန်ဒါ။

(အချက်အလက် ရယူသောနေရာမှာ http://www.910balpolicy.org မှ ဖြစ်သည်။)



ဖွံ့ဖြိုးပြီးတိုင်းပြည်များ၏ စီးပွားရေးစနစ်များတွင် ချို့ငဲ့သူလူနည်းစုသည် ဝင်ငွေနည်းပါးခြင်းနှင့် အခြေအနေ မပေးခြင်းတို့ကြောင့် အရည်အသွေးရှိသော ဘဝမျိုးတွင် နေထိုင်ခွင့်မရ ဖြစ်ကြရသည်။ ယင်းသို့သောသူများသည် လူမှုအပစ်ပယ်ခံဘဝများနှင့် ပြီးသွားကြသည် မဟုတ်ဘဲ နိုင်ငံရေး အပစ်ပယ်ခံ ဘဝများ အဖြစ်သို့ပါ ရောက်ရှိကြရသည်ဖြစ်ရာ ဒီမိုကရက်တစ်နိုင်ငံသားဖြစ်မှု၏ အရသာကို ခံစားခွင့် မရသူများဖြစ်ကြရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း စီးပွားရေး မညီမျှချက်များက ကြီးမားသည်ထက် ကြီးမားလာသည်ဖြစ်ရာ ဖွံ့ဖြိုးဆဲတိုင်းပြည်များတွင် နေထိုင်ကြသူများသည် အခွင့်ရေးရလျှင်ရသလို ဖွံ့ဖြိုးပြီးတိုင်းပြည်များသို့ ပြောင်းရွှေ့ဖို့ ကြိုးစားလေ့ရှိကြသည်။ ဖွံ့ဖြိုးပြီးတိုင်းပြည်များရှိ အခြေအနေများသည် ချို့ငဲ့သူများအတွက် ကောင်းသည်ဟု မဆိုသာနိုင်သော်လည်း ဖွံ့ဖြိုးဆဲတိုင်းပြည်များရှိ ချို့ငဲ့သူများအနေဖြင့် ၎င်းတို့တိုင်းပြည်ရှိ အခြေအနေများထက်စာလျှင် ပိုကောင်းသည်ချည်း ဖြစ်သောကြောင့် ရွှေ့ပြောင်းဖို့ မရမနေ ကြိုးစားလေ့ရှိ၏။

ယခုတော့ နိုင်ငံတစ်နိုင်ငံအတွင်းသို့ ရွှေ့ပြောင်း ဝင်ရောက်လာမှုကိစ္စသည် အကြီးအကျယ် အငြင်းပွားစရာ ကိစ္စရပ်တစ်ခု ဖြစ်နေသည်။ မျက်မှောက်ခေတ် ဒီမိုကရေစီ စကားဝိုင်းတွင် လူဝင်မှုကြီးကြပ်ရေးကိစ္စသည် ချန်ထား၍မရသော ဆွေးနွေးစရာ အကြောင်းအရာကြီး တစ်ခုဖြစ်နေပေပြီ။ အမှန်တော့ လူဝင်မှုကိစ္စသည် ဖွံ့ဖြိုးပြီးတိုင်းပြည်များအားလုံးတွင် အရေးတကြီး ထည့်သွင်းဆွေးနွေးနေရသည့် နိုင်ငံရေးပြဿနာတစ်ခု သက်သက်မျှ မဟုတ်ပါ။ တိုင်းပြည်တစ်ပြည် အတွင်းသို့ ယဉ်ကျေးမှုချင်းမတူ၊ ဘဝနေထိုင်မှုပုံစံချင်းမတူသော ပြင်ပနိုင်ငံများမှ သူစိမ်းတစ်ရံဆံများ ရွှေ့ပြောင်းရောက်ရှိလာမှုသည် အိမ်ရှင်နိုင်ငံသားများအား အာရုံနောက်စေသည့် မေးခွန်းတွေ သူတို့ကိုယ်သူတို့ အလိုလို မေးနေလေ့ရှိကြ၏။ 'အမျိုးသားနိုင်ငံတော်' တစ်ခုအတွင်း

www.burmeseclassic.com

www.burmeseclassic.com



သို့ ဝင်ရောက်လာသူများကို မည်သို့သဘောထားရပါမည်နည်း။ အခွင့်အရေးတန်းတူရှိသော နိုင်ငံသားများအဖြစ် ၎င်းတို့အား မှတ်ယူရမည်လော။ တစ်ဖက်တွင် တိုင်းတစ်ပါးမှ ဝင်ရောက်လာသူများကို ယဉ်ကျေးမှုနှင့် စီးပွားရေး 'အမျိုးစုံလင်မှု' ရင်းမြစ်များဟု သဘောပိုက်ကာ လက်ခံကြိုဆိုကြသည့် အိမ်ရှင်နိုင်ငံသားများစွာရှိသလို တစ်ဖက်ကလည်း ၎င်းတို့ရောက်ရှိလာမှုသည် ပတ်ဝန်းကျင်၏ စရိုက်၊ တိုင်းပြည်၏စရိုက်ကို ပြောင်းလဲစေသည်ဟုဆိုကာ မလိုမလားဖြစ်နေသည့် အိမ်ရှင်နိုင်ငံသားများစွာလည်း ရှိနေသည်။ မလိုလားသူများစွာမှာ အိမ်ရှင်နိုင်ငံ၏ ချို့တဲ့သူများ ဖြစ်နေတတ်ကြသည်။ အကြောင်းမှာ ရွှေ့ပြောင်းလာသူများသည် အိမ်ရှင်နိုင်ငံ၏ ချို့တဲ့သူများနေထိုင်ရာ ရပ်ကွက်များတွင် လာရောက်နေထိုင်ကြသည်က များသောကြောင့် ဖြစ်လေသည်။

ဖွံ့ဖြိုးပြီးတိုင်းပြည်များရှိ လူနည်းစုကို ချို့ငဲ့အောင်လုပ်၍ တစ်ပြိုင်နက်တည်းမှာပင် ဖွံ့ဖြိုးဆဲနိုင်ငံရှိ လူထုကို တိုင်းတစ်ပါးသို့ ပြောင်းရွှေ့အောင် ဖိအားများ တိုးမြှင့်ပေးနေသော စီးပွားရေးတစ်ကမ္ဘာလုံးဆက်နွယ်မှုသည် ဆင်းရဲချမ်းသာ ကွာဟချက်ကို ပိုမိုဆိုးဝါးအောင်လုပ်နေသည်ဟု ရှုမြင်ခြင်းသည် အလွန်ယုတ္တိမရှိဟုဆို၍ မရပါ။ အနောက်ဥရောပနိုင်ငံများအားလုံးလိုလိုတွင် လက်ယာစွန်းရောက်သော နိုင်ငံရေးပါတီများ ခေါင်းထောင်လာနိုင်ခြင်း၏ အဓိကအကြောင်းရင်းသည် စီးပွားရေးတစ်ကမ္ဘာလုံးဆက်နွယ်မှုပင်ဖြစ်သည်။ ဗြိတိသျှ'အမျိုးသား'ပါတီ၊ ပြင်သစ်'အမျိုးသား'တပ်ဦး စသည့် အမည်များသည် 'အမျိုးသား' နိုင်ငံတော်ဟူသည့် ရှေးရိုးဆန်သော အယူအဆကို လက်ကိုင်ထားသော ပါတီများဖြစ်ကြောင်း ညွှန်းဆိုလျက်ရှိ၏။ အဆိုပါ ပါတီများ၏ မူဝါဒများမှာ ပြည်ပမှ ရွှေ့ပြောင်းလာသူများအား လုံးဝလက်မခံရေး၊ တရားမဝင် ဝင်ရောက်လာသူများအား နေရပ်ရင်းပြန်ပို့ရေး၊ 'အယောင်ဆောင်' နိုင်ငံရေး ခိုလှုံခွင့် တောင်းသူများ



အား နေရပ်ရင်း ပြန်ပို့ရေးတို့ ဖြစ်သည်။ ယင်းမူဝါဒများကို လူထုက တခဲနက် ထောက်ခံကြသည်သာမက ရွေးကောက်ပွဲများအပေါ် လည်း အကျိုးသက်ရောက်မှုရှိသည်။ လက်ယာစွန်းပါတီများသည် လက်ရှိ အုပ်ချုပ်နေသော အစိုးရ၏ ဆောင်ရွက်ချက်များအပေါ် လူထုက မကျေမနပ် ဖြစ်နေမှုများကို အသုံးချကာ ခေါင်းထောင်လာလျက်ရှိလေသည်။ ယင်းပါတီများက စီးပွားရေး ကမောက်ကမ ဖြစ်ရခြင်းသည်ပြည်ပမှ ရွှေ့ပြောင်းလာသူများကြောင့်ဟု မဆီမဆိုင် လွှဲချလျက်ရှိ၏။ အမှန်တော့ တိုင်းပြည်တစ်ပြည်၏ စီးပွားရေးရာ ကိစ္စများကို အစိုးရများသည် ယခင်တုန်းကလို အပြည့်အဝ ကိုင်တွယ်နိုင်စွမ်း မရှိတော့ကြောင်း ကျွန်တော်တို့ တွေ့ရှိခဲ့ပြီး ဖြစ်ပါသည်။ မည်သို့ဆိုစေ လက်ယာစွန်းရောက် ပါတီများ၏ အောင်မြင်မှုသည် ဒီမိုကရေစီ စနစ် အကြီးအကျယ် နာမကျန်းဖြစ်နေကြောင်း ပြသသည့် ရောဂါလက္ခဏာ တစ်ခုဟု ဆိုရပါတော့မည်။

## အစိုးရများ ထိန်းချုပ်နိုင်စွမ်း ပြန်လည်ရရှိနိုင်ဦးမည်လော

ကမ္ဘာတစ်လွှားရှိ နိုင်ငံအသီးသီးသို့ ထိုးဖောက်ဝင်ရောက်လာသော စီးပွားရေး တစ်ကမ္ဘာလုံးဆက်နွယ်မှု အင်အားများကို အစိုးရများအနေနှင့် ပြန်လည်ထိန်းချုပ်နိုင်စွမ်း ရှိနိုင်ပါဦးမည်လော။ ပြန်လည် ထိန်းချုပ်ဖို့ ဖြစ်နိုင်ချေ နည်းလမ်းတစ်ရပ်တော့ရှိ၏။ ယင်းမှာ အစိုးရများအနေနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ စာချုပ် ချုပ်ဆိုရေးအဖွဲ့များကို အတူပူးပေါင်း ထူထောင်ကြရေမြဲ သည်။ ယင်းအဖွဲ့အစည်းများက နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများကို စည်းကမ်းများ သတ်မှတ်ပေးခြင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံကြား စီးပွားရေး မူဝါဒများတို့ သဟဇာတ ဖြစ်အောင် ညှိနှိုင်းဆောင်ရွက်ပေးခြင်းတို့ကို ကမတာထ ပြုလုပ်ပေးရမည်ဖြစ်သည်။ စင်စစ်အားဖြင့် အစိုးရများ ရင်ဆိုင်နေရသော ပြဿ

www.burmeseclassic.com



နာရပ် အတော်များများကို တိုင်းပြည်တွင်း၊ ဒေသတွင်း ဖြေရှင်းရုံမျှဖြင့် မလုံလောက်တော့ဘဲ ကမ္ဘာနှင့်ချီ၍ ဖြေရှင်းယူမှသာရမည့် အခြေအနေတွင်ရှိကြောင်း ကျွန်တော်တို့တွေ တွေ့မြင်နေရပြီဖြစ်သည်။ ကမ္ဘာကြီးပူနွေးလာခြင်း၊ သဘာဝအရင်းအမြစ်များ ကုန်ခမ်းလာခြင်း၊ လေထုနှင့် ပင်လယ်သမုဒ္ဒရာများတွင် ညစ်ညမ်းမှုများ ဖြစ်ပေါ်နေခြင်း စသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို တစ်နိုင်ငံချင်း ဖြေရှင်းယူ၍ မရကြောင်း အထင်အရှား တွေ့နေရပြီ ဖြစ်သည်။ အလားတူစွာပင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုဘဝ ပြဿနာရပ်များကိုလည်း တစ်နိုင်ငံတည်း ကြိတ်ဖြေရှင်း၍ရသည့်ခေတ်မျိုး မဟုတ်တော့ပါ။ ပြင်ပနိုင်ငံ တစ်နိုင်ငံတွင် ဖြစ်ပွားနေသော စီးပွားရေးနှင့် လူမှုပြဿနာများသည် နိုင်ငံအတွင်းသို့ လာရောက်ရိုက်ခတ်သော ခေတ်မျိုး ဖြစ်နေပါပြီ။

ဤရှုထောင့်မှကြည့်လျှင် ဥရောပသမဂ္ဂကို ထူထောင်လိုက်ခြင်းသည် မည်မျှရည်ရွယ်ချက်ကြီးမားလှကြောင်း တွေ့ရှိရမည်ဖြစ်၏။ ဥရောပသမဂ္ဂဝင် နိုင်ငံများ၏ အစိုးရများသည် ၎င်းတို့၏ လွတ်လပ်သော အချုပ်အခြာအာဏာများ (sovereignty)ကို စုပေါင်းလိုက်ခြင်းကြောင့် စီးပွားရေးပတ်ဝန်းကျင် (economic environment)တစ်ခုကို အတူထိန်းချုပ်၍ ရနိုင်သည့် (တစ်နိုင်ငံချင်းဆိုလျှင် မရနိုင်သော) အနေအထားတစ်ရပ်ကို ရရှိလာကြသည်။ ဥရောပသမဂ္ဂ အနေနှင့် ဥရောပတစ်လွှား လွတ်လပ်သော ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်နိုင်သလို တစ်ဖက်ကလည်း အလုပ်သမားများ အနိမ့်ဆုံးရရှိသင့်သည့် ရပိုင်ခွင့်များကို ကာကွယ်ပေးခြင်း၊ အလုပ်သမားသမဂ္ဂ၏ ရပိုင်ခွင့်များကို အကာအကွယ်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် လူမှုရေးရာ စည်းကမ်းသတ်မှတ်ချက်များ လိုက်နာရေးတို့ကို ကြီးကြပ်ဆောင်ရွက်ပေးနိုင်ပေသည်။ ဥရောပသမဂ္ဂဝင်နိုင်ငံများ အတူရေးဆွဲထားသော အားလုံးလိုက်နာ



ရမည့် ဘုံစည်းကမ်းသတ်မှတ်ချက်များမှာ မည်မျှ များပြားလာသနည်းဆိုလျှင် ယနေ့ရှိ ဥပဒေသစ် ၇၀ ရာခိုင်နှုန်းသည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် သမဂ္ဂအဖွဲ့ဝင် ဝန်ကြီးများ ကောင်စီမှရေးဆွဲ အတည်ပြုခဲ့သော ဥပဒေတွေချည်း ဖြစ်လေသည်။

အစိုးရများ၏ စွမ်းရည်နှင့် ထိန်းချုပ်မှု အာဏာကျဆင်းလာမှု ပြဿနာများအတွက် အထက်တွင် ဖော်ပြခဲ့သည့် အဖြေသည်လည်း ခြောက်ပြစ်ကင်း သဲလဲစင် ဖြစ်သည့် အဖြေမျိုး မဟုတ်ပါ။ ဒီမိုကရေစီစနစ်အတွက် ပြဿနာသစ်များကို ယင်းအဖြေက ဆောင်ကျဉ်းလာခဲ့ပါသည်။ ပထမပြဿနာတစ်ခုမှာ ဥရောပသမဂ္ဂလို နိုင်ငံများစွာပါဝင်သော အဖွဲ့အစည်းကြီးများကို အဓိပ္ပာယ်ပြည့်ဝသော ဒီမိုကရက်တစ် ထိန်းချုပ်မှုအောက် သွပ်သွင်းရန် အလွန်ခက်ခဲလှခြင်းဖြစ်သည်။ ဥရောပသမဂ္ဂတွင် ဒီမိုကရေစီ လျော့ပါးမှု (democractic deficit) ဖြစ်ပေါ်နေကြောင်း ပြောဆိုသံတွေ ကျွန်တော်တို့ မပြတ်ကြားနေရလေ့ရှိ၏။ အတောမသတ် ပြောဆိုနေကြသည့် ဒီမိုကရေစီ လျော့ပါးမှု၏ အဓိပ္ပာယ်မှာ ဥရောပသမဂ္ဂသည် နိုင်ငံရေး ရေပေါ်ဆီလူတန်းစားများနှင့် မူဝါဒကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားသည့် လူထု၏အသံကို နားမထောင်သော၊ လူထုအား ရှင်းပြခြင်းလည်းမရှိသော လူမှုအဆောက်အအုံတစ်ခုအဖြစ် တည်ရှိနေခြင်းဟူ၍ ဖြစ်သည်။ ဒုတိယပြဿနာမှာ ဤနေရာ၌ 'လူထု'ဟူသည် မည်သူတို့ ဖြစ်ကြပါသနည်း။ ဥရောပသမဂ္ဂဝင် နိုင်ငံများကြားတွင် တူညီသော ဘာသာစကား၊ တူညီသော ကြားခံဆက်သွယ်ရေး မီဒီယာနှင့် တူညီသော ကိုယ်ပိုင်လက္ခဏာများ ရှိကြသည်မဟုတ်ပါ။ တစ်နိုင်ငံချင်းစီအားဖြင့်တော့ ဗြိတိသျှလူမျိုး၊ ပြင်သစ်လူမျိုး၊ အီတလီလူမျိုး၊ စပိန်လူမျိုး စသည်ဖြင့် ကိုယ်ပိုင်လက္ခဏာများ ကိုယ်စီရှိခဲ့ကြသည်ကားမှန်၏။ သို့ရာတွင် ဒီမိုကရက်တစ် နိုင်ငံရေးကို တစ်နိုင်ငံချင်းစီ ယခင်ဆောင်ရွက်ခဲ့ပုံမျိုးဖြင့် နိုင်ငံအားလုံးအပေါ် အကျိုးသက်ရောက်စေသည့် ဆုံးဖြတ်ချက်များကို ယခု

www.burmeseclassic.com

www.burmeseclassic.com



လို ဥရောပသမဂ္ဂဝင် နိုင်ငံများအဖြစ် အတူချမှတ်ကြရပုံမျိုးတို့ကြား ခြားနားချက်မှာ အတော်ပင် ကွာခြားလျက်ရှိပြီ ဖြစ်၏။ ကိုယ်စားပြု ဒီမိုကရေစီစနစ်သည် အမျိုးသားနိုင်ငံတစ်ခု၏ နယ်နိမိတ်တစ်ခုတွင် ယင်း အမျိုးသား နိုင်ငံတော်အတွက် တည်ဆောက်ယူခဲ့ကြကြောင်း ကျွန်တော်တို့ တွေ့ရှိခဲ့ပြီး ဖြစ်သည်။ သို့သော် အမျိုးသားနိုင်ငံတော်၏ နယ်နိမိတ်ဟူသည် ယခုတော့ ဥရောပသမဂ္ဂလို နိုင်ငံစုံပေါင်းစည်းမှုဖြစ် စဉ်တွင် ဒုတိယအဆင့်သို့ လျှော့ချခံခဲ့ရသည်။ ဒီမိုကရေစီစနစ်သစ် တစ်ရပ်ကို နိုင်ငံတကာအဆင့် တည်ဆောက်ယူဖို့အသာထား၊ ဥရောပ တစ်နံတစ်လျားတွင်ပင် ဒီမိုကရေစီနည်းကျသော ဒီမိုကရေစီစနစ် သစ်တစ်ရပ်ကို မည်သို့မည်ပုံ ပြန်လည်တည်ဆောက်ယူမည်ကိုပင် သဲသဲကွဲကွဲ မသိရသေးဟူ၍ပင် ဆိုရပါမည်။

အနောက်နိုင်ငံများရှိ ပြည်သူလုထုများ အနေနှင့် ၎င်းတို့၏ အစိုးရ၊ ၎င်းတို့၏ လူ့အဖွဲ့အစည်းများအပေါ် မကျေမနပ် ဖြစ်နေရ သည့် အကြောင်းရင်းများကို အကျဉ်းချုပ် ပြန်လည်တင်ပြလိုပါသည်။ မကျေမနပ်ဖြစ်ရသည့် အကြောင်းရင်းတစ်ရပ်မှာ စီးပွားရေးတစ်ကမ္ဘာ လုံးဆက်နွှယ်မှု ဖြစ်စဉ်များ ဖြစ်ပါသည်။ ယင်းဖြစ်စဉ်များကြောင့် ကမ္ဘာတစ်လွှားရှိ အစိုးရများသည် ၎င်းတို့ နိုင်ငံအသီးသီးရှိ စီးပွားရေး နှင့် လူမှုရေး မူဝါဒများအပေါ် ထိန်းချုပ်နိုင်စွမ်း၊ လွတ်လွတ် လပ်လပ် ကိုယ့်သဘောနှင့်ကိုယ် ဆုံးဖြတ်နိုင်စွမ်းများ ဆုံးရှုံးခဲ့ရသည်။ ယင်းဆုံးရှုံး ရမှု၏ အကျိုးဆက်မှာ နိုင်ငံရေးပါတီများသည် နိုင်ငံတကာ ဈေးကွက် အဖြစ်မှန်များ(realities)နှင့် လိုက်လျောညီထွေဖြစ်အောင် ချိန်ညှိနေ ကြရသည်ဖြစ်သောကြောင့် ပါတီတစ်ခုနှင့်တစ်ခုကြား သဘောထား များ ဘာမှမည်မည်ရရ မကွာခြားလှတော့ကြောင်း တွေ့ရှိခဲ့ရသည်။ အစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာ ကျဆင်းရခြင်းအပေါ် အခဲမကျေ ဖြစ်နေကြမှု၏ ပြယုဂ်တစ်ခုမှာ လက်ယာစွန်းရောက်ပါတီများထောက် ခံမှု ပိုမိုရရှိလာခြင်း ဖြစ်သည်။ ယင်းသို့သော ပါတီများသည် စီးပွား



ရေး ကမောက်ကမဖြစ်ရမှုနှင့် ပတ်သက်၍ ပြဿနာ၏ ရင်းမြစ်များကို ရှာဖွေ တိုက်ခိုက်သည်ထက် မဆီမဆိုင် လက်ပံသားဓားနှင့်ချိုင် ဆိုသ လို ပြည်ပမှ ဝင်ရောက် အလုပ်လုပ်ကိုင်လာသူများကို လက်ညှိုးထိုး အပြစ်ဖို့၍ ရန်ညှိုးဖွဲ့ခြင်းမျိုးသာ လုပ်တတ်ကြသည်။ တစ်ချိန်တည်း မှာပင် အစိုးရများ၏ 'ထိန်းချုပ်နိုင်စွမ်း ဆုံးရှုံးမှု'ကို နိုင်ငံတကာ အဖွဲ့ အစည်းများ ထူထောင်၍ ဖြေရှင်းရန် ကြိုးပမ်းမှုတွင်လည်း ပြဿနာ များ ရှိနေပြန်သည်။ အဆိုပါ ပြဿနာများမှာ အစိုးရသည် လူထုမှ ပို၍ ဝေးကွာသွားခြင်းနှင့် အစိုးရသည် လူထုအပေါ် တာဝန်ခံမှု ပို၍ လျော့နည်းလာခြင်း ဆိုသည့် ဒီမိုကရေစီလျော့ပါးမှု ပြဿနာသစ် ဖြစ်သည်။

အမေရိကန် ပြည်ထောင်စုသည် စီးပွားရေး အလွန်အား ကောင်းလွန်းလှသောကြောင့် အခြားနိုင်ငံများလောက် ပြည်ပနိုင်ငံ များမှ ဝင်ရောက်လာသော ဖိအားများကို ရင်ဆိုင်ရစရာ အကြောင်း မရှိဟု ထင်မှတ်ဖွယ်ပင် ဖြစ်ပါသည်။ အမေရိကန်သည် စီးပွားရေး တစ်ကမ္ဘာလုံးဆက်နွှယ်မှုဖြစ်စဉ်များ ထွန်းကားလာအောင် ပြုလုပ် ရာတွင် အလွန်အရေးပါသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်မှာကားမှန်၏။ သို့သော် မည်မျှပင် အင်အားကြီးသည်ဖြစ်စေ စီးပွားရေး တစ်ကမ္ဘာလုံး ဆက်နွှယ်မှု၏ အကျိုးသက်ရောက်မှုများကို ခံစားရလျက်ရှိ၏။ အမေရိ ကန်နိုင်ငံသည် ကုန်ချောထုတ်လုပ်မှု အလုပ်အကိုင်များကို အခြားနိုင်ငံ များဆီ ပုံမှန်နှုန်းဖြင့် လက်လွှတ် ဆုံးရှုံးနေရသည်။ အမေရိကန်နှင့် အခြားကမ္ဘာ့နိုင်ငံများကြား ကုန်သွယ်မှုတွင် အမေရိကန်နိုင်ငံ၏ အကြီး အကျယ် လိုငွေပြမှုသည် အမေရိကန်အတွက်သာမက ကျန်နိုင်ငံများ အတွက်လည်း မတည်မငြိမ် ဖြစ်လာနိုင်သည့် အကြောင်းရင်းကြီးတစ်ခု ဖြစ်လာနိုင်သည်။ အလွန်ခိုင်မာလှပါသည်ဆိုသော အမေရိကန် ဒေါ် လာသည်လည်း ကမ္ဘာ့ငွေကြေးဈေးကွက်တွင် ဈေးကစားသူ၏ ဒဏ်ကို ယခင်ကလို ခံနိုင်ရည် မရှိတော့ပါ။ ထို့အတူ ကမ္ဘာကြီး ပူနွေးလာမှု

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာများနှင့် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသော ရွှေ့ပြောင်းအလုပ်သမားများ ပြဿနာများကို အမေရိကန်သည် ခံနိုင်ရည် မရှိတော့ပါ။ သမ္မတ ဘုရှ် အစိုးရလက်ထက်တွင် ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒ ကျင့်သုံး၍ စီးပွားရေးဆိုင်ရာ ဖိအားများကို ပြန်လည်ထိန်းချုပ်နိုင်ရန် ကြိုးပမ်းမှုများကြောင့် ကျန်ကမ္ဘာ့နိုင်ငံများနှင့် အထူးသဖြင့် ဥရောပသမဂ္ဂနှင့် ပြဿနာများ အကြီးအကျယ်တက်ခဲ့ရသည်။ နိုင်ငံတကာ စာချုပ်စာတမ်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအပေါ် အမေရိကန်က 'ငါ့သဘောနဲ့ ငါ လုပ်ချင်သလိုလုပ်မယ်'ဟူသည့် မူဝါဒများချမှတ်၍ ထင်တိုင်းကြဲခဲ့မှုသည် တစ်ချိန်တွင် အမေရိကန်က သူနှင့်အတူ ပူးပေါင်းပါရန် မေတ္တာရပ်ခံရမည့် နိုင်ငံများစွာကို နာနာကျည်းကျည်း ဖြစ်စေခဲ့သည်။ မဟာအင်အားကြီး နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေသော အမေရိကန်နိုင်ငံသည် မူဝါဒများချမှတ်ရာ၌ အခြားနိုင်ငံများထက်စာလျှင် လွတ်လပ်မှု၊ ထိန်းချုပ်နိုင်မှု ပို၍ရရှိနေသည် ဆိုသည့်အချက်မှာ သဘာဝကျလှသည်။ သို့သော် ကမ္ဘာ့နိုင်ငံများအားလုံး ရင်ဆိုင်ကြုံတွေ့နေရသော စီးပွားရေး တစ်ကမ္ဘာလုံးဆက်နွယ်မှုဖြစ်စဉ်များမှ အမေရိကန်နိုင်ငံသည် တစ်နိုင်ငံတည်း ကိုယ်လွတ်ရုန်းထွက်ကာ တစ်ကိုယ်တည်း သီးသန့်ရပ်တည်၍ မရနိုင်တော့ပြီ ဆိုသည့် အချက်ကိုလည်း မမွှိတ်သွန်ကျကျ လက်ခံရပေဦးတော့မည် ဖြစ်၏။

*****

## အစိုးရများအပေါ် စိတ်ချယုံကြည်မှု ကျဆင်းလာခြင်း

နိုင်ငံရေးသမားများသည် လူထု၏ စိတ်ချယုံကြည်မှုကို ရခဲကြသည်။ မည်သည့် လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးအဖွဲ့အစည်းများကို ယုံကြည်ကြသနည်းဟု မဲဆန္ဒရှင်များကို မေးခွန်းထုတ်၍ သဘောထားစစ်တမ်းများ ကောက်ယူကြည့်ရာတွင် နိုင်ငံရေးသမားများသည် အများအားဖြင့် အောက်ဆုံးအဆင့်တွင်သာ နေရာယူနေလေ့ရှိ၏။ ဤသို့ဖြစ်ရခြင်းမှာ နိုင်ငံရေး၏ ပင်ကိုသဘာဝကြောင့်ဟုပင် ဆိုရ



မည် ဖြစ်သည်။ နိုင်ငံရေးဟူသည် ဆွဲဆောင်စည်းရုံးမှုပေါ်တွင် အခြေပြုရသည်။ မူဝါဒတစ်ရပ် သို့မဟုတ် လုပ်ငန်းစဉ်တစ်ရပ်ကို လူထုအားတင်ပြရာတွင် လူထု၏ ထောက်ခံမှု အများဆုံး ရရှိနိုင်ရန် အကောင်းတွေကိုချည်း ရွှန်းရွှန်းဝေအောင်ပြောကာ ဆွဲဆောင်စည်းရုံးရလေ့ရှိသည်။ စည်းရုံးမှုများတွင် သဘောတူညီချက်များ ပြုလုပ်ခြင်း၊ စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ခြင်းတို့ ပါဝင်သည်။ တစ်ခါတစ်ရံတွင် ယင်းသဘောတူညီချက်များ၊ စေ့စပ်ညှိနှိုင်းမှုများမှာ သိပ်ဘာမှ ခိုင်ခိုင်မာမာရှိလှသည် မဟုတ်ပါ၊ အလုပ်ဖြစ်အောင် စတိသဘော အပေးအယူလုပ်ကြခြင်းများသာဖြစ်၏။ ထို့အတွက်ကြောင့် နိုင်ငံရေးလောကတွင် နိုင်ငံရေးသမားများ လုပ်ဆောင်နေသော အရာများနှင့် ၎င်းတို့ လုပ်မည်ဟု ပြောကြားထားသော ကတိစကားများကြားတွင် ကွဲလွဲချက်တွေတ အမြဲလိုလို ရှိနေတတ်သည်။ အပြောတစ်မျိုး အလုပ်တစ်မျိုး ဖြစ်နေတတ်သည်၊ တစ်နည်းဆိုရလျှင် ၎င်းတို့၏ မူဝါဒ အကောင်အထည်ဖော်ရခြင်းနှင့် ပတ်သက်၍ လူသိရှင်ကြား ပြောထားသော အကြောင်းရင်းနှင့် ၎င်းတို့ တကယ်လက်တွေ့ အကောင်အထည်ဖော်ရသည့် အကြောင်းရင်းတို့ကြားတွင် ကွာဟချက်များ ရှိနေခြင်းဖြစ်၏။ အောင်မြင်သော နိုင်ငံရေးသမားဆိုသူတို့သည် ယင်းကွာဟချက်များကို လိမ်မာပါးနပ်စွာ ဖုံးဖိနိုင်စွမ်းရှိသူများ ဖြစ်ကြသည်။ သို့သော် ဖုံးဖိထားသမျှပေါ်သွားခဲ့လျှင်တော့ ၎င်းတို့တွေ အတော်လေး အထိနာသွားကြလေ့ရှိသည်။ အပုပ်များပေါ်သွားသည့်အခါ နိုင်ငံရေးသမားများအပေါ် လူထု၏ အားကိုးမှု၊ လူထု၏ ယုံကြည်မှုသည် အတိုက် စားခံရလေတော့သည်။ ယင်းဖြစ်ရပ်များသည် မျက်မှောက်ခေတ် နိုင်ငံရေးလောကတွင်မှ ပေါ်ထွက်လာသည့် အသစ်အဆန်း ကိစ္စများမဟုတ်ပါ။ ရှိတ်စပီးယားခေတ် နိုင်ငံရေးလောကတွင်လည်းရှိခဲ့သည်။ ရှိတ်စပီးယားက "ဟော့. . . လူထုကို မျက်မှန်စိမ်း တတ်ပေးလိုက်ဟော့၊ ပါးနပ်တဲ့ နိုင်ငံရေးသမား လုပ်သလိုပေါ့။ မရှိတဲ့ဟာကို ရှိသယောင်ယောင် မြင်

www.burmeseclassic.com

www.burmeseclassic.com



အောင်လုပ်ရမယ်"ဟု ရေးခဲ့ဖူးပါသည်။

## နိုင်ငံရေးလှည့်ကွက်

လွန်ခဲ့သည့် နှစ် ၂၀ မျှကာလအတွင်း နိုင်ငံရေး၏ အသွေးအရောင်များ ပြောင်းလဲလာခဲ့မှုကို 'လှည့်ကွက်' ဟူသော ဝေါဟာရဖြင့် အကျဉ်းရုံး ဖော်ပြနိုင်မည်ဟု ထင်ပါသည်။ လှည့်ကွက်ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်သည် လူထုအမြင်ကောင်းအောင်လုပ်ခြင်း၊ လူထုနှင့် ဆက်ဆံရေးကောင်းအောင် လုပ်ခြင်းနှင့် ပတ်သက်နေပြီး ယင်းဝေါဟာရသည် နိုင်ငံရေးသမားများကြား ပြောနေကြ ဆိုနေကြ စကားတစ်လုံးဖြစ်နေသည်မှာ အတော်ပင်ကြာလှပြီ ဖြစ်၏။ နိုင်ငံရေးလောကတွင် အသစ်အဆန်း ဖြစ်နေသည့်ကိစ္စများမှာ အစိုးရ၏ ပြန်ကြားရေးလုပ်ငန်းနှင့် ပြန်ကြားရေး ဝန်ထမ်းများ ခန့်အပ်ရေးတွင် ဘတ်ဂျက်များ အဆမတန် သုံးစွဲလာခြင်း၊ 'လူတိုင်း အစိုးရ၏ သဘောထားကို သိနေရမည်' ဟူသော ဆောင်ပုဒ်ကို စွဲကိုင်ကာ နိုင်ငံရေးသမားများနှင့် ပြန်ကြားရေးဌာနတို့ကြား ဟန်ချက်ညီစွာ ဆောင်ရွက်နေကြခြင်း၊ နိုင်ငံရေးသမားတို့စိတ်ထဲတွင် သတင်းစီမံခန့်ခွဲမှုနှင့် သတင်းတင်ဆက်မှုကိစ္စရပ်များဖြင့် လွှမ်းမိုးနေကြခြင်းတို့ ဖြစ်သည်။ အစိုးရများအနေနှင့် ၎င်းတို့ ချမှတ်ထားသော ပန်းတိုင်များဆီ အရောက်လှမ်းရေး ဆိုသည်မှာ ယနေ့ခေတ်တွင် လွယ်ကူလှသည့်ကိစ္စ မဟုတ်ရကား သတင်းများကို လှလှပပဖြစ်အောင် စီမံရေးဆိုသည့် ကိစ္စမှာ ၎င်းတို့စိတ်ထဲ တိုး၍တိုး၍ လွှမ်းမိုးလာလေတော့သည်။ အပြင်အဆင်သည် တကယ်ဖြစ်နေသည့် အခြေအနေသစ်အလား ထင်လာရစေလျက်ရှိပြီ ဖြစ်၏။ သတင်းဇာတ်လမ်း(news story) တစ်ပုဒ်သည်ပင်လျှင် ရှေ့လုပ်ငန်းစဉ်တစ်ခုအကြောင်း သို့မဟုတ် မူဝါဒတစ်ရပ်အကြောင်း မဟုတ်တော့ဘဲ သတင်း 'လှည့်ကွက်' တစ်ခုဖြစ်နေတတ်သည်။ 'သတင်းဆိုးတစ်ခုကို မြှုပ်နှံပစ်ဖို့' ဆိုသည့် ရည်ရွယ်ချက်ဖြင့် အစိုးရများက ကျွန်တော်တို့ကို



အာရုံပြောင်းအောင် ဖန်တီးမှုတွေ လုပ်လာသည့်အခါ၊ အစိုးရများသည် အငြင်းပွားမှုများကို ဖြေရှင်းပြသည်ထက် ၎င်းတို့၏ ဆန့်ကျင်ဖက်များအကြောင်း သို့မဟုတ် ၎င်းတို့အား ဝေဖန်သူများအကြောင်း 'အတင်းအဖျင်းတွေ' လွှင့်ကြသည့်အခါ၊ သို့မဟုတ် အစိုးရများသည် ၎င်းတို့အား ဝေဖန်သူ ပညာရှင်များကို ဘေးဖယ်ထုတ်ပြီး ၎င်းတို့၏ မူဝါဒများအပေါ် မျက်နှာလိုမျက်နှာရလုပ်၍ အကောင်းပြောသောသူများကို ၎င်းတို့ဖက်ပါလာအောင် ဆွဲဆောင်သိမ်းသွင်းသည့်အခါ ကျွန်တော်တို့တွေ မအံ့ဩကြတော့ပါ။ သို့သော် အကျိုးဆက်သည်ကား မကောင်း လှ။ နိုင်ငံရေးသမားများ၏ ဂုဏ်သိက္ခာအပေါ် ကျွန်တော်တို့၏ စိတ်ချယုံကြည်မှုသည် လျော့ပါးလာလျက် ရှိလေသည်။

များစွာသော နိုင်ငံရေးသမားများက ၎င်းတို့ ဤအခြေအနေမျိုး ဆိုက်သွားရသည့်အကြောင်းရင်းမှာ မီဒီယာများကြောင့်ဟု ဆိုကာ မီဒီယာများကို အပြစ်ဖို့ကြသည်။ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာများသည် နိုင်ငံရေးသမားများနှင့် လူထုကြား အဓိက ဆက်သွယ်ပေးရသည့် သတင်းစီးဆင်းမှု လမ်းကြောင်းများ ဖြစ်သည်။ ထို့အပြင် နိုင်ငံရေးသမားများက မီဒီယာများသည် လူထုအား သတင်းပေးသည့်အခါ စနစ်တကျ တမင်ကြံစည်၍ သတင်းကို အတိအကျ မပေးဟုလည်း ကောင်း၊ နိုင်ငံရေးအကြောင်း ပြောသည်ထက် ပုဂ္ဂိုလ်ရေးအကြောင်း အလွန်အကျွံအသားပေးလွန်း၍ ၎င်းတို့၏ ကိုယ်ရေးကိုယ်တာအပြစ် အနာအဆာများကို ဖောင်းပေး ရေးသားကြသည်ဟုလည်းကောင်း၊ နိုင်ငံရေးသမားတို့မည်သည် တစ်ယောက်နှင့် တစ်ယောက် အပုပ်ချတတ်ကြသူများချည်းသာဟု ထင်မြင်လာအောင် ရေးသားကြသည်ဟုလည်းကောင်း အကျိုးအကြောင်းပြ၍ ထောက်ပြပြောဆိုတတ်ကြသည်။ အကျိုးဆက်အားဖြင့် အစိုးရအဖွဲ့ရှိ နိုင်ငံရေးသမားများသည် ယခုလို အခြေအနေသစ်တွင် ၎င်းတို့ ပြောချင်သော သတင်းများကို ပြည်သူတစ်ရပ်လုံးထံ ရောက်ရှိဖို့ရန် တစ်နေကုန် တစ်နေခန်း

www.burmeseclassic.com

www.burmeseclassic.com



ကျားကုတ်ကျားခဲ ကြိုးစားနေရလေ့ရှိ၏။

နိုင်ငံရေးသမားများအနေနှင့် ၎င်းတို့ ပေးလိုသော သတင်းစကားများကို အားလုံးဆီရောက်ရှိရေးအတွက် အရိုးရှင်းဆုံး နည်းလမ်းတစ်ခုမှာ သတင်းမီဒီယာ ထွက်ပေါက်များ (media outlets)ကို တိုက်ရိုက်ထိန်းချုပ်ရေး ဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံရေးသမားများ ကိုယ်တိုင် ကိုယ်ပိုင်မီဒီယာများ ထူထောင်ခြင်း၊ သို့မဟုတ် ၎င်းတို့ ပါတီပိုင်မီဒီယာများ ထူထောင်ခြင်း၊ သို့မဟုတ် ၎င်းတို့ကို ထောက်ခံသူများအား မီဒီယာများ ထူထောင်စေခြင်း၊ သို့မဟုတ် ပြည်သူပိုင် အသံလွှင့်ဌာနများကို အစိုးရလက်အောက်တွင်ထားရှိခြင်း စသည့် နည်းလမ်းများကို အသုံးပြု၍ သတင်းထွက်ပေါက်များကို ထိန်းချုပ်ထားခြင်း ဖြစ်သည်။ သို့ရာတွင် သတင်းမီဒီယာနှင့်ပတ်သက်၍ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းတစ်ရပ်တွင် အခြေခံမှုတစ်ရပ် ရှိသည်။ ယင်းမှာ ပုဂ္ဂလိကပိုင် သတင်းမီဒီယာများ များစွာရှိဖို့လိုခြင်းနှင့် အတိုက်အခံ နိုင်ငံရေးသမားများနှင့် အစိုးရအား ဝေဖန်သူများသည် ပြည်သူပိုင် အသံလွှင့်ဌာနများကို အသုံးပြုခွင့်ရှိခြင်းတို့ဖြစ်သည်။ များစွာသော ဒီမိုကရေစီ နိုင်ငံသစ်များနှင့် ဒီမိုကရေစီစနစ် ပြန်လည်ထူထောင်သော နိုင်ငံများ တွင် ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ခြင်း မရှိကြပါ။ ဒီမိုကရေစီစနစ် ရင့်သန်နေသော အချို့နိုင်ငံများတွင်ပင် ယင်းလိုအပ်ချက်ကို မဖြည့်ဆည်းနိုင်ကြောင်း တွေ့ရသည်။ အထင်ရှားဆုံးမှာ အီတလီနိုင်ငံ ဖြစ်သည်။ ဝန်ကြီးချုပ် ဘာလ်ကိုနီသည် အိမ်ပေါက်စီရောက်နိုင်သော ရုပ်မြင်သံကြားလိုင်းတစ်ခုကို ပိုင်ဆိုင်ထားသလို ပြည်သူပိုင် မီဒီယာများကိုလည်း အစိုးရအဖွဲ့အနေဖြင့် တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားသည်။ ပုဂ္ဂလိကပိုင် လွတ်လပ်သော သတင်းမီဒီယာများ အမြောက်အများ ရှိနေသည့် တိုင်းပြည်များတွင် ပြဿနာက တစ်မျိုး ဖြစ် နေပြန်သည်။ အစိုးရများသည် ၎င်းတို့ပေးလိုသော သတင်းများကို လူထုတစ်ရပ်လုံးဆီရောက်အောင် တစ်နေ့ထက်တစ်နေ့ပို၍ ကျား



ကုတ်ကျားခဲ အားထုတ်လာရခြင်းနှင့် နိုင်ငံရေးရာ သတင်းလှည့်ကွက် အတတ်ပညာများ ဖွံ့ဖြိုးစည်ပင်လာခြင်းတို့ ဖြစ်သည်။

## အလှည့်လွှန်ခြင်း

၁၉၉၇ ခုနှစ်တွင် ယူကေ၌ လေဘာပါတီ အာဏာရလာသည့်အခါ နိုင်ငံရေး လှည့်ကွက် အလေ့အထသည် အမြင့်ဆုံးသို့ ရောက်ရှိလာခဲ့သည်။ လေဘာအစိုးရ၏ စံထားလောက်သည့် လှည့်နည်းပတ်နည်းများကို ဤနေရာတွင် လေ့လာတင်ပြပါမည်။ လေဘာပါတီသည် ၁၇ နှစ်လုံးလုံး ပါတီကို မလိုလားသည့်သတင်းစာများ၏ အပြင်းအထန် ဆန့်ကျင်တိုက်ခိုက်မှုကို ခံနေခဲ့ရသည်။ ထို့အပြင် လေဘာပါတီအတွင်း သဘောထားကွဲမှုများသည် ပါတီတွင်း အကွဲအပြဲများ ရှိနေကြောင်းနှင့် ပုဂ္ဂိုလ်ရေးအခြေပြု အာဏာလုမှုများ ရှိနေကြောင်း မီးမောင်းထိုးပြသည့် သက်သေသာဓကများ ဖြစ်ကြသည်ဟု ယင်းသတင်းစာများတပင် ထောက်ပြကြသောကြောင့် သတင်းစာများ၏ ထိုးနှက်မှုအောက်ဝယ် လေဘာပါတီမှာ ဒဏ်ရာဒဏ်ချက်များစွာဖြင့် လူးလိမ့်ခံနေခဲ့ရသည်။ လေဘာပါတီမှ တိုနီဘလဲ ဝန်ကြီးချုပ် ဖြစ်လာသည့်အခါ သူသည် သတင်းနှင့် ပတ်သက်သော ရှေ့လုပ်ငန်းစဉ်များကို ထိန်းချုပ်ဖို့ အစိုးရတစ်ဖွဲ့လုံးရှိ ဝန်ကြီးများကြား သတင်းထုတ်ပြန်ရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ကြဖို့၊ ပါတီတွင်းဖြစ်စေ အစိုးရအဖွဲ့တွင်းဖြစ်စေ အစိုးရ၏ သဘောထားနှင့် မကိုက်ညီသူ မည်သူကိုမဆို ဘေးဖယ်ထုတ်ဖို့ဆိုသည့် ရည်ရွယ်ချက်များအတိုင်း ဆောင်ရွက်ရန် သန္နိဋ္ဌာန် ချမှတ်ခဲ့သည်။ သူသည် ရှေ့အစဉ်အလာကို ချိုးဖောက်တာ သတင်းစာဆရာဟောင်းလည်းဖြစ်၊ ပါတီကို ထောက်ခံသူလည်းဖြစ်သော သူ၏ သတင်းရေးရာ အတွင်းရေးမှူးဖြစ်သူ အလက်စတဲ ကမ့်ဘဲလ်ကို ဒေါင်းနင်းလမ်း၏ သတင်းနှင့် ပြန်ကြားရေးရာ ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ထားခဲ့သည်။ အလက်စတာ ကမ့်ဘဲလ်အား ပြည်သူ

www.burmeseclassic.com



ဝန်ထမ်းများကို ညွှန်ကြားချက်ပေးရန်နှင့် ဝန်ကြီးအသီးသီး၏ ပြန်ကြားရေးဆိုင်ရာ ရာထူးများအတွက် မီဒီယာများမှ အထူးအကြံပေးများ ခန့်အပ်ပေးရန် တိုနီဘလဲက တာဝန်ပေးခဲ့သည်။

သတင်းများနှင့် ခေါင်းကြီးများကို ရက်ရက်စက်စက် ထိန်းချုပ်ဖို့ ကမ့်ဘဲလ်၏ ကြိုးပမ်းမှုများသည် ပြောစမှတ်ပင် ပြုလာခဲ့ကြသည်။ သူ၏ ကြိုးပမ်းနည်းများမှာ အလွန်ပင် အကျည်းတန်လှသည်၊ ဂျာနယ်လစ်များကို နိုင်ထက်ကလူပြုသည်။ ပြည်သူ့ဝန်ထမ်းများကို ဩဇာအာဏာသုံး၍ အတင်းအဓမ္မ ဖိခိုင်းသည်၊ ဝန်ကြီးချုပ်နှင့် အလိုက်သင့်မရှိသော ဝန်ကြီးများကို လုပ်ငန်းဆိုင်ရာ မှာကြားချက်များ ပြုရာတွင် မကောင်းပြောသည်။ လွှတ်တော်မခေါ်ခင် အစိုးရ၏ ရှေ့လုပ်ငန်းစဉ်များကို ဦးအောင် သတင်းလွှင့်သည်။ အစိုးရစိတ်ကြိုက် သတင်းစာများနှင့် ဂျာနယ်လစ်များကိုသာ ရွေးပြီး သတင်းရယူခွင့် အထူးအခွင့်အရေးများပေးပြီး အပြန်အလှန်အားဖြင့် ၎င်းတို့က အစိုးရဘက်လိုက်သည့် သတင်းဆောင်းပါးများ ပြန်ရေးပေးရသည်၊ ဤသို့သော အကျည်းတန်သည့် နည်းလမ်းများစွာ ဖော်ပြနိုင်ပါသေးသည်၊ ဤမျှဆိုလျှင် လုံလောက်ပြီ ထင်ပါသည်။ ဝန်ကြီးဌာန အသီးသီးတွင် ကမ့်ဘဲလ် ခန့်အပ်ခဲ့သောသူများနှင့် သူ၏ နောက်လိုက်များသည် ကမ့်ဘဲလ် ထက်ပင် အကဲပိုလွန်းလှသည်။ အစိုးရကောင်းကြောင်း သတင်းများ တစ်ပုဒ်ပြီးတစ်ပုဒ် ဆက်တိုက်ထုတ်ပြန်ခြင်း၊ ထုတ်ပြန်ကြေညာပြီး သတင်းများကို နောက်တစ်ကြော့ ထုတ်လွှတ်ခြင်းများပင် လုပ်တတ်ကြလေသည်။

အစိုးရ၏ ရည်ရွယ်ချက်ကြီးမားသော အစီအစဉ်တစ်ရပ် အောင်မြင်ရေး သို့မဟုတ် ချမှတ်ထားသော နိုင်ငံရေးမူများ လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် ဤသို့လုပ်ရန် လိုအပ်သောကြောင့် လုပ်ရပါသည်ဟုဆိုလျှင် ခံသာပါသေးသည်။ သို့သော် လေဘာပါတီသည် တိကျရှင်းလင်းသောမူ သို့မဟုတ် တွေးခေါ်ယုံကြည်မှု မရှိ



ဘဲ 'တတိယလမ်း'ဟုခေါ်သော နဝေတိမ်တောင် လမ်းစဉ်ဖြင့် အာဏာရလာခြင်းဖြစ်သည်။ လေဘာပါတီ၏ သတင်းထိန်းချုပ်မှုသည် နှစ်အတန်ကြာလာသည့်အခါ ခရီးဆုံးသို့ ရောက်ရှိလာခဲ့သည်။ တိုရီပါတီ (ကွန်ဆာဗေးတစ်ပါတီ) အစိုးရသည် 'စာရိတ္တခြစားမှု' နာမည်ဆိုးနှင့် သိက္ခာကျခဲ့ရသလို တိုနီဘလဲ၏ လေဘာပါတီသစ်သည်လည်း 'နိုင်ငံရေး ကလိန်ကကျစ်လုပ်မှု' နှင့် 'သတင်းအရှူးအမူး ထိန်းချုပ်မှု' ဆိုသည့် နာမည်ဆိုးဖြင့် ယခု ဂုဏ်သရေပျက်နေရပြီ ဖြစ်၏။ လေဘာ ပါတီအစိုးရ၏ ပထမသက်တမ်း ကုန်ခါနီး အချိန်တွင် တိုနီဘလဲ၏ မူဝါဒချမှတ်ရေးအုပ်စု၏ အကြီးအကဲဖြစ်သူ ဖိလစ်ဂုဒ်က တိုနီဘလဲအား ဤသို့ ညည်းညူတိုင်တန်းခဲ့သည်။ "လေဘာပါတီသစ်၏ နာမည်မှာ ဆိုးဆိုးရွားရွား ပျက်ခဲ့ရပြီ ဖြစ်၏။ ဤသို့ နာမည် ဆိုးဆိုး ရွားရွားပျက်ခဲ့ရခြင်းအကြောင်းမှာ နိုင်ငံရေးသတင်း လှည့်ကွက်ထွင်ခြင်း၊ နိုင်ငံရေးယုံကြည်မှု ကင်းမဲ့ခြင်းနှင့် သိက္ခာသမာဓိ ကင်းမဲ့ခြင်း တို့ကြောင့်ဖြစ်သည်။" တိုနီဘလဲ ကိုယ်တိုင်ကလည်း "သတင်း စီးဆင်းမှု ထိန်းချုပ်ရေးနှင့် သတင်းခေါင်းကြီးများ ကိုင်တွယ်စိစစ်ရေး ပြုလုပ်ရန်အတွက် ကျင့်သုံးခဲ့သည့် မေးခွန်းထုတ်ဖွယ် လုပ်ထုံးလုပ်နည်းများသည် ယခုအချိန်တွင် အရှိန်ရနေပြီဖြစ်ရာ ယင်းလုပ်ထုံးလုပ်နည်းများကို ပြန်လည် ထိန်းချုပ်ရန်ပင် မလွယ်ကူတော့ပေ" ဆိုသည့်အချက်ကို လက်ခံပုံရခဲ့ပါသည်။

တိုနီဘလဲ ဝန်ကြီးချုပ်ရာထူး ရယူသည့် ဒုတိယသက်တမ်းကာလ ၂၀၀၁ ခုနှစ်တွင် လေဘာပါတီသစ်၏ သတင်းအလွန် အကျွံ ထိန်းချုပ်မှု လုပ်နည်းကိုင်နည်းများ ပြင်ပသို့ ပေါက်ကြားလာခဲ့သည်။ သတင်းထိန်းချုပ်မှုခေတ်ကို ပေါ်လွင်စေသော ဖြစ်ရပ်နှစ်ခု ရှိခဲ့သည်၊ ပထမဖြစ်ရပ်မှာ ပို့ဆောင်ရေး ဝန်ကြီးဌာန နိုင်ငံရေး အကြံပေးပုဂ္ဂိုလ် ဂျိုးမိုးက ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် အီးမေးလ်တစ်စောင် ဖြန့်ဝေခဲ့သည်။ စာတွင် 'ဤနေ့သည် သတင်းဆိုးများကို မြှုပ်နှံ

www.burmeseclassic.com



ဝစ်ဖို့ နေ့ထူးနေ့မြတ် ဖြစ်သည်'ဟု ပါရှိသည်။ မီးရထားလုပ်ငန်းဌာနတွင် မြုပ်နှံပစ်ရမည့် သတင်းဆိုးများစွာ အမှန်ပင်ရှိနေခဲ့သည်။ ယင်းစာ ပြင်ပသို့ ပေါက်ကြားသွားခြင်းကြောင့် နိုင်ငံရေးမုန်တိုင်းတစ်ခု ဖြစ်ပေါ်လာခဲ့သည်။ ပို့ဆောင်ရေးဝန်ကြီး စတီဖင်ဘိုင်ရာက ဂျိုးမိုးအား ရာထူးမှ ဖယ်ရှားရမည့်အစား ပြစ်တင်မှုသာ ပြုလုပ်ခဲ့သောကြောင့် ပြဿနာမှာ ပို၍ကြီးမားလာခဲ့သည်။ နောက်ထပ် သတင်းပေါက်ကြားမှုများ ဆက်တိုက် ဖြစ်ပေါ်လာခဲ့သည်။ ဂျိုးမိုးသည် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် အဆင်မပြေ ဖြစ်နေသော လန်ဒန်မြို့ ပို့ဆောင်ရေးကော်မရှင်မင်းကြီး ဘော့ကယ်လေးအကြောင်း မကောင်းပြောရန် သူမ လက်အောက်ရှိ ပြည်သူ့ဝန်ထမ်းများအား ညွှန်ကြားချက်ပေးခဲ့ကြောင်း၊ ဘုရင့်သမီးတော် မာဂရက်၏ ဈာပနအခမ်းအနားကျင်းပသည့်နေ့တွင် မတော်တဆဖြစ်ပွားမှု ကိန်းဂဏန်းများ ထုတ်ပြန်ကြေညာရန် ကြိုးပမ်းမှုတွင် သူမ ပါဝင်ပတ်သက်ခဲ့ကြောင်း စသည့် သတင်းပေါက်ကြားမှုများဖြစ်သည်။ နောက်ဆုံးတွင် သူမအား ပြန်ကြားရေးဌာန အကြီးအကဲနှင့်အတူ ရာထူးမှ နုတ်ထွက်ခိုင်းခဲ့သည်။ ဝန်ကြီး စတီဖင်ဘိုင်ရာလည်း ၎င်းတို့ နုတ်ထွက်ပြီး မျှားမကြာမီ နုတ်ထွက်သွားခဲ့ရလေသည်။

ဤအဖြစ်အပျက်နှင့် ပတ်သက်၍ သတင်းစာများနှင့် ဒေါင်းနင်းလမ်း ပြန်ကြားရေးတာဝန်ခံများကြား ပဋိပက္ခများ ကြိမ်ဖန်များစွာ ဖြစ်ခဲ့သည်။ ပြန်ကြားရေး တာဝန်ခံများက သတင်းပေါက်ကြားမှု ပြဿနာကို ထိန်းချုပ်ဖို့ ကြိုးစားလေလေ ပြဿနာက ပို၍ ဆိုးလာလေလေဖြစ်ခဲ့ရသည်။ သို့သော် ၂၀၀၃ ခုနှစ် နွေဦးကာလတွင် ကမ့်ဘဲလ် ကိုယ်တိုင် ဘီဘီစီ သတင်းဌာနကို စစ်မျက်နှာဖွင့်၍ မီးကုန်ယမ်းကုန် တိုက်ခိုက်ခဲ့မှုကြောင့် ဒေါင်းနင်းလမ်း ပြန်ကြားရေး တာဝန်ခံများနှင့် သတင်းစာများကြား ဖြစ်ခဲ့သော ပဋိပက္ခသည် နောက်သို့ရောက်သွားခဲ့သည်။ ကမ့်ဘဲလ်နှင့် ဘီဘီစီတို့ကြား ဖြစ်ပွားသည့် တိုက်ပွဲ



ကို 'ဂျီလီဂန် အရေးအခင်း'ဟု ခေါ်တွင်ခဲ့သည်။ ဘီဘီစီ သတင်းထောက် ဂျီလီဂန်က နံနက်ခင်း သတင်းထုတ်လွှင့်မှုတွင် ဆဒန်ဟူစိန်၏ လူအမြောက်အများ သေစေသော လက်နက်များအကြောင်း ရေးထားသော အစိုးရစာတွဲများနှင့် ပတ်သက်၍ ထောက်လှမ်းရေး အသိုင်းအဝိုင်းကြားတွင် ပူပင်သောကများ ဖြစ်နေကြောင်း ပြောကြားခဲ့သည်။ ဤသတင်းနောက် ကမ့်ဘဲလ် အသဲအသန်လိုက်မှု၊ ဘီဘီစီက ဤသတင်းနှင့် ပတ်သက်၍ တောင်းပန်ရန် ငြင်းဆိုမှုတို့ကြောင့် သတင်းထောက် ဂျီလီဂန်အား သတင်းပေးခဲ့သည့် ဒေါက်တာ ကယ်လီ အပေါ် ပြဿနာများ ပုံကျလာခဲ့သည်။ ဤကိစ္စနှင့် ပတ်သက်၍ ဒေါက်တာ ကယ်လီမှာ မိမိကိုယ်မိမိ အဆုံးစီရင်သွားခဲ့သည်။ ဂျီလီဂန်၏ သတင်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုရန် 'ဟတ်တန်' စုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ကော်မရှင်က အစိုးရသည် မည်သည့်မှားယွင်းမှုမှ မလုပ်ခဲ့ကြောင်း၊ ဘီဘီစီ သတင်းဌာနတွင်သာ အဖြစ်ရှိကြောင်း ဆုံးဖြတ်ချက်ချလိုက်သည့်အခါ လူထုက ဤဆုံးဖြတ်ချက်အပေါ် မယုံမကြည် ဖြစ်ခဲ့ကြသည်။ အကြောင်းမှာ အစိုးရသည် ထောက်လှမ်းရေးဌာနများအပေါ် ဖိအား အကြိမ်ကြိမ် ပေးခဲ့ကြောင်း အထောက်အထားများကို ယင်းကော်မရှင်က စုံစမ်းတွေ့ရှိခဲ့သည်နှင့် ဆုံးဖြတ်ချက်သည် ဝိရောဓိ ဖြစ်နေသောကြောင့် ဖြစ်သည်။ ဗြိတိသျှလူထုသည် အစိုးရနှင့် ဘီဘီစီ သတင်းဌာနတို့၏ လုပ်ရပ်များကိုကြည့်ကာ ဒေါင်းနင်းလမ်းထက် သို့မဟုတ် ကမ့်ဘဲလ်ထက် (စုံစမ်းစစ်ဆေးမှုအစတွင် ကမ့်ဘဲလ်အား ရာထူးမှ အနားပေးလိုက်ကြောင်း ကြေညာချက် ထွက်ပေါ်လာခဲ့သည်။) ဘီဘီစီကို ပို၍ ယုံကြည်ကြသည်ဆိုသည်ကား အထင်အရှားပင် ဖြစ်လေသည်။

ယခုဖော်ပြသည့် လေဘာပါတီသစ်၏ နိုင်ငံရေး သတင်းလှည့်ကွက်ထွင်မှု ဒုတိယဖြစ်ရပ်သည် ပြဇာတ်တစ်ပုဒ်နှင့်ပင် တူလှသည်။ အကြောင်းမှာ စစ်နှင့် ငြိမ်းချမ်းရေး မည်သည့်လမ်းကို ရွေးချယ်ကြခြင်း

www.burmeseclassic.com



နည်းတူသော မေးခွန်းကြီးတစ်ခုက ပါဝင်လာလျက် ရှိသောကြောင့်ဖြစ်၏။ ရွေးချယ်ရမည်ဟူ၍သာ ဆိုရသည်။ အစိုးရကတော့ အီရတ်ကိုဝင်တိုက်ကိုတိုက်ရမည်ဟူသော လမ်းကို ကြောင်းကျိုးတွေပြကာ ရွေးချယ်ထားပြီးဖြစ်ရာ လူထုက ယင်းကိစ္စအပေါ် စိတ်မသက်မသာ ဖြစ်နေခဲ့ကြသည်။ စစ်ရိပ်စစ်ငွေ့များ သန်းလာသည့် စစ်ကြိုကာလတွင်ပင် ယူကေနိုင်ငံသည် အုပ်စုများ ကွဲလျက်ရှိပြီ၊ အစိုးရသည် အီရတ်ကိုဝင်တိုက်သောကြောင့် ရလာမည့် စစ်၏ ကောင်းကျိုးတွေကို လိုရာဆွဲပြောကာ လူထုကို နားဝင်အောင် ဖြောင့်ဖြသိမ်းသွင်းခဲ့သည်။ ထိုစဉ်က အစိုးရ၏ အားထုတ်ကြိုးပမ်းခဲ့သော လုပ်ရပ်များကို ယခုအချိန်၌ ပြန်ပြောင်း တွေးတောကြည့်မည်ဆိုလျှင် အစိုးရသည် မရိုးမသားလုပ်ခဲ့ကြောင်း တွေ့ရှိရပါလိမ့်မည်။ အမှန်တော့ အစိုးရသည် လူထု၏ ထောက်ခံမှု သဘောတူညီမှု မရရှိသေးသည့် အချိန်ကတည်းကပင် စစ်ဝင်တိုက်ဖို့ ဆုံးဖြတ်ခဲ့ပြီး ဖြစ်သောကြောင့် မရိုးသားဟု ဆိုရခြင်းဖြစ်သည်။ ကုလသမဂ္ဂတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များနှင့် အီရတ်ရှိ လက်နက်များကို ဝင်ရောက်စစ်ဆေးရေး လုပ်ငန်းစဉ်များသည် အီရတ်ကို ဝင်တိုက်မည့်ကိစ္စကို တားဆီးရေးထက် စစ်ဝင်တိုက်မှုကို တရားဝင်ဖြစ်အောင် တမင်ဉာဏ်ဆင်မှု သက်သက်သာ ဖြစ်သည်။ ဤထင်မြင်ချက် မှန်ကန်ကြောင်း အစိုးရထဲမှ ပေါက်ကြားလာသည့် သတင်းများက ထောက်ခံလျက်ရှိသည်။ ပေါက်ကြားလာသည့် သတင်းများတွင် ထောက်လှမ်းရေးတပ်ဖွဲ့များကို နိုင်ငံရေးကြိုးကိုင်၍ အသုံးချမှုများ၊ ကုလသမဂ္ဂ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို အသံဖမ်းကိရိယာများတပ်၍ ခိုးနားထောင်ခြင်းများ၊ ရှေ့နေချုပ်၏ စစ်နှင့်ပတ်သက်သော သဘောထားကို မလိမ့်တပတ်လုပ်ခြင်းများ စသည့်ဖြင့် ပါရှိခဲ့သည်။

သို့ရာတွင် အမေရိကန်ပြည်ထောင်စုတွင်မူ စက်တင်ဘာလ ၁၁ ရက် တိုက်ခိုက်ခံရမှုအပြီး အမေရိကန် ပြည်သူလူထု၏ လုံခြုံမှုကို



ရှေ့ရှု၍ 'လက်ဦးမှုရယူသည့် ကာကွယ်ရေးစစ်' အဖြစ် အီရတ်ကို ဝင်တိုက်ရန်လိုအပ်ကြောင်း အမေရိကန် အစိုးရ၏ အကြောင်းပြချက်ကို အားလုံးက အလွယ်တကူ လက်ခံနိုင်ကြသည်ဖြစ်ရာ အီရတ်စစ်နှင့်ပတ်သက်၍ မကျေမနပ်ဖြစ်မှုမှာ တော်တော်နှင့် ပေါ်ထွက်မလာဘဲ ရှိနေခဲ့သည်။ သို့သော် ၂၀၀၄ ခုနှစ် နှစ်ဝက်လောက် ရောက်လာသည့် အခါ သမ္မတဘုရှ်၏ စစ်တိုက်ရခြင်း အကြောင်းပြချက်အားလုံးနီးပါးမှာ အတုအယောင်များဖြစ်ကြောင်း သိလာခဲ့ကြရသည်။ အီရတ်တွင် လူအများအပြား သေကြေစေသည့် လက်နက်များကို ပိုက်စိတ်တိုက် ရှာဖွေခဲ့သော်ငြားလည်း ယင်းလက်နက်မျိုး တစ်စွန်းတစ်စမျှပင် မတွေ့ရှိခဲ့ရပါ။ သမ္မတ ဆဒန်ဟူစိန်နှင့် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုများပြုလုပ် ခဲ့သည့် အကြမ်းဖက်သမားတို့ကြား ဆက်နွှယ်မှု ရှိနိုင်သည်ဆိုသည့် ဆက်စပ်ပြခဲ့မှုများသည်လည်း အခြေအမြစ် မရှိကြောင်း တွေ့ရှိခဲ့ရပြီ ဖြစ်၏။ အီရတ်နိုင်ငံသည် အကြမ်းဖက်သမားများ၏ ပစ်မှတ်သစ်တစ်ခု ဖြစ်လာခဲ့သည်သာမက အရှေ့အလယ်ပိုင်းဒေသရှိ အနောက်တိုင်းသားတို့၏ အသက်များစွာ ဆုံးရှုံးရာ နာကျည်းစရာကောင်းသည့် နေရာသစ်တစ်ခုလည်း ဖြစ်လာခဲ့သည်၊ အီရတ်နိုင်ငံသားတို့ ဆဒန်ဟူစိန်၏ လက်အောက်မှ 'လွတ်မြောက်လာသောကြောင့်' အပျော်ကြီးပျော်နေကြသည်ဟူသော ထွင်လုံးပတ်လုံးများဖြင့် တကမ္ဘာသိအောင် ကြေညာမောင်းခတ်နေမှုများသည်လည်း မဟာမိတ်တပ်များ ငြိမ်းချမ်းရေး တည်ဆောက်ရန် ပျက်ကွက်မှုကြောင့် ဖြစ်ပေါ်လာသည့် ဝရုန်းသုန်းကားဖြစ်မှုများနှင့် အဘူဂါရစ် အကျဉ်းထောင်တွင် အမေရိကန်တပ်များ ပြုလုပ်နေသည့် နှိပ်စက်ညှင်းပန်းမှု ပုံရိပ်များ၏ နောက်ကွယ်၌ ကွယ်ပျောက်ခဲ့ရပြီ ဖြစ်၏။ အစိုးရ၏ အခိုင်အမာ ပြောဆိုနေမှုများနှင့် လက်တွေ့အဖြစ်အပျက်တို့ကြား ကွာဟချက်ရှိကြောင်း သိမြင်လာရမှုသည် သမ္မတ၏ ကိုယ်ပိုင်အစွမ်းအစကို သံသယ ဖြစ်လာခဲ့သလို သူ့အပေါ် အားကိုးယုံကြည်မှုသည်လည်း လျော့ပါး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေသည်။

ယုံကြည်မှု ကျဆင်းလာခြင်း

နိုင်ငံရေးတွင် အစိုးရတစ်ရပ်၏ ကိုယ်ကျင့်သိက္ခာသည် တကယ်ပင် အရေးပါပါ၏လော။ မရိုးသားဘဲလည်း ဒီမိုကရေစီစနစ်သည် မရှင်သန်နိုင်ပါလော။ နိုင်ငံရေးသမားများသည် 'အမှန်တရားကို ချွေချွေတာတာ သုံးစွဲရန်' လိုအပ်ပါ၏လော။

ဤသို့ ပြင်းချက် ထုတ်နေသော မေးခွန်းများအတွက် အဖြေများစွာရှိသည်။ ပြည်သူလူထု ဆိုသည်မှာ အစိုးရ ဘာလုပ်လုပ် ဂုတ်ခွစီးခံကြမည့်သူများ မဟုတ်ကြသလို ပြောသမျှ ယုံနေမည့် အရူးအနှမ်းများ၊ လူပေါ်များလည်း မဟုတ်ကြပါ။ ယူကေတွင် လေဘာသစ် အစိုးရလက်ထက်၌ လှည့်ကွက်ထွင်သည့် လုပ်နည်းကိုင်နည်း အချို့မှာ အလွန်ပင် သိက္ခာမဲ့သည့် လုပ်နည်းကိုင်နည်းများဖြစ်သည်။ အစိုးရသည် ပြည်သူ၏ အမည်၊ ပြည်သူ၏ ဘဏ္ဍာငွေများကို သုံးစွဲကာ သိက္ခာမဲ့သည့် အလုပ်များ လုပ်နေခြင်းသည် လူထုကို သိက္ခာချနေခြင်းပင်ဖြစ်သည်။ သိက္ခာကျသွားသည်ထက် ပိုအရေးကြီးသော ကိစ္စမှာ လူထု၏ ပူးပေါင်းပါဝင်မှု လျော့ပါးသွားခြင်း ဖြစ်သည်။ အစိုးရသည် လူထု၏ ပူးပေါင်းဆောင်ရွက်မှုရှိမှ လုပ်ဆောင်နိုင်မည့် ကိစ္စရပ်များစွာရှိသည်။ နိုင်ငံရေးသမားများ၏ စကားကို လူထုက ယုံကြည်မှု မရှိတော့ဟုဆိုလျှင် အရေးအကြောင်းရှိလာသည့်အခါ လူထုသည် အစိုးရကို အားပေးထောက်ခံကြတော့မည် မဟုတ်ပါ။

ထို့ကြောင့် 'နိုင်ငံရေး လှည့်ကွက်ထွင်ခြင်း'သည် အမှန်တော့ ကိုယ့်သေတွင်း ကိုယ်တူးနေသလိုသာ ရှိတော့၏။ ကွန်မြူနစ်စနစ် ကျင့်သုံးခဲ့သည့် နိုင်ငံများ၏ သမိုင်းကို ပြန်ကြည့်လျှင် ဤအဖြစ်မျိုးတွေ ဒုနှင့်ဒေး ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ကွန်မြူနစ် အစိုးရများသည် ပြန်ကြားရေးဌာနကို ထိန်းချုပ်ထားကာ ဝါဒဖြန့်ချိရေးလုပ်ကြသည်။



ထင်တိုင်းကြကြသည်။ ထို့အတွက်ကြောင့် လူထုသည် အစိုးရ၏ စကားများကို သိပ်ကြာကြာ ယုံလေ့မရှိတော့ပါ။ ရလဒ်မှာ စီးပွားရေး ပြုပြင်ပြောင်းလဲရေးလို အလွန်လိုအပ်သည့် ပြုပြင်ပြောင်းလဲရေးများ လုပ်လိုသည့်အခါ လူထု၏ ထောက်ခံမှုရအောင် အစိုးရများက မလုပ်ဆောင်နိုင်တော့ပါ။

အရေးအကြီးဆုံး အချက်များအနက် အချက်တစ်ခုမှာ နိုင်ငံရေးသမားများအပေါ် စိတ်ချယုံကြည်မှု ကျဆင်းသွားခြင်းနှင့်အတူ ပြည်သူတို့ အားကိုးယုံကြည်သည့် ပညာရှင်အုပ်စုများအပေါ် ယုံကြည်မှုသည်လည်း လျော့ပါးသွားခြင်း ဖြစ်သည်။ အဆိုပါ အုပ်စုများ၏ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်သည် အလွန်အရေးကြီးသည်။ ထိထိရောက်ရောက် စွမ်းဆောင်နိုင်သော အစိုးရ၊ လူထုကို တာဝန်ခံနိုင်သော အစိုးရ ဖြစ်လာဖို့ရန် ယင်းအုပ်စုများသည် အစိုးရ၏ ဩဇာလွှမ်းမိုးမှုအောက်၊ အစိုးရ၏ အနှောင်အဖွဲ့အောက်မှ ကင်းလွတ်နေရမည်ဖြစ်၏။ နိုင်ငံရေးသမားများသည် တိုင်းပြည်အတွက် အခရာကျသည့် ပညာရှင်အုပ်စုများကို နိုင်ငံရေး ခုတုံးလုပ်ကာ လိုသလို အသုံးချခဲ့ကြကြောင်း ရှေ့တွင် ကျွန်တော်တို့ တွေ့ရှိခဲ့ပြီး ဖြစ်သည်။ တိုင်းပြည်အတွက် အခရာကျသည့် ယင်းအုပ်စုများအပေါ် အများက ယုံကြည်စိတ်ချဖို့ဆိုသည်မှာ ၎င်းတို့တွင် ၎င်းတို့သဘောနှင့် ၎င်းတို့ လွတ်လွတ်လပ်လပ်ဆုံးဖြတ်ပိုင်ခွင့် ရှိဖို့လိုသည်။ ထောက်လှမ်းရေးတပ်ဖွဲ့များ၊ အစိုးရ ဥပဒေအကြံပေးများ၊ အစိုးရအကြံပေး ကော်မတီများတွင် ပါဝင်သည့် သိပ္ပံဆိုင်ရာ ကျွမ်းကျင်သူ ပုဂ္ဂိုလ်များနှင့် ပြည်သူ့ဝန်ထမ်းများသည် အစိုးရ၏ ဩဇာအောက်တွင် ရှိမနေဘဲ လွတ်လွတ်လပ်လပ် ဆုံးဖြတ်ခွင့် ရှိရမည် ဖြစ်၏။ တကယ့်လက်တွေ့ နိုင်ငံရေးလောကတွင် အစိုးရများ လုပ်တတ်ကြသည်မှာ ၎င်းတို့၏ ပေါ်လစီတစ်ရပ်ကို လူထု ထောက်ခံမှုရရှိအောင် ကြိုးပမ်းလိုသည့်အခါမှသာ အာဏာရ ကြား ချင်သော စကားများကိုပြောမည့် ပညာရှင်များကို အားထိုးသည်။

www.burmeseclassic.com



တတ်ကြခြင်း ဖြစ်သည်။ အသိပညာရှင် အတတ်ပညာရှင်များ၏ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်များ ဆုံးရှုံးသွားသည်နှင့် တစ်ပြိုင်နက်ထဲ ဆုံးရှုံးသွားသော လွတ်လပ်ခွင့်ကို ပြန်လည်ရရှိရေးဆိုသည်မှာ အလွန်တရာ ခက်ခဲလှသည်၊ အကျိုးဆက်မှာ အစိုးရ၏ ပေါ်လစီအပေါ်အများ၏ ယုံကြည်လက်ခံမှု၊ အစိုးရ၏ တာဝန်ခံမှုများကို စစ်ဆေးပေးရာ ပညာရှင်အုပ်စုများ၏ ရပ်တည်မှုတို့သည် ချည့်နဲ့လာရလေတော့၏။ ဒီမိုကရေစီစနစ် ဆိုသည်မှာ ပြည်သူပြည်သားများက အစိုးရတစ်ရပ်ကို ရွေးချယ်ကြရုံ သက်သက်မျှဖြစ်ပြီး အစိုးရ ဘာလုပ်လုပ်မသိကျိုးကျွန်ပြုထားသော စနစ်တစ်ရပ် မဟုတ်ပါ။ အစိုးရကို ပြည်သူလူထု အားကိုးယုံကြည်သော အဖွဲ့အစည်းများက လူထုကိုယ်စား အစဉ်မပြတ် စောင့်ကြည့်စစ်ဆေးနေရမည်၊ တာဝန်ခံခိုင်းနေရမည် ဖြစ်သည်။

BURMESE CLASSIC .com

## နိဂုံး

ဤအခန်းတွင် ဖော်ပြခဲ့သော ဒီမိုကရေစီ ရင့်သန်နေသော နိုင်ငံများရှိ ဒီမိုကရေစီ စနစ်၏ သက်ဝင်လှုပ်ရှားမှုသည် အလွန်အမင်း စိတ်ညစ်ညူးစရာများ ဖြစ်နေပါလိမ့်မည်။ ဒီမိုကရေစီ စနစ်များ၏ ဝိသေသ လက္ခဏာများအနက် တစ်ခုမှာ ပင်ကိုအသစ်လဲနိုင်မှု(self-renewal) စွမ်းရည် ဖြစ်သည်။ ဒီမိုကရေစီစနစ်ကို ဖျက်လိုဖျက်ဆီးလုပ်နေသည့် အင်အားစုများကို ပွင့်ပွင့်လင်းလင်း ဖြောင်ကျကျ စိန်ခေါ်ကာ ပြုပြင်ယူရမည် ဖြစ်၏။ ဤအခန်း၏ နိဂုံးချုပ်အဖြစ် ပြန်လည်ပြုပြင်ယူနိုင်မည့် ဖြစ်နိုင်ခြေ မဟာဗျူဟာများကို ဤနေရာတွင် အကြံပြုလိုပါသည်။ ယင်းမဟာဗျူဟာများသည် ဒီမိုကရေစီ အလေ့အထများကို အသစ်လဲ ပြုပြင်ယူရမည့် လားရာကို သိသာထင်ရှားအောင် ညွှန်ပြခြင်းသာဖြစ်ပြီး အသေးစိတ် ရေးဆွဲထားသည့် စီမံကိန်းတစ်ရပ်တော့ မဟုတ်ပါ။ ဒီမိုကရေစီစနစ်၏ လက်တွေ့ဘဝ သက်ဝင်



လှုပ်ရှားမှုသည် 'နိုင်ငံရေး တန်းတူညီမျှမှု' ဆိုသည့် အခြေခံမှုပေါ်တွင် ရပ်တည်နေရမည်။ အကယ်၍ ယင်းအခြေခံမှ ဖယ်ခွာလာခြင်းအပေါ် ပြုပြင်ပြောင်းလဲရေးများလုပ်မည့် မဟာဗျူဟာများ ကျွန်တော်တို့ထံတွင် မရှိဟုဆိုလျှင် ပြည်သူလူထုသည် နိုင်ငံရေးကို စိတ်ပျက်လက်ပျက်ဖြစ်ရုံသက်သက်မျှနှင့် ရပ်နေမည်မဟုတ်ဘဲ နိုင်ငံရေးကို စိတ်ကုန်သွားသည့်အဆင့်ထိ လျော့ကျသွားတော့မည် ဖြစ်၏။

စီးပွားရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ လျော့ပါးလာခြင်း၊ ဈေးကွက်များ ဒေသတွင်း ယှက်နွယ်မှုကို ကျော်လွန်ကာ ကွန်ရက်သဖွယ် တစ်ကမ္ဘာလုံးဆက်နွယ်လာခြင်း၊ ၂၄ နာရီလုံးလုံး တစ်နေကုန် ထုတ်လွှင့်သော သတင်းမီဒီယာများ ပေါ်ပေါက်လာခြင်းနှင့် ပုဂ္ဂိုလ်ရေး ဇာတ်လမ်းပေးသော နိုင်ငံရေးသတင်းများ တင်ဆက်မှု အလေ့အထ ထွန်းကားလာခြင်း စသည့် အခြေအနေများသည် ယနေ့ခေတ် နိုင်ငံရေးသမားများ ထိန်းချုပ်နိုင်စွမ်း မရှိတော့သော အခြေအနေများဖြစ်ကြောင်း ရှေ့တွင်အထင်အရှား တွေ့ရှိခဲ့ရပြီး ဖြစ်သည်၊ ဤသို့ဆိုလျှင် နိုင်ငံရေးသမားများသည် လုံးဝ အစွမ်းမဲ့သွားကြပြီလော။ ဤမေးခွန်းအတွက် အဖြေမှာ ဒီမိုကရေစီ အစိုးရတစ်ရပ်သည် ဂုဏ်သိက္ခာရှိသော အစိုးရတစ်ရပ်ဖြစ်သည်ဆိုလျှင် နိုင်ငံရေးသမားများသည် အစွမ်းမဲ့သောသူများ မဟုတ်ကြတော့ပါ။ တချို့နိုင်ငံရှိ အစိုးရများသည် ဂုဏ်သိက္ခာရှိသော အစိုးရမျိုးများဖြစ်ဖို့ အစွမ်းကုန် အားထုတ်လျက်ရှိကြောင်း တွေ့ရှိနေရပြီ ဖြစ်သည်။ 'ပြန်လည်အသစ်လဲခြင်း' မဟာဗျူဟာများကို အောက်တွင် အကြံပြုထားပါသည်။ ဤအကြံပြုချက်များသည် တစ်နိုင်ငံချင်းစီ၏ အခြေအနေများအလိုက် ပြောင်းလဲသွားနိုင်ပါသည်။

- ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းများနှင့် ပါတီများ၏ ရွေးကောက်ပွဲ အသုံးစရိတ်ကို စည်းကမ်းတင်းကျပ်စွာ ကန့်သတ်ပေးခြင်းဖြင့် အောင်နိုင်ရေးအတွက် ငွေအလွန်အကျွံသုံးစွဲခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကို လျော့ကျအောင် ပြုလုပ်ရမည်။ ပါတီ၏အသုံးစရိတ်နှင့်ဝင်ငွေရပုံရနည်းများကို နှစ်စဉ် ထုတ်ပြန်ကြေညာပေးရမည်၊ ရွေးချယ်ခံရသော ကိုယ်စားလှယ်များ အားလုံးအတွက် 'အကျိုးစီးပွားများ မှတ်ပုံတင်မှု' (register of interests)ကို မဖြစ်မနေ ဆောင်ရွက်ရမည်။

- အစိုးရအပေါ် အထူး အကျိုးစီးပွားများ (special interests)၏ လွှမ်းမိုးမှုကို စည်းမျဉ်း ဥပဒေများ ပြဋ္ဌာန်း၍ လျော့ကျအောင် ပြုလုပ်ရမည်။ စည်းမျဉ်း ဥပဒေများတွင် အစိုးရ အတိုင်ပင်ခံများ၏ လုပ်ထုံးလုပ်နည်းများသည် ထင်သာမြင်သာ ရှိရမည်၊ ဘက်ပေါင်းစုံမှ ပါဝင်ရမည်၊ အရွေးချယ်ခံရသော ကိုယ်စားလှယ်များကို ၎င်းတို့ ငွေလက်ခံရရှိခဲ့သော သို့မဟုတ် ၎င်းတို့ ရင်းနှီးမြှုပ်နှံထားသော အဖွဲ့အစည်းများအပေါ် အကျိုးသက်ရောက်မှုရှိစေမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးရာတွင်လည်းကောင်း၊ ဆုံးဖြတ်ချက်ချရာတွင်လည်းကောင်း မပါဝင်ရဟု တားမြစ်ထားရမည်။
- သတင်းမီဒီယာ ပိုင်ဆိုင်ခွင့်ကို ကန့်သတ်ထားရမည်။ ဆိုလိုသည်မှာ လူတစ်ဦးတစ်ယောက်တည်းက သို့မဟုတ် အဖွဲ့အစည်းတစ်ခုတည်းက မီဒီယာများကို လက်ဝါးကြီးအုပ် ပိုင်ဆိုင်ထားခွင့်ကို ကန့်သတ်ထားရမည်။ ထို့အပြင် မီဒီယာများသည်အစိုးရ၏ ဩဇာအာဏာအောက်မှ လွတ်လပ်စွာ သမာသမတ်ကျကျ ရပ်တည်ခွင့်ကို အာမခံရမည်။ ပြည်သူပိုင် အထောက်အပံ့ပေးထားသော မီဒီယာများ တည်ရှိခွင့်ကိုလည်း အာမခံချက်ပေးရမည်။
- ပညာရှင်အဖွဲ့များကို နိုင်ငံရေး ခုတုံးလုပ် အသုံးချနေမှုများကို ရပ်တန့်ပစ်ရမည်။ အစိုးရ၏ မူဝါဒများကို အများက ယုံကြည်လက်ခံနိုင်ဖို့ ဆိုသည်မှာ ပညာရှင်အဖွဲ့များ၏ လွတ်လပ်စွာ



ဆုံး ဖြတ်ပိုင်ခွင့်ရှိရန် လိုအပ်သည် ဖြစ်သောကြောင့် ပညာရှင်အဖွဲ့များအား လွတ်လပ်ခွင့် အပြည့်အဝ ပေးရမည်၊

- သတင်းလွတ်လပ်ခွင့်ရှိဖို့ အာမခံချက်ပေးရမည်။ ထို့အပြင် ပြည်သူ့အကျိုးစီးပွားကို အကာအကွယ်ပေးနေသည့် 'ဥပဒေမဲ့ ပြုကျင့်မှု ဖော်ထုတ်ဖွင့်ချသူများ'အပေါ် အန္တရာယ် မပြုရေးကိုလည်း အာမခံချက်ပေးရမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ဥပဒေစိုးမိုးမှု' ဟူသည် အဓိပ္ပာယ်နှစ်ခွရှိသော စကားရပ်တစ်ခု ဖြစ်သည်။ အဓိပ္ပာယ်တစ်ခုမှာ ဥပဒေဟူသည် ထုတ်ပြန်ရုံမျှမဟုတ်၊ အားလုံးက လိုက်နာနိုင်အောင် အတင်းအကျပ်ပြုရသည့် သဘောရှိသည်။ နောက်အဓိပ္ပာယ်တစ်ခုမှာ ဥပဒေကို အားလုံးက လိုက်နာလာအောင် ပြုလုပ်ရသည့် အဖွဲ့အစည်းများကိုယ်၌မှာလည်း ယင်းဥပဒေကို လိုက်နာရန်လိုအပ်ပြီး အတည်ပြု ပြဋ္ဌာန်းထားသည့် ဥပဒေဘောင်အတွင်းမှသာ ဥပဒေကို အကျိုးသက်ရောက်မှုရှိအောင် ဆောင်ရွက်ရမည်ဟု ဆိုလိုသည်။

## အခန်း(၄)
# ဒီမိုကရေစီ ပေါ်ထွန်းစ နိုင်ငံသစ်များ၏ အောင်မြင်မှုနှင့် အခက်အခဲများ

'ဒီမိုကရေစီ ပေါ်ထွန်းစ နိုင်ငံသစ်များ'ဟူသော အသုံးအနှုန်းသည် ၁၉၈၀ ပြည့်နှစ်မှ အစပြု၍ နောက်ပိုင်းကာလများတွင် အာဏာရှင်ဆန်သော အုပ်စိုးမှု ပုံစံအမျိုးမျိုးမှသည် ရွေးကောက်ပွဲ ဒီမိုကရေစီ (electoral democracy)စနစ်ဆီသို့ အသွင်ကူးပြောင်းလာသော နိုင်ငံများကို ရည်ညွှန်းလိုရင်းဖြစ်သည်။ ယခင် ကွန်မြူနစ်နိုင်ငံများမှလွဲလျှင် ဒီမိုကရေစီ ပေါ်ထွန်းစ နိုင်ငံသစ်များအားလုံးသည် ကမ္ဘာ့တောင်ဘက်အခြမ်းရှိ ဖွံ့ဖြိုးဆဲဒေသကြီးများဖြစ်သည့် အာဖရိက၊ အာရှနှင့် လက်တင်အမေရိကတိုက်များဆီမှဖြစ်သည်၊ ယင်းနိုင်ငံများအနက်မှ တချို့သည် ဒီမိုကရေစီနိုင်ငံအသစ်စစ်စစ်များ မဟုတ်ကြဘဲ ဒီမိုကရေစီစနစ်တစ်ကျော့ပြန်လည် ပေါ်ထွန်းလာသည့်နိုင်ငံများ ဖြစ်ကြသည်၊ ဤအဓိပ္ပာယ်ကို ပေါ်လွင်စေလိုသည့်သဘောဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က 'ဒီမိုကရေစီ နိုင်ငံသစ်များနှင့် ဒီမိုကရေစီ ပြန်လည်ထွန်းကားသောနိုင်ငံများ'ဟူသည့် အသုံးအနှုန်းကို ရွေးချယ်သုံးစွဲခဲ့သည်။ ဤအခန်းတွင် အထက်ပါ အသုံးအနှုန်းနှစ်ခုကို သူ့နေရာနှင့်သူ အလျဉ်းသင့်

www.burmeseclassic.com

www.burmeseclassic.com



သလို ယူသုံးမည်ဖြစ်ကြောင်း အစီရင်ခံလိုပါသည်။ ဒီမိုကရေစီပေါ် ထွန်းစ နိုင်ငံသစ်များတွင် နိုင်ငံတစ်နိုင်ငံချင်းစီ၌ မတူညီသော သမိုင်း နောက်ခံနှင့် အာဏာရှင်ဆန်သော အုပ်စိုးမှုအောက်မှနေ၍ ဒီမိုက ရေစီ လမ်းကြောင်းဆီ အသွင်ကူးပြောင်းပုံချင်း မတူညီလင့်ကစား အဆိုပါ နိုင်ငံများအားလုံးကို ၁၉၈၀ ပြည့်လွန်နှစ်အစောပိုင်း ကာလ များတွင် အားကောင်းလာသည့် ဒီမိုကရေစီ ထွန်းကားရေး 'ရောမ လှိုင်းလုံးကြီး'၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် တစ်ပေါင်းတည်း ရှုမြင် နိုင်သည်။

ဒီမိုကရေစီ လှိုင်းလုံးကြီး မည်သို့မည်ပုံ ပေါ်ထွန်းလာသည်ကို မရှင်းပြခင် ယင်းလှိုင်းလုံးကြီး၏ စရိုက်လက္ခဏာကို ပီပီပြင်ပြင် နား လည်လာအောင် အရင်ဦးဆုံး ကြိုးစားသင့်သည်ဟုထင်ပါသည်။ ဇယား (၄. ၁)တွင် အမေရိကန် အခြေစိုက် အဖွဲ့အစည်းတစ်ခုဖြစ်သည့် ဖရီး ဒန်း ဟောက်စ် (Freedom House) အဖွဲ့က ၁၉၇၂ ခုနှစ်မှစတင် စစ်တမ်းကောက်ယူထားသည့် 'လွတ်လပ်သော' နိုင်ငံအချို့၏ စာရင်း ကို ဖော်ပြထားသည်။



ဇယား (၄. ၁)

ဖရီးဒန်း ဟောက်စ်အဖွဲ့၏

လွတ်လပ်မှုနှင့် ဒီမိုကရေစီ အကဲဖြတ်မှုများ

၁၉၇၂ နှင့် ၂၀၀၂ ခုနှစ် ဒေသအလိုက် နိုင်ငံအရေအတွက်

| | လွတ်လပ် | | အတန်ငယ်လွတ်လပ် | | မလွတ်လပ် | |
|---|---|---|---|---|---|---|
| | ၁၉၇၂ | ၂၀၀၂ | ၁၉၇၂ | ၂၀၀၂ | ၁၉၇၂ | ၂၀၀၂ |
| - တစ်ကမ္ဘာလုံး | ၄၃ | ၈၉ | ၃၈ | ၅၆ | ၆၉ | ၄၇ |
| - အမေရိကတိုက် | ၁၃ | ၂၃ | ၉ | ၁၀ | ၄ | ၂ |
| - အနောက်ဥရောပ | ၁၈ | ၂၄ | ၄ | ၁ | ၃ | ၀ |
| - အာရှ/ပစ္စိဖိတ် | ၈ | ၁၈ | ၁၃ | ၁၀ | ၁၁ | ၁၁ |
| - ဗဟိုအရှေ့ဥရောပ၊ ဆိုဗီယက်ယူနီယံဟောင်း | ၀ | ၁၂ | ၀ | ၉ | ၉ | ၆ |
| - အာဖရိကရှိ ဆာဟာရ အောက်ပိုင်း | ၂ | ၁၁ | ၉ | ၂၂ | ၂၈ | ၁၅ |
| - အရှေ့အလယ်ပိုင်း၊ မြောက်အာဖရိက | ၂ | ၁ | ၃ | ၄ | ၁၄ | ၁၃ |

ဖရီးဒန်းဟောက်စ်၏ အပြည့်အဝ 'လွတ်လပ်သော' သို့မဟုတ် 'ဒီမိုကရက်တစ်' နိုင်ငံတစ်နိုင် ဆိုသည့် အဓိပ္ပာယ် သတ်မှတ်ချက်တွင် ရပိုင်ခွင့်နှစ်မျိုး ပေါင်းစပ်ရရှိထားသော နိုင်ငံမျိုးကို ဆိုလိုသည်။ ယင်း ရပိုင်ခွင့် နှစ်မျိုးမှာ နိုင်ငံရေးရပိုင်ခွင့်များ (နိုင်ငံရေးပါတီများ တည် ထောင်ပိုင်ခွင့်နှင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိရေး၊ ရွေးကောက်ပွဲမှတစ်ဆင့် အစိုးရတစ်ရပ် ပေါ်ပေါက်ရေးအတွက် မဲ ဆန္ဒရှင်ပြည်သူများက ကိုယ်စားလှယ်လောင်းများအား လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိရေး)နှင့် နိုင်ငံသား လွတ်လပ်ခွင့်(လူတစ်ဦးချင်းစီ၏

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ခွင့်များ၊ မီဒီယာလွတ်လပ်ခွင့်များ၊ ကိုးကွယ်ယုံကြည်ခွင့်၊ အသင်း အပင်းဖွဲ့ခွင့်နှင့် လူနည်းစုရပိုင်ခွင့်များ) ဖြစ်သည်။ အဆိုပါ ရပိုင်ခွင့်များကို မခံစားရသော ပြည်သူများနေထိုင်ရာ တိုင်းပြည်များကို 'မလွတ်လပ်' ဟူသော အုပ်စုတွင်ထားရှိပြီး တချို့သော ရပိုင်ခွင့်များ ရရှိနေသော နိုင်ငံသားများ နေထိုင်ရာ တိုင်းပြည်များကို 'အတန်ငယ် လွတ်လပ်'ဟူသော အုပ်စုတွင် ထားရှိခြင်းဖြစ်သည်၊ ဇယား(၄. ၁)တွင် ၁၉၇၂ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်ကြား ကမ္ဘာ့နေရာ ဒေသအနှံ့အပြားတွင် အပြောင်းအလဲများ ဖြစ်ပေါ်လာကြောင်းနှင့် ယင်းကာလအတွင်း လွတ်လပ်သောနိုင်ငံများ တိုးပွားလာကြောင်းကိုလည်း တွေ့ရမည်ဖြစ်သည်။ ယင်းအချက်ကို ၂၀၀၂ ခုနှစ် စာရင်းများကို ရေတွက်ကြည့်ခြင်းအားဖြင့် သိနိုင်သည်။

ဤဇယားနှင့် ပတ်သက်၍ ထူးခြားချက် နှစ်ရပ် ရှိသည်၊ ပထမ ထူးခြားချက်မှာ ဒေသအလိုက် ပြောင်းလဲမှုများ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ အမေရိကတိုက်နှစ်ခုရှိ ဒေသများ၊ အာရှ ပစ္စိဖိတ်ဒေသများ၊ ယခင် ဆိုဗီယက်ပြည်ထောင်စု ဒေသများနှင့် ယင်းလက်အောက်ခံ ဒေသများ၊ အာဖရိကရှိ ဆာဟာရအောက်ပိုင်းဒေသများသည် ဒီမိုကရေစီ ထွန်းကားလာသောဒေသများ ဖြစ်လာခဲ့သည်။ ဤနေရာတွင် ခြွင်းချက်အနေဖြင့် ပြောလိုသည်မှာ ၁၉၇၂ နှင့် ၂၀၀၂ ခုနှစ်ကြား ကာလတွင် အဆိုပါဒေသများ၌ လွတ်လပ်၍ ဒီမိုကရက်တစ်ဖြစ်ခဲ့ပြီးသော နိုင်ငံအနည်းငယ်မျှလည်း ရှိသည်ဆိုသည့် အချက်ဖြစ်သည်။ ယင်းနိုင်ငံများမှာ အာရှတွင် အိန္ဒိယနှင့် ဂျပန်၊ အာဖရိကရှိ ဆာဟာရအောက်ပိုင်းဒေသတွင် ဘော့ဆွာနာနိုင်ငံ၊ အနောက်အင်ဒီးဒေသတွင် ဂျာမေကာနှင့် ယခင် ဗြိတိသျှ ကိုလိုနီနိုင်ငံများ ဖြစ်ကြသည်၊ အာဏာရှင်ဆန်သော အုပ်စိုးမှု အမျိုးမျိုးအောက်တွင် ရောက်ရှိနေကြသည့် ဂရိ၊ ပေါ်တူဂီနှင့် စပိန်နိုင်ငံများမှလွဲလျှင် အနောက် ဥရောပရှိ နိုင်ငံများအားလုံးလိုလိုသည် ၁၉၇၂ ခုနှစ်တွင် လွတ်လပ်၍



ဒီမိုကရက်တစ် ဖြစ်နေခဲ့ပြီးဖြစ်သည်၊ သို့ရာတွင် မြောက်အာဖရိကနှင့် အရှေ့အလယ်ပိုင်း ဒေသနိုင်ငံများသည် အထက်တွင်ဖော်ပြခဲ့သည့် ဒီမိုကရေစီထွန်းကားရေး လှိုင်းလုံးကြီး ရိုက်ခတ်မှု သိသိသာသာ မခံစားရသော ဒေသများ ဖြစ်သည်၊ မည်သည့်အတွက်ကြောင့် ဤသို့ ဖြစ်ရသည် ဆိုသည်ကို နောက်ပိုင်းတွင် လေ့လာဆန်းစစ်ပြပါမည်၊

ဇယား(၄. ၁)နှင့် ပတ်သက်၍ ဒုတိယ ထူးခြားချက်မှာ 'အတန်ငယ် လွတ်လပ်'ဆိုသည့် ကိစ္စနှင့်ပတ်သက်၍ ဖြစ်သည်။ အဆိုပါ အုပ်စုတွင်ပါဝင်သော နိုင်ငံများသည် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများကို ကျင်းပလေ့ရှိပြီး နိုင်ငံတကာမှ စောင့်ကြည့်သူများကလည်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများအဖြစ် အများအားဖြင့် အသိအမှတ်ပြုလေ့ရှိကြသည်။ ယင်းနိုင်ငံများတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ကျင်းပပေးနိုင်ကြသည့်တိုင် တည်ငြိမ်သော ဥပဒေစိုးမိုးမှု မရှိခြင်း၊ နိုင်ငံသားများ၏ အခြေခံရပိုင်ခွင့်များကို အာမခံချက် မပေးနိုင်ခြင်း၊ အစိုးရအဖွဲ့အတွင်း အကျင့်ပျက်ခြစားမှုများ၊ သိသိသာသာ ရှိနေခြင်း စသည့် ပြဿနာများနှင့် ရင်ဆိုင်နေကြရလေ့ရှိ၏။ ထို့အတွက်ကြောင့် အစိုးရတစ်ရပ်ဖွဲ့နိုင်ရန် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပပေးနိုင်ရုံမျှ တတ်စွမ်းနိုင်သော နိုင်ငံတစ်နိုင်ငံကို 'ဒီမိုကရက်တစ်' နိုင်ငံဟု ကျွန်တော်တို့ မသတ်မှတ်နိုင်ချေ။ စစ်မှန်သော ရွေးကောက်ပွဲများသည် အလွန်ပင် အရေးပါသည် မှန်သော်ငြားလည်း ပြီးပြည့်စုံသော ဒီမိုကရေစီစနစ်တစ်ရပ်အဖြစ် မမှတ်ယူဖို့ ဖြစ်သည်။ အထက်ဖော်ပြပါ သတ်မှတ်ချက်များကို အခြေပြု၍ ဖရီးဒန်း ဟောက်စ်အဖွဲ့မှ စစ်တမ်းကောက်ယူခဲ့သည့် ပညာရှင်များက ကောက်ချက်တစ်ခုဆွဲခဲ့သည်၊ ယင်းကောက်ချက်မှာ ကမ္ဘာတစ်လွှားတွင် ရွေးကောက်ပွဲ ကျင်းပပေးသည့် ဒီမိုကရေစီနိုင်ငံ အရေအတွက်သည် ၁၉၈၇ ခုနှစ်တွင် ၆၆ နိုင်ငံမှ ၂၀၀၂ ခုနှစ်တွင် ၁၂၁ နိုင်ငံအထိ တိုးလာခဲ့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့အနက် ၈၉ နိုင်ငံသာ အပြည့်အဝ လွတ်လပ်မှု သို့မဟုတ် 'ဒီမိုကရက်တစ်' ဖြစ်မှုရှိသည်ဟူ၍ ဖြစ်သည်။

အရွယ်ရောက်သူအားလုံး မဲပေးပိုင်ခွင့်ရှိသော စနစ်ဖြင့် ပြည်သူ့အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ရန် လွတ်လွတ်လပ်လပ် ယှဉ်ပြိုင်ခွင့်ရှိသော ရွေးကောက်ပွဲများ ကျင်းပပေးခြင်းသည် အလွန်လိုအပ်လှသည် မှန်သော်လည်း ဒီမိုကရေစီ အပြည့်အဝ ထွန်းကားရေးအတွက် လုံလောက်သောအခြေအနေတစ်ရပ်ဟုကား မဆိုနိုင်ပါ။ သို့သော် ရွေးကောက်ပွဲများ ကျင်းပပေးခြင်းဆိုသည့် ကနဦးခြေလှမ်းသည် အာဏာရှင်ဆန်သော အုပ်ချုပ်မှု စနစ်ဟောင်းမှ ခွဲထွက်လာသည့် အရေးပါသည့် လက္ခဏာတစ်ရပ်ဖြစ်သည်။ ဒီမိုကရက်တစ် အလေ့အထများကို လူ့အဖွဲ့အစည်းတစ်ခုလုံးအတွင်း ပြဋ္ဌာန်းနိုင်အောင် အစပြုပေးသည့် အရေးပါသည့် မှတ်တိုင်တစ်ခုအဖြစ်လည်း မှတ်ယူနိုင်သည်။ လွန်ခဲ့သည့်နှစ် ၂၀ ကျော်အတွင်း နိုင်ငံအသီးသီးတွင် ယှဉ်ပြိုင်ခွင့်ရှိသော ရွေးကောက်ပွဲများ စတင်ကျင်းပပေးခဲ့သည့် သို့မဟုတ် ပြန်လည် ကျင်းပပေးခဲ့သည့် နှစ်များကို ကြည့်၍ လေ့လာမှုများ ပြုလုပ်ပါမည်။ ရွေးကောက်ပွဲများနှင့်အတူ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်များ သို့မဟုတ် ပြုပြင်မွမ်းမံထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေများကို ရေးဆွဲခဲ့သည်။ ဇယား (၄-၂)တွင် ကြည့်ပါ။



ဇယား (၄. ၂)

(၁၉၈၀-၂၀၀၀)ခုနှစ်များအတွင်း ပါတီစုံရွေးကောက်ပွဲများ ကျင်းပပေးသည့် နှစ်နှင့် နိုင်ငံအချို့စာရင်း

| | |
|---|---|
| ၁၉၈၀ | ဘိုလ်ဗီးယား |
| ၁၉၈၄ | အာဂျင်တီးနား၊ ဥရုဂွေး |
| ၁၉၈၅ | ဘရာဇီး |
| ၁၉၈၇ | ဖိလစ်ပိုင်၊ တောင်ကိုးရီးယား၊ တရုတ်တိုင်ပေ |
| ၁၉၈၉ | ချီလီ |
| ၁၉၉၀ | ချက်သမ္မတနိုင်ငံ၊ ဟန်ဂေရီ၊ လတ်ဗီးယား၊ နမီးဘီးယား၊ ပိုလန် |
| ၁၉၉၁ | ဘင်္ဂလားဒေ့ရှ်၊ ဘူဂေးရီးယား၊ ဂါဘွန်၊ နီပေါ၊ ရုရှား |
| ၁၉၉၂ | အက်စတိုးနီးယား၊ ဂါနာ၊ ဂီနီယား၊ ကင်ညာ၊ လစ်သူယေးနီးယား၊ မွန်ဂိုလီးယား၊ ထိုင်း |
| ၁၉၉၃ | တန်ဇနီးယား |
| ၁၉၉၄ | အယ်ဆာဗေးဒိုး၊ မာလာဝီ၊ မိုဇမ်ဘစ်၊ တောင်အာဖရိက |
| ၁၉၉၉ | အင်ဒိုနီးရှား၊ နိုင်ဂျီးရီးယား |

အထက်ပါ ဇယားသည် ဖြစ်ရပ်အားလုံးကို ခြုံငုံဖော်ပြနိုင်သည့် ပြီးပြည့်စုံသော ဇယားတစ်ခုတော့ မဟုတ်ပါ။ သို့သော် အာဏာရှင်ဆန်သော အုပ်စိုးမှုအောက်မှ ဒီမိုကရေစီစနစ်ဆီ ကူးပြောင်းလာခဲ့ချိန်နှင့် ကူးပြောင်းခဲ့သည့် ဒေသအသီးသီးကို ခြုံငုံလေ့လာခွင့် ရရှိနိုင်မည့် စာရင်းဇယားတစ်ခု ဖြစ်သည်။ ၁၉၈၀ ပြည့်လွန်များတွင် လက်တင်အမေရိက နိုင်ငံအတော်များများနှင့် တောင်အာရှ၊ အရှေ့အာရှ နိုင်ငံများရှိ စစ်အစိုးရများ သို့မဟုတ် စစ်တပ်မှ ကျောထောက်နောက်ခံပြုထားသော အစိုးရများ ချုပ်ငြိမ်းပျောက်ကွယ်သွားခြင်းတို့

www.burmeseclassic.com

www.burmeseclassic.com



ဓယားတွင် တွေ့ရှိရမည် ဖြစ်သည်၊ အများအားဖြင့် အဆိုပါ အစိုးရများသည် တစ်ရွေ့ရွေ့ ဖြစ်စဉ်အားဖြင့်လည်းကောင်း၊ လူထုအုံကြွမှုများကြောင့်လည်းကောင်း ချုပ်ငြိမ်းပျောက်ကွယ်သွားရခြင်း ဖြစ်သည်၊ ၁၉၉၀ ပြည့်လွန်နှစ်များ၏ အစောပိုင်းကာလများတွင်မူ အာဖရိကရှိ ဆာဟာရ အောက်ပိုင်းနိုင်ငံများ၊ အရှေ့ဥရောပနှင့် ဗဟိုဥရောပရှိ ကွန်မြူနစ်နိုင်ငံများ၌ ရွေးကောက်ပွဲ ဒီမိုကရေစီစနစ်ဆီ လျှင်မြန်စွာ ပြောင်းလဲသွားခဲ့ကြောင်း တွေ့ရှိရမည် ဖြစ်၏။ ဤသို့ ဖြစ်ရခြင်းမှာ တစ်ပါတီစနစ် အုပ်ချုပ်သော အစိုးရများသည် လူထုအုံကြွမှု အသွင်အမျိုးမျိုး၏ ဖိအားဒဏ်ကို မခံနိုင်ဘဲ ရွေးကောက်ပွဲ ဒီမိုကရေစီစနစ်ဆီ ပြောင်းလဲပေးခဲ့ရခြင်း ဖြစ်သည်၊ နိုင်ငံရေး ပြောင်းလဲမှု ဖြစ်စဉ်သို့ နောက်ကျပြီးမှ ရောက်လာသည့် နိုင်ငံနှစ်နိုင်ငံမှာ ဖက်ဒရယ်ပြည်နယ်များဖြင့် ဖွဲ့စည်းထားသည့် အင်ဒိုနီးရှားနှင့် နိုင်ဂျီးရီးယား နိုင်ငံတို့ဖြစ်သည်။ ယင်းနှစ်နိုင်ငံသည် ၁၉၉၀ ပြည့်လွန်နှစ် အကုန်ပိုင်းတွင် အစစ်အမှန် ပြိုင်ဆိုင်မှုပါသော ရွေးကောက်ပွဲများကို စတင်ကျင်းပပေးခဲ့သည်။

ကမ္ဘာတစ်လွှား၌ ရွေးကောက်ပွဲ ဒီမိုကရေစီစနစ် နေရာအနှံ့ မြန်မြန်ဆန်ဆန် အောင်ပွဲခံနေမှုအပေါ် ကျွန်တော်တို့တွေ မည်သို့ ရှင်းပြကြမည်နည်း။ အကြောင်းရင်းတစ်ရပ်မှာ အာဏာရှင်ဆန်သော အစိုးရဟောင်းများအနေဖြင့် အများပြည်သူ၏ တရားဝင် အသိအမှတ်ပြုမှု ဆုံးရှုံးသွားခဲ့ရသောကြောင့် ဖြစ်သည်။ သက်ဆိုင်ရာ အစိုးရအသီးသီး၏ အုပ်ချုပ်မှုစနစ်သည် ရှေ့တိုးရခက် နောက်ဆုတ်ရခက် ချောင်ပိတ်ခံနေရသော အခြေအနေအမျိုးမျိုးနှင့် ရင်ဆိုင်နေခဲ့ကြရသည်။

လက်တင်အမေရိကနှင့် အာရှရှိ စစ်အစိုးရများသည်လည်း အုပ်ချုပ်မှုအာဏာ ကိုင်စွဲထားခြင်းကို စွန့်လွှတ်ခဲ့ရသည်။ ဤသို့ စွန့်လွှတ်ခဲ့ရသည့် အကြောင်းရင်းနှစ်ရပ် ရှိသည်။ ၎င်းတို့မှာ ပြည်သူလူ



ထုကို နိုင်ငံရေးလုပ်ငန်းစဉ်များတွင် မပါဝင်နိုင်အောင် ဘေးဖယ်ထားခြင်းကြောင့် အစိုးရက ပေးဆပ်ရမည့် ဆိုးကျိုးများ အလွန်များပြားလာခြင်းနှင့် အစိုးရက အမြဲတစေ လူ့အခွင့်အရေးများ ချိုးဖောက်နေခြင်းကြောင့် တစ်ချိန်တုန်းက ၎င်းတို့ ရရှိခဲ့သော နိုင်ငံရေးထောက်ခံမှုများ ကျဆင်းလာခြင်းတို့ဖြစ်သည်။ ဆိုဗီယက် ပြည်ထောင်စု သမ္မတ ဂေါ်ဘာချော့က ဗဟို ဥရောပနှင့် အရှေ့ဥရောပရှိ ကွန်မြူနစ် အစိုးရများကို မော်စကိုက အင်အားသုံး၍ ထောက်ခံမှုများ မပြုလုပ်တော့ဟု အတိအလင်း ကြေညာလိုက်သည့်အခါ အဆိုပါ အစိုးရများ ပြိုလဲသွားခဲ့ရသည်၊ တစ်ချိန်တည်းမှာပင် ဆိုဗီယက်ပြည်ထောင်စုတွင် ဂေါ်ဘာချော့က နိုင်ငံရေးအာဏာကို ဗဟိုက ထိန်းချုပ်ထားမှု လျှော့ချမပေးဘဲ လိုအပ်သော စီးပွားရေး ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ မဖြစ်နိုင်ဟု ကောက်ချက်ချခဲ့သည်။ အာဖရိကရှိ ဆာဟာရအောက်ပိုင်းနိုင်ငံများ၏ ဖြစ်ရပ်များက တစ်မျိုးတစ်မည် ဖြစ်နေပြန်သည်။ အရွယ်ရလာပြီဖြစ်သော ခေါင်းဆောင်များသည် တစ်နေ့တစ်ခြား ပိုမိုဆိုးရွားလာသော စီးပွားရေး အခြေအနေများနှင့် လူထုအုံကြွမှုများကို ရင်ဆိုင်ရင်း အာဏာကို မျက်စိစုံမှိတ်၍ ဖက်တွယ်ထားခဲ့ကြသောကြောင့် ၎င်းတို့၏ တစ်ပါတီ အုပ်ချုပ်မှု ယန္တရားအတွင်း ခြစားယိုယွင်းမှုတွေ သူ့အလိုလို ဖြစ်ပေါ်လာခဲ့သည်။ တောင်အာဖရိကနှင့် နမီးဘီးယားနိုင်ငံတို့တွင်မူ လူနည်းစု လူဖြူ အုပ်စိုးမှုသည်လည်း ပြင်ပနိုင်ငံများ၏ စီးပွားရေး ပိတ်ဆို့မှု ဖိအားကြောင့်လည်းကောင်း၊ ပြည်တွင်း လက်နက်ကိုင် တိုက်ပွဲများကြောင့်လည်းကောင်း ဆက်လက်တောင့်ခံနိုင်တော့ဘဲ ဆုပ်ကိုင်ထားသော အာဏာကို လက်လွှတ်ခဲ့ရလေသည်။

အာဏာရှင်ဆန်သော အုပ်ချုပ်မှု ပုံစံအမျိုးမျိုး၏ ဇာတ်သိမ်းခန်းသည် တစ်ခုနှင့်တစ်ခု မတူကွဲပြားကြသော်လည်း ၎င်းတို့လက်အောက်ရှိ ပြည်သူအားလုံးတွင် တူညီသည့် ခံစားချက်တစ်ခုတော့

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ယင်းမှာ ဒီမိုကရေစီ အစိုးရတစ်ရပ် ထူထောင်ရေးဆိုသည့် ခံစားချက်တစ်ရပ်က အားလုံး၏ ရင်ဝယ် ကိုယ်စီရှိနေခဲ့ကြခြင်း ဖြစ်သည်။ ယင်းဒီမိုကရေစီ အစိုးရတစ်ရပ်သည် ပြည်သူလူထုအား နိုင်ငံရေးလွတ်လပ်ခွင့်များ အာမခံချက် ပေးရမည်၊ လူ့အခွင့်အရေး ရပိုင်ခွင့်များ အကာအကွယ်ပေးရမည်၊ လူထု၏ လိုလားချက်များကို ဖြည့်ဆည်းပေးရမည် စသည့် အိပ်မက်များလည်းပါဝင်သည်။ ထို့အပြင် ပြည်သူလူထု အသီးသီးသည် ဒီမိုကရေစီအတွက် တိုက်ပွဲဝင်ဖို့ ပြင်ဆင်ထားကြောင်း လက်တွေ့ သက်သေပြခဲ့မှုများလည်း ရှိခဲ့သည်။ ဒီမိုကရေစီစနစ်ဆီသို့ ကူးပြောင်းရေး လူထုတိုက်ပွဲ ပုံစံမှာလည်း နိုင်ငံအလိုက် အမျိုးစုံလင်လှသည်။ ကျောင်းသားလှုပ်ရှားမှုများ၊ အလုပ်သမားသပိတ်များ၊ အမျိုးသမီးများ၏ လူ့အခွင့်အရေးတိုက်ပွဲများ၊ ၁၉၈၉ ခုနှစ်တွင် အရှေ့ဥရောပ၌ 'ကတ္တီပါတော်လှန်ရေး' အသွင်ဖြင့် ငြိမ်းချမ်းစွာ လူထုဆန္ဒပြမှုများ စသည်ဖြင့် ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် ရရှိခဲ့သည့် ဒီမိုကရေစီ အောင်ပွဲသည် အခြားနိုင်ငံများရှိ ဒီမိုကရေစီရေးလှုပ်ရှားသူများကို အားတက်စေရုံသာမက ရဲဆေးတင်ပေးလိုက်သလိုပင်ရှိရာ ရှေ့သို့ တဟုန်ထိုး တိုးတက်လာသည့် 'ဒီမိုကရေစီရေးလှိုင်းလုံးကြီး'ကို စီးနင်းရေး စိတ်ကူးမှာ ဒီမိုကရေစီ လိုလားနေသူများအဖို့ အလွန်တရာ ခက်ခဲလှသည့် ကိစ္စမဟုတ်ဟု ယုံကြည်လာခဲ့ကြလေသည်။

ဒီမိုကရေစီ လှိုင်းလုံးကြီး ကမ္ဘာတစ်လွှား ဖြန့်ကျက်လာရခြင်း နောက်ထပ် အကြောင်းရင်းတစ်ခုမှာ နိုင်ငံတကာ ဆက်ဆံရေး ရာသီခွင် ပြောင်းလဲမှုကြောင့် ဖြစ်၏။ ဆိုဗီယက်ပြည်ထောင်စုနှင့် စစ်အေးတိုက်ပွဲ ဆင်နွှဲခဲ့သော အနောက်အုပ်စု အစိုးရများသည် ဖွံ့ဖြိုးဆဲတိုင်းပြည်များရှိ စစ်အာဏာရှင် အစိုးရများနှင့် အခြားသော အာဏာရှင်ဆန်သည့် အစိုးများအား ကွန်မြူနစ်ဝါဒကို ဆန့်ကျင်ပေးသည့် တံတိုင်းများ၊ အကာအကွယ်များအဖြစ် သဘောထားကာ အမြဲတစေ



ထောက်ပံ့မှုများ ပြုလေ့ရှိခဲ့သည်။ ၁၉၈၀ ပြည့်လွန်နှစ်များ အကုန်ပိုင်းတွင် စစ်အေးခေတ် နိဂုံးချုပ်သွားသည့်အခါ အနောက်အုပ်စု၏ နိုင်ငံရေး ဦးစားပေးမှု အစီအစဉ်သည် ပြောင်းလဲသွားခဲ့သည်။ ယင်းမှာ ဒီမိုကရေစီရေး လှုပ်ရှားမှုများနှင့် ဒီမိုကရေစီ ထွန်းကားရေး ဆောင်ရွက်ချက်များကို အထောက်အပံ့ပြုရေး ဖြစ်သည်။ အနောက်နိုင်ငံများ အနေနှင့် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့များ ပေးအပ်မှုတွင် ယခင်လို မဟုတ်တော့ဘဲ အကန့်အသတ်များ ထားရှိလာသည်။ ယင်းမှာ တိုင်းပြည်တစ်ပြည်၏ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေး တိုးတက်မှု ရှိ မရှိကို ကြည့်၍ အထောက်အပံ့ ပေးအပ်လာခြင်း ဖြစ်၏။ တစ်နိုင်ငံချင်းစီ၏ ဒီမိုကရေစီစနစ်ဆီ အသွင်ကူးပြောင်းမှုတွင် ဤကန့်သတ်ချက်ပေါ် အခြေပြု၍ အထောက်အပံ့ပြုမှုသည် အပြောင်းအလဲ ဖြစ်ပေါ်လာမှုပေါ် မည်မျှသော အတိုင်းအတာအထိ အကျိုးသက်ရောက်မှု ရှိခဲ့သနည်းဆိုသည့်အချက်မှာ လက်တွေ့အကဲဖြတ်ဖို့ ခက်ခဲသည့် ကိစ္စရပ်ဖြစ်သည်။ သို့ရာတွင် ပြောနိုင်သည့် အချက်တစ်ခုမှာ ဤလုပ်ရပ်ကြောင့် ဒီမိုကရေစီ ထွန်းကားရေးကို အထောက်အကူပြုသည့် နိုင်ငံတကာ အခင်းအကျင်းသစ်တစ်ရပ်ကို ဖန်တီးပေးနိုင်ခဲ့သည်ဆိုသည့် အချက်ဖြစ်သည်။ နောက်ထပ် အရေးပါသည့် အချက်တစ်ချက်မှာ တိုင်းပြည်တစ်ပြည်တွင် လွတ်လပ်သော ရွေးကောက်ပွဲများကို ကျင်းပပေးလိုက်သည်နှင့် တစ်ပြိုင်နက်တည်း ယင်းနိုင်ငံသည် အာဏာရှင်ဆန်သော ယခင် လမ်းဟောင်းဆီ ဦးပြန်လှည့်ဖို့ ခက်ခဲသွားအောင် နိုင်ငံတကာ အခင်းအကျင်းသစ်က ဟန့်တားထားနိုင်ခြင်း ဖြစ်လေသည်။

မေးခွန်းတစ်ခု ထုတ်ကြည့်လိုသည်။ ယခုအခါသမယ၌ ဒီမိုကရေစီစနစ်သည် ကမ္ဘာတစ်လွှား၌ အောင်ပွဲခံလျက်ရှိပြီဟု ကျွန်တော်တို့ ပြောနိုင်ပါ၏လော။ အိုင်ဒီယာတစ်ခုအဖြစ် သို့မဟုတ် စံတစ်ခုအဖြစ် ဒီမိုကရေစီစနစ်သည် အောင်ပွဲခံလျက် ရှိပြီဟုတော့ ပြောနိုင်

www.burmeseclassic.com

www.burmeseclassic.com



သည်။ မကြာသေးမီကာလများအတွင်း ဒီမိုကရေစီရရှိခဲ့သော နိုင်ငံများရှိ ပြည်သူလူထုများကို သဘောထား စစ်တမ်းများ ကောက်ယူကြည့်ရာ ပြည်သူလူထု အများစုက ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်မှုကို ထောက်ခံကြောင်း၊ အာဏာရှင်ဆန်သော အုပ်ချုပ်မှုစနစ်များကို ဆန့်ကျင်ကြောင်း ဆန္ဒများ ဖော်ထုတ်ပြခဲ့သည်။ ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်မှုကို ထောက်ခံကြသည့်တိုင် ၎င်းတို့ နိုင်ငံရှိ ဒီမိုကရေစီ စနစ်ဖြင့် လက်တွေ့အုပ်ချုပ်ပုံ အုပ်ချုပ်နည်းကို ကျေနပ်သူ အရေအတွက်မှာ လူနည်းစုသာ ဖြစ်သည်ကိုလည်း တွေ့ရှိခဲ့ရသည်။ ဇယား(၄. ၃) တွင် အာဖရိကရှိ ဆာဟာရ အောက်ပိုင်း နိုင်ငံအချို့နှင့် လက်တင်အမေရိကနိုင်ငံအချို့တို့တွင် ကောက်ယူရရှိထားသည့် လူထုသဘောထား စစ်တမ်း ကိန်းဂဏန်းများကို ဖော်ပြထားသည်။



ဇယား (၄. ၃)

အာဖရိကနှင့် လက်တင်အမေရိကနိုင်ငံများ၏ ဒီမိုကရေစီနှင့် အခြားနိုင်ငံရေးစနစ်များအပေါ် ထောက်ခံမှု

| | ဒီမိုကရေစီကို အခြားနိုင်ငံရေး စနစ်များထက်ပို နှစ်သက်မှု (၂၀၀၂ ခုနှစ်) | ဒီမိုကရေစီစနစ် လက်တွေ့ကျင့်သုံးမှုကို အလွန်ကျေနပ်မှု သို့မဟုတ် ကျေနပ်မှု (၂၀၀၂ ခုနှစ်) |
|---|---|---|
| ဂါနာ | ၈၂ | ၇၁ |
| မာလာဝီ | ၇၀ | ၄၇ |
| နမီးဘီးယား | ၆၉ | ၅၄ |
| နိုင်ဂျီးရီးယား | ၆၈ | ၃၅ |
| ကင်ညာ | ၈၀ | ၇၉ |
| တောင်အာဖရိက | ၅၇ | ၄၄ |
| (အာဖရိကတစ်ခွင်လုံးပျမ်းမျှ) | ၆၄ | ၅၄ |
| အာဂျင်တီးနား | ၆၅ | ၈ |
| ဘရာဇီး | ၃၇ | ၁၇ |
| ချီလီ | ၅၉ | ၅၀ |
| မက္ကဆီကို | ၆၃ | ၂၀ |
| ပီရူး | ၅၅ | ၁၆ |
| ဗင်နီဇွဲလား | ၇၃ | ၃၅ |
| (လက်တင်အမေရိကတစ်ခွင်လုံးပျမ်းမျှ) | ၅၅ | ၃၂ |

www.burmeseclassic.com

www.burmeseclassic.com



ဇယား(၄. ၃)ပါ ကိန်းဂဏန်းများကို ကြည့်၍ အာဏာရှင်ဆန်သော အုပ်ချုပ်မှုမှသည် ရွေးကောက်ပွဲ ဒီမိုကရေစီစနစ်ဆီ အသွင်ကူးပြောင်းမှုနှင့် ဒီမိုကရေစီ အပြည့်အဝ ထွန်းကားသော နိုင်ငံရေးစနစ်တစ်ရပ် လက်တွေ့ဖြစ်ပေါ်လာရေး၊ တည်တံ့ခိုင်မြဲရေးတို့ကြား မည်မျှကွာခြားလှကြောင်း ကွဲကွဲပြားပြား နားလည်ထားရန် လိုအပ်သည်။ ဒီမိုကရေစီ အပြည့်အဝ ထွန်းကားသော နိုင်ငံရေးစနစ်တစ်ရပ်တွင် ဥပဒေစိုးမိုးမှု ခိုင်ခိုင်မာမာ ရှိရမည်ဖြစ်ပြီး ဥပဒေစိုးမိုးမှုက နိုင်ငံသားတို့၏ ရပိုင်ခွင့်များကို အပြည့်အဝ အာမခံရမည်။ ရွေးချယ်တင်မြှောက်ခံရသော အစိုးရသည် ပြည်သူလူထု တစ်ရပ်လုံးကို အပြည့်အဝ တာဝန်ခံရမည်။ အရပ်သားအသင်းစု လူ့အဖွဲ့အစည်းများ (civil society associations)နှင့် လူထုဆက်သွယ်ရေး သတင်းမီဒီယာများသည် အစိုးရ၏ ကြိုးကိုင် ချယ်လှယ်ခြင်းမှ လုံးဝကင်းလွတ်၍ လူထုလူတန်းစား အလွှာအသီးသီး၏ သဘောထားအမြင်များကိုလည်း ကိုယ်စားပြုမှု ရှိရမည်ဖြစ်၏။ ဒီမိုကရေစီစနစ်ကို စတင်ထူထောင်ပြီးသည့် နိုင်ငံများသည် အာဏာရှင်ဆန်သော အုပ်စိုးမှုဆီ နောက်ကြောင်းပြန်လှည့်ရန် ဖြစ်နိုင်ချေ အလွန်နည်းပါးသော်ငြားလည်း ၎င်းတို့ ကြုံတွေ့နေရသော အခက်အခဲတစ်ခုမှာ အစိုးရတစ်ရပ် ဖွဲ့ရေးအတွက် ပါတီများကြား ယှဉ်ပြိုင်ကြသည့် ရွေးကောက်ပွဲ ဒီမိုကရေစီ (electoral democracy)အဆင့်ထက် မပိုနိုင်ကြဘဲ ရှိနေကြခြင်း ဖြစ်သည်။ တက်လာသော ရွေးကောက်တင်မြှောက်ခံ အစိုးရသည် ပြည်သူတို့၏ အခြေခံရပိုင်ခွင့်များကို အာမခံချက် မပေးနိုင်ကြသလို ပြည်သူတို့၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရေးကိုပင် မသိကျိုးကျွံ ပြုနေလေ့ရှိ၏။ ထို့အပြင် နိုင်ငံ့လူဦးရေ အတော်များများမှာ နိုင်ငံရေးဖြစ်စဉ်မှ အပယ်ခံထားရမှုများပင် ရှိနေတတ်ကြသည်။

ဒီမိုကရေစီ ထွန်းကားရေး ဖြစ်စဉ်တွင် အဆင့်နှစ်ရပ်ရှိကြောင်း ကျွန်တော်တို့ ခွဲခြားနားလည်ထားရန် လိုအပ်သည်။ ပထမအ



ဆင့်မှာ အာဏာရှင်ဆန်သော အုပ်စိုးမှုမှသည် ရွေးကောက်ပွဲ ဒီမိုကရေစီစနစ်ဆီ ကူးပြောင်းရေးဖြစ်သည်။ ဤအဆင့်ကို ခပ်မြန်မြန် အကောင်အထည်ဖော်၍ ရနိုင်သည်။ ဒုတိယအဆင့်မှာ ရေရှည်ဆောင်ရွက်ရမည့် ဖြစ်စဉ်တစ်ရပ် ဖြစ်သည်။ ဒုတိယအဆင့်၏ ပန်းတိုင်ကို တိတိကျကျပြော၍ မရပါ။ ပထမဆင့် ရွေးကောက်ပွဲဒီမိုကရေစီသို့ အသွင်ကူးပြောင်းရေး ဖြစ်စဉ်တွင် ဒီမိုကရေစီ ထွန်းကားအောင် ကြိုးပမ်းနေကြသည့် တိုင်းပြည်များ၏ နိုင်ငံရေး အမွေများသည် တစ်တိုင်းပြည်နှင့် တစ်တိုင်းပြည်ကြား မတူညီကြပါ။ အာဏာရှင်ဆန်သော အစိုးရ ပုံစံဟောင်းများမှာ အမျိုးမျိုး ဖြစ်သည်။ စစ်အစိုးရ၊ ကွန်မြူနစ်အစိုးရ၊ တစ်ပါတီ အာဏာရှင်အစိုးရ၊ လူနည်းစု လူဖြူအစိုးရ ဆိုသည့် အုပ်ချုပ်မှု ပုံစံဟောင်းများမှနေ၍ ရွေးကောက်ပွဲ ဒီမိုကရေစီစနစ်ဆီ အသွင်ကူးပြောင်းလာခဲ့ခြင်းဖြစ်သည်။ ဒီမိုကရေစီစနစ်ဆီ အသွင်ကူးပြောင်းလာပြီးနောက် ဒုတိယအဆင့်အနေဖြင့် ဆောင်ရွက်ရမည့် ကိစ္စမှာ ဒီမိုကရေစီစနစ်ကို ခိုင်မာတည်တံ့အောင် ပြုလုပ်ရေး (consolidation) သို့မဟုတ် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်အောင် ပြုလုပ်ရေး ဖြစ်သည်။ ဒီမိုကရေစီစနစ်သစ် ထူထောင်သော နိုင်ငံများအနေနှင့် ၎င်းတို့ ပြည်သူလူထုတစ်ရပ်လုံး၏ မျှော်လင့်ချက်များကို ကျေနပ်အောင် ဖြည့်ဆည်းပေးနိုင်သည့် ဒီမိုကရေစီ စနစ်တစ်ရပ်ကို လက်တွေ့ကျကျ ထူထောင်ရာတွင် ရင်ဆိုင်ရမည့် အခက်အခဲများသည် (မည်သည့်အာဏာရှင်ဆန်သော အုပ်စိုးမှုစနစ်တစ်ခုမှ အသွင်ပြောင်းလာသည် ဖြစ်စေ) အများအားဖြင့် တူညီလေ့ရှိ၏။ စစ်မှန်သော ဒီမိုကရေစီစနစ်တစ်ရပ် ထူထောင်ရာတွင် အဆင့်နှစ်ရပ်ရှိကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။ ယင်းအဆင့်နှစ်ရပ်တွင် ပါဝင်သော စိန်ခေါ်မှုများကို ဆက်လက်ဆွေးနွေးပြပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



## အသွင်ကူးပြောင်းမှုအမွေများ

အာဏာရှင်ဆန်သော အုပ်စိုးမှုပုံစံ အမျိုးမျိုးမှ ဒီမိုကရေစီစနစ်ဆီ အသွင်ကူးပြောင်းရာတွင် ဒီမိုကရေစီစနစ် ပေါ်ထွန်းစ နိုင်ငံများ ကြုံတွေ့ရတတ်သော နိုင်ငံရေးအမွေ အမျိုးမျိုးအကြောင်းကို ဤနေရာတွင် လေ့လာကြည့်ပါမည်။ ပုံစံတစ်မျိုးချင်းစီအလိုက် ရင်ဆိုင်ရသောပြဿနာများ မတူညီကြသလို ဖြေရှင်းမှု ပုံစံများလည်း ကွာခြားလှသည်။ အာဏာရှင်ဆန်သော အုပ်ချုပ်မှု ပုံစံလေးမျိုးအား တစ်မျိုးစီ လေ့လာတင်ပြပါမည်။

### (၁) စစ်အုပ်ချုပ်ရေး

စစ်အုပ်ချုပ်ရေး ပုံစံမှနေ၍ ရွေးကောက်ပွဲ ဒီမိုကရေစီစနစ်ဆီ အသွင်ကူးပြောင်းရာတွင် ရင်ဆိုင်ရသော ပြဿနာများစွာ ရှိသည့် အနက် အထူးတလည် အရေးထားရမည့် ပြဿနာကြီး နှစ်ရပ်ရှိသည်။ ပထမပြဿနာမှာ အသစ်ဖွဲ့စည်းလိုက်သည့် အရပ်သားအစိုးရသစ်တစ်ရပ်သည် စစ်တပ်၏ ထောက်ခံမှု အပြည့်အဝ မရရှိလျှင် အချိန်မရွေး အာဏာသိမ်းခံရနိုင်ဖွယ်ရှိသောကြောင့် စစ်တပ်၏ ထောက်ခံမှု အပြည့်အဝရရှိအောင် ဆောင်ရွက်ရေး ဖြစ်သည်။ ဒုတိယပြဿနာမှာ **စစ်အုပ်ချုပ်ရေး**ကာလအတွင်း လူ့အခွင့်အရေး ချိုးဖောက်ခံရသူများသည် ၎င်းတို့**၏ နစ်နာ**ချက်များကို ၎င်းတို့ကိုယ်တိုင် သို့မဟုတ် ၎င်းတို့**၏ ဆွေမျိုး**သားချင်းများမှ ဥပဒေကြောင်းအရ တောင်းဆိုလာသည့်အခါ ယင်းတောင်းဆိုချက်များကို ကျေလည်သွားအောင် မည်သို့မည်ပုံ ဖြည့်ဆည်း ပေးကြမည်နည်းဆိုသည့် မေးခွန်းပင် ဖြစ်သည်။ အဆိုပါ လိုအပ်ချက် နှစ်ရပ်သည် တစ်ခုနှင့်တစ်ခု ပဋိပက္ခအသွင်ဆောင်လျက်ရှိ၏။ မည်သည့် လိုအပ်ချက်က ပို၍ အရေးကြီးပါသနည်း။ ဒီမိုကရေစီ ပေါ်ထွန်းရေးအတွက် နိုင်ငံရေး လိုအပ်ချက်အရ စစ်တပ်ကို ဒီမိုကရေစီ ဘက်တော်သားအဖြစ်ထားရှိမှုသည် အရေးကြီးပါသလော။ သို့မဟုတ်



သေဆုံးသွားခဲ့ရသူများနှင့် ထိခိုက်ဒဏ်ရာ ရသူများအတွက် '**တရားမျှတမှု**' တောင်းဆိုချက်ကို ဖြည့်ဆည်းရေးသည် အရေးကြီးပါသ**လော။**

ပဋိပက္ခအသွင်ဆောင်နေသည့် အဆိုပါ လိုအပ်ချက်**ကြီးနှစ်**ရပ်ကို မည်သို့မည်ပုံ လက်တွေ့ဖြေရှင်းကြမည် ဆိုသည့်အချက်မှာ စစ်အုပ်ချုပ်ရေး မည်သို့မည်ပုံ အဆုံးသတ်သွားခဲ့ရသည် ဆိုသည့် အချက်ပေါ်မူတည်လျက်ရှိ၏။ စစ်အုပ်ချုပ်ရေး ရုတ်တရက် နိဂုံးချုပ်သွားခဲ့ရခြင်းလော၊ သို့မဟုတ် ပေါ်ထွန်းလာသည့် အရပ်သား အစိုးရသစ်နှင့် စေ့စပ် ညှိနှိုင်းမှုများပြုလုပ်၍ တဖြည်းဖြည်း အသွင်ပြောင်းလဲသွားခဲ့ခြင်းလော။ လက်တင်အမေရိကရှိ အာဂျင်တီးနားနှင့် ချီလီနှစ်နိုင်ငံ၏ စံနမူနာမှာ လုံးဝကို အခြားနားကြီး ခြားနားလှ၏။ အာဂျင်တီးနားရှိ စစ်အစိုးရသည် ၁၉၈၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဖောက်ကလန်စစ်ပွဲတွင် အရေးနိမ့်ခဲ့ရသောကြောင့် အကြီးအကျယ် သိက္ခာကျခဲ့ရသည်။ အတိုက်အခံ နိုင်ငံရေးသမား တစ်သောင်းနီးပါး 'ပျောက်ဆုံးသွားရမှု'နှင့်ပတ်သက်၍ စစ်ခေါင်းဆောင်များကို ဖောက်ကလန်စစ်ပွဲအပြီး တရားစွဲဆိုကြရာ ၎င်းတို့ကိုယ်၎င်းတို့ အကာအကွယ်ပင် မပေးနိုင်တော့ဘဲ စစ်အုပ်ချုပ်ရေး နိဂုံးချုပ်ခဲ့ရသည်။ စစ်အုပ်ချုပ်ရေး နိဂုံးချုပ်သွားရသည့်တိုင် အသစ်ရွေးချယ်တင်မြှောက်ခံရသည့် သမ္မတသစ်အယ်လဖွန်ဆင်သည် စစ်ဖက်ဆိုင်ရာ ပုန်ကန်ထကြွမှု လေးခုကို ၁၉၈၇ နှင့် ၁၉၈၉ ခုနှစ်ကြားတွင် နှိမ်နင်းခဲ့ရသည်။ ထို့ပြင် စစ်တပ်အရာရှိငယ်များသည် 'အထက်အမိန့်ကိုနာခံသည့် သဘောကြောင့်' အုံကြွမှုများတွင် ပါဝင်ပတ်သက်ခဲ့ရသည်ဆိုသည့် အကြောင်းပြချက်ဖြင့် ၎င်းတို့အား အရေးယူမှု ကင်းလွတ်ခွင့် ဥပဒေတစ်ရပ်ကို သမ္မတက လက်မှတ်ရေးထိုးပေးခဲ့ရသည်။

ချီလီနိုင်ငံ၏ ဒီမိုကရေစီစနစ်ဆီ အပြောင်းအလဲမှာ အာဂျင်တီးနားတွင် ရုတ်တရက် ပြောင်းလဲသွားခဲ့ရပုံနှင့် အတော်ပင် ခြားနားလျက်ရှိသည်။ ချီလီ စစ်အစိုးရ ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ပီနိုချေး

www.burmeseclassic.com

www.burmeseclassic.com



သည် ၁၉၈၉ ခုနှစ်တွင် အရပ်သား အစိုးရလက်ထဲ အာဏာပြန်လည်လွှဲအပ်ဖို့ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်၍ နှစ်ဦးနှစ်ဖက် သဘောတူညီမှုများ ရရှိခဲ့သည်။ သဘောတူညီချက်များတွင် ယခင် ကျူးလွန်ခဲ့ပြီးသော လူ့အခွင့်အရေး ချိုးဖောက်သည့် ရာဇဝတ်မှုများ အားလုံးကို အရေးမယူဘဲ ထားရှိရေးနှင့် အစိုးရသစ် ဖွဲ့စည်းရာတွင် စစ်တပ်က ဆက်လက် ပါဝင်ခွင့်ရှိရေးတို့ ဖြစ်သည်။ အစိုးရသစ် ဖွဲ့စည်းရာတွင် စစ်တပ်က ဆက်လက်ပါဝင်ရာ၌ ဝန်ကြီးရာထူးအချို့ကို စစ်တပ်အတွက် သီးသန့်ချန်လှပ်ထားရေး၊ အထက်လွှတ်တော်အမတ် နေရာအချို့ကို စစ်တပ်မှရယူခွင့်ရှိရေးနှင့် ဗိုလ်ချုပ်ကြီး ပီနိုချေးကို စစ်ဦးစီးချုပ်အဖြစ် ဆက်လက်ခန့်အပ်ရေး စသည့် သတ်မှတ်ချက်များ ပါဝင်၏။ အဖြစ်မှန် ဖော်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေး ကော်မရှင် (Truth and Reconciliatioon Comission) တစ်ရပ်ကို ဖွဲ့စည်း၍ ပီနိုချေးလက်ထက်၌ အစဖျောက် အသတ်ခံခဲ့ရသူများသည် မည်သို့မည်ပုံ အစဖျောက်၍ သတ်ဖြတ်ခံခဲ့ရကြောင်း၊ သတ်ဖြတ်မှုတွင် ပါဝင်ခဲ့သူများက ယင်းကော်မရှင်၌ ထုတ်ဖော်ဝန်ခံခဲ့ရာ ဝန်ခံချက်များကို ကျန်ရစ်သူမိသားစုနှင့် ဆွေမျိုးများက သိရှိခွင့် ရခဲ့ကြသည်။ သို့သော် တရားစွဲဆို အပြစ်ပေးခွင့်တော့ မရရှိခဲ့ကြပါ။

ဗိုလ်ချုပ်ကြီး ပီနိုချေး နောက်ဆုံးတွင် မည်သို့ဖြစ်သွားခဲ့ရသည် ဆိုသည့်အချက်က ဤသို့သော ဒီမိုကရေစီ အသွင်ကူးပြောင်းရေး နည်းလမ်းသည် ရေရှည်တွင် အာမခံချက် မရှိလှကြောင်း သက်သေပြသလို ရှိနေခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ပီနိုချေးသည် ဆေးကုသမှုခံယူရန် ဗြိတိန်သို့ ရောက်ရှိနေခိုက် ယခင်ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ စပိန်တရားသူကြီးတစ်ဦးက သူ့အား တရားစွဲပြီး စပိန်သို့ လွှဲပြောင်းပေးရန် ဗြိတိန်နိုင်ငံအား မေတ္တာရပ်ခံခဲ့သည်။ ထို့ကြောင့် ဗြိတိန်က သူ့အား ထိန်းသိမ်းထားလိုက်၏။ ထိုအခါ ချီလီအစိုးရက ချီလီနိုင်ငံ၏ အထက်လွှတ်တော်အမတ်တစ်



ယောက်ဖြစ်သော ပီနိုချေးအား သံတမန်များအား အရေးယူမှုတင်းလွတ်ခွင့်အရ လွှတ်ပေးရန် တောင်းဆိုခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် ဗြိတိန် ဗဟိုတရားရုံးက ၁၉၈၈ ခုနှစ် နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူညီချက်အရ ပီနိုချေးအား စပိန်သို့ လွှဲပြောင်းပေးနိုင်ခွင့်ရှိကြောင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။ ပီနိုချေး၏ အယူခံဝင်မှုကြောင့် လွှဲပြောင်းရေးကိစ္စမှာ ကြန့်ကြာနေခဲ့ရသည်။ သို့နှင့် ၂၀၀၀ ပြည့်နှစ်တွင် ဗြိတိန်သည် သူ၏ ကျန်းမာရေး ယိုယွင်းလာမှု အကြောင်းပြချက်ဖြင့် သူ့အား ပြန်လွှတ်ပေးလိုက်ပြီး ချီလီနိုင်ငံသို့ ပြန်ပို့ပေးခဲ့သည်။ ချီလီသို့ ပြန်ရောက်လာပြီး မကြာမီ ချီလီ ဗဟိုတရားရုံးက သူ့အား တရားစွဲဆိုမှု ကင်းလွတ်ခွင့်ကို ရုတ်သိမ်းလိုက်ကြောင်း ကြေညာခဲ့သည်။ သို့သော် သူ၏ ကျန်းမာရေးကြောင့် တရားခွင်တွင် စစ်ဆေးရန် မသင့်မြတ်သေးဟုဆိုကာ အိမ်တွင် အကျယ်ချုပ်ချထားရန် ဆုံးဖြတ်ခဲ့၏။ ပီနိုချေးအား ဖမ်းဆီးမှုနှင့် ပတ်သက်၍ ချီလီနိုင်ငံတွင် သူ့အား ထောက်ခံသူများကတစ်ဖက်၊ ဆန့်ကျင်သူများကတစ်ဖက် တစ်နိုင်ငံလုံး ဆန္ဒပြမှုကြီးများ၊ အုံးအုံးကျက်ကျက် ဖြစ်ပေါ်လာခဲ့သည်။ အဆိုပါ ဆန္ဒပြမှုကြီးများသည် ပြည်သူလူထုအတွင်း ယခင် စစ်အစိုးရ အုပ်ချုပ်မှုအပေါ် သဘောထားပုံ မတူညီမှုကြောင့် လူ့အဖွဲ့အစည်းတစ်ခုအတွင်း နက်ရှိုင်းသော ဒဏ်ရာများဖြင့် အစိတ်စိတ် အမွှာမွှာကွဲနေကြောင်း သက်သေပြလျက်ရှိ၏။ ပီနိုချေးအား ဗြိတိန်တွင် ထိန်းသိမ်းခဲ့ခြင်း ဖြစ်ရပ်ကို နိုင်ငံတကာ အတိုင်းအတာဖြင့် ကြည့်၍ပြောရလျှင် အဆိုးရွားဆုံး လူ့အခွင့်အရေး ချိုးဖောက်မှုများကို တရားစွဲဆိုခွင့် ပြည်တွင်း၌ ကင်းလွတ်ခွင့် ပေးထားသော်လည်း ပြည်ပတွင် ယင်းကင်းလွတ်ခွင့်ကို အသိအမှတ် မပြုကြောင်း နိုင်ငံတကာ ဥပဒေ၏ သမိုင်းဝင် တိုးတက်မှုတစ်ရပ်အဖြစ် သက်သေထူလိုက်သလို ရှိ၏။ ဤသမိုင်းဝင် တိုးတက်မှုသည် အာဏာရှင်များအဖို့ နောင်တွင် စေ့စပ်ညှိနှိုင်းမှုဖြင့် ဒီမိုကရေစီအသွင် ကူးပြောင်းရေးလမ်းကို ရွေးချယ်ရန် အဟန့်

www.burmeseclassic.com

www.burmeseclassic.com



အတားတစ်ခုသဖွယ် ရှိကောင်းရှိနေလိမ့်မည် ဖြစ်လေသည်။

## (၂) ကွန်မြူနစ်အစိုးရ

ကွန်မြူနစ်နိုင်ငံများမှနေ၍ ရွေးကောက်ပွဲ ဒီမိုကရေစီစနစ်ဆီ အသွင်ကူးပြောင်းမှုတွင် အသွင်ကူးပြောင်းမှုပုံစံများစွာ တစ်ပြိုင်နက်တည်း ဖြစ်ပေါ်ခဲ့သည်။ ကွန်မြူနစ် အင်ပါယာ ပြိုကွဲခြင်းနှင့်အတူ အင်ပါယာဟောင်းတွင်ရှိခဲ့သော နိုင်ငံငယ်များကြား ဆက်ဆံရေးအကြီးအကျယ် ပြောင်းလဲသွားခဲ့ခြင်း၊ ဗဟိုက ချုပ်ကိုင်သော စီးပွားရေးစနစ် နိဂုံးချုပ်သွားခြင်းနှင့်အတူ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် တစ်ရပ်ပေါ်ထွန်းလာခြင်း၊ လက်အောက်ခံနိုင်ငံငယ်များနှင့် ယင်းနိုင်ငံများရှိ လူ့အဖွဲ့အစည်းများအပေါ် ကွန်မြူနစ်ပါတီ၏ လက်ဝါးကြီးအုပ် ခြယ်လှယ်မှု အဆုံးသတ်သွားသည်နှင့် တစ်ပြိုင်နက်တည်း ရွေးကောက်ပွဲ ဒီမိုကရေစီစနစ် ပေါ်ထွန်းလာခြင်းနှင့် လွတ်လပ်သော အသင်းအဖွဲ့များ ထူထောင်လာကြခြင်း စသည့် အသွင်ကူး ပြောင်းမှုများ တစ်ချိန်တည်းလိုလို ဖြစ်ပွားလာခဲ့၏။ ကွန်မြူနစ်စနစ်မှ ဒီမိုကရေစီစနစ်ဆီ အသွင်ကူးပြောင်းရာတွင် ကွန်မြူနစ်စနစ် သွတ်သွင်းခံရသော နိုင်ငံများသည် ကြောက်မက်ဖွယ်ရာ လူထုအုံကြွမှုများနှင့် ကြုံတွေ့ခဲ့ရသလို စနစ်ဟောင်း၏ အမွေများကိုလည်း ခက်ခက်ခဲခဲ ကိုင်တွယ်ဖြေရှင်းခဲ့ရသည်။ အခြားအုပ်ချုပ်မှုစနစ်မှ အသွင်ကူးပြောင်းလာသော နိုင်ငံများသည် ကွန်မြူနစ်နိုင်ငံများလောက် ဆိုးဆိုးဝါးဝါး မကြုံတွေ့ခဲ့ရပါ။

### အင်ပါယာတစ်ခု ကျဆုံးသွားခြင်း

ဆိုဗီယက် အင်ပါယာ ကျဆုံးသွားခြင်းနှင့်အတူ ကွန်မြူနစ်ဝါဒသည်လည်း နိဂုံးချုပ်သွားခဲ့ရသည်။ ဆိုဗီယက် အင်ပါယာ ကျဆုံးသွားသည့်အခါ ရုရှား၏ အနောက်ဘက်နယ်စပ်များ၊ ကော့ကေးဆပ်



ဒေသနှင့် ဗဟိုအာရှဒေသများတွင် လွတ်လပ်သောနိုင်ငံ ၁၅ နိုင်ငံ ပေါ်ထွန်းလာခဲ့သည်။ အဆိုပါ နိုင်ငံများသည် ဆိုဗီယက် ပြည်ထောင်စု၏ လက်အောက်တွင် ကိုယ်ပိုင်အစိုးရများ ထူထောင်ထားသော ပြည်သူ့သမ္မတနိုင်ငံများ ဖြစ်ကြသော်လည်း ၎င်းတို့သည် လွတ်လပ်ရေးကို ကိုယ်စီကိုယ်စီ ကြေညာလိုက်သည့်အခါ ယင်းနိုင်ငံ အတော်များများတွင် ခွဲထွက်ရေးလှုပ်ရှားမှုများ ဖြစ်ပေါ်လာခဲ့သည်။ ခွဲထွက်ရေး လှုပ်ရှားမှုများသည် ထိုအချိန်မှစ၍ အတောမသတ်နိုင်အောင်ပင် ရှိခဲ့၏။ လွတ်လပ်ရေး ကြေညာလိုက်သည်နှင့် တစ်ပြိုင်နက် ခွဲထွက်ရေး လှုပ်ရှားမှုများ ချက်ချင်းမပေါ်ပေါက်သေးသည့် လူနည်းစု လူမျိုးစုများ များစွာပါဝင်သည့် နိုင်ငံများတွင်လည်း ယင်းလူနည်းစု လူမျိုးများကို နိုင်ငံတော်သစ်တွင် အတူပူးပေါင်း ပါဝင်လာအောင်လုပ်ဖို့ အတော်ပင် ခက်ခဲလှကြောင်း တွေ့ရှိခဲ့ရ၏။ လူမျိုးရေး ပဋိပက္ခများ ကြိမ်ဖန်များစွာ ကြုံတွေ့ခဲ့ရသည်။ လွတ်လပ်သော နိုင်ငံတော်တစ်ခု (statehood) တည်ထောင်ခွင့် ရရှိသွားသည့်အခါ 'အမျိုးသားနိုင်ငံတော်' (nationhood)ဟူသော အဓိပ္ပာယ် သတ်မှတ်ချက်တွင် လူများစု အမျိုးသားများအဖြစ် အကျုံးမဝင်သော လူနည်းစု လူမျိုးစုများ၏ ရင်ထဲဝယ် အမျိုးသားရေးစိတ်ဓာတ် ဆိုသည့် မီးတောက်မီးလျှံကြီးသည် အသီးသီး တောက်လောင်လာခဲ့သည်။ ယခင် ဆိုဗီယက် ကွန်မြူနစ်တို့၏ လက်အောက်တွင် နေခဲ့ရခြင်းကပင် ပို၍ လုံခြုံမှုရှိသေးသည်ဟု ၎င်းတို့ ခံစားလာရသည်။

အထက်ပါ အဖြစ်အပျက်မျိုးသည် ဆိုဗီယက် ပြည်ထောင်စု လက်အောက်တွင်ရှိခဲ့သည့် နိုင်ငံများတွင် မဆိုထားနှင့်ဦး၊ ဆိုဗီယက် ပြည်ထောင်စုလက်အောက် မရောက်ရှိခဲ့သော တရားဝင် လွတ်လပ်ခဲ့ပြီးဖြစ်သည့် ဗဟိုဥရောပ အရှေ့ပိုင်း နိုင်ငံများတွင်ပင် လုံခြုံမှုစိတ်ခံစားချက်သည် တစ္ဆေတစ်ကောင်လို အမြဲခြောက်လှန့်လျက်ရှိ၏။ ကွန်မြူနစ်ဝါဒ ဇာတ်သိမ်းသွားသည့်အခါ ဂျာမနီနှစ်နိုင်ငံ ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



စည်းမှုနှင့် ချက်ကိုစလိုဗက်ကီးယားနိုင်ငံသည် ချက်သမ္မတနိုင်ငံနှင့် စလိုဗက်ကီးယားနိုင်ငံဆိုသည့် နိုင်ငံနှစ်နိုင်ငံအဖြစ် သီးခြားခွဲထွက်သွားခဲ့သည်။ နိုင်ငံတစ်နိုင်ငံရှိ လူများစု လူမျိုးများနှင့် လူနည်းစုလူမျိုးများကြား တင်းမာမှုများ ရှိနေခြင်းသည် အသစ်အဆန်းကိစ္စမဟုတ်ပါ။ အာဏာရ ကွန်မြူနစ် ပါတီလက်အောက်တွင် ရှိစဉ်ကတည်းက ရှိနေခဲ့ပြီးသော ရန်စောင်မှုများဖြစ်သည်။ သို့သော် ကွန်မြူနစ်အစိုးရသည် လူမျိုးရေး တင်းမာမှုများကို အာဏာဖြင့် ဖိနှိပ်ခြင်း သို့မဟုတ် စေ့စပ်ဖြေရှင်းခြင်းဆိုသည့် နည်းလမ်းနှစ်သွယ်ကို အဆင်ပြေသလိုသုံးကာ ရန်မီးကို သေစေခဲ့သည်။ သို့သော် ကွန်မြူနစ်အစိုးရ ဇာတ်သိမ်းသွားသည့်အခါ လူမျိုးရေးတင်းမာမှု ရန်ဟောင်းသည် မြှုနေရာမှ လှုပ်ရှားထကြွလာခဲ့လေသည်။ လှုပ်ရှား အထကြွဆုံး၊ အပြင်းဆုံး မီးတောက်မီးလျှံ၏ဒဏ်ကို ခံစားရသည့် နိုင်ငံသည် ယူဂိုဆလားဗီးယားနိုင်ငံဟောင်းပင် ဖြစ်သည်။ ၁၉၉၀ ခုနှစ်တွင် ခရိုအေးရှားလူမျိုးများ လွတ်လပ်ရေးကြေညာသည့်အခါ ခရိုအေးရှား နိုင်ငံတွင် ဆပ်လူမျိုးများသည် လူနည်းစုအဖြစ် ပါဝင်လျက်ရှိ၏။ ဤသို့နှင့် လူမျိုးရေးကို အကြောင်းပြု၍ ဆပ်လူမျိုးတို့ လွှမ်းမိုးထားသော ယူဂိုဆလပ် သမ္မတနိုင်ငံနှင့် စစ်ဖြစ်ဖို့ ရန်စောင်နေခဲ့သည်။ အကျိုးဆက်အားဖြင့် သူတစ်ပြန် ကိုယ်တစ်ပြန် လူမျိုးတုံး သတ်ဖြတ်မှုများ ဆက်တိုက် ဖြစ်ပွားလာခဲ့သည်။ လူမျိုးတုံး သတ်ဖြတ်မှုများသည် ဘော်စနီးယား၊ ဟာဇီဂိုဗီးနားနှင့် နောက်ပိုင်းတွင် ကိုဆိုဗိုမြို့များတွင်လည်း ကြောက်မက်ဖွယ်ကောင်းလောက်အောင် ဆက်တိုက် ဖြစ်ပွားခဲ့လေသည်။

ကွန်မြူနစ်စနစ် ပြိုလဲကျသွားသည့်အခါ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံကြား သို့မဟုတ် နိုင်ငံတစ်နိုင်ငံအတွင်းရှိ နိုင်ငံရေးအင်အားစုများကြား အင်အားချိန်ခွင်လျှာသည်လည်း အကြီးအကျယ် ပြောင်းလဲသွားခဲ့ရသည်၊ ထို့အတူ အမျိုးသားနိုင်ငံတော်များအဖြစ် တည်ရှိလာမှု ပြဿနာများနှင့် ဒီမိုကရေစီ နိုင်ငံတော်သစ်ထူထောင်ရေးအတွက်



ကိုင်တွယ်ရခက်သည့် ပြဿနာများကိုလည်း ကွန်မြူနစ်စနစ်ဟောင်းက အမွေအဖြစ် ထားရှိခဲ့သည်။ ဆိုဗီယက် အင်ပါယာ ကျဆုံးမှု လှိုင်းဂယက်သည် ပြင်ပနိုင်ငံများကိုချည်း ရိုက်ခတ်ခဲ့သည် မဟုတ်ပါ။ ရုရှားကိုယ်၌လည်း အတော်ပင် မရှုမလှ အထိနာခဲ့ရသည်၊ ရုရှားနိုင်ငံသည် သဘာဝအရင်းမြစ်များ အလွန်ပေါ်ကြွယ်ဝ၍ ဧရိယာ နယ်နိမိတ် အလွန်ကျယ်ဝန်းသော နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်ရှိနေသည် မှန်သော်လည်း ဒီမိုကရေစီစနစ်ဆီ အသွင်ကူးလိုက်သည့်အခါ တစ်ချိန်က ကမ္ဘာ့မဟာအင်အားကြီး နိုင်ငံနှစ်ခုအနက် တစ်ခုအဖြစ် ရပ်တည်ခဲ့သော ဆိုဗီယက်ပြည်ထောင်စုသည် ပြိုကွဲသွားခဲ့ရပြီး အမျိုးသားရေး ဂုဏ်သိက္ခာလည်း ကျဆင်းခဲ့ရလေသည်။

## ဈေးကွက်စီးပွားရေးသို့ အသွင်ကူးပြောင်းခြင်း

ကွန်မြူနစ် စီးပွားရေးစနစ်တွင် စီးပွားရေး ယန္တရားကြီးတစ်ခုလုံးကို ဗဟိုကချုပ်ကိုင်ထားပြီး ဗဟိုဦးစီးစနစ်ဖြင့် စီမံကိန်းချ ကုန်ထုတ်လုပ်ခြင်း၊ ကုန်ဈေးနှုန်းများကို ကွန်မြူနစ်အစိုးရက သတ်မှတ်ပေးထားခြင်းနှင့် စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်ထားခြင်း တို့လည်း ပါဝင်သည်၊ ၁၉၈၉ ခုနှစ် နောက်ပိုင်းတွင် ယခင် ကွန်မြူနစ်အုပ်စုကြီး တစ်ခုလုံးလိုလိုမှာ ဈေးကွက်စီးပွားရေးစနစ်ဆီ လျင်မြန်စွာ အသွင်ကူးပြောင်းလိုကြသည်။ စီးပွားရေး အသွင်ကူးပြောင်းမှုနှင့် သက်ဆိုင်သော မူဝါဒများကို ဆုံးဖြတ်ရာတွင် အနောက်တိုင်းသား စီးပွားရေးပညာရှင်များ၏ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ခဲ့ကြသည်။ အသွင်ကူးပြောင်းရေးကို ရုတ်ချည်း ဆောင်ရွက်လိုက်ကြသောကြောင့် စီးပွားရေး ကမောက်ကမဖြစ်မှုများ အကြီးအကျယ် ဖြစ်ပွားခဲ့ရင်း ပြည်တွင်း စီးပွားရေး ဈေးကွက်ထဲသို့ နိုင်ငံတကာမှ စီးပွားရေး လုပ်ငန်းကြီးများ အပြိုင်အဆိုင် ဝင်ရောက်လာခြင်းကြောင့် ပြည်တွင်းရှိ ယခင်ပြည်သူပိုင် စီးပွားရေး လုပ်ငန်းများစွာမှာ အရှုံးပေါ်ခဲ့ရပြီး လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



ပြုတ်သွားသည့် စီးပွားရေး လုပ်ငန်းများပင် ရှိခဲ့သည်။ အခြေတကျ ဖြစ်နေသည့် ပြည်သူပိုင် ကုန်စုံဆိုင်များနှင့် သမဝါယမဆိုင်များ ပိတ်လိုက်ကြရသည်သာမက ကုန်စည်စီးဆင်းမှု ကွင်းဆက်များလည်း ပြတ်တောက်ခဲ့ရသည်၊ နိုင်ငံပိုင် အဆောက်အအုံများနှင့် ပစ္စည်းများကို ပုဂ္ဂလိကပိုင်အဖြစ် အလျင်စလို လွှဲပြောင်းပေးလိုက်သော်ငြားလည်း ပိုင်ဆိုင်ခွင့် အာမခံမှုနှင့် ကန်ထရိုက်ပေးမှု အာမခံမှုတို့အတွက် လိုအပ်သော ဥပဒေရေးရာ အခြေခံအဆောက်အအုံ မရှိဘဲ လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ ဤသို့ အလျင်စလို ပုဂ္ဂလိကပိုင် ပြုလုပ်လိုက်ခြင်းသည် မာဖီးယားဂိုဏ်းဆန်ဆန် အရင်းရှင်စနစ်ကို ဖြစ်ပေါ်စေခဲ့သည်။ အနောက်နိုင်ငံများတွင် ရေပန်းစားနေသော ခေတ်သစ် လစ်ဘရယ်ဝါဒဟုခေါ်သည့် စီးပွားရေးဆိုင်ရာ သမားရိုးကျ အတွေးအခေါ်တစ်ခု ရှိသည်၊ ယင်းအတွေးအခေါ်မှာ စီးပွားရေး ယန္တရားကြီးထဲမှ အစိုးရပါဝင်မှုကို ဖယ်ရှားပစ်လိုက်ခြင်းသည် စည်ပင်ဖွံ့ဖြိုးသော လွတ်လပ်သည့် ဈေးကွက်စီးပွားရေးစနစ်တစ်ရပ် ပေါ်ထွန်းလာဖို့ အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟူ၍ ဖြစ်သည်။ ယင်းအတွေးအခေါ်ကို ကိုင်စွဲထားသောသူများသည် အနောက်နိုင်ငံများရှိ လွတ်လပ်သော ဈေးကွက်များ ယခုလို သက်ဝင်လှုပ်ရှားနိုင်ဖို့ မျိုးဆက်ပေါင်းများစွာ ရှုပ်ထွေးသော လူ့အဖွဲ့အစည်းများကို စနစ်တကျ ဖွဲ့စည်းနိုင်ခဲ့ခြင်း၊ ရှုပ်ထွေးသော စည်းမျဉ်းစည်းကမ်းများကို စနစ်တကျ ရေးဆွဲ ပြဋ္ဌာန်းနိုင်ခဲ့ခြင်း ဆိုသည့် ဖြစ်စဉ်များကို လစ်လျူရှုထားခဲ့ကြလေသည်။

ဈေးကွက်စီးပွားရေးစနစ်ဆီ ရုတ်ချည်းပြောင်းလဲလိုက်မှု၏ အကျိုးဆက်သည် သာမန်ပြည်သူတို့အတွက် ကပ်ဆိုးကြီးတစ်ခု ရုတ်တရက် ကျရောက်လာသလိုပင် ရှိတော့၏။ အထူးသဖြင့် ရုရှားနှင့် ယခင် ဆိုဗီယက်ပြည်ထောင်စုထဲ ပါဝင်ခဲ့သော နိုင်ငံများရှိ သာမန်လူထုသည် အဆိုးဆုံး ကံဆိုးမိုးမှောင် ကျခံရသူများပင် ဖြစ်သည်၊ အနောက်တိုင်းပုံစံ ဒီမိုကရေစီစနစ်နှင့် စီးပွားရေးစနစ်များသည် ၎င်းတို့



၏ လူမှုစီးပွားရေးဘဝကို တိုးတက်လာစေလိမ့်မည်ဟု အမျှော်လင့်ကြီး မျှော်လင့်ထားခဲ့သည်။ ဗဟိုက ချုပ်ကိုင်သော စီးပွားရေးစနစ် လက်အောက်တွင် မဝမလင်စားရသော ဝေစုတစ်ခုရဖို့ တမေ့တမော တန်းစီခဲ့ကြရသည်။ ယခုတော့ ထို့ထက်ပင် ဆိုးနေသည်၊ လူနေမှု အဆင့်အတန်း နိမ့်ကျသွားရုံမျှမဟုတ်၊ လူမှုအဆင့်အတန်းဟူသည် ရှိပင် မရှိတော့၊ အလုပ်လက်မဲ့နှုန်းမှာ တဟုန်ထိုး ထိုးတက်လာခဲ့သည်၊ စုနိုင်ဆောင်းနိုင်သူများမှာလည်း မသက်သာလှ။ ငွေကြေးဖောင်းပွမှုကြောင့် စုငွေများမှာ ဘာမှ တန်ဖိုးမရှိတော့၊ အစိုးရအနေနှင့်ကလည်း လူမှုဖူလုံရေး အထောက်အပံ့ပြုရန် အခွန်ငွေများ မရှိဖြစ်နေခဲ့သည်။ ယခင်က ဆိုလျှင် ရုံးများနှင့် စက်ရုံများတွင် လူမှုဖူလုံရေးအဖွဲ့များ တည်ထောင်ထားမှုကြောင့် အတိုင်းအတာတစ်ခုထိ သက်သာရာရခဲ့ကြသည်။ ယခုတော့ အစိုးရသည် ပြည်သူ့ဝန်ထမ်းများစွာကို လုပ်ခလစာပင် ပုံမှန်မပေးနိုင်သောအခြေသို့ ဆိုက်ခဲ့ရသည်။ တီဘီလို ရောဂါဘယများသည်လည်း ခေါင်းထောင်လာခဲ့သည်။ မွေးကင်းစ ကလေးများ အသေအပျောက်နှုန်း ထူးထူးခြားခြား မြင့်တက်လာခဲ့သလို ပြည်သူလူထု၏ ပျမ်းမျှသက်တမ်းမှာလည်း ပို၍ပို၍ တိုလာခဲ့သည်၊


အရှေ့ဥရောပ နိုင်ငံများရှိ ပြည်သူလူထု၏ ဘဝအခြေအနေများသည် ရုရှားနိုင်ငံမှာလောက် မဆိုးဝါးလှသော်ငြားလည်း လူနေမှုအဆင့်အတန်း ကျဆင်းမှုသည် ဖြစ်ရိုးဖြစ်စဉ် ကိစ္စတစ်ရပ်လို ဖြစ်နေခဲ့၏။ ၁၉၉၀ ပြည့်နှစ်ကို ကျော်လွန်သွားသည့်အခါ နေရာဒေသအသီးသီးတွင် လူနေမှုအဆင့်အတန်း သိသိသာသာ ကျဆင်းခဲ့ရပုံကို မျဉ်းဂရပ် (၄.၄)တွင် တွေ့မြင်ရပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဂရပ် (၄.၄)




ဒီမိုကရေစီစနစ်တစ်ရပ် ထူထောင်ရေးဆိုသည်မှာ သာမန်ပြည်သူတို့အတွက် ဈေးကြီးကြီးပစ္စည်းတစ်ခုကို ဝယ်ယူဖို့ကြိုးစားရသည်နှင့်ပင် တူနေတော့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များ အကုန်တွင် အထူးသဖြင့် အရှေ့ဥရောပနိုင်ငံများ၌ အခြေအနေတွေ အတော်လေး တည်ငြိမ်လာခဲ့သည်။ ယင်းဥရောပနိုင်ငံများသည် ၎င်းတို့အား ဥရောပသမဂ္ဂဝင်နိုင်ငံများအဖြစ် လက်ခံလာစေရန် ၎င်းတို့၏ တရားဥပဒေနှင့် ဘဏ္ဍာရေးစနစ်များကို ကျန်ဥရောပသမဂ္ဂဝင် နိုင်ငံများ၏ စံနှုန်းများနှင့် ကိုက်ညီအောင် ပြုပြင်ယူလာခဲ့ကြသောကြောင့် တည်ငြိမ်လာခဲ့ခြင်းဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်သို့ အလျင်စလို ကူးပြောင်းလိုက်ခြင်း၏ အကျိုးဆက်များကို ခြုံငုံပြောရလျှင် ပီပီပြင်ပြင် ပေါ်ထွက်လာသည့် အကျိုးဆက်နှစ်ခု ရှိသည်။ ယင်းမှာ သာမန် လူတန်းစားများ အကြီးအကျယ် ချို့တဲ့နွမ်းပါးသွားခြင်းနှင့် ဈေးကွက်လုပ်မှုတွင် နိုင်သူနှင့် ရှုံးသူများကြား မညီမျှမှုကွာဟချက် အလွန်ကြီးမားလာခြင်းတို့ ဖြစ်သည်။ ဤမြင်ကွင်းများကို ရုရှားတွင် ထင်ထင်ရှားရှား တွေ့ခဲ့ရသည်။



## နိုင်ငံရေးပါတီများ များစွာဖွဲ့စည်းလာခြင်း

အာဏာရှင်ဆန်သော အုပ်စိုးမှုမှ ရွေးကောက်ပွဲ ဒီမိုကရေစီစနစ်ဆီ အသွင်ကူးပြောင်းလိုက်သည့်အခါ ရွေးချယ်တင်မြှောက်ခံ အစိုးရတစ်ရပ်ဖွဲ့စည်းရေးအတွက် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ ထူထောင်ဖို့ လိုအပ်လာသည်၊ စစ်အုပ်ချုပ်မှုအောက်တွင် နိုင်ငံရေးပါတီများ အားလုံးကို ဖိနှိပ်ထားခဲ့သည်။ သို့သော် စစ်အုပ်ချုပ်မှု အဆုံးသတ်သွားသည့်အခါ နိုင်ငံရေးပါတီများ ပြန်လည်ခေါင်းထောင်လာခဲ့ကြသည်။ နိုင်ငံရေးပါတီများသည် ဒေသ အသီးသီး၊ လူတန်းစား အလွှာအသီးသီးနှင့် လူမျိုးစု အသီးသီးကြားတွင် ၎င်းတို့ကို ထောက်ခံသည့် အခြေကုတ်စခန်းများ နိုင်ငံအနှံ့အပြား၌ ရှိနေတတ်ကြသည်။ ကွန်မြူနစ်နိုင်ငံလို ပါတီတစ်ပါတီတည်းက အုပ်ချုပ်သော နိုင်ငံများသည် စစ်အုပ်ချုပ်ရေး ကျင့်သုံးခဲ့သော နိုင်ငံများနှင့် မတူကြပါ။ အာဏာရ ကွန်မြူနစ်ပါတီသည် ဆယ်စုနှစ်ပေါင်းများစွာ ပြည်သူတို့၏ လူနေမှုဘဝထဲသို့ စားဝတ်နေရေးကအစ အတွေးအခေါ် အယူအဆထိတိုင်အောင် လွှမ်းမိုးချုပ်ကိုင်ထားခဲ့ကြသည်။ ပါတီ၏ ဝါဒ၊ ပါတီ၏ အတွေးအခေါ်များကို ပြည်သူလူထု၏ ဘဝထဲ အတင်းရိုက်သွင်းဖို့ ကြိုးစားကြသည်။ လွတ်လွတ်လပ်လပ် မပြောရဲ မဆိုရဲအောင် ပါတီက စောင့်ကြပ်ကြည့်ရှုလေ့ ရှိကြသည်၊ နောက်ဆုံးတွင် နိုင်ငံတော်ဆိုသည်မှာ ပါတီ၊ ပါတီဆိုသည်မှာ နိုင်ငံတော်ပင်ဖြစ်သည်ဟု ပါတီနှင့် နိုင်ငံတော်ကို ခွဲခြားမရအောင် ပါတီနှင့် နိုင်ငံတော်ကို ညီမျှခြင်းချပြပြီး ပြည်သူလူထုကို လှည့်စားလေ့ရှိကြသည်။ ကွန်မြူနစ်ပါတီ အုပ်ချုပ်မှုသည် အကြွင်းမဲ့ အာဏာရှင်စနစ်ပင်ဖြစ်၏။ ကွန်မြူနစ်တစ်ပါတီအုပ်ချုပ်မှုသည် ပြည်သူလူထု၏ လူမှုဘဝ အထွေထွေကို ထိန်းချုပ်ထားသောကြောင့် လွတ်လပ်သော လူမှုအသင်းအဖွဲ့များ ဖွဲ့စည်းခွင့်မရှိဘဲ ပြည်သူ့ဘဝဟူသည် ဝိညာဉ်မဲ့သော စက်ရုပ်ကြီးများနှင့်သာ တူနေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကွန်မြူနစ်စနစ် ပျက်သုဉ်းသွားသည့်အခါ ပြည်သူ့ဘဝတွင် ဒဏ်ရာဒဏ်ချက်ကြီးများ ကြွင်းကျန်ရစ်ခဲ့လေ့ရှိသည်၊ ယင်းမှာ အထက်တွင်ဆိုခဲ့သည့်အတိုင်း လူမှုအဖွဲ့အစည်းများနှင့် လူမှုလှုပ်ရှားမှုများ ကင်းမဲ့နေသည့် ဒဏ်ရာဒဏ်ချက်ပင်ဖြစ်၏။ လူ့အဖွဲ့အစည်းအတွင်း လူမှုလူတန်းစား အလွှာဟူ၍ပင် မရှိတော့ဘဲ နိုင်ငံသားတိုင်းသည် စက်ရုံမှ ထုတ်လုပ်လိုက်သော ကုန်ပစ္စည်းများသဖွယ် တစ်ဦးနှင့်တစ်ဦး ခွဲခြားမရအောင် တစ်ပုံစံတည်း ဖြစ်နေကြသည်။ နိုင်ငံရေးပါတီသစ်များ တည်ထောင်ခြင်းဆိုသည်မှာ လူထုလူတန်းစား အလွှာအသီးသီး၏ အကျိုးစီးပွားကို ကိုယ်စားပြုရန် ဖြစ်သည်။ သို့မဟုတ် အတွေးအခေါ် အယူအဆတစ်ရပ် ပြန့်ပွားရေးအတွက် ပါတီများ ထူထောင်ကြခြင်းလည်း ဖြစ်နိုင်သည်၊ တစ်နည်းဆိုရလျှင် ပါတီများ တစ်ပါတီနှင့် တစ်ပါတီ မတူကွဲပြားနေကြခြင်းမှာ ၎င်းတို့၏ အကျိုးစီးပွားများ၊ ဝါဒသဘောတရားများ ကွဲပြားနေခြင်းကြောင့် ဖြစ်သည်။ သို့သော် တစ်ပါတီ အာဏာရှင်စနစ်အောက်မှ အသွင်ကူးပြောင်းလာသော လူ့အဖွဲ့အစည်းတွင် လူမှုဘဝများမှာ အားလုံးထူးမခြားနား တစ်သားတည်းလိုလို ရှိနေကြလေ့ရှိသည်။ ထို့ကြောင့် နိုင်ငံရေးပါတီသစ်များ ထူထောင်ခြင်းဆိုသည်မှာလည်း နာမည်သာကွဲပြီး မူများ၊ စည်းမျဉ်းများ၊ သဘောတရားများမှာ ဘာမှ ကွဲကွဲပြားပြား မရှိတော့ဘဲ ပုဂ္ဂိုလ်ရေးကျော်စောမှု နောက်လိုက်၍ ပါတီများထူထောင်ကြခြင်း ဖြစ်သည်။ ခြွင်းချက်တစ်ခုတော့ ရှိသည်၊ ယင်းမှာ ကွန်မြူနစ်ပါတီဟောင်းများသည် တရားမဝင် ပါတီအဖြစ်မှ ဖျက်သိမ်းခြင်း မခံရသောကြောင့် ကွန်မြူနစ်ပါတီများသည် အနောက်နိုင်ငံမှ ပါတီပုံစံကို အတုခိုး၍ ဆိုရှယ်ဒီမိုကရက်တစ်ပါတီဟု အမည်ပြောင်းကာ လူမပြောင်းဘဲ အဆောင်အယောင်နှင့် တံဆိပ်များ ပြောင်းလဲပစ်လေ့ရှိသည်။ အမျိုးသားရေး မူဝါဒလမ်းစဉ် (Nationalist platform)ကို လက်ကိုင်ပြု ကြွေးကြော်ကြသည့် ပါတီသစ်များသည် လူထုထောက်ခံမှုကို ကျယ်ကျယ်



ပြန့်ပြန့် ရလေ့ရှိကြ၏၊ သို့သော် အထက်တွင် ဆိုခဲ့ပြီးဖြစ်သည့်**အတိုင်း** အမျိုးသားရေး အခြေပြုပါတီများ အောင်ပွဲခံနေသည်နှင့် **တစ်ပြိုင်နက်**တည်း လူနည်းစု လူမျိုးစုများ၏ နိုင်ငံရေး အပယ်ခံရမှု (exclusion) သည်လည်း ပို၍ ဆိုးရွားလာခဲ့သည်။ ကွန်မြူနစ် နိုင်ငံဟောင်းများတွင် ရွေးကောက်ပွဲနိုင်ငံရေး ရှင်သန်မှု ဆယ်စုနှစ် တစ်စုစာလောက်ကြာပြီးသည့်နောက် ပါတီနိုင်ငံရေးသည် ပုံစံတကျ ဖြစ်လာခဲ့သည်။ သို့သော် အစိုးရဖွဲ့စည်းရေး၊ အစိုးရအပေါ် ပါလီမန်က ထိထိရောက်ရောက် စေ့စေ့စပ်စပ် စောင့်ကြည့်ရေးနှင့် အစိုးရအဖွဲ့၏ တာဝန်ခံမှုဆိုသည့် ကိစ္စရပ်ကြီးများသည် ဒီမိုကရေစီပန်းတိုင်ဆီ ခရီးဆက်ရာတွင် မရေရာဖြစ်လျက်ပင်ရှိ၏။

ကွန်မြူနစ် အုပ်ချုပ်ရေးမှနေ၍ ဒီမိုကရေစီစနစ်ဆီ အသွင်ကူးပြောင်းမှု အနေအထားအမျိုးမျိုး (နိုင်ငံများနှင့် အမျိုးသားနိုင်ငံများ လျင်မြန်စွာ တည်ထောင်ကြခြင်း၊ ဈေးကွက် စီးပွားရေးစနစ်ဆီ ကသောင်းကနင်း ကူးပြောင်းသွားကြခြင်းနှင့် အားပျော့သော လူမှုအခြေခံပေါ်တွင် တည်ငြိမ်သော နိုင်ငံရေးပါတီများ တည်ထောင်ကြခြင်း)ကို အကဲဖြတ်ကြည့်လျှင် ဒီမိုကရေစီစနစ်သည် အသွင်သဏ္ဌာန်အားဖြင့် ရှင်သန်လျက်ရှိကြောင်း အံ့အားသင့်စွာ တွေ့ရမည် ဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုမှ ပြိုကွဲလာခဲ့သော နိုင်ငံအတော်များများတွင် ဥပဒေစိုးမိုးမှု အနည်းငယ်မျှသာရှိခြင်းနှင့် နိုင်ငံသား ရပိုင်ခွင့်များကို အစိုးရက တာဝန်ခံခြင်း သို့မဟုတ် အကာအကွယ်ပေးမှု အားနည်းနေခြင်းတို့ကို ကြည့်မည်ဆိုလျှင် ယင်းနိုင်ငံများသည် ဒီမိုကရေစီ ဝတ်ရုံကို ဝတ်ထားသော်လည်း အာဏာရှင်ဆန်သော အုပ်ချုပ်မှုပုံစံထဲမှ ရုန်းမထွက်နိုင်ဆဲပင် ရှိနေလေသည်၊ သို့သော် အရှေ့ သို့မဟုတ် ဗဟိုဥရောပ နိုင်ငံများတွင်မူ ဥရောပ သမဂ္ဂထဲသို့ ဝင်ရောက်နိုင်ရေးအတွက် ဥရောပသမဂ္ဂ၏ စံညွှန်းများနှင့် လျော်ညီအောင် ပြုပြင်ပြောင်းလဲမှုများကို တစ်စိုက်မတ်မတ် ပြုလုပ်နေကြရလေရာ ဒီမိုကရေစီ ထွန်း

www.burmeseclassic.com

www.burmeseclassic.com



တားမှုသည် ပို၍မြန်ဆန်စွာ ပျံ့နှံ့လာလျက်ရှိ၏။ ဒီမိုကရေစီစနစ်ဆီ အသွင်ကူးပြောင်းရေး လမ်းကြောင်းသည် ခက်ထန်ကြမ်းတမ်းသ လောက် ပြဿနာမျိုးစုံနှင့် ရင်ဆိုင်တတ်ရလေ့ ရှိကြောင်း ကျွန်တော်တို့ အားလုံး သဘောပေါက်ထားကြပြီးဖြစ်ရာ အရှေ့ သို့မဟုတ် ဗဟိုဥရော ပ နိုင်ငံများ၏ ဒီမိုကရေစီစနစ် မြန်ဆန်စွာ ထွန်းကားလာမှုကို မည် သည့်စံနှုန်းဖြင့် တိုင်းတာသည်ဖြစ်စေ အံ့မခန်း အောင်မြင်မှုဟုပင် ဆိုရပါတော့မည်။

## (၃) အာဖရိက တစ်ပါတီစနစ်

ကွန်မြူနစ် တစ်ပါတီစနစ်လောက် မည်သည့်တစ်ပါတီစနစ် ကမှ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်အပေါ် ထိန်းချုပ်နိုင်စွမ်း မရှိကြပါ။ အာဖရိက အရှေ့ပိုင်းနှင့် တောင်ပိုင်းနိုင်ငံများတွင် ၁၉၆၀ ပြည့်လွန် နှစ်များ၌ လွတ်လပ်ရေး ရလာပြီးသည့်အခါ ပထမဦးဆုံးသော ရွေး ကောက်ပွဲများကို ကျင်းပခဲ့ကြသည်။ ထိုရွေးကောက်ပွဲများတွင် အနိုင်ရ ရှိခဲ့သော ပါတီများက တစ်စတစ်စ လွှမ်းမိုးခြယ်လှယ်လာခြင်းမှ အစပြု ကာ နောက်ဆုံးတွင် တစ်ပါတီ အာဏာရှင်စနစ် အခြေခိုင်လာခဲ့ခြင်း ဖြစ်သည်။ ပါတီများ ပြိုင်ဆိုင်ကြခြင်း၊ အာဏာရအစိုးရကို အတိုက်အခံ ပါတီများက ဆန့်ကျင်ကြခြင်းတို့သည် နိုင်ငံရေးကို အကြောင်းပြု၍ တိုင်းပြည်ကို အစိတ်စိတ်အမွှာမွှာ ကွဲစေသည့် အကြောင်းရင်းများဟု အာဖရိကတိုက်သားများက ယုံကြည်နေကြသည်။ နိုင်ငံရေးပါတီများ၏ ပါတီစုံစနစ် နိုင်ငံရေးလွန်ဆွဲပွဲသည် အာဖရိကတိုက်သားတို့က ၎င်း တို့၏ ထုံးတမ်းအစဉ်အလာအရ လက်ခံထားကြသည့် "အများသဘော တူ အုပ်ချုပ်ရေး ရွေးချယ်မှုပုံစံ"နှင့် မကိုက်ညီဟု ဆိုကြသည်။ ထို့ပြင် ၎င်းတို့က တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းပြည် ပြန်လည်ထူထောင်ရေးအတွက် အရေးတကြီး လုပ်ဆောင်ရမည့် တာ ဝန်မှာ ပါတီစုံ ပြိုင်ဆိုင်နေခြင်း မဟုတ်ဘဲ နိုင်ငံသားတိုင်း အဆိုပါ



လုပ်ငန်းနှစ်ရပ်တွင် ပါဝင်လာစေရေး ဖြစ်သည်ဟု ယုံကြည်ခဲ့ကြသည်။ တစ်ပါတီအုပ်စိုးမှုအောက်တွင် ပြည်သူလူထုသည် ၎င်းတို့၏ လိုအင် ချက်များ၊ နစ်နာချက်များကို ပါတီ နှီးနှောဖလှယ်ပွဲများတွင်လည်း ကောင်း၊ အခြားနည်းလမ်း တစ်ခုခုကို အသုံးပြု၍လည်းကောင်း၊ အ များသိအောင် တင်ပြနိုင်ခွင့်ရှိပြီး တရားဝင် အသိအမှတ်ပြုထားသော တစ်ခုတည်းသောပါတီမှ ကိုယ်စားလှယ်လောင်းများကို ရွေးကောက်ပွဲ တွင် စိတ်ကြိုက် ရွေးချယ်တင်မြှောက်နိုင်ခွင့် ရှိသည်ဟုလည်း ဆိုကြ သည်။ ဤတစ်ပါတီ အုပ်စိုးသောစနစ်သည် ပါတီစုံ ဒီမိုကရေစီစ နစ်ကဲ့သို့ပင် ဒီမိုကရေစီနည်းကျသလို တရားမျှတမှုလည်း ရှိသည်ဟု ၎င်းတို့က စွဲမြဲစွာ ယုံကြည်ခဲ့ကြသည်။

အထက်တွင် ဖော်ပြခဲ့သည့် ကြောင်းကျိုးပြချက်များသည် တစ်ပါတီ အုပ်ချုပ်မှု၏ အစောပိုင်းနှစ်များတွင် တကယ်ပင် လက်တွေ့ အကောင် အထည်ဖော်နိုင်ခဲ့သည်။ ယနေ့တိုင် ယူဂန်ဒါနိုင်ငံတွင် သမ္မ တ မူဆဗနီ လက်အောက်၌ လက်ရှိ ကျင့်သုံးလျက်ရှိသော အာဖရိက တစ်ပါတီ အုပ်ချုပ်ရေးစနစ်ကို အနောက်တိုင်း အလှူရှင်များက ထောက်ခံထားလျက်ရှိ၏။ မည်သို့ပင်ဆိုစေ တစ်ပါတီ အုပ်စိုးသော ကိုယ်စားပြု ဒီမိုကရေစီစနစ်တွင် ချို့ယွင်းချက်ကြီးများ များစွာပါဝင် လျက်ရှိသည်။ ယင်းချို့ယွင်းချက်ကြီးများသည် တစ်နေ့တစ်ခြား ပို၍ ဆိုးရွားလာလျက်ရှိ၏။ ချို့ယွင်းချက်တစ်ခုကို ပြောရလျှင် အစိုးရ၏ မူဝါဒ လမ်းစဉ်နှင့် မတူသော အခြားမူဝါဒလမ်းစဉ်တစ်ခုခုကို ထောက် ခံလိုသည်ဆိုပါက ပါတီတွင်း သဘောထား ကွဲလွဲမှုကြောင့် ပါတီသည် မဖြစ်မနေ နှစ်ခြမ်းကွဲဖို့ အခြေဆိုက်လာသည်။ ပါတီတွင်း အကွဲအပြဲ ဖြစ်လာမည့်အရေးကို စိုးရိမ်ကြောက်ရွံ့နေကြ၍ အစိုးရ၏ မူဝါဒ လမ်းစဉ်များနှင့် မတူကွဲပြားသော အခြားမူဝါဒလမ်းစဉ်များကို ပါတီ တွင်း အတိုက်အခံအုပ်စုက လူသိရှင်ကြား ဆွေးနွေးခွင့်ရမည် မဟုတ် တော့ပါ။ နောက်ထပ် အားနည်းချက်တစ်ခုကို ပြရလျှင် ပါတီခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်မှုနေရာကို လုယူမည့် နိုင်ငံရေး ပြိုင်ဖက်များကို လက်ရှိပါတီခေါင်းဆောင်များက ပါတီမှ ထုတ်ပယ်လိုက်ခြင်းအားဖြင့် ၎င်းတို့၏ ပြိုင်ဖက်ကို နိုင်ငံရေးဇာတ်သိမ်းသွားအောင် လုပ်နိုင်ခွင့်ရှိသည်။ လုပ်နိုးလုပ်စဉ်တစ်ခုလို ယင်းသို့လည်း လုပ်လေ့ရှိကြသည်။ အဆိုးဆုံးမှာ အချိန်ကြာမြင့်စွာ အာဏာကို ဖက်တွယ်ထားသော ပါတီခေါင်းဆောင်သို့မဟုတ် ပါတီဥက္ကဋ္ဌ တစ်ယောက်ကို အခြားတစ်ယောက်နှင့် အစားထိုးရေးဆိုသည်မှာ အလွန်အမင်း မလွယ်ကူသော အလုပ်တစ်ခုဖြစ်နေလေ့ရှိသည်။ လူထုက မကျေနပ်၍ ဆန္ဒပြလျှင်လည်း ရက်စက်သော ဖိနှိပ်မှုများနှင့် ရင်ဆိုင်ရလေ့ရှိ၏။

၁၉၉၀ ပြည့်လွန်နှစ် အစောပိုင်းကာလများတွင် တစ်ပါတီအုပ်ချုပ်မှုစနစ်မှ ပါတီစုံ ဒီမိုကရေစီစနစ်ဆီ ပြန်လည်ဦးလှည့်သွားသည့်တိုင် တစ်ပါတီ အုပ်ချုပ်မှုစနစ်၏ အားနည်းချက် အချို့သည် အမွေအဖြစ် ဆက်လက်ရှိနေခဲ့သည်။ ဇမ်ဘီယာနှင့် မာလာဝီတို့လို နိုင်ငံများတွင် လွတ်လပ်စွာ ယှဉ်ပြိုင်ခွင့်ရသော ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲများကို အဆိုပါ နှစ်များတွင် ပြန်လည်ကျင်းပခွင့် ရသောအခါ အာဏာကို ကြာရှည်စွာ ရယူထားသော ယခင် သမ္မတဟောင်းများသည် ရွေးကောက်ပွဲတွင် ပိုးစိုးပက်စက် ရှုံးနိမ့်ကာ သမ္မတရာထူးများကို စွန့်လွှတ်ခဲ့ရသည်။ အသစ်တက်လာသော နိုင်ငံရေးခေါင်းဆောင်များသည်လည်း သိပ်အထူးခြားချည်းတော့ မဟုတ်ပါ။ မာနထောင်လွှားခဲ့သော သမ္မတများ၏ ခြေရာကိုနင်းကြသည်။ ချည့်နဲ့နေသော ပါလီမန်ကို အသုံးချကြသည်။ အာဏာရ အစိုးရကို အရှက်ရစေမည့် မျက်နှာပျက်စေမည့် လူထုအခြေအတင် ဆွေးနွေးပွဲများ ကျင်းပခြင်းကို ပိတ်ပင်ကြသည်။ နောက်တက်လာသည့် မောင်ပုလဲ ဒိုင်းဝန်ထက်ပင် ကဲချင်နေကြသည်။ ပါတီ ညွန့်ပေါင်းအစိုးရများသည် သိပ်တာရှည်ခံလေ့ မရှိကြ။ အတွဲမြန် အကွဲမြန်ကြသည်။ ထို့အတူ အစိုးရကို အတိုက်အခံလုပ်ကြသည့် မဟာမိတ်ပါတီဖွဲ့ခြင်းသည်လည်း ပေါင်း



ပြီး များမကြာမီ ကွဲကြပြုကြပြန်သည်။ ကင်ညာနိုင်ငံတွင် သမ္မတမိုအီသည် ပါတီစုံ ရွေးကောက်ပွဲမှ သမ္မတဖြစ်လာပြီးနောက် နောက်ထပ် ၁၀ နှစ်ကြာသည့်တိုင် အာဏာကို ဆက်ယူထားခဲ့သည်။ အာဏာကို ဆက်ယူထားပုံမှာ သူ့အား အတိုက်အခံပြုနေသည့် အင်အားစုအုပ်စု အမျိုးမျိုးကို သွေးခွဲ၍ရလျှင် သွေးခွဲသည်။ သူ့လက်အောက် ဆွဲသွင်း၍ ရလျှင် ဆွဲသွင်းသည်။ ဤနည်းများနှင့်မှ မရလျှင် ဖိနှိပ်ဖြိုခွင်းပစ်ခြင်းမျိုးကို ပြုလုပ်လေ့ရှိ၏။ ပါတီစုံ ရွေးကောက်ပွဲများ ကျင်းပပေးခြင်းသည် အနောက်နိုင်ငံမှ ထောက်ပံ့ပေးနေသည့် အလှူရှင်များ ကျေနပ်သွားအောင် ပြယုဂ်သက်သက် လုပ်ဆောင်ပေးမှုသာဖြစ်ပြီး အစိုးရ၏ လုပ်ပုံကိုင်ပုံနှင့် အစိုးရနှင့် လူထုကြား ဆက်ဆံရေးမှာ နဂိုအတိုင်းပင် ဆက်ရှိနေသည်ဟု အဆိုးမြင် ဝေဖန်ရေးဆရာတချို့က ကောက်ချက်ချလေ့ရှိသည်။ အချုပ်အားဖြင့်ဆိုရလျှင် တစ်ပါတီအုပ်ချုပ်မှု၏ အမွေဆိုးများကို ကျော်လွှားဖို့ အချိန်အတော်စောင့်ရဦးမည် ဖြစ်လေသည်။

## (၄) လူဖြူလူနည်းစုအုပ်ချုပ်မှု

၁၉၈၀ ပြည့်လွန်နှစ်များတွင် ဇင်ဘာဘွေနိုင်ငံ၌ လူဖြူလူနည်းစု အုပ်ချုပ်မှု နိဂုံးချုပ်ခဲ့ရသည်။ ဇင်ဘာဘွေနိုင်ငံကို စံနမူနာယူ၍ ၁၉၉၀ ပြည့်လွန်နှစ် အစောပိုင်းကာလများတွင် အာဖရိကတိုက်တောင်ပိုင်းရှိ တောင်အာဖရိကနိုင်ငံနှင့် နမီးဘီးယားနိုင်ငံများရှိ လူဖြူလူနည်းစု အုပ်ချုပ်မှု ခံတပ်ကြီးများသည်လည်း တစ်စစီ ပြိုကျပျက်စီးသွားခဲ့ရသည်။ တောင်အာဖရိကနိုင်ငံတွင် အသားအရောင်ခွဲခြားမှုစနစ်မှာ ခိုင်ခိုင်မာမာ အမြစ်တွယ်လျက်ရှိနေပြီ ဖြစ်၏။ လူမျိုးရေးခွဲခြားမှုအပြင် တိုင်းပြည်၏ လူများစုဖြစ်သော လူမည်းတို့၏ အခြေခံရပိုင်ခွင့်များမှာ တရားရုံးနှင့် ရဲဌာနများကို ကျောထောက်နောက်ခံပြု၍ တရားဝင် အငြင်းပယ်ခံရလျက်ရှိသည်။ လူဖြူလူနည်းစု အုပ်ချုပ်မှုတို့ အဆုံးသတ်ပစ်ဖို့ အရိုးကြေကြေ အရေခမ်းခမ်း ရအောင်ယူမည်ဟု

www.burmeseclassic.com



(လက်နက်ကိုင် တိုက်ခိုက်မှုလည်း ပါဝင်ခဲ့သည်။) သန္နိဋ္ဌာန်ချထားသော ပြည်တွင်းအတိုက်အခံများနှင့် နိုင်ငံတကာမှ စီးပွားရေး ပိတ်ဆို့မှုများ ပူးပေါင်းဖိအားပေးမှုကြောင့် ၁၉၈၀ ပြည့်လွန်နှစ် ကာလများအတွင်း အသားရောင်ခွဲခြားမှုစနစ်၏ ရှင်သန်မှုသည် အခြေယိုင်စပြုလာခဲ့သည်။

၁၉၉၄ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံ၌ အရွယ်ရောက်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ဒီမိုကရေစီစနစ်ဆီ အသွင်ကူးပြောင်းလာခဲ့သည်။ ဒီမိုကရေစီအင်အားစုများနှင့် လူဖြူအစိုးရ ကိုယ်စားလှယ်များအကြား စေ့စပ်ညှိနှိုင်းမှုဖြင့် အသွင်ကူးပြောင်းရေး ပြုလုပ်ခဲ့ပုံမှာ သင်ရိုးညွှန်းတမ်းထဲတွင် ဥပမာပေးရလောက်သည့်နည်းနာတစ်ခု ဖြစ်လေသည်။ ၁၉၉၀ ပြည့်နှစ်တွင် နယ်ဆင်မန်ဒဲလားသည် ၂၇ နှစ်ကြာ ထောင်သွင်းအကျဉ်းချခံရထားရမှ ပြန်လည်လွတ်မြောက်လာသည့်အခါ သူသည် အာဖရိကန် အမျိုးသား ကွန်ဂရက် (အေအန်စီ)နှင့် ယခင် လူဖြူအစိုးရတို့ကြား ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင် အရေးကျသည့် ခေါင်းဆောင်တစ်ယောက်ဖြစ်လာခဲ့သည်။ အုပ်စုနှစ်ခုကြား နောက်ဆုံးရရှိလာသည့် ပြေအေးသဘောတူညီချက်တွင် စံပြဖွဲ့စည်းပုံ အခြေခံ ဥပဒေတစ်ခု (Model Constitution) ပါဝင်သည်။ ယင်းစံပြ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားများ၏ အခြေခံရပိုင်ခွင့်များကို ကျယ်ကျယ်ပြန့်ပြန့် အပ်နှင်းထားပြီး အာဏာအပြည့် အပ်နှင်းထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးတော်တစ်ခုလည်း ပါဝင်သည်။ အစိုးရသစ်ဖွဲ့စည်းရာတွင် ယခင်အစိုးရဟောင်း၏ အမျိုးသားပါတီ (National Party)ခေါင်းဆောင်များအား ဝန်ကြီးရာထူးများ ပေးအပ်မည်ဟု အာမခံခြင်း၊ ပြည်သူ့ဝန်ထမ်းများနှင့် လုံခြုံရေးတပ်များရှိ အမှုထမ်း အရာထမ်းများအား လက်ရှိ ရာထူးများတွင် နောက်ထပ် ၅ နှစ် အလုပ်လုပ်ခွင့်ပေးရန် အာမခံခြင်းတို့လည်း ပါဝင်သည်။ သာသနာပိုင် ဒက်စမွန် တူးတူး၏



ကြီးကြပ်မှုဖြင့် အဖြစ်မှန် ဝန်ခံရေးနှင့် ပြန်လည်သင့်မြတ်ရေး ကော်မရှင် (Truth and Reconciliation Commission) တစ်ရပ်ကို ဖွဲ့စည်းကာ ယခင် အသားရောင်ခွဲခြားရေး အစိုးရလက်ထက်က လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် ပါဝင်ခဲ့သူများသည် ယင်းကော်မရှင်တွင် ၎င်းတို့ပါဝင်ခဲ့ရသည့် အခန်းကဏ္ဍနှင့် ပတ်သက်၍ အပြည့်အဝ ဝန်ခံရမည်ဖြစ်သည်။ ဝန်ခံသူများကို တရားစွဲဆို၍ အရေးယူအပြစ်ပေးခြင်း မရှိစေရဟု ပြေအေးသဘောတူညီချက်တွင် ပါဝင်ခဲ့သည်။ ကာဝါဇူးလူးနာတယ်ဒေသတွင် အေအန်စီပါတီ ထောက်ခံသူများနှင့် အင်ကာသာလွတ်လပ်ရေးပါတီ ထောက်ခံသူများကြား အကြမ်းဖက်မှု အကြီးအကျယ် ဖြစ်ခဲ့သော အစွန်းအထင်းမှလွဲလျှင် ဒီမိုကရေစီ အစိုးရတစ်ရပ် ထူထောင်ရေးဆီ ၁၉၉၄ ခုနှစ်၌ အောင်မြင်စွာ အသွင်ကူးပြောင်းသွားနိုင်ခဲ့လေသည်။

ဒီမိုကရေစီ ပန်းတိုင်သစ်ဆီ အောင်အောင်မြင်မြင် အသွင်ကူးပြောင်းသွားခဲ့သော်လည်း ယခင်အစိုးရဟောင်း၏ အမူအကျင့်သဘာဝနှင့် ယင်းသဘာဝကို ဖယ်ရှားပစ်ဖို့ ကြိုးပမ်းခဲ့သည့် လူထုအရေးတော်ပုံကြီးသည် ဒီမိုကရေစီ အခင်းအကျင်းသစ်တွင် ဖျောက်ဖျက်ဖို့ခက်သည့် အမွေတွေကို တစ်ပွေ့တစ်ပိုက်ကြီး ထားရစ်ခဲ့၏။ နိုင်ငံရေး အမွေကို ပြရလျှင် အသားအရောင်ခွဲခြားမှုကို ဦးဆောင်တိုက်ပွဲဝင်ခဲ့သည့် အေအန်စီပါတီနှင့် မဟာမိတ် အဖွဲ့အစည်းများသည် ဒီမိုကရေစီခေတ်သစ်တွင် အခြားပါတီများနှင့် ယှဉ်ပြိုင်ရာ၌ အခက်အခဲ လောက်လောက်လားလား မတွေ့ရှိခဲ့ရဘဲ ပြိုင်ဘက်ကင်း ပါတီတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့သည်။ အာဏာရပါတီကို အင်အားကောင်းကောင်းဖြင့် အတိုက်အခံပြုမည့် ပါတီများမရှိသည့် ဒီမိုကရေစီနိုင်ငံရေးစနစ်သည် ဒီမိုကရေစီပန်းတိုင်ဆီ ရောက်ရှိနိုင်ပါမည်လော။ ဒီမိုကရေစီစနစ်အောက်မှနေ၍ အာဏာရှင်ဆန်သော အုပ်ချုပ်မှုများ ပေါ်ထွန်းလာတတ်ကြောင်း သမိုင်းတွင် များစွာတွေ့ရှိခဲ့ပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၍နိုင်ငံရေး အမွေထက် ပို၍ စိုးရိမ်ဖွယ်ကောင်းသည့် အမွေမှာ အသားအရောင်ခွဲခြားမှုကြောင့် ဖြစ်တည်လာခဲ့သည့် စီးပွားရေးနှင့် လူမှုရေးအမွေများ ဖြစ်ကြသည်။ လူဖြူများသည် မြေယာများအားလုံးနီးပါးနှင့် အမြတ်အစွန်း အလွန်ရသော လုပ်ငန်းများ၊ အရင်းအမြစ်များကို ပိုင်ဆိုင်ထားကြသည်။ တိုင်းပြည်လူဦးရေ၏ အများစုဖြစ်သော လူမည်းထက်ဝက်ကျော်သည် အလွန်အမင်း ဆင်းရဲစွာ နေထိုင်ကြရသည်။ နေရာတကာတွင် အလုပ်လက်မဲ့တွေက များများလာသည်။ အမိုးအကာ ကောင်းကောင်းမရှိကြ။ ပညာရေး၊ ကျန်းမာရေးမှာလည်း အလွန်နိမ့်ကျလျက်ရှိ၏။ လူလတ်တန်းစား လူမည်း အရေအတွက် အလွန်လျှင်မြန်စွာ တိုးတက်လာနေသော်လည်း တိုင်းပြည်၏ လူဦးရေအများစုမှာ ဒီမိုကရေစီစနစ်က ဆောင်ကျဉ်းပေးလာမည်ဟု အမျှော်လင့်ကြီး မျှော်လင့်နေသော လူမှုစီးပွားရေး တိုးတက်မှုကို စောင့်မျှော်ကြလျက်ရှိလေသည်။ တောင်အာဖရိကနိုင်ငံသည် အိမ်နီးချင်း ဇင်ဘာဘွေနိုင်ငံလိုမျိုး ကပ်ဆိုးနှင့် ကြုံတွေ့ရလိမ့်မည်ဟု ထင်နေသည့် ဝေဖန်သုံးသပ်သူ မရှိသလောက်ပင် ဖြစ်သည်။ သို့သော် လူဖြူလူနည်းစု၏ စီးပွားရေး အခွင့်ထူးခံစားနေရမှုနှင့် မြေဩဇာကောင်းသော လယ်ယာမြေများကို ၎င်းတို့ လက်ဝါးကြီးအုပ် ချယ်လှယ်ထားမှုများကို နာနာကြည်းကြည်းဖြစ်နေသော တောင်အာဖရိကရှိ လူမည်းလူထုကြီးကို လစ်လျူရှုထား ၍မရပါ။ နာကြည်းမှုဖိအား အလွန်ကြီးမားလာခဲ့လျှင် အသွင်ကူးပြောင်းရေးကာလတုန်းက ညှိနှိုင်း၍ပြေအေးမှုယူထားသော စီးပွားရေးဆိုင်ရာ သဘောတူညီမှုများသည်လည်း ပြိုပျက်ကျသွားမည်ဖြစ်ပြီး ဇင်ဘာဘွေနိုင်ငံသည် တောင်အာဖရိကနိုင်ငံအတွက် ရှေ့ဆက် ဘာတွေဖြစ်လာမည် ဆိုသည်ကို သတိပေးနေမည့် သင်္ကေတတစ်ရပ်အဖြစ် တည်ရှိနေပါလိမ့်မည်။

*****



## အသွင်ကူးပြောင်းရေးမှသည် ဒီမိုကရေစီစနစ်တို ခိုင်မာလာအောင်လုပ်ခြင်း

အာဏာရှင်ဆန်သော အစိုးရပုံစံ လေးမျိုးမှနေ၍ ဒီမိုကရေစီစနစ်ဆီ အသွင်းကူးပြောင်းရာတွင် လူ့အဖွဲ့အစည်း အသီးသီးတွင် ကျန်ရစ်ခဲ့သော ယခင်နိုင်ငံရေးစနစ်၏ အမွေများသည် တစ်ခုနှင့်တစ်ခု မတူညီကြပါ။ နောက်တက်လာသည့် အစိုးရသစ်များသည် အသွင်ကူးပြောင်းရေးပြဿနာအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းကြရသည်။ ၁၉၉၀ ပြည့်လွန်နှစ်များမှ အစပြု၍ အသွင်ကူးပြောင်းလာခဲ့သော ဒီမိုကရေစီနိုင်ငံသစ် အတော်များများ၏ နိုင်ငံရေးအမွေများ ရရှိခဲ့ပုံခြင်း မတူညီသော်ငြားလည်း အချိန်ကြာမြင့်သည်နှင့်အမျှ ဒီမိုကရေစီစနစ်ကို ခိုင်မာတောင့်တင်းအောင် ပြုလုပ်ရာတွင် ကြုံတွေ့ရပုံခြင်း တူညီသည့် ဆုံမှတ်တစ်ခုဆီသို့ အားလုံး ရောက်ရှိလာခဲ့ကြသည်။ အချို့သော ဒီမိုကရေစီနိုင်ငံသစ်များမှာမူ ဒီမိုကရေစီစနစ်ကို ခိုင်မာအောင် မလုပ်နိုင်သေးဘဲ အာဏာရှင်ဆန်သော အစိုးရစနစ်၏ လောင်းရိပ်မိလျက် ရွေးကောက်ပွဲ ဒီမိုကရေစီအဆင့်တွင်သာ ရှေ့မတိုးနိုင်ဘဲရှိနေကြ၏။ ယင်းနိုင်ငံများသည် အဘယ်ကြောင့် ရှေ့မတိုးနိုင်ဘဲ ဖြစ်နေကြပါသနည်း၊ ကြံ့ခိုင်သော ဒီမိုကရေစီစနစ်တစ်ရပ် အမြစ်တွယ်အောင် အားထုတ်ရာတွင် မည်သည့် ပြဿနာရပ်များသည် အဟန့်အတားများ ဖြစ်နေပါသနည်း စသည့် မေးခွန်းများအတွက် အဖြေများကို ဆက်လက်ဆွေးနွေးပြပါဦးမည်။

## ဒီမိုကရေစီစနစ်ကို အမြစ်တွယ်အောင်ပြုလုပ်ခြင်း

ဒီမိုကရေစီစနစ် 'အထိုင်ကျနေသော' နိုင်ငံများတွင် ဒီမိုကရေစီစနစ် ဖွံ့ဖြိုးတိုးတက်လာအောင် အားထုတ်ခဲ့သည့်နှစ်ကာလနှင့် ဒီမိုကရေစီ ပေါ်ထွန်းစနိုင်ငံများတွင် ဒီမိုကရေစီစနစ် ဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ကြသည့် အချိန်ကာလကြာမြင့်မှု နှိုင်းခုမှာ အလွန်

www.burmeseclassic.com

www.burmeseclassic.com



ဝင်တွာဟနေသည်။ အထိုင်ကျနေသော ဒီမိုကရေစီနိုင်ငံများ၏ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်မှုသည် တရွေ့ရွေ့ဖြစ်စဉ်အတိုင်း ဖြစ်သည်။ ရာစုနှစ် နှစ်ခုကျော်မျှကြာမြင့်ခဲ့သည်။ တချို့နိုင်ငံများဆိုလျှင် ဒီမိုကရေစီစနစ်မှ နောက်ကြောင်းပြန်လှည့်သွားခဲ့မှုမျိုးတွေပင် ရှိခဲ့သည်။ ဒီမိုကရေစီနိုင်ငံသစ် အများစုတွင်မူ အာဏာရှင်ဆန်သောအုပ်ချုပ်မှုမှ ဖယ်ခွာကာ ရွေးကောက်ပွဲ ဒီမိုကရေစီ နိဒါန်း စတင်ခဲ့မှုသည် ဆယ်စုနှစ်တစ်ခု သို့မဟုတ် နှစ်ခုမျှပင် ရှိသေး၏။ ထို့အတွက်ကြောင့် 'ဒီမိုကရေစီစနစ် အမြစ်တွယ်ရှင်သန်ရေး' တိုးတက်မှုနှုန်းသည် တရွေ့ရွေ့ တအိအိနှင့်သာ ရှိနေပေဦးမည်။ တုံ့ဆိုင်းတုံ့ဆိုင်းနှင့်ပင် ရှိနေပေဦးမည်။ သို့မဟုတ် လုံးဝရှေ့မတိုးနိုင်ဘဲ ရှိကောင်း ရှိနေပေဦးမည်။

ဒီမိုကရေစီ နိုင်ငံသစ်များတွင် ဒီမိုကရေစီစနစ်ကို ကျစ်လစ်ခိုင်မာအောင် အားထုတ်ကြရာတွင် သက်တမ်းနုနေသေးခြင်းသည် ထည့်သွင်း စဉ်းစားရမည့် ကိစ္စတစ်ရပ်အဖြစ် ဖော်ပြခဲ့ပြီး ဖြစ်သည်။ ယင်းကိစ္စအပြင် နောက်ထပ်ထည့်သွင်းရမည့် ကိစ္စရပ်တစ်ခုမှာ ကနဦးလိုအပ်ချက်အချို့ (preconditions) ရှိနေပြီး ဖြစ်ဖို့လိုသည်။ ဒီမိုကရေစီ ရင့်သန်နေသော နိုင်ငံများတွင်မူ ယင်းလိုအပ်ချက်များမှာ ပြည့်စုံလျက်ရှိပြီဖြစ်ရာ သတိမမူမိသလောက်ဖြစ်နေခဲ့ကြပြီ ဖြစ်၏။ ဒီမိုကရေစီ ပေါ်ထွန်းစနိုင်ငံများတွင် အဆိုပါ ကနဦးလိုအပ်ချက်များ လုံလုံလောက်လောက် မရရှိနိုင်သေးသော အခြေအနေတွင်ပင် ရှိနေသည်။ သာဓကပြရလျှင် ပထမ လိုအပ်ချက်မှာ အနှောက်အယှက်မဲ့စွာ သက်ဝင်လှုပ်ရှားနေသော နိုင်ငံတစ်နိုင်ငံ (functioning state) ဖြစ်ဖို့လိုသည်။ ယင်းနိုင်ငံတွင် ထိထိရောက်ရောက် အုပ်ချုပ်နိုင်သော အစိုးရတစ်ရပ် ရှိရမည်ဖြစ်ပြီး အစိုးရ၏ အာဏာစက်သည် နိုင်ငံတစ်ဝှမ်းလုံးသို့ ပျံ့နှံ့သက်ရောက်နိုင်စွမ်း ရှိရမည်ဖြစ်၏။ ဒုတိယလိုအပ်ချက်မှာ နိုင်ငံတစ်နိုင်ငံအဖြစ် သဘောတူတည်ထောင်ထားသော နယ်နိမိတ်အတွင်းရှိ နိုင်ငံသားများသည် အမျိုးသားနိုင်ငံ (nation)ဆိုသည့်



အခြေခံအုတ်မြစ်ပေါ်တွင် တစ်စည်းတစ်လုံးတည်း ရှိနေဖို့လိုသည်။ တတိယလိုအပ်ချက်မှာ နိုင်ငံတော်(state) နှင့် နိုင်ငံသားအများစု ကိုးကွယ်သည့်ဘာသာ(religion)တို့ကို မရောနှောစေဘဲ သီးခြားခွဲထားရန်လိုအပ်သည်။ သီးခြားခွဲထားရန် လိုအပ်သည့် အကြောင်းမှာ ဥပဒေပြုအဖွဲ့နှင့် မူဝါဒလုပ်ငန်းစဉ်များအပေါ် ဘာသာရေးအဖွဲ့အစည်းများက လွှမ်းမိုးခြင်း၊ ကြိုးကိုင်ချယ်လှယ်ခြင်းများ မပြုနိုင်အောင် တားဆီးနိုင်ရေးအတွက်ဖြစ်သည်။ စတုတ္ထလိုအပ်ချက်မှာ နိုင်ငံ့စီးပွားရေး(economy)ရှင်သန်နေဖို့လိုသည်။ အချိန်နှင့်အမျှ စီးပွားရေးတိုးတက်စည်ပင်နေရမည်ဖြစ်ပြီး နိုင်ငံသားများ၏ အခြေခံလိုအပ်ချက်များနှင့် မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် စီးပွားရေးမျိုး ရှိရမည်ဖြစ်သည်။

ဒီမိုကရေစီ အထိုင်ကျနေသော နိုင်ငံများတွင် အထက်ဖော်ပြပါ ကနဦးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်ပြီး ယင်းလိုအပ်ချက်များနှင့် ဆက်နွှယ်သော ပဋိပက္ခများ အားလုံးလိုလိုကိုလည်း ဖြေရှင်းနိုင်ခဲ့ပြီးဖြစ်သည်။ ဤသို့သော အခြေအနေများထိ ရောက်ရှိလာပြီးဖြစ်သည့် အခါမှသာ ရွေးကောက်ပွဲ ဒီမိုကရေစီကို စတင်ခဲ့ခြင်းဖြစ်သည်။ သမိုင်းကို ပြန်ကြည့်လျှင် စစ်အောင်နိုင်ခြင်းဖြင့်လည်းကောင်း၊ ဘုရင်များအချင်းချင်း မဟာမိတ်များပြု၍လည်းကောင်း နိုင်ငံများ (states)ကို ထူထောင်ခဲ့ကြသည်။ ထို့နောက် နယ်နိမိတ်တစ်ခုအတွင်းရှိ ဘာသာစကားတူသူများ အချင်းချင်း အားလုံးလိုက်နာရမည့် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းကာ အုပ်ချုပ်ရေးအဖွဲ့များကို ထူထောင်ခဲ့ကြခြင်းဖြစ်၏။ ဤသို့ လုပ်ဆောင်ခဲ့မှုသည် နိုင်ငံသားများကြား အမျိုးသားရေး အသိစိတ်ဓာတ်ဆိုသည့် အရာတစ်ခုကို ပုံသွင်းပေးသလို ရှိခဲ့သည်။ ထို့နောက် ဒီမိုကရေစီ ရင့်သန်နေသော နိုင်ငံအသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ဘာသာရေးနှင့် အစိုးရကြား စည်းခြားနိုင်ခဲ့ခြင်းဖြစ်သည်။ စက်မှုတော်လှန်ရေးကာလအတွင်း နိုင်ငံသား အများစုမှာ အလွန်ဆင်းရဲ

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲနေကြပြီး နိုင်ငံရေးမှ အပယ်ခံခဲ့ကြရသည်။ ထို့နောက်တွင်မှ နိုင်ငံရေးတွင် ပါဝင်ခွင့်ရရှိခဲ့ပြီး မဲပေးပိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ အချုပ်အားဖြင့်ဆိုရလျှင် 'အများပြည်သူအုပ်ချုပ်မှု'ဆိုသည့် ဒီမိုကရေစီစနစ် မရောက်ရှိခင် ဒီမိုကရေစီစနစ် ဖြစ်တည်လာရေးအတွက် ကနဦးလို အပ်ချက်များသည် အခြေကျပြီးဖြစ်သည်ဟု ဆိုနိုင်လေသည်။

ဒီမိုကရေစီ နိုင်ငံသစ်များကိုကြည့်လျှင် အထက်ပါ အခြေအနေများနှင့် ဆန့်ကျင်ဘက်ဟုပင် ဆိုရမလောက်ဖြစ်သည်။ ကနဦးလို အပ်ချက်အချို့၏ တစ်စိတ်တစ်ဒေသလောက်ကိုသာ ဖြည့်ဆည်းနိုင်ကြောင်း တွေ့မြင်နေရသည်။ ဒီမိုကရေစီ နိုင်ငံသစ်များ ရင်ဆိုင်နေရသော စိန်ခေါ်မှုမှာ ဒီမိုကရေစီစနစ် ဖွံ့ဖြိုးအောင် လုပ်ရေးသာမက ကနဦးလိုအပ်ချက်အချို့ ရရှိလာအောင်ကိုပါ တစ်ပြိုင်နက်တည်း ဆောင်ရွက်နေရသည်။ ဤစိန်ခေါ်မှုနှစ်ရပ်ကို မည်သို့သော အခြေအနေအောက်တွင် ရင်ဆိုင်ဖြေရှင်းနေရသည်ကို ကြည့်ပါဦး။ တိုင်းပြည်သည် ဖိအားအမျိုးမျိုးအောက်တွင် အရှူးမီးဝိုင်း ခံရသလိုပင် ဖြစ်နေသည်။ လူထု၏ မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးဖို့ ကြိုးစားရသည်။ လူထုအုံကြွမှုဖြစ်မှာကို စိုးရိမ်နေရသည်။ နိုင်ငံရေးပါတီများကြား ပြိုင်ဆိုင်မှုနှင့် ခေါင်းဆောင်နေရာ လုမှုများကလည်း ပြင်းထန်လှသည်။ ဒီမိုကရေစီစနစ် ရင့်သန်နေသော နိုင်ငံများ ရင်ဆိုင်ခဲ့သည့် အခက်အခဲများထက်ပင် ပိုခက်ခဲမည့်ပုံပေါက်နေသည်။ အ ထက်တွင် ဆိုခဲ့သည့် ကနဦးလိုအပ်ချက် လေးခုဖြစ်သော နိုင်ငံတော်၊ အမျိုးသားနိုင်ငံ၊ ဘာသာရေးနှင့် စီးပွားရေးတို့အကြောင်းကို တစ်ခုစီ လေ့လာဖြပါမည်။

*****



## နိုင်ငံတော်

ဒီမိုကရေစီစနစ်တစ်ရပ် ထူထောင်ဖို့ရန် မရှိမဖြစ် အလိုအပ်ဆုံးအရာတစ်ခုမှာ နိုင်ငံတော်(state)တစ်ရပ်ဖြစ်သည်။ နိုင်ငံတော်သည် နိုင်ငံတော်၏ဥပဒေနှင့် မူဝါဒများကို နိုင်ငံပိုင် နယ်နိမိတ်အတွင်း ပြဋ္ဌာန်းခွင့်၊ အကျိုးသက်ရောက်အောင် ပြုလုပ်ခွင့်များ ရှိနေရမည်။ သို့သော် နိုင်ငံတော်၏ အာဏာကို ဗဟိုကချည်း အလွန်အကျွံ ချုပ်ကိုင်ထားရမည်ဟု မဆိုလိုပါ။ အိန္ဒိယ၊ နိုင်ဂျီးရီးယား၊ ဩစတေးလျ သို့မဟုတ် အမေရိကန်ပြည်ထောင်စုနိုင်ငံများလို ဖက်ဒရယ်နိုင်ငံမျိုးလည်း ဖြစ်နိုင်သည်။ အဆိုပါ ဖက်ဒရယ်နိုင်ငံများတွင် ပြည်နယ်အစိုးရများက အာဏာကို ခွဲဝေယူထားကြပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပြည်နယ်အစိုးရများသည် ဥပဒေပြုခွင့်၊ ဥပဒေကို အသက်ဝင်အောင်ပြုလုပ်ခွင့်များ ရှိကြသည်။ ဒီမိုကရေစီစနစ် ထူထောင်မည့် နိုင်ငံတစ်နိုင်ငံတွင် ဤအခြေအနေမျိုး ကနဦးအဆင့်တွင်မရှိလျှင် ရွေးချယ်တင်မြှောက်ခံအမတ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်၏ အာဏာသည် မည်သို့မှ အကျိုးသက်ရောက်မှုရှိနိုင်လိမ့်မည် မဟုတ်ပါ။

ပီပြင်သော နိုင်ငံတော်ဖြစ်မှု (effective statehood)အဆင့်သို့ မရောက်ရှိသော အခြေအနေအချို့ကို ဖော်ပြရလျှင် ပြည်တွင်းစစ်များ ဖြစ်ပွားနေခြင်း(ဥပမာ-ဆီရီယာလီယွန်နိုင်ငံ)၊ နှစ်ပေါင်းများစွာ သူပုန်ထနေခြင်း(ဥပမာ-အင်ဂိုလာနိုင်ငံ)၊ စစ်နယ်ရှင်များ ကြီးစိုးနေရခြင်း (warlordism)(ဥပမာ-အာဖဂန်နစ္စတန်)၊ သို့မဟုတ် နိုင်ငံတော်၏ အရေးပါသည့် နယ်နိမိတ်အချို့သည် မာဖီးယားဂိုဏ်း သို့မဟုတ် ရာဇဝတ်ဂိုဏ်းများ၏ လက်အောက်ကျရောက်နေခြင်း (ဥပမာ-ကိုလံဘီယာနိုင်ငံ)တို့ ဖြစ်သည်။ ယင်းသို့သော နိုင်ငံများကို "ကျောရိုးကျိုးနိုင်ငံများ" (broken-backed states)ဟု ခေါ်လေ့ရှိကြသည်။ ယင်းသို့သော အခြေအနေမျိုးတွင် ဒီမိုကရေစီစနစ်တစ်ရပ်ကို ထူ

www.burmeseclassic.com

www.burmeseclassic.com



ထောင်ရန် လွယ်ကူလိမ့်မည် မဟုတ်ပါ။ အများအားဖြင့် အဆိုပါ နိုင်ငံများတွင် နိုင်ငံတော်သည် သောင်းကျန်းမှုများ နှိမ်နင်းရာတွင် ပါဝင်ပတ်သက်နေရသောကြောင့် နိုင်ငံတော်ကိုယ်၌က စစ်ဝါဒလွှမ်းမိုးမှု(militarisation) အောက်သို့ ကျရောက်သွားရလေ့ရှိပြီး ဒီမိုကရေစီစနစ်သည် ရုပ်လုံးပေါ်မလာဘဲရှိနေလေသည်။

ဒီမိုကရေစီစနစ် တည်ဆောက်ရာတွင် သိပ်သိသိသာသာကြီး မဟုတ်သည့်တိုင် မကြာခဏ ကြုံတွေ့နေရသော အခက်အခဲတစ်ခုမှာ 'ဥပဒေစိုးမိုးမှု'ဆိုင်ရာ ပြဿနာ ဖြစ်သည်။ ဥပဒေအ ကျိုးသက်ရောက်မှုရှိအောင် ဆောင်ရွက်ရသည့် တချို့သောအေဂျင်စီများ (law enforcement agencies)သည် ဥပဒေကို အကျိုးသက်ရောက်မှုရှိအောင် ပြုလုပ်ဖို့ စွမ်းရည်မရှိကြ၊ သို့မဟုတ် ဆန္ဒမရှိကြပါ။ တချို့သောအေဂျင်စီများမှာလည်း အပ်နှင်းထားသော အာဏာကို စနစ်တကျ ပြောင်ပြောင်တင်းတင်း ချိုးဖောက်လေ့ရှိကြသည်။ 'ဥပဒေစိုးမိုးမှု'ဟူသည် အဓိပ္ပာယ်နှစ်ခုရှိသော စကားရပ်တစ်ခုဖြစ်သည်။ အဓိပ္ပာယ်တစ်ခုမှာ ဥပဒေဟူသည် ထုတ်ပြန်ရုံမျှ မဟုတ်၊ အားလုံးကလိုက်နာနိုင်အောင် အတင်းအကျပ်ပြုရသည့် သဘောရှိသည်။ နောက်အဓိပ္ပာယ်တစ်ခုမှာ ဥပဒေကို အားလုံးက လိုက်နာလာအောင် ပြုလုပ်ရသည့် အဖွဲ့အစည်းများကိုယ်၌မှာလည်း ယင်းဥပဒေကို လိုက်နာရန်လိုအပ်ပြီး အတည်ပြု ပြဋ္ဌာန်းထားသည့် ဥပဒေဘောင်အတွင်းမှသာ ဥပဒေကို အကျိုးသက်ရောက်မှုရှိအောင် ဆောင်ရွက်ရမည်ဟု ဆိုလိုသည်။ နိုင်ငံသားများ၏ အခြေခံရပိုင်ခွင့်များကို အကာအကွယ်ပေးရန် အဆိုပါ အခြေအနေ နှစ်ရပ်စလုံးမှာ မရှိမဖြစ်လိုအပ်သည်။ ဒီမိုကရေစီစနစ် ရင့်သန်နေသော နိုင်ငံများ၏ အတိတ်ကို ပြန်ကြည့်လျှင် ရွေးကောက်ပွဲ ဒီမိုကရေစီစနစ် မပေါ်ထွန်းမီ အချိန်အတော်ကြာကတည်းက "ဥပဒေစိုးမိုးမှု" အယူအဆသည် ကောင်းစွာ အမြစ်တွယ်လျက်ရှိခဲ့ပြီ ဖြစ်၏။ ဥပဒေစိုးမိုးမှု မရှိလျှင် ရွေးကောက်ပွဲ ဒီမိုကရေစီ



ဆိုသည်ပင် အတုအယောင် ဖြစ်ကောင်းဖြစ်နိုင်ပေသည်။

ဒီမိုကရေစီစနစ် အထိုင်ကျနေသော နိုင်ငံများတွင် နိုင်ငံတော်နှင့် အစိုးရတို့ (the state and its administration)တည်ရှိခြင်း၏ အဓိပ္ပာယ်သည် 'ပြည်သူ့အကျိုးစီးပွား'ကို ဆောင်ရွက်ရေးအတွက်ဖြစ်သည်ဆိုသည့် သဘောမှာ ထုတ်ပြောဖို့ပင် မလိုတော့သော စကားရပ်တစ်ခုဖြစ်နေပေပြီ။ ခေတ်သစ် ဥရောပနိုင်ငံသမိုင်းအကြောင်း အထူးပြုလေ့လာနေသော သမိုင်းပညာရှင်များက ဒီမိုကရေစီစနစ်ဆီ အသွင်ကူးပြောင်းရာတွင် အဓိကကျသည့် ဖြစ်ထွန်းမှုတစ်ရပ်ကို မကြာခဏ ထောက်ပြပြောဆိုလေ့ရှိကြသည်။ ယင်းဖြစ်ထွန်းမှုမှာ နိုင်ငံတော်ဘဏ္ဍာငွေနှင့် ဘုရင့်ဘဏ္ဍာငွေတို့ကို ခွဲခြားနိုင်ခဲ့ခြင်းဖြစ်သည် ဟူ၍ဖြစ်၏။ ယင်းဖြစ်ထွန်းမှုမှအစပြု၍ နိုင်ငံတော်နှင့် အစိုးရတို့ တည်ရှိခြင်းဆိုသည်မှာ အာဏာကို ဆုပ်ကိုင်ထားသော အစိုးရအဖွဲ့ဝင်များ၏ ပုဂ္ဂလိက အကျိုးစီးပွားကို ဖြည့်ဆည်းဖို့မဟုတ်ဘဲ ပြည်သူလူထု၏ အကျိုးစီးပွားကို ဖြည့်ဆည်းဖို့သာဖြစ်သည်ဟူသော ယူဆချက် ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် အစိုးရအဖွဲ့ဝင်များသည် ရင်းတို့၏ ရာထူး အာဏာများကို အသုံးပြု၍ ကိုယ်ကျိုးစီးပွား ကြွယ်ဝချမ်းသာလာအောင် လုပ်မည့်သူများ မဟုတ်ဟုလည်းကောင်း၊ အပေါင်းအသင်းများနှင့် ဆွေမျိုးညာတိကများကို မျက်နှာသာပေးမည့်သူများ မဟုတ်ကြဟုလည်းကောင်း အများပြည်သူက မျှော်လင့်ခဲ့ကြသည်။ နိုင်ငံတော်နှင့် အစိုးရဟူသည် 'ပြည်သူ့ အကျိုးစီးပွား'ကို တိုးတက်လာအောင် ပြည်သူလူထုအား အလုပ်အကျွေးပြုရမည်၊ ကိုယ်ကျိုးရှာရေး၊ ဆွေမျိုးမိသင်္ဂဟများအား မျက်နှာသာပေးရေး မဟုတ် ဆိုသည့်စံများ (norms) လူ့အဖွဲ့အစည်းတွင်း အမြစ်တွယ် ရှင်သန်လာရေးမှာ မျိုးဆက်ပေါင်းများစွာ ကြာမြင့်ခဲ့ရသည်။ အဆိုပါစံများ အခြေတည်လာရေးကို အထောက်အပံ့ပြုခဲ့သည့်အရာမှာ ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ တာဝန် ပိုင်နိုင်ကျွမ်းကျင်မှုပညာ (professionalism) ၁၉ရာစုတာလ

www.burmeseclassic.com



များအတွင်း ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ လခစား အချိန်ပြည့် အလုပ်များခန့်ထားခြင်း၊ အရည်အချင်းပေါ် မူတည်၍ အလုပ်ခန့်အပ်ခြင်းနှင့် ကြိုတင်ခန့်မှန်းနိုင်သော တက်လမ်းများရှိခြင်းစသည်တို့ သည် တိုယ်နှင့်သက်ဆိုင်ရာ တာဝန်များကို ပိုင်နိုင်ကျွမ်းကျင်အောင် ဖန်တီးပေးသည့် အခြေအနေများဖြစ်သည်။

နိုင်ငံတော်တစ်ရပ် တည်ရှိခြင်းနှင့် နိုင်ငံတော် အုပ်ချုပ်ရေးအတွက် အစိုးရတစ်ရပ်တည်ရှိခြင်း အကြောင်းရင်းမှာ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ပေးရေး၊ ပြည်သူတို့အား အလုပ်အကျွေးပြုရေး ဆိုသည့် စံညွှန်းနှစ်ရပ်ကို ရွေးချယ်တင်မြှောက်ခံရသော နိုင်ငံရေးသမားများ သို့မဟုတ် အမတ်များက တဖြည်းဖြည်း လက်ခံလာခဲ့ကြသည်။ ဤကဲ့သို့သော စံတန်ဖိုးများ လက်ခံလာဖို့ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ရသည်၊ ယခင်ကဆိုလျှင် အမတ်ရာထူးအတွက် ရွေးချယ်တင်မြှောက်ခံရခြင်းသည် ပွဲပေါက်တိုးစေမည့်၊ ဆွေမျိုးဉာတိကများအား ပေးကမ်းစွန့်ကြဲခွင့် ရစေမည့် ရာထူးရာခံတစ်ရပ်ဟု လက်ခံခဲ့ကြ၏။ 'ပြည်သူ့အကျိုးစီးပွား'နှင့် 'ပြည်သူတို့အား အလုပ်အကျွေးပြုရေး' စံနှစ်ရပ်သည် ယခုအခါ ကမ္ဘာ့ကုလသမဂ္ဂ၏ ပြည်သူ့ဝန်ထမ်းကျင့်ဝတ်( စာမျက်နှာ ၁၉၁ ကို ကြည့်ပါ။) ထဲတွင် တရားဝင်ပြဋ္ဌာန်းထားပြီး ဖြစ်လေသည်။

အထက်ဖော်ပြပါ စံနှစ်ရပ်ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ ဂုဏ်သိက္ခာရှိရှိ လိုက်နာရမည့် ကျင့်ဝတ်သီလအဖြစ် သဘောမထားကြဘဲ မကြာခဏ ချိုးဖောက်နေကြခြင်းသည် ကံဆိုးသည်ဟုပင် ဆိုရမည်။ နိုင်ငံ အတော်များများတွင် အကျင့်ပျက်ခြင်း (corruption) (ရာထူးကို တလွဲအသုံးချကာ ကိုယ်ကျိုးရှာခြင်း) သည် နက်ရှိုင်းစွာ အမြစ်တွယ်လျက် ရှိ၏။ ရာထူးကို တလွဲအသုံးချကာ ကိုယ်ကျိုးရှာခြင်း ဆိုရာတွင် အကြီးစား ကန်ထရိုက်လုပ်ငန်းကြီးများ ရရှိရေးအတွက် သက်ဆိုင်ရာ ပုဂ္ဂိုလ်များထံ လာဘ်ထိုးရခြင်း သို့မဟုတ် ပြည်သူလူထု၏



အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရေးအတွက် တရားဝင် တာဝန်ပေးထားသော ဝန်ထမ်းများအား ပြည်သူလူထုက ၎င်းတို့လိုအပ်ချက်များ လုပ်ဆောင်ပေးအောင် လာဘ်ထိုးရခြင်းတို့ ပါဝင်သည်။ တချို့သော ပြဿနာများ ဖြစ်ပေါ်ရသည့် အကြောင်းရင်းများမှာ ပြည်တွင်း အခြေအနေများကြောင့် ဖြစ်သည်၊ သာဓကပြရလျှင် ထုံးတမ်းဓလေ့စံများက အာဏာရှိသူများကို သာမန်ပြည်သူလူထု၏ ဘဝနေထိုင်မှုပုံစံနှင့် ထူးခြားစွာ သိသာထင်ရှားစွာ ဝတ်စားဆင်ယဉ်ခွင့်၊ နေထိုင်ခွင့်များ တရားဝင် လက်ခံထားခြင်းမျိုး ဖြစ်သည်။ နောက်ထပ်သာဓကတစ်ခုမှာ အာဏာရှိသူများသည် အာဏာကို အသုံးချကာ ပုဂ္ဂိုလ်ရေးခင်မင်ရင်းနှီးသူများနှင့် ပေးရကျွေးရမည့်သူများကို ပေးကမ်းထောက်ပံ့ခွင့် ပေးထားခြင်းသည် ထုံးစံလိုဖြစ်နေကြခြင်းဖြစ်သည်။ အောက်ခြေဝန်ထမ်းများသည် လစာငွေ အရနည်းတတ်သည့်အတွက်ကြောင့် ဝန်ထမ်းကျင့်ဝတ် ဖောက်ဖျက်မှုမျိုးများ ရှိတတ်သည်။ ပြည်ပမှရောက်လာသော ပြဿနာများလည်း ရှိသည်။ ယင်းမှာ အချို့သောနိုင်ငံခြားကုမ္ပဏီများသည် (တိုင်းပြည်၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များနှင့် လုံးဝကိုက်ညီမှု ရှိချင်မှ ရှိမည်၊) အမြတ်အစွန်း မြိုးမြိုးမြက်မြက်ရနိုင်မည့် ပြည်သူပိုင် ကန်ထရိုက်လုပ်ငန်းများကို ပြိုင်ဖက် ကုမ္ပဏီများနှင့် ယှဉ်ပြိုင်ရာတွင် ၎င်းတို့ရရှိအောင် နိုင်ငံရေးသမားများ၊ အစိုးရအရာရှိကြီးများကို လာဘ်ထိုး၍ ပူးပေါင်းလိမ်လည်ရန် ညှိထားခြင်းမျိုးများလည်း ရှိလေ့ရှိသည်။ နိုင်ငံတကာ 'အကျင့်ပျက်မှု စောင့်ကြည့်ရေး' အင်ဂျီအို (NGO)ကြီးတစ်ခု ဖြစ်သည့် 'နိုင်ငံတကာ ပွင့်လင်းမြင်သာမှု အဖွဲ့' (Transparency International) (TI)၏ အစီရင်ခံစာတစ်ခုက ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကြား အကျင့်ပျက်မှု ကွာဟချက် မည်မျှကြီးမားကြောင်း အလေးအနက် ထောက်ပြခဲ့သည်၊ (ဒီအိုင် (TI) အဖွဲ့၏ 'အကျင့်ပျက်မှု' သဘောထား ကောက်ခံရရှိမှု အညွှန်းကိန်း -၂၀၀၃ ခုနှစ်ကို စာမျက်နှာ ၁၉၂ တွင် ကြည့်ပါ။)

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အကြောင်းရင်းကြောင့် အကျင့်ပျက်မှု ဖြစ်ရသည် ဖြစ်စေ အကျင့်ပျက်မှုသည် ဒီမိုကရေစီစနစ်ကို ယိုယွင်းပျက်စီးစေသည်။ အကြောင်းမှာ အကျင့်ပျက်မှုသည် အုပ်ချုပ်သူများနှင့် အုပ်ချုပ်ခံတို့ကြား ဖြစ်သင့်ဖြစ်ထိုက်သည့် ဆက်ဆံရေးကို ကပြောင်းကပြန်ဖြစ်အောင် လုပ်နိုင်စွမ်းသောကြောင့် ဖြစ်၏။ နိုင်ငံရေးသမားများ တည်ရှိမှုသည် ပြည်သူလူထုအား အလုပ်အကျွေးပြုရန်အတွက် ဖြစ်သည်ဟုဆိုရမည့်အစား နိုင်ငံရေးသမားများ၏ လိုအပ်ချက်များနှင့် ဘဝနေထိုင်မှုပုံစံများ ပြည့်စုံအောင် ဖြည့်ဆည်းပေးရေးအတွက် ပြည်သူလူထုတည်ရှိနေသည်ဟု အဓိပ္ပာယ် ထွက်နေလေသည်။ 'ပြည်သူ့အကျိုးစီးပွား' ဖော်ဆောင်ရေး အယူအဆကို ရွှေ့တန်းမတင်ဘဲ ဝိုးတိုးဝါးတားနှင့် လူကြားကောင်းအောင် ပြောနေသည့် ဒီမိုကရေစီစနစ်ကို တည်ဆောက်ရန် ရွေးကောက်ပွဲများ ကျင်းပနေခြင်းသည် မည်သို့မှ အရာထင်မည် မဟုတ်ပါ။ မည်သည့် ပြဿနာကိုမှ ဖြေရှင်းပေးနိုင်မည် မဟုတ်ပါ။ စင်စစ် ရွေးကောက်ပွဲများသည်ပင် အကျင့်ပျက်မှုကို ပို၍အားပေးရာရောက်သည့် အကြောင်းရင်းများ ဖြစ်နေတတ်သည်။ အကြောင်းရင်းမှာ နောက်တစ်ကြိမ်လာမည့် ရွေးကောက်ပွဲတွင် အနိုင်ရရှိရေးအတွက် အသုံးပြုမည့် ရွေးကောက်ပွဲ စရိတ်စားခများကို ကြိုရှာထားဖို့ နိုင်ငံရေးသမားများအား ရွေးကောက်ပွဲများက ဖိအားပေးနေရာ ဤနေရာတွင် အကျင့်ပျက်မှုသည် တစ်စခန်း ထနေတတ်၏။ 'တီအိုင်' အဖွဲ့၏ ပြည်သူ့စစ်တမ်း ကောက်ယူမှုအရ ပြည်သူလူထု၏ စိတ်ထဲတွင် နိုင်ငံရေးပါတီများသည် အကျင့်ပျက်မှု အင်စတီကျူးရှင်းများအနက် ထိပ်ဆုံးနေရာတွင်ရှိကြောင်း ဖော်ပြချက်သည် သာမန်ကိစ္စမဟုတ်ကြောင်း အကဲဖြတ်နိုင်ပေသည်။



ပြည်သူ့ဝန်ထမ်းများအတွက် အပြည်ပြည်ဆိုင်ရာ ဝန်ထမ်းကျင့်ဝတ်
(ရွေးချယ်ဖော်ပြသော အပိုဒ်ခွဲများ)

- ပြည်တွင်းဥပဒေအရ အဓိပ္ပာယ်ဖွင့်ဆိုထားသော 'ပြည်သူ့ဝန်ထမ်းရာထူး'ဟူသည် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ရမည့် တာဝန်ဟုအဓိပ္ပာယ်သက်ရောက်ပြီး ယုံကြည်၍အပ်နှင်းထားသော ရာထူးဖြစ်သည်။ ထို့အတွက်ကြောင့် ပြည်သူ့ဝန်ထမ်းများ၏ အကြွင်းမဲ့သစ္စာခံမှုသည် ၎င်းတို့တိုင်းပြည်ရှိ ပြည်သူလူထု၏ အကျိုးစီးပွားကိုသာလျှင် ဖြစ်ရမည်၊
- ပြည်သူ့ဝန်ထမ်းများသည် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ထမ်းရွက်ရာတွင် အထူးသဖြင့် ပြည်သူလူထုနှင့် ဆက်ဆံရာတွင် အလေးအနက်အာရုံစိုက်ရမည်၊ မျှတရမည်၊ ဘက်လိုက်မှုကင်းရမည်။ ပြည်သူ့ဝန်ထမ်းများသည် မည်သူ တစ်ဦးတစ်ယောက်ကိုမှ သော်လည်းကောင်း၊ မည်သည့် အုပ်စုတစ်စုကိုမှ သော်လည်းကောင်း လျော်ကန်မှု မရှိသည့် ဦးစားပေးဆက်ဆံမှုမျိုး မပြုလုပ်ရ။ သို့မဟုတ် မည်သူတစ်ဦးတစ်ယောက်ကိုမှ သော်လည်းကောင်း၊ မည်သည့်အုပ်စု တစ်စုကိုမှသော်လည်းကောင်း မည်သည့် ခွဲခြားဆက်ဆံခြင်းမျိုးကိုမျှ မပြုကျင့်ရ။
- ပြည်သူ့ဝန်ထမ်းများသည် ၎င်းတို့အား ပေးအပ်ထားသည့် အခွင့်အာဏာကို မလျော်မကန်သုံး၍ ၎င်းတို့၏ တိုးတက်ရာ တိုးတက်ကြောင်းရှာကြံမှု မပြုရ၊ သို့မဟုတ် ၎င်းတို့မိသားစု၏ ပုဂ္ဂိုလ်ရေး အကျိုးရှာမှု၊ စီးပွားရေး အကျိုးရှာမှုတို့ မပြုကျင့်ရ။ ပြည်သူ့ဝန်ထမ်း

www.burmeseclassic.com

www.burmeseclassic.com



များသည် ၎င်းတို့၏ ရာထူးတာဝန်နှင့် မလျော်ညီသောလုပ်ငန်းကိစ္စများတွင် ပါဝင်ခြင်း၊ ရာထူး သို့မဟုတ် တာဝန်ယူခြင်း၊ သို့တည်းမဟုတ် ငွေကြေးရယူခြင်း၊ စီးပွားရေးလုပ်ခြင်း သို့မဟုတ် ယင်းတို့နှင့် အလားတူသော အကျိုးစီးပွားရှာခြင်းများ မပြုလုပ်ရ။

- ပြည်သူ့ဝန်ထမ်းများသည် ၎င်းတို့၏ တာဝန်ဝတ္တရားများဆောင်ရွက်မှု၊ ဆုံးဖြတ်ချက်များ ချမှတ်မှုတို့အပေါ် ဩဇာသက်ရောက်မှုရှိစေနိုင်သည့် လက်ဆောင်ပစ္စည်း သို့မဟုတ် အကူအညီတစ်ခုခုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ တောင်းခံခြင်းသော်လည်းကောင်း၊ ရယူခြင်းသော်လည်းကောင်း မပြုလုပ်ရ။

(အထက်ဖော်ပြပါ အပိုဒ်ခွဲများသည် ကုလသမဂ္ဂ ရာဇဝတ်မှု တားဆီးရေးနှင့် ရာဇဝတ်မှု စီရင်ဆုံးဖြတ်မှုဌာနခွဲ၊ ၁၉၉၇ ခုနှစ်မှ ထုတ်ပြန်ချက်များ ဖြစ်သည်။)

**တီအိုင် (TI) အဖွဲ့၏ 'အကျင့်ပျက်မှု' အပေါ် သဘောထားကောက်ခံရရှိမှု အညွှန်းကိန်း (၂၀၀၃ ခုနှစ်)**

- ဤအညွှန်းကိန်းသည် နိုင်ငံ ၁၃၃ နိုင်ငံရှိ နိုင်ငံရေးသမားများနှင့် ပြည်သူ့ဝန်ထမ်းများ၏ အကျင့်ပျက်မှု အဆင့်များ ဖော်ပြထားချက်ဖြစ်သည်။ စစ်တမ်းကောက်ယူရာတွင် ပါဝင်အကဲဖြတ်သူများမှာ သက်ဆိုင်ရာနိုင်ငံများ၏ ပြည်တွင်း ပြည်ပရှိ စီးပွားရေး လုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် အရဲစွန့်မှု သရုပ်ခွဲသူများ (risk analysts) ဖြစ်ကြသည်။ ရမှတ် ၁၀ ဖြစ်လျှင် အကျင့်ပျက်မှု လုံးဝမရှိဟု ဆိုလိုပြီး ရမှတ် သုညသည်



လုံးဝအကျင့်ပျက်မှုဟု ဆိုလိုသည်။

- ၂၀၀၃ ခုနှစ် အညွှန်းကိန်းအရ ဖွံ့ဖြိုးဆဲ နိုင်ငံအားလုံး၏ ထက်ဝက်သည် သုံးမှတ်အောက် ရောက်လျက်ရှိသည်။ ယင်းမှာ အကျင့်ပျက်မှု ပျံ့နှံ့လျက်ရှိကြောင်းကို ညွှန်ပြ၏။ အဓိကကျသည့် တိုင်းပြည်ကြီးများကို ဖော်ပြရလျှင် အိန္ဒိယ (၂. ၈)၊ ရုရှား(၂. ၇)၊ အင်ဒိုနီးရှား (၁. ၉)နှင့် နိုင်ဂျီးရီးယား(၁. ၄)တို့ ဖြစ်သည်။ ၅ မှတ်အောက်တွင်ရှိသော ဖွံ့ဖြိုးဆဲ ၉ နိုင်ငံရှိသည်။ ဖွံ့ဖြိုးပြီးနိုင်ငံအားလုံးနီးပါးသည် အီတလီ (၅. ၃) နှင့် ဂရိ (၄. ၃) တို့မှလွဲလျှင် ၇ မှတ် အထက်တွင်ရှိသည်။
- ၂၀၀၃ ခုနှစ်တွင် နိုင်ငံပေါင်း ၄၈ နိုင်ငံရှိ ပြည်သူများထံ စစ်တမ်းကောက်ယူရာတွင် အကျင့်ပျက်မှု အများဆုံးနှင့် ပြုပြင်ရန် အလိုအပ်ဆုံး အဖွဲ့အစည်းများမှာ နိုင်ငံရေးပါတီများ၊ တရားရုံးများနှင့် ရဲဌာနများဟု ၎င်းတို့က ဖော်ပြကြသည်။
- တီအိုင်၏ နောက်ထပ် စစ်တမ်းကောက်ယူမှု တစ်ခုဖြစ်သည့် 'လာဘ်ပေးရသူများ အညွှန်းကိန်း' (Bribe Payers Index)သည် အကျင့်ပျက်မှု ဆက်သွယ်ချက် (ပို့ကုန်အားထားသော ထိပ်တန်း ၁၀ နိုင်ငံမှ ကုမ္ပဏီများ၏ ပေါ်ထွန်းစ ဈေးကွက်သစ်များတွင် လာဘ်ပေးရမှု အလေ့အထ)ကို ဖော်ပြသည်။ စစ်တမ်းအရ ကုမ္ပဏီများ လာဘ်ထိုးမှု အမြင့်ဆုံးလုပ်ရသည့် တိုင်းပြည်များမှာ ရုရှား၊ တရုတ်၊ တရုတ်တိုင်ပေနှင့် တောင်ကိုရီးယားတို့ဖြစ်သည်။ ယင်းတိုင်းပြည်များနောက် ကပ်လိုက်လာသော တိုင်းပြည်များမှာ အီတလီ၊ ဟောင်ကောင်၊ မလေးရှား၊ ဂျပန်၊ အမေရိကန်နှင့် ပြင်သစ်တို့ဖြစ်ကြသည်။

(နောက်ထပ်အသေးစိတ်သိလိုပါက **www. transparency.org** အင်တာနက် ဝက်ဘ်ဆိုက်ကိုကြည့်ပါ။)

www.burmeseclassic.com

www.burmeseclassic.com



## အမျိုးသားနိုင်ငံ

ဒီမိုကရေစီစနစ် ရင့်သန်နေသော နိုင်ငံများတွင် အမျိုးသားနိုင်ငံဖွဲ့တည်မှု (nationhood) အင်္ဂါရပ်များသည် ဒီမိုကရေစီစနစ် စတင် မကျင့်သုံးမီကတည်းကပင် တည်ရှိခဲ့ပြီး ဖြစ်သည်။ အမျိုးသားနိုင်ငံဖွဲ့တည်မှု၏ အခြေခံလိုအပ်ချက်မှာ လူမျိုးတစ်မျိုးတည်းဖြင့်သာ ဖွဲ့စည်းခြင်းမျိုး ဖြစ်ရမည်ဖြစ်သည်။ ယင်းလူမျိုးတွင် တူညီသော ဘာသာစကား၊ တူညီသော ယဉ်ကျေးမှု၊ တူညီသော သမိုင်းနောက်ခံဆိုသည့် လူမျိုးရေး လက္ခဏာများ ရှိဖို့လိုအပ်ပြီး ယင်းလူမျိုးဝင်များအားလုံး လက်ခံထားသော နယ်နိမိတ် အပိုင်းအခြားတစ်ခုတွင် အတူတကွ နေထိုင်ကြရမည်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံသစ် အတော်များများတွင် လူမျိုးရေး လက္ခဏာဟူသည် သိပ်ခိုင်ခိုင်မာမာ ရှိကြသည်မဟုတ်ပါ။ အထူးသဖြင့် အာဖရိကနှင့် အာရှဒေသများရှိ နိုင်ငံများ (states)ဟု ကျွန်တော်တို့ ခေါ်ဝေါ် အသိအမှတ်ပြုထားသော တိုင်းပြည်များသည် တစ်ချိန်က အာဖရိကနှင့် အာရှဒေသများကို လွှမ်းမိုးခဲ့သော ကိုလိုနီဝါဒီများ၏ စိတ်ထင်သလို ပိုင်းခြားပေးခဲ့သည့် နယ်မြေပိုင်းခြားချက်များ ဖြစ်ကြသည်။ ထို့အတွက်ကြောင့် တိုင်းပြည်တစ်ခုရှိ လူမျိုးစုများသည် မိမိနေထိုင်ရာ တိုင်းပြည်အပေါ်သာ သစ္စာစောင့်သိမှု ရှိရမည့်အစား နေထိုင်ရာ တိုင်းပြည်၏ နယ်နိမိတ်ကို ဖြတ်ကျော်ကာ အိမ်နီးချင်းနိုင်ငံများအပေါ် သစ္စာစောင့်သိမှုမျိုးတွေ ရှိနေတတ်သည်။ ထို့အပြင် ကိုလိုနီနယ်ချဲ့များ၏ သွေးခွဲအုပ်ချုပ်ရေး မူဝါဒများကြောင့် နိုင်ငံတစ်နိုင်ငံအတွင်း အတူမှီတင်းနေထိုင်ကြသော လူမျိုးစုများအကြား လူမျိုးရေး ပဋိပက္ခများ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်လာစေခဲ့သည်။

ဒီမိုကရေစီစနစ်နှင့် လူမျိုးတို့အကြား ဆက်နွယ်မှုသည် အဘယ်ကြောင့် အရေးကြီးပါသနည်း။ ဒီမိုကရေစီစနစ်ဟူသည် 'အများပြည်သူ၏အုပ်ချုပ်မှု'ဟု အဓိပ္ပာယ် ဖွင့်ဆိုထားသည်ဖြစ်ရာ ဤနေရာ



တွင် အထူးတလည် မေးခွန်းထုတ်စရာတစ်ခု ရှိလာသည်။ ယင်းမှာ 'ပြည်သူလူထု'ဟူသည် မည်သူတို့ ဖြစ်ပါသနည်း။ ဒီမိုကရေစီစနစ်တစ်ရပ် ထူထောင်ဖို့ရန် 'နိုင်ငံတစ်နိုင်ငံအတွင်း ပြည်သူလူထုဟူသည် မည်သူတို့ ဖြစ်ရမည်၊ ဒီမိုကရက်တစ် ဆုံးဖြတ်ချက်များကို မည်သူတို့က လိုက်နာရမည်၊ နိုင်ငံသားဖြစ်မှုကြောင့် ရရှိလာမည့် တန်းတူရပိုင်ခွင့်များနှင့် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို မည်သူတို့ ဝေမျှခံစားကြရမည်' ဆိုသည့် အချက်များအပေါ် အနိမ့်ဆုံး သဘောတူဖို့ မဖြစ်မနေလိုအပ်သည်။ အဆိုပါအချက်များနှင့်ပတ်သက်၍ သဘောထားကွဲမှုများ အပြင်းအထန် ရှိနေသည်ဆိုလျှင် သဘောထားကွဲမှုများကို ပုံမှန် အသုံးပြုနေကျ ဒီမိုကရေစီလုပ်ထုံးလုပ်နည်းများဖြင့် (အနိမ့်ဆုံးဆိုရလျှင် မဲခွဲဆုံးဖြတ်မှုမျိုးဖြင့်) ဖြေရှင်း၍ ရနိုင်မည် မဟုတ်ပေ။ ၁၈ ရာစု ဒီမိုကရက်တစ် အတွေးအခေါ်ပညာရှင် ရူးဆိုးထောက်ပြခဲ့သည်မှာ အများသဘောတူ မဲခွဲဆုံးဖြတ်သည့် စနစ်တစ်ရပ် မကျင့်သုံးခင် ယင်းစနစ်ကို လက်ခံကျင့်သုံးရေးအတွက် အများက အရင်ဦးဆုံး သဘောတူလက်ခံဖို့ လိုအပ်သည်။ ထို့အပြင် မဲဆန္ဒရှင်များသည် မည်သူမည်ဝါတို့ဖြစ်ရမည်၊ မဲခွဲဆုံးဖြတ်၍ ဖြစ်ပေါ်လာသည့် အကျိုးရလဒ်များသည် မည်သူတို့အပေါ် အကျိုးသက်ရောက်မှု ရှိရမည် ဆိုသည့် အချက်နှစ်ချက်ကိုလည်း အများသဘောတူဖို့လိုသည်ဟု ရူးဆိုးက ဆိုခဲ့သည်။

ဒီမိုကရေစီစနစ် အထိုင်ကျနေသော နိုင်ငံများတွင် အများပြည်သူ အုပ်ချုပ်မှုစနစ် ကျင့်သုံးသည့်ခေတ်သို့ ရောက်ရှိလာသည့်အခါ 'အမျိုးသားနိုင်ငံဖွဲ့တည်မှု' ပြဿနာကို နိုင်ငံအလိုက် သူ့အတိုင်းအတာနှင့်သူ ဖြေရှင်းခဲ့ပြီးဖြစ်သည်။ ယင်းအခြေအနေနှင့် လွန်စွာမှ ခြားနားလှစွာပင် ပေါ်ထွန်းစ ဒီမိုကရေစီ နိုင်ငံသစ်များတွင်မူ နိုင်ငံသားများအကြား ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှုနှင့် လူမျိုးစုမတူညီမှုများကြောင့် သဘောထားကွဲမှုများသည် သမိုင်းတစ်လျှောက်လုံး

www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းစွာ တည်ရှိနေခဲ့ကြသည်။ ထို့အတွက်ကြောင့် နိုင်ငံသားများအကြား နိုင်ငံရေး ခံယူချက်ချင်းတူညီမှု၊ ဘဝတူ နိုင်ငံသားအဖြစ်ခံယူမှု (common citizenship)ဆိုသည့် သဘောထားများမှာ လွန်စွာမှ အားနည်းနေလျက်ရှိ၏။ ၁၉ ရာစု ဒီမိုကရက်တစ် အတွေးအခေါ်ပညာရှင် ဂျွန်စတူးဝပ်မေးလ်က မတူကွဲပြားမှုများ များစွာတည်ရှိနေသော နိုင်ငံတစ်နိုင်ငံတွင် ဒီမိုကရေစီ စနစ်တစ်ရပ် ထူထောင်ရေးမှာ မလွယ်ကူလှကြောင်း ထောက်ပြခဲ့သည်။ သူက "လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော နိုင်ငံတစ်နိုင်ငံတွင် လွတ်လပ်သော အင်စတီကျူးရှင်းများ ထူထောင်ဖို့ဆိုသည်မှာ မဖြစ်နိုင်သလောက်ပင်ဖြစ်သည်။ အကြောင်းမှာ လူမျိုးစုတစ်စုသည် အခြားလူမျိုးစုများ၏ ရန်ပြုမှုကို ကြောက်ရွံ့စိုးရိမ်နေကြရသောကြောင့်ဖြစ်သည်"ဟု ရေးသားခဲ့သည်။ မေးလ်တစ်ယောက် သိပ်ပြတ်ပြတ်သားသား ပြောလွန်းသည်ဟု ဆိုရမည်ဖြစ်သည်။ ယနေ့ခေတ် နိုင်ငံများကိုကြည့်လျှင် လူမျိုးတစ်မျိုးတည်းဖြင့် တည်ထောင်ထားသော နိုင်ငံများဟူသည် လက်ချိုးရေကြည့်၍ပင်ရသည်။ နိုင်ငံများအားလုံးလိုလိုမှာ အနည်းနှင့် အများဆိုသလို ယဉ်ကျေးမှုပေါင်းစုံ၊ လူမျိုးပေါင်းစုံ နိုင်ငံများချည်းပင် ဖြစ်သည်။

သို့သော် ဒီမိုကရေစီနိုင်ငံသစ်များ၏ သမိုင်းကိုပြန်ကြည့်လျှင် မေးလ်၏ စိုးရိမ်မှုများသည် စိတ်ကူးယဉ်မဆန်လှကြောင်း တွေ့ရမည်ဖြစ်သည်။ ရွေးကောက်ပွဲ ဒီမိုကရေစီစနစ်ဆီ အသွင်ကူးပြောင်းသော ကာလအစမှာပင် တိုင်းပြည်တစ်ပြည်အတွင်းရှိ တည်ရှိနေသည့် အကွဲအပြများကို ပိုမိုဆိုးရွားသွားစေနိုင်သည်။ ဤသို့ဖြစ်ရသည့် အကြောင်းရင်း တစ်စိတ်တစ်ဒေသမှာ လွတ်လပ်စွာ ပြောဆိုခွင့်နှင့် အခြေအတင်ငြင်းခုံခွင့်များ ရလာသည့်အခါ ယခင် အာဏာရှင်ဆန်ဆန် အုပ်ချုပ်မှုအောက်တွင်ရှိစဉ်က မြှုံသိပ်ထားခဲ့ရသော မကျေနပ်ချက်များ၊ သဘောထားကွဲလွဲနေမှုများကို ဖြည်လွှတ်ပေးလိုက်သလို ရှိသောကြောင့်ဖြစ်သည်။ ပို၍အရေးကြီးသည့် အချက်တစ်ချက်မှာ ရွေးကောက်ပွဲ မဲဆွယ်



မှုများပြုလုပ်ကြသည့်အခါ နိုင်ငံရေးသမားများသည် လူမျိုးအသီးသီး၏ မကျေနပ်ချက်များ၊ သဘောထားကွဲနေမှုများကို အခွင့်ကောင်းယူ အမြတ်ထုတ်ကာ မဲများများရအောင် သွေးထိုးလှုံ့ဆော်မှုများ၊ အင်အားစုဆောင်းမှုများပြုလုပ်ကြလေ့ရှိ၏။ မဲများများရမှ ၎င်းတို့ အာဏာရရှိမည် မဟုတ်လော။ စည်းရုံးလှုံ့ဆော်မှုသည် 'လူမျိုးရေး'အပေါ် သို့မဟုတ် 'လူ့အသိုင်းအဝိုင်း'တစ်ခုအပေါ် အခြေပြုခြင်းမျိုးဖြစ်ပါက ရွေးကောက်ပွဲ မဲဆွယ်မှုကာလအတွင်း အကြီးအကျယ် သဘောထားကွဲလွဲမှုများကို ဖြစ်ပေါ်စေသည်။ ရွေးကောက်ပွဲ ရလဒ်ထွက်လာလျှင်လည်း ပြဿနာမှာ မသေးလှ။ အကယ်၍ လူ့အသိုင်းအဝိုင်းတစ်ခုသည် အနိုင်ရရှိသွားသော လူ့အသိုင်းအဝိုင်း၏ လက်အောက် အနှိမ်ခံဘဝသို့ ရောက်ရှိသွားမည်ဟု စိုးရိမ်လာလျှင် လူ့အသိုင်းအဝိုင်း တစ်ခုနှင့်တစ်ခု အကြား အကြမ်းဖက်မှုများ ဖြစ်ပေါ်တတ်သည်။ အဆိုးရွားဆုံးအနေဖြင့် လူမျိုးတုံးသတ်ဖြတ်မှုများပင် ဖြစ်ပွားစေနိုင်သည်။ ယခင် ယူဂိုဆလားဗီးယားနိုင်ငံတွင် ဤအဖြစ်မျိုးနှင့် အမှန်ပင် ကြုံတွေ့ခဲ့ရသည်။

ဒီမိုကရေစီစနစ် ရင့်သန်နေသော နိုင်ငံများတွင် ဒီမိုကရေစီစနစ် ထွန်းကားအောင် လုပ်ခဲ့စဉ်က 'အမျိုးသားနိုင်ငံဖွဲ့တည်မှု'သည် အခိုင်အမာ တည်ရှိပြီးဖြစ်သည်။ သို့သော် ဒီမိုကရေစီနိုင်ငံသစ်များစွာတွင်မူ လူ့အဖွဲ့အစည်းအတွင်း အစိတ်စိတ် အမွှာမွှာ ဖြစ်နေသည်ဖြစ်ရာ ဒီမိုကရေစီ ထွန်းကားအောင်လုပ်ရေးလုပ်ငန်းနှင့် အမျိုးသားနိုင်ငံဖွဲ့တည်မှုအတွက် အားလုံးလက်ခံမည့် ဘုံအမျိုးသားရေးလက္ခဏာ (national identity)တစ်ရပ် ထူထောင်ရေး လုပ်ငန်းဆိုသည့် လုပ်ငန်းနှစ်ခုကို တစ်ပြိုင်နက်တည်း လုပ်ဆောင်ကြရသည်။ လုပ်ငန်းနှစ်ရပ် တစ်ပြိုင်နက်တည်းဆောင်ရွက်ရေးမှာ မဖြစ်နိုင်သော ကိစ္စတော့မဟုတ်ပါ။ သို့ရာတွင် ဤသို့လုပ်ဆောင်နိုင်ရန် လူမှုအဆောက်အအုံဆိုင်ရာ အစီအစဉ်များ (institutional arrangements)ရှိဖို့ လိုအပ်သည်။ ယင်းမှာရွေးကောက်ပွဲတွင် အနိုင်ရရှိသူကို အသိအမှတ်ပြုဖို့ လိုသလို

www.burmeseclassic.com



လူနည်းစု လူမှုအသိုင်းအဝိုင်းများ၏ လုံခြုံရေးနှင့် ခြိမ်းခြောက်မှုမခံရရေးတို့ အာမခံချက်ပေးနိုင်မည့် အစီအစဉ်များ လိုအပ်ခြင်းဖြစ်သည်။ မည်သို့သော အစီအစဉ်များသည် အကောင်းဆုံး အသင့်တော်ဆုံးဖြစ်သည်ဆိုသည့် အချက်မှာ သက်ဆိုင်ရာ နိုင်ငံများ၏ လက်ရှိ အခြေအနေများပေါ် မူတည်သည်။ အထူးသဖြင့် စဉ်းစားရမည့် အချက်မှာ လူနည်းစု လူမျိုးစုများသည် တိုင်းပြည်၏ ဒေသတစ်ခုတွင် တစ်စုတစ်ဝေးတည်းရှိသလော၊ သို့မဟုတ် နိုင်ငံတစ်ဝှမ်း ဖြန့်ကျက်နေသလော ဆိုသည့် အချက်များပင် ဖြစ်သည်။

လူနည်းစုလူမျိုးစုတစ်ခုသည် ဒေသတစ်ခုတွင် တစ်စုတစ်ဝေးတည်း နေထိုင်နေကြပါက ၎င်းတို့အား ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ရေးပေး၍ ၎င်းတို့ဘာသာ၎င်းတို့ အုပ်ချုပ်ခွင့်ပေးလိုက်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ ဤပုံစံမျိုးကို ဖက်ဒရယ်နိုင်ငံ အတော်များများတွင် ကျင့်သုံးလေ့ရှိသည်။ ဘာသာရေး ကိုးကွယ်ယုံကြည်မှု မတူသော လူ့အသိုင်းအဝိုင်းများတွင်မူ ၎င်းတို့ကိုယ်ပိုင် ပုဂ္ဂိုလ်ရေး၊ မိသားစုရေးများပါ အကျုံးဝင်သော တရားစီရင် ဆုံးဖြတ်ခွင့် ပေးအပ်ထားလျှင် ပြဿနာ အနည်းဆုံးဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ဤသို့သော တရားစီရင် ဆုံးဖြတ်ခွင့်ကို ပေးအပ်ထားသည်။ ထို့အပြင် ကင်ညာနှင့် နိုင်ဂျီးရီးယားရှိ သမ္မတ ရွေးကောက်ပွဲဆိုင်ရာ ကျင့်ထုံးများတွင်လို လူမျိုးစုတစ်စု၏ ထောက်ခံမှု သို့မဟုတ် ဒေသတစ်ခု၏ ထောက်ခံမှုသက်သက်ဖြင့် ရွေးကောက်ပွဲ အနိုင်ရရှိမျိုးကို လက်မခံသည့် ကန့်သတ်ချက်များ ထားရှိမှုမျိုးသည်လည်း လူနည်းစု လူမျိုးစုများ၏ ကံကြမ္မာကို အကာအကွယ်ပြုပေးမည့် လုပ်ထုံးလုပ်နည်းများဖြစ်သည်။ သို့မှသာလျှင် ဒီမိုကရေစီဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ လူမျိုးစုတစ်စုအတွက် မဟုတ်ဘဲ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော လူမျိုးပေါင်းစုံ၊ လူတန်းစားပေါင်းစုံတို့၏ အားထားရာ ရင်းမြစ်တစ်ခု ဖြစ်လာပါလိမ့်မည်။



အိန္ဒိယနိုင်ငံသည် ဒီမိုကရေစီစနစ် ထူထောင်မှု၏ **စံနမူနာပြ** နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ အိန္ဒိယနိုင်ငံ လူ့အဖွဲ့အစည်းသည် ဘာသာရေးအရ၊ လူတန်းစားဇာတ်စနစ်အရ၊ ဘာသာစကားအရ၊ နယ်မြေဒေသအရ အမျိုးမျိုး အဖုံဖုံ အစိတ်စိတ်အမွှာမွှာ ကွဲလျက်ရှိ၏။ မည်မျှပင် အစိတ်စိတ် အမွှာမွှာ ကွဲလျက်ရှိသည်ဖြစ်စေ ဒီမိုကရေစီအစိုးရများကို နှစ်ပေါင်း ၆၀ ကျော်မျှ မြဲမြန်စွာ ထိန်းသိမ်းထားလျက်ရှိသည်။ စင်စစ် အိန္ဒိယနိုင်ငံသည် ဒီမိုကရေစီနိုင်ငံသစ်တစ်ခုကား မဟုတ်တော့ပါ။ ဒီမိုကရေစီစနစ် အထိုင်ကျနေသော နိုင်ငံတစ်နိုင်ငံ ဖြစ်နေပြီဖြစ်သော အိန္ဒိယနိုင်ငံသည် ဂျွန်စတူးဝပ်မေးလ်၏ 'လူ့အသိုင်းအဝိုင်း အမျိုးမျိုးကွဲပြားနေသော နိုင်ငံတစ်နိုင်ငံသည် ဒီမိုကရေစီစနစ်နှင့် မသင့်လျော်' ဟုဆိုသည့် အဆိုမြင်ကောက်ချက်ချမှုသည် မှားယွင်းကြောင်း ထောက်ပြလျက်ရှိ၏။ ၁၉၄၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် လွတ်လပ်ရေးရခဲ့ပြီးနောက် ပါကစ္စတန်နိုင်ငံနှင့် နယ်မြေခွဲခြားပြီးသည့်အခါ ကြောက်မက်ဖွယ်ရာ လူမျိုးစု လူမျိုးတုံးသတ်ဖြတ်မှုများ ရှိခဲ့သော်ငြားလည်း လွတ်လပ်ရေးရပြီးကတည်းက ဒီမိုကရေစီစနစ်ကို မပျောက်မပျက် ဆက်လက်ကျင့်သုံးနိုင်ခဲ့သော ကိုလိုနီနိုင်ငံ အနည်းစုအနက် တစ်နိုင်ငံဖြစ်လေသည်။ လွတ်လပ်ရေးရပြီးချိန်မှစ၍ နှစ်ပေါင်းများစွာ အုပ်ချုပ်ခဲ့သော ကွန်ဂရက်ပါတီသည် လူ့အသိုင်းအဝိုင်း တစ်ခုခုဘက်ကို ဘက်မလိုက်ဘဲ လူ့အသိုင်းအဝိုင်းအားလုံးကို ဆွဲဆောင်စည်း ရုံးခဲ့သည့် အိန္ဒိယတစ်နိုင်ငံလုံးဆိုင်ရာ ပါတီတစ်ခုအဖြစ် ရပ်တည်လျက်ရှိ၏။ တရားရေးဌာနများ၏ လွတ်လပ်စွာ တရားစီရင်ခွင့်ရှိမှု အစဉ်အလာကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဂုဏ်သိက္ခာကို ပိုမြင့် တက်စေသလို ဖွဲ့စည်းပုံအခြေခံ ဥပဒေကို အားလုံးက ပို၍လည်း လေးစားလာကြသည်။ လူမျိုးရေး တင်းမာမှုများ ဆက်လက်ရှိနေဆဲပင်ဖြစ်၏။ အထူးသဖြင့် ပါကစ္စတန်နှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ကက်ရှမီးယားဒေသနှင့် အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသများတွင် ဟိန္ဒူများနှင့် မွတ်

www.burmeseclassic.com



ဆလင်များကြား တင်းမာမှုက ပို၍ ကြီးမားလှသည်၊ ထို့အပြင် ဟိန္ဒူ အမျိုးသားပါတီတစ်ခုဖြစ်သော ဘာရာတီးရား ဂျနတားပါတီ ဩဇာ တက်လာမှုသည် ဒီမိုကရေစီ ထွန်းကားရေးအတွက် အနှောက်အ ယှက်တစ်ခု ဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ဤသို့သော တင်းမာမှုများ ရှိနေသည့်တိုင် လွတ်လပ်ရေးရပြီးနောက်ပိုင်း အိန္ဒိယနိုင်ငံ၏ သမိုင်းက လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံဖြင့် ဖွဲ့စည်းထားသော အိန္ဒိယနိုင်ငံ၏ လူ့အဖွဲ့အ စည်းတွင် ဒီမိုကရေစီစနစ် ဆက်လက်ရှင်သန် ရပ်တည်နေနိုင်ကြောင်း သက်သေပြသည့် အားတက်စရာကောင်းသော သင်ခန်းစာများကို ပေး နေသည်၊ ဒီမိုကရေစီစနစ် ရှင်သန်ရပ်တည်နိုင်ရန် အင်စတီကျူးရှင်း များကို ဂရုတစိုက် ဒီဇိုင်းဆွဲဖို့တော့လိုအပ်သည်။ သင်ခန်းစာတစ်ခု မှာ အိန္ဒိယနိုင်ငံသားများသည် အဆင့်မျိုးစုံပါသော သစ္စာခံစိတ်များ (multi-level loyalities) မွေးမြူနိုင်စွမ်း ရှိမှုဖြစ်သည်။ ၎င်းတို့သည် ၎င်းတို့၏ ဘာသာ၊ ဒေသ၊ လူမျိုးစု၊ ဘာသာစကားနှင့် နိုင်ငံတော်ကို သစ္စာခံစိတ် ထားရှိနိုင်ကြသည်။ အခြားသူများကို ကြဉ်ထားခြင်း၊ နိုင် ထက်စီးနင်းပြုခြင်းတို့ မပြုလုပ်ဘဲ မတူညီသော ကိုယ်ပိုင်ဝိသေသ လက္ခဏာများကို ထိန်းသိမ်းဖို့ ဖြစ်နိုင်ချေရှိကြောင်း သက်သေပြနေ သည်။ ဒီမိုကရေစီ ရှင်သန်ရခြင်း၏ ဒုတိယသင်ခန်းစာမှာ လူ့အသိုင်း အဝိုင်း တစ်ခုနှင့်တစ်ခုကြား ပဋိပက္ခများ ဖြစ်လာသည့်အခါ နိုင်ငံရေး သမားများအနေနှင့် ဆန့်ကျင်ဘက် အုပ်စုအား အပြတ်ရှင်းပစ်လိုက် မည်ဟူသော စိတ်မထားဘဲ သည်းခံစိတ်မွေး၍ ပြေလည်မှုရှာတတ်ရန် လိုအပ်သည် ဆိုသည့်အချက်ဖြစ်သည်။ သည်းခံစိတ်မွေး၍ ပြဿနာကို မဖြေရှင်းနိုင်လျှင် ခံရသောလူ့အသိုင်းအဝိုင်းသည် လက်ရှိအုပ်ချုပ် နေသော အစိုးရကိုသာမက ဒီမိုကရေစီစနစ်ကိုပါ နာကြည်းမုန်းတီးကြ ပါလိမ့်မည်။

*****



## ဘာသာရေး

ဒီမိုကရေစီစနစ် ထူထောင်ရေးအတွက် နောက်ထပ်လိုအပ် ချက်တစ်ခုမှာ ဘာသာရေးနှင့် နိုင်ငံရေးကို အတိုင်းအတာတစ်ခုအထိ စည်းခြားထားဖို့ လိုခြင်းဖြစ်သည်။ ဒီမိုကရေစီစနစ်ကောင်းစွာ အမြစ် တွယ်နေသည့် နိုင်ငံများ ဒီမိုကရေစီစနစ်ကို စတင်ထူထောင်စ ကာလ တုန်းက ဘာသာရေးနှင့် နိုင်ငံရေး စည်းခြားထားရေးကိစ္စအပေါ် ပဋိ ပက္ခများ ခါးခါးသီးသီး ဖြစ်ပွားဆဲပင်ရှိနေခဲ့သည်။ နိုင်ငံအလိုက် သူ့ နည်းသူ့ဟန်နှင့် ဤပြဿနာကို ဖြေရှင်းခဲ့ရသည်။ ဒီမိုကရေစီစနစ် ထူထောင်ဖို့ ဘာသာရေးနှင့် နိုင်ငံရေးကို လုံးဝ စည်းခြားထားရမည်၊ နိုင်ငံတော်ဆိုသည်မှာ ဘာသာရေးနှင့် လုံးဝ ကင်းလွတ်ရမည်ဟူသော အများနားလည်ထားသည့် ယူဆချက်မှာ ယူဆချက် အမှားတစ်ခုဖြစ် သည်။

ဘာသာရေးနှင့် လုံးဝကင်းလွတ်သော နိုင်ငံတော်ဟု ပြင်သစ် နှင့် အမေရိကန်ပြည်ထောင်စုတို့၏ ဖွဲ့စည်းပုံ အခြေခံဥပဒေထဲတွင် အတိအလင်း ပြဋ္ဌာန်းထားကြသည်။ သို့သော် ဥရောပနိုင်ငံများစွာတွင် နိုင်ငံတော်ဘာသာကို တရားဝင်ပြဋ္ဌာန်းထားကြသည်။ ဒိန်းမတ်၊ ဖင် လန်နှင့် နော်ဝေတို့တွင် လူသာရင်ဂိုဏ်း၊ အင်္ဂလန်တွင် အင်ဂလိကန် ဂိုဏ်းနှင့် ဂရိတွင် အော်သိုဒေါ့ဂိုဏ်း စသည်ဖြင့် နိုင်ငံတော် ဘာသာ များအဖြစ် သတ်မှတ်ထားကြသည်။ နယ်သာလန်နှင့် ဂျာမနီနိုင်ငံများ တွင်မူ အစိုးရက ပရိုတက်စတင့်နှင့် ကက်သလစ်ဂိုဏ်း နှစ်ခုစလုံးကို ငွေကြေး အထောက်အပံ့တွေ ပေးကြသည်။ တစ်နေ့ထက်တစ်နေ့ ဘာ သာပေါင်းစုံ ကိုးကွယ်မှု ပိုမိုများပြားလာကြသော လူ့အဖွဲ့အစည်းများ များပြားလာသည်နှင့်အမျှ နိုင်ငံတော်ဘာသာ သတ်မှတ်ထားခြင်း၊ ဘာ သာရေးအဖွဲ့အစည်းများကို အစိုးရက ငွေကြေးထောက်ပံ့ခြင်း စသည့် တိစ္ဆရပ်များကို ဘာသာခြား နိုင်ငံသားများက မေးခွန်းတွေထုတ်လာ ကြသည့်တိုင် ဒီမိုကရေစီအစိုးရနှင့် ဘာသာရေးတို့သည် သဟဇာတ

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဟူသော ခိုင်လုံသည့် အထောက်အထားများ ယနေ့တိုင် မတွေ့ရသေးပါ။

ဒီမိုကရေစီစနစ်တွင် ဘာသာရေးနှင့် ပတ်သက်၍ လိုအပ်ချက်နှစ်ခုရှိသည်။ ပထမလိုအပ်ချက်မှာ ရွေးချယ်တင်မြှောက်ခံရသော နိုင်ငံရေးသမားများနှင့် အခြားသော အစိုးရတာဝန်ရှိသူများသည် မည်သည့် ဘာသာရေးအဖွဲ့အစည်း၏ ထိန်းချုပ်မှုအောက်တွင် တရားဝင် နည်းလမ်းအရသော်လည်းကောင်း၊ တရားမဝင် နည်းလမ်းအရသော်လည်းကောင်း မရှိစေရပါ။ ဒုတိယလိုအပ်ချက်မှာ အစိုးရတစ်ရပ်သည် ဘာသာတစ်ခု၏ ယုံကြည်မှုများ၊ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် ထုံးတမ်းဓလေ့များကို အခြားဘာသာဝင်များအပေါ် ပြဋ္ဌာန်းခြင်း မပြုရ၊ သို့မဟုတ် ယင်းအချက်များကို အခြေပြု၍ ခွဲခြားဆက်ဆံခြင်း မပြုရ။ တစ်နည်းဆိုရလျှင် အစိုးရတစ်ရပ်သည် နိုင်ငံသားဖြစ်မှုရပိုင်ခွင့်များ (citizenship rights)ကို လေးစားရမည်။ ဤလိုအပ်ချက်နှစ်ရပ်ကို လက်အောက်ခံ မဖြစ်ရေးမှုနှင့် ခန္တီစိတ်ထားရေးမှုများဟု ကျွန်တော်တို့ ခေါ်ဆိုနိုင်သည်။ အနောက်နိုင်ငံများတွင် ဒီမိုကရေစီနိုင်ငံရေး မရောက်ရှိခင်ကတည်းက ဤမှုနှစ်ရပ်နှင့် ပတ်သက်၍ ဖြစ်ပွားရသည့် ပဋိပက္ခများကို ဖြေရှင်းခဲ့ပြီး ဖြစ်သည်။ ဖြေရှင်းသည်ဆိုရာတွင် ဘာသာရေးနှင့် နိုင်ငံရေးကို အပြီးအပိုင် ခွဲခြားပစ်လိုက်ခြင်း မဟုတ်ဘဲ အတိုင်းအတာတစ်ခုထိ ခွဲခြားပစ်လိုက်ခြင်းသာ ဖြစ်သည်။ ထို့အတွက်ကြောင့် ဘာသာရေးနှင့် နိုင်ငံရေးကို ပြင်သစ်နှင့် အမေရိကန်ပြည်ထောင်စုတို့၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင်လို လုံးဝခွဲခြားထားရမည်ဟု အမြဲတမ်း မှတ်ယူစရာ မလိုပါ။

ဘာသာရေးနှင့် ဒီမိုကရေစီတို့ ဆက်နွယ်မှုနှင့် ပတ်သက်၍ လူအတော်များများ အဓိပ္ပာယ်ကောက် လွဲနေမှုနောက်တစ်ခု ရှိသေးသည်။ ယင်းမှာ အချို့ဘာသာများသည် ဒီမိုကရေစီစနစ်ကို ရန်ပြုလိုသော ပင်ကိုသဘောများရှိသည်ဟူသော အယူအဆ ဖြစ်သည်။ သာခ



ကဆောင်ရလျှင် ဤအယူအဆမျိုးကို ဆင်မျူရယ်ဟန်တင်တန်၏ ထိပ်လန့်ချောက်ချားဖွယ် ခေါင်းစဉ်ပေးထားသော စာအုပ်ဖြစ်သည့် "ယဉ်ကျေးမှုများ ပဋိပက္ခဖြစ်ခြင်းနှင့် ကမ္ဘာ့အခင်းအကျင်းတစ်ရပ် ပြန်လည်ဖော်ဆောင်ခြင်း"စာအုပ်တွင် တွေ့ရှိရမည် ဖြစ်၏။ တမ္ဘာတစ်လွှား ကိုးကွယ်နေကြသော အဓိကကျသည့် ဘာသာကြီးများသည် လက်တွေ့တွင် တစ်ခုတည်းသော ဘာသာရေး အဖွဲ့အစည်းကြီး၏ လက်အောက်၌ ကျစ်လစ်ခိုင်မာစွာ ဖွဲ့စည်းထားသည်မဟုတ်ပါ။ အများအားဖြင့် အဓိကကျသည့် အနှစ်ကျမ်းများကို ဘာသာရေးဂိုဏ်းခွဲအမျိုးမျိုးက အဓိပ္ပာယ် အမျိုးမျိုးဖွင့်ဆိုကြလေ့ရှိသည်။ နိုင်ငံရေးစနစ်အကြိုက်ကိုလိုက်၍ ဘာသာရေးကို အသုံးချကာ ဘာသာရေးကျမ်းများကို ရွေးချယ်ဖတ်ရှုခြင်း၊ ဘာသာပြန်ဆိုခြင်းများသည် ယနေ့တိုင် ရှိနေဆဲပင်ဖြစ်၏။ သမိုင်းစဉ်တစ်လျှောက်လုံးကို ပြန်ကြည့်လျှင် ခရစ်ယာန်ဘာသာသည် ဘုရင်များတွင် 'ဘုရားသခင်က အပ်နှင်းထားသောလုပ်ပိုင်ခွင့်' (divine right)အာဏာရှိသည်ဟူသော အယူအဆနှင့် 'တန်းတူဖြစ်မှု ပြည်သူ့သမ္မတဝါဒ' (egalitarian republicanism) အယူအဆဆိုသည့် အယူအဆနှစ်ရပ်စလုံးကို တစ်ပြိုင်နက်တည်း ထောက်ခံလျက်ပင်ရှိ၏။ ယနေ့ခေတ်တွင် ကွန်ဖြူးရှပ်ဝါဒသည် တရုတ်တိုင်ပေနှင့် တောင်ကိုးရီးယား ဒီမိုကရေစီနိုင်ငံများ၏ နောက်ကွယ်မှ ထိန်းကျောင်းပေးလျက်ရှိသည်။ ထို့အတူ စင်္ကာပူနိုင်ငံသည်လည်း ၎င်းတို့၏ အာဏာရှင်ဆန်သော အစိုးရ၏ ဆောင်ရွက်ချက်များသည် မှန်ကန်မှုရှိကြောင်း တရားနည်းလမ်းကျကြောင်း ထောက်ပြရန်အလို့ငှာ ကွန်ဖြူးရှပ်ဝါဒကို 'အာရှတန်ဖိုး' တံဆိပ်ကပ်ကာ ဆွဲဆောင်လျက်ရှိ၏။

အခြားဘာသာများလိုပင် အစ္စလာမ်ဘာသာသည်လည်း အများပြောနေကြသလို ပုံစံတစ်မျိုးတည်း မဟုတ်ဘဲ ဂိုဏ်းဂဏခွဲများ ရှိကြသည်။ အာဏာရှင်ဆန်သော အုပ်စိုးမှုအောက်တွင် နေထိုင်ကြသော မွတ်ဆလင်များစွာရှိသလို ရွေးကောက်ပွဲ ဒီမိုကရေစီစနစ်

www.burmeseclassic.com



အောက်တွင် နေထိုင်ကြသော မွတ်ဆလင်များစွာလည်းရှိသည်။ ရွေးကောက်ပွဲ ဒီမိုကရေစီကျင့်သုံးသော အကြီးဆုံး ငါးနိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ နိုင်ဂျီးရီးယားနှင့် တူရကီနိုင်ငံတို့ဖြစ်သည်။ ယင်းငါးနိုင်ငံအနက် သုံးနိုင်ငံတွင် မွတ်ဆလင်များမှာ အများစုဖြစ်သည်။ အဆိုပါ နိုင်ငံများတွင် ဘာသာရေး အသင်းအဖွဲ့များသည် လူမှုဖူလုံရေး လုပ်ငန်းများနှင့် ပညာရေးလုပ်ငန်းများတွင် ပါဝင်ကာ အရပ်သားအသင်းစု လူ့အဖွဲ့အစည်းများတွင် အရေးပါသည့် အသင်းအဖွဲ့များအဖြစ် ပါဝင်လျက်ရှိ၏။ သို့ရာတွင် နိုင်ငံရေးတွင်ကား ပါဝင်မှု မရှိပါ။ ထို့အတွက်ကြောင့် အထက်ဖော်ပြပါ မူနှစ်ရပ်ကို ယင်းမွတ်ဆလင်နိုင်ငံများတွင် လေးစားလိုက်နာလျက်ရှိကြောင်း တွေ့ရှိရသည်။

ဤသို့ဆိုလျှင် အစ္စလာမ်ဘာသာနှင့် ဒီမိုကရေစီစနစ်သည် မအပ်စပ်ဟူသည့် အယူအဆလွဲတစ်ရပ်ကို ကမ္ဘာ့ နေရာအနှံ့ အဘယ်ကြောင့် လက်ခံထားကြပါသနည်း။ ဤအယူဆလွဲတစ်ရပ် ပျံ့နှံ့လျက်ရှိရသည့် အမိကအကြောင်းရင်းမှာ အီရန်နိုင်ငံတွင် ၁၉၇၉ ခုနှစ်၌ တော်လှန်ရေးတစ်ရပ် ဖြစ်ပေါ်လာပြီးသည့်နောက် အနောက်နိုင်ငံများကို ဆန့်ကျင်သည့် စစ်သွေးကြွ ဘာသာရေး အစိုးရတစ်ရပ် (theocratic regime) အီရန်တွင် ပေါ်ပေါက်လာခဲ့ခြင်းကြောင့် ဖြစ်သည်။ ထို့နောက် အာရပ်ကမ္ဘာတစ်လွှား၌ အစ္စလာမ်စစ်သွေးကြွ လှုပ်ရှားမှုများ ဖြစ်ပေါ်လာခဲ့သည်။ အစ္စလာမ် စစ်သွေးကြွများ၏ တောင်းဆိုချက်မှာ 'ရှာရီးရာ' ဟုခေါ်သော အစ္စလာမ်ဝိနည်းတော်များကို တင်းတင်းကျပ်ကျပ် ပြဋ္ဌာန်းထားသည့် ဘာသာရေး အခြေပြု နိုင်ငံတော်များ အာရပ်ကမ္ဘာ၌ ထူထောင်ရေး ဖြစ်သည်။ အီရန်နိုင်ငံတွင် အနောက်နိုင်ငံများ ကျောထောက်နောက်ခံပြုထားသည့် ရှားဘုရင်မှာ ၁၉၇၉ ခုနှစ် တော်လှန်ရေးတွင် နန်းချခံခဲ့ရပြီးနောက် ရှားဘုရင်၏ အုပ်ချုပ်ရေးစနစ်နေရာတွင် ဘာသာရေးခေါင်းဆောင် အရာတိုလာ ခိုမေနီတကြီးကိုင်ချယ်လှယ်သည့် ဘာသာရေး အုပ်ချုပ်မှုစနစ်တစ်ရပ်က အစားထိုး နေရာယူလာခဲ့သည်။ "အစ္စလာမ် ပြည်သူ့သမ္မတ နိုင်ငံတော်"၏ အချုပ်အခြာအာဏာကို ပိုင်စိုးသူမှာ ဘုရားသခင် အာလာ အရှင်မြတ်ဖြစ်ပြီး အာလာ၏ အမိန့်တော်များကို အဓိပ္ပာယ်ဖွင့်ဆိုမည့် သူမှာ ဘာသာရေးခေါင်းဆောင် အရာတိုလာ ခိုမေနီ ဖြစ်သည်။ ၎င်းအား ကူညီပေးမည့် ကောင်စီတစ်ရပ် ရှိသည်။ ယင်းကောင်စီမှာ ဘာသာရေးအုပ်ထိန်းသူများကောင်စီ ဖြစ်သည်။ အဆိုပါ ဘာသာရေး အုပ်ထိန်းသူများသည် ဥပဒေများအားလုံးနှင့် ဥပဒေပြုလွှတ်တော် အမတ်နေရာများအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် အမတ်လောင်းများအပေါ် ဗီတိုအာဏာဖြင့် ပယ်ချပိုင်ခွင့်ရှိသည်သာမက တရားရုံးများ၊ ရဲ၊ စစ်တပ် စသည့် လုံခြုံရေးအဖွဲ့များကိုလည်း ထိန်းချုပ်ပိုင်ခွင့် ရှိသည်။ ပြည်သူလူထုအနေဖြင့် လစ်ဘရယ်ဝါဒ လက်ကိုင်ထားသည့် မြူပြင်ရေးသမားများကို ရွေးချယ်တင်မြှောက်မည့်အရေးကို မြင်တွေ့ရလျှင် (မကြာခဏလည်း ဤသို့ ဖြစ်တတ်သည်။) ယင်းသို့သော အမတ်လောင်းများကို ဗီတိုအာဏာဖြင့် ပယ်ချလေ့ရှိသည်။ ၂၀၀၄ ခုနှစ် ရွေးကောက်ပွဲတွင် ဤအဖြစ်မျိုးအများဆုံး တွေ့ခဲ့ရသည်။ အီရန်ဘာသာရေးအစိုးရသည် မကြာခဏဆိုသလို ၎င်းတို့ကိုယ်၎င်းတို့ 'အစ္စလာမ်ဒီမိုကရေစီ' အစိုးရဟု ကြွေးကြော်လေ့ရှိကြသော်လည်း လက်တွေ့ကျကျ ဆိုရလျှင် ၎င်းတို့၏ အစ္စလာမ်ဒီမိုကရေစီ ဆိုသည်မှာ ဆိုဗီယက်ပြည်ထောင်စုခေတ် 'ပြည်သူ့ဒီမိုကရေစီ'ဆိုသည့် ဒီမိုကရေစီပုံစံနှင့် သိပ်မည်မည်ရရ မကွာခြားလှပါ။ ဆိုဗီယက်ပြည်ထောင်စု ခေတ်ကာလတုန်းက ပစ္စည်းမဲ့လူတန်းစား၏ ဆန္ဒရင်း ဆန္ဒမှန်များကို အမှန်တကယ် အသိဆုံးသူများမှာ ကွန်မြူနစ်ဝါဒ အုပ်ထိန်းသူများသာလျှင်ဖြစ်သည် ဟုဆိုကာ ပြည်သူတို့၏ ဆန္ဒများကို မျက်ကွယ်ပြု၍ အာဏာတည်မြဲရေးကိုသာ အားထုတ်နေသည့် အတုအယောင် ဒီမိုကရေစီစနစ်သာဖြစ်လေသည်။

အီရန်၏ ဘာသာရေးအစိုးရ စံနမူနာသည် အာရပ်ကမ္ဘာရှိ

www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးအယူသီး အစ္စလာမ် စစ်သွေးကြွဝါဒီများအတွက် (အီရန် ဘာသာရေးအစိုးရက အစ္စလာမ် စစ်သွေးကြွဝါဒီများကို တက်တက်ကြွကြွ ထောက်ခံအားပေးမနေသည့်တိုင်) အားတက်စရာ ဖြစ်နေခဲ့သည်။ အစ္စလာမ် စစ်သွေးကြွဝါဒီများ၏ လှုပ်ရှားမှုများကို ဆင်းရဲချို့တဲ့သော မြို့ပြလူငယ်များက အလွယ်တကူပင် ထောက်ခံအားပေးကြသည်။ ၎င်းတို့သည် အနောက်နိုင်ငံများ အထောက်အပံ့ပြုထားသော ၎င်းတို့၏ အစိုးရများအား ဆန့်ကျင်ကြသည်။ ပါလက်စတိုင်း လူမျိုးများကို အစ္စရေးတို့က ဖိနှိပ်မှုပြုရာတွင် ဆန့်ကျင်ကြသည်၊ တက်ကြွသော အကြမ်းဖက်သမားအုပ်စုများပင် ရှိလာခဲ့သည်။ အစ္စလာမ် စစ်သွေးကြွဝါဒီများ၏ အကြမ်းဖက်လုပ်ရပ်များကို အစိုးရက တစ်ဖန် အကြမ်းဖက်၍ နှိမ်နင်းမှုတွေ အပြင်းအထန် ပြုလုပ်ခဲ့ကြသည်ဖြစ်ရာ အာရပ်ကမ္ဘာ တစ်လွှားတွင် အာဏာရှင်ဆန်သော အုပ်စိုးမှု သံသရာမှ လွတ်မြောက်ရေးလမ်းစကို မမြင်မိဘဲ အပြန်အလှန် အကြမ်းဖက်မှုများကသာ သံသရာကို အမွန့်ရှည်စေပေလိမ့်ဦးမည်။

လွတ်လပ်သော ရွေးကောက်ပွဲများ ကျင်းပပေးလိုက်မည်ဆိုလျှင် အာရပ်ကမ္ဘာ၌ အစ္စလာမ် စစ်သွေးကြွများ အာဏာရလာနိုင်မည်လော။ အာဏာရလာနိုင်မည့် အလားအလာ အယ်ဂျီးရီးယားနိုင်ငံတွင် ၁၉၉၁ ခုနှစ်၌ ရှိခဲ့သည်၊ အမျိုးသား လွတ်မြောက်ရေးတပ်ဦး လက်ထက်၌ ကျင့်သုံးခဲ့သော တစ်ပါတီ အုပ်ချုပ်ရေးစနစ်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ရေးဆွဲပြဋ္ဌာန်းလိုက်သည့်အခါ အဆုံးသတ်သွားခဲ့သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ ကျင်းပကြသည့်အခါ အစ္စလာမ် ကယ်တင်ရေးတပ်ဦးဟုခေါ်သော အစွန်းရောက် အစ္စလာမ် ပါတီတစ်ခုသည် ပထမအကျော့ ရွေးကောက်ပွဲ အပြီး၌ အမျိုးသားလွှတ်တော်တွင် အမတ်နေရာ အများဆုံးရရှိမည့် ပါတီကြီးတစ်ခု ဖြစ်လာမည်မှာ သေချာသလောက်ပင် ဖြစ်နေသည်။ သို့သော် ဒုတိယအကျော့ ရွေးကောက်ပွဲများ မကျင်းပမီအချိန်၌ စစ်



တပ်က ဒုတိယအကျော့ ရွေးကောက်ပွဲများအားလုံးကို ဖျက်သိမ်းပစ်လိုက်ပြီး အစ္စလာမ် ကယ်တင်ရေးတပ်ဦး ပါတီကိုလည်း နိုင်ငံရေးလုပ်ခွင့် လုံးဝ ပိတ်ပင်ခဲ့သည်။ ဤသို့ ပိတ်ပင်လိုက်မှုကြောင့် စစ်ထက်ကျောထောက်နောက်ခံပြု အစိုးရနှင့် အစွန်းရောက် အစ္စလာမ်ဝါဒီတို့ကြား ဖြစ်ပွားခဲ့သည့် အကြမ်းဖက် ပဋိပက္ခများမှာ ဆယ်စုနှစ်တစ်ခုနီးပါး ကြာမြင့်ခဲ့သည်။ ယင်းပဋိပက္ခများအတွင်း လူ့အသက် ထောင်ပေါင်း ရာပေါင်းများစွာ ဆုံးရှုံးခဲ့ရသည်။

အယ်ဂျီးယားနိုင်ငံ၏ စံနမူနာကိုကြည့်၍ အစ္စလာမ်ဘာသာနှင့် ဒီမိုကရေစီစနစ်သည် သဟဇာတမဖြစ်ဆိုသော ယူဆချက်မှာမှန်ကန်ကြောင်း ပို၍ ထောက်ပြပြောဆိုလာခဲ့ကြသည်။ ထိုမျှသာမက "ရွေးကောက်ပွဲများ ကျင်းပပေးလိုက်ခြင်းသည် ဒီမိုကရေစီစနစ်ကိုပါ အဆုံးသတ်သွားစေနိုင်သလော" ဆိုသည့်စကားထာဟောင်းတစ်ခုကိုပင် ပြန်လည်တူးဆွကာ မေးခွန်းတွေ ထုတ်ကြည့်နေကြသည်။ ရွေးကောက်ပွဲများ ကျင်းပပေးလိုက်ခြင်းကြောင့် ဒီမိုကရေစီစနစ် အဆုံးသတ်သွားနိုင်သည်ဟုဆိုလျှင် ဒီမိုကရေစီဘောင်အတွင်းမှနေ၍ သင့်တင့်လျောက်ပတ်သော မည်သည့် အဖြေမျိုးပေးကြမည်နည်း။ ဤမေးခွန်းနှင့် ပတ်သက်သည့် စမ်းသပ်ချက်တစ်ခု ၁၉၉၇ ခုနှစ်၌ တူရကီနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည်။ ယင်းစမ်းသပ်ချက်မှာ စစ်တပ်မှ ကျောထောက်နောက်ခံပြုထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးတော်က ပါလီမန်တွင် အကြီးဆုံး ပါတီကြီးဖြစ်သည့် "အစ္စလာမ် လူမှုဖူလုံရေးပါတီ"အား ဖျက်သိမ်းပစ်ဖို့နှင့် ညွန့်ပေါင်းအစိုးရမှ ၎င်းအား ဖယ်ရှားပစ်ဖို့ အမိန့်ထုတ်ခဲ့ခြင်းဖြစ်သည်။ ဤအမိန့်ထုတ်ပြန်ခဲ့ရသည့် အဓိကအကြောင်းရင်းမှာ အဆိုပါ ပါတီခေါင်းဆောင်အချို့သည် 'ရှာရီးရာ' ဥပဒေကို တူရကီနိုင်ငံ၏ လူများစုဖြစ်သည့် မွတ်ဆလင်လူမျိုးများအပေါ် ပြဋ္ဌာန်းဖို့ ကြိုးစားခဲ့ကြောင်း အထောက်အထားများ တွေ့ရှိခဲ့ရသောကြောင့်ဟုဆိုသည်။ ဤဥပဒေအရဆိုလျှင် ဘာ

www.burmeseclassic.com

www.burmeseclassic.com



သာရေး အဖွဲ့အစည်းများအား ပါလီမန်နှင့် တရားရေးရာဌာနများထက် လုပ်ပိုင်ခွင့်အာဏာ ပိုပေးရမည် ဖြစ်သည်။ ဤသည်မှာ တူရကီတွင် ပြဌာန်းထားသော ဘာသာရေးနှင့် လုံးဝလွတ်ကင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ရာရောက်သည်ဟု ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးတော်က ဆိုခဲ့သည်။ အာဏာရ ပါတီဖြစ်သည့် အစ္စလာမ် လူမှုဖူလုံရေး ပါတီသည် ရှာရီးယားဥပဒေကျင့်သုံးရေးအတွက် အားထုတ်မှုများ ရှိခဲ့ကြောင်း မတွေ့ရှိခဲ့ရပါ။ သို့သော် တရားရုံးတော်က ယင်းပါတီအား မည်သည့် လျှောက်လဲချက်ကိုမှ ဆက်လက် မပြုလုပ်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

ဤသို့သော ဆုံးဖြတ်ချက်များသည် မှန်ကန်မှု ရှိပါ၏လော။ အစ္စလာမ် လူမှုဖူလုံရေးပါတီက တရားရုံးတော်၏ ဆုံးဖြတ်ချက်သည် လွတ်လပ်စွာ အသင်းအပင်း ထူထောင်ပိုင်ခွင့် အခွင့်အရေးကို ချိုးဖောက်သည်ဟူသော အကြောင်းပြချက်ဖြင့် ပြင်သစ်နိုင်ငံ စထရာဘတ်မြို့ရှိ လူ့အခွင့်အရေးဆိုင်ရာ တရားရုံးတော်သို့ အယူခံဝင်ခဲ့သည်။ တူရကီနိုင်ငံ၏ အနာဂတ် ဒီမိုကရေစီရေးနှင့် ပတ်သက်သောပြဿနာကို နိုင်ငံတကာ လူ့အခွင့်အရေး တရားရုံးတော်က အဆုံးအဖြတ်ပေးဖို့ ဖြစ်လာခဲ့လေသည်။



## လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံးတော်၏ ဆုံးဖြတ်ချက်

- တူရကီနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးတော်က ယင်းပါတီအား ပိတ်ပင်ခဲ့မှုသည် တရားနည်းလမ်းကျသည်ဟု တရားသူကြီးအုပ်စုတစ်စုက ထောက်ခံခဲ့သည်။ ဒီမိုကရေစီစနစ် အနာဂတ်တွင် ဆက်လက်ရှင်သန်ဖို့ရန် ပဏ္ဍုပွန်အခြေအနေတွင် ဒီမိုကရေစီစနစ်ကို ကန့်သတ်ပေးလိုက်ခြင်းဖြစ်သည်ဟု ၎င်းအုပ်စုကဆိုသည်။ တစ်နည်းအားဖြင့် ပြည်သူတို့ကိုယ်တိုင် ဆုံးဖြတ်ခဲ့သော ရွေးကောက်ပွဲရလဒ်၏ အဆိုးဖြစ်လာမည့် အကျိုးဆက်များမှ ပြည်သူလူထုကို အကာအကွယ်ပေးရန်လိုသည်ဟု ယင်းတရားသူကြီးအုပ်စုက လက်ခံထားခဲ့သည်။
- အခြားတရားသူကြီး အုပ်စုတစ်စုကမူ အဆိုပါ ပါတီ၏ လွတ်လပ်စွာအသင်းဖွဲ့စည်းခွင့် အခွင့်အရေးကို ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးတော်က ချိုးဖောက်ခဲ့သည့်ဟု လက်ခံထားခဲ့သည်။ ၎င်းအုပ်စုက ဒီမိုကရေစီစနစ်တွင် အမြင်သဘောထားများအားလုံးကို လူသိရှင်ကြား ဆွေးနွေး၍ ဆုံးဖြတ်ချက်ချမှတ်ရန်လိုအပ်ပြီး ဖိနှိပ်ချုပ်ချယ်ခြင်း အလျဉ်းမပြုအပ်ဟု ယုံကြည်ထားခဲ့သည်။
- လူ့အခွင့်အရေးဆိုင်ရာ တရားရုံးတော်တွင်မဲခွဲဆုံးဖြတ်ရာ အစ္စလာမ် လူမှုဖူလုံရေးပါတီအပေါ် ပိတ်ပင်မှုသည် မှန်ကန်ကြောင်းဘက်မှ လေးမဲသုံးမဲဖြင့် အနိုင်ရရှိခဲ့သည်။

www.burmeseclassic.com



ကံကောင်းထောက်မစွာပင် တူရကီနိုင်ငံ၏ ရလဒ်မှာ အယ်ဂျီးရီးယားနိုင်ငံမှာကဲ့သို့ ဘာမှ ဆိုးဆိုးရွားရွား ဖြစ်မသွားခဲ့ပါ။ ပိတ်ပင်ခံခဲ့ရသော ပါတီနေရာတွင် အစားထိုးဖို့ အစ္စလာမ်ပါတီသစ်တစ်ခုကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ပါတီ၏ မူဝါဒတွင် အစ္စလာမ် စစ်သွေးကြွဝါဒကို လက်မခံကြောင်း အတိအလင်း ဖော်ပြခဲ့ပြီး ဥရောပသမဂ္ဂသို့ တူရကီ ဝင်ရောက်ရေးအတွက် ပိုမိုအားထုတ်ရန် သန္နိဋ္ဌာန်ချထားကြောင်းကိုလည်း ဖော်ပြခဲ့သည်။ ပါတီသစ်သည် ၂၀၀၂ ခုနှစ် ရွေးကောက်ပွဲတွင် ထောက်ခံမဲ အများစုဖြင့် အနိုင်ရရှိခဲ့သည်။ အစ္စလာမ် ဘာသာ သာမက အစ္စလာမ် ဘာသာရေးအပေါ် အခြေခံသည့်ပါတီပါ ဒီမိုကရေစီနှင့် သဟဇာတ ဖြစ်လှကြောင်း ဤရလဒ်က သက်သေခံရာရောက်နေသည်။ ဤသည်မှာ ကက်သလစ်ဘာသာ ကြီးစိုးသော ဥရောပတစ်လွှားတွင်ခရစ်ယာန် ဒီမိုကရက်တစ် ပါတီများသည် ဒီမိုကရေစီနှင့် သဟဇာတ ဖြစ်ပုံမျိုးနှင့် အလားတူပင် ဖြစ်သည်။ မည်သို့ဆိုစေ ဝရုန်းသုန်းကားနိုင်လှသော အခြေအနေမျိုးစုံရှိသည့် အာရပ်ကမ္ဘာတွင် စိုးရိမ်စရာတစ်ခုက အမြဲလွှမ်းမိုးလျက်ရှိ၏။ ယင်းမှာ လုံးဝ အစစ်အမှန် လွတ်လပ်သော ဒီမိုကရေစီ ရွေးကောက်ပွဲတစ်ခု ကျင်းပပေးလိုက်မည်ဆိုလျှင် ဘာသာရေးနှင့် နိုင်ငံရေးတို့ကြား ဆက်နွယ်မှုသည် နိုင်ငံရေး အာဂျင်တာထဲ နောက်တစ်ကျော့ တိုက်ရိုက်ပါဝင်လာဦးမည် ဖြစ်ရာ ဒီမိုကရေစီစနစ် ရှင်သန်မှုသည် ပျက်ကိန်းကြုံရဖွယ်ရှိသည်ဟူ၍ ဖြစ်၏။

*****

## စီးပွားရေး

ဒီမိုကရေစီ နိုင်ငံဟောင်းများနှင့် ဒီမိုကရေစီ နိုင်ငံသစ်များအကြား သိသာထင်ရှားသော ခြားနားချက်မှာ ဒီမိုကရေစီ နိုင်ငံဟောင်းများသည် စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများဖြစ်ကြပြီး ဒီမိုကရေစီနိုင်ငံသစ်များသည် ကမ္ဘာ့တောင်ဘက်ခြမ်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ကြခြင်း ဖြစ်၏။



၁၉ ရာစု စက်မှုတော်လှန်ရေး ဖြစ်နေချိန် ကာလအတွင်း ဒီမိုကရေစီနိုင်ငံဟောင်းများ၌ အလုပ်သမား လူတန်းစားတို့၏ ဘဝများမှာ ချို့ချို့တဲ့တဲ့နှင့် ဒုက္ခများစွာကို ရင်ဆိုင်ခဲ့ရသည်။ ဆန္ဒမဲပေးပိုင်ခွင့်လည်း မရရှိခဲ့ပါ။ အလုပ်သမားသမဂ္ဂများ၏ တောင်းဆိုမှုများကို ဖြည့်ဆည်းပေးနိုင်လောက်သည့် စီးပွားရေး အခြေအနေများ ကောင်းမွန်လာခြင်း၊ လူတိုင်းအား အခြေခံပညာရေး အခမဲ့သင်ကြားခွင့် ပေးလာနိုင်ခြင်းစသည့် အခြေအနေများဖြစ်လာသည့်အခါမှသာ ပြည်သူလူထု တစ်ရပ်လုံး မဲပေးပိုင်ခွင့် ရရှိလာခဲ့ခြင်း ဖြစ်သည်။ ၂၀ ရာစု သမိုင်းသည် အလုပ်သမား လူတန်းစားများ ဆန္ဒမဲပြားများကို အသုံးချကာ ဈေးကွက်အရင်းရှင်ဝါဒ၏ မညီမျှမှုများ၊ ကြိုတင်မှန်းဆ၍ မရနိုင်မှုများ (unpredictabilities)ကို လျှော့ပါးသွားအောင် လုပ်နိုင်ခဲ့သည့် သမိုင်းဟု ဆိုရမည် ဖြစ်သည်။ အလုပ်သမား လူတန်းစားများသည် ၎င်းတို့၏ ဆန္ဒမဲပြားများကို အသုံးပြုကာ လူမှုရေး အာမခံချက်များ ရရှိအောင် လုပ်နိုင်ခဲ့သည်။ ကောက်ခံရရှိသော အခွန်ငွေများကို ပြန်လည်ဝေငှသုံးစွဲအောင် လုပ်နိုင်ခဲ့သည်။ လူမှုဖူလုံရေး အင်စတီကျူးရှင်းများ ထူထောင်အောင် ပြုလုပ်နိုင်ခဲ့သည်။ တစ်နည်းပြောရလျှင် ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းများသည် ၎င်းတို့၏ နေ့စဉ် ရုန်းကန်လှုပ်ရှားနေရသော ဘဝများအပေါ် ရိုက်ခတ်မှု၊ ဆက်နွယ်မှုရှိသည်ဟု နားလည်လာကြသည့်အခါမှသာ ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းများကို လုံးလုံးလျားလျား ထောက်ခံလာခဲ့ကြခြင်း ဖြစ်သည်။

ယနေ့ခေတ် လူအတော်များများသည် 'ဒီမိုကရေစီ'ဟူသော ဝေါဟာရကို နိုင်ငံရေး ဝေါဟာရတစ်ခုဟု နားမလည်ကြတော့ပါ။ မဲရုံသို့သွားကာ မဲပေးလိုက်ခြင်းသည် နိုင်ငံရေးကိစ္စဟု မမှတ်ယူကြတော့ဘဲ ၎င်းတို့၏ စီးပွားရေး အခြေအနေများ ကောင်းလာအောင် မ[illegible]မည့် ပေါ်လစီများချမှတ်စေရေးကိစ္စ၊ (သန့်ရှင်းသောရေ ရရှိရေး၊ ရပ်ရွာသန့်ရှင်းအောင် ပြုလုပ်ပေးရေး၊ ကျန်းမာရေးစောင့် ရှောက်မှုထားပေးရေး

www.burmeseclassic.com

www.burmeseclassic.com



အိုးအိမ်ရရှိရေးနှင့် ပညာသင်ကြားပေးရေးဆိုသည့်) ၎င်းတို့၏ ဘဝအခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးမည့် ပေါ်လစီများ ချမှတ်ရေးကိစ္စများဟုသာ မှတ်ယူလာကြသည်။ ဒီမိုကရေစီ အစိုးရများသည် မဲဆန္ဒရှင် ပြည်သူများ၏ အနိမ့်ဆုံး မျှော်လင့်ချက်များကို ဖြည့်ဆည်းဖို့ မစွမ်းဆောင်နိုင်ကြသည့်အခါ ဒီမိုကရေစီဟူသည် ထင်သလို အကျိုးမဖြစ်ထွန်းသည့် အရာတစ်ခု၊ စိတ်ပျက်စရာ ကိစ္စတစ်ခုဟု အများက ထင်မှတ်လာလေ့ရှိသည်။ အဆိုးရွားဆုံး ဖြစ်တတ်ကြသည်မှာ ပြည်သူလူထု၏ စိတ်ပျက်လက်ပျက် ဖြစ်နေမှုသည် အစွန်းရောက်နိုင်ငံရေးလှုပ်ရှားမှုများအတွက် အကွက်ဆိုက် အမိဖမ်းနိုင်သည့် နိုင်ငံရေးအခြေအနေမျိုးများ ဖြစ်ပေါ်လာစေခြင်း ဖြစ်သည်။ ၁၉၂၀ ပြည့်လွန်နှစ်များနှင့် ၁၉၃၀ ပြည့်လွန်နှစ်များတွင် ကမ္ဘာတစ်လွှား စီးပွားရေးကပ်ဆိုက်လာခြင်းကြောင့် အချိန်ကြာမြင့်စွာ အလုပ်လက်မဲ့ ဖြစ်နေသူများ များပြားလာခဲ့ရာ ဒီမိုကရေစီစနစ်သည်လည်း မရေမရာဖြစ်လာခဲ့သည်၊ နောက်ဆုံးတွင် ဒီမိုကရေစီစနစ်သည် ဖက်ဆစ်ဝါဒ လက်ထဲ၊ အာဏာရှင်ဆန်သော နိုင်ငံရေးစနစ် လက်ထဲ ကျရောက်ခဲ့ရလေသည်။

အထက်ပါ အခြေအနေများကို ကြည့်ခြင်းအားဖြင့် ဒီမိုကရေစီစနစ် ရှင်သန်ရေးအတွက် စီးပွားရေးစနစ်ကောင်းမွန်ရေးသည် မည်မျှအရေးကြီးကြောင်း သိသာလှသည်။ ဒီမိုကရေစီ လူမှုအဆောက်အအုံများ၏ ကံကြမ္မာမှာ ဒီမိုကရေစီ လူမှုအဆောက်အအုံများ ကျင်လည်ရှင်သန်ရာ လက်ရှိစီးပွားရေး အခြေအနေများမှလည်းကောင်း၊ မဲဆန္ဒရှင်များ၏ စီးပွားရေး မျှော်လင့်ချက်များမှလည်းကောင်း သီးခြားစီခွဲ၍ ရှုမြင်ဖို့ရာ မဖြစ်နိုင်ပါ။ တရုတ်တိုင်ပေနှင့် တောင်ကိုးရီးယား နိုင်ငံတို့မှလွဲလျှင် ဒီမိုကရေစီနိုင်ငံသစ် အားလုံးနီးပါးသည် ဒီမိုကရေစီ နိုင်ငံဟောင်းများနှင့် နှိုင်းယှဉ်လျှင် စီးပွားရေးအရ ဖွံ့ဖြိုးမှုနိမ့်ကျဆဲပင်ရှိ၏။ ထို့အပြင် ဒီမိုကရေစီ နိုင်ငံသစ်များတွင် အားလုံးမဲပေးပိုင်ခွင့်



ပြဋ္ဌာန်းချိန်၌ စီးပွားရေးဖွံ့ဖြိုးမှု အခြေအနေသည် ဒီမိုကရေစီ နိုင်ငံဟောင်းများထက်စာလျှင် အဖက်ဖက်မှ နိမ့်ကျလျက်ရှိသည်။ ထိုမျှသာမကသေးပါ။ ဒီမိုကရေစီနိုင်ငံသစ်များ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာမှာ စီးပွားရေးဖွံ့ဖြိုးပြီး ကမ္ဘာ့မြောက်ဘက်ခြမ်း နိုင်ငံများနှင့် ဆက်ဆံရေး အခြေအနေနှင့်ပါ ဆက်နွှယ်လျက်ရှိ၏။ ၎င်းတို့သည် သူနိုင်ကိုယ်နိုင် အပြိုင်ကျဲကြသည့် ကမ္ဘာ့စီးပွားရေးဈေးကွက်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်နေပြီး ဈေးကွက်စည်းကမ်းသတ်မှတ်ချက် အတော်များများကို ချမှတ်သူများမှာ ဖွံ့ဖြိုးပြီးနိုင်ငံများသာ ဖြစ်နေသည်။ ဤနေရာတွင် ဒီမိုကရေစီ နိုင်ငံသစ်များ ကျင်လည်နေရသော ကမ္ဘာ့စီးပွားရေး ရပ်ဝန်း၏ အဓိကကျသော အသွင်အပြင်များ၊ ၎င်းတို့၏ ဒီမိုကရေစီစနစ် ရေရှည်ရှင်သန်ရပ်တည်နိုင်ရေးအတွက် အဓိက ဆက်စပ်နေသည့် အခြင်းအရာများကို တင်ပြပါမည်။

## ဖွံ့ဖြိုးမှု နိမ့်ကျခြင်း

စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်နိုင်ခြင်းသည် ဒီမိုကရေစီစနစ် အမြစ်တွယ်ဖို့အတွက် အားသာချက်တစ်ခု ဖြစ်သည်ဟု နိုင်ငံရေးသိပ္ပံပညာက နီတိတစ်ခုအဖြစ် လက်ခံထားခဲ့သည်မှာ အတော်ပင်ကြာခဲ့ပြီ။ ဤသို့ လက်ခံထားရသည့် အကြောင်းရင်းများစွာ ရှိသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်များပြားလာစေပြီး အထူးသဖြင့် မြို့ပြဒေသများတွင် အလုပ်လက်မဲ့ဖြစ်မှုနှုန်းနှင့် မကျေမနပ်ဖြစ်မှုများကို လျော့ကျစေသည်။ ဤသို့နှင့် အချိန်ကာလတစ်ခုသို့ ရောက်လာသည့်အခါ အသိပညာရှင်နှင့် အတတ်ပညာရှင် လူလတ်တန်းစား အလွှာတစ်ခုကို ဖြစ်ပေါ်လာစေသည်။ ၎င်းတို့၏ ဘဝအခြေအနေ၊ ၎င်းတို့၏ လုပ်ငန်းကိုင်ငန်း အခြေအနေများက တစ်ဖန် ဒီမိုကရေစီ လွတ်လပ်ခွင့်များကို ကာကွယ်ဖို့ အားပေးအားမြှောက်ပြုလေ့ရှိပြန်သည်။ စီးပွားရေးဖွံ့ဖြိုးမှု

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အစိုးရများတွင် ပညာရေးနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်လာအောင် ထောက်ပံ့နိုင်သည့် ခနအင်အားများရှိလာကြသည်။ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးနောက်ထပ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီစနစ် ရှင်သန်လည်ပတ်ရေးအတွက် လိုအပ်သော လူသားရင်းမြစ်များကို ဖွံ့ဖြိုးစေပြန်သည်။ အလားတူစွာပင် စီးပွားရေးဖွံ့ဖြိုးမှု နှောင့်နှေးခြင်း သို့မဟုတ် လက်တစ်ဆုပ်စာ လူနည်းစုကိုသာ အကျိုးဖြစ်ထွန်းစေသည့် စီးပွားရေးကြီးထွားလာခြင်းတို့သည် အကောင်းထက် အဆိုးဖက်ကိုသာ ဦးတည်သွားစေသည်။ ဥပမာအားဖြင့် အဆိုးဆုံး အခြေအနေများရှိသည့် ဆာဟာရဒေသအောက်ပိုင်း နိုင်ငံအတော်များများတွင် ၁၉၈၀ ပြည့်လွန်နှစ်များနှင့် ၁၉၉၀ ပြည့်လွန်နှစ်များကာလအတွင်း နိုင်ငံသားအများစု၏ စီးပွားရေး အခြေအနေမှာ တိုးတက်မှု လုံးဝမရှိဘဲ ဖြစ်နေခဲ့ပြီး အေအိုင်ဒီအက်စ် ရောဂါကြောင့် လူ့ပျမ်းမျှသက်တမ်းမှာ သိသိသာသာကြီးကျဆင်းနေခဲ့သည်။(စာမျက်နှာ ၁၇၀ ရှိမျဉ်းဂရပ်ပုံ ၄.၄ ကိုရှုပါ။)

## အကြွေးတင်မှု

ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးသည် မရှိမဖြစ် လိုအပ်သော ဖွံ့ဖြိုးရေး ပရောဂျက်များအတွက် လိုအပ်သော ငွေကြေးများကို ပြည်ပမှ ချေးငှားဖို့ လိုအပ်သည်။ ၎င်းတို့သည် ပုဂ္ဂလိက စီးပွားရေးဘဏ်များမှလည်းကောင်း၊ ကမ္ဘာ့ဘဏ်နှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးဘဏ်တို့လို နိုင်ငံတကာ အင်စတီကျူးရှင်းများမှ လည်းကောင်း ချေးငှားကြသည်။ ၁၉၈၀ ပြည့်လွန်နှစ်များနှင့် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ရွေးကောက်ပွဲ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းလာခဲ့သည့် နိုင်ငံများစွာသည် ပြည်ပမှ ငွေများချေးငှားခဲ့ကြသည်။ သို့သော် အကျိုးဖြစ်ထွန်းမှုထက် အကြွေးပြန်မဆပ်နိုင်သည့် ပြဿနာများနှင့် ရင်ဆိုင်ခဲ့ကြရသည်။ အတိုးနှုန်းမြင့်မားခြင်း၊ စီးပွားရေးအရ တွက်ခြေမကိုက်သော ပရော



ဂျက်များကို ဆောင်ရွက်မိခြင်း၊ ၎င်းတို့၏ ပြည်တွင်းငွေကြေးတန်ဖိုးကျဆင်းလာခြင်း၊ ပြည်ပတင်ပို့ကုန် ဝင်ငွေကျဆင်းလာခြင်း စသည့်ဖြစ်ရပ်ပေါင်းစုံကြောင့် အကြွေးပြန်မဆပ်နိုင်သည့် ပြဿနာများ ပေါ်ပေါက်ခဲ့ရခြင်း ဖြစ်သည်။ ပြန်ဆပ်ရမည့် အကြွေးစာရင်းထဲတွင် ယခင်အာဏာရှင်ဟောင်းများယူခဲ့သည့် အကြွေးများလည်း ပါဝင်သည်။ ဂုဏ်သိက္ခာရှိဖို့ လုပ်ဆောင်ခဲ့သည့် ပရောဂျက်များ (prestige projects)၊ စစ်အသုံးစရိတ်များ၊ ခေါင်းဆောင်ပိုင်းက ဟန်လုံးပြဖို့ ငွေကို ဖုံးပေါလအောသုံးစွဲမှု၊ ပြည်ပဘဏ်များတွင် တိတ်တိတ်ပုန်း ငွေအပ်နှံထားမှု စသည့် ကိစ္စရပ်မျိုးစုံအတွက် အာဏာရှင်ဟောင်းများသည် ပြည်ပမှ ငွေချေးငှားခဲ့ခြင်း ဖြစ်သည်။

ဇမ်ဘီယာနိုင်ငံသည် အာဖရိကတိုက်၏ အကြွေးထူမှု စံပြုရမည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတစ်လျှောက်လုံး အစိုးရ၏ အသုံးစရိတ် ၃၀ ရာခိုင်နှုန်းသည် ယူထားသော အကြွေးအတွက် ပေးဆပ်ရသည့် အတိုးငွေများဖြစ်ခဲ့သည်။ ဤအတိုးငွေပမာဏသည် ကျန်းမာရေးနှင့် ပညာရေးလို အခြေခံ လူမှုဝန်ဆောင်စရိတ်ထက်ပင် ပိုများနေခဲ့သည်။ တောင်အမေရိကတိုက်သည်လည်း ကမ္ဘာ့အကြွေး အထူဆုံးစာရင်းတွင် ပါဝင်သည်။ အာဂျင်တီးနားနိုင်ငံတွင် ၂၀၀၁-၂၀၀၂ ခုနှစ်၌ ကြွေးပြန်မဆပ်နိုင်မှုကြောင့် နိုင်ငံ့စီးပွားရေးမှာ ပြိုလဲလုမတတ် ဖြစ်ခဲ့သည်။ အလုပ်လက်မဲ့နှုန်းက တဟုန်ထိုးတက်လာခဲ့သည်။ စုငွေနှင့် ပင်စင်ငွေတန်ဖိုးများ ထိုးကျခဲ့သည်။ ဘဏ်အပ်ငွေများ ပြန်ထုတ်ခြင်းကို ဆိုင်းငံ့ထားခဲ့သည်။ လူထုအုံကြွမှုကြောင့် တစ်လအတွင်း သမ္မတသုံးယောက် အပြောင်းအလဲ ဖြစ်ခဲ့သည်။ ဝေဖန်သူတချို့က ယခုလို အခြေအနေဆိုးဝါးနေသည့်တိုင် စစ်တပ်မှ အာဏာသိမ်းမှု မဖြစ်ခဲ့ကြောင်း၊ ယခင် အုပ်ချုပ်မှုအောက်တွင်သာဆိုလျှင် အာဏာသိမ်းမှု မလွဲမသွေဖြစ်မှာ ဖြစ်ကြောင်း၊ ထို့အတွက်ကြောင့် အာဂျင်တီးနားတွင် ဒီမိုကရေစီစနစ်သည် နက်ရှိုင်းစွာ အမြစ်တွယ်

www.burmeseclassic.com

www.burmeseclassic.com



လျှော့ရှိသည်မှာ ထင်ရှားလှကြောင်း စသည်ဖြင့် အကောင်းဖက်မှ ထောက်ပြခဲ့ကြသည်။ သို့ရာတွင် အာဂျင်တီးနား နိုင်ငံသား ဦးရေ၏ ထက်ဝက်မျှသည် ဆင်းရဲမွဲတေသော ဘဝများတွင် နေထိုင်ကြရပြီး ဒီမိုကရေစီ လူမှုအဆောက်အအုံများအပေါ် ၎င်းတို့၏ ယုံကြည်အားထားစိတ်မှာ ကုန်ခမ်းလုမတတ်ဟုပင် ဆိုရမည်ဖြစ်သည်။

## အိုင်အမ်အက်ဖ်၏ ကန့်သတ်မှု

နိုင်ငံများစွာသည် အကြွေးမဆပ်နိုင်သည့် ပြဿနာများနှင့် ရင်ဆိုင်လာရသည့်အခါတွင် လည်းကောင်း၊ နိုင်ငံတကာ ငွေကြေးဈေးကစားမှုကြောင့် ဘဏ္ဍာရေး အကျပ်ဆိုက်မှုများနှင့် ကြုံတွေ့လာရသည့် အခါတွင်လည်းကောင်း နောက်ဆုံးထွက်ပေါက်အဖြစ် နိုင်ငံတကာ ငွေကြေးရံပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်) ဘက်ဆီ မျက်နှာမူ၍ အားကိုးရှာရလေ့ရှိသည်။ အားကိုးရှာလိုသည်ဆိုလျှင် အိုင်အမ်အက်ဖ် က ချမှတ်ထားသော ကန့်သတ်ချက်များကို လိုက်နာဖို့လိုသည်။ ယင်းမှာ လွတ်လပ်သောဈေးကွက် ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။ ငွေကြေးတန်ဖိုးကို လျှော့ချပေးရမည်။ အစိုးရပိုင် လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်ပေးရမည်၊ လူမှုဖူလုံရေး အသုံးစရိတ်ကို လျှော့ချပေးရမည်၊ အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးစရိတ်များကို ပေးဆောင်ရမည်။ စီးပွားရေးစနစ်ကို ပြည်ပပို့ကုန်ထုတ်လုပ်မှု စနစ်ဆီ ကူးပြောင်းပေးရမည် စသည်ဖြင့် ဖြစ်သည်၊ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ သို့မဟုတ် သဘာဝ သယံဇာတပစ္စည်း မရှိသော တိုင်းပြည်များသည် ဤကန့်သတ်ချက်များကြောင့် ဆုပ်လဲစူး စားလည်းရူး အခြေအနေမျိုးကို ရောက်သွားရလေ့ရှိ၏။ စီးပွားရေး အကျပ်အတည်းနှင့် ရင်ဆိုင်နေရသော အဆိုပါနိုင်ငံများ၏ အားသာချက်အရှိဆုံး ပြည်ပပို့ကုန်များမှာ စိုက်ပျိုးရေးထွက်ကုန်များနှင့် အဝတ်အထည်များ ဖြစ်သည်၊ ယင်းကုန်စည်များကို လွတ်လပ်သော ဈေးကွက်သို့တင်ပို့ရာတွင်



ဖွံ့ဖြိုးပြီး နိုင်ငံကြီးများမှ ကုန်ထုတ်လုပ်သူများနှင့် ယှဉ်ပြိုင်ကြရသည်။ ယင်းနိုင်ငံကြီးများက ၎င်းတို့၏ ကုန်ထုတ်လုပ်သူများအား လယ်ယာအမတော်ကြေးများ အပြည့်အဝ ထောက်ပံ့ခြင်း၊ သွင်းကုန်အခွန်ကို တိုးမြှင့်ကောက်ခံသည့် ကိုယ်ကျိုးကာကွယ်ရေး ဥပဒေများ ကျင့်သုံးခြင်းတို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကုန်ထုတ်လုပ်သူများမှာ တစ်ပန်းရှုံးလျက်ရှိနေလေသည်၊ အဆိုပါ လုပ်ထုံးလုပ်နည်းများကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ လုပ်ငန်းရှင်များ၏ နစ်နာမှုသည် ဖွံ့ဖြိုးပြီးနိုင်ငံများက အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေးအပ်သော အကူအညီစုစုပေါင်း တန်ဖိုးထက် များစွာကျော်လွန်နေကြောင်း တွက်ချက်သိရှိရသည်၊

အမေရိကန်နိုင်ငံသား ထိပ်တန်း စီးပွားရေးပညာရှင် နှစ်ဦးက ကမ္ဘာ့စီးပွားရေးစနစ်ကို အောက်ပါအတိုင်း ရှုမြင်ကြသည်၊

| ဂျိုးဇက်စတစ်ဂလစ်<br>၂၀၀၁ ခုနှစ် စီးပွားရေး နိုဗယ်ဆုရှင်နှင့်<br>ကမ္ဘာ့ဘဏ် စီးပွားရေးပညာရှင်ဟောင်း |
|---|
| • "လွတ်လပ်စွာ ကုန်သွယ်မှုဟု ဆိုနေကြသည့်တိုင် မကြာခဏ ဆိုသလို လွတ်လပ်စွာ ကုန်သွယ်မှုဟူသည့် အဓိပ္ပာယ်မှာပျောက်ကွယ်လျက်ရှိသည်။ အနောက်နိုင်ငံများသည် ၎င်းတို့၏ တင်ပို့ကုန်များကို 'လွတ်လပ်စွာကုန်သွယ်မှု'ဟူသော စကားရပ်ကိုသုံး၍ လွတ်လွတ်လပ်လပ် တင်ပို့လိုကြသည်၊ သို့သော် တစ်ပြိုင်နက်တည်းမှာပင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ၎င်းတို့ထံ တင်ပို့လာသောကုန်စည်များသည် ၎င်းတို့စီးပွားရေးကို ခြိမ်းခြောက်မည့် အရိပ်အယောင်များ မြင်တွေ့လာရပါက ယင်းတင်ပို့ကုန်များကို 'ကန့်သတ်'လိုကြပြန်သည်၊" |

www.burmeseclassic.com

www.burmeseclassic.com



• "အိုင်အမ်အက်ဖ်၏ မူဝါဒများသည် ဖွံ့ဖြိုးတိုးတက်မှု၏ အလားအလာကို ပျောက်ပျက်သွားစေသည်ဟုဆိုလျှင် ယင်းသို့သော မူဝါဒများသည် အတော်ဆိုးရွားသည့် မူဝါဒများဟုဆိုရမည်။ တကယ့် လက်တွေ့တွင်လည်း နေရာဒေသများစွာရှိ ဖွံ့ဖြိုးတိုးတက်ရေး အာဂျင်တာများသည် အိုင်အမ်အက်ဖ်၏မတော်တရော်လုပ်မှုများကြောင့်အခြေမဟန်လှကြောင်းတွေ့ရှိရတတ်သည်။"

ဂျော့ခ်ျဆိုးရော့
နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်နှင့်
ပရဟိတဝါဒီ

• "ငွေကြေးဈေးကွက်များသည် မတည်ငြိမ်လှသလို စီးပွားရေးကစားကွင်းများမှာလည်း မညီညာလှပါ။ ပေါ်ထွန်းလာသော ဈေးကွက်အသစ်များသည် ရင်းနှီးမြှုပ်နှံမှု ပြင်ပသို့ စီးထွက်ခြင်းနှင့် ချေးငှားစရိတ် ကြီးမြင့်ခြင်းဒဏ်များကို အလူးအလဲ ခံစားနေရသည်။"
• "ဝေဖန်သူများက ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ကြီးသည် ချမ်းသာသည့်နိုင်ငံများနှင့် နိုင်ငံစုံ ကော်ပိုရေးရှင်းကြီးများဘက်မှ ဘက်လိုက်ရပ်တည်လျက်ရှိသည်ဟု ပြောဆိုနေမှုများသည် မှန်ကန်ပေသည်။"

## မညီမျှမှု

ဒီမိုကရေစီစနစ် ရေရှည်ရှင်သန်ရပ်တည်နိုင်မှု၊ တန်းတူနိုင်ငံသားဖြစ်မှုတို့သည် စီးပွားရေး မညီမမျှဖြစ်မှုနှင့်အတူ ရှင်သန်ရပ်တည်



နိုင်သည်။ သို့သော် ကန့်သတ်ချက်တစ်ခုတော့ ရှိသည်။ ယင်းမှာ ဒီမိုကရေစီဖြစ်စဉ်များကို ရုပ်ပျက်ဆင်းပျက်ဖြစ်စေမည့် စီးပွားရေး မညီမျှမှု၏ အကျိုးသက်ရောက်မှုများကို ကန့်သတ်ထားဖို့ ဖြစ်သည်။ သို့ရာတွင် စီးပွားရေး မညီမျှမှု များလေလေ ကန့်သတ်ဖို့ ခက်လေလေ ဖြစ်တတ်သည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ဆင်းရဲချမ်းသာ ကွာဟချက်မြင့်မားလာသည်နှင့်အမျှ ချမ်းသာကြွယ်ဝသူများသည် ချို့တဲ့ဆင်းရဲသူများကို တန်းတူနိုင်ငံသားများအဖြစ် သဘောထားဖို့ ခက်ခဲလာတတ်သည့် သဘောရှိသည်။ ၎င်းတို့သည် ၎င်းတို့၏ လုံခြုံရေးကို ၎င်းတို့ဘာသာယူထားသည့် သီးခြားနေရာများတွင် နေထိုင်တတ်ကြကာ ပြင်ပလောကနှင့် အဆက်ဖြတ်ထားလေ့ရှိကြသည်။ ထို့နောက် ၎င်းတို့သည် ကိုယ့်နိုင်ငံသားကိုယ် စားရင်းသွင်းလေ့ မရှိတော့ဘဲ ဖွံ့ဖြိုးပြီးနိုင်ငံများမှ လူ့မလိုင်များနှင့် ၎င်းတို့ကိုယ်၎င်းတို့ တန်းညှိလေ့ရှိကြသည်။ တစ်ပြိုင်နက်တည်းမှာပင် လူချမ်းသာများသည် ၎င်းတို့သာလျှင် နိုင်ငံရေးခေါင်းဆောင်မှုကိုပေးရမည့် လူတန်းစားအလွှာတစ်ခုဟု ထင်မြင်လာတတ်ပြီး ရွေးချယ်တင်မြှောက်ခံရသည့်အခါတွင်လည်း ဆင်းရဲသားတို့၏ အကျိုးထက် ၎င်းတို့လို ချမ်းသာသည့် လူ့အလွှာ၏အကျိုးကိုသာ ဦးစားပေး ဆောင်ရွက်တတ်လေ့ရှိသည်။ ပြည်သူလူထုသည် အကျိုးအမြတ် ဘာမှ မည်မည်ရရ မရလိုက်ဘဲ ချမ်းသာသူများသာ ရွေးကောက်ပွဲမှတစ်ဆင့် ခေါင်းဆောင်အပြောင်းအလဲ လုပ်သွားသည့် ဖြစ်ရပ်ကို 'လူ့မလိုင်တို့၏ သိမ်းပိုက်မှု'ဟု ခေါ်ဆိုလေ့ရှိသည်။

ဇယား(၄. ၅)တွင် တိုင်းပြည်အချို့ရှိ မညီမျှမှုအဆင့် အမျိုးမျိုးကို နှိုင်းယှဉ်ဖော်ပြထားသည်။ ညီမျှမှုမရှိဆုံး တိုင်းပြည်များသည် လက်တင်အမေရိကရှိ တိုင်းပြည်များ ဖြစ်သည်။ ဤသို့ ဖြစ်ရသည့်အကြောင်းရင်းမှာ ပုဂ္ဂလိကလက်ထဲ၌ မြေယာ အမြောက်အများ နှစ်ပေါင်းများစွာ ပိုင်ဆိုင်ထားခြင်းနှင့် စီးပွားရေး လုပ်ငန်းကြီးများစွာတို့ကြောင့်ဖြစ်သည်။ အလားတူ ဖြစ်ရပ်မျိုးကို လူဖြူတို့ ကိုလိုနီပြုခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



တောင်အာဖရိကနိုင်ငံနှင့် ဇင်ဘာဘွေနိုင်ငံတို့တွင်လည်း တွေ့ရှိရသည်၊ ညီမျှမှုအရှိဆုံး တိုင်းပြည်များမှာ ဥရောပ ကုန်းမြေပေါ်ရှိ နိုင်ငံများစွာတွင် ဖြစ်သည်၊ လက်ဝဲယိမ်း ပါတီများ၊ ဆိုရှယ်ဒီမိုကရက်များနှင့် ကွန်မြူနစ်များသည် နိုင်ငံရေး အာဏာကိုသုံး၍ မနဥစ္စာများကို ဖြန့်ဝေပေးသည့် သမိုင်းကြောင်း ဥရောပတွင် ရှိခဲ့သောကြောင့် ဖြစ်သည်၊

ဇယား (၄.၅)

၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ဝင်ငွေ မညီမျှမှုများကို တိုင်းပြည်တချို့မှ ထုတ်နှုတ်ဖော်ပြချက်

မညီမျှဆုံး

| တိုင်းပြည်များ | ဂျီနီအညွှန်းကိန်း (Gini Index) | နိုင်ငံဝင်ငွေ၏ဝေစုရာခိုင်နှုန်း | |
|---|---|---|---|
| | | ထိပ်ဆုံး ၂၀% | အောက်ဆုံး ၂၀% |
| ဆီရီယာလီယွန် | ၆၂.၉ | ၆၃.၄ | ၁.၀ |
| တောင်အာဖရိက | ၅၉.၃ | ၆၄.၈ | ၂.၉ |
| ဘရာဇီး | ၅၉.၁ | ၆၃.၀ | ၂.၆ |

ဂျီနီအညွှန်းကိန်း (GI) ၅၅ အထက်ရှိသော အခြားနိုင်ငံများမှာ အာဂျင်တီးနား၊ ဘိုလစ်ဗီးယား၊ ချီလီ၊ ကိုလန်ဘီယာ၊ ဂွာတီမာလာ၊ ဂီနီယာ၊ ဘစ်ဆို၊ ဟွန်ဒူးရပ်၊ နိုက်ကာရာဂွာ၊ ပါရာဂွေး၊ ဇင်ဘာဘွေ



| တိုင်းပြည်များ | ဂျီနီအညွှန်းကိန်း (Gini Index) | နိုင်ငံဝင်ငွေ၏ဝေစုရာခိုင်နှုန်း | |
|---|---|---|---|
| | | ထိပ်ဆုံး ၂၀% | အောက်ဆုံး ၂၀% |
| ရုရှား | ၄၈.၇ | ၅၃.၇ | ၄.၄ |
| ယူအက်အေ | ၄၀.၈ | ၄၆.၄ | ၅.၂ |
| ယူကေ | ၃၆.၁ | ၄၃.၀ | ၆.၆ |

(GI) ၂၅ နှင့်အောက် နိုင်ငံများမှာ ဘယ်ဂျီယံ၊ ချက်သမ္မတနိုင်ငံ၊ ဖင်လန်၊ ဂျပန်၊ နော်ဝေ၊ ဆွီဒင်

ညီမျှမှုအရှိဆုံး

| တိုင်းပြည်များ | ဂျီနီအညွှန်းကိန်း (Gini Index) | နိုင်ငံဝင်ငွေ၏ဝေစုရာခိုင်နှုန်း | |
|---|---|---|---|
| | | ထိပ်ဆုံး ၂၀% | အောက်ဆုံး ၂၀% |
| ဒိန်းမတ် | ၂၄.၇ | ၃၄.၅ | ၉.၆ |
| ဟန်ဂေရီ | ၂၄.၄ | ၃၄.၄ | ၁၀.၀ |
| ဆလိုဗက်ကီးယား | ၁၉.၅ | ၃၁.၄ | ၁၁.၉ |

(ဂျီနီ အညွှန်းကိန်း(GI)သည် တိုင်းပြည်တစ်ပြည်၏ မညီမျှမှုအတိုင်းအဆကို ညွှန်ပြသောကိန်း ဖြစ်သည်။ ၀ မှ ၁၀၀ အတွင်း ဖြစ်ပြီး ၀ သည် လုံးဝညီမျှမှု ရှိသည်ဟု အဓိပ္ပာယ်ရ၍ ၁၀၀ သည် ညီမျှမှု အကင်းမဲ့ဆုံးဟု ဆိုလိုသည်။)

www.burmeseclassic.com

www.burmeseclassic.com

"အညတရ သာမန်လူများတွင် ကိန်းအောင်းလျက်ရှိသည့် အစွမ်းအစများ အားလုံးကို ဖော်ထုတ် အသုံးပြုနိုင်မည်ဆိုလျှင် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အလွန်ပင် အကျိုးရှိမည် ဖြစ်သောကြောင့် အစိုးရက တာဝန်ယူ၍ ယင်းအစွမ်းအစများကို တည်ငြိမ်အေးချမ်းသော နေ့စဉ်လူမှုဘဝ ကာလများအတွင်း ပေါ်ထွက်လာအောင် အားထုတ်ဆောင်ရွက်သင့်ပေသည်။"

အခန်း(၅)

# ဒီမိုကရေစီစနစ်ကို ပြန်လည်အားဖြည့်ခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်မှု ပုံစံသစ်များ

ဤအပိုင်းသည် ဒီမိုကရေစီစနစ်အပေါ် လေ့လာမှု၏ နောက်ဆုံးအပိုင်းဖြစ်ပါသည်။ စာဖတ်သူများ ယခင်အပိုင်းများတွင် တွေ့ခဲ့ကြရသည့်အတိုင်း ဒီမိုကရေစီစနစ် အထိုင်ကျနေသော နိုင်ငံများရှိ ပြည်သူလူထုများတွင်သာမက ဒီမိုကရေစီနိုင်ငံသစ်များရှိ ပြည်သူလူထုများတွင်ပါ ၎င်းတို့အစိုးရ၏ အုပ်ချုပ်ပုံ အုပ်ချုပ်နည်းများအပေါ် မကျေမနပ် ဖြစ်နေကြသလို ၎င်းတို့၏ ကိုယ်ပိုင်အစွမ်းအစတို့ ထုတ်၍ ၎င်းတို့အစိုးရအပေါ် လွှမ်းမိုးနိုင်စွမ်း အားနည်းနေမှုတို့လည်း အားမလိုအားမရ ဖြစ်နေကြလျက်ရှိသည်။ ဤမကျေနပ်ချက်များကို လျော့ပါးသွားအောင် မည်သို့လုပ်ဆောင်နိုင်ကြမည်နည်း။ ပြည်သူလူထုအနေနှင့် အုပ်ချုပ်မှုကဏ္ဍတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်နိုင်မည့် ဦးဆောင်ဦးရွက်ပြုမှု (initiative) နည်းလမ်းအချို့ကို ဤအပိုင်းတွင် လေ့လာတင်ပြပါမည်။ ယခုတင်ပြမည့် နည်းလမ်းများသည် ကိုယ်စားပြု ဒီမိုကရေစီစနစ်ကို အစားထိုးမည့် နည်းလမ်းများမဟုတ်ဘဲ ကိုယ်စားပြု ဒီမိုကရေစီစနစ်၏ လိုအပ်ချက်များကို အားဖြည့်ပေးမည့်၊ ပြုပြင်

www.burmeseclassic.com



ပေးမည့် နည်းလမ်းများဖြစ်သည်။

အချို့သော ဦးဆောင်ဦးရွက်ပြုမှု နည်းလမ်းများသည် ရပ်ရွာဒေသအလိုက် လုပ်ဆောင်ကြရမည့် နည်းလမ်းများဖြစ်ပြီး အချို့သော နည်းလမ်းများမှာ နိုင်ငံတစ်ဝှမ်း လုပ်ဆောင်ကြရမည့် နည်းလမ်းများဖြစ်သည်။ ဤနည်းလမ်းများ၏ အဓိက ရည်ရွယ်ချက်မှာ နိုင်ငံသားများအား အများနှင့်ဆိုင်သော ကိစ္စများအပေါ် ၎င်းတို့ကိုယ်တိုင် ဝင်ရောက်ထိန်းချုပ်ခွင့်ရရှိရေးနှင့် လုပ်ပိုင်ခွင့်အာဏာ ရရှိရေး (empowerment)တို့ဖြစ်သည်။ ဤဦးဆောင်ဦးရွက်ပြုမှု နည်းလမ်းများကို ကျင့်သုံးကြမည့်နေရာသည် အရပ်သားအသင်းစု လူ့အဖွဲ့အစည်းများ(civil society) တွင်ဖြစ်သည်။ နိုင်ငံသားများအနေနှင့် အစိုးရနှင့် မပတ်သက်ဘဲ ၎င်းတို့ဆန္ဒအလျောက် ကိုယ်ထူကိုယ်ထ ဖွဲ့စည်းတည်ထောင်ထားသော အသင်းအဖွဲ့များကို အရပ်သားအသင်းစု လူ့အဖွဲ့အစည်းများဟုခေါ်သည်။ အရပ်သားအသင်းစု လူ့အဖွဲ့အစည်းများသည် ဒီမိုကရေစီစနစ် ပြန်လည်ဆန်းသစ်ရေးအတွက် အလွန်အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိ၏။ ယနေ့ခေတ်တွင် နိုင်ငံသားများသည် စေတနာ့ဝန်ထမ်း လုပ်ဆောင်မည့် အသင်းအဖွဲ့များ ထူထောင်ကာ အသင်းအဖွဲ့အချင်းချင်း ချိတ်ဆက်၍လည်းကောင်း၊ အစိုးရလုပ်ငန်းများနှင့် ချိတ်ဆက်၍လည်းကောင်း စနစ်တကျ လုပ်ဆောင်နိုင်ရန် ကြိုးပမ်းကြလျက်ရှိသည်။

နိုင်ငံသားများ တိုက်ရိုက်ပါဝင်ဆောင်ရွက်နိုင်မည့် နည်းလမ်းလေးသွယ်ရှိသည်။

၁။ အာဏာခွဲဝေပေးသော အုပ်ချုပ်ရေးပုံစံ (devolved government)တွင် ပူးပေါင်းဆုံးဖြတ်ချက်ချခြင်း၊

၂။ ဆွေးနွေးဆုံးဖြတ်သော သဘောထားစစ်တမ်းများနှင့် လူထုခုံသမာဓိအဖွဲ့များ (deliberative opinion polls and citizens' juries)၊



၃။ ပြည်သူ့ဆန္ဒခံယူပွဲများနှင့် လူထုအဆိုပြု ဥပဒေကျင့်ထုံး၊

၄။ ဒီဂျစ်တယ် ဒီမိုကရေစီ (digital democracy)။

ဤနည်းလမ်းလေးသွယ်သည် နိုင်ငံသားတို့ တိုက်ရိုက် ပါဝင်ဆောင်ရွက်ရာတွင် အထိရောက်ဆုံးဖြစ်နိုင်မည့် နည်းလမ်းများတို့ ရွေးချယ်ဖော်ပြထားခြင်းဖြစ်ပြီး ပြီးပြည့်စုံသော နည်းလမ်းများဟု မမှတ်ယူ စေလိုပါ။ ဤနည်းလမ်းများသည် ကိုယ်စားပြု ဒီမိုကရေစီစနစ်၏ အလေ့အထများကို အားဖြည့်ပေးရာရောက်မည့်အပြင် နိုင်ငံသားများအနေနှင့် အုပ်ချုပ်ရေးတွင် ပို၍ ပါဝင်နိုင်ခွင့်ရှိလာသောကြောင့် ပြည်သူလူထုနှင့် အစိုးရတို့ကြား ဆက်ဆံရေးကိုလည်း ပို၍ နွေးထွေးခိုင်မာ လာစေပါလိမ့်မည်။ ဤနည်းလမ်းလေးခုကို မတင်ဆက်မီ ပါဝင်ဆောင်ရွက်မှု ဒီမိုကရေစီ (participatory democracy)၏ အလေ့အထနှင့် ပတ်သက်သော အကြောင်းအခြင်းအရာ တချို့ကို မိတ်ဆက်ပေးပါဦးမည်။

## အုပ်ချုပ်ရေးတွင် ပါဝင်ဆောင်ရွက်ခြင်း

ပါဝင်ဆောင်ရွက်မှု ဒီမိုကရေစီဆိုသည်မှာ မနေ့တစ်နေ့ကမှ ပေါ်လာသော ပုံစံတစ်ရပ် မဟုတ်ပါ။ ရှေးခေတ် အေသင်မြို့ပြနိုင်ငံငယ်ရှိ အေသင်နိုင်ငံသားတို့၏ ညီလာခံများမှ အစပြုခဲ့သည့် ပုံစံတစ်ရပ်ဖြစ်သည်။ မျက်မှောက်ခေတ်၌ ကိုယ်စားပြု ဒီမိုကရေစီစနစ် ထွန်းကားလာခဲ့သည့်တိုင် ပါဝင်ဆောင်ရွက်မှု ဒီမိုကရေစီပုံစံသည် မည်သည့်အခါမှ အပြီးပိုင် ပျောက်ကွယ်သွားခြင်း မရှိခဲ့ပါ။ အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ကမ်းရိုးတန်းရှိ မြို့နယ် အစည်းအဝေးပွဲများ၊ ဆွစ်ဇာလန်နိုင်ငံရှိ မြို့နယ်ညီလာခံများ၊ အင်္ဂလန် ကျေးလက်ဒေသရှိ ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးများသည် ပါဝင်ဆောင်ရွက်မှု ဒီမိုကရေစီစနစ်ကို လူဦးရေနည်းသည့်ခေတ်မှသည် ယနေ့တိုင် ဆက်လက်ကျင့်သုံးလျက်ရှိသည့် နေရာများ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပါဝင်ဆောင်ရွက်မှု ဒီမိုကရေစီပုံစံကို သာမန်အခြေအနေမျိုးတွင် မဟုတ်ဘဲ ထူးခြားသည့် အခြေအနေမျိုးတွင်လည်း ကျင့်သုံးတတ်ကြသည်။ ယင်းမှာ တော်လှန်ရေးကာလ လူထုအုံကြွမှုများတွင် ဖြစ်သည်။ လူထုအုံကြွမှုများသည် ဖိနှိပ်သော အစိုးရများကို ဖြိုလှဲချလိုက်ရုံမျှမက အများနှင့်ဆိုင်သော ကိစ္စရပ်များကို စီမံခန့်ခွဲမည့် လူထုအဖွဲ့အစည်းများ အလိုအလျောက် ပေါ်ပေါက်လာအောင်ကိုလည်း ပြုလုပ်ပေးလေ့ရှိသည်။ သာဓကအားဖြင့် အစားအစာဝေငှရေး၊ ရပ်ရွာကာကွယ်ရေး၊ တောကြောင်များရန်မှ ကာကွယ်ရေး စသည့် အများနှင့်ဆိုင်သည့် အရေးအရာများအတွက် အသင်းအဖွဲ့များ ပေါ်ပေါက်လာလေ့ရှိသည်။ လူထုအုံကြွမှုကာလများအတွင်းမှနေ၍ ရရှိလာသော သင်ခန်းစာနှစ်ရပ်ကို ဖော်ပြရလျှင် ပထမ သင်ခန်းစာမှာ သာမန်ပြည်သူလူထုတွင် မဖော်ထုတ်ရသေးသော အရည်အချင်းများ များစွာရှိနေသည်ကို သိရှိလာခြင်းနှင့် ဒုတိယ သင်ခန်းစာမှာ အစိုးရတစ်ရပ် ပြုတ်ကျသွားခြင်းကြောင့် လူ့အဖွဲ့အစည်းတစ်ခုလုံး ဖရိုဖရဲ ဖြစ်သွားလိမ့်မည်ဟု အမြဲမမှတ်ယူဖို့ ဆိုသည်တို့ ဖြစ်သည်။ ဤသို့သော အလားတူ သင်ခန်းစာမျိုးကို တော်လှန်ရေးကာလများတွင်မှ မဟုတ်ဘဲ အလုပ်သမားသပိတ်၊ လယ်သမားသပိတ်များတွင်ပင် တွေ့ရှိနိုင်သည်။ ဗြိတိန်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ၁၉၈၄ ခုနှစ် မိုင်းအလုပ်သမား သပိတ်ကာလအတွင်း၌ အမျိုးသမီးများသမဂ္ဂများ ရုတ်တရက် ပေါ်ပေါက်လာခဲ့သည်။ ယင်းသမဂ္ဂများသည် အလုပ်သမားများ နေရေးထိုင်ရေးအတွက် ပံ့ပိုးပေးခဲ့သည်။ ၎င်းတို့၏ ရပိုင်ခွင့်များအတွက် တိုက်ပွဲဝင်ခဲ့ကြသည်။ သပိတ်တွင်ပါဝင်ခဲ့သူတစ်ဦးက "အမျိုးသမီးတွေဟာ အတော့်ကို ပြောင်းလဲသွားကြပြီ။ သူတို့ရဲ့ခွန်အား၊ သူတို့ရဲ့ အစွမ်းအစ၊ သူတို့ရဲ့အသံ၊ သူတို့ရဲ့ ကိုယ်ပိုင်လက္ခဏာတွေကို သူတို့တွေ့ရှိသွားကြပြီ။ ဒါမျိုးတွေ သူတို့မှာ ရှိနေမယ်လို့ သူတို့ဘယ်တုန်းကမှ ထင်ထားခဲ့ကြတာ မဟုတ်ဘူး"ဟု မှတ်ချက်ပြုခဲ့သည်။



ပါဝင်ဆောင်ရွက်မှု အုပ်ချုပ်ရေးစနစ်တစ်ရပ် (participatory government) ထူထောင်ရေးအတွက် အဆိုပြုနေကြသူများအတွက် ဤနေရာတွင် အခရာကျသည့် မေးခွန်းတစ်ခု ပေါ်လာသည်။ တော်လှန်ရေးကာလနှင့် သပိတ်တိုက်ပွဲကာလများတွင် ဖြစ်ပေါ်လာသည့် လှုပ်ရှားပြောင်းလဲရေး စိတ်ဓာတ်များ (activism)ကို သာမန်နေ့စဉ် ဘဝများတွင် နိုးကြားလာအောင်၊ ကိုယ်စားပြု ဒီမိုကရေစီစနစ်အောက်တွင် နိုးကြားလာအောင် ပြုလုပ်၍ ရနိုင်ပါ၏လော ဆိုသည့် မေးခွန်း ဖြစ်သည်။ အမေရိကန်တော်လှန်ရေးနှင့် ပြင်သစ်တော်လှန်ရေး နှစ်ခုစလုံးတွင် ပါဝင်ခဲ့ဖူးသူ ၁၈ ရာစုကာလ အင်္ဂလိပ် ဒီမိုကရက်တစ်ဦးဖြစ်သော တောမတ်ပိန်း(Thomas Paine)ပြောခဲ့ဖူးသည့် စကားများကို ဤနေရာတွင် မူရင်းအတိုင်း ဖော်ပြလိုပါသည်။

"တော်လှန်ရေးများသည် ဉာဏ်ပါရမီထူးသူများနှင့် ကိုယ်ရည်ကိုယ်သွေးရှိသူများကို မွေးဖွားပေးတတ်သည့် သဘောရှိသည်ဟု ယေဘုယျ ကောက်ချက်ချနိုင်သည်။ စင်စစ်တွင် တော်လှန်ရေးကြီးများသည် ယင်းသို့သော လူမျိုးများကို မွေးဖွားပေးရုံသက်သက်မျှမကပါ။ သူသူငါငါ လူသားတိုင်း လူသားတိုင်းတွင် ငုပ်လျှိုးနေသော ကိုယ်စွမ်းကိုယ်စများစွာ ရှိနေကြပေရာ ၎င်းအစွမ်းအစများကို ပေါ်ထွန်းလာအောင် နှိုးဆွပေးမည့် အကြောင်းတစ်စုံတရာသာ မရှိခဲ့လျှင် ၎င်းအစွမ်းအစများသည် သေဆုံးသွားသည့်တိုင် နဂိုမူလအတိုင်း ငုပ်လျှိုးလျက်ပင် ပျောက်ကွယ်သွားရပေလိမ့်မည်။ အညတရ သာမန်လူများတွင် ကိန်းအောင်းလျက်ရှိသည့် အစွမ်းအစများအားလုံးကို ဖော်ထုတ်အသုံးပြုနိုင်မည်ဆိုလျှင် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အလွန်ပင်အကျိုးရှိမည် ဖြစ်သောကြောင့် အစိုးရက တာဝန်ယူ၍ (တော်လှန်ရေးကာလများတွင် ဧကန်ပေါ်ထွက်လာမည့်) ယင်းအစွမ်းအစများကို တည်ငြိမ်အေးချမ်းသော နေ့စဉ်လူမှုဘဝ ကာလများအတွင်း ပေါ်ထွက်လာအောင် အားထုတ်ဆောင်ရွက်သင့်ပေသည်။"

www.burmeseclassic.com

www.burmeseclassic.com



တောမတ်ပိန်း၏ ယူဆချက်အပြင် ၁၉ ရာစုခေတ် အတွေးအခေါ် ပညာရှင် ဂျွန်စတူးဝပ်မေးလ်၏ အမြင်ကိုလည်း ဤနေရာတွင် ဖော်ပြလိုပါသည်။

"နိုင်ငံရေး အင်စတီကျူးရှင်းကြီးများအားလုံးကို ပထမဆုံး မေးခွန်းထုတ်လိုသည်မှာ နိုင်ငံရေးအင်စတီကျူးရှင်းများသည် ၎င်းတို့၏ လူ့ဘောင်အသိုင်းအဝိုင်းရှိ ပြည်သူလူထုထံတွင် တည်ရှိသော (စာရိတ္တ၊ အသိဉာဏ်နှင့် နိုးကြားတက်ကြွမှုဆိုသည့်) လိုလားအပ်သည့် အရည်အသွေးကောင်းများကို မည်မျှသော အတိုင်းအတာအထိ ပြုစုပျိုးထောင်ပေးဖို့ ဆန္ဒရှိပါသနည်း ဆိုသော မေးခွန်းဖြစ်သည်။ ဤအရည်အသွေးကောင်းများကို ပြုစုပျိုးထောင်ရာတွင် အကောင်းဆုံး စွမ်းဆောင်နိုင်သော အစိုးရများသည် အခြားသော ကိစ္စရေးရာများတွင်လည်း အကောင်းဆုံး စွမ်းဆောင်နိုင်ဖို့ သေချာသလောက်ပင် ရှိပေသည်၊ အကြောင်းမူ ပြည်သူလူထုထံတွင် ဤအရည်အသွေးကောင်းများ ရှိနေသ၍ အစိုးရများသည် လုပ်ငန်းဆောင်တာများကို သတ်တွေ့လုပ်ဆောင်ရာတွင် လူထု၏ အရည်အသွေးကောင်းများကို အသုံးချတာ ကောင်းမြတ်သော လူ့ဘောင်လောကကို တည်ဆောက်နိုင်သောကြောင့် ဖြစ်၏။"

အထက်ပါ ကိုးကားချက်နှစ်ခုတွင် ပါဝင်ဆောင်ရွက်မှု ဒီမိုကရေစီစနစ်ကို ယုံကြည်ကြသူများအတွက် မျှော်လင့်ချက်များစွာ ပါဝင်လျက်ရှိ၏၊ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့် အကျိုး အမြတ်များကို အောက်ပါအတိုင်း အကျဉ်းချုံး ဖော်ပြနိုင်သည်။

- ကျွမ်းကျင်သူများ၏ အတတ်ပညာနှင့် အစွမ်းအစများကို သာမက သာမန်လူများ၏ အတတ်ပညာနှင့် အစွမ်းအစများကိုပါ ဖော်ထုတ်အသုံးချနိုင်သော အုပ်ချုပ်မှုဆိုင်ရာ အစီအစဉ်များသည် အရည်အသွေး ပိုမိုပြည့်ဝသော အုပ်ချုပ်ရေးစနစ် တစ်ရပ်ကို ဖြစ်ပေါ်စေသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ပြည်သူလူထု၏ အမှန်တကယ် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်စွမ်းရှိသည့် အုပ်ချုပ်ရေးစနစ်တစ်ရပ်ကို ဖြစ်ပေါ်စေသည်။
- ပါဝင်ဆောင်ရွက်မှု ဒီမိုကရေစီ ပုံစံတွင် ပြည်သူလူထုသည် ၎င်းတို့နေထိုင်ရာ လူမှုအသိုင်းအဝိုင်းရှိ လက်တွေ့ လူမှုဘဝပြဿနာများကို ကိုယ်တိုင်ကိုယ်ကျပါဝင်၍ ဖြေရှင်းကြရသည် ဖြစ်ရာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်မှုကြောင့် ၎င်းတို့၏ အသိဉာဏ်များ၊ ၎င်းတို့၏စွမ်းဆောင်ရည်များကို မြင့်မားတိုးတက်လာစေသည်။
- လူမှုဘဝလက်တွေ့ပြဿနာများကို အဖြေရှာရာတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ချင့်ချိန်ဆွေးနွေးမှုများ ပြုလုပ်ကြရခြင်းကြောင့် ပါဝင်ဆောင်ရွက်သူများသည် ကိုယ့်လိုအပ်ချက်တစ်ခုတည်းကိုသာ ကြည့်နေ၍ မရတော့ဘဲ အခြားသူများ၏ လိုအပ်ချက်များကိုပါ ထည့်သွင်းစဉ်းစားတတ်လာကြသည်၊ ဤသို့ဖြင့် မိမိအကျိုးကိုသာ ကြည့်တတ်ခြင်းမှ အများအကျိုးကိုပါ ကြည့်တတ်လာသည့် အမြင်သဘောထားများပါ ပြောင်းလဲလာလေ့ရှိသည်။
- ပါဝင်ဆောင်ရွက်သူတစ်ဦးသည် ၎င်းကိုယ်တိုင် ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်ခြင်းကြောင့် ထင်သာမြင်သာရှိသော လက်ဆုပ်လက်ကိုင် ပြနိုင်သော အကျိုးရလဒ်များကို မြင်တွေ့လာရသည့်အခါ 'ငါအားထုတ်မှုက မဆိုးဘူး၊ ငါ့မှာလုပ်နိုင်စွမ်းတွေရှိတာပဲ'ဟု ၎င်းစိတ်ထဲ အားတက်လာကာ လုပ်ပိုင်ခွင့်အာဏာရှိမှု(empowerment) ကိုမြင် တွေ့လာနိုင်သည်။ ထိုအားတက်စိတ်ကြောင့် နောက်ထပ်ပါဝင် ဆောင်ရွက်လိုစိတ်များကို ဖြစ်ထွန်းစေပြန်သည်။
- ပါဝင်ဆောင်ရွက်မှု အုပ်ချုပ်မှုပုံစံသည် သာမန်ပြည်သူများ၏ လိုအပ်ချက်များကို (လိုအပ်ချက်နှင့်အညီ သဟဇာတရှိစွာ) မြန်



www.burmeseclassic.com

www.burmeseclassic.com



မြန်ထက်ထက် တုံ့ပြန်ဖြည့်ဆည်းပေးနိုင်သည်။ အခြားသော အုပ်ချုပ်မှု ပုံစံတွင်မူ ဤသို့ဆောင်ရွက်ရန် အခွင့်သာမည်မဟုတ်ပါ။

ပါဝင်ဆောင်ရွက်မှုပုံစံတွင် အကျိုးကျေးဇူးများစွာရှိသော်ငြားလည်း မထင်မှတ်ဘဲ ကျရောက်နိုင်သော ဆိုးကျိုးများလည်းရှိသည်။ ဖြစ်တတ်သော ဆိုးကျိုးများမှာ -

- အုပ်ချုပ်ရေး လုပ်ငန်းများတွင် ပြည်သူများ ပိုမိုပါဝင်လာခြင်းသည် တည်ရှိနေသော မညီမျှမှုများကို ပိုမိုဆိုးရွားလာစေသည်။ အကြောင်းမှာ ပါဝင်လာသော ပြည်သူများ ဆိုသည်မှာ ပညာတတ်များ၊ ငွေကြေးကြွယ်ဝသူများသာ ဖြစ်လေ့ရှိသောကြောင့် ဖြစ်သည်။
- လူထုနှီးနှောဖလှယ်ပွဲများဆိုသည်မှာလည်း ကျယ်ပြန့်သောလူထုတစ်ရပ်လုံး ပါဝင်ဖို့ထက် လူနည်းစုအုပ်စုများကသာ အုပ်စီးထားနိုင်သည့်သဘော ရှိနေတတ်သည်။ ၎င်းလူနည်းစုအုပ်စုများသည် ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသည့်သဘော ပါဝင်လေ့ မရှိချေ။
- သာမန်နိုင်ငံသားများကို အတတ်ပညာနှင့် ကျွမ်းကျင်မှုများစွာ လိုအပ်လှသည့်ရှုပ်ထွေးခက်ခဲသော မေးခွန်းများမေး၍ ဆုံးဖြတ်ချက် တောင်းခံခြင်းသည် အလွန်တရာ မတော်တရော်နိုင်လွန်းလှသည်။
- ပါဝင်ဆောင်ရွက်မှုဟူသည် လက်တွေ့အားဖြင့် အမှန်တကယ် ပါဝင်ဆောင်ရွက်မှုမျိုး မဟုတ်ဘဲ 'အမည်ခံ ပါဝင်ဆောင်ရွက်မှု' များဖြစ်လေ့ရှိသည်။ လူထုပါဝင်ဆောင်ရွက်မှုဟူသည် လူထုအား တိုင်ပင်ရုံသက်သက်မျှသာဖြစ်ပြီး အစိုးရအနေနှင့် လူထုထံမှရရှိသော အမြင်သဘောထားများကို လေးစားလိုက်နာဆောင်ရွက်ပါမည်ဟု တာဝန်ခံထားသည့် သဘောများ မပါရှိ



ခြင်းကြောင့်ဖြစ်သည်။

ပါဝင်ဆောင်ရွက်မှုပုံစံ လေးမျိုးရှိကြောင်း အထက်တွင်ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယင်းနည်းလမ်းလေးသွယ်သည် ပါဝင်ဆောင်ရွက်မှုကြောင့်ဖြစ်ပေါ်လာသည့် ပြဿနာရပ်များကို မည်မျှသော အတိုင်းအတာထိ ကျော်လွှားသွားနိုင်မည်နည်းဆိုသည့် အချက်သည် နည်းလမ်းလေးသွယ်၏ အရည်အသွေးကို စစ်ဆေးမည့် အရေးပါသော စမ်းသပ်မှုပင်ဖြစ်သည်။ ကျွန်တော်တို့ ရှေ့ဆက် လေ့လာရာတွင် အထက်တွင် ပြဆိုခဲ့သည့် ပါဝင်ဆောင်ရွက်မှု ဒီမိုကရေစီစနစ်၏ ကောင်းကွက်ဆိုးကွက်များကို အလွန်အသုံးဝင်မည့် 'စံညွှန်းများ'အဖြစ် ပြန်လည်ရည်ညွှန်း၍ ဆွေးနွေးပြပါမည်။

*****

## (၁)
## အာဏာခွဲဝေပေးသော အုပ်ချုပ်ရေးပုံစံတွင် ပူးပေါင်း ဆုံးဖြတ်ချက်ချခြင်း

အစိုးရတစ်ရပ် ကိုင်တွယ်ကျင့်သုံးနေသော မူဝါဒတစ်ရပ်၏ အကျိုးသက်ရောက်မှုများကို ပြည်သူတို့ အများဆုံး ခံစားကြရသည့်နေရာမှာ ၎င်းတို့ နေထိုင်ရာ ရပ်ကွက်များ၊ ကျေးရွာများတွင် ဖြစ်သည်။ ပြဿနာများက ပြည်သူတို့နေထိုင်ရာ အိမ်များရှိရာဆီ တိုက်ရိုက်ရောက်ရှိလာကြသည်။ မီးမလာသည့် ပြဿနာ၊ ရေမရသည့်ပြဿနာ၊ ရေမြောင်းများ မကောင်း၍ လမ်းများ ရေလျှံသည့်ပြဿနာ၊ အိုးအိမ်ပြဿနာ၊ သန့်ရှင်းရေးပြဿနာ၊ လမ်းများ မကောင်းသည့်ပြဿနာ၊ ပို့ဆောင်ဆက်သွယ်ရေးပြဿနာ၊ မှုခင်းဆိုင်ရာ ပြဿနာ၊ ရုံးကနားသွားရာတွင် ကြုံတွေ့ရသည့်ပြဿနာ၊ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ပြဿနာ စသည့် စသည့် ပြဿနာပေါင်း သောင်းခြောက်ထောင်သည် အစိုးရ၏ အုပ်ချုပ်ရေးပိုင်းတွင် ဟာကွက်တွေ များစွာရှိနေကြောင်း ပြသနေသည့် အထောက်အထားများပင် ဖြစ်သည်။ ဤသို့နှင့် ရပ်တွက်

www.burmeseclassic.com

www.burmeseclassic.com



ကျေးရွာများတွင် ကိုယ့်အိမ်၊ ကိုယ့်ရပ်၊ ကိုယ့်ရွာအရေးများနှင့် ပတ်သက်၍ နိုင်ငံသားများသည် တစ်ဦးနှင့်တစ်ဦး အချင်းချင်း တွေ့ဆုံကြ၊ အပြန်အလှန် ဆွေးနွေးကြသည်။ လူမှုကွန်ရက်များ ထူထောင်ကြသည်။ တစ်နည်းဆိုရလျှင် ရပ်ရွာအုပ်ချုပ်ရေးတွင် ပြည်သူလူထုသည် တိုက်ရိုက် ပါဝင်လာတတ်ကြသည်။

မကြာသေးမီနှစ်များက ရပ်ကွက်ကျေးရွာတွင်းရှိ လူထုအား ရပ်ရွာအရေးနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ချပိုင်ခွင့်အာဏာ ခွဲဝေပေးသော စမ်းသပ်ချက်များစွာကို နိုင်ငံအတော်များများ၌ ပြုလုပ်ခဲ့ကြသည်။ ဥပမာအားဖြင့် ပြည်သူပိုင်အိမ်ရာများတွင် နေထိုင်ကြသော အိမ်ငှားနေသူများအား ဌာနဆိုင်ရာ၏ ကြီးကြပ်မှု မယူစေဘဲ အဆောက်အဦး မွမ်းမံပြင်ဆင်ခွင့်နှင့် အိုးအိမ်သာယာရေး ဆောင်ရွက်ပိုင်ခွင့်များကို ပေးအပ်ခဲ့သည်။ ရပ်ကွက်တွင်း နေထိုင်သူများအား နယ်မြေရဲဌာနနှင့် ပူးပေါင်း၍ ရပ်ကွက်တွင်း မှုခင်းနှိမ်နင်းရေး အစီအစဉ်များ၊ မှုခင်းနှိမ်နင်းရေး နည်းလမ်းများ တိုင်ပင်ဆွေးနွေးခွင့်များ ပေးအပ်ခဲ့သည်။ ကျောင်းသားမိဘများ၊ ရပ်မိရပ်ဖများအားလည်း ကျောင်းဆရာ ဆရာမများနှင့် ပူးပေါင်း၍ ရွေးချယ်တင်မြှောက်ထားသော ကျောင်းကောင်စီမှတစ်ဆင့် ကျောင်းပညာရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပိုင်ခွင့်များ ပေးအပ်ထားခဲ့သည်။

ထိုးထွင်းဉာဏ်သုံး၍ ဆောင်ရွက်ရသော ဦးဆောင်ဦးရွက်ပြုမှု ကိစ္စအားလုံးနီးပါးသည် စိတ်ဆန္ဒက သူ့အလိုလို တွန်းအားပေးခြင်းကြောင့် ဆောင်ရွက်ကြခြင်း မဟုတ်ပါ။ မဖြစ်မနေ ဖြေရှင်းဖို့လိုသည့် ပြဿနာများကို တည်ဆဲအုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများက မဖြေရှင်းနိုင်သဖြင့် ပြဿနာများကို နေ့စဉ်အမျှ ရင်ဆိုင်နေကြရသော ရပ်ကွက်ကျေးရွာများရှိ ဒေသခံများက ၎င်းတို့ကိုယ်တိုင် တက်တက်ကြွကြွ ဝင်ရောက်ဖြေရှင်းမှသာ ပြဿနာများ ဖြေရှင်းနိုင်ကြလိမ့်မည်ဟု ယူဆလာကြသောကြောင့် ဦးဆောင်ဦးရွက်ပြု လှုပ်ရှားမှုများ



ပေါ်ပေါက်လာကြခြင်း ဖြစ်သည်။ သို့ရာတွင် ဦးဆောင်ဦးရွက်ပြု လှုပ်ရှားမှုများ ထိထိရောက်ရောက် ရေရှည်ဆောင်ရွက်နိုင်ရန် ဒေသခံများအား တည်ဆဲအစိုးရများက အာဏာကို ၎င်းတို့ကိုယ်တိုင် တာဝန်ခံနိုင်သည့် ပမာဏအထိ ခွဲဝေပေးဖို့ လိုအပ်သည်။ ထို့ကြောင့် ဤနေရာတွင် ဒေသခံများ ကိုယ်တိုင် တာဝန်ခံနိုင်ခွင့် အမှန်တကယ်ရရှိနိုင်မည့် ပူးပေါင်းပါဝင်၍ ဆုံးဖြတ်ခွင့်ရှိသော ဖွဲ့စည်းမှုပုံစံသစ်များ (new participatory decisional structures)ကို တည်ထွင်ရမည် ဖြစ်၏။ အထက်ပါ အခြင်းအရာများကိုကြည့်၍ ကောက်ချက်ချရလျှင် လူမှုဘဝ အရေးအရာများသည် သူ့ဟာနှင့်သူ အလိုလို အဆင်ပြေ ချောမွေ့နေမည်ဆိုလျှင် အောက်ခြေလူတန်းစားများအနေနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့် ရရှိဖို့ဆိုသည်မှာ ဖြစ်နိုင်ခြေ အလွန်ပင် နည်းနေလိမ့်မည်ဟူ၍ဖြစ်၏။ နောက်ထပ် ကောက်ချက်တစ်ခုမှာ ပြဿနာများ ဖြေရှင်းရာတွင် အောက်ခြေလူတန်းစားများအနေနှင့် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်ဖို့လိုသည်ဟု တည်ဆဲအစိုးရ၏ လက်ခံ အသိအမှတ်ပြုမှု၊ တက်တက်ကြွကြွ အားပေးထောက်ခံမှု သို့မဟုတ် ပြည်သူလူထု ကိုယ်တိုင် အောက်ခြေမှ ဖိအားပေးမှု တို့အပေါ်တွင်လည်း မူတည်လျက်ရှိ၏။

ပါဝင်ဆောင်ရွက်မှု ဒီမိုကရေစီစနစ်ကို အထူးပြုလေ့လာနေသော ပညာရှင်များနှင့် လက်တွေ့ကျင့်ကြံနေကြသူများ စိတ်ဝင်တစားရှိ၍ ဝေဖန်ဆွေးနွေးမှုတွေ အတောမသတ်နိုင်အောင် ပြုလုပ်နေကြသည့် အတုယူဖွယ် စံပြဖြစ်ရပ် နှစ်ခုအကြောင်းကို ဤနေရာတွင် အကြမ်းဖျဉ်း တင်ပြလိုပါသည်။ တစ်ခုမှာ ဘရာဇီးနိုင်ငံတောင်ပိုင်း၊ ပေါ်တို အေဂါမြို့အတွက် ဘတ်ဂျက်(budget) သို့မဟုတ် ရသုံးမှန်းခြေငွေစာရင်းရေးဆွဲရာတွင် မြို့ခံများ ပါဝင်မှုစနစ်တစ်ရပ်အကြောင်း ဖြစ်ပြီး အခြားတစ်ခုမှာ အိန္ဒိယနိုင်ငံတောင်ပိုင်း ကာရာလာပြည်နယ် ဗဟိုချုပ်ကိုင်မှု လျှော့ချထားသည့် စီမံကိန်းရေးဆွဲရေး (decentra-

www.burmeseclassic.com

www.burmeseclassic.com



lised planning) လုပ်ရှားမှုအကြောင်း ဖြစ်သည်။

## ပေါ်တိုအေဂါမြို့၌ မြို့ခံများပါဝင်၍ ဘတ်ဂျက်ရေးဆွဲမှု

ပေါ်တိုအေဂါမြို့သည် မြို့ခံများ ပါဝင်၍ ဘတ်ဂျက်ရေးဆွဲမှု စမ်းသပ်ချက်ကြောင့် ယခုအခါ အတော်ပင် လူသိများသော မြို့တစ်မြို့ ဖြစ်နေပါပြီ။ မြို့ကောင်စီသည် အလုပ်သမားများပါတီ လက်ထဲသို့ ၁၉၈၉ ခုနှစ်တွင် ရောက်ရှိသွားသည့်အခါ အဆိုပါ စမ်းသပ်ချက်ကို စတင်ပြုလုပ်ခဲ့သည်၊ မြို့ကောင်စီသည် စည်ပင်သာယာရေးဆိုင်ရာ ဘတ်ဂျက် သုံးစွဲရေးနှင့် ပတ်သက်သော ဆုံးဖြတ်ချက် ချမှတ်မှုကို ၎င်းတို့က ချုပ်ကိုင်မထားတော့ဘဲ အောက်ခြေရှိ ရပ်ကွက်သူ ရပ်ကွက်သားများထံ အာဏာခွဲဝေပေးခဲ့သည်။ ပေါ်တိုအေဂါမြို့တွင် ခရိုင် ၁၆ ခုရှိပြီး ခရိုင်တစ်ခုချင်းရှိ ရပ်ကွက်သူ ရပ်ကွက်သားများက ၎င်းတို့ခရိုင်တွင်း ပြည်သူ့ရေးရာ ပရောဂျက်များ ရေးဆွဲဆုံးဖြတ်ရန်နှင့် တစ်မြို့လုံးနှင့်ဆိုင်သော ဦးစားပေး ရင်းနှီးမြှုပ်နှံရမည့် ကိစ္စရပ်များ ဆုံးဖြတ်ရန်တို့အတွက် အစည်းအဝေးပွဲကြီးများကို ကျင်းပကြသည်၊ ခရိုင်အစည်းအဝေးတစ်ခုစီမှ ခရိုင်ကိုယ်စားလှယ်များကို အသီးသီး ရွေးချယ်ကြရသည်၊ ခရိုင်ကိုယ်စားလှယ်များသည် ခရိုင်တွင်း ပုံမှန် အစည်းအဝေးများနှင့် အကြောင်းအရာလိုက် အစည်းအဝေးပွဲများ (thematic meetings) တက်ကြရသည်။ အကြောင်းအရာလိုက် အစည်းအဝေးပွဲများတွင် မြို့ကောင်စီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ပရောဂျက်များကို အတည်ပြု ပြဋ္ဌာန်းကြရသည်။ အတည်ပြုပြဋ္ဌာန်းလိုက်သော ပရောဂျက်များကို ခရိုင်အစည်းအဝေးများတွင် ပြန်လည် တင်ပြကြရပြီး ထောက်ခံအတည်ပြုချက် ရယူကြရသည်။ ခရိုင်အစည်းအဝေးများမှနေ၍ ခရိုင်တစ်ခုစီအတွက် ကောင်စီဝင် လူကြီးနှစ်ဦးကို ရွေးချယ်ကြရသည်။ ယင်းကောင်စီဝင် လူကြီးများသည် ဘတ်ဂျက်ဆိုင်ရာ စည်ပင်သာယာရေးကောင်စီတွင် အကြောင်းအရာအလိုက်



ဖွဲ့စည်းထားသော ကော်မတီ ငါးခုမှ ကိုယ်စားလှယ်များနှင့် အတူ တာဝန်ထမ်းဆောင်ကြရသည်။ ဘတ်ဂျက်ဆိုင်ရာ စည်ပင်သာ ယာရေးကောင်စီ၏ တာဝန်မှာ တစ်မြို့လုံးဆိုင်ရာ ဘတ်ဂျက်အတွက် ညှိနှိုင်းသဘောတူရေးဖြစ်သည်။ ညှိနှိုင်းသဘောတူညီမှု ရရှိပြီးသော ဘတ်ဂျက်ကို နောက်ဆုံးအတည်ပြုချက် ရယူရန် မြို့တော်ဝန်ထံ တင်ပြကြရသည်။ အစည်းအဝေးအမျိုးမျိုး၊ အစည်းအဝေး အဆင့်ဆင့်တွင် ပါဝင်သော ရပ်ကွက်သူ ရပ်ကွက်သား ဦးရေမှာ အောက်ပါအတိုင်း ဖြစ်သည်၊

- ခရိုင်အလိုက် အစည်းအဝေးများ -- ခရိုင်တစ်ခုစီတွင် လူ ၁၀၀၀ လောက်ထိပါဝင်ပြီး ဘတ်ဂျက်တစ်ရာသီတွင် ၂ ကြိမ် တွေ့ဆုံကြသည်။
- ခရိုင်ကိုယ်စားလှယ် အစည်းအဝေးများ -- လူဦးရေ ၅၀ မှ ပါဝင်ပြီး ဘတ်ဂျက်ရာသီ၏ အစောပိုင်းလများတွင် အပတ်စဉ် တွေ့ဆုံကြသည်။
- ဘတ်ဂျက်ရေးရာ စည်ပင်သာယာရေးကောင်စီ အစည်းအဝေး များ -- ခရိုင် ၁၆ ခုမှ ကောင်စီဝင်လူကြီး ၃၂ ဦးနှင့် အကြောင်း အရာလိုက် ကော်မတီမှ ကိုယ်စားလှယ်များပါဝင်ပြီး ဘတ်ဂျက် ရေးဆွဲမှု နောက်ပိုင်းလများတွင် ပုံမှန်တွေ့ဆုံပွဲများ ပြုလုပ် ကြသည်။

ဘတ်ဂျက်ရေးဆွဲရာတွင် မြို့ခံများပါ ပါဝင်စေလိုသော ဆန္ဒ ဖြစ်ပေါ်လာရခြင်း၏ အဓိက အကြောင်းရင်းမှာ လူအများအပြား မယုံမကြည် ဖြစ်လာကြသည့် ဘတ်ဂျက်ရေးဆွဲမှု စနစ်ဟောင်းမှ ခွဲ ထွက်လိုကြသောကြောင့် ဖြစ်သည်။ စနစ်ဟောင်းတွင် မြို့တွင်းကောင် ခံရရှိသော စည်ပင်သာယာရေး အခွန်ငွေများကို ဖျူရိုကရေစီစနစ်ဖြင့် ပြန်လည် ဝေခြမ်းရာတွင် 'ခင်မင်မှုအခြေပြု စနစ်' (ခင်မင်ရင်းနှီးသူ များကို မျက်နှာသာပေးသည့်စနစ်)ကို အသုံးပြုခဲ့သည်၊ ထို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မြို့သူမြို့သားများစွာက မကောင်းပြောလာကြခြင်း ဖြစ်သည်။ မြို့သူ မြို့သားများပါဝင်မှု ပုံစံသစ်သည် ဘတ်ဂျက် ရေးဆွဲခြင်းလုပ်ငန်းစဉ်ကို အပြည့်အဝ ထင်သာမြင်သာ ရှိစေရုံမျှသာမက မြို့၏ ဆင်းရဲသည့် ရပ်ကွက်များဆီသို့ အရင်းအမြစ်များ (resources) ပြန်လည်ဖြန့်ဝေ ပေးရာတွင်လည်းကောင်း၊ အခွန်ကောက်ခံမှု နှုန်းထားများ တိုးမြင့်ရာတွင်လည်းကောင်း၊ အလွန်ပင် အောင်မြင်ခဲ့သည်။

## ကာရာလာပြည်နယ်၌ ဗဟိုထိန်းချုပ်မှု လျှော့ချထားသည့် စီမံကိန်းရေးဆွဲမှု

ကာရာလာပြည်နယ်သည် အိန္ဒိယနိုင်ငံရှိ အဆင်းရဲဆုံး ပြည်နယ်များအနက် တစ်ခု ဖြစ်သည်။ သို့ရာတွင် လက်ဝဲယိမ်းဝါဒီများသည် ဤပြည်နယ်၌ အာဏာရအစိုးရ ဆက်တိုက် ဖြစ်ခဲ့သောကြောင့် ဤပြည်နယ်သည် စာတတ်မြောက်မှုနှုန်း အမြင့်မားဆုံးပြည်နယ်များအနက် တစ်ခုအပါအဝင် ဖြစ်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ကွန်မြူနစ်များ ဦးဆောင်သော လက်ဝဲ ဒီမိုကရက်တစ် တပ်ဦးပါတီသည် 'ဗဟိုထိန်းချုပ်မှု လျှော့ချထားသော စီမံကိန်းရေးဆွဲရေး' လှုပ်ရှားမှု တစ်ခုကို စတင်ဆင်နွှဲခဲ့သည်။ ဤလှုပ်ရှားမှုအရ ပြည်နယ် ဘတ်ဂျက်၏ လေးဆယ် ရာခိုင်နှုန်းကို ဩဇာကြီးမားသော ပြည်နယ်ရေးရာ ဌာနများလက်ထဲမှနေ၍ စီမံကိန်းရေးဆွဲရေး ကျေးရွာကောင်စီ ၉၀၀ တို့၏ လက်ထဲသို့ လွှဲပြောင်းပေးခဲ့သည်။ ဤစီမံကိန်းတွင် ရွာအလိုက် ဖွံ့ဖြိုးရေး စီမံချက်တစ်ရပ်ရေးဆွဲကြရမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးစီမံချက်တွင် ဒေသတွင်းလိုအပ်ချက် အကဲဖြတ်မှုများ၊ ပရောဂျက်ရေးဆွဲရေး အစီအစဉ်များနှင့် အကျိုးခံစားခွင့်ရှိသူများ၊ အစီအစဉ်များ ဆောင်ရွက်ရေးအတွက် လိုအပ်မည့် ငွေကြေးပမာဏနှင့် အစီအစဉ်များကို စောင့်ကြပ်ကြည့်ရှုမည့် အသေးစိတ် အချက်အလက်များ စသည်ဖြင့် ပါဝင်ရမည် ဖြစ်သည်။



စီမံကိန်းရေးဆွဲမှု လုပ်ငန်းစဉ် စတင်ရာနေရာသည် နိုင်ငံသားအားလုံး ပါဝင်နိုင်ခွင့်ရှိသည့် ကျေးရွာမျက်နှာစုံညီ အစည်းအဝေးပွဲများပင်ဖြစ်သည်။ မျက်နှာစုံညီ အစည်းအဝေးပွဲများတွင် ဖွံ့ဖြိုးရေးလိုအပ်ချက် နယ်ပယ်များကို ညှိနှိုင်းကြမည့် ဖွံ့ဖြိုးရေး မဟာဗျူဟာချမှတ်ရေးနှင့် ပရောဂျက် အဆိုပြုချက်များ (proposals) အသေးစိတ် ရေးဆွဲရေးအတွက် ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ကြမည် ဖြစ်သည်။ ထို့နောက် ကိုယ်စားလှယ်များ စီမံကိန်းရေးဆွဲနိုင်ရေးအတွက် ၎င်းတို့အား လေ့ကျင့်သင်ကြားရေး နှီးနှောဖလှယ်ပွဲများကို ဆက်တိုက် ကျင်းပကြမည်ဖြစ်သည်။ စီမံကိန်းများ ရေးဆွဲပြီးသည့်အခါ ကျေးရွာအလိုက် သဘောတူညီချက် ရယူရမည်ဖြစ်သည်။ သဘောတူညီချက် ရယူပြီးသော စီမံကိန်းများကို ဒေသအလိုက် ရွေးချယ်တင်မြှောက်ထားသော ကောင်စီများထံသို့ တင်ပြရမည် ဖြစ်၏။ ထိုမှတစ်ဖန် ခရိုင်ကောင်စီများသို့ ပေးပို့ကြရသည်။ ခရိုင်ကောင်စီများမှနေ၍ ခရိုင်အချင်းချင်း ညှိနှိုင်းဆောင်ရွက်ရေး၊ နည်းပညာနှင့် ငွေကြေးထောက်ပံ့မှု ရနိုင်ခြေ ရှိမရှိ အကဲဖြတ်ရေးတို့ကို လုပ်ဆောင်ကြရသည်။ စီမံကိန်းရေးဆွဲရေး ပထမနှစ်ဖြစ်သည့် ၁၉၉၇-၁၉၉၈ ခုနှစ် တွင် ကာရာလာပြည်နယ်တစ်ခုလုံး၏ စီမံကိန်းရေးဆွဲမှု အဆင့်ဆင့်တွင်ပါဝင်သော နိုင်ငံသားအရေအတွက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

- ကျေးရွာမျက်နှာစုံညီ အစည်းအဝေးများ -- ပါဝင်သူဦးရေ စုစုပေါင်း နှစ်သန်းရှိပြီး စီမံကိန်းရေးဆွဲမှု ကာလအတွင်း နှစ်ကြိမ်တွေ့ဆုံကြသည်။
- ကိုယ်စားလှယ်များ တက်ရောက်ခဲ့သော ဖွံ့ဖြိုးရေး နှီးနှောဖလှယ်ပွဲများ -- ပါဝင်သူဦးရေ သုံးသိန်းရှိသည်။
- ပရောဂျက် ရေးဆွဲရေးအတွက် လုပ်ငန်းတပ်ဖွဲ့များ -- ပါဝင်သူဦးရေ တစ်သိန်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



• အထက်အဆင့် စီမံကိန်းရေးဆွဲရေး အစည်းအဝေးပွဲများ — ပါဝင်သူဦးရေ ငါးထောင်ရှိသည်။

ပေါ်တိုအေဂါမြို့ကဲ့သို့ပင် ကာရာလာပြည်နယ်ရှိ ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော ဦးဆောင်ဦးရွက်ပြု လှုပ်ရှားမှုများသည် ဖွံ့ဖြိုးရေး အရင်းမြစ်များ (development resources)ကို လူ့အဖွဲ့အစည်းအတွင်း 'မညီမျှမှုများ' ထင်ထင်ရှားရှား ကြုံတွေ့နေရသည့် ချို့တဲ့ဆင်းရဲသည့် ကျေးရွာများနှင့် လူအုပ်စုများထံ ဖြန့်ဝေပေးရာတွင် အလွန်ပင် အောင်မြင်ခဲ့သည်ဟုဆိုရမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးရေး အရင်းမြစ်များ ဖြန့်ဝေပေးရာတွင်လည်း အောက်ခြေ လူတန်းစားများကို စည်းရုံး လှုံ့ဆော်၍ ၎င်းတို့၏ အိုးအိမ်၊ သောက်ရေနှင့် သန့်ရှင်းရေး စသည့် ဦးစားပေးဆောင်ရွက်ရမည့် လိုအပ်ချက်များကို ၎င်းတို့ဘာသာ ရှာဖွေစေခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံတစ်ဝှမ်း အကျင့်ပျက်မှု၊ လာဘ်ပေးလာဘ်ယူပြုမှု ဆိုးဆိုးဝါးဝါး ကြုံတွေ့နေရသည့် အခြေအနေမျိုးတွင် ဖွံ့ဖြိုးရေး ပရောဂျက်များ ရေးဆွဲဆုံးဖြတ်ရာတွင် ပါဝင်ကြသည့် ကန်ထရိုက်ဆွဲသူများ၊ အင်ဂျင်နီယာများနှင့် နိုင်ငံရေးသမားများကြား တည်ရှိနေသော အစဉ်အလာ ဆက်ဆံရေးနှောင်ကြိုးများသည် ပွင့်လင်းမြင်သာသော ပရောဂျက်ရေးဆွဲမှုစနစ်ကြောင့် ဖျက်ဆီးဖြတ်တောက်ခြင်း ခံခဲ့ရသည်။ နောက်ထပ် ထူးခြားချက်များမှာ ဤလုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တွင် ရွေးကောက်တင်မြှောက်ခံ အတိုင်ပင်ခံများ စိတ်အားထက်သန်စွာ ပါဝင်လာခြင်းနှင့် အောက်ခြေ လူတန်းစားများမှ တင်ပြလာသော ပရောဂျက်များကို အတတ်ပညာဆိုင်ရာ အကြံပေးမှု၊ အကဲဖြတ်မှုများ ပြုလုပ်ပေးသည့် ထောင်ပေါင်းများစွာသော ကျွမ်းကျင်သူ စေတနာ့ဝန်ထမ်းများ (၎င်းတို့အများစုမှာ အငြိမ်းစားယူထားသူများ ဖြစ်ကြသည်။) ကို ဆော်ဩစည်းရုံးနိုင်ခဲ့ခြင်း ဖြစ်သည်။



## ခြုံငုံအကဲဖြတ်ချက်

ပြည်သူလူထု ပါဝင်လာမှုတွင် ကောင်းကွက်ရော ဆိုးကွက်ဝါပါရှိကြောင်း ရှေ့တွင် ဖော်ပြခဲ့ပြီးဖြစ်ရာ ပေါ်တိုအေဂါမြို့နှင့် ကာလာရာ ပြည်နယ်တို့တွင် လူထုပါဝင်လာမှုနှင့် ပတ်သက်၍ ကျွန်တော်တို့ မည်သို့ အကဲဖြတ်ကြမည်နည်း။ အထက်ပါ လှုပ်ရှားမှုနှစ်ခုတွင် ပါဝင်ခဲ့သူ အရေအတွက်မှာ ထူးထူးခြားခြား များပြားလှသည်ဟု ဆိုရပါမည်။ ပရောဂျက်များမှ ဖြစ်ထွန်းလာသည့် ထင်သာမြင်သာရှိသော ရလဒ်ကောင်းများသည် ပါဝင်ဆောင်ရွက်နေကြသည့် ရပ်ကွက်ကျေးရွာများမှ လူထုအတွက် အားတက်စရာ မက်မောစရာ ဖြစ်နေသောကြောင့် ပါဝင်ဆောင်ရွက်သူများ များသည်ထက် များလာရခြင်းဖြစ်သည်ဟု အမိပ္ပာယ် ကောက်နိုင်ပါလိမ့်မည်။ မျက်နှာစုံညီ အစည်းအဝေးပွဲများတွင် လူအရေအတွက်များစွာ ပါဝင်ကြသည်ဖြစ်သောကြောင့် အရည်အသွေး မြင့်မားသော ဆွေးနွေးပွဲများ ဖြစ်ဖို့ ခက်ခဲပါလိမ့်မည်။ ကာရာလာ ပြည်နယ်တွင်တော့ အုပ်စုငယ်လေးများခွဲကာ ဆွေးနွေးပွဲ ပံ့ပိုးဆောင်ရွက်ပေးသူများ (facilitators)က ကြီးကြပ်ပေးသည့် စနစ်များကို စတင်အသုံးပြုခဲ့ကြပါသည်။ ထို့အပြင် ပရောဂျက်ကာလ တစ်လျှောက်လုံးတွင် ရပ်ကွက်နှင့် ကျေးရွာများ၌ ကိုယ်စားလှယ်များနှင့် အလွတ်သဘော ဆွေးနွေးပွဲများစွာကိုလည်း ပြုလုပ်ခဲ့ကြသည်။ ပရောဂျက် နှစ်ခုစလုံး၏ အောက်ခြေဆင့်တွင် ပါဝင်ခဲ့သော ကိုယ်စားလှယ်များသည် အမှန်တကယ်ပင် သက်ဆိုင်ရာ လူ့အသိုင်းအဝိုင်း အသီးသီးကို ကိုယ်စားပြုခဲ့သည်။ သို့သော် မြို့နယ်၊ ခရိုင်ဆင့် ကိုယ်စားလှယ်များမှာ အများအားဖြင့် ယောက်ျားများနှင့် ပညာတတ်များသာ ဖြစ်နေလေ့ရှိခဲ့သည်။ လေ့ကျင့်သင်ကြားရေး အဖွဲ့အစည်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့သောကြောင့် ပြည်သူလူထု၏ စွမ်းရည်များ များစွာတိုးတက်ခဲ့သည်ကိုလည်း တွေ့ရှိခဲ့ရသည်။

ပေါ်တိုအေဂါမြို့နှင့် ကာရာလာပြည်နယ်တို့တွင် လုပ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည့် စီမံကိန်းများသည် အခြားဒေသများတွင် လုပ်ဆောင်ခဲ့သည့် ပါဝင်ဆောင်ရွက်မှု အစီအစဉ်များနှင့် မတူညီပါ။ အကြောင်းမှာ ရွှေ့လုပ်ငန်းစဉ်များဆိုသည်မှာ ကြိုတင်ပြဋ္ဌာန်းထားသော အစီအစဉ်များ မဟုတ်သောကြောင့် ဖြစ်သည်။ အစိုးရသည် ညွှန်ကြားချက်များ ထုတ်ပေးသည့် ကဏ္ဍမှ မပါဝင်ဘဲ ပံ့ပိုးပေးသည့် ကဏ္ဍမှသာ ပါဝင်သောကြောင့် ဖြစ်သည်၊ သာဓကအားဖြင့် ယူကေတွင် လုပ်ဆောင်ခဲ့သည့် လေဘာအစိုးရလက်ထက် မြို့ပြပြန်လည်ထူထောင်ရေး စီမံချက်များ အကြောင်းကို အကျဉ်းရုံးဖော်ပြလိုပါသည်။ ဤစီမံချက် များသည် လူ့အသိုင်းအဝိုင်းမှ ဦးဆောင်မှုပြု၍ အကောင်အထည် ဖော်ရမည့် စီမံချက်များ ဖြစ်သည်၊ ဤလုပ်ရှားမှုများတွင် ဗဟိုအစိုးရက သတ်မှတ်ထားပြီးသော စီမံချက်များအတိုင်း မဖြစ်မနေ အကောင်အထည် ဖော်ကြဖို့ 'ဖွံ့ဖြိုးရေးဘုတ်အဖွဲ့'ကို ဖိအားပေးပါသည်။ ပါဝင် ဆောင်ရွက်ခဲ့ကြသည့် ပြည်သူ့အဖွဲ့အစည်းများဆိုသည်မှာလည်း အောက်ခြေမှ ရွေးချယ်တင်မြှောက်ပေးခဲ့ကြသည့် အဖွဲ့များ မဟုတ်ပါ။ စည်းမျဉ်းစည်းကမ်းများ၊ ရွှေ့လုပ်ငန်းစဉ်များမှာလည်း ဖွံ့ဖြိုးရေးဘုတ် အဖွဲ့များ၏ ပြဋ္ဌာန်းချက်၊ သတ်မှတ်ချက်များသာ ဖြစ်သည်၊ ဤအစီအစဉ်များသည် ဒေသခံများ ပါဝင်ဆောင်ရွက်မှု အရည်အသွေးကို ကျဆင်းစေခဲ့သည်။

ပေါ်တို အေဂါနှင့် ကာရာလာ ပြည်နယ်တို့တွင် ပြုလုပ်ခဲ့သည့် အောက်ခြေလူထု ပါဝင်ဆောင်ရွက်မှု စီမံကိန်းများကို ကမ္ဘာ့အခြား ဒေသများတွင် မည်မျှသော အတိုင်းအတာထိ အတုယူ ဆောင်ရွက်နိုင်ကြပါမည်နည်း။ သုံးသပ်ကြည့်ကြပါမည်။ အဆိုပါ စီမံကိန်း နှစ်ရပ်စလုံးသည် အမြော်အမြင်ရှိသော အာဏာရပါတီများနှင့် ၎င်းတို့ လူ့အသိုင်းအဝိုင်း၏ ထူးခြားသော အခြေအနေများကြောင့် ပေါ်ထွက်လာသော ရလဒ်များဖြစ်ပါသည်၊ အဆိုပါ စီမံကိန်းနှစ်ရပ်၏ အောင်မြင်မှုမျိုးကို အခြားဒေသများတွင်လည်း ရရှိနိုင်သည်၊ ရပ်ကွက်၊ ကျေးရွာများ



ရှိ ပြည်သူလူထုနှင့် တိုးတက်သော အတွေးအခေါ်ရှိသည့် အစိုးရတို့ လက်တွဲဆောင်ရွက်လျှင် ရနိုင်ကြောင်း ၎င်းစီမံကိန်းနှစ်ရပ်က သက်သေထူလျက်ရှိလေသည်။

*****

## (၂)
## ဆွေးနွေးဆုံးဖြတ်သော သဘောထားစစ်တမ်းများနှင့် လူထုခုံသမာဓိအဖွဲ့များ

### ဆွေးနွေးဆုံးဖြတ်သော သဘောထားစစ်တမ်းများ

လူထုသဘောထား စစ်တမ်းများကို ပထမဆုံးအကြိမ် စနစ်တကျ ကောက်ခံခဲ့သူမှာ ဂျော့ချ်ဂေါလပ်ဖြစ်ပြီး ၁၉၃၀ ပြည့်လွန်နှစ်များ၌ အမေရိကန် ပြည်ထောင်စုတွင် ကောက်ခံခဲ့ခြင်းဖြစ်သည်။ ပြည်သူလူထုထဲမှ လူတချို့ကို ရွေးချယ်၍၎င်းတို၏ သဘောထားများကို စစ်တမ်းကောက်ယူကြည့်ခြင်းသည် 'နယူးအင်္ဂလန်'ရှိ မြို့တစ်မြို့ အစည်းအဝေး၏ ရလဒ်မျိုးရရှိနိုင်လိမ့်မည်ဟု ဂျော့ချ်ဂေါလပ်က မျှော်လင့်ထားခဲ့သည်၊ စစ်တမ်းကောက်ယူခဲ့သည့် ပြည်သူများသည် လတ်တလော ကြုံတွေ့နေရသော အရေးကိစ္စကြီးများ အကြောင်းကို သတင်းစာများနှင့် ရေဒီယို ဆွေးနွေးခန်းများမှတစ်ဆင့် ဖတ်ရှု နားထောင်ပြီးကြပြီဖြစ်သောကြောင့် တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင် အချေအတင် ဆွေးနွေးမှုများ မပြုလုပ်ကြရသည့်တိုင် ၎င်းကိစ္စများအပေါ် တိကျသော သဘောထား ထင်မြင်ချက်များ ပေးနိုင်လိမ့်မည်ဟု ယူဆထားခဲ့သည်၊ တံဆိုးလှသည်ဟု ဆိုရမည်။ ဂေါလပ်၏ ကောက်ချက်မှာ အကောင်းမြင်လွန်းအားကြီးခဲ့ကြောင်း အဖြေထွက်လာခဲ့သောကြောင့် ဖြစ်၏။ မည်သို့ဆိုစေ သူ၏ စစ်တမ်းကောက်ယူမှုသည် ပြည်သူ့သဘောထား 'စိတ်အခြေအနေမှန်'ကို တိတိကျကျ ဖော်ထုတ်ပေးနိုင်ခဲ့သည်။ ယင်းမှာ ပြည်သူလူထု အတော်များများသည် အခြေအတင် ဆွေးနွေးပွဲများ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဝတ်သက်၍ ဖတ်လည်း မဖတ်ဖူး၊ နားလည်းမထောင်ဖူး ဆိုသည့် အချက်နှင့် စစ်တမ်းကောက်ယူမည့်သူ သိလိုသည့် မေးနိုင်ဖွယ် မေးခွန်းများကိုပင် မတွေးဖူး ဆိုသည့်အချက်များ ပေါ်ထွက်လာခဲ့သည်။ လူထုသဘောထားများဆိုသည်မှာ အမှန်တော့ ဘာမှလေးလေးနက်နက် မတွေးဘဲ စိတ်ထင်သလို ဖြေဆိုခဲ့သော အဖြေများပင် ဖြစ်နေလေ့ရှိလေသည်။

ထို့ထက်ဆိုးသည့် အရာများလည်း ရှိသေးသည်။ ယင်းမှာ တကယ်မရှိသည့် အဖြစ်အပျက်များ၊ ပုဂ္ဂိုလ်များကို ဖန်တီး၍ မေးခွန်းများထုတ်ကာ သဘောထားတောင်းခံကြည့်ရာ ဖြေဆိုသူများက တကယ်ဖြစ်ပျက်နေသော အဖြစ်ပျက်များအပေါ် ထင်မြင်ချက်ပေးခဲ့သလိုမျိုး ယုံယုံကြည်ကြည် ဖြေဆိုခဲ့ကြောင်း နောက်ဆက်တွဲ ပြုလုပ်ခဲ့သည့် သုတေသနများက သက်သေခံလျက်ရှိ၏။ စမ်းသပ်ချက်တစ်ခုတွင် အမေရိကန် နိုင်ငံအတွင်းသို့ ဝင်ရောက်အခြေချနေထိုင်ကြသော လူမျိုးအသီးသီးအပေါ် အမေရိကန်နိုင်ငံသားတို့၏ သဘောထားကို တောင်းခံကြည့်ခဲ့သည်။ ၎င်းတို့ အမုန်းဆုံး လူမျိုးစုနှစ်ခုမှာ ဝေါလိုနီးယမ်း လူမျိုးစုနှင့် ပိုင်ရီနီးယမ်း လူမျိုးစုများဖြစ်ကြောင်း ဖြေဆိုခဲ့ကြသည်၊ အဆိုပါ လူမျိုးစုနှစ်ခုစလုံးမှာ အမှန်တကယ်မရှိသော လူမျိုးစုများ ဖြစ်ကြသည်၊ နိုင်ငံရေးသမားများအနေနှင့် သဘောထားစစ်တမ်းကောက်ယူမှုမှ ရရှိလာသည့် 'ပြည်သူ့သဘောထား'ဆိုသည်ကို ယင်းအချက်ကိုထောက်ရှု၍ ယုံကြည်လိုစိတ် မရှိကြသည်မှာ သိပ်အံ့သြစရာမရှိလှပါ၊ ထို့အတွက်ကြောင့် နိုင်ငံရေးသမားများက ဆွေးနွေးငြင်းခုံမှုများ၊ သက်သေအထောက်အထားများကို အခြေပြု၍ ၎င်းတို့ဘာသာ ချင့်ချိန်ဆုံးဖြတ်ခြင်းသည် အလျော်ကန်ဆုံးဖြစ်သည်ဟု ပြောဆိုတတ်ကြသည်။ တိုင်းရေးပြည်ရာများအပေါ် ဆုံးဖြတ်ချက်ချမှုကို လွှတ်တော်ကိုယ်စားလှယ်များလက်ထဲ ယုံယုံကြည်ကြည် အပ်နှံလိုက်ခြင်းသည်သာ အကောင်းဆုံးဟု ၎င်းတို့က အထက်ပါ သာဓကကို ထော်



ညွှန်းထိုး၍ အကြောင်းပြကြလေသည်၊

နိုင်ငံရေးသမားများ၏ အဆိုပါ ကြောင်းကျိုးပြချက်ကို ချေဖျက်ပစ်ဖို့ရန် ဆွေးနွေးဆုံးဖြတ်သော သဘောထားစစ်တမ်းများ (deliberative opinion polls) ဆိုသည့် စိတ်ကူးတစ်ခု ရရှိလာခဲ့ခြင်း ဖြစ်သည်၊ ယင်းစိတ်ကူးကို စတင်အကောင်အထည်ဖော်ခဲ့သူမှာ ဂျိမ်းစ်ဖစ်ရှ်ကင် ဖြစ်သည်၊ ဤစိတ်ကူး၏ ရည်ရွယ်ချက်မှာ လူထုထဲမှ ကိုယ်စားပြုသူများကို စံနမူနာအဖြစ် ရွေးထုတ်ကာ နေရာတစ်နေရာတွင် ရက်အနည်းငယ် သို့မဟုတ် စနေ၊ တနင်္ဂနွေ တစ်နေကုန် စုဝေးထားရှိရမည်ဖြစ်သည်။ ထို့နောက် ၎င်းတို့အား အုပ်စုငယ်များခွဲ၍လည်းကောင်း၊ တစ်စုတစ်စည်းထဲ မျက်နှာစုံညီ အစည်းအဝေးထိုင်၍လည်းကောင်း လတ်တလော ကြုံတွေ့နေရသော အရေးပေါ် ပြဿနာတစ်ခုကို ချင့်ချိန်ဆွေးနွေး အဖြေရှာရေး ဖြစ်သည်။ ချင့်ချိန်ဆွေးနွေးမှုလုပ်ငန်းတွင် အပိုင်းနှစ်ပိုင်း ပါဝင်သည်။ ပထမတစ်ပိုင်းမှာ ကိုယ်စားပြုသူများက တတ်ကျွမ်းနားလည်သည့် ပညာရှင်များကို အရေးပေါ် ကြုံတွေ့နေရသည့် ပြဿနာနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခြင်း ဖြစ်သည်၊ ပညာရှင်များသည် မျက်မြင်သက်သေအဖြစ် သက်သေခံထွက်ဆိုရသော ပုံစံမျိုးဖြင့် မေးခွန်းများကို ဖြေဆိုကြရသည်။ ဒုတိယတစ်ပိုင်းတွင် ဆန့်ကျင်ဖက် အမြင်သဘောထား ရှိသူများနှင့် အခြေအတင် ငြင်းခုံကြရပြီး နှစ်ဦးနှစ်ဖက် အပြန်အလှန် ချင့်ချိန်ဆွေးနွေးရာမှနေ၍ နှစ်ဦးနှစ်ဖက် လက်ခံနိုင်မည့် အမြင်သဘောထားတစ်ခု ရရှိရေးဆီ ကြိုးပမ်းကြရမည် ဖြစ်၏။ ဖြစ်စဉ်၏အစတွင် ကိုယ်စားပြုသူတို့ လေးလေးနက်နက် မစဉ်းစားဘဲ ပေးခဲ့သော သဘောထားအမြင်များသည် ချင့်ချိန်ဆွေးနွေးမှုများ ပြုလုပ်ပြီးသည့်နောက် ပေးခဲ့သည့်သဘောထားများနှင့် နည်းလမ်းနှစ်ရပ်ကြောင့် ကွဲလွဲသွားနိုင်စရာ အကြောင်းရှိသည်။ ပထမနည်းလမ်းမှာ ကိုယ်စားပြုသူများသည် တိကျသော သက်သေအထောက်အထားများ ရရှိလာခြင်း

www.burmeseclassic.com



ကြောင့် ဖြစ်နိုင်သည်။ နောက်ထပ်နည်းလမ်းတစ်ခုမှာ အခြားသူများ၏ ထင်မြင်ချက်များ၊ ကြောင်းကျိုးပြချက်များကို လုံးဝသဘောမတူသည့်တိုင် ထည့်သွင်း စဉ်းစားလာခြင်းမှနေ၍ ၎င်းတို့၏ သဘောထားများ ပြောင်းလဲလာနိုင်ခြေရှိသည်၊ ဆွေးနွေးဆုံးဖြတ်သော သဘောထားပေးမှုဖြစ်စဉ်မှ ရရှိလာသော 'ရလဒ်'များသည် သာမန်သဘောထားစစ်တမ်းကောက်မှုမှ ရရှိလာသော ရလဒ်များထက်စာလျှင် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် ဆွေးနွေးဆုံးဖြတ်သော သဘောထားအမြင်အဖြစ် ပို၍ အားထားလောက်ပေသည်။ ဆွေးနွေးချက်များ၊ သုံးသပ်ချက်များကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးနိုင်လျှင် နိုင်ငံရေး အကျိုးသက်ရောက်မှု ပို၍ ကြီးမားနိုင်သည်။

> "ပြည်သူလူထုတစ်ရပ်လုံးကို လေးလေးနက်နက် ချင့်ချိန်တွေးတောခွင့်၊ သတင်းအချက်အလက် အပြည့်အစုံ ရယူခွင့်များပေးထားမည်ဆိုလျှင် ပေါ်လစီကိစ္စများနှင့် လွှတ်တော်အမတ်များရွေးချယ်ခြင်း ကိစ္စများတွင် ၎င်းတို့၏ သဘောထားမှန်များကို ထုတ်ဖော်နိုင်လိမ့်မည် ဖြစ်သည်။ ဤသည်မှာ ဆွေးနွေးဆုံးဖြတ်သော သဘောထားစစ်တမ်း၏ အားသာချက်ပင် ဖြစ်သည်။"
>
> (ဂျိမ်းစ်ဖစ်ရှ်ကင်)

မြို့နယ်အလိုက် ကျွန်တော်တို့ ရွေးချယ်တင်မြှောက်လိုက်သော ကျွန်တော်တို့၏ လွှတ်တော်အမတ်များသည် ကျွန်တော်တို့ကိုယ်စား တိုင်းပြည်၏ မူဝါဒကိစ္စရပ်များကို ဆွေးနွေး ဆုံးဖြတ်ခြင်းများ ပြုလုပ်ကြမည့်သူများ မဟုတ်ပါလော၊ ၎င်းတို့သည် တိုင်းပြည်တစ်ခုလုံးကို ကိုယ်စားပြုနေကြသည့် အမတ်များ မဟုတ်ပါသလော။ ဤမေးခွန်းနှစ်ခုတွင် ပြဿနာနှစ်ခု ရှိနေသည်၊ ပထမပြဿနာမှာ အမတ်များသည် ကျွန်တော်တို့အားလုံးကို ကိုယ်စားပြုနေကြသူများ မ



ဟုတ်ဆိုသည့်အချက် ဖြစ်သည်။ အကြောင်းမှာ ၎င်းတို့အနက် အများစုမှာ အမျိုးသားများဖြစ်နေကြပြီး နိုင်ငံရေးသမား လူတန်းစားတစ်ခုမှ ဆင်းသက်လာသူများဖြစ်ကြသည်။ ၎င်းတို့သည် အများအားဖြင့် ဖြစ်စလောကနှင့် အဆက်ဆက်ကင်းသော ပတ်ဝန်းကျင်မျိုးတွင် နေထိုင်ကြသူများဖြစ်ကြသည်။ ချမ်းသာကြွယ်ဝသော ပညာတတ်လူနည်းစု လူမှုအသိုင်းအဝိုင်းမှ ဆင်းသက်လာသည့် အမတ်များဖြစ်ကြသည်၊ ဒုတိယပြဿနာမှာ အမတ်များသည် ၎င်းတို့ ပြန်လည်ကျေးဇူးဆပ်စရာရှိသည့် အကျိုးစီးပွားရှာသူများ၏ ဖိအားပေးမှုမျိုးစုံဒဏ်ကို ခံနေရသူများဖြစ်ကြသည်။ ထို့အတွက်ကြောင့် ၎င်းတို့၏ ဆုံးဖြတ်ချက် ချမှတ်ရေး လုပ်ငန်းစဉ်မှာ 'ကိုယ်စားပြု ရွေးရိုး သီအိုရီ'၏ ဆွေးနွေးဆုံးဖြတ်သောစံနှင့် ပို၍ ဝေးကွာလာခဲ့ကြလေသည်။ ဆွေးနွေးဆုံးဖြတ်သော သဘောထားစစ်တမ်းများသည် 'ကိုယ်စားပြု ရွေးရိုး သီအိုရီ'၏ ဆွေးနွေးဆုံးဖြတ်သော စံနှုန်းများနှင့် ပို၍ နည်းစပ်လာသည်။

## လူထုခုံသမာဓိအဖွဲ့များ

လူထုခုံသမာဓိအဖွဲ့များ(citizens' juries)၏ လုပ်ဆောင်ပုံမှာ ဆွေးနွေးဆုံးဖြတ်သော သဘောထားစစ်တမ်းများ၏ လုပ်ထုံးလုပ်နည်းများနှင့် အတော်ပင် ဆင်တူလှသည်။ လူထုခုံသမာဓိအဖွဲ့များ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာလည်း ဆွေးနွေးဆုံးဖြတ်သော သဘောထားစစ်တမ်းများ ကောက်ယူရခြင်း၏ ရည်ရွယ်ချက်နှင့် ထပ်တူနီးပါး တူညီသည်ဟုဆိုရမည်။ သက်သေအထောက်အထားများ၊ ကြောင်းကျိုးပြချက်များကို ချိန်ဆဖို့ လုံလောက်သော အချိန်အတိုင်းအတာတစ်ခုပေးထားမည်ဆိုလျှင် သာမန်အရပ်သားများတွင် ရှုပ်ထွေးသောကိစ္စရေးရာကြီးများကို ချင့်ချိန်ဆုံးဖြတ်နိုင်သော စွမ်းရည်ရှိသည်ဟု ယုံကြည်ထားခြင်း ဖြစ်သည်။ ရှုပ်ထွေးသော သို့မဟုတ် အငြင်းပွားစရာ ဖြစ်နေသော မူဝါဒရေးရာ ပြဿနာများနှင့် ပတ်သက်၍ ပြည်

www.burmeseclassic.com



နယ်အစိုးရထံ သို့မဟုတ် ဗဟိုအစိုးရများထံ အကြံပေးရာတွင်လည်းကောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ ပြည်သူလူထုကြား အခြေအတင် ဆွေးနွေးမှုများ ဖြစ်ပေါ်လာအောင် နှိုးဆွရာတွင်လည်းကောင်း ဤသို့သောအဖွဲ့များကို အများအားဖြင့် အသုံးပြုကြလေ့ရှိသည်။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် လူထုခုံသမာဓိအဖွဲ့များကို ဖွံ့ဖြိုးလာအောင် အပြိုင် စတင်လုပ်ဆောင်ခဲ့သည့် နေရာနှစ်ခုမှာ အမေရိကန်ပြည်ထောင်စု မင်နီလာ ပိုလစ်ရှိ ဂျဖာဆင်ဌာနနှင့် ဂျာမနီနိုင်ငံ ဝုပါတယ်တက္ကသိုလ်တို့ ဖြစ်ကြသည်။ ထိုအချိန်မှစတင်၍ လူထုခုံသမာဓိအဖွဲ့များကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာခဲ့ကြသည်။ တစ်ခါတရံတွင် အခြားအမည်ကွဲများဖြင့်လည်း အသုံးပြုလာတတ်ကြသည်။ ဒိန်းမတ်နှင့် ဟော်လန်နိုင်ငံတို့တွင် 'အများသဘောတူညီမှု ရယူရေး ညီလာခံများ'ဟုခေါ်ကြသည်။

> “အများသဘောတူညီမှု ရယူရေး ညီလာခံဆိုသည်မှာ နှီးနှောဖလှယ်ပွဲ တစ်ခုပင် ဖြစ်သည်။ ဤနှီးနှောဖလှယ်ပွဲတွင် သူလိုငါလို သာမန်လူအုပ်စုတစ်ခုသည် လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ အငြင်းပွားဖွယ် ပြဿနာများနှင့် ပတ်သက်သော သိပ္ပံနှင့် နည်းပညာဆိုင်ရာ မေးခွန်းများကို ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများကို မေးကြသည်။ ကျွမ်းကျင်သူများ၏ အဖြေများကို နားထောင်ကြသည်။ ထို့နောက် ၎င်းတို့အချင်းချင်း သဘောတူညီမှု ရယူကြသည်။ နောက်ဆုံးတွင် ၎င်းတို့၏ တွေ့ရှိချက်များကို သတင်းစာရှင်းလင်းပွဲပြုလုပ်၍ သတင်းထုတ်ပြန်မှုတွေ ပြုလုပ်ကြသည်။”

(ဆိုင်မွန်ဂျော့စ်နှင့် ဂျွန်ဒူးရန့်၊ သိပ္ပံပြတိုက် စာကြည့်တိုက်၊ လန်ဒန်)



မည်သို့သော အရေးအရာ ကိစ္စမျိုးများကို လူထုခုံသမာဓိအဖွဲ့များက ကိုင်တွယ်ဖြေရှင်းကြပါသနည်း။ ရွေးချယ်ဖော်ပြရလျှင် မြို့ပြပုံစံရေးဆွဲခြင်းနှင့် အဆောက်အဦး စီမံကိန်းများ ရေးဆွဲခြင်း၊ စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရေးနည်းလမ်းနှင့် နည်းပညာများရွေးချယ်ခြင်း၊ လူမှုဖူလုံရေးစနစ် ပြန်လည်ရေးဆွဲခြင်း၊ မျိုးရိုးဗီဇ ပြောင်းလဲထားသော သီးနှံများကိစ္စ၊ ဆေးကုသရေးဆိုင်ရာ ဦးစားပေး လုပ်ဆောင်ရမည့်ကိစ္စနှင့် အခွန်ငွေကောက်ခံရေးကိစ္စ စသည်ဖြင့် ဖြစ်သည်။ ကားလမ်းဖောက်လုပ်ရေးနှင့် ပတ်သက်၍ အကောင်းဆုံးလမ်းအူကြောင်းတစ်ခု ရွေးချယ်ပေးရန် လူထုခုံသမာဓိ အဖွဲ့များကို တင်ပြလာသည့်အခါ 'ကားလမ်းဖောက်စရာပင် လိုသလား'ဆိုသည့် မေးခွန်းမျိုးဖြင့် အဆုံးသတ်ခဲ့သော ဆုံးဖြတ်ချက်မျိုးပင် တစ်ခါတစ်ရံ ရှိတတ်သည်။ ကိုလွန်းမြို့ရှိ လူထုခုံသမာဓိအဖွဲ့တစ်ဖွဲ့ကို မြို့တော်ခန်းမသစ် ဒီဇိုင်းရေးဆွဲရေးနှင့်ပတ်သက်၍ ဆုံးဖြတ်ပေးဖို့ ဖိတ်ခေါ်ခဲ့သည်။ ယင်းအဖွဲ့က မြို့တော်ခန်းမသစ်ရှေ့တွင် ကျယ်ဝန်းသော နေရာလွတ်တစ်ခု မဖြစ်မနေ ထားရှိရန် အလွန်အရေးကြီးကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ နေရာလွတ်ကျယ်ကျယ်တစ်ခုထားရှိရေးမှာ မြို့တော်ခန်းမ ဒီဇိုင်းရေးဆွဲရာတွင် မပါရှိခဲ့ပါ။ သာမန်နိုင်ငံသားများနှင့် ရွေးချယ်တင်မြှောက်ခံ ကိုယ်စားလှယ်များအကြား အမြင်ချင်း ခြားနားမှုရှိကြောင်း နောက်ထပ် သက်သေသာဓကတစ်ခုကို ဖော်ပြရလျှင် အမေရိကန်ပြည်ထောင်စုရှိ ကျန်းမာရေးကဏ္ဍ ပြန်လည်ပြုပြင်ရေးနှင့်ပတ်သက်၍ လူထုခုံသမာဓိအဖွဲ့တစ်ခု၏ သဘောထားအမြင်ကို တင်ပြလိုပါသည်။ သာဓကအားဖြင့် အမေ ရိကန်ပြည်ထောင်စုရှိ ကျန်းမာရေးစနစ် ပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်း၍ သဘောထားပေးရာတွင် လူထုခုံသမာဓိအဖွဲ့က 'လူတိုင်းဆေးကုသမှု ခံယူခွင့်ရှိသော ကျန်းမာရေးစနစ်ကို လိုလားကြောင်း' တညီတညွတ်တည်း ဆုံးဖြတ်ကြပြီး အစိုးရ၊ ကွန်ဂရက်လွှတ်တော်နှင့် တရားစီရင်ရေးအဖွဲ့တွင် ပါဝင်သူများ

www.burmeseclassic.com

www.burmeseclassic.com



တမှု 'တစ်နိုင်ငံလုံးအတွက် ၎င်းတို့ ပြဋ္ဌာန်းလိုက်သော မည်သည့် ကျန်းမာရေးစနစ်အောက်တွင်မဆို လူတိုင်း ရပ်တည်ရှင်သန်နေထိုင်နေကြရမည်' ဟု၎င်းတို့က တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြလေသည်။ (လူထုခုံသမာဓိအဖွဲ့များအကြောင်း 'မှတ်စုများ' အပိုင်းတွင် ဆက်လက်လေ့လာနိုင်ပါသည်။)

## ခြုံငုံအကဲဖြတ်ချက်

လူထုပါဝင်ဆောင်ရွက်မှု နည်းလမ်းများအနက် ယခုဖော်ပြပါနည်းလမ်းနှင့် ပတ်သက်၍ ကောက်ချက်ဆွဲကြည့်ကြပါမည်။ ဤနည်းလမ်း၏ အားသာချက်များမှာ ဤနည်းလမ်းတွင် အလွန်ပင် စံပြုလောက်သည့် အခြေအနေများ၊ လုပ်ငန်းစဉ်များ ပါဝင်ခြင်း၊ ဖြစ်ပြီးရှုပ်ထွေးသောအရေးရာကိစ္စများကို ဖြေရှင်းနိုင်စွမ်းရှိခြင်း ဖြစ်သည်။ သာမန်နိုင်ငံသားများ၏ လေးလေးနက်နက် ဆွေးနွေးဆုံးဖြတ်ခြင်းမှ ရရှိလာသော အမြင်သဘောထားများကို အစိုးရအနေနှင့် ပေါ်လစီရေးဆွဲရာတွင် မဖြစ်မနေ ထည့်သွင်းစဉ်းစားလာရသည်။ လူထုခုံသမာဓိအဖွဲ့များ ရွေးချယ်ရာတွင် ချမ်းသာကြွယ်ဝသူများ သို့မဟုတ် နိုင်ငံရေး တက်ကြွသူများကိုသာ ရွေးချယ်သည့် ဘက်လိုက်မှုမျိုး မပါရှိပါ။

ဤနည်းလမ်း၏ အားနည်းချက်များမှာ သမုဒ္ဒရာထဲမှ ရေတစ်စက်ပမာ ပြည်သူလူထုကြီးထဲမှ လူအနည်းစုသာ ပါဝင်နိုင်ခွင့်ရှိခြင်း၊ ရွေးချယ်တင်မြှောက်ထားသော အစိုးရများသည် လူထုခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်များကို လိုက်နာပါမည်၊ ၎င်းတို့ ပေါ်လစီရေးဆွဲရာတွင် ဆုံးဖြတ်ချက်များကို ထည့်သွင်း စဉ်းစားပါမည်ဟု ဥပဒေအရ တာဝန်ခံမှု မရှိခြင်းတို့ ဖြစ်သည်။ အကန့်အသတ်များရှိနေသည့်တိုင် ယနေ့ခေတ်၌ လက်တွေ့မြင်တွေ့နေရသည်မှာ ရပ်ကွက်ကျေးရွာများမှသည် ဗဟိုအစိုးရထိတိုင် အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်



သည် အငြင်းပွားဖွယ် တိုင်းရေးပြည်ရာကိစ္စများအပေါ် 'သတင်းအပြည့်အဝရသောလူထု'၏ သဘောထားများကို သိရှိနိုင်ရန် လူထုခုံသမာဓိအဖွဲ့များကို တစ်နေ့တစ်ခြား ပို၍ အသုံးချလာကြခြင်းဖြစ်သည်။

*****

## (၃)
## ပြည်သူ့ဆန္ဒခံယူပွဲများနှင့် လူထုအဆိုပြု ဥပဒေကျင့်ထုံး

ပြည်သူ့ဆန္ဒခံယူပွဲ (referendum)ဆိုသည်မှာ ဥပဒေပြုရေးအဆိုပြုချက် သို့မဟုတ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ အဆိုပြုချက်တစ်ရပ်ကို မဲဆန္ဒရှင်များက ကြိုက် မကြိုက် တိုက်ရိုက် မဲပေးသည့် လူထုဆန္ဒ ထုတ်ဖော်ပွဲတစ်ခု ဖြစ်သည်။ ဒီမိုကရေစီ စနစ်ကျင့်သုံးနေသော နိုင်ငံများ အားလုံးလိုလိုတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ချက်များ (amendments)အားလုံးကို ဆန္ဒခံယူပွဲများဖြင့် လူထုက အတည်ပြုပေးဖို့ လိုအပ်သည်။ ဆန္ဒခံယူပွဲများ၏ ရလဒ်များကို အစိုးရများက လိုက်နာရမည် ဖြစ်သည်။ ကိုယ်စားပြု ဒီမိုကရေစီစနစ်တွင် လူထုက တိုက်ရိုက်ပါဝင်ဖို့လိုသည့် အကြောင်းရင်းမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဥပဒေပြုလွှတ်တော်(legislature)ကသော်လည်းကောင်း၊ လက်ရှိအုပ်ချုပ်နေသော အစိုးရကသော်လည်းကောင်း ပိုင်ဆိုင်ခြင်း မဟုတ်ဘဲ ပြည်သူလူထုကသာ ပိုင်ဆိုင်သောကြောင့် ဖြစ်သည်။ နိုင်ငံရေးအာဏာသည် ပြည်သူတို့ထံမှသာ ဆင်းသက်လာရသည်ဖြစ်သောကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကနဦး အတည်ပြုပေးနိုင်သူများမှာ ပြည်သူများသာလျှင် ဖြစ်သည်။ ထို့ကြောင့်ပင် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြောင်းလဲပြင်ဆင်လိုလျှင် ပြောင်းလဲပြင်ဆင်ပေးရန် ဆုံးဖြတ်ပိုင်ခွင့်ရှိသူများမှာ ပြည်သူများသာလျှင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယူကေလို နိုင်ငံအချို့တွင် ရေးဆွဲပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေများ မရှိကြပါ။ ထို့ကြောင့် ပြည်သူ့ ဆန္ဒခံယူပွဲတစ်ရပ် ကျင်းပရေး မကျင်းပရေး ဆုံးဖြတ်ချက် ချမှတ်ရေးကိစ္စမှာ လက်ရှိ အုပ်ချုပ်ဆဲ အစိုးရပေါ် မူတည်လျက်ရှိ၏။ ၁၉၇၅ ခုနှစ်တွင် ယူကေနိုင်ငံအနေနှင့် ဥရောပဘုံဈေးအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်နေသင့် မနေသင့်ကိစ္စနှင့်ပတ်သက်၍ လေဘာအစိုးရအဖွဲ့ဝင်များကြား အကြီးအကျယ် သဘောထား ကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် လေဘာအစိုးရသည် အဆိုပါကိစ္စကို ဆုံးဖြတ်ပေးရန် 'လူထုထံ' အယူခံဝင်ခဲ့သည်။ ပြည်သူ့ ဆန္ဒခံယူပွဲတစ်ရပ် ကျင်းပပေးခဲ့သည်။ ထိုအချိန်မှစ၍ ယူကေတွင် ဆန္ဒခံယူပွဲများ ကျင်းပဖြစ်ခဲ့ကြသည်။ စကော့တလန်၊ ဝေလ၊ မြောက်အိုင်ယာလန်နှင့် လန်ဒန်တို့တွင် အောက်ခြေအုပ်ချုပ်ရေးအဖွဲ့များသို့ ဗဟိုအစိုးရမှ အာဏာခွဲဝေပေးရေးကိစ္စ၊ အင်္ဂလိပ်လူမျိုးများ နေထိုင်ရာ မြို့တချို့တွင် မြို့တော်ဝန်များ ထားရှိရေးကိစ္စ စသည့် ကိစ္စများအတွက် ဆန္ဒခံယူပွဲများ ကျင်းပခဲ့ပြီးဖြစ်သည်။ အင်္ဂလန်ပြည်တွင်းအစိုးရအဖွဲ့နှင့် ပတ်သက်၍လည်းကောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအရ ရွေးကောက်ပွဲစနစ် ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍လည်းကောင်း၊ ဥရောပသမဂ္ဂ အခြေခံဥပဒေ အတည်ပြုရေးနှင့် ဥရောပ ဘုံငွေကြေးနယ်အတွင်းသို့ ဝင်ရောက်ရေးကိစ္စများနှင့် ပတ်သက်၍လည်းကောင်း ပြည်သူ့ဆန္ဒခံယူပွဲများ မဖြစ်မနေပြုလုပ်ပါမည်ဟု ကတိကဝတ်များ ပြုထားကြပါသည်။ ယူကေ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ အချုပ်အခြာအာဏာသည် 'ပါလီမန်'တွင်သာရှိပြီး 'ပြည်သူလူထု'တွင် မရှိဟု အမြဲတမ်း ပြောဆိုနေ ကြသော်လည်း အထူးသဖြင့် လူထုသဘောထား အမျိုးမျိုးကွဲပြားနေသော ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြဿနာကြီးများကို ဖြေရှင်းပေးဖို့ 'လူထုထံ အယူခံဝင်ရေး' တောင်းဆိုမှုများကို အစိုးရတစ်ရပ်အနေနှင့် ငြင်းဆန်ဖို့ရန် မျက်မှောက်ကာလ၌ အလွန်ပင် ခက်ခဲလာလျက်ရှိပြီ ဖြစ်၏။



ပုံမှန် ဥပဒေပြုရေး အဆိုပြုချက်များ(normal legislative proposals) အတွက်သာမက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ပြင်ဆင်ချက်များ(constitutional amendments)အတွက်ပါ ဆန္ဒခံယူပွဲများကို ပို၍ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု၍ မရနိုင်ပါသလော။ နိုင်ငံနှစ်နိုင်ငံတွင် ဤသို့ လုပ်ဆောင်ခဲ့သော ရှည်လျားသည့် သမိုင်းအစဉ်အလာများရှိခဲ့သည်။ ဥပဒေပြုရေးလုပ်ငန်းစဉ်တွင် နိုင်ငံသားများ မည်သို့ တိုက်ရိုက် ပါဝင်နိုင်ကြောင်း လက်တွေ့စံနမူနာများကို ယင်းနှစ်နိုင်ငံမှ ရရှိနိုင်ပါသည်။ ယင်းနိုင်ငံများမှာ ဆွစ်ဇာလန်နိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့ဖြစ်သည်။ အမေရိကန်နိုင်ငံတွင်မူ ဥပဒေပြုခွင့်သည် ပြည်နယ်နှင့် မြို့ကြီးများတွင်သာ ရရှိနိုင်ပြီး ဆွစ်ဇာလန်နိုင်ငံတွင်မူ ဗဟိုအဆင့်ထိ ဥပဒေပြုခွင့်ရှိသည်။ နိုင်ငံသားများ တိုက်ရိုက်ပါဝင်နိုင်သောနည်းလမ်း နှစ်ခုရှိသည်။

၁။ ဥပဒေပြုရေးဆိုင်ရာ ဆန္ဒခံယူပွဲ (refrendum on legislation)

ဥပဒေပြုလွှတ်တော်က စဉ်းစားနေသည့် မည်သည့် ဥပဒေကိုမဆို နိုင်ငံသားများက ၎င်းတို့ကိုယ်တိုင် အဆိုပါ ဥပဒေကိုလက်ခံ လက်မခံ အဆုံးဖြတ်ပေးရန် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပဖို့ တောင်းဆိုပိုင်ခွင့်ရှိနိုင်သည်။ သို့ရာတွင် ဤသို့ တောင်းဆိုနိုင်ရန် ၎င်းတို့အနေနှင့် သတ်မှတ်ထားသော လက်မှတ်ထိုးတောင်းဆိုသည့် မဲဆန္ဒရှင် အရေအတွက် ရရှိရမည်ဖြစ်သည်။ သတ်မှတ်ထားသော အချိန်ကာလအတွင်း မဲပေးပိုင်ခွင့်ရှိသူများ အားလုံးပါဝင်သည့် ဆန္ဒခံယူပွဲတစ်ရပ် ကျင်းပရမည်ဖြစ်၏။ ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ ဤပြဋ္ဌာန်းချက်ပါဝင်မှုသည် နိုင်ငံသားများအား ဥပဒေပြုရေး လုပ်ငန်းအပေါ် ငြင်းပယ်ခွင့်အာဏာ သို့မဟုတ် ဗီတိုအာဏာကို အပြည့်အဝ အပ်နှင်းထားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၂။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေအဖြစ်ပြဋ္ဌာန်းရန် လူထုက အဆိုပြုဥပဒေ တင်ခွင့်ကျင့်ထုံး (constitutional initiative)

ဤဝေါဟာရ၏ အဓိပ္ပာယ်တွင် ဖော်ပြထားသည့်အတိုင်း နိုင်ငံသားများတွင် ဥပဒေအရ အပ်နှင်းထားသည့် ရပိုင်ခွင့်တစ်ရပ်ရှိသည်။ ယင်းရပိုင်ခွင့်မှာ နိုင်ငံသားများအနေနှင့် ၎င်းတို့ကိုယ်တိုင် ဥပဒေပြဋ္ဌာန်းရေးအတွက် ၎င်းတို့၏ ဥပဒေပြု အဆိုပြုလွှာများအပေါ် မဲဆန္ဒရှင်များအားလုံးက လက်ခံမခံ ဆိုသည်ကို အဆုံးအဖြတ် ရယူရန် ပြည်သူ့ဆန္ဒခံယူပွဲတစ်ရပ် ကျင်းပပေးရန် တောင်းဆိုပိုင်ခွင့်ရှိသည်။ သို့ရာတွင် ဆန္ဒခံယူပွဲကျင်းပခွင့် တောင်းခံနိုင်ရန် သတ်မှတ်ထားသော လက်မှတ်ထိုးတောင်းဆိုသည့် မဲဆန္ဒရှင်အရေအတွက် ရရှိမည် ဖြစ်သည်။ ဤအဆိုပြုလွှာများကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်များအဖြစ် ဥပဒေအကြောင်းအရ သတ်မှတ်ထားသော်ငြားလည်း အဆိုပြုလွှာများတွင်ပါရှိသော အကြောင်းအရာများကို ဇယား (၁) တွင် ကြည့်လျှင် အများအားဖြင့် ဥပဒေပြဋ္ဌာန်းခြင်းဆိုင်ရာ ပုံမှန်အဆိုပြုလွှာများနှင့် သိပ်ခြားနားမှု မရှိလှပါ။

ဆန္ဒခံယူပွဲ နှစ်မျိုးစလုံးအတွက် ပြဋ္ဌာန်းချက်များသည် ဆွစ်ဇာလန်နိုင်ငံနှင့် ဤဆန္ဒခံယူပွဲများ ပြုလုပ်ရန် ခွင့်ပြုထားသော အမေရိကန်ရှိ ပြည်နယ် ၂၄ ပြည်နယ်တို့တွင် တစ်ထပ်တည်း တူနေသော်လည်း ဆန္ဒခံယူပွဲများ ပေါ်ပေါက်လာခဲ့သည့် သမိုင်းနောက်ခံခြင်း မတူကြပါ။ ဆွစ်ဇာလန်နိုင်ငံတွင် တိုက်ရိုက်ဒီမိုကရေစီစနစ် ကျင့်သုံးခဲ့သည့် ဓလေ့မှာ အတော်ပင် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ၁၃ ရာစုကတည်းကပင် စတင်ခဲ့ခြင်း ဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံရှိ တချို့သော မြို့နယ်များတွင် ဥပဒေပြဋ္ဌာန်းချက်များကို အတည်ပြုဖို့ နိုင်ငံသားမြို့သူမြို့သား အားလုံးပါဝင်သည့် နှစ်စဉ် အစည်းအဝေး ကျင်းပရေး



အဖွဲ့အစည်းတစ်ရပ်ကို ထူထောင်ထားခဲ့သည်။ သို့သော် မြို့တွင်းနေထိုင်သူ အရေအတွက် အလွန်များပြားလာသည်နှင့်အမျှ နေရာတစ်နေရာတည်းတွင် အားလုံးတစ်စုတစ်စည်းထဲ တွေ့ဆုံဆွေးနွေး ဆုံးဖြတ်ရေးမှာ မဖြစ်နိုင်တော့သည့်အခါ 'ဆန္ဒခံယူပွဲများ' ကျင်းပသည့် အလေ့အထ ပေါ်ပေါက်ခဲ့ရခြင်း ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင်မူ လူထုဆန္ဒခံယူပွဲများနှင့် လူထုအဆိုပြု ဥပဒေတင်ခွင့်ကျင့်ထုံး (citizens' initiative)တစ်ရပ် ပေါ်ပေါက်လာခဲ့ရခြင်းမှာ (၁၈၉၀-၁၉၂၀)ကာလ အတွင်းဖြစ်ပေါ်လာခဲ့သည့် 'တိုးတက်သောလှုပ်ရှားမှု'များကြောင့်ဖြစ်သည်။ 'တိုးတက်သော လှုပ်ရှားမှု'များ၏ ရည်ရွယ်ချက်မှာ ပြည်သူလူထုအား အာဏာတိုက်ရိုက် အပ်နှင်းပေးခြင်းဖြင့် ပြည်နယ် အစိုးရများ၏ အကျင့်ပျက်ပြားမှုများနှင့် မြို့ပြနိုင်ငံရေးကို သူဌေးသူကြွယ်များက ကြိုးစိုးချယ်လှယ်ထားမှုများကို ထိန်းချုပ်နိုင်ရေး ဖြစ်သည်။ ဆွစ်ဇာလန်နှင့် အမေရိကန် ပြည်ထောင်စုတို့တွင် ဆန္ဒခံယူပွဲများ ကျင်းပ၍ တိုက်ရိုက် ဒီမိုကရေစီကို မည်သို့မည်ပုံ ကျင့်သုံးနေကြကြောင်း အကျဉ်းချုပ် လေ့လာတင်ပြပါမည်။

**

## ဆွစ်ဇာလန်နိုင်ငံ

၁၈၇၀ ပြည့်လွန်နှစ်များ မတိုင်မီက ပြည်သူ့လွှတ်တော်၏ အဆိုပြု ဥပဒေ (proposed law)ကို ဆန့်ကျင်ဖို့ ပြည်သူလူထုက ပြည်သူ့ဆန္ဒခံယူပွဲ ခေါ်ယူပိုင်ခွင့်ရှိသည်ဟူသော ရပိုင်ခွင့်တစ်ရပ်ကို လူထုက မကြာဏ အသုံးပြုကြလေ့ရှိသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဥပဒေပြု အဆိုပြုလွှာတင်ပိုင်ခွင့် (the right of positive constitutional initiative)ကို ဆွစ်ဇာလန်နိုင်ငံတွင် အလွန်အသုံးပြုခဲ့လှသည်။ ၁၈၇၀ ပြည့်လွန်နှစ်များ နောက်ပိုင်းတွင်မူ ဥပဒေပြုအဆိုပြုလွှာတင်သည့် လှုပ်ရှားမှုများ ဆက်တိုက်ဆိုသလို ပေါ်ပေါက်လာခဲ့သည်။ ဤသို့ ဖြစ်ရသည့်အကြောင်း တစ်စိတ်တစ်ဒေသမှာ အထူး

www.burmeseclassic.com



သဖြင့် သဘာဝပတ်ဝန်းကျင်နှင့် စားသုံးသူ (consumer) ဆိုင်ရာ အရေးကိစ္စကြီးများနှင့် ပတ်သက်သည့် လူထုလှုပ်ရှားမှုများ၊ ကန့်ကွက်ဆန္ဒပြမှုများ ကြီးထွားလာခြင်းကြောင့်ဖြစ်ပြီး နောက်အကြောင်းရင်းတစ်ခုမှာ 'ဥပဒေပြုအဆိုပြုလွှာ တင်ရေး စွန့်ဦးတည်ထွင်သူများ' (initiative entrepreneurs) တိုးပွားလာခြင်းကြောင့် ဖြစ်သည်၊ ၎င်းတို့သည် ဥပဒေပြု အဆိုပြုလွှာများ တင်ပြနိုင်ရန် လိုအပ်သော ဆန္ဒပြသူများ၏ လက်မှတ်များကို နိုင်ငံတစ်ဝှမ်း စုဆောင်းကောက်ခံရာတွင် စနစ်တကျ လုပ်ဆောင်လာနိုင်ကြသည်၊ ၁၉၇၄ ခုနှစ်နှင့် ၁၉၉၃ ခုနှစ်ကြား နှစ် ၂၀ မျှ ကာလအတွင်း ဆန္ဒခံယူပွဲ ၁၆၇ ခု ထက်မနည်း (ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် ၈ ကြိမ်မျှ) ကျင်းပခဲ့သည်၊ ၎င်းတို့အနက် ဆန္ဒခံယူပွဲ ၆၃ ခုသည် နိုင်ငံသား အုပ်စုများ (citizen groups)မှ တင်ပြခဲ့သည့် ဥပဒေပြု အဆိုပြုလွှာများကို အဆုံးအဖြတ်ပေးသည့် ဆန္ဒခံယူပွဲများဖြစ်သည်။

အဆိုပါ ဆန္ဒခံယူပွဲ ၆၃ ခုအနက် ဥပဒေပြု အဆိုပြုလွှာ ၄ ခုသာ အများစု ထောက်ခံမှုရရှိခဲ့ပြီး ဥပဒေများ ဖြစ်လာခဲ့သည်၊ သို့သော် ပါလီမန်က အဆိုပြုထားသော ဥပဒေအချို့ကို နိုင်ငံသား အချို့က ဆန့်ကျင်ကြသဖြင့် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပ၍ အဆုံးအဖြတ်တောင်းခံရာ ၇၇ ခုမှာ ဆန့်ကျင်သည့်ဘက်မှ မဲအများစု ရရှိခဲ့သဖြင့် ဥပဒေများ ဖြစ်မလာခဲ့ပေ။ ဤကိန်းဂဏန်း နှစ်ခုကို ရှုတ်တရက် နှိုင်းယှဉ်ကြည့်လျှင် ပြည်သူတို့၏ ဗီတိုအာဏာ (ပါလီမန်က အဆိုပြုထားသော ဥပဒေကို ပလပ်ပစ်သည့်အာဏာ)သည် ဥပဒေပြု အဆိုပြုလွှာတင်ခွင့် ပြည်သူ့အာဏာထက်ပို၍ အစွမ်းထက်ကြောင်း ထင်မှတ်စရာပင် ဖြစ်သည်။ သို့ရာတွင် အချို့သော ဥပဒေပြု အဆိုပြုလွှာများမှာ ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အဆုံးအဖြတ် မခံယူမီအချိန်တွင် ပြန်လည်ရုတ်သိမ်းသွားခဲ့ခြင်းမျိုးလည်း ရှိသည်၊ အကြောင်းမှာ သင့်လျော်သော ဥပဒေမျိုး ပြဋ္ဌာန်းပေးပါမည်ဟု အစိုးရက ကတိက ဝတ်ပြုလာသော



ကြောင့် ဥပဒေပြု အဆိုပြုလွှာများကို ရုပ်သိမ်းသွားခဲ့ခြင်း ဖြစ်သည်၊ ထို့ကြောင့် ဥပဒေပြု အဆိုပြုလွှာများကို စေ့စပ်ညှိနှိုင်းရေးလက်နက်အဖြစ် ကောင်းစွာ အသုံးချလာခဲ့သည်၊ ပြည်သူတို့၏ 'ဥပဒေပြု အဆိုပြုလွှာ'အာဏာသည် ပြည်သူ့ ဗီတိုအာဏာနှင့် ပေါင်းစပ်ကာ အလွန်အရေးပါသည့် ဥပဒေပြုမှုဆိုင်ရာ အင်အားရပ်တစ်ခုအဖြစ် ရပ်တည်လာလျက်ရှိသည်ဟု ကျွန်တော်တို့ ကောက်ချက်ချရမည် ဖြစ်၏။ ထို့ကြောင့် ဥပဒေပြုအမတ်များသည် ဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းတော့မည်ဆိုလျှင် လူထုက တောင်းဆိုလာနိုင်မည့် ဆန္ဒခံယူပွဲဆိုသည်ကို အမြဲတမ်း ထည့်သွင်းစဉ်းစားရလျက် ရှိသည်။ ဆွစ်ဇာလန်နိုင်ငံတွင် ဥပဒေတစ်ရပ် ပြဋ္ဌာန်းရေးဆိုသည်မှာ ပြည်သူ့ဆန္ဒခံယူပွဲ ရှောင်ကွင်းရေး အတတ်ပညာတစ်ခု ဖြစ်သည်ဟု လည်းကောင်း၊ တိုက်ရိုက် ဒီမိုကရေစီစနစ်ဆိုသည်မှာ ပါလီမန်ကို အတိုက်အခံပြုသည့် စစ်မှန်သော အင်အားစုအဖြစ်လည်းကောင်း ကောင်းစွာ ပြောစမှတ်ပြုလျက်ရှိ၏၊

လွန်ခဲ့သော နှစ် ၂၀ တာ ကာလအတွင်း လူထုက တင်သွင်းခဲ့သည့် ဥပဒေပြု အဆိုပြုလွှာပါ အကြောင်းအရာများကို ဇယား(၁)တွင် ဖော်ပြထားပါသည်။ ၎င်းအဆိုပြုလွှာများအားလုံးသည် ဥပဒေပြုရေး လုပ်ငန်းစဉ်၏ ပထမဆင့် (အဆိုပြုလွှာတင်သွင်းသူများ၏ လက်မှတ်များ လိုအပ်သော ပမာဏကို ရရှိခြင်း)ကို ကျော်လွန်ခဲ့ပြီးဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကိစ္စနှင့် စားသုံးသူကိစ္စတို့သည် ဥပဒေပြု အဆိုပြုလွှာများ၌ အများဆုံး ပါဝင်သော အကြောင်းအရာများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဇယား(၁)

| ၁၉၇၄-၁၉၉၃ ခုနှစ်များအတွင်း တင်သွင်းခဲ့သည့် ဥပဒေပြု အဆိုပြုလွှာများပါ အကြောင်းအရာများ | |
|---|---|
| အကြောင်းအရာများ | အကြိမ်အရေအတွက် |
| • သဘာဝပတ်ဝန်းကျင် (စွမ်းအင်၊ယာဉ်သွားလာမှုကန့်သတ်ရေး၊ တိရစ္ဆာန်အခွင့်အရေးများ) | ၂၉ |
| • စားသုံးသူ သို့မဟုတ် ငွေးရမ်းသူကာကွယ်ရေး (ဈေးနှုန်းထိန်းချုပ်ရေး) | ၁၀ |
| • ကာကွယ်ရေး (စစ်ဘက်ဆိုင်ရာမူဝါဒ) | ၇ |
| • နိုင်ငံခြားသားများဝင်ရောက်မှုကာကွယ်ရေး | ၇ |
| • အခွန်များ (စီးပွားရေးမူဝါဒ) | ၇ |
| • လုပ်ငန်းခွင် (အလုပ်ခန့်ထားမှု) | ၆ |
| • လူမှုအာမခံ | ၅ |
| • အမျိုးသမီးများအရေး(ကိုယ်ဝန်ဖျက်ချမှု) | ၄ |
| • စိုက်ပျိုးရေး | ၄ |
| • အရက်၊ ဆေးလိပ်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှု | ၃ |
| • ပညာရေး | ၂ |
| • အထွေထွေ | ၆ |
| • စုစုပေါင်း | ၉၀ |

အမေရိကန်ပြည်ထောင်စုတွင်လို ဆွစ်ဇာလန်နိုင်ငံတွင် ပြု လုပ်သော ပြည်သူ့ဆန္ဒခံယူပွဲများသည် ပုံမှန် ရွေးကောက်ပွဲများ ကျင်းပ ချိန်နှင့် ချိန်ကိုက်ထားခြင်း မဟုတ်ပါ။ သို့သော် ဆန္ဒခံယူပွဲများကို အုပ်စုအလိုက် ကျင်းပလေ့ရှိသည်။ ယေဘုယျအားဖြင့် ဆန္ဒခံယူပွဲ ကျင်းပသောနေ့ တစ်နေ့တွင် မဲဆန္ဒရှင်များသည် အကြောင်းအရာ



တစ်ခုထက်မက မဲပေးကြရလေ့ရှိသည်။ ဥပမာအားဖြင့် ၁၉၉၂ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် မဲဆန္ဒရှင်များ မဲပေးခဲ့ရသည့် ဥပ ဒေပြု အဆိုပြုလွှာများပါ အကြောင်းအရာများကို အောက်တွင် ဖော်ပြ ထားပါသည်။ ထိုနေ့က မဲပေးပိုင်ခွင့်ရှိသူများအနက် ၄၅ ရာခိုင်နှုန်း ခန့် ဆန္ဒမဲပေးခဲ့ကြသည်။

- မော်တော်ကား အသုံးပြုမှုလျှော့ချရေးအတွက် အယ်လ်ပိုင်း တောင်တန်းကိုဖြတ်၍ မီးရထားလမ်း ဖောက်လုပ်ရေးကိစ္စ (အောင်မြင်)
- ဥပဒေပြုဌာနရေးအတွက် ပြန်လည်ပြင်ဆင်ထားသော လုပ် ထုံးလုပ်နည်းများကိစ္စ (အောင်မြင်)
- ဘဏ်လုပ်ငန်းခွန် ပြင်ဆင်ခြင်းကိစ္စ (အောင်မြင်)
- လယ်သမားများ အမွေဆက်ခံခြင်းဆိုင်ရာ စည်းကမ်းများကိစ္စ (အောင်မြင်)
- အမတ်များ လစာတိုးပေးရေးနှင့် နိုင်ငံရေးပါတီများ ရံပုံငွေ ထောက်ပံ့မှု တိုးပေးရေးကိစ္စ (မအောင်မြင်)
- အမတ်များအတွက် နေရေးထိုင်ရေးနှင့် ဝန်ဆောင်မှုများ ပိုမို ကောင်းမွန်လာအောင် ဖြည့်ဆည်းပေးရေးကိစ္စ (မအောင်မြင်)

**

## အမေရိကန်ပြည်ထောင်စု

အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ် ၂၄ ခု၌ နိုင်ငံသားများ တွင် ဥပဒေပြု အဆိုပြုလွှာတင်ခွင့်ရှိကြောင်း ဖွဲ့စည်းပုံ အခြေခံဥပဒေ တွင် အတိအလင်း ပြဋ္ဌာန်းထားသည်။ ဤပြဋ္ဌာန်းချက်ကို များစွာသော မြို့ကြီးများတွင်လည်း ပြဋ္ဌာန်းထားကြသည်။ ပြည်နယ် ၂၄ ပြည်နယ် တွင် ဥပဒေပြု အဆိုပြုလွှာများ တင်သွင်းရာ၌ အောင်မြင်မှုနှုန်းကို ဖော်ပြရလျှင် အဆိုပြုလွှာ သုံးခုတွင် တစ်ခုမျှ အောင်မြင်လေ့ရှိသည်။ ၁၉၇၈-၁၉၉၂ ခုနှစ်များအတွင်း အဆိုပါ ပြည်နယ် ၂၄ ခု၌ တင်သွင်း

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော ဥပဒေပြု အဆိုပြုလွှာပါ အကြောင်းအရာများကို ဆွစ်ဇာလန်နိုင်ငံ၌ တင်သွင်းခဲ့သော ဥပဒေပြု အဆိုပြုလွှာများနှင့် နှိုင်းယှဉ်ကြည့်နိုင်ရန် ဇယား(၂) တွင် ဖော်ပြထားပါသည်။ ကွန်ဆာဗေးတစ်များက အခွန်လျှော့ချရေး ဥပဒေပြု အဆိုပြုလွှာများကို ထောက်ခံကြလေ့ရှိပြီး လစ်ဘရယ်ဝါဒီများက ကိုယ်ဝန်ဖျက်ချခွင့်နှင့် ချူကလီးယားလောင်စာသုံး ဓာတ်အားပေးစက်ရုံများ ပိတ်ပစ်ရေးတို့ကို ထောက်ခံလေ့ရှိကြသည်။

ဇယား(၂)

| အမေရိကန်ပြည်ထောင်စုတွင် ၁၉၇၈-၁၉၉၂ ခုနှစ်များအတွင်း ဥပဒေပြု အဆိုပြုလွှာ တင်ခွင့်ရသွားသော အဆိုပြုလွှာပါ အကြောင်းအရာများ | |
|---|---|
| အကြောင်းအရာ | အကြိမ်အရေအတွက် |
| • တိုင်းပြည်ဝင်ငွေ သို့မဟုတ် အခွန် သို့မဟုတ် ဘွန်းစာချုပ် | ၁၀၅ |
| • အစိုးရ သို့မဟုတ် နိုင်ငံရေးပြုပြင်ပြောင်းလဲရေး | ၇၇ |
| • စီးပွားရေးလုပ်ငန်း သို့မဟုတ် လုပ်အားဆိုင်ရာ စည်းမျဉ်းများရေးဆွဲခြင်း | ၆၅ |
| • ပြည်သူ့စာရိတ္တရေးရာ | ၅၈ |
| • သဘာဝပတ်ဝန်းကျင် သို့မဟုတ် မြေအသုံးပြုမှု | ၃၅ |
| • နိုင်ငံသားလွတ်လပ်ခွင့် သို့မဟုတ် နိုင်ငံသားရပိုင်ခွင့်များ | ၂၀ |
| • ကျန်းမာရေး၊ လူမှုဖူလုံရေး၊ အိုးအိမ် | ၁၉ |
| • အမျိုးသား မူဝါဒ | ၁၁ |
| • ပညာရေး | ၉ |
| • စုစုပေါင်း | ၃၉၉ |



မကြာသေးမီနှစ်များက ပြည်နယ်နှင့် ကွန်ဂရက် အမတ်များအား 'သက်တမ်းကန့်သတ်ချက်များ သတ်မှတ်ပေးရေး' အဆိုပြုလွှာများကို တခဲနက် ထောက်ခံအတည်ပြုပေးခဲ့ကြသည်။ ဤထောက်ခံအတည်ပြုချက်များက (ဆွစ်ဇာလန်နိုင်ငံတွင် အမတ်များ၏ လစာတိုးမြှင့်ရေး၊ နေရေးထိုင်ရေး ပိုမို တိုးတက်ကောင်းမွန်အောင် ပြုလုပ်ပေးရေးဆိုသည့် ဥပဒေပြု အဆိုပြုလွှာများကို အပြင်းအထန် ဆန့်ကျင့်ကြသလို) ကိုယ်စားပြု ဒီမိုကရေစီ၏ လုပ်ငန်းစဉ်ကို အမေရိကန်နိုင်ငံသားတို့ အလားတူ အပြင်းအထန် ဆန့်ကျင်ကြကြောင်း၊ ထင်ဟပ်ပေါ်လွင်စေပါသည်၊ ကိုယ်စားပြု ဒီမိုကရေစီ လုပ်ငန်းစဉ်များအပေါ် မကျေမချမ်းဖြစ်ရာမှနေ၍ ဥပဒေပြု အဆိုပြုလွှာများကို လူထုက တိုက်ရိုက်တင်သွင်းသော လှုပ်ရှားမှုများ စတင်လာခဲ့ခြင်း၊ ဖြစ်သည်၊

ဥပဒေပြု အဆိုပြုလွှာ တင်သွင်းသော အဖွဲ့အစည်းများသည် ယခုအခါ သာမန် နိုင်ငံသားများ၏ လက်ထဲတွင် မရှိတော့ဘဲ အမေရိကန် ပြည်ထောင်စု၏ ကိုယ်စားပြု ဒီမိုကရေစီ လုပ်ငန်းစဉ်များကို ပုံသွင်းပေးနေသော အဓိက အင်အားရပ်ကြီး နှစ်ခုဖြစ်သည့် 'နိုင်ငံရေးပါတီများနှင့် ဘဏ္ဍာအင်အားတောင့်တင်းသည့် စီးပွားရေး လုပ်ငန်းကြီးများ'လက်ထဲ ရောက်ရှိသွားခဲ့ပြီဟု ဝေဖန်သူ အချို့က ထောက်ပြလျက်ရှိကြသည်။ မကြာသေးမီက ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်တစ်ခုကို စံနမူနာပြု၍ဖော်ပြရမည်ဆိုလျှင် ကယ်လီဖိုးနီးယားပြည်နယ်တွင် ရာထူးသက်တမ်း ၁၀ လမျှသာရှိသေးသော ဒီမိုကရက်တစ်ပါတီမှ အုပ်ချုပ်ရေးမှူး ဂရေးဒေးဗစ်ကို ရာထူးမှ ဖယ်ရှားပြီး သူ့နေရာတွင် အာနိုးရှွာဇနက်ဂါးနှင့် အစားထိုးခဲ့သည့် ဥပဒေပြု အဆိုပြုလွှာ တင်သွင်းမှုကို လှုံ့ဆော်ခဲ့သူများမှာ ရီပတ်ဘလင်ကန်များ ဖြစ်နေခဲ့ကြသည်၊ မည်သို့ဆိုစေ ၁၉၉၁-၂၀၀၀ ခုနှစ်များကြား ဆယ်စုနှစ်တစ်ခုတာကာလအတွင်း ကယ်လီဖိုးနီးယားပြည်နယ်တွင် အတည်ပြုပေးခဲ့သည့် ဥပဒေပြု အဆိုပြုလွှာများကို သေချာစွာ စစ်ဆေးကြည့်မည်ဆို

www.burmeseclassic.com

www.burmeseclassic.com



လျှင် စီးပွားရေး လုပ်ငန်းများ၏ အကျိုးစီးပွားကို ဖောင်းပေးထားသော လုပ်ငန်းစဉ်များထက် ပြည်သူလူထု အကျိုးပြုရေးဆီ ဖောင်းပေးထားသည့် လုပ်ငန်းစဉ်များကသာ ပိုများကြောင်းကို ဇယား(၃)တွင် တွေ့ရှိရမည် ဖြစ်သည်။ ယင်းဥပဒေပြု အဆိုပြုလွှာ တင်သွင်းရေး လှုပ်ရှားမှု အောင်မြင်ရေးအတွက် ကုန်ကျခဲ့သော ရန်ပုံငွေ၏ သုံးပုံနှစ်ပုံကို စီးပွားရေးလုပ်ငန်းများကပင် ထောက်ပံ့ပေးခဲ့သည် ဆိုသည့်အချက်မှာလည်း အလေးနက်ထားရမည့် အချက်တစ်ခုဖြစ်ပါသည်။

ဇယား(၃)

၁၉၉၁-၂၀၀၀ ခုနှစ်များအတွင်း ကယ်လီဖိုးနီးယားပြည်နယ်၌ အတည်ပြုပေးခဲ့သည့် ဥပဒေပြု အဆိုပြုလွှာများ

| ခုနှစ် | အကြောင်းအရာ |
|---|---|
| ၁၉၉၂ | - ပြည်သူ့ဝန်ထမ်း အငြိမ်းစားယူမှု စနစ်များ |
| | - အချို့သော စားသောက်ကုန်များကို အခွန်ကောက်ခံမှု ရုပ်သိမ်းရေး |
| | - ကွန်ဂရက်လွှတ်တော် အမတ်များအား သက်တမ်းကန့်သတ်ခြင်းများ |
| ၁၉၉၄ | - ကြီးလေးသော ပြစ်မှုကြီးနှစ်ခုကို ကျူးလွန်ခဲ့ဖူးသောသူများအား ထောင်ဒဏ်တစ်သက် မဖြစ်မနေချမှတ်ရန် |
| | - နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသူများအား ပြည်သူ့ရေးရာ လူမှုလုပ်ငန်းများတွင် လုပ်ကိုင်ခွင့် ပိတ်ပင်ရန်၊ ကျန်းမာရေး စောင့်ရှောက်မှု သို့မဟုတ် ပညာသင်ကြားခွင့် ပိတ်ပင်ရန် |
| ၁၉၉၆ | - ရွေးကောက်ပွဲ မဲဆွယ်စရိတ် ထောက်ပံ့မှု သုံးစွဲမှုများကန့်သတ်ပေးရန်၊ လော်ဘီလုပ်သူများကို ကန့်သတ်ချက်များ ထုတ်ပြန်ရန် |
| | - လူမျိုးရေး ဦးစားပေးမှုများကို အဆုံးသတ်ရန် |
| | - အနိမ့်ဆုံးလစာ တိုးမြှင့်ပေးရန် |
| | - အာမခံမထားရှိသော ယာဉ်မောင်းများနှင့် အရက်သေစာ သောက်ထားသော ယာဉ်မောင်းများအတွက် စည်းမျဉ်းများ ထုတ်ပြန်ပေးရန် |
| | - ဆေးဝါးအဖြစ် ဆေးခြောက်သုံးစွဲခြင်းကို တရားဝင်အသိအမှတ်ပြုပေးရန် |
| | - အခွန်ကောက်ခံမှု ကန့်သတ်ချက်များထားရှိရန် |
| ၁၉၉၈ | - ကလေးဘဝ အစောပိုင်းကာလများအတွက် လမ်းညွှန်ချက်များနှင့် ဆေးလိပ်သောက်သုံးမှုတားမြစ်ရေးအစီအစဉ်များ ထုတ်ပြန်ပေးရန် |
| | - ဘာသာစကားနှစ်ခုဖြင့် သင်ကြားသော ပညာရေးစနစ်ကို အဆုံးသတ်ရန် |
| | - သားမွေးအတွက် နို့တိုက်သတ္တဝါများ ဖမ်းဆီးခြင်းကိုအဆုံးသတ်ရန် |
| | - သတ်ရန်ရည်ရွယ်၍ မြင်းများ၊ မြင်းပုများ စသည့် သတ္တဝါများကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် လွှဲပြောင်းခြင်းများကို တရားမဝင်ကြောင်းကြေညာရန် |
| ၂၀၀၀ | - အကြမ်းဖက် ရာဇဝတ်မှုများအတွက် ထောင်ဒဏ်တစ်သက်ချမှတ်ရန်၊ ရာဇဝတ်ဂိုဏ်းများနှင့် ဆက်နွယ်နေသော လူသတ်မှုများအတွက် သေဒဏ်ချမှတ်ရန် |
| | - အမျိုးသားနှင့် အမျိုးသမီး လက်ထပ်ထိမ်းမြားခြင်းများကိုသာ တရားဝင်ကြောင်း သတ်မှတ်ရန် |
| | - အချို့သော မူးယစ်ဆေးစွဲနေသူများအတွက် ဆေးကုသမှုခံယူရေးအစီအစဉ်များ မဖြစ်မနေထားရှိရန် |

www.burmeseclassic.com



| | |
|---|---|
| | - ကျောင်းဆောက်လုပ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် တရားဝင်ခွင့်ပြုထားသော ဘွန်းငွေချေးစာချုပ်များ **ထား** ရှိရန် |
| မှတ်ချက် | - ၁၉၉၁-၂၀၀၀ ခုနှစ်များအတွင်း အတည်ပြုခဲ့**သော** ဥပဒေပြု အဆိုပြုလွှာ စုစုပေါင်း ၂၃ ခု၊ အတည်မပြုနိုင်ခဲ့သော ဥပဒေပြု အဆိုပြုလွှာ **စုစု** ပေါင်း ၃၁ ခု၊ |

ပြည်သူ့ဆန္ဒခံယူပွဲဆိုသည်မှာ လူထုသဘောထား စစ်တမ်းကောက်ယူမှုနှင့် လုံးဝမတူညီပါ။ လူထုသဘောထား စစ်တမ်းကောက်ယူမှုတွင် သဘောထားပေးသူသည် ၎င်းပေးသည့် သဘောထားအပေါ် လုံးဝ တာဝန်ခံစရာ မလိုပါ။ သို့သော် ဆန္ဒခံယူပွဲတွင် ပါဝင်သော ဆန္ဒပြုသူများအနေနှင့် ၎င်းတို့ပေးလိုက်သော ဆန္ဒသဘောထား**၏** ရလဒ်များသည် ၎င်းတို့၏ ဘဝများအပေါ် တိုက်ရိုက် အကျိုးသက်ရောက်မှု ရှိလာလိမ့်မည်ဟု အားလုံးက သိနေကြသည်။ ထို့အတွက်ကြောင့် ဆန္ဒမဲပေးသူများသည် ၎င်းတို့ပေးလိုသော အရေးအရာကို**စာ** ရပ်များနှင့် ပတ်သက်၍ အကြောင်းစုံ သိနေဖို့လိုသည်။ ဤသို့ သိရှိနိုင်ရန် သတင်းအချက်အလက်များကို အရိုးရှင်းဆုံး အလွယ်ကူဆုံးနည်းလမ်းများသုံး၍ မဲဆန္ဒရှင်များထံ အရောက်ပို့ပေးဖို့လိုအပ်သည်။ ယင်းနည်းလမ်းများအနက် အင်တာနက်သည်လည်း နည်းလမ်းတစ်ရပ်**အ** ဖြစ်ပါဝင်နိုင်လေသည်။

ခြုံငုံအကဲဖြတ်ချက်

ဤအပိုင်းတွင် ကျွန်တော်တို့ လေ့လာခဲ့ကြသော 'ဥဒေပြု**ရေး** ဆိုင်ရာ ပြည်သူ့ဆန္ဒခံယူပွဲ'နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပ**ဒေ**



အဖြစ်ပြဋ္ဌာန်းရန် 'လူထုက အဆိုပြုဥပဒေတင်ခွင့်ကျင့်ထုံး'တို့ကို **အစု** ချုပ်မှုတွင် ပြည်သူလူထုပါဝင်လာရေးအတွက် ကျွန်တော်တို့ **ရှေ့တွင်** ဖော်ပြခဲ့သည့် 'စံများ'နှင့် မည်သို့ ချိန်ထိုးကြည့်ကြပါမည်နည်း။ သိသာထင်ရှားသည့် ကောင်းကျိုးတချို့ရှိပါသည်။ ယင်းကောင်းကျိုးများမှာ နိုင်ငံသားတို့အနေနှင့် ဥပဒေပြုရေးဖြစ်စဉ် တစ်လျှောက်လုံးကို စောင့်ကြပ်ကြည့်ရှု၍ ဥပဒေပြုရေးအပေါ် ဆုံးဖြတ်ခွင့်ရှိသည့်အာဏာကို လက်တွေ့အပြည့်အဝ ရရှိကြခြင်းဖြစ်သည်။ အစိုးရ၏ မူဝါဒချမှတ်ရေးဖြစ်စဉ်တွင် နိုင်ငံသားတို့ တိုက်ရိုက်ပါဝင်ခွင့်၊ သိရှိခွင့်များရရှိကြသည်။ မဲဆန္ဒရှင်များနှင့် လွှတ်တော်အမတ်တို့၏ ဆက်ဆံရေးမှာ ထူးထူးခြားခြားပြောင်းလဲသွားခဲ့သည်၊ အမတ်များသည်၎င်းတို့၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ၎င်းတို့ သက်ဆိုင်ရာ မဲဆန္ဒနယ်များရှိ မဲဆန္ဒရှင် ပြည်သူများ၏ ဖြစ်ပေါ်လာနိုင်မည့် တုံ့ပြန်ချက်များကို ပို၍ အလေးထားကာ မဆိုင်းမတွ တုံ့ပြန်လာတတ်ကြသည်။ နိုင်ငံသားတို့အနေနှင့် ဥပဒေပြု အဆိုပြုလွှာများအတွက် မဲဆန္ဒရှင် ပြည်သူများ၏ လက်မှတ်များ ကောက်ခံရာတွင်လည်းကောင်း၊ ပြည်သူ့ဆန္ဒခံယူပွဲများအတွက် မဲဆွယ်ရာတွင်လည်းကောင်း တက်တက်ကြွကြွ ပါဝင်လှုပ်ရှားနိုင်သည့် အခွင့်အရေးများ ပိုမိုရရှိလာစေသည်။

ဆိုးကျိုးကိုဖော်ပြရလျှင် ဆန္ဒခံယူပွဲများတွင် အနိုင်ရရှိရေးဆိုသည်မှာ ရွေးကောက်ပွဲများတွင်ကဲ့သို့ပင် ငွေကြေးထောက်ပံ့မှုအပေါ် များစွာမှ မူတည်နေသည်။ ငွေကြေးထောက်ပံ့မှု များများရလေလေ အနိုင်ရဖို့ အခွင့်သာလေလေ ဖြစ်လေ့ရှိသည်၊ ထို့ကြောင့် ငွေကြေးပံ့ပိုးပေးမည့် စီးပွားရေးလုပ်ငန်းများကို အားကိုးကြရသည်ဖြစ်ရာ **စီး** ပွားရေးလုပ်ငန်းများ၏ အကျိုးစီးပွားနှင့် ဆန္ဒခံယူပွဲများသည် **နှီးနွယ်** လာရသည်။ ထို့ကြောင့် နိုင်ငံရေးတန်းတူဖြစ်မှုသည် မည်သည့်**နည်း** နှင့်မျှ အပြည့်အဝ တန်းတူမဖြစ်နိုင်ကြောင်း သိသာလှ**ပေ**သည်။

ဆွစ်ဇာလန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် **အသုံး**

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည့် ဆန္ဒခံယူပွဲပုံစံမျိုးများကို အခြားသော ကမ္ဘာ့နိုင်ငံများတွင် အသုံးပြု၍ ရနိုင်ပါမည်လော။ မူအရပြောရလျှင် အခြားသောနေရာများတွင်လည်း အသုံးပြု၍ မရနိုင်စရာ အကြောင်းမရှိပါ။ ပြည်သူ့ဆန္ဒခံယူပွဲများသည် ကိုယ်စားပြု ဒီမိုကရေစီစနစ်၏ လုပ်ငန်းစဉ်များ၏ ဂုဏ်သိက္ခာ သို့မဟုတ် ညီညွတ်မှုကို ထိခိုက်စေသည်ဟု ရွေးချယ်တင်မြှောက်ခံ အမတ်မင်းများ၏ ကန့်ကွက်ပြောဆိုသံများကို ကြားရတတ်သည်။ ဤကန့်ကွက်သံများမှာ အမှန်တော့ ၎င်းတို့၏ ဥပဒေပြုရေး အစီအစဉ်များနှင့် ဥပဒေပြုရေး လုပ်ငန်းစဉ်များအပေါ် ၎င်းတို့ ကြိုက်သလို ချယ်လှယ်ခွင့် မရရှိတော့သောကြောင့် ကိုယ့်ဘက်ကိုယ်ယက်ကာ ညည်းတွားပြနေသည့် ညည်းညူသံများသာလျှင် ဖြစ်ပါသည်။ ကိုယ်စားပြု ပါလီမန် ဒီမိုကရေစီစနစ်ကို အများက ယုံကြည်ကိုးစားစိတ် အလွန်တရာ နည်းပါးနေချိန်တွင် 'ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဥပဒေအဖြစ်ပြဋ္ဌာန်းရန် လူထုက အဆိုပြုဥပဒေတင်ခွင့် ကျင့်ထုံး' ဆိုသည့် တိုက်ရိုက်ဒီမိုကရေစီ ပုံစံတစ်ရပ် စတင်ကျင့်သုံးလိုက်ခြင်းသည် အလွန်တရာမှ လိုအပ်လှသော ထိရောက်သည့် ကုစားမှုတစ်ခု ဖြစ်ပါသည်။ နိုင်ငံသားများနှင့် ၎င်းတို့၏ လွှတ်တော်အမတ်များကြား ဆက်ဆံရေးကို ပို၍ နီးကပ်စေခဲ့သလို ပို၍လည်း ပေါင်းစည်းလာစေခဲ့ပါသည်။

*****

## (၄)
## ဒီဂျစ်တယ် ဒီမိုကရေစီ

ဒီဂျစ်တယ် ဒီမိုကရေစီ (digital democracy)ကို အီလက်ထရွန်းနစ် ဒီမိုကရေစီ၊ ဗာကျူရယ် (virtual) ဒီမိုကရေစီ၊ ဆိုက်ဘာဒီမိုကရေစီ (cyberdemocracy) စသည်ဖြင့် အမည်အမျိုးမျိုးဖြင့်လည်း ခေါ်ဝေါ်ကြသည်။ ဒီမိုကရေစီစနစ် ပြန်လည်အားပြည့်လာရေးအတွက် ကြိုးပမ်းသည့် နည်းလမ်းလေးသွယ်အနက် တစ်ခုအပါအဝင်



ဖြစ်သော ဒီဂျစ်တယ်ဒီမိုကရေစီသည် အခြားနည်းလမ်းသုံးခုနှင့် အလွန်ပင် ခြားနားလှသည်။ အဓိကခြားနားချက်မှာ ဒီဂျစ်တယ် ဒီမိုကရေစီသည် ဆက်သွယ်ရေး 'နည်းပညာ'ပေါ်တွင် အခြေပြုထားခြင်း ဖြစ်သည်။ ဤဆက်သွယ်ရေးနည်းပညာတွင် အင်တာနက်နှင့် အခြားသော ကွန်ပျူတာ အခြေပြု အသုံးပြုမှုများ ပါဝင်သည်။ အမှန်တော့ ဆက်သွယ်ရေးနည်းပညာသည် ဒီမိုကရေစီ ထွန်းကားရေးအတွက် ရည်ရွယ်ချက်ရှိရှိ တည်ထွင်ဖန်တီးထားသော ဖန်တီးချက်တစ်ခု မဟုတ်ပါ။ နည်းပညာသည် နိုင်ငံသားတစ်ဦးကို အောက်ပါပုံစံများဖြင့် လုပ်ပိုင်ခွင့်အာဏာ (empowerment) အပ်နှင်းနိုင်သည့်သဘောရှိ၏။

- နည်းပညာသည် အစိုးရနှင့် ပတ်သက်သော သတင်းအချက်အလက်များအားလုံးကို နိုင်ငံသားများအနေနှင့် အိမ်မှာနေရင်းနှင့်ပင် ရယူနိုင်ခွင့်ရှိသည်။
- နည်းပညာသည် သတင်းစီးဆင်းမှု အလွန်မြန်ဆန်စေရုံမျှမက အကုန်အကျလည်း အလွန်နည်းလှသည်။ ထို့ကြောင့် နိုင်ငံသားအချင်းချင်း ဆက်သွယ်ရာတွင်လည်းကောင်း၊ စည်းရုံးလှုံ့ဆော်ရာတွင်လည်းကောင်း အလွန်အဆင်ပြေလှသည်။
- နည်းပညာသည် တစ်လမ်းသွား ဆက်သွယ်ရေးစနစ်မျိုး မဟုတ်ဘဲ အပြန်အလှန် ဆက်သွယ်ခွင့်ရသော ကြားခံနယ်တစ်ခုဖြစ်သည်။ သို့ဖြစ်ရာ ဆွေးနွေးခြင်း၊ အခြေအတင် ငြင်းခုံခြင်း ပုံစံသစ်များကို နည်းပညာက ကူညီပံ့ပိုးပေးသည်။ ဆွေးနွေးငြင်းခုံဖို့ နေရာတစ်နေရာတွင် အချိန်တစ်ခု သတ်မှတ်၍ စုဆုံကြရသည့် သမားရိုးကျ ကန့်သတ်ချက်များကို ကျော်လွန်သော ပုံသစ်များဖြစ်သည်။
- နည်းပညာကို အစိုးရများအနေနှင့် ထိန်းချုပ်ဖို့ ခက်ခဲလှသည်။ သတင်းစီးဆင်းမှုသည် နည်းပညာကြောင့် နိုင်ငံတော် နယ်နိ

www.burmeseclassic.com

www.burmeseclassic.com



မိတ်များကို ဥဒဟို ဖြတ်ကျော်နေကြသည်သာမက ဆင်ဆာ ဖြတ်တောက်ရေးမှာလည်း မဖြစ်နိုင်သလောက်ပင် ဖြစ်၏။

နည်းပညာ၏ အကျိုးကျေးဇူးများကို ရရှိခံစားရသူများတွင် ယဉ်ကျေးသော သို့မဟုတ် ဒီမိုကရေစီကို နှစ်သက်သော အုပ်စုများ သာမက 'မယဉ်ကျေးသော' အုပ်စုများ (ရာဇဝတ်ဂိုဏ်းများ၊ ကလေးသူငယ်များကို ကာမစိတ် ယိမ်းညွှတ်သူများ၊ နာဇီဝါဒီသစ်များစသည်) လည်းပါဝင်သည်။ သို့ရာတွင် ဒီမိုကရေစီ ပြန့်ပွားရေး အကျိုးထက် စာလျှင် မယဉ်ကျေးသော အုပ်စုများရရှိသည့် အကျိုးကျေးဇူးမှာ မပြောပလောက်ပါ။ နည်းပညာ၏ အကျိုးကျေးဇူးများကို ရရှိခံစားနိုင်ဖို့ဆိုသည်မှာ နည်းပညာကို အသုံးပြုတတ်သည့် 'စွမ်းရည်'ပေါ် မူတည်သည်။ နိုင်ငံသားများအနေနှင့် နည်းပညာကို အသုံးပြုခွင့်ရှိနေသည့်တိုင် အသုံးပြုနိုင်သည့် 'စွမ်းရည်' မတူညီမှုကြောင့် နိုင်ငံသားတို့ကြား 'တန်းတူညီမျှမှု'ဆိုသည့် ဒီမိုကရေစီရေး တန်ဖိုးထားမှုတစ်ခုမှာ ကွယ်ပျောက်လျက်ရှိ၏။ နည်းပညာ၏ စွမ်းဆောင်ရည်မြင့်မားလာလေလေ နိုင်ငံသားတို့ကြား ကွာဟချက်က ပို၍ ကြီးမားလာလေလေ ဖြစ်လျက်ရှိ၏။ နောက်ပိုင်းတွင် ဤအကြောင်းကို ထပ်မံဆွေးနွေးပါဦးမည်။

အင်တာနက်နည်းပညာသည် 'ဒီမိုကရေစီဆန်သော' အလားအလာကောင်းများရှိသည်ဟု ယူဆလျှင် ယင်းမှာ အင်တာနက်ပေါ်တွင် ကိုယ်စားပြု ဒီမိုကရေစီ အင်စတီကျူးရှင်းများကို ကျော်ရှောင်နိုင်သည့် တိုက်ရိုက်ဒီမိုကရေစီပုံစံသစ်တစ်ခု ပေါ်ထွန်းလာခြင်းဖြစ်သည်ဟု တချို့က ဆိုကြသည်။ အဆိုပါ အမြင်မှာ စိတ်ရူး ပေါက်သလို ချဲ့ကားပြောဆိုနေကြခြင်းသာ ဖြစ်ပါသည်။ အင်တာနက် နည်းပညာကို အသုံးချနေမှု အားလုံးလိုလိုသည် ကိုယ်စားပြု ဒီမိုကရေစီ လုပ်ငန်းစဉ်များကို ရှောင်ကွင်းသွားဖို့ မဟုတ်ဘဲ ကိုယ်စားပြု ဒီမိုကရေစီ လုပ်ငန်းစဉ်များကို ပိုမိုကောင်းမွန်အောင်လုပ်ဖို့ သို့မဟုတ် ရှင်သန်ထက်



မြက်လာအောင် အားဖြည့်ပေးဖို့သာလျှင် ဖြစ်ပါသည်။ ဖြစ်လေ့ဖြစ်ထ ရှိသည်မှာ တိုက်ရိုက် ဒီမိုကရေစီနှင့် ကိုယ်စားပြု ဒီမိုကရေစီတို့၏ ခြားနားချက်ကို လွဲမှားစွာ နားလည်နေတတ်ကြခြင်း ဖြစ်သည်။ အမှန်တကယ် အဓိပ္ပာယ်ကောက်ယူသင့်သည်မှာ ကိုယ်စားပြု ဒီမိုကရေစီစနစ်၏ အင်စတီကျူးရှင်းများ ဒီမိုကရေစီနည်းကျစွာ ရှင်သန်လည်ပတ်နေဖို့ရန် နိုင်ငံသားများသည် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် တိုက်ရိုက် ဒီမိုကရေစီပုံစံဖြင့် တိုက်ရိုက်ပါဝင်ဖို့ လိုအပ်သည်ဟူ၍ ဖြစ်သည်။

ကိုယ်စားပြု ဒီမိုကရေစီ အင်စတီကျူးရှင်းများတွင်လည်းကောင်း၊ ကိုယ်စားပြုဒီမိုကရေစီလုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင်လည်းကောင်း 'ဒီမိုကရေစီနည်းကျကျ ဆောင်ရွက်တတ်သော အကျင့်စရိုက်များ' သန္ဓေတည် ကြီးထွားလာအောင် ဒီဂျစ်တယ်ဒီမိုကရေစီကို အသုံးပြုနိုင်မည့် နည်းလမ်းမျိုးစုံကို လေ့လာတင်ပြပါမည်။

## သတင်းဖြန့်ဝေခြင်း

အင်တာနက်သည် အစိုးရများအနေနှင့် ၎င်းတို့ ထုတ်ပြောလိုသော သတင်းစကားများကို လူထုသိအောင် 'တင်'သည့် နေရာတစ်နေရာတစ်ခုသက်သက်မျှ မဟုတ်ပါ။ ၎င်းတို့ ထုတ်မပြောလိုသော အတွင်းကြိတ်သတင်းများ လွတ်ထွက်လာကာ အလွန်လျှင်မြန်သောနှုန်းဖြင့် ပျံ့နှံ့သွားသောနေရာတစ်ခုလည်းဖြစ်သည်။ အီးရတ်စစ်ပွဲနှင့် ပတ်သက်၍ အမှတ်မထင် ထွက်ပေါ်လာသော ဖြစ်ရပ်နှစ်ခုကို ဥပမာပေး၍ တင်ပြလိုပါသည်။ ပထမဖြစ်ရပ်မှာ ယူကေမှဖြစ်ပြီး ဒုတိယဖြစ်ရပ်မှာ အမေရိကန်ပြည်ထောင်စုမှ ဖြစ်ပါသည်။ လွတ်လပ်သော အထူးစုံစမ်းစစ်ရေးအဖွဲ့ 'ဟတ်တန်'က လက်နက်ပါရဂူ ဒေါက်တာဒေးဗစ်ကယ်လီ၏ သေဆုံးမှုနှင့် ပတ်သက်၍ စုံစမ်းသိရှိရသော သက်သေအထောက်အထားများ၊ မှတ်တမ်းများ အားလုံးကို (အစိုးရဝန်ကြီးများ အချင်းချင်း အပြန်အလှန်ပေးပို့သော အီးမေးလ်များ အပါအဝင်) အင်တာနက်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



တင်ဖို့ ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ အကျိုးသက်ရောက်မှုက မယုံနိုင်လောက်အောင် ကြီးမားလှသည်။ အစိုးရ၏ အတွင်းစည်းထဲ လုပ်ပုံကိုင်ပုံ နည်းလမ်းသစ်များကို အဆိုပါစုံစမ်းမှုက ဖော်ထုတ်ပြနိုင်ခဲ့ရုံမက အီရတ်ရှိ လူအစုလိုက် အပြုံလိုက် သေစေသော လက်နက်ကိစ္စနှင့် ပတ်သက်သော 'လှည့်ကွက်လုပ်ထားသည့် အမှုတွဲများ'ပေါ် အခြေခံ၍ ကောက်ချက်ဆွဲထားမှုများကို ဖော်ထုတ်နိုင်ခဲ့သည်။ ဤကောက်ချက်ချထားမှုများသည် လော့ဒ်ဟတ်တန် ကိုယ်တိုင် ဆွဲထားသော ကောက်ချက်များနှင့် လုံးဝ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ရှိ၏။ ဤဖြစ်ရပ်ထက်ပို၍ ထူးခြားသည့် ဖြစ်ရပ်မှာ အဘူဂါရစ် အကျဉ်းထောင်တွင် အမေရိကန် တပ်ဖွဲ့များက မတော်မတရား ပြုကျင့်နေသည့် ဓာတ်ပုံများ အင်တာနက်ပေါ်တွင် တရားမဝင် ဖြန့်ဝေခဲ့ခြင်းဖြစ်သည်။ ယင်းဓာတ်ပုံများက ဖြစ်ရပ်များအကြောင်း အသေးစိတ် ရေးသားထားချက်များထက်ပင် ထိတ်လန့် တုန်လှုပ်မှုများကို ဖြစ်ပေါ်စေခဲ့သည်။

အထက်ဖော်ပြပါ ဖြစ်ရပ်နှစ်ခုသည် အင်တာနက်နှင့် ပတ်သက်၍ လူအများအပြား ယုံကြည်လက်ခံထားကြသော ဒဏ္ဍာရီ (အင်တာနက်သည် တိုက်ရိုက်ဆက်သွယ်ရေးပုံစံ တစ်ရပ်ဖြစ်သောကြောင့် သမားရိုးကျ မီဒီယာများကို အစားထိုးသွားလိမ့်မည်ဟူ၍ ယုံကြည်နေကြသည်။)မှာ မဟုတ်မမှန်ကြောင်း သက်သေပြခဲ့သည်။ လော့ဒ်ဟတ်တန် မှတ်တမ်းနှင့် အဘူဂါရစ် အကျဉ်းထောင် ဓာတ်ပုံတို့ကို အင်တာနက်မှတစ်ဆင့် ကူးယူ၍ သတင်းစာများနှင့် ရုပ်မြင်သံကြားတို့တွင် ထပ်မံဖော်ပြသည့်အခါတွင်မှ ပြည်သူလူထုအပေါ် အပြည့်အဝရိုက်ခတ်လာခဲ့ခြင်းဖြစ်သည်။ ယခုအခါ ဤအချက်ကို မသိကျိုးကျွန်ပြု၍ ရနိုင်မည် မဟုတ်ပါ။ အင်တာနက် အသုံးပြုတတ်သူများဆိုသည်မှာ အများ အားဖြင့် အစိတ်စိတ် အမွှာမွှာ ကွဲနေသော၊ အကြောင်းအရာအလိုက် အုပ်စုကွဲနေသော လူမှုအသိုင်းအဝိုင်းများသာ ဖြစ်ပါသည်။ ထို့အတွက်ကြောင့် အင်တာနက်သတင်းများ၊ ဓာတ်ပုံများနှင့် မှတ်တမ်း



များ အများပြည်သူတို့ထံ ရောက်ရှိဖို့ရန် သမားရိုးကျ မီဒီယာများ မရှိမဖြစ် လိုအပ်လျက်ရှိလေသည်။ အင်တာနက်ပေါ်တွင် စာများ၊ ရုပ်ပုံများ၊ အသံများနှင့် ဗီဒီယိုဖိုင်များ တစ်နေ့တစ်ခြား အလွန်မြန်ဆန်စွာ တိုးပွားလာသည်ဖြစ်ရာ ၎င်းတို့ထဲမှ အထူးသဖြင့် မှတ်တမ်းတင်ဆောင်းပါးများကို ရွေးချယ်ဘာသာပြန်ဆိုရန် ဂျာနယ်လစ်ကောင်းများနှင့် ကျွမ်းကျင်သူပညာရှင်များ လိုအပ်လာလေသည်။

## လွှတ်တော်အမတ်များနှင့် ဆက်သွယ်ရန် လွယ်ကူခြင်း

နိုင်ငံသားတစ်ဦးအနေနှင့် ၎င်းနေထိုင်ရာ မြို့နယ်ရှိ လွှတ်တော်အမတ်ထံ အီးမေးလ်ပို့၍ ဆက်သွယ်ခြင်းသည် အခြားသော သမားရိုးကျနည်းလမ်းများ (စာတိုက်မှတစ်ဆင့် စာပို့ခြင်း၊ ဖုန်းဆက်ခြင်း) ထက်စာလျှင် ပို၍ လွယ်ကူလှသည်။ ဤနည်းလမ်းသည် မဲဆန္ဒရှင်များနှင့် ၎င်းတို့၏ အမတ်များကြား ဆက်သွယ်ရေးကို ပို၍ အဆင်ပြေချောမွေ့စေသည်။ သို့သော် အီးမေးလ်ပါ အကြောင်းအရာများကို လွှတ်တော်အမတ်များသည် စိတ်ဝင်တစား ခပ်မြန်မြန်တုံ့ပြန် ဖြေဆိုကြလိမ့်မည်ဆိုသည်ကိုကား တတ်အပ်ပြောဖို့ ခက်ပါလိမ့်မည်။ အကြောင်းမှာ ပြန်လည်ဖြေဆိုမှုများသည် အများအားဖြင့် မဲဆန္ဒရှင်တစ်ဦးစီမေးမြန်းသော မေးခွန်းများအပေါ် တိုက်ရိုက်ဖြေဆိုမှုထက် အကြောင်းအရာအားလုံးကို ခြုံငုံဖြေဆိုမှုများသာ ပြုလုပ်၍ မဲဆန္ဒရှင်အားလုံးကို ဖြန့်ဝေပေးလေ့ရှိသည်။ အထက်ပါ ကောက်ချက်မှာ သမ္မတ ကလင်တန်လက်ထက် အိမ်ဖြူတော်နှင့် မဲဆန္ဒရှင်များကြား ဆက်သွယ်ရေးအပေါ် လေ့လာချက်များမှ ရရှိလာခြင်းဖြစ်သည်။ လေ့လာမှုများအရ အီးမေးလ်ပို့ခြင်းသည် မဲဆန္ဒရှင်များက အိမ်ဖြူတော်ဆီ ဆက်သွယ်သည့် ဆက်သွယ်ရေး နည်းလမ်းသစ်တစ်ရပ်ဖြစ်ကြောင်း၊ သို့သော် မဲဆန္ဒရှင်များမေးသော မေးခွန်းများကို အိမ်ဖြူတော်က သက်ဆိုင်ရာ ဌာနအသီးသီးဆီ တစ်ဆင့်ပေးပို့၍ ယေဘူယျသ

www.burmeseclassic.com



သော ပြန်ကြားဖြေဆိုစေကြောင်းနှင့် အကျိုးရလဒ်အနေဖြင့် မဲဆန္ဒရှင်များက အီးမေးလ်များပို့၍ ၎င်းတို့၏ အမြင်သဘောထားများ ဖော်ပြမှုသည် အစိုးရအပေါ် လွှမ်းမိုးနိုင်မှု မရှိသလောက်ပင် ဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။ နည်းပညာသည် မဲဆန္ဒရှင်များနှင့် ပြည်သူ့ကိုယ်စားလှယ်များကြား ဆက်ဆံရေးပုံစံကို ပြောင်းလဲမပစ်နိုင်ကြောင်း အဆိုပါလေ့လာချက်က ဖော်ပြလျက်ရှိ၏။ မည်သည့်ကိစ္စတွင်မဆို မဲဆန္ဒရှင် တစ်ဦးတစ်ယောက်ချင်းအနေဖြင့် ဆောင်ရွက်မှုသည် အကျိုးသက်ရောက်မှု မရှိတတ်သော်လည်း မဲဆန္ဒရှင်များအနေနှင့် အုပ်စုတစ်စု စနစ်တကျ ဖွဲ့စည်းကာ ဆောင်ရွက်ကြမည်ဆိုလျှင် အကျိုးသက်ရောက်မှုရှိကြမည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။ အလားတူစွာပင် အင်တာနက်ပေါ်တွင် မဲဆန္ဒရှင်များ အုပ်စုဖွဲ့ကာ အတူပူးပေါင်းဆောင်ရွက်နိုင်မည်ဆိုလျှင် ထူးခြားသော အကျိုးသက်ရောက်မှုများ ရှိနိုင်လိမ့်မည် ဖြစ်လေသည်။

## မဲဆန္ဒရှင်များ၏ 'နားလည်စွာ ရွေးချယ်မှု'ကို မြှင့်တင်ပေးခြင်း

ရွေးကောက်ပွဲတွင် ဝင်ယှဉ်ပြိုင်မည့် အမတ်လောင်းများ၊ ပါတီများက မဲဆန္ဒရှင်များထံ ၎င်းတို့၏ မူဝါဒ သဘောထားများ ထုတ်ပြန်ရာတွင် အသားကျနေသည့် ဆက်သွယ်ရေးပုံစံမှာ ရုပ်မြင်သံကြားမှနေ၍ ၎င်းတို့အဓိက မီးမောင်းထိုးပြလိုသည့် စကားစုတိုလေးများ ဝါကျတိုလေးများကို ထုတ်လွှင့်ခြင်း၊ ယှဉ်ပြိုင်ဖက်များကို အပုပ်ချသည့် ကြော်ငြာများပြုလုပ်ကြခြင်းတို့ ဖြစ်သည်။ သို့ရာတွင် အင်တာနက် ဝက်ဘ်ဆိုက်များသည် အမတ်လောင်းများ၏ မူဝါဒရေးရာ သဘောထားများကို အပြည့်အဝ ဖော်ပြပေးထားပြီး မဲဆန္ဒရှင်များ သိလိုသည့် အကြောင်းအရာများကို အမတ်လောင်းများမှနေ၍ တိုက်ရိုက်ဖြေဆိုခွင့်ကိုလည်း ပေးအပ်ထားသည်။ အမေရိကန်ပြည်ထောင်စုတွင် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကင်းသော လွတ်လပ်သော အွန်လိုင်းဝက်ဘ်ဆိုက်



များကို ထူထောင်ထားကြသည်။ ယင်းဝက်ဘ်ဆိုက်များက အမတ်လောင်းများ၏ အခြေအတင် ဆွေးနွေးချက်များနှင့် ၎င်းတို့အပေါ် အကဲဖြတ်ချက်များကို စနစ်တကျ လွှင့်တင်ပေးကြသည်။ မင်နီဆိုတာ အီး-ဒီမိုကရေစီ(Minnesota E-Democ racy) သည် အွန်လိုင်း နှီးနှော ဖလှယ်ပွဲ ပြုလုပ်ပေးသည့် ဝက်ဘ်ဆိုက်တစ်ခု ဖြစ်သည်။ ၁၉၉၄ ခုနှစ် ရွေးကောက်ပွဲမှ စတင်၍ အမတ်လောင်းများနှင့် မဲဆန္ဒရှင်တို့ကြား အပြန်အလှန် ဆွေးနွေးခြင်း၊ ငြင်းခုံခြင်းများ ပြုလုပ်နိုင်သည့် နှီးနှော ဖလှယ်ပွဲတစ်ရပ်ကို အဆိုပါ ဝက်ဘ်ဆိုက်က တီထွင်ခဲ့သည်။ ကယ်လီဖိုးနီးယားတွင် တည်ရှိသည့် ဒီမိုကရေစီကွန်ရက် (Democracy Network or DNet)ဝက်ဘ်ဆိုက်သည် တိုင်းရေးပြည်ရာနှင့် ပတ်သတ်သည့် အဓိက ကိစ္စရပ်ကြီးများအပေါ် အမတ်လောင်းတို့၏ သဘောထားရပ်တည်ချက်များကို နှိုင်းယှဉ် ပြထားသည့် စနစ်ထစ်ရပ်တို့ စတင်တီထွင်ခဲ့သည်။ ကိုယ်ပိုင် ဝက်ဘ်ဆိုက် မထောင်နိုင်သော အထင်ကရ မဟုတ်သည့် အမတ်လောင်းတို့၏ အမြင်သဘောထားများကိုလည်း အဆိုပါ ဝက်ဘ်ဆိုက်က တင်ပေးထားသည်။ ၎င်းသို့သော ဝက်ဘ်ဆိုက်၏ ရှေ့ဆောင်လမ်းပြ ဆောင်ရွက်မှုများသည် အမတ်လောင်းများကိုယ်တိုင် ထောင်ထားသော ဝက်ဘ်ဆိုက်များတွင် တင်ထားသည့် သတင်းအချက်အလက်များထက်စာလျှင် ပို၍ ဘက်လိုက်မှုကင်းသော သတင်းအချက်အလက်များကို မဲဆန္ဒရှင်များထံ ပြည့်ပြည့်ဝဝ ပေးအပ်နိုင်သောကြောင့် ၎င်းတို့၏ ရွေးချယ်နိုင်စွမ်းကို များစွာမှ အထောက်အကူပြုစေသည်။

## ပြည်သူတို့၏ အွန်လိုင်း နှီးနှောဖလှယ်ပွဲများ

ဒီဂျစ်တယ် နည်းပညာသည် နိုင်ငံသားတို့ကြား တစ်ဦးနှင့်တစ်ဦးတန်းတူ အလျားလိုက် ဆက်သွယ်ရေးပုံစံက အစိုးရနှင့် အထက်အောက် ဆက်သွယ်ရေးပုံစံထက် ပို၍ အရေးပါသည့် ကဏ္ဍမှ ပါဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



ဖို့ အလားအလာရှိနေသည်။ ပြည်သူ့ ဆက်သွယ်ရေး ဝက်ဘ်ဆိုက်ပုံစံ နှစ်မျိုးရှိနိုင်သည်၊ ချင့်ချိန်ဆွေးနွေးမှု ဝက်ဘ်ဆိုက်များနှင့် လှုပ်ရှားဆောင်ရွက်မှု ဝက်ဘ်ဆိုက်များဟူ၍ ဖြစ်သည်၊ ဝက်ဘ်ဆိုက်ပုံစံ နှစ်မျိုးဟူ၍ ခွဲခြားဖော်ပြထားသော်လည်း တစ်ခါတရံတွင် ဤပုံစံနှစ်မျိုးသည် တစ်ခုနှင့်တစ်ခုရောယှက်နေတတ်သည်၊ အထက်တွင်ဖော်ပြပြီးသော မင်နီဆိုတာ အီး-ဒီမိုကရေစီ ဝက်ဘ်ဆိုက်နှင့် ယူကေတွင် အခြေစိုက်သော အိုးပန်း ဒီမိုကရေစီ (Open Democracy) ကဲ့သို့သော ဝက်ဘ်ဆိုက်တို့သည် ချင့်ချိန် ဆွေးနွေးမှု ဝက်ဘ်ဆိုက်များဖြစ်ကြပြီး ဒီမိုကရေစီရေးရာ အထွေထွေ ဆွေးနွေးပွဲများကို ပြုလုပ်ပေးလေ့ရှိသည်။ ပြည်သူ့မူဝါဒရေးရာ သို့မဟုတ် လတ်တလော ဖြစ်ပေါ်နေသည့် ကိစ္စရပ်များစွာအနက် အကြောင်းအရာတစ်ရပ်ရပ်အပေါ် ဆွေးနွေးမှုမျိုးကိုလည်း အဆိုပါ ဝက်ဘ်ဆိုက်များက ပြုလုပ်ပေးလေ့ရှိသည်။ ယင်းဝက်ဘ်ဆိုက်များကို ဝင်ကြည့်သူများစွာရှိသည့်အနက် ဝင်ကြည့်သူ အနည်းငယ်မျှသာ ဆွေးနွေးပွဲတွင် ပါဝင်ခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရသည်၊ ထို့အတွက်ကြောင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု အရေအတွက်မှာ လက်ရှိအနေအထားတွင် သိပ်အားရစရာ မရှိသေးကြောင်း ညွှန်ပြလျက်ရှိ၏။

## တက်ကြွလှုပ်ရှားသူ ဝက်ဘ်ဆိုက်များ

အင်တာနက်၏ အထူးခြားဆုံး သွင်ပြင်လက္ခဏာများအနက် တစ်ခုမှာ အင်တာနက်သည် စည်းရုံးလှုံ့ဆော်ပွဲများလုပ်ဖို့၊ ဆန္ဒပြပွဲများလုပ်ဖို့ တက်ကြွလှုပ်ရှားသူ မြောက်များစွာကို အချိန်တိုအတွင်း အသိပေး စည်းရုံးနိုင်စွမ်းရှိခြင်း ဖြစ်သည်၊ ဤနေရာတွင် သာဓကနှစ်ခုကို တင်ပြလိုပါသည်။ သာဓကတစ်ခုမှာ လူသူအင်အား အမြောက်အများပါဝင်သော အီရတ် စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲကြီးများကို ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ကမ္ဘာတစ်လွှား၌ တစ်ပြိုင်နက်တည်း ကျင်းပနိုင်ခဲ့ခြင်း ဖြစ်သည်။ ဤပွဲတွင် လူငယ်အမြောက်အများ ပါဝင်ခဲ့



သည်။ ဤစည်းရုံးလှုံ့ဆော်မှုကို အင်တာနက်မှတစ်ဆင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ နောက်သာဓကတစ်ခုမှာ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ဟောင်းဝပ်ဒီးန် (Howard Dean) ၏ အမေရိကန် သမ္မတရာထူးအတွက် အောက်ခြေဆင့် မဲဆွယ်ပွဲဖြစ်သည်၊ မဲဆွယ်ရေး ဝက်ဘ်ဆိုက်တစ်ခုနှင့် အီးမေးလ်ဖြင့် ဆက်သွယ်မှုများမှနေ၍ တက်ကြွလှုပ်ရှားသူလူငယ်မျိုးဆက်သစ်တစ်ခုကို ယင်းမဲဆွယ်ပွဲက မွေးဖွားပေးခဲ့သည်။

အထက်ဖော်ပြပါ လှုပ်ရှားမှု နှစ်ခုစလုံးသည် 'အောင်မြင်မှုမရခဲ့'ဟု တစ်ဖက်ကနေ ပြောစရာရှိခဲ့သော်လည်း ယင်းလှုပ်ရှားမှုများက နိုင်ငံရေး၏ မျက်နှာစာကို ပြောင်းလဲပေးခဲ့သည်ဟု ဆိုရမည် ဖြစ်ပါသည်၊ ကမ္ဘာ့ကုလသမဂ္ဂက အီရတ်ကို ဝင်တိုက်ဖို့ တရားဝင်ထောက်ခံခဲ့သောစစ်ကို ကမ္ဘာ့ငြူထုတစ်ရပ်လုံးက ဆန့်ကျင်ကြောင်း၊ အီရတ်စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများဖြင့် သဘောထားပေးခဲ့သည်မှာ ထူးခြားသည့် ပြောင်းလဲမှုတစ်ရပ် ဖြစ်သည်။ ထို့အတူ ဟောင်းဝပ်ဒီးန်၏ မဲဆွယ်စည်းရုံးပွဲသည် ပါတီနိုင်ငံရေးတွင် ပါဝင်နေသော သာမန်ပါတီဝင်များကို အားသစ်ပြန်လောင်းပေးမှု ပြုနိုင်ခဲ့သည့်အပြင် သမ္မတဘုရှ်၏ ရှေ့လုပ်ငန်းစဉ်များကို ဒီမိုကရက်တစ်ပါတီ ထိပ်ပိုင်း ပုဂ္ဂိုလ်များက တရားဝင် သဘောတူညီမှုအပေါ် အောက်ခြေဆင့် ပါတီဝင်များက ဆန့်ကျင်လျက် ရှိကြောင်းကိုပါ ဖော်ပြနိုင်ခဲ့သည်၊ အထက်ပါ ဖြစ်ရပ်နှစ်ခုစလုံးသည် တက်ကြွလှုပ်ရှားသူများ၏ အင်တာနက်ကွန်ရက်များကို မွေးဖွားပေးခဲ့ရုံမျှမက နောက်ပိုင်းတွင်လည်း ဆက်လက်ရှင်သန်စေခဲ့လေသည်။ ဗြိတိန်နိုင်ငံတွင် လူမျိုးရေးဝါဒီများ တိုက်ဖျက်ရေးနှင့် နိုင်ငံသားလွတ်လပ်ခွင့်များရရှိရေး လှုံ့ဆော်မှု တိုက်ပွဲများကို အင်တာနက်ကွန်ရက်များဖွဲ့၍ ဆက်လက်ဆင်နွှဲနေကြသလို အမေရိကန် ပြည်ထောင်စုတွင်လည်း ဒီမိုကရက်ပါတီတွင်း၌ တိုးတက်ရေး အုပ်စုများဖွဲ့၍ လှုံ့ဆော်တိုက်ပွဲဝင်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အသုံးပြုခွင့် မညီမျှမှုများ

အထက်တွင် သုံးသပ်ပြခဲ့သည့်အတိုင်း အင်တာနက်ကို အမျိုးမျိုးအဖုံဖုံ အသုံးပြုနေကြခြင်းနှင့် ပတ်သက်၍ ကောက်ချက်နှစ်ခုဆွဲနိုင်သည်။ ပထမကောက်ချက်မှာ နည်းပညာသစ်သည် ကိုယ်စားပြု ဒီမိုကရေစီနိုင်ငံရေး အဝန်းအဝိုင်းရှိ တည်ရှိဆဲ ဆောင်ရွက်မှု (action) ပုံသဏ္ဌာန်နှင့် ဆက်ဆံရေးပုံသဏ္ဌာန်များကို အောက်ခြေသိမ်းပြောင်းလဲပစ်ခဲ့ခြင်းမျိုး မဟုတ်ဘဲ ပိုမိုကောင်းမွန်လာအောင် မြှင့်တင်ပေးခြင်းမျိုးသာလျှင် ဖြစ်သည်ဟူ၍ဖြစ်၏။ ဒုတိယကောက်ချက်မှာ မဲဆန္ဒရှင်များသည် ၎င်းတို့၏ လွှတ်တော်အမတ်များအပေါ် တိုက်ရိုက်လွှမ်းမိုးနိုင်မှုမှာ မဆိုစလောက်သာရှိသည်ဟူ၍ ဖြစ်၏။ နည်းပညာသစ်၏ အကြီးမားဆုံး ရိုက်ခတ်မှုမှာ သတင်းအချက်အလက်များကို အလွယ်တကူ ရရှိနိုင်မှု၊ ဖြန့်ဝေပေးနိုင်မှုအပြင် နိုင်ငံသားတို့ကြား တစ်ဦးနှင့်တစ်ဦး ဆွေးနွေးတိုင်ပင်ရာတွင်လည်းကောင်း၊ အထူးသဖြင့် နိုင်ငံရေးတိုက်ပွဲဆင်နွှဲရာတွင်လည်းကောင်း ဆက်သွယ်ရ အလွန်လွယ်ကူအောင် လုပ်ဆောင်ပေးနိုင်ခြင်း ဖြစ်သည်။

ဒီမိုကရက်တစ် ရှုထောင့်မှနေ၍ အကဲဖြတ်ရလျှင် နည်းပညာသစ်တွင် စိတ်ပူပင်စရာ အကောင်းဆုံး ကိစ္စကြီးတစ်ခုရှိသည်။ ယင်းမှာ အင်တာနက်ကို အသုံးပြုနိုင်သူများနှင့် အသုံးမပြုနိုင်သူတို့ကြား မညီမျှမှု ကွာဟချက်ကြီးတစ်ရပ် တည်ရှိနေခြင်း ဖြစ်သည်။ အင်တာနက်ကို အသုံးမပြုနိုင်ကြရခြင်း အကြောင်းရင်းများစွာရှိသည်။ အဆိုပါ အကြောင်းရင်းများကို ဖော်ပြရလျှင် ကွန်ပျူတာ မဝယ်နိုင်ခြင်း သို့မဟုတ် ကွန်ပျူတာ ရှိလျှင်ပင် အင်တာနက် ချိတ်ဆက်ခ မတတ်နိုင်ခြင်းတို့ ဖြစ်နိုင်သည်။ သို့မဟုတ် ကွန်ပျူတာဖိုးနှင့် အင်တာနက် ချိတ်ဆက်ခ တတ်နိုင်လျှင်ပင် မသုံးတတ်ခြင်း ဖြစ်နိုင်သည်။ အသုံးပြုတတ်သူများ ရှိလျှင်ပင် 'ရှာဖွေရေး အင်ဂျင်များ' မပြည့်စုံမှု သို့မဟုတ် အပြန်အလှန် ဆက်သွယ်နိုင်သော စွမ်းရည်များ မရှိခြင်းများလည်း ဖြစ်နိုင်သည်။



အစစအရာရာ ပြည့်စုံသူများ ရှိကြသည့်တိုင်း [illegible] နိုင်ငံရေးအတွက် အသုံးမပြုလိုခြင်းများလည်း ဖြစ်နိုင်သည်။ ယေဘုယျအားဖြင့် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှု မရှိသူများသည် အခြေအနေ နှစ်ရပ်နှင့် ဆက်နွှယ်နေလေ့ရှိသည်။ ယင်းမှာ ဝင်ငွေနိမ့်ကျမှုနှင့် ပညာနည်းပါးမှုတို့ ဖြစ်သည်။ အလားတူစွာပင် အင်တာနက် အသုံးမပြုနိုင်ကြသူများသည်လည်း အဆိုပါအခြေအနေ နှစ်ရပ်နှင့် ဆက်နွှယ်လျက်ရှိသည်။

## ခြုံငုံအကဲဖြတ်ချက်

အင်တာနက်သည် ဆက်သွယ်ရေး နည်းလမ်းတစ်ခုမျှသာဖြစ်ပြီး နိုင်ငံရေးလှုပ်ရှားမှုနည်းလမ်းတစ်ရပ် မဟုတ်ကြောင်း နိုင်ငံရေးနှင့် တိုက်ရိုက်ပတ်သက်မှု မရှိကြောင်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ တိုက်ရိုက် ဒီမိုကရေစီပုံစံသစ်များ၊ နိုင်ငံရေးလှုပ်ရှားမှု ပုံစံသစ်များ ဖန်တီးရာ ဇာစ်မြစ်တစ်ခုလည်း မဟုတ်ပါ။ နည်းပညာကို အသုံးချနိုင်သူများအတွက်မူ အင်တာနက်သည် စရိတ်ကျဉ်းကျဉ်းဖြင့် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့်၊ အခြားသူများကိုလည်း ပါဝင်လာအောင် စည်းရုံးလှုံ့ဆော်ခွင့်များရရှိနိုင်မည့် အကျိုးကျေးဇူးများကို ပေးအပ်နိုင်သည်။ ပါဝင်ဆောင်ရွက်မှုပုံစံမျိုးစုံ ဖြစ်နိုင်သည်။ သတင်းအချက်အလက်များ ရယူခြင်း၊ ဖြန့်ဝေပေးခြင်း၊ လွှတ်တော်အမတ်များ သို့မဟုတ် အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များထံ အီးမေးလ်ဖြင့် ဆက်သွယ်ခြင်း၊ အခြားသူများနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ နိုင်ငံရေး လှုပ်ရှားမှုတွင်ပါဝင်ခြင်း စသည်ဖြင့် ဖြစ်သည်။ နည်းပညာသစ်သည် နေရာတစ်နေရာတွင် စုရုံး၍ မျက်နှာစုံညီ ဆွေးနွေးပွဲများလုပ်ကြရသည့် သမားရိုးကျ တွေ့ဆုံဆွေးနွေးပွဲများအစား အင်တာနက်ပေါ်မှတစ်ဆင့် အိုးမကွာအိမ်မကွာ မျက်နှာချင်းဆိုင် ဆွေးနွေးမှုကို ဆောင်ရွက်ပေးနိုင်သည်။ ဤသို့ဖြင့် နည်းပညာသစ်သည် ပါဝင်ဆောင်ရွက်မှု နယ်နိမိတ်ကို ချဲ့ထွင်ပေးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် နယ်နိမိတ်ချဲ့ထွင်နိုင်မှုသည် အင်တာနက်အသုံးပြုနိုင်သူများ အတွက်သာလျှင် ဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပင် အင်တာနက် အသုံးပြုနိုင်သူ အရေအတွက်မှာ အကန့်အသတ်တစ်ခုတွင်ပင် ရှိနေ သေးသည်။ ထို့အတွက်ကြောင့် ဒီဂျစ်တယ် ဒီမိုကရေစီကို ပြည့်ပြည့်ဝဝ အသုံးချရေး အလားအလာမှာ အနာဂတ်တွင်သာ ပို၍ ဖြစ်နိုင်ခြေရှိ လိမ့်မည်ဟုဆိုရမည် ဖြစ်လေသည်။

*****

## နိဂုံး

ဤအခန်းတွင် ပါဝင်ဆောင်ရွက်မှု နည်းလမ်းလေးသွယ်ဖြင့် အုပ်ချုပ်မှုလုပ်ငန်းများတွင် နိုင်ငံသားများ မည်သို့ တိုက်ရိုက်ပါဝင် ဆောင်ရွက်နိုင်ကြောင်း လေ့လာပြခဲ့ပါသည်။ ဖော်ပြပါ နည်းလမ်းလေး သွယ်သည် ကိုယ်စားပြု ဒီမိုကရေစီ လုပ်ငန်းစဉ်များကို အစားထိုးမည့် နည်းလမ်းများ မဟုတ်ဘဲ လွှတ်တော်အမတ်များက နိုင်ငံသားတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးဖို့ သို့မဟုတ် နိုင်ငံသားတို့ အကျိုးကို စိတ်ဝင်တစား ပူးပေါင်းဆောင်ရွက်ပေးဖို့ တာဝန်ပျက်ကွက်နေမှုများ ကို တိုက်ဖျက်ပစ်မည့် ကြိုးပမ်းချက်များသာ ဖြစ်သည်။ ကိုယ်စားပြု ဒီမိုကရေစီစနစ်သည် လူတစ်စုတည်းကသာ ချုပ်ကိုင်ခြယ်လှယ်ခွင့် ရရှိသွားသည့် သားကောင်ပမာ ဖြစ်သွားတတ်လေရာ ယင်းအဖြစ်မျိုး ရောက်ရှိမသွားလေအောင် အောက်ခြေမှ ပါဝင်ဆောင်ရွက်သည့် ဒီမို ကရေစီ နိုင်ငံရေးစနစ်တစ်ရပ် အမြဲတမ်း အားသစ်လောင်း ရှင်သန်စေ ဖို့ရန် 'ပါဝင်ဆောင်ရွက်မှု နည်းလမ်းလေးသွယ်'သည် အမှန်ပင် လိုအပ် နေလေသည်။

# အခန်း(၆)
# နိုးကြားကြပါ

ဒီမိုကရေစီနှင့် ပတ်သက်သော အကြောင်းအရာ နှစ်ရပ်ကို ဤ စာအုပ်တစ်အုပ်လုံးတွင် တောက်လျှောက် မီးမောင်းထိုး ရေးသားခဲ့ ပါသည်။ ပထမအကြောင်းအရာမှာ ဒီမိုကရေစီဆိုသည်မှာ စုပေါင်း ဆောင်ရွက်ရသော အလေ့အထတစ်ရပ် သို့မဟုတ် လူမှုအလေ့အထ တစ်ရပ် ဖြစ်ပါသည်။ ဆွေးနွေးခြင်း၊ ကျိုးကြောင်းပြခြင်းနှင့် အငြင်း အခုံ ငြင်းခုံကြခြင်းဆိုသည့် နည်းလမ်းများဖြင့် အားလုံး သဘောတူ လက်ခံသည့် ဆုံးဖြတ်ချက်တစ်ခု ရရှိအောင်ကြိုးပမ်းကြရသည်။ ထို့ နောက် ဆုံးဖြတ်ချက်ကို အကောင်ထည်ဖော်ဖို့ အခြားသူများနှင့်အတူ လက်တွဲဆောင်ရွက်နိုင်အောင် ညှိနှိုင်းကြရသည်။ ယင်းတို့မှာ စုပေါင်း ဆောင်ရွက်သည့် ဒီမိုကရေစီ အလေ့အထများ ဖြစ်ပါသည်။ တခြား သော ဒီမိုကရေစီ အလေ့အထ၏ သွင်ပြင်လက္ခဏာများသည် (ဥပမာ မဲပေးရာတွင် တစ်ဦးချင်း တစ်ယောက်ချင်းစီက တစ်ဦးစီ၏ ဆန္ဒအ လျောက် မိမိနှစ်သက်ရာကို လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်ခြင်း၊ တရားရုံး

www.burmeseclassic.com



များတွင် တစ်ဦချင်းစီ၏ ရပိုင်ခွင့်များကို တစ်ဦးချင်းစီက ခုခံကာကွယ်ခြင်း) တစ်ဦးချင်းစီနှင့်သာ ဆိုင်သော ပုဂ္ဂလိကဆန်သော လုပ်ရပ်များဟု ထင်စရာရှိသော်လည်း သေသေချာချာ အနီးကပ်လေ့လာကြည့်လိုက်သည့်အခါ ယင်းသွင်ပြင်လက္ခဏာများသည် အားလုံး၏ 'စုပေါင်းမှုသဘော' သက်ဝင်နေကြောင်း တွေ့ရမည် ဖြစ်သည်။ မဲဆန္ဒပေးခြင်းသည် တစ်ဦးချင်း တစ်ယောက်ချင်း လုပ်ဆောင်ရသည့် ကိစ္စမှန်သော်လည်း အခြားသူများနှင့်အတူ တစ်ပြိုင်နက်တည်း ဆန္ဒများထုတ်ဖော်ကာ မိမိတို့ကိုယ်စား အုပ်ချုပ်မည့်သူကို ရွေးချယ်ပေးရသည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်။ တစ်နည်းဆိုရလျှင် ဆန္ဒမဲပေးခြင်းသည် အများနှင့်အတူ စုပေါင်းလုပ်ဆောင်ရသော ဆောင်ရွက်ချက်တစ်ရပ် ဖြစ်သည်။ လူတစ်ဦးချင်းစီ၏ အခြေခံရပိုင်ခွင့်များသည် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်ပြီး နိုင်ငံသားများကြား တစ်ဦးနှင့်တစ်ဦး လွတ်လပ်စွာ အတူဆောင်ရွက်နိုင်ဖို့ လူတစ်ဦးချင်းစီ၏ အခြေခံရပိုင်ခွင့်များသည် မရှိမဖြစ် လိုအပ်သည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ပိုင်ခွင့်၊ လွတ်လပ်စွာ အသင်းအပင်း ဖွဲ့ပိုင်ခွင့်၊ လွတ်လပ်စွာ စုရုံးပိုင်ခွင့် စသည့် အခြေခံရပိုင်ခွင့်များ မဖြစ်မနေ ရရှိနေဖို့ လိုသည်။ လူတစ်ဦးချင်းစီအတွက် အာမခံချက်ပေးထားသော အခြေခံရပိုင်ခွင့်များ ဖြစ်နေသည့်တိုင် အမှန်တော့ အားလုံး၏ စုပေါင်းရပိုင်ခွင့်များဟု ဆိုရမည် ဖြစ်၏။

ဤစာအုပ်တွင် အလေးအနက် ဖော်ပြခဲ့သည့် ဒုတိယ အကြောင်းအရာမှာ ရွေးကောက်ပွဲ မရှိသည့် ကြားကာလများ၌ သာမန်နိုင်ငံသားများသည် နိုင်ငံရေးတွင် တစိုက်မတ်မတ် ပါဝင်ဆောင်ရွက်မှု မရှိဟုဆိုရလျှင် ကိုယ်စားပြု ဒီမိုကရေစီစနစ် အင်စတီကျူးရှင်းများသည် အဓိပ္ပာယ်မဲ့သည့် လူမှုအဆောက်အအုံများပင်ဖြစ်သည် ဟူ၍ ဖြစ်၏။ ပြည်သူလူထု၏ ပါဝင်ဆောင်ရွက်မှုသာ မရှိဟုဆိုလျှင် အာဏာရ နိုင်ငံရေးသမားများသည် ၎င်းတို့၏ အုပ်ချုပ်မှု သီးခြားကမ္ဘာလေးထဲတွင်သာ ကျင်လည်နေကြကာ သာမန်ပြည်သူများနှင့် အဆက်



ပြတ်သွားဖွယ်ရှိမည့်အပြင် 'ပြည်သူလူထုအား တာဝန်ခံမှု'ဆိုသည်မှာလည်း ရှိနိုင်တော့မည် မဟုတ်ပါ၊ အကျိုးဆက်အားဖြင့် ပြည်သူလူထုအများစုမှာလည်း နိုင်ငံရေးကို ပို၍ စိတ်မဝင်စား၊ နိုင်ငံရေးနှင့် ပို၍ ကင်းကွာလာဆိုသည့် သံသရာစက်ဝန်းကို တစ်ကျော့လည်စေဖို့ အားပေးရာရောက်လေ့ရှိပါသည်။ တာဝန်သိသော နိုင်ငံရေးသမားများသည် နိုင်ငံရေးတွင် ပြည်သူလူထု ပိုမိုပါဝင်လာရေး နည်းလမ်းသစ်များကို ရှာဖွေခြင်း၊ စမ်းသပ်မှုများ ပြုလုပ်ခြင်းအားဖြင့် အထက်ဖော်ပြပါ သံသရာစက်ဝန်းမှ လွတ်မြောက်အောင် အားထုတ်လေ့ရှိကြသည်၊ ဒီမိုကရေစီစနစ် ပြန်လည်ဆန်းသစ်လာစေရေးအတွက် တွေ့ရှိလာသည့် အန္တိမနည်းလမ်းမှာ (ဥရောပ ဒီမိုကရေစီခေတ်ဦးကာလတုန်းက ဒီမိုကရေစီ အခြေခံရပိုင်ခွင့်များကို ရရှိလာအောင် အောက်ခြေ လူထုက တိုက်ပွဲဝင်ခဲ့သလိုပင်) ဒီမိုကရေစီလုပ်ငန်းစဉ်များတွင် အောက်ခြေမှ ပြည်သူများ ပါဝင်လာအောင် လှုံ့ဆော်စည်းရုံးရေးသာလျှင် ဖြစ်လေသည်။

များစွာသော နိုင်ငံရေး သိပ္ပံပညာရှင်များက လူ့သဘာဝလူ့ပင်ကိုစရိုက်ကို အကဲဖြတ်ရာတွင် လူသည် အလွန်စျေးတွက်တွက်လွန်းသော (အမြတ်အစွန်းကိုသာ ရှေ့တန်းတင်သော) သတ္တဝါဖြစ်သည်ဟု မှတ်ယူလေ့ရှိကြသည်။ လူသည် အကျိုးအမြတ် အရနိုင်ဆုံးနည်းလမ်းကိုသာ အမြဲတွက်ချက်၍ ကိုယ့်အကျိုးစီးပွားကို အများဆုံးရအောင် ကြိုးပမ်းသူ သို့မဟုတ် စိတ်ကျေနပ်မှု အများဆုံးရအောင် အားထုတ်သူဟု ၎င်းတို့က မှတ်ယူကြသည်။ လူ၏ ပင်ကိုစရိုက်ကို ဤသို့သာ တွက်ချင့်နေလျှင် အများကောင်းကျိုးအတွက် တိုက်ပွဲဝင်နေသည့် ပြည်သူတိုက်ပွဲများ ဖြစ်ပေါ်နေမှုကို ရှင်းပြဖို့ရန် ခက်ခဲပါလိမ့်မည်။

ကျွန်တော်တို့ နေထိုင်ရာ မျက်မှောက်ခေတ်သည် ဘီစီ ၅ ရာစု အေသင်မြို့ပြနိုင်ငံ၌ ပယ်ရီကလီးစ် ကြုံတွေ့ခဲ့ရသော၊ သို့မဟုတ်

www.burmeseclassic.com



၁၉ ရာစု အမေရိကတွင် တောင်ကဗီ ကြုံတွေ့ခဲ့ရသော ပရဟိတစိတ်ကို ရှေ့တန်းတင်သည့် ယဉ်ကျေးမှု ထွန်းကားရာခေတ်မျိုး မဟုတ်သည်မှာ သေချာလှပါသည်။ ပယ်ရီကလီးစ်က သူရှင်သန်နေထိုင်ခဲ့ရာ အေသင်မြို့အကြောင်း ဤသို့ ရေးသားခဲ့ပါသည်။ "အေသင်မြို့သားတိုင်းသည် ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ ကိစ္စများကိုသာမက မြို့၏ အရေးအရာ ကိစ္စများကိုလည်း စိတ်ဝင်တစား ရှိကြသည်။ နိုင်ငံရေးကို စိတ်မဝင်စားသူသည် ၎င်း၏ လုပ်ငန်းကိုင်ငန်းကိုသာ စိတ်ဝင်စားတတ်သူဟု ကျွန်ုပ်တို့ ပြော၍ရမည် မဟုတ်ပေ။ နိုင်ငံရေးတွင် သူလုပ်ငန်းကိုင်ငန်းနှင့် ပတ်သက်သောကိစ္စရပ် မရှိ၍သာ ဖြစ်သည်ဟု ကျွန်ုပ်တို့ ပြောရမည် ဖြစ်ပေသည်။" တောင်ကဗီ၏ အမေရိက အတွေ့အကြုံကိုလည်း ဤနေရာတွင် ဖော်ပြလိုပါသည်။ "အမေရိကန်နိုင်ငံသားတစ်ဦး၏ ဘဝထဲဝယ် နိုင်ငံ့ရေးရာ ကိစ္စရပ်များဖြင့် တအုံ့နွေးနွေး တကြောင့်ကျကျ ဖြစ်နေရသည်ကို ရှင်းပြဖို့ရာ ခက်ပါသည်။ လူ့အဖွဲ့အစည်း အုပ်ချုပ်ရေးကိစ္စတွင် တစ်ဖက်တစ်လမ်းက ကူညီဖို့၊ အုပ်ချုပ်ရေး အကြောင်း ပြောဆိုဆွေးနွေးဖို့ ဆိုသည်မှာ အမေရိကန်တစ်ယောက်အတွက် အရေးကြီးဆုံး လုပ်ငန်းတစ်ရပ် ဖြစ်သည်။ . . . အမေရိကန်တစ်ယောက်အား အများအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေခြင်းကို အသာထား၍ ကိုယ့်လုပ်ငန်းကိုင်ငန်းများကိုသာ အာရုံစိုက်ပါဟုဆိုလျှင် သူ့ဘဝတည်ရှိမှု၏ ထက်ဝက်ကို သူ့ထံမှ ဖယ်နှုတ်ပစ်ရလိမ့်မည် ဖြစ်ပါသည်။"

မျက်မှောက်ခေတ်ကာလသည် ပယ်ရီကလီးစ်နှင့် တောင်ကဗီတို့ ဖြတ်သန်းခဲ့ရသော ပရဟိတစိတ်ကို ရှေ့တန်းတင်သည့် ယဉ်ကျေးမှု ထွန်းကားရာခေတ်မျိုး မဟုတ်စေကာမူ အတ္တဟိတစိတ်နှင့် ပရဟိတ္တစိတ်တို့ အတူရှင်သန် နေထိုင်ရာခေတ်မျိုးတော့ ဖြစ်ပါသည်။ စစ်စစ်အားဖြင့် ကျွန်တော်တို့သည် လူမှုသတ္တဝါများ ဖြစ်ကြသည့်အလျောက် အခြားသူများနှင့်အတူ ပူးပေါင်းကာ အများအကျိုး သယ်ပိုးခြင်းမှနေ၍



စိတ်ကျေနပ်မှု (satisfaction)များစွာနှင့် အကျိုးအမြတ်(benefit)များစွာရရှိနိုင်ပါသည်။ လူတစ်ဦးနှင့်တစ်ဦး ပရဟိတစိတ် ထက်သန်ပုံခြင်း မတူညီကြသည်မှာ သဘာဝပင် ဖြစ်ပါသည်။ တချို့သောသူများ သည် ပရဟိတစိတ် ထူးထူးခြားခြား ထက်သန်တတ်ကြသည်။ ဤစာအုပ်တွင် ဖော်ပြခဲ့သည့် ဒီမိုကရေစီလုပ်ငန်းစဉ်များ ထာဝရ ရှင်သန်နေဖို့ ပရဟိတစိတ် ထက်သန်သူများ၏ ပါဝင်ဆောင်ရွက်မှုသည် မရှိမဖြစ်လိုအပ်လှပါသည်။ ဤစာအုပ်ကို ယခုရေးသားသည့် အပိုင်းအထိ စာဖတ်သူမိတ်ဆွေ ဖတ်ရှုနေသည်ဆိုလျှင် စာဖတ်သူ မိတ်ဆွေသည်လည်း ပရဟိတစိတ် ထက်သန်သူများအနက်တစ်ယောက် ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ ဤသို့ဆိုလျှင် စာဖတ်သူ မိတ်ဆွေအနေနှင့် ဒီမိုကရေစီစနစ်အကြောင်း ရေးသားထားသော စာအုပ်ကို ဖတ်နေရုံဖြင့် ကျေနပ်မနေဘဲ ဒီမိုကရေစီစနစ်ကို (လက်တွေ့ မကျင့်သုံးဖြစ်သေးလျှင်) လက်တွေ့ကျင့်သုံးကြည့်ဖို့ အလေးအနက် တိုက်တွန်းလိုပါသည်။ မည်သို့ကျင့်သုံးသင့်ကြောင်း အကြံပြုချက် အနည်းငယ်ကို အောက်တွင်ဖော်ပြထားပါသည်။

- သင်နေထိုင်ရာ ရပ်ကွက် ကျေးရွာမှ အစပြုပါ။ သင်၏ ပတ်ဝန်းကျင်အနီးတစ်ဝိုက်တွင် သင့်အား စိတ်အနှောက်အယှက် ဖြစ်စေသည့် သို့မဟုတ် စိတ်ညစ်ညူးစရာ ဖြစ်စေသည့် အရာများကို ရှာဖွေပါ။ တွေ့ရှိပြီဆိုလျှင် ဒေသတွင်း အုပ်ချုပ်ရေးအဖွဲ့များထံ သို့မဟုတ် သင်နေထိုင်ရာ မြို့နယ်ရှိ လွှတ်တော်အမတ်ထံ ဆက်သွယ်၍ အကြောင်းကြားပါ။ သို့မဟုတ် သင် တင်ပြလိုသောကိစ္စနှင့် ပတ်သက်၍ ဆောင်ရွက်ပေးနေသော ဒေသတွင်း အဖွဲ့တစ်ခုခု (လူမှုရေးအသင်းအဖွဲ့၊ သာရေးကူညီမှုအဖွဲ့၊ ဒေသခံရဲများနှင့် ဆက်သွယ်ထားသော ကွန်ရက် စသည်ဖြင့်) ရှိသလား စုံစမ်းကြည့်ပါ။
- မိဘဆရာအသင်း၊ သာရေးနာရေးအသင်း၊ ဘာသာရေးအ

www.burmeseclassic.com



သင်းစသည့် လူမှုရေး အသင်းအဖွဲ့တစ်ခုခုတွင် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ဆောင်ရွက်ပါ။ သင်သည် အတတ်ပညာတစ်ခုခုတွင် ကျွမ်းကျင်သူဖြစ်နေလျှင် လူ့အဖွဲ့အစည်းအတွက် အလွန်တန်ဖိုးရှိပါသည်။

- သင်သည် အချိန်ဆင်းရဲပြီး ငွေကြေးကြွယ်ဝသူ တစ်ယောက်ဖြစ်သည်ဆိုလျှင် သင်နှစ်သက်ရာ လူမှုရေးအသင်းအဖွဲ့များကို ငွေကြေးထောက်ပံ့ပါ။ အချိန် အခက်အခဲကြောင့် သင်ကိုယ်တိုင် ပါဝင် မဆောင်ရွက်နိုင်ပါက ငွေကြေးထောက်ပံ့၍ သင့်ကိုယ်စား ပါဝင်ဆောင်ရွက်ခြင်းသည် သင်နေထိုင်ရာ လောကလူ့ဘောင်ကြီးတစ်ခုလုံး သာယာဝပြောရေးအတွက် အလွန်အရေးကြီးလှသည်။ သင်ထောက်ပံ့ထားသော အသင်းအဖွဲ့တစ်ခု အောင်မြင်မှုရနေကြောင်း သတင်းကောင်းတွေ ကြားရလျှင် မည်သည့်အရာနှင့်မှ မလဲနိုင်သော ဝမ်းသာပီတိစိတ် သင်ရရှိပါလိမ့်မည်။
- ရွေးကောက်ပွဲ ရောက်လာသည့်အခါ မဲပေးသည့် အခွင့်အရေးကို သင် လက်မလွှတ်ပါစေနှင့်။ "မကောင်းဆိုးရွားများ အောင်ပွဲခံမည့် မည်သည့်အရာကိုမှ မလုပ်မိဖို့ လူကောင်းသူကောင်းများတွင် တာဝန်ရှိသည်" ဟူသော ရှေးပညာရှိတို့၏ ဆိုးမစကားတစ်ခုကို အမြဲ သတိရနေပါ။

နိဂုံးချုပ် ကောက်ချက်တစ်ခု ချလိုပါသည်၊ ဒီမိုကရေစီ၏ အနာဂတ်သည် ကျွန်တော်တို့အားလုံးအပေါ်တွင်ပင် လုံးလုံးလျားလျား မူတည်နေသည်ဟူသော ကောက်ချက် ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်၏ လက်တွေ့ လုပ်ထုံးလုပ်နည်းများတွင် စေ့စပ်ညှိနှိုင်းရေး ဆိုသည့် သဘောတရားတစ်ခု ပါဝင်ကြောင်း ရှေ့တွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ 'ပြည်သူလူထု၏ အင်အား'နှင့် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး နယ်ပယ်တို့တွင်ရှိသော အလွန်အားကောင်းသည့် 'အကျိုးစီးပွား' တို့ကြား စေ့



စပ်ညှိနှိုင်းရေး ဖြစ်ပါသည်။ ဤစေ့စပ်မှုသည် တည်ငြိမ်သော မျှခြေအခြေအနေတွင် ရှိခဲ့လှသည်။ ချိန်ခွင်လျှာတစ်ဖက်မှ အလွန်ပြင်းထန်သော ဆန့်ကျင်ဘက်အားတစ်ခုသာ မသက်ရောက်နိုင်လျှင် 'နိုင်ငံရေးအာဏာ'သည် အကျိုးစီးပွားများဘက်၌ အလေးတင်းပေးထားကာ အားကောင်းသော အကျိုးစီးပွားများဘက်က အမြဲတမ်း အလေးသာလေ့ရှိသည်။ အလွန်ပြင်းထန်သော ဆန့်ကျင်ဘက်အားမှာ ပြည်သူတို့၏ လူမှုဘဝအသီးသီး လူမှုအလွှာအမျိုးမျိုး၌ အမြဲတမ်း နိုးထတက်ကြွနေသည့် နားမျက်စေ့ဖွင့်ထားသော ပြည်သူ့အဖွဲ့အစည်းများပင် ဖြစ်လေသည်။

*****

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## မှတ်စုများ

******

### လူထုခုံသမာဓိအဖွဲ့

လူထုခုံသမာဓိအဖွဲ့ (citizens' jury) ဆိုသည်မှာ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေး ခုံသမာဓိအဖွဲ့ပုံစံကို အတုယူ၍ လူတချို့ကို ရွေးချယ်ဖွဲ့စည်းထားသော အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ အဖွဲ့ဝင်များမှာ ပညာရပ်ဆိုင် ရာကျွမ်းကျင်သူများ မဟုတ်ကြပါ။ လူထုခုံသမာဓိအဖွဲ့သည် အများပြည်သူနှင့်ဆိုင်သော အရေးပါသည့် ကိစ္စရပ်တစ်ခု သို့မဟုတ် မူဝါဒတစ်ရပ်ကို အသေးစိတ်စုံစမ်းလေ့လာပြီး 'စီရင်ချက်' တစ်ရပ်ကို ချမှတ်ပေးရန် ဖြစ်သည်။

လူထုခုံသမာဓိအဖွဲ့သည် ဆုံးဖြတ်ချက် ချမှတ်လိုသည့် ကိစ္စရပ်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို 'ဆွေးနွေးခြင်း' မှနေ၍ရရှိသည်။ သတင်းအချက်အလက်များတွင် ဆုံးဖြတ်ချက်ချမှတ်လိုသည့် ကိစ္စရပ်နှင့် ပတ်သက်သော ထင်မြင်ချက်များစွာ ပါဝင်သည်။ ထင်မြင်ချက်ပေးသူများမှာ ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများဖြစ်ပြီး ၎င်းတို့က 'မျက်မြင်သက်သေများ' အဖြစ်ထွက်ဆိုရသည်။ ထို့နောက် အမေးအဖြေပုံစံဖြင့် လူထုခုံသမာဓိ အဖွဲ့ဝင်များ၏မေးမြန်းချက်များကို ၎င်းတို့က ပြန်လည်ဖြေဆိုရသည်။

လူထုခုံသမာဓိ အဖွဲ့ဝင်လူကြီးများသည် ၎င်းတို့အချင်းချင်း သဘောတူညီမှုတစ်ခု ရရှိအောင် ညှိနှိုင်းစရာ မလိုပါ။ သို့သော် အများအားဖြင့် ဘုံသဘောထားတစ်ရပ် (shared opinion) ရရှိအောင် ကြိုးပမ်းကြလေ့ရှိ၏။

ဥပမာအားဖြင့် လူထုခုံသမာဓိအဖွဲ့ တစ်ဖွဲ့အား အချိန်လေးရက်ပေး၍ ကိစ္စတစ်ရပ်အပေါ် စီရင်ချက်ချမှတ်ပေးစေလိုသည် ဆိုပါစို့။ ပထမနေ့တွင် အဖွဲ့ဝင်များသည် အဆုံးအဖြတ်ပေးလိုသည့် ကိစ္စကို ဘက်ပေါင်းစုံမှသိလာအောင် ခပ်မြန်မြန် ကြိုးစားကြရသည်။ ဒုတိယ



နေ့နှင့် တတိယနေ့များတွင် အဆိုပါကိစ္စရပ်ကို နည်းလမ်းမျိုးစုံဖြင့် မည်သို့ဖြေရှင်းယူနိုင်ကြောင်း 'မျက်မြင်သက်သေများ'၏ တင်ပြချက်များကို အလေးနက်အာရုံစိုက် စဉ်းစားကြရသည်။ စတုတ္ထနေ့တွင် လူထုခုံသမာဓိ အဖွဲ့ဝင်များသည် ၎င်းကိစ္စရပ်နှင့်ပတ်သက်၍ စီရင်ချက်တစ်ရပ် သို့မဟုတ် လုပ်သင့်လုပ်ထိုက်သည့် ထောက်ခံချက်တစ်ရပ်ကို ချမှတ်ကြသည်။

### လူထုခုံသမာဓိအဖွဲ့ကို အသုံးပြုခြင်း

လူထုခုံသမာဓိအဖွဲ့များကို မည်သည့်ကိစ္စရပ်များတွင် အသုံးပြုပါသနည်း။ လတ်တလောကြုံတွေ့နေရသော အငြင်းပွားစရာ ပြည်သူ့ရေးရာကိစ္စရပ်တစ်ခုနှင့်ပတ်သက်၍ သဘောထားအမျိုးမျိုးဖြစ်နေကြပြီး မူဝါဒရေးဆွဲသူများ ကိုယ်၌ကလည်း ဆုံးဖြတ်ချက်ချမှတ်ရန် ခက်ခဲနေကြသည့်အခါ လူထုခုံသမာဓိအဖွဲ့များကို အသုံးပြုလေ့ရှိကြသည်။

BURMESE CLASSIC .com

လူထုခုံသမာဓိအဖွဲ့သည် ပေါ်လစီရေးဆွဲသူများ မည်သို့လုပ်ဆောင်သင့်ကြောင်း (မူဝါဒအကျပ်အတည်းနှင့် ပတ်သက်၍ ဘက်စုံသိရှိသူများအဖြစ်) ပြည်သူတစ်ရပ်လုံးကိုယ်စား သဘောထားတစ်ရပ် ထုတ်ပြန်ပေးသည်။ လူထုခုံသမာဓိအဖွဲ့များကို ရပ်ကွက်ကျေးရွာများရှိ လူမှုဘဝပြဿနာများကို ဖြေရှင်းဖို့ဆိုသည့် ရည်ရွယ်ချက်ဖြင့် စတင်ဖွဲ့စည်းခဲ့ကြခြင်း ဖြစ်သည်။ သို့ရာတွင် တစ်နိုင်ငံလုံးနှင့် ဆိုင်သော အမျိုးသားရေး ကိစ္စရပ်များနှင့်ပတ်သက်၍ သဘောထားပေးရန် လူထုခုံသမာဓိအဖွဲ့များကို ယနေ့ အသုံးပြုလာကြပြီ ဖြစ်၏။ လူထုခုံသမာဓိအဖွဲ့များသည် ဆုံးဖြတ်ချက် 'ချမှတ်ရေး' ကိရိယာများထက် ဆုံးဖြတ်ချက် 'အကြံပြုရေး' ကိရိယာများသာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပါဝင်သင့်သည့် အဖွဲ့ဝင်အရေအတွက်

လူထုခုံသမာဓိအဖွဲ့တစ်ခု ဖွဲ့စည်းရာတွင် အဖွဲ့ဝင် အရေအတွက် ၁၂ ဦးမှ ၁၆ ဦးထိ ပါဝင်လျှင် အကောင်းဆုံးဖြစ်သည်။

*****

## လူထုအဆိုပြု ဥပဒေကျင့်ထုံး

လူထုအဆိုပြု ဥပဒေကျင့်ထုံး (citizens' initiative) ဆိုသည်မှာ အုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတစ်ရပ် ဖြစ်သည်။ ပြည်သူလူထုသည် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းဖို့ရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် အဆိုပြုဥပဒေ (proposed legislation) တစ်ရပ်ကို အာဏာပိုင်အဖွဲ့ထံတင်ပြပြီး ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အဆုံးအဖြတ်ခံယူရသည့် လုပ်ထုံးလုပ်နည်း ဖြစ်သည်။ လူထုအဆိုပြုဥပဒေကျင့်ထုံး နှစ်ရပ်ရှိသည်၊ တိုက်ရိုက် (direct) လူထုအဆိုပြု ဥပဒေကျင့်ထုံးနှင့် တစ်ဆင့်ခံ (indirect) လူထုအဆိုပြု ဥပဒေကျင့်ထုံးဟူ၍ ဖြစ်သည်။

တိုက်ရိုက် လူထုအဆိုပြု ဥပဒေကျင့်ထုံးတွင် မဲဆန္ဒရှင် အုပ်စုတစ်စုသည် အဆိုပြု ဥပဒေတစ်ရပ်ပါဝင်သော အယူခံလွှာ (petition) တစ်ခုကို အစိုးရထံတင်သွင်းရသည်။ အယူခံလွှာတွင် ဥပဒေပြုအာဏာပိုင်အဖွဲ့က ပြဋ္ဌာန်းထားသည့် ဥပဒေ(statue)နှင့်အညီ မဲဆန္ဒရှင်များ၏ ခိုင်လုံသော လက်မှတ်အရေအတွက် အနိမ့်ဆုံးသတ်မှတ်သလောက် ပါဝင်ပါက အစိုးရသည် 'အဆိုပြုဥပဒေ' ကို မဲဆန္ဒရှင်များအားလုံးထံ တိုက်ရိုက် တင်ပြရသည်။ ပြည်သူ့ဆန္ဒခံယူပွဲဖြင့် 'အဆိုပြုဥပဒေ'ကို ကြိုက် မကြိုက် အဆုံးအဖြတ်ပေးကြရသည်။ အကယ်၍ 'အဆိုပြုဥပဒေ'အပေါ် အများစုက ထောက်ခံမဲ ပေးကြသည်ဆိုလျှင် ယင်းအဆိုပြုဥပဒေသည် 'ဥပဒေ'တစ်ရပ်ဖြစ်လာပေသည်။

တစ်ဆင့်ခံ လူထုအဆိုပြု ဥပဒေကျင့်ထုံးတွင်မူ မဲဆန္ဒရှင်အုပ်စုတစ်စုသည် အဆိုပြုဥပဒေ ပါဝင်သောအယူခံလွှာကို ပြည်သူ့



လွှတ်တော်ထံ တင်ပြရသည်၊ ပြည်သူ့လွှတ်တော်က ယင်းအဆိုပြုဥပဒေကို စဉ်းစားကြသည်၊ အကယ်၍ ယင်းအဆိုပြုဥပဒေကို ပြည်သူ့လွှတ်တော်က ပယ်ချလိုက်ပါက လူထုထံ ထပ်မံတင်ပြ၍ ဆန္ဒခံယူပွဲဖြင့် အဆုံးအဖြတ်ခံယူရသည်။ အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်တွင် 'ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ'ကို မဲဆန္ဒရှင်များက ပြင်ဆင်ရန် အဆိုပြုခွင့် (right to propose admendments) ဥပဒေတစ်ရပ်ကို ၁၇၇၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ယနေ့ခေတ်တွင် အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ် ၂၄ ပြည်နယ်တွင် လူထုအဆိုပြု ဥပဒေကျင့်ထုံးကို ကျင့်သုံးလျက်ရှိပြီ ဖြစ်၏။

ပြည်သူ့ဆန္ဒခံယူပွဲနှင့် လူထုအဆိုပြုဥပဒေကျင့်ထုံးတို့ကို အမေရိကန်ပြည်ထောင်စုနှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြသည့်အပြင် ဥရောပနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်လည်း ပြဋ္ဌာန်းကြပြီးဖြစ်သည်။ ပြင်သစ်၊ အီတလီ၊ အိုင်ယာလန်နှင့် ဩစတေးလျတို့တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်မှုများ ပြုလုပ်လိုလျှင် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပ၍ မဲဆန္ဒရှင်များ၏ အဆုံးအဖြတ် တောင်းယူဖို့ မဖြစ်မနေလိုအပ်သည်၊ အာဖရိကနှင့် အာရှတိုက်ရှိ နိုင်ငံများစွာ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်လည်း အုပ်ချုပ်မှုတွင် ပြည်သူများ ပို၍နီးကပ်စွာ ပါဝင်လာရေး ရည်ရွယ်ချက်ဖြင့် အဆိုပါ ပြဋ္ဌာန်းချက်မျိုးများကို ထည့်သွင်းရေးဆွဲလာလျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

## ရည်ညွှန်းများ


၁။ Democracy: by David Beetham

၂။ The Future of Freedom: by Fareed Zakaria

၃။ The Future of Social Democracy: by Thomas Meyer and Nicole Breyer

၄။ European Thought in the Eighteenth Century: by Paul Hazard

၅။ On Democracy : by Robert A. Dahl

၆။ Alternative Electoral Systems: by Anders Johnson and Baroness Diana Maddock

၇။ Civil Society and Democracy: edited by Carolyn M. Elliott

၈။ Democracy : A Reader: edited by Ricardo Blaug and John Schwarzmantel

၉။ Models of Democracy : by David Held

၁၀။ Encyclopedia Britannica 2011 Ultimate Reference Suite (DVD)

၁၁။ Encarta Premium 2009 (DVD)

၁၂။ www.wikipedia (website)

၁၃။ www.guardian.co.uk (website)


BURMESE CLASSIC .com

"စာဖတ်သူလည်းယုတ်စွအဆုံး မိသားစုခေါင်းဆောင်တော့ ဖြစ်ရပါလိမ့်မည်။ သားသမီးတွေ၏ ရှေ့ဆောင်တော့ ဖြစ်ရတော့မည်။ ဤစာအုပ်ကို သေချာဖတ်ပြီး မိမိကိုယ်မိမိရပ်ကာ တန့်ကာ သုံးသပ်မိလျှင် ခေါင်းဆောင်ကောင်း၏ ပထမဆုံးခြေလှမ်းတော့ လှမ်းမိလိမ့်မည် ထင်ပါသည်။"

(ဆရာဦးအောင်သင်း၏ အမှာမှ)




"မည်သို့သောအခြေအနေမျိုးတွင်မဆို ခေါင်းဆောင်ကောင်းတစ်ယောက်အနေနှင့် အမြဲတမ်းသတိချပ်ထားရမည်မှာ သင်၏ လက်အောက်ငယ်သားများအချင်းချင်း တစ်ဦးနှင့်တစ်ဦး သဟဇာတဖြစ်စွာ ပူးပေါင်းဆောင်ရွက်လာအောင် သင်လုပ်ဆောင်နိုင်ခြင်းသည် အားလုံး၏ ထိထိရောက်ရောက် စွမ်းဆောင်နိုင်စွမ်းကို တိုးတက်လာစေသည် ဆိုသည့်အချက်ဖြစ်ပါသည်။"

စာမူခွင့်ပြုချက်အမှတ်- ၄၀၀၇၆၀၀၇၁၂

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်- ၅၀၁၀၇၄၀၇၀၉




"ကျုပ်ကိုကြည့်လိုက်။ မည်းသလား မမေးနဲ့။ စပိတ်တစ်ဖဲက ဖဲပွင့်လို မည်းကြုတ်နေတယ်။ ရုပ်ဆိုးတာကလည်း ဖာ့ရော။ နှိုင်းပြ စရာတောင်မရှိဘူး။ ကျုပ်ရဲ့ ရုပ်ကိုမြင်လိုက်ရင် ကျုပ်ဟာ စပိန် ဆိပ်ကမ်းမြို့တစ်မြို့ရဲ့ အချမ်းသာဆုံး လူစာရင်းဝင်တစ်ယောက်ဆိုတာ ဘယ်သူမှယုံမှာမဟုတ်ဘူး။ တခြားလူ မပြောနဲ့ တစ်ခါတလေ ကျုပ်ကိုကျုပ်တောင် မယုံဘူး။"

(နိုဗယ်ဆုရ စာရေးဆရာ နိုင်ပေါလ်၏ ဝတ္ထုတိုမှ ကောက်နုတ်ချက်)

စာမူခွင့်ပြုချက်အမှတ်- ၃၁၀၀၉၅၀၉၁၀



"ညီထက်အောင်က ဆရာကြီးရဲ့ အရေးသားတွေထဲက ကောင်းနိုးရာရာတွေကို ရွေးချယ်ပြီး ဘာသာပြန်ထားပါတယ်။ ဒီဘာသာပြန်ကိုလည်း နှစ်သက်မြတ်နိုးပါတယ်။ ဘာကြောင့်လဲဆိုတော့ လူနဲ့ လူ့လောကကို ရှုမြင်သုံးသပ်ချင်အောင် အတွေးဟောင်း အမြင်ဟောင်းတွေကို ချန်ထားပြီး အတွေးသစ်အမြင်သစ်တွေရအောင် လှုံ့ဆော်ပေးနိုင်တဲ့ ဘာသာပြန် လက်ရာကောင်း ဖြစ်နေလို့ပါပဲ။"

(ဆရာနန္ဒာသိန်းဇံ၏ အမှာမှ)

www.burmeseclassic.com